http://www.dhammadownload.com

# မိုးကုတ်ဆရာတော်ဘုရားကြီး၏

## ပဋိစ္စသမုပ္ပါဒ်စက်ဝိုင်း



http://www.dhammadownload.com

မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော


[illegible]

# ဝိဇ္ဇာနှင့်စရဏ

အမေးအဖြေများ

http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ




မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလပုံတော်

http://www.dhammadownload.com

# ပဋိစ္စသမုပ္ပါဒ်တရား၊ ၁၂ ပါး၊ ထင်ရှားပေါ်လွင် ဓာတ်အစဉ်၊

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း၊ မိုးကုတ်ဆရာတော်ဦးဝိမလ၏
ပဋိစ္စသမုပ္ပါဒ်ဖြတ်လမ်း၊ ကြည့်ရှုစရာ စက်ဝိုင်းဒေသနာ။




အဝိဇ္ဇာနှင့်၊ တဏှာအရင်းခံ၊ ဥပါဒါန်၊ ကံကြောင့်–ရုပ်နာမ်ပေါ်။ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင်းနာမ်ရုပ်၊ နာမ်ရုပ်ကြောင့်ကံ၊ အဖန်ဖန် ဖြစ်ပြန်နည်းအလျော်။ ဗြဟ္မာ သိကြား၊ စသည်များကာ၊ ထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့၊ ဖြစ်လာရမှု၊ မဟုတ်ဟု၊ ဉာဏ်ဖြင့် ရှုဉ်မြော်။

(လက်ကဆောင်ပုဒ်) မူလနှစ်ဖြာ၊ သန္ဓာနှစ်ခု၊ လေးခုအလှာ၊ အင်္ဂါတဆယ့်နှစ်ပါး၊ တရားကိုယ် များနှင့်၊ သုံးပါးအစပ်၊ နှစ်ရပ်မူလ၊ ဝဋ်သုံးဝနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွယ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ လွတ်ကြောင်းတည်း။

http://www.dhammadownload.com

အမရပူရမြို့၊ မင်္ဂလာတိုက်ဟောင်း

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားတော်မူသော

# ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေ

## (ည အလုပ်ပေး တရားတော်)

http://www.dhammadownload.com

စာမူခွင့်ပြု ၄၃/၉၀(၆)

မျက်နှာဖုံးခွင့်ပြု — ၂၃/၉၀(၇)

ပထမအကြိမ်

၁၉၉၂-ခု၊ ဇက်တင်ဘာလ

အုပ်ရေ — ၂၀၀၀


တန်ဖိုး — ၃၅

ပုံနှိပ်သူ
ကိုငြိမ်းချမ်း ( မြဲ - ၀၃၁၉၅ )
လူထုပုံနှိပ်တိုက်
၂၂၁ - ၈၄လမ်း၊ မန္တလေး
ဖုန်း - ၀၂ / ၂၁၀၀၃ ၊ ၂၁၁၃၆

ထုတ်ဝေသူ
ကိုငြိမ်းချမ်း ( မြဲ - ၀၁၂၇၁ )
ကြီးပွားရေး စာအုပ်တိုက်
၂၂၁ - ၈၄ လမ်း၊ မန္တလေး

http://www.dhammadownload.com

ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ



မိုးကုတ်ဆရာတော်ဘုရားကြီးဦးဝိမလပုံတော်

http://www.dhammadownload.com

http://www.dhammadownload.com

## ထုတ်ဝေသူ၏ အမှာစာ—

ကျွန်တော်သည် ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော် ဘုရားကြီး၏ တရားစဉ်နှင့် လုပ်ငန်းခွင်ကို ၁၉၇၆-ခုနှစ်မှစ၍ လေ့လာလိုက်စားခဲ့ပါသည်။

ဆရာတော်ကြီး၏ တရားတော်များကို များများနာကြားရသောအခါ သက္ကာယဒိဋ္ဌိပြုတ်ရေးကို အဓိကထား၍ ဟောကြားသည်ကို ကြားနာရပါသည်။

သက္ကာယဒိဋ္ဌိပြုတ်ရေးမှာ—

(၁) အသိပြုတ်၊ (၂) အပွားပြုတ်၊ (၃) အပယ်ပြုတ် ဟူ၍ သုံးမျိုးသုံးစား ဟောကြားထားပါသည်။

အသိပြုတ်ရေးအတွက် ဉာတပရိညာသည် အရေးကြီးပါသည်။ ခန္ဓာရှိသောတရားများကို ဉာတပရိညာနှင့် သိရန်အတွက် ခန္ဓာအာယတနဓာတ်၊ သစ္စာ၊ ပဋိစ္စသမုပ္ပါဒ်တရားများကို ဆရာကောင်းထံမှ ကြားနာရဖို့ အရေးပါသည်။ ဆရာဆိုပေမယ့် သာမညဆရာနှင့်မပြီးသေးပါ။ ဆရာကိုယ်တိုင်ပိဋကတ်ကျမ်းစာတတ်၊ စာတတ်ပုဂ္ဂိုလ် ဖြစ်ရပါမည်။ ကျမ်းစာတတ်ရုံနှင့်လည်း မပြီးသေးပါ၊ ဆရာကိုယ်တိုင် ပြီးမြောက်သည်အထိ တီရဏပရိညာနှင့် အားထုတ်၍ ပဟာနပရိညာဆိုက်တဲ့ ဆရာမှသာလျှင် နိဗ္ဗာန်ရောက်ကြောင်းတရားများကို သမ္မာဒိဋ္ဌိဉာဏ်ရအောင် ညွှန်ကြားနိုင်ပါလိမ့်မည်။

http://www.dhammadownload.com

ယင်းသို့ ပြည့်စုံကုံလုံကြွယ်ဝစေရန်၊ မိုးကုတ်ဆရာတော်ဘုရားကြီး ဟောကြားထားသော စူဠဝေဒလ္လသုတ်မှ ဝိသာခနှင့် ဓမ္မဒိန္နာ အမေးအဖြေအပြည့်အစုံကို တိတ်ခွေတရားများစာအုပ်အဖြစ်သို့ ရောက်ရှိအောင် ကူညီဆောင်ရွက်သူ ဓမ္မမိတ်ဆွေအားလုံးကို ကျေးဇူး ဥပကာရ တင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

"သဗ္ဗဒါနံ ဓမ္မဒါနံ ဇိနာတိ"

မိမိပြုသော ကုသိုလ်ကံအတိုင်း အကျိုးပေးမြဲပေတည်း။

ဤကောင်းမှုကြောင့် ယခု-ဒုက္ခအပေါင်းမှ ကင်းဝေးရပါလို၏။

မောင်ခင်စိုး
မိုးကုတ် ဝိပဿနာပြန့်ပွားရေး၊
အမှတ် ၁၇၁၊ မြစန္ဒာလမ်း
အောင်တော်မူရပ်၊ မန္တလေးမြို့။
ဖုန်း- ၂၃၂၀၄

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | သက္ကာယဒိဋ္ဌိဆိုတာ ဘယ်အဓိပ္ပာယ်ခေါ်သလဲ | ၁၂မှ၁၃ |
| ၂။ | သက္ကာယ-ဖြစ်ကြောင်းက ဘယ်သူပါလိမ့်မလဲ | ၁၃မှ၁၄ |
| ၃။ | သက္ကာယ-ချုပ်ရာက ဘယ်ဟာပါလဲ | ၁၄မှ၁၅ |
| ၄။ | သက္ကာယ ချုပ်ရာချုပ်ကြောင်းအကျင့်က ဘာလဲ | ၁၅မှ၁၉ |
| ၅။ | ဥပါဒါန်နဲ့ခန္ဓာဟာ တခြားစီလား အတူတူလား | ၂၀မှ၂၅ |
| ၆။ | သက္ကာယဒိဋ္ဌိဆိုတာ ရှင်းပြပါ | ၂၆မှ၂၉ |
| ၇။ | ဝေဒနာ ငါထင်ရင် သက္ကာယဒိဋ္ဌိဖြစ်ပုံ | ၂၉မှ၃၇ |
| ၈။ | သက္ကာယဒိဋ္ဌိချုပ်အောင် မဂ္ဂင်ရှစ်ပါးနဲ့ပွားပုံ | ၃၈ |
| ၉။ | မဂ္ဂင်ရှစ်ပါးကို ဘယ်လိုဝေဖန်ရသလဲ | ၃၈မှ၄၀ |
| ၁၀။ | သုခ၊ ဒုက္ခ၊ ဥပေက္ခာ၊ ဝေဒနာသုံးမျိုးကို ဘယ်လိုရှုမှာတုံး | ၄၀ |
| ၁၁။ | သုခ၊ ဒုက္ခ၊ ဥပေက္ခာ၊ ဝေဒနာရှုတော့ ဘယ်အနုသယ သေသလဲ | ၄၁မှ၄၄ |
| ၁၂။ | သက္ကာယဆိုတာ ဘာတုံး | ၅၆မှ၅၈ |
| ၁၃။ | သက္ကာယအပေါ် ဒိဋ္ဌိဝင်လို့ အပြစ်ရှိပုံ | ၅၈မှ၆၄ |
| ၁၄။ | သက္ကာယနဲ့ဒိဋ္ဌိဟာ တခြားစီဟုမှတ်ပါ | ၆၄မှ၆၈ |
| ၁၅။ | ငရဲမျိုးစေ့သည် ဒိဋ္ဌိဟု ရှင်းပြပုံ | ၆၈မှ၈၀ |
| ၁၆။ | သက္ကာယဟာ ခန္ဓာငါးပါးဒိဋ္ဌိ ပေးရာစေ့ | ၈၀မှ၉၀ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၇။ | ဒိဋ္ဌိရှိတဲ့ပုဂ္ဂိုလ်များက မီးနဲ့အရောင် တစ်တွဲတည်း ယူထားသလို ဝေဒနာနဲ့ငါလဲ တစ်တွဲတည်းယူထားပုံ | ၉၀မှ၉၄ |
| ၁၈။ | ဝေဒနာသုံးမျိုး အလှည့်ကျပေါ်တာ မခိုင်လို့ မမြဲလို့ဟု ဟောပုံ | ၉၄မှ၉၆ |
| ၁၉။ | သက္ကာယဆိုတာ ဘာခေါ်သလဲ | ၁၀၅မှ၁၀၆ |
| ၂၀။ | သက္ကာယဖြစ်ကြောင်းက ဘာလဲ | ၁၀၆မှ၁၁၀ |
| ၂၁။ | သက္ကာယချုပ်ရာ ပြောစမ်းပါ | ၁၁၁ |
| ၂၂။ | ခန္ဓာမာန်နဲ့ မဥ္စုမာန်၊ အဘိသင်္ခါရမာန် ပရိနိဗ္ဗာန်စံပြီးမှ အောင်ပုံ၊ ကိလေသာမာန်နဲ့ ဒေဝပုတ္တမာန် ခန္ဓာရှိစဉ်အောင်ပုံ | ၁၁၂မှ၁၁၄ |
| ၂၃။ | သက္ကာယချုပ်ကြောင်းအကျင့် ပြောစမ်းပါ | ၁၁၄မှ၁၁၈ |
| ၂၄။ | နိဗ္ဗာန်ရောက်ကြောင်းအကျင့် ပြောစမ်းပါဦး | ၁၁၈မှ၁၂၁ |
| ၂၅။ | ဥပါဒါနက္ခန္ဓာဆိုတာ ပြောစမ်းပါဦး | ၁၂၂မှ၁၂၆ |
| ၂၆။ | သက္ကာယဒိဋ္ဌိဆိုတာ ပြောစမ်းပါဦး | ၁၂၆မှ၁၃၆ |
| ၂၇။ | သက္ကာယဒိဋ္ဌိကို ဘာနဲ့သတ်ကြမတုံး | ၁၃၆မှ၁၄၀ |
| ၂၈။ | သက္ကာယဒိဋ္ဌိ ဘာကြောင့်ဖြစ်သတုံး | ၁၄၁မှ၁၄၇ |
| ၂၉။ | သက္ကာယဒိဋ္ဌိကို မမွှဒ်နှာ ဘယ်လိုတရာ နဲ့ရှုမှ သက္ကာယဒိဋ္ဌိ ပြုတ်ပါလိမ့်မလဲ | ၁၄၇ |
| ၃၀။ | သမာဓိမဂ္ဂင်သုံးပါးကို လှသုံးယောက်နှင့် ဥပမာပြပုံ | ၁၅၀မှ၁၅၄ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၁။ | ပညာမဂ္ဂင် ၂-ပါး ပြောစမ်းပါဆို၍ မျက်လုံးနဲ့မျက်မှန် ဥပမာပြပုံ | ၁၅၅မှ၁၅၈ |
| ၃၂။ | သီလမဂ္ဂင် ၃-ပါး အကျယ်ဟောကြားပုံ | ၁၅၈မှ၁၆၃ |
| ၃၃။ | မိစ္ဆာဒိဋ္ဌိတစ်လုံး ပယ်လို့ရှိရင် အကုန်သီလလုံပုံ | ၁၆၃မှ၁၇၀ |
| ၃၄။ | သောတာပန်ဖြစ်ခြင်း အကြောင်းလေးပါး | ၁၇၀မှ၁၇၁ |
| ၃၅။ | ဒိဋ္ဌိပြုတ်ရင် ဝိစိကိစ္ဆာ မကျန်ပုံ | ၁၇၁မှ၁၇၄ |
| ၃၆။ | ဒိဋ္ဌိ ခန္ဓာမှာ ဘယ်လိုကပ်သတုံး | ၁၇၄ |
| ၃၇။ | မျက်စိတစ်မှိတ် ကုဋေတစ်သိန်း ပုထုဇဉ် မမြင်နိုင်ပုံ | ၁၈၁မှ၁၈၄ |
| ၃၈။ | မဂ္ဂင်နှင့် သမာဓိကေဂ္ဂတာ ရှင်းပြပုံ | ၁၈၅မှ၁၈၇ |
| ၃၉။ | သတိပဋ္ဌာန်နိမိတ် ရှင်းပြပုံ | ၁၈၇မှ၁၈၉ |
| ၄၀။ | သတိပဋ္ဌာန်၏ အခြံအရံဟာ ဘာလဲ | ၁၈၉မှ၁၉၁ |
| ၄၁။ | ဘာဝေတဗ္ဗကိစ္စ ဘယ်နှယ်ကြောင့် ပွားရသတုံး | ၁၉၁မှ၁၉၆ |
| ၄၂။ | ဝိပဿနာမဂ်မှာ ဘာဝေတဗ္ဗလိုပုံ | ၁၉၆မှ၁၉၇ |
| ၄၃။ | လှေသည် အလုပ် လေးလုပ်-လုပ်၍ မဂ်နှင့်တူပုံ | ၁၉၇မှ၂၀၁ |
| ၄၄။ | ပွားတဲ့ကိစ္စမှ ကြက်မနှင့် ဥပမာပြပုံ | ၂၀၁မှ၂၀၈ |
| ၄၅။ | သဏ္ဌာန်ပျောက်အောင် ရှုမှတ်ဖို့ ဗောဇ္ဈင်အလုပ် မှာကြားပုံ | ၂၁၀မှ၂၁၃ |
| ၄၆။ | လက်ရိုက်ရိုး ဥပမာပြပုံ | ၂၁၃မှ၂၁၅ |

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
| --- | --- | --- |
| ၄၇။ | ဝိပဿနာပွားတဲ့ကိစ္စ ကိလေသာပါးခြင်းကိစ္စပြီးပုံ | ၂၁၅မှ၂၁၇ |
| ၄၈။ | ပီတိဆိုတာ မဂ္ဂင်ထဲမှာ သီးသန့်မပါပေမယ့် သဟာဇာတအဖြစ်နဲ့ပါပုံ | ၂၁၇မှ၂၁၈ |
| ၄၉။ | ဖြစ်ပျက်မြင်သော ယောဂီသည် ဖြုဟွာ့မျက်လုံးထက် သာပုံ | ၂၁၈မှ၂၂၄ |
| ၅၀။ | ဝေဒနာသုံးမျိုးရှိပေမယ့် တစ်မျိုးသာပေါ်၍ အကျယ်ဟောပုံ | ၂၂၄မှ၂၃၃ |
| ၅၁။ | ဝေဒနာ သင်္ခါရတရားကို အနိစ္စဟုရှုပုံ | ၂၃၃မှ၂၃၄ |
| ၅၂။ | သင်္ခါရ အနိစ္စမရှုရင် ပဋိစ္စသမုပ္ပါဒ်လည်ပုံ | ၂၃၄မှ၂၃၈ |
| ၅၃။ | ဝေဒနာရှုပွား၍ ရှင်သာရိပုတ္တရာ အထက်မဂ်တည်ပုံ ဒီဃနက္ခတ်လဲ ဝေဒနာနဲ့မဂ်ရပုံ | ၂၃၉မှ၂၄၀ |
| ၅၄။ | ဒေသနာဉာဏ်နှသာရေန တရားကို အကျယ်ရှင်းပြပုံ | ၂၄၀မှ၂၄၅ |
| ၅၅။ | ဗောဇ္ဈင်မဂ္ဂင်ဖြစ်ဖို့ အရေးကြီးပုံ | ၂၄၅မှ၂၄၆ |
| ၅၆။ | သမုဒယဓမ္မာနုပဿီဝါ ဝယဓမ္မာနုပဿီ ရှင်းပြပုံ | ၂၄၆မှ၂၄၈ |
| ၅၇။ | သင်္ခါရတရား မသိတဲ့ပုဂ္ဂိုလ် အနိစ္စ ဖြစ်ဖို့မမြင်နိုင်ပါ | ၂၄၈မှ၂၅၄ |
| ၅၈။ | သင်္ခါရအနိစ္စလို ယဒါပညာယပဿတိနဲ့ ကြည့်ပေး | ၂၅၄မှ၂၇၀ |

http://www.dhammadownload.com

# အမရပူရမြို့ မင်္ဂလာ တိုက်ဟောင်း
# ကျေးဇူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
# ဝိသာခ နှင့် ဓမ္မဒိန္နာ အမေးအဖြေ
# ( ညအလုပ်ပေးတရားတော် )
# (၂၉ - ၁ - ၅၅)

ဒီနေ့ ဝိသာခသူဌေး နဲ့ ဓမ္မဒိန္နာခင်ပွန်းသည်တို့ အမေးအဖြေခန်း။ သက္ကာယဒိဋ္ဌိပြုတ်လို့ ယောကျ်ားက အနာဂါမ်၊ မိန်းမက ရဟန္တာဖြစ်ပုံ ရှင်းပြမယ် .... (မှန်လှပါဘုရား)။

မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတဲ့အချိန်မှာ ဝိသာခဆိုတဲ့သူဌေးက ဓမ္မဒိန္နာဆိုတဲ့ရဟန္တာမကို သက္ကာယဒိဋ္ဌိနဲ့ ပတ်သက်တဲ့ အမေးတွေ မေးပါတယ်။

ဘယ့်နှယ်ကြောင့် သူတို့သည် ဒီအမေး ထုတ်ရပါလိမ့် မတုံးလို့ သူတို့ဇာတ်သုပ်ကို အစကအနည်းငယ်ပြန်ရလို့ ရှိရင် ဝိသာခသူဌေးနဲ့ ဓမ္မဒိန္နာဆိုဘာသည်နဂိုက အကြွင်လင်မယားဖြစ်ခဲ့ပါတယ်။ အကြွင်လင်မယားဖြစ်တော့ကို ဝိသာခသူဌေးက ဘုရားရှင်ကိုယ်တော်မြတ်ကြီး သုဒ္ဓေါဒန မင်းကြီးဘို့ ဆီကို တိုင်းတော် ပြည်တော်သို့ ပြန်လာပြီး သကာလ ယသ သတို့သားတို့နှင့် တကွ တရားဓမ္မတွေ

http://www.dhammadownload.com



ပြောတဲ့အခါမှာ ဝိသာခ သူဌေးက လူအဖြစ်နဲ့ပဲ သူ သောတာပန် တည်တယ်။

နောက်တစ်ခါ ဆက်ပြီးတရားနာပြန်တော့သကဒါဂါမ် တည်တယ်၊ နောက်ဆက်ပြီး တရား နာပြန်တဲ့အခါမှာ လဲ အနာဂါမ်တည်တယ်၊ အနာဂါမ်တည်တော့ အနာ ဂါမ်တည်ပြီးတဲ့နေ့မှာ သူသည် ကျောင်းတော်ကနေပြီး ပြန်လာခဲ့တယ်၊ ပြန်လာတဲ့အခါကျလို့ ရှိရင် ဣန္ဒြေသိက္ခာ တွေက အနာဂါမ်ဆိုတာ ဒုကာ ဒကာမတို့ မှတ်စရာက လူ့ပြည်မှာရှိတဲ့ အာရုံတွေ ဘာမှ မနှစ်သက်တော့ဘူး။ ဒီအာရုံတွေကို မဂ်နှင့်ပယ်ပြီးသား။ သုံးခုမြောက် မဂ်နဲ့ ပယ်ပြီးသားဆိုတာ မှတ်ထားကြပါ။

အိမ်ပြန်လာတော့ ခါတိုင်းလဲ ပြန်လာတာကတော့ဖြင့် အိမ်ဘက်ကို မျက်စိမျက်နှာ မူပြီးသကာလ ပြန်လာတော့ သူ့ ခင်ပွန်းမ မေဒိန္နာက အပြန်မှာ ဆီး ဆီး ကြိုလေ့ရှိ တယ်။ ဆီး ဆီး ကြိုတဲ့ အခါကျလို့ရှိရင် သူတို့တိုက်ဝ ရောက်တဲ့အခါမှာ သူဌေးကပြန်လာ သူကတိုက်ပေါ်က ဆီးကြို၊ လက်ကလေး ဘာလေး ဆွဲပြီးသကာလ အိမ် ပေါ်အတူတူ သွားကြလာကြဆိုတဲ့ သဘောလေးရှိတယ် သောတာပန်တည်တုံးက။

နောက် သကဒါဂါမ်တည်တဲ့ အခါလဲ ထိုသဘောရှိ တယ်၊ အနာဂါမ်တည်လာတဲ့နေ့ကျတော့ ဒီကအိမ်ပေါ် ကနေ လှမ်းကြည့်လိုက်ကတည်းက ဒီနေ့ လာပုံထူးတယ်

http://www.dhammadownload.com



လို့ဆိုပြီး ဓမ္မဒိန္နာက အကဲခတ်တယ်။ အကဲခတ်ပြီးထုံးစံအတိုင်း သူဆင်းပြီးသကာလ ဝတ္တရားအတိုင်း ကြိုတဲ့အခါမှာ လက်တွေဘာတွေ သွားဆွဲတဲ့အခါကျတော့လဲ အဆွဲမခံတော့ဘူး။ အဆွဲမခံတော့ ဘာကြောင့်ပါလိမ့်မလဲဆိုတဲ့ တွေးလုံးနဲ့သာ သူစောင့်ပြီး သကာလ အိမ်ပေါ်ရောက်အောင်သာ လိုက်သွားကြတယ်။ အိမ်ပေါ်ရောက်တဲ့အခါကျလို့ရှိရင်လဲ ထမင်းစားဖို့ပြင်တဲ့အခါမှာ တစ်ယောက်ထဲသာ စားတဲ့အမိပ္ပါယ်မျိုးနဲ့ သူစားတော့ ခင်ပွန်းမကိုမခေါ်တော့ဘူး။

နောက် ညအိပ်ရာဝင်တဲ့အခါမှာလဲ ထို့အတူပဲ လွတ်လပ်တဲ့နေရာသွားသွားပြီးသန့်ရှင်းဖြူစင်တဲ့ အဝတ်တွေကိုခင်းပြီးသကာလ အိပ်တော့တယ်။

အဲဒီကဲ့သို့ အိပ်တော့ ခုနက သူဌေးကတော်ဖြစ်တဲ့ ဓမ္မဒိန္နာက အော်.... အမူအရာတွေဖြင့် အတော်ထူးနေပြီ၊ ငါ့အပေါ်မှာ အလိုမကျလို့လား သို့မဟုတ် သူတစ်ပါးသောပုဂ္ဂိုလ်နဲ့ အလိုမကျလို့လား၊ အလိုမကျမှု တစ်ခုခုရှိလို့သာလျှင် ဤကဲ့သို့သော နေမှုထိုင်မှုမျိုး အဆင်အပြင်ပြောင်းတာပဲဆိုပြီးတော့ သံသယနဲ့ပဲနေတယ်။

နောက်တစ်ရက်နှစ်ရက် နေတဲ့အခါလဲ ထိုနည်းတူဘဲ။ ပြောသွားရင် ပြောမှာပဲဆိုတဲ့ အဓိပ္ပါယ်မျိုးနဲ့ စောင့်ဆိုင်းနေတဲ့အခါမှာလဲ ဘာမှန်းနှောခြင်း ပြောဆိုခြင်း ခင်ပွန်းမနဲ့ မရှိတော့ဘူး ... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



အဲသည်ကားလို့ ဆိုလို့ရှိရင် ကာမရာဂ အနုသယ ဆိုတဲ့ လောဘတွေ၊ ပယ်ပြီးသားဖြစ်တဲ့အတွက် ဤကဲ့သို့ အနေအထိုင်ထူးခြားတယ်ဆိုတာ ဒကာ ဒကာမတွေမှတ်ဖို့ဘဲ။ အဲသည်တော့ ဒီခုတရားနာနေတဲ့ ဒကာ ဒကာမတွေမှတ်ဖို့ရာကတော့ သောတာပန်တည်ရုံနဲ့တော့ ငါးပါးအာရုံကာမဂုဏ်တွေ သားနဲ့မယားနဲ့ နေတာဟာ နေတာပဲလို့သာ မှတ်ရမယ်။

ထို့အတူ သကဒါဂါမ် တည်ပြန်လဲ ထုံးစံအတိုင်းနေတာပဲလို့ မှတ်ရမယ်၊ အနာဂါမ်တည်မှသာလျှင် ငါးပါးအာရုံကာမဂုဏ်ဆိုတဲ့ ဒီလူ့ပြည်အာရုံ့ ကာမဂုဏ်တွေနဲ့ သူကင်းလွတ်တယ် အဲဒီကဲ့သို့ထူးခြားအောင်မှတ်ပြီးသကာလ ထားကြပါ။

အချို့ သောတာပန်တွေပဲ ဆော့လိုက်ဘာ ကမြင်း လိုက်တာလို့မကဲ့ရဲ့ပါနဲ့။ သောတာပန်ဟာ မပယ်နိုင်သေးဘူး။ ကာမအာရုံကို မပယ်နိုင်သေးပါဘူး ဆိုတာ တထစ်ချ မှတ်ထားကြပါ။

ဒါနဲ့ပဲ ဓမ္မဒိန္နာက စိတ်ထဲမှာတော့ သူ့စိတ်ထဲမှာ အင်မတန်ပဲဆွေးပြီးသကာလ အင်မတန် သောကလုံးကြီးက အကြီးအကျယ်ဖြစ်ပြီးသကာလနေတော့ နောက်(၂) ရက် (၃) ရက် နေတဲ့အခါကျလို့ရှိရင်ဖြင့် ဟိုတစ်ယောက်ထဲ အိပ်နေတဲ့ အိပ်ခန်းညဝင်တယ်။ ခင်ပွန်းမကပဲ လိုက်ပြီးသကာလ သွားတဲ့အခါ ယောကျ်ားလုပ်တဲ့ ပုဂ္ဂိုလ်ကမေးတယ်။

http://www.dhammadownload.com



မ္မဒိန္နာ အချိန်မတော် ဒီအခန်းထဲဝင်လာတာ ဘယ်သဘောတုံး၊ ဘယ်သဘောမှမဟုတ်ပါဘူး။ မေးချင်မြန်းချင်လို့ ဝင်ပြီးသကာလ လာခဲ့တယ်ဆိုတဲ့ အဖြေကို ပေးလိုက်တယ်။

မေးတာပေါ့လို့ ဆိုပြီးသကာလ အမေးခံတော့ သင်သည် ရှေးကနဲ့ မတူဘူး။ အမူအရာ ဟန်ပန်တွေကလဲ အင်မတန် ပြောင်းတယ်။ ကျွန်ုပ်ကိုလဲ အသိအမှတ်ပြုပြီး စကားပြောခြင်း ဆိုခြင်း မရှိတော့ဘူး။

အဲတော့ ဒီဆိုးတိုင်ပင် ကောင်းတိုင်းပင် အကြင်လင်မယားဖြစ်ပြီး လာခဲ့တာလဲ အတော်ကြာကြပြီ။ ဒါခုမှ အမူအရာထူးတာ ကျုပ်အပေါ်မှာ အပြစ်ရှိလို့လား၊ သို့မဟုတ် တစ်ပါးသောပုဂ္ဂိုလ်နဲ့ပဲ အလိုမကျမှုတွေကြုံလို့ ဆုံလို့လား။ တစ်ပါးသော ပုဂ္ဂိုလ်မှာ ခင်မင်နှစ်သက်တဲ့ စိတ်ရှိပြီးသကာလ နေလို့လား။ ဟိုက မိန်းမတို့၏ ထုံးစံ အတိုင်းအကုန်မေးတော့ပဲ။

မေးတဲ့အခါကျတော့ မပြောကောင်းဘူးဆိုတာတော့ ဝိသာခသူဌေးက သိတယ်။ မပြောကောင်းလို့ မပြောဘဲ နေလိုက်လို့ ရှိရင် ဓမ္မဒိန္နာဆိုတဲ့ ခင်ပွန်းမသည် နှလုံးကွဲပြီး သကာလ သေပွဲဝင်စရာသူမြင်တယ် .... (မှန်ပါ့ဘုရား)။

ဒါနဲ့ ပြောမှ ဖြစ်မယ်ဆိုပြီး သကာလ ပြောပါတယ်။ ငါသည် တခြားကိစ္စဘာမှ အထူးအခြား မရှိပါဘူး သင့်အပေါ်မှာလဲ ဘာအပြစ်မှုမရှိပါဘူး။

http://www.dhammadownload.com



ငါသည် တရားထူးတရားမြတ်ဆိုတဲ့ အနာဂါမ်ဆိုတဲ့ အနာဂါမိမဂ်၊ အနာဂါမိဖိုလ်ဆိုတဲ့ အနာဂါမ်တည်ပြီး သကာလ လာခဲ့တဲ့အတွက် ငါးပါးအာရုံကာမဂုဏ်တွေကို ဘာမှ ပြုံးခြင်း ရွှင်ခြင်း လူ့ပြည်အာရုံတွေကို နှစ်သက်ခြင်း ဆိုတာတွေဟာ မရှိတော့ဘူး။

အဲတော့ သင်လဲ သင့်ကိုလဲ အခုမေးလို့ ပြောရလို့ရှိရင်ဖြင့် တရားတော့ပြောပြီးပြီ။

သင်သည် ဒီအိမ်မှာ ကုဋေ (၄၀) ရှိတယ်။ ငါ့ဘက်ကလဲ (၄၀) ပါတယ် ကုဋေ (၈၀) ကို သင်အုပ်ချုပ်ပြီး သကာလ ဒီမှာပဲနေလိုလဲနေ ငါ့ကိုလည်း ကျေးတန်တဲ့ ထမင်းနဲ့ ကျွေးပြီးသကာလ ထားတော့။ ဒီပစ္စည်းတွေ ငါ့ပစ္စည်းရယ်လို့ အထိမ်းအမှတ် မရှိတော့ပါဘူး ဆိုပြီး စွန့်လွှတ်တယ်။ အနာဂါမ်တည်တာကိုး။

အနာဂါမ် တည်လာတော့ ထူးခြားတဲ့အဓိပ္ပါယ်တွေ ပေါ်မလာဘူးလား အေး ထူးခြားတဲ့အဓိပ္ပါယ်တွေပေါ် လာတယ်ဆိုတဲ့ဥစ္စာဟာအနာဂါမိမဂ်၏ကျေးဇူး အကာလိကော အခါမလင့် အကျိုးကိုပေး၏။ ဆိုတဲ့ အဓိပ္ပါယ်တွေဟာအခါမလင့်ကိုငါးပါးအာရုံ ကာမဂုဏ် စွန့်လိုက်တဲ့အတွက် ငါးပါးအာရုံကာမဂုဏ်နဲ့ပတ်သက်တဲ့ အပူဓာတ် အလောင်ဓာတ်တွေဟာ ရှိသေးရဲ့လား .... (မရှိပါဘူး ဘုရား)။

http://www.dhammadownload.com



အဲတာ **အကာလိကောဆိုတဲ့ မဂ်၏ တန်ခိုးသတ္တိဟာ** ဒကာသိုက်တို့ပေါ်တာပေါ့ဗျာ .... (မှန်ပါဘုရား)။

**ကိုထွန်းအောင် အင်မတန်ထင်ရှားတယ်နော်....** (မှန်ပါ ဘုရား)။

**အားလုံး ဒကာ ဒကာမတွေ** မထင်ရှားဘူးလား .... (ထင်ရှားပါတယ်ဘုရား)။

**အေး** ဒါကြောင့် အောင်... တို့လဲ ဒီရောက်အောင်ကြိုး **စားရမှာပဲ၊** ဒါ အင်မတန်ဟုတ်တဲ့နည်းလမ်းတွေဘဲ။

ချက်ချင်း အကျိုးပေးပြီး ချက်ချင်း ငါးပါးအာရုံ ကာမဂုဏ်တွေနဲ့ပတ်သက်တဲ့ အပူခေတ် အသောင်ခေတ် တွေဟာ အကုန် ငြိမ်းသတ်နိုင်တဲ့ အနာဂါမိမဂ် ပဲဆိုပြီး သကာလ ကိုယ်လဲအတူယူပြီးကြိုးစားလို့ ရှိရင်ဖြင့် ဖြစ်နိုင် တဲ့ အခြေအနေလမ်းစဉ်က ရှိနေတာပဲ။

**ဒါကြောင့်** ဒကာ ဒကာမတွေက နမူနာရှိပြီးသကာလ **နေတော့၊ နည်းကောင်းကလဲပေးထားပြန်၊ ကိုယ်လုပ်နေ တဲ့ အလုပ်ကလဲ အတော်ခရီးရောက်ပေါက်ပြီး သကာလ နေကြတဲ့** ပုဂ္ဂိုလ်တွေဖြစ်သောကြောင့် တက်မယ်ဆို မရ **ဘူးဆိုတဲ့ စိတ်မရှိဘူး။** ရ ရမှာချည်းပဲလို့ ဆုံးဖြတ်ချက် **ချပါ။**

**ဒါနဲ့ပဲ** ကုဋေ (၁၀) ကို မင်းပဲသုံး မင်းပဲစွဲ ဘာပဲ လုပ်လုပ် ငါတော့ **ထမင်းတစ်လုတ် အချိန် မှန်မှန်ကျေး**

http://www.dhammadownload.com



လို့ရှိရင်ဖြင့် တော်ပြီဆိုပြီး သကာလ ပြောလိုက်တယ်။ ဒါတင်မကသေး နောက်အိမ်ထောင်တို့ ဘာတို့ ပြုချင်ပါတယ် ဆိုလို့ရှိရင်လဲ ထုံးစံ အတိုင်း ပြုတာပေါ့ အစရှိသဖြင့် အစုံပဲပြောလိုက်တယ်။ ပြောလိုက်တော့ မမ္မဒိန္နာက အလုံးကြီး ကျသွားတာပေါ့လေ။

အရင်ကတော့ သူ့အပေါ်မှာ ဘယ်လိုညာလို စွဲချက်တွေ ဘာတွေနဲ့ သူ့တွေးလုံး ထုတ်ပြီးသကာလ နေတာတွေ အကုန်ပပျောက်တော့ အော်.... တရား၏ကျေးဇူးပါလား၊ တရားကြောင့်ဖြစ်တဲ့ အမူအရာ တွေ့ပါလား ဆိုတာပေါ်လာတယ်.... (မှန်ပါ့ဘုရား)။

တရားကြောင့်ဖြစ်တဲ့ အမူအရာတွေ ပေါ်လာတဲ့ အခါကျတော့ သူဆက်ပြီးမေးတယ်။ အသင် ဝိသာခ သူဌေး ဒီနလောကုတ္တရာ တရားဆိုတာဟာ ယောကျ်ားများမှပဲ အားထုတ်ကောင်းရဲ့လား၊ မိန်းမများတော့ အားထုတ်ကောင်းသလား။

ဟာ ဘယ့်နှယ်မေးပါလိမ့်တုန်း။ မမ္မဒိန္နာ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ ယထာဘူတဉာဏ်ကစပြီး တက်မယ် ဆိုလို့ရှိရင်ဖြင့် ယောကျ်ား မိန်းမရယ်လို့ ဘုရားက မဟောပါဘူး။ ရနိုင်တာချည့်ပဲလို့သာ ဟောပါတယ်။

အဲဒီလို ဝိသာခ အနာဂါမ်က ပြောတဲ့အခါကျတော့ ဒါဖြင့် သူလဲ မိန်းမပင်ဖြစ်သော်ငြားလည်း ရနိုင်လို့ရှိရင်

http://www.dhammadownload.com



ဖြင့် ဘိက္ခုနီမလုပ်ပြီးသကာလ ဒီအကျင့်ကိုပါ အားထုတ်ချင်တဲ့စိတ် ပေါ်လာတဲ့အတွက် သူ့ခင်ပွန်း တောင်းပန်တယ်။ ဒကာ ဒကာမတို့ ရိပ်မိရဲ့လား.... (ရိပ်မိပါတယ်ဘုရား)။

အနာဂါမ်ဖြစ်တဲ့ ဝိသာခ သူဌေးကနေပြီး သကာလ ဓမ္မဒိန္နာ ပုထုဇဉ်ကို မိန်းမပင်ဖြစ်ငြားသော်လည်း ယထာဘူတဉာဏ်က စပြီးသကာလ တက်မယ် ဆိုလို့ရှိရင်ဖြင့် သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ရဟန္တာဆိုတာဖြစ်နိုင်တာချည့်ပါပဲ။ ဘုရားကယောကျ်ား- မိန်းမ -မရွေးပါဘူး။

ဟုတ်တိုင်းမှန်စွာ ကျင့်တဲ့ဉာဏ်ကိုရလို့ ဉာဏ်စဉ်အတိုင်းတက်သွားကြမယ်ဆိုရင် ဒီကိစ္စပြီးကြစတမ်းဆိုတဲ့ဥစ္စာ ဘုရားဟောတော်မူပါတယ်။

ဒါကြောင့် - သင်သည်ကား ဤကဲ့သို့ ပစ္စည်းတွေလဲမခင်တွယ်ဘဲနဲ့ တရားဓမ္မကိုပဲ ကြိုးစားပြီး သကာလ ဘိက္ခုနီမ လုပ်ချင်ပါတယ် ဆိုလို့ရှိရင်ဖြင့်ငါကအဆင်သင့်ဘဲ။

ဒါကိုပဲမပြောချင်လို့သာ အသာနေရတယ်၊ လုပ်မယ်ဆိုလို့ရှိရင် အထူး ဝမ်းမြောက်ပါတယ် ဆိုတာ ဝိသာခ သူဌေးက ဝမ်းမြောက်သောစိတ်နဲ့ပဲ ပြောလိုက်တယ်။

ဒါနဲ့ဘဲ ညပြောပြီး မနက်ကျတဲ့ အခါကျလို့ရှိရင် ရှင်ဘုရင်ဆီ သွားပြီးသကာလ အချိန်မတော် မနက်စော

http://www.dhammadownload.com



စော သွားလိုက်တဲ့အခါ ရှင်ဘုရင်က ဟာ .... ဝိသာခ သူဌေး ဒီနေ့လာပုံတယ်ထူးပါလား။

ဘယ့်နှယ်ကြောင့် ဒီအချိန်ကြီးရောက်လာပါလိမ့်မလဲ။ တခြားမဟုတ်ပါဘူး။ ရွှေထမ်းစင်ကြီး လိုချင်လို့ပါဘဲ။ ရွှေထမ်း စင်က ဘာကိစ္စပါလိမ့်မတုံး။

ကျွန်တော်၏ခင်ပွန်းမ ဓမ္မဒိန္နာက ဘိက္ခုနီမလုပ်ဘို့ရာ သူသဘောတူတယ်လို့ မနေ့ညကပြောတဲ့အတွက် ဘိက္ခုနီမ ထံကို ရွှေထမ်းစင်နဲ့ထမ်းပြီး သကာလ ပို့ဖို့ပါဘဲ။

ဟာ ဒါဖြင့်ယူသွား ယူသွား၊ ရှင်ဘုရင်ကလဲ ရွှေထမ်း စင်ကြီးစွန့်လွှတ်ပြီးသကာလပေးလိုက်တယ်။ ပေးလိုက်ပြီး သကာလ ဆွေတွေမျိုးတွေနဲ့ တစ်ခါတည်း ဘိက္ခုနီမ အဖြစ်ရှက်ဆောင်ဖို့ရာ နံ့သာရေနဲ့ချိုးပြီး သကာလ သန့် ဆန့်ရှင်းရှင်းနဲ့ ဘိက္ခုနီမကျောင်း ရွှေထမ်းစင်ကြီးနဲ့ထမ်း ပြီး ဆွေတွေမျိုးတွေနဲ့ သိုက်သိုက်ဝန်းဝန်း ပို့ကြတာပေါ့ ဗျာ။

ပို့ကြပြီး ဘိက္ခုနီမလုပ် ဘိက္ခုနီမ လုပ်ပြန်တော့လဲ တရားဓမ္မတွေကတော့နေရာကျပါရဲ့၊ နေရတာလဲနေရာကျ ပေါင်းသင်းရတာလဲ နေရာကျပါရဲ့။ သို့သော် ဘုန်းဒဏ် မခံနိုင်ဘဲဖြစ်နေတယ်။

ဘုန်းက ဘာတုန်းဆိုတော့ သူဌေး ကတော်ဆိုတော့ မိတ်ဆွေ သင်္ဂဟတွေ ဆွေတွေမျိုးတွေ အလုံးစုံက တစ်ခါ တည်း ကူညီထောက်ပံ့ ပေးကြကမ်းကြ လှူကြ ဒါတွေ

http://www.dhammadownload.com



ညှော်ခံပြီးသကာလ နေရတာနဲ့ပဲ ရတဲ့တရားလေး ဘိက္ခုနီမ လုပ်ပြီးတောင်မှပဲ ပွားများချိန်ကမရဘဲ ဖြစ်နေတယ်။

ဒါနဲ့ပဲ သူ့ဆရာဘိက္ခုနီမ ပြောပြီးအကာလ ဝေးတဲ့ တောတစ်ခုသွားပြီး တရား အားထုတ် လိုက်တယ်။ တရားအားထုတ်ပြီး သကာလ တရားအားထုတ် တော့ကို ပါရမီ ရင့်သန်တဲ့ ပုဂ္ဂိုလ်လဲဖြစ်ပြန်၊ ဆန္ဒကလဲပြင်းပြန် တော့ တရားကလဲနာပြီးသားဖြစ်နေပြန်တော့ သောတာ ပန်၊ သကဒါဂါမ်၊ အနာဂါမ်၊ ရဟန္တာကျအောင် သူ ဖြစ်လာတယ်။

သို့သော် ပဋိသမ္ဘိဒါပတ္တ ဆိုတော့ အကုန်သိတဲ့ အမိပ္ပာယ်ရတယ်။ အဲဒါကြောင့် သူသည် ရဟန်းကိစ္စဖြင့် ပြီးပြီဆိုပြီးသကာလ ရာဇဂြိုလ်ပြည်ဘဲ ပြန်လာခဲ့တယ်။

ပြန်လာတော့ သူ့ခင်ပွန်းသည်ဟောင်းဖြစ်တဲ့ ဝိသာခ သူဌေးက ပြန်လာတယ်လို့ကြားတော့ ရက်ကလဲတိုလိုက် တာ။

မိန်းမစိတ်မို့ ပထမတော့ ဖြူးခနဲ ဆံပင်တွေရိတ်ပြီး အတိုက်ကရိုက် လုပ်ချင်ပြီးသကာလ အခုတော့ဖြင့် ပြန် လှည့်လာတယ်ဆိုကတည်းက သူ့စိတ်ထဲမှာ လူများထွက် ချင်နေပြီလား။

ထွက်လို့ရှိရင်လဲ သူ့အတွက်ကတစ်ခါစောင့်ရှောက်ရမယ့် ဝတ္တရားရှိနေပြန်တော့ သူ ဓမ္မဒိန္နာပြန်လာတဲ့ဆီပဲ ဝိသာခ သူဌေးက သွားလိုက်တယ်။

http://www.dhammadownload.com



သွားလိုက်တဲ့ အခါကျတော့ မေးဖို့ရာ အကြောင်းက လဲ ပေါ်လာတယ်။

ဘယ်လိုပေါ်လာတုန်းဆိုတော့ သင်သည် အခုတော ထဲသွားတာလဲ မကြာသေး၊ တရားမွေ့ရက်ကလဲ တိုလိုက် တာ၊ ဒီလောက်နဲ့ ကိစ္စပြီးလာတယ်လို့လဲ သူ့စိတ်ထဲက မထင်။

မထင်တော့ လူထွက် ချင်လို့လား၊ မေးရမှာကလဲ ပညာရှိသဘောမှာ မသက်ရောက်ဘူး။ အဲဒီတော့ ပုစ္ဆာ မေးမှဘဲ။

ပုစ္ဆာထဲကနေပြီးသကာလ သူ့အကြောင်း တွေးယူမှ သာလျှင် လိုရင်း ရတော့မယ်ဆိုပြီး ပုစ္ဆာ မေးတယ်။ ဒါကြောင့် မွေ့ဒိန္နာကရဟန္တာမ နော်။ မေးတဲ့ယောကျ်ား က အနာဂါမ်ဆိုတော့ အောက်တစ်ဆင့်ကျတယ်ပေါ့ဗျာ — (မှန်ပါဘုရား)။

ဒါနဲ့ သူလူထွက်ချင်လို့လား မေးဖို့ရာ မမေးချင်တာ နဲ့ဘဲ ရှင်မွေ့ဒိန္နာ သက္ကာယ သက္ကာယဆိုတာ ဘာတုံး။ သက္ကာယဆိုတဲ့ဥစ္စာ ဘယ်အ ဓိ ပ္ပါယ် ကို သက္ကာယလို့ ခေါ်ပါသတုန်း။ ဘယ်တရားကို သက္ကာယလို့ ခေါ်ပါ သတုန်း မေးလိုက်တယ်။

မေးလိုက်တော့ ဟိုက ပဋိသမ္ဘိဒါပတ္တ ရဟန္တာဆို တော့ စာပေတတ် ရဟန္တာနော်။ တစ်ခါတည်း ရဟန္တာ

http://www.dhammadownload.com



ဖြစ်သည်နှင့် တပြိုင်နက်တည်းစာတွေ အကုန်ပေါ်လာပြီး အကုန်တတ်တော့တာဘဲ။

အထူးသင်နေတဲ့ စာမဟုတ်တော့ဘူး။ ဆုတောင်းနဲ့ ပြည့်တဲ့စာလို့ မှတ်ကြပါ.... (မှတ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ မေးလိုက်တဲ့ အခါကျတော့ ဟာ အသင် ဝိသာခ သက္ကာယ သက္ကာယဆိုတာ ပဉ္စုပါဒါ နက္ခန္ဓာ ခန္ဓာငါးပါးကို ဆိုတာပါ၊ လောကီ ခန္ဓာ ငါးပါးကိုဆို တာပါလို့ ဖြေလိုက်တယ်။

အဲဒီတော့ ဒကာ ဒကာမတွေ မှတ်စရာက တို့ခန္ဓာ ငါးပါးဟာ လောကီခန္ဓာငါးပါးပါလား။ သက္ကာယလို့ ခေါ်တာပါလားဆိုတာ ခင်ဗျားတို့က အသားယူပြီးမှတ် ပါ.... (မှန်ပါ့ဘုရား)။

ဩော်....ဒါဖြင့် အခုဘာရားနာနေတဲ့ ဒကာဒကာမတွေ ခန္ဓာကိုယ်ရုပ်နာမ်ကြီးဟာ ဘာပါလိမ့်မတုန်းလို့ မေးရင် သက္ကာယဘဲလို့ဖြေရမယ်... (မှန်လှပါဘုရား)။ သဘော ကျပလား.... (ကျပါပြီဘုရား)။

အေး ခန္ဓာငါးပါး ဥပါဒါန်တရား။ ဥပါဒါန်လေး အာရုံပြုတဲ့ ခန္ဓာငါးပါးသည် သက္ကာယတရားလို့ဆုံးဖြတ် ချက်ချကြပါ။

ဆက်လက်ပြီး သကာလ မေးပြန်တယ်။ ရှင်ဓမ္မဒိန္နာ သက္ကာယ ဖြစ်ကြောင်းကတော့ ဘယ်သူပါလိမ့်မလဲလို့

http://www.dhammadownload.com



ဝိသာခ သူဌေးက မေးလိုက်တဲ့ အခါကျတော့ ယာယံ တဏှာပေါနောဗ္ဘဝိကာ နန္ဒိရာဂ သဟဂတာ တတြ တတြာဘိ နန္ဒိနီ ဆိုတဲ့အတိုင်း တဏှာပဲ ရှင်ဝိသာခရဲ့။ ဓမ္မဒိန္နာကဖြေလိုက်တယ်.... (မှန်လှပါဘုရား)။

တဏှာဟာ သက္ကာယ ဖြစ်ကြောင်းပဲ။ အဲဒီတော့ ဘုန်းကြီးတို့ဟောနေတာ ဒကာဒကာမတွေ ဒီမှာရဟန္တာ မက အနာဂါမ်ကို အဖြေထုတ်နေတာ ထောက်သဖြင့် ပြောဉ်... တို့ခန္ဓာငါးပါးကြီး ဘယ်သူတည်ထောင်ပါလိမ့် မတုံးဆိုတဲ့ဥစ္စာဘုံဘဝတပ်မက်နှစ်သက်တဲ့တဏှာပဲလို့ ဒီက ဒကာဒကာမတွေကလဲ ဆုံးဖြတ်ချက်ချပါ .... (မှန်လှပါ ဘုရား)။

ဒါဖြင့် အားလုံး ဒကာဒကာမတွေ ခန္ဓာကိုယ် တည် ထောင်တာ ဘယ်သူပါလိမ့်ဗျာ.... (တဏှာပါဘုရား)။

ဒါဖြင့် သက္ကာယ ချုပ်ရာ အရှင်မဓမ္မဒိန္နာ ဘယ်ဟာပါ လိမ့်မလဲလို့ ဝိသာခက မေးလိုက်ပြန်တော့ သက္ကာယတွေ ချုပ်ရာဆိုတာ တဿာယေဝ တဏှာယ အသေသ ဝိရာဂ နိရောဓော စာဂေါ ပဋိနိဿဂ္ဂေါ မုတ္တိ အနာလယော ဆိုတဲ့ အတိုင်း တဏှာတို့၏ သေရာ ချုပ်ရာ ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ဆိုတာ သက္ကာယ တို့၏ ချုပ်ရာပဲ။

အဲဒီကျတော့ ရုပ်နာမ်ပါသေးသလား....(မပါပါဘူး ဘုရား)။

http://www.dhammadownload.com



ရုပ်နာမ်ပါရင် ဖောက်ပြန်ပျက်စီးတဲ့ ဒုက္ခသစ္စာကြီး လိုက်သွားအုံးမှာပေါ့ ဒါကြောင့် နိဗ္ဗာန်မှာ ရုပ်နာမ် မရှိ၊ ချမ်းသာတစ်ခုသာရှိတယ်ဆိုတာ ဒကာ ဒကာမတွေ လဲ ဟောပြီးသားဖြစ်တဲ့အတွက် ချမ်းသာအလိုရှိတဲ့ပုဂ္ဂိုလ် ဖြင့် ချမ်းသာရှိတဲ့ဆီကိုသာ ရောက်အောင် သွားနည်းနဲ့ သွားကြဖို့ပါပဲ.... (မှန်ပါ့ဘုရား)။

ဒါနဲ့ ဝိသာခ သူဌေးက ဆက်လက်ပြီး မေးတယ်၊ သက္ကာယတွေ ချုပ်ရာချုပ်ကြောင်းအကျင့် အရှင်ဓမ္မဒိန္နာ အမိန့်ရှိပါအုံးဆိုတော့ မဂ္ဂင်ရှစ်ပါးပဲ ဒကာကြီးရဲ့။

မဂ္ဂင်ရှစ်ပါးကို ပွားများကျင့်ကြံ ကြိုးကုတ်အားထုတ် လိုက်လို့ရှိရင်ဖြင့် သက္ကာယဖြစ်ကြောင်း သမုဒယ သေချ အကြောင်း သေသောကြောင့် အကြောင်း ရုပ်နာမ်တွေ ချုပ်ပြီးသကာလ သက္ကာယတို့၏ ချုပ်ရာ နိဗ္ဗာန်ရောက် တော့တာပါဘဲ။.... (မှန်လှပါဘုရား)။

မဂ္ဂင်ရှစ်ပါးသာ ပွားများရင် ရောက်ပါတယ်လို့ ရဟန္တာမက ဖြေလိုက်တယ် .... (မှန်လှပါဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ ဒကာ ဒကာမတွေ ကြိုးစား နေတာဘာပါလိမ့် မတုံးလို့ တွေးမနေနဲ့တော့။ မဂ္ဂင်ပွား များနေကြတာ။

ဒါကြောင့်သက္ကာယတို့၏ ချုပ်ရာနိဗ္ဗာန်ဆိုတာ ဒီဟာ ခင်ဗျားတို့ပွားများမှုသည် ရောက်အောင်ပို့မဲ့ပွားများမှုလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဘယ်ပုစ္ဆာလဲ။ ရဟန္တာမဂ်ဖြေတော့ အနာဂါမ်က မေးတာ ဒကာတို့ရေ မှားစရာ မှောက်စရာ တစ်လုံးမှ မပါဘူး .... (မှန်လှပါဘုရား)။

နောက်ဆုံးပိတ် ဘုရားက ဘုရားဆီ သူတို့ဆုံပါလိမ့်အုံးမယ် ဝိသာခရောက်ပါလိမ့်အုံးမယ်။ ရောက်တဲ့အခါ ကျတော့လဲ ဘုရားကထောက်ခံချက် ပေးပါလိမ့်အုံးမယ်။ ပေးပါလိမ့်အုံးမယ်။ ဘုရားကလဲ ထောက်ခံချက်ပေးပါလိမ့်အုံးမယ်။

ဒါနဲ့ ဒကာဒကာမတွေ ခင်ဗျားတို့လုပ်နေတဲ့ အလုပ်စဉ်ဟာ သက္ကာယ ချုပ်အောင် လုပ်နေတဲ့ အလုပ်စဉ်ပါလား။ သက္ကာယဖြစ်ကြောင်းလဲ ချုပ်မယ်။ သက္ကာယလဲ ချုပ်မယ်။

မဂ္ဂင် ပွားများနေတဲ့ ပုဂ္ဂိုလ်သည် သက္ကာယဖြစ်ကြောင်းလဲချုပ်၍ သက္ကာယလဲချုပ်၍ သက္ကာယတို့၏ နောက်ဘာမှ သံသယ မရှိအောင်ချုပ်တဲ့ နိဗ္ဗာန်ဆိုတာကြီးကို ဒကာ ဒကာမတွေ၏မဂ္ဂင်ရှစ်ပါးသည် ပွားများတဲ့ ပုဂ္ဂိုလ်တိုင်းမှာပဲ မရောက်မရှိဘူး၊ ရောက် ရမှာ ဘဲ။ သဘောကျပြီလား.... (မှန်ပါ)။

ဒါဖြင့် ဒကာဒကာမတွေပွားများနေတဲ့ အလုပ်ဟာ သက္ကာယ ချုပ်ကြောင်းအကျင့် ကျင့်နေကြတာပေါ့.... (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဩော် ....ဒီ ဒကာဒကာမတွေ ဘာများ လုပ်နေကြပါလိမ့် မတုန်းဆိုတာ သံသယ မရှိပါနဲ့တော့.... (မရှိပါဘူးဘုရား)။ သက္ကာယတို့၏ ချုပ်ရာ ချုပ်ကြောင်းအကျင့် ကျင့်နေကြတာ သဘောကျပြီလား.... (မှန်လှပါဘုရား)။

သက္ကာယဆိုတဲ့ ရုပ်နာမ်တို့၏ ချုပ်ရာ ချုပ်ကြောင်းအကျင့် ကျင့်နေကြတာဘဲလို့ ကိုယ့်ကိုယ်ကိုလဲ ဆုံးဖြတ်ချက်ချပါ .... (မှန်လှပါဘုရား)။ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

**အေး ဒါ့ကြောင့် ဒကာဒကာမတွေ အလုပ်လုပ်နေတဲ့ အလုပ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် တကယ့်ရဟန္တာဖြစ်တဲ့ အလုပ်။**

**တကယ့်သောတာပန် သကဒါဂါမ် အနာဂါမ်ဖြစ်တဲ့အလုပ် ဖြစ်ပြီးသကာလ နေသောကြောင့် ဩော်.... ဒုက္ခသိမ်းချိုမ်းတဲ့ အလုပ်ဟာ တို့မဂ္ဂင်ရှစ်ပါးပွားများနေတဲ့ ရုပ်နာမ်ဖြစ်ပျက်ပေါ် မှာ ပွားများနေတဲ့ အလုပ်ပါလားလို့ ဆိုပြီး ယုံယုံကြည်ကြည်နဲ့ ကြိုးကြိုးစားစားလုပ်ပါ....** (မှန်လှပါဘုရား)။

ယုံယုံကြည်ကြည်နဲ့ ကြိုးစားလုပ်ပြီဆိုမှဖြင့် ဒီလမ်းပေါ် ရောက်နေတယ်ဆိုတာက သေချာနေတာ ဒီမြို့ဟာဖြည်းဖြည်းနဲ့ မြန်မြန်ပဲ ဒကာသိုက် ရောက်ချမှာပဲ။

အဲဒီတော့ ဘာမှသံသယမရှိနဲ့၊ မဂ္ဂင်အလုပ်နဲ့သာ ပွားများ ပြီး သွားကြပေတော့ဆိုတာဖြင့် ခင်ဗျားတို့ လမ်းပေါ်တင်ပေး ထားပေါ့၊ ဆရာဘုန်းကြီးက။ လမ်းပေါ် တင်ပေးထားတော့ ကိုတဲ့ ဒီလမ် ကိုပြဘဲ့သူ ဟောဒီ လမ်းပေါ်ရောက်အောင် ဆရာဘုန်းကြီးက တင်ထားတော့ ဒကာဒကာမတွေက ဒီလမ်း

http://www.dhammadownload.com



ဖြေနေတာလား ဉာဏ်ဖြေ - ဖြေနေတာလား ဆိုဘာ သူမဝေဖန်နိုင်ဘူး.... (မှန်လှပါဘုရား)။

မဝေဖန်နိုင်ပေမဲ့ ဆက်မေးအုန်းမှပဲ ဒါမှပိုမိုရှင်းမယ်ဆိုပြီး သဘာလ ဆက်မေးလိုက်တယ်။ ကိုထွန်းအောင်ရဲ့။

ဆက်မေးလိုက်တဲ့အခါကျတော့ ခုနတုံးက ပြောခဲ့တဲ့စကားထဲမှာ ပဥ္စုပါဒါနက္ခန္ဓာ ဆိုတဲ့ ဥပါဒါနက္ခန္ဓာ ဆိုတာသည် သက္ကာယလို့ ရှင်ဓမ္မဒိန္နာက ဖြေခဲ့တော့ ဥပါဒါန်နဲ့ ခန္ဓာဟာ တစ်ခြားစီလား၊ သို့မဟုတ်အတူတူပဲလား မေးလိုက်တယ်။

ဥပါဒါန်နဲ့ ခန္ဓာဟာပေါ့ဗျာ....(မှန်ပါ့ဘုရား)။နဂိုကစာလို ရေးထားတာ ဥပါဒါန်နက္ခန္ဓာတွေ ရေးထားတယ် အခုခွဲပြီး သူကမေးလိုက်တယ်။

ဥပါဒါန်ဆိုတဲ့တရားနဲ့ ခန္ဓာဆိုတဲ့တရားသည် အတူတူပဲလား ဓမ္မဒိန္နာ (သို့မဟုတ်) တစ်ခြားစီပဲလား။

ဟာ - ဒီလိုပါ ဒီလိုပါ၊ ဓမ္မဒိန္နာကဖြေလိုက်တယ်၊ ဥပါဒါန်ဆိုတာက ကာမုပါဒါန်ဒိဋ္ဌုပါဒါန်သီလဗ္ဗတုပါဒါန်အတ္တဝါဒုပါဒါန် ဆိုတော့ ဥပါဒါန်က လေးမျိုးရှိတယ်။

ခန္ဓာက ခန္ဓာငါးပါး လောကီ ခန္ဓာငါးပါး ရှိပါတယ် အဲဒီတော့ သူတို့ဟာ တစ်ခြားစီလို့လဲ ဖြေလို့မရဘူး အတူတူဆို့လဲမဟုတ်ဘူး။

ဒီခန္ဓာငါးပါးကို ဥပါဒါန်ဆိုတဲ့ တရားနဲ့ နှစ် သက် ပြီး သကာလ နေခဲ့လို့ရှိရင်ဖြင့် ဒါဥပါဒါန်နက္ခန္ဓာဖြစ်တာဘဲ .... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဩော် ....ဒီ ဒကာဒကာမတွေ ဘာများ လုပ်နေကြပါလိမ့် မတုန်းဆိုတာ သံသယ မရှိပါနဲ့တော့.... (မရှိပါဘူးဘုရား)။ သက္ကာယတို့၏ ချုပ်ရာ ချုပ်ကြောင်းအကျင့် ကျင့်နေကြတာ သဘောကျပြီလား.... (မှန်လှပါဘုရား)။

သက္ကာယဆိုတဲ့ ရုပ်နာမ်တို့၏ ချုပ်ရာ ချုပ်ကြောင်းအကျင့် ကျင့်နေကြတာဘဲလို့ ကိုယ့်ကိုယ်ကိုလဲ ဆုံးဖြတ်ချက်ချပါ .... (မှန်လှပါဘုရား)။ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

**အေး ဒါ့ကြောင့် ဒကာဒကာမတွေ အလုပ်လုပ်နေတဲ့ အလုပ်သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် တကယ့်ရဟန္တာဖြစ်တဲ့ အလုပ်။**

**တကယ့်သောတာပန် သကဒါဂါမ် အနာဂါမ်ဖြစ်တဲ့အလုပ် ဖြစ်ပြီးသကာလ နေသောကြောင့် ဩော်.... ဒုက္ခသိမ်းချင်ိမ်းတဲ့ အလုပ်ဟာ တွေ့မဂ္ဂင်ရှစ်ပါးပွားများနေတဲ့ ရုပ်နာမ်ဖြစ်ပျက်ပေါ် မှာ ပွားများနေတဲ့ အလုပ်ပါလားလို့ ဆိုပြီး ယုံယုံကြည်ကြည်နဲ့ ကြိုးကြိုးစားစားလုပ်ပါ....** (မှန်လှပါဘုရား)။

ယုံယုံကြည်ကြည်နဲ့ ကြိုးစားလုပ်ပြီဆိုမှဖြင့် ဒီလမ်းပေါ် ရောက်နေတယ်ဆိုကာက သေချာနေတာ ဒီမြို့ဟာဖြည်းဖြည်းနဲ့ မြန်မြန်ပဲ ဒကာသိုက် ရောက်ရမှာပဲ။

အဲဒီတော့ ကာမှသံသယမရှိနဲ့။ မဂ္ဂင်အလုပ်နဲ့သာ ပွား များ ပြီး သွားကြပေတော့ဆိုကာဖြင့် ခင်ဗျားတို့ လမ်းပေါ်တင်ပေး ထားပေါ့၊ ဆရာတုန်းကြီးက။ လမ်းပေါ် တင်ပေးထားတော့ ကိုတဲ့ ဒီလမ်ကိုပြဲဘဲ့သူ **ဟောဒီ လမ်းပေါ်ရောက်အောင် ဆရာတုန်းကြီးက တင်ထားတော့ ဒကာဒကာမတွေက ဒီလမ်း**

http://www.dhammadownload.com



ဖြေနေတာလား ဉာဏ်ဖြေ - ဖြေနေတာလား ဆိုတာ သူမဝေ ဖန်နိုင်ဘူး.... (မှန်လှပါဘုရား)။

မဝေဖန်နိုင်ပေမဲ့ ဆက်မေးအုန်းမှပဲ ဒါမှပိုမိုရှင်းမယ်ဆိုပြီး သကာလ ဆက်မေးလိုက်တယ်။ ကိုထွန်းအောင်ရှဲ။

ဆက်မေးလိုက်တဲ့အခါကျတော့ ခုနတုံးက ပြောခဲ့တဲ့စကား ထဲမှာ ပဥ္စုပါဒါနက္ခန္ဓာ ဆိုတဲ့ ဥပါဒါနက္ခန္ဓာ ဆိုတာသည် သက္ကာယလို့ ရှင်ဓမ္မဒိန္နာက ဖြေခဲ့တော့ ဥပါဒါန်နဲ့ ခန္ဓာဟာ တစ်ခြားစီလား၊ သို့မဟုတ်အတူတူပဲလား မေးလိုက်တယ်။

ဥပါဒါန်နဲ့ ခန္ဓာဟာပေါ့ဗျာ....(မှန်ပါ့ဘုရား)။နဂိုကစာလို ရေးထားတာ ဥပါဒါန်နက္ခန္ဓာတွေ ရေးထားတယ် အခုခွဲပြီး သူကမေးလိုက်တယ်။

ဥပါဒါန်ဆိုတဲ့တရားနဲ့ ခန္ဓာဆိုတဲ့တရားသည် အတူတူပဲလား ဓမ္မဒိန္နာ (သို့မဟုတ်) တစ်ခြားစီပဲလား။

ဟာ - ဒီလိုပါ ဒီလိုပါ၊ ဓမ္မဒိန္နာကဖြေလိုက်တယ်၊ ဥပါဒါန် ဆိုတာက ကာမုပါဒါန်ဒိဋ္ဌုပါဒါန်သီလဗ္ဗတုပါဒါန်အတ္တဝါ ဒုပါဒါန် ဆိုတော့ ဥပါဒါန်က လေးမျိုးရှိတယ်။

ခန္ဓာက ခန္ဓာငါးပါး လောကီ ခန္ဓာငါးပါး ရှိပါတယ် အဲဒီတော့ သူတို့ဟာ တစ်ခြားစီလို့လဲ ဖြေလို့မရဘူး အတူတူ ဆို့လဲမဟုတ်ဘူး။

ဒီခန္ဓာငါးပါးကို ဥပါဒါန်ဆိုတဲ့ တရားနဲ့ နှစ်သက် ပြီး သကာလ နေခဲ့လို့ရှိရင်ဖြင့် ဒါဥပါဒါန်နက္ခန္ဓာဖြစ်တာဘဲ .... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



မနှစ်သက်ခဲ့လို့ ရှိရင်ဖြင့် ဥပါဒါနက္ခန္ဓာ မဖြစ်ဘူး၊ ဒီလို ဖြေလိုက်တယ်။ တယ်ထူးခြားပါလား။

တယ်ထူးခြားပါလားဆိုတာ ဒကာ ဒကာမတွေ ဘုန်းကြီး ရှင်းပြမယ်။

ကိုယ့်ခန္ဓာ မိမိ ခန္ဓာကြီးကို နဂိုကခြင်ကိုက်လဲ မခံနိုင်၊ အညောင်းအညာလဲမခံနိုင်၊ ဝေဒနာတွေပေါ်လာလဲ သည်းမခံ နိုင် ကိုယ့်ခန္ဓာဖြင့် ခလုတ်မထိ ဆူးမငြိပါစေနဲ့ဆိုတာ ပရိတ်တွေ မေတ္တာတွေတဲ့တောင် ထားပြီး သကာလ သူ့ကိုဒီလောက် ခင်ပါတယ်၊ သူ့အပေါ်မှာဒီလောက်ပဲ ခင်ပါတယ်။

ခန္ဓာငါးပါး အပေါ်မှာ ခင်တာတော့ဖြင့် ပြောစရာမရှိ လောက်ပါဘူး။ ဟုတ်ဖူးလားဗျာ.... (မှန်ပါ့ဘုရား)။

အမွေးတစ်ပင်အကျွတ်တောင်မခံနိုင်ဘူးဆိုတဲ့ အမိပ္ပာယ်မျိုး တောင်မှ တစ်ခါတစ်ခါ သုံးလိုက်သေးတယ်။

ကိုယ့်ခန္ဓာငါးပါး ကိုယ်မခင်ဘူးလားဗျာ .... (ခင်ပါတယ် ဘုရား)။

အဲဒီ ခန္ဓာငါးပါးကို ခင်တဲ့ ဥစ္စာကတော့ တဏှာ၊ အဲဒီ တဏှာကြီးရင့်လာတဲ့အခါကျတော့ ဥပါဒါန်ဖြစ်တယ်။

အဲတော့ခန္ဓာငါးပါး ဝိပဿနာရှုပြီးသကာလ နေတဲ့ပုဂ္ဂိုလ် ကျတော့ ဒီခန္ဓာကြီးဟာ အနိစ္စခန္ဓာကြီး/ ငြီးငွေ့စရာခန္ဓာကြီး ဒုက္ခသစ္စာခန္ဓာကြီး။

သူသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် ဒုက္ခကိုသာ ပေးပြီးနေတဲ့ ခန္ဓာကြီး ဖြစ်နေလေသောကြောင့် သူ့အပေါ်မှာ ခင်စရာ မင်စရာ တစ်ကွက်တစ်စက်မှ မရှိဘူးဆိုတဲ့ ဉာဏ်ပေါ်လာတဲ့

http://www.dhammadownload.com



အခါကျလို့ ရှိချင်ဖြင့်တဲ့ ဒကာ ဒကာမတို့ ဥပါဒါနက္ခန္ဓာ မဟုတ်တော့ဘူး။

ဒီခန္ဓာကြီး ဘယ်တော့ချရပါမတုံး ဘယ်တော့စွန့်ရပါမတုံး ဆိုပြီးသကာလ သူ့စိတ်ထဲမှာ ခန္ဓာစွန့်ချင်တဲ့ သဘောပါတဲ့ ခန္ဓာခင်တဲ့သဘောနည်းနည်းပါသေးရဲ့လား .... (မပါပါဘူး ဘုရား)။

အဲဒီကဲ့သို့ ခန္ဓာပေါ်မှာခင်တဲ့ ဆန္ဒမရှိလို့ ရှိရင်ဖြစ်တဲ့ ဥပါဒါနက္ခန္ဓာ မဟုတ်တော့ဘူး.... (မှန်ပါဘုရား)။

ခင်တဲ့ဥပါဒါန် ရှိနေသေးလို့ စွဲလန်းတဲ့ ဥပါဒါန် ရှိနေသေးရင် ဖြင့် ဒါ ဥပါဒါနက္ခန္ဓာလို့ ဆိုရမှာဘဲ .... (မှန်ပါ ဘုရား) သဘောကျပြီလား.... (ကျပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ ဒကာဒကာမတို့ အလုပ်လုပ်နေတဲ့ အခါကျတော့ ပဌမရှေးဦးစွာ၊ ဖြစ်ပျက်မြင်အောင် ကြိုးစား ပါလို့ ဆရာဘုန်းကြီးက ဝေဒနာတွေတွေ့၊ ဝေဒနာတွေ့ပြီး ဖြစ်ပျက်မြင်အောင် ကြိုးစားပါဆိုပြီး သကာလ ခိုင်းထားတယ် .... (မှန်ပါဘုရား)။

ထိုကဲ့သို့ ခိုင်းတာသည် တခြားကြောင့် ခိုင်းတာမဟုတ် ဘူးတဲ့၊ ကိုယ့်ခန္ဓာမဟုတ်ကြောင်း ကောင်းကောင်း သိအောင် လို့။

ခင်တဲ့စိတ်သည် စွဲလန်းတဲ့စိတ်သည် ပျက်ပြယ် သွားအောင် လို့ ဟောလိုက်ခြင်းဖြစ်တယ် .... (မှန်လှပါဘုရား) သဘောကျ ပြီလား .... (ကျပါပြီဘုရား)။

http://www.dhammadownload.com



အဲဒါကြောင့် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်း အစစ်ကို ရှာချင်ကြလို့ ရှိရင်ဖြင့် ဒီခန္ဓာပေါ်မှာ ခင်မှု စွဲလန်းမှု သေရင် ရောက်တော့သာပဲလို့သာ ဆုံးဖြတ်ချက်ချ.... (မှန်ပါ့ဘုရား)။

ဒီ ခန္ဓာပေါ်၌ ခင်မှု စွဲလမ်းမှု ချုပ် ငြိမ်း သွား လို့ ရှိရင် ဘာတုံး .... (နိဗ္ဗာန်ရောက်တာပါဘုရား)။

နိဗ္ဗာန်ရောက်တာပဲ၊ ခန္ဓာရှိနေလဲ ရောက်တာပဲ၊ ခန္ဓာမရှိလဲ ရောက်တာပဲ၊ သဘောကျပြီလား .... (သဘောကျပါပြီဘုရား)

ဒုက္ခခပ်သိမ်း ကင်းငြိမ်းတဲ့ နိဗ္ဗာန် ဘစ်ထော်င့် ငါး ရာ ကိလေသာတို့၏ ချုပ်ရာ ငြိမ်းရာ သိမ်းရာဖြစ်တဲ့ နိဗ္ဗာန်။

အဲဒါသည်ကားဆိုရင် ဒကာဒကာမတို့ ဒီ ခန္ဓာခင်တဲ့ပုဂ္ဂိုလ် စွဲလန်းနေတဲ့ ပုဂ္ဂိုလ် မရောက်ဘူး။

ခန္ဓာ မခင်တော့ပါဘူး၊ မစွဲလန်းတော့ပါဘူး ဆိုတာဖြင့် ဒကာသိုက် ကောန်ရောက်၊ တကာယ်ရောက်.... (မှန်လှပါဘုရား)။

ဘာမှ သံသယမရှိနဲ့။ အဲဒီတော့ ဒကာဒကာမတွေ ဘုန်းကြီးက သင်ထားတယ် ပွားများကြစမ်းပါ၊ ခန္ဓာအဖြစ်အပျက် ပွားများကြစမ်းပါဆိုတာ အော်.... ဥပါဒါနက္ခန္ဓာ မဖြစ်အောင် လုပ်နေတာကိုး။

စွဲလန်းတဲ့ ခန္ဓာမဖြစ်အောင်လို့ ဘုန်းကြီးက မဂ္ဂင်နဲ့ ပွား များပါလို့ ခိုင်းနေတာကိုး ဆိုတာကိုလဲ ယနေ့ရှင်းရှင်းလင်း လင်းမှတ်ပါ.... (မှန်လှပါဘုရား)။

ပွားများပါ ပွားများပါ ဆိုတာသည် ဒကာ ဒကာမတွေ ရိပ်မိပြီလား .... (ရိပ်မိပါပြီဘုရား)။

http://www.dhammadownload.com



ဘယ်အကျိုးငှာပါလိမ့်ဗျာ.... (ခန္ဓာကို မစွဲလန်းအောင်လို့ ပါဘုရား) ခန္ဓာကိုယ်စွဲလန်းတာက ဥပါဒါနက္ခန္ဓာ။

အဲဒီမယ် စွဲလန်းမှုကြီး အကုန်ချုပ်ငြိမ်း ရုပ်သိမ်းအောင်လို့ စွဲလန်းစရာမရှိတဲ့ ဥစ္စာကိုစွဲလန်းပြီးသကာလ နေသောကြောင့် မစွဲလန်းရအောင်လို့ ဉာဏ်သွင်း ပေးလိုက်တာ ... (မှန်လှပါ ဘုရား)။

ဉာဏ်သွင်း ပေးလိုက်တဲ့ အခါကျတော့ စွဲလန်းတဲ့ တဏှာ ဥပါဒါန်ကချုပ်တယ် .... (ချုပ်ပါတယ်ဘုရား)။

ချုပ်တဲ့ အခါကျတော့ကိုတဲ့ ခန္ဓာကြီး ရှိပြီးသကာလ နေငြားသော်လည်း ကျုပ်တို့ခန္ဓာကို စွဲလန်းတဲ့ တဏှာဥပါဒါန် ချုပ်တဲ့အတွက် သဥပါဒိသေသ နိဗ္ဗာန်ဆိုတာ ရောက်ပါတယ်။

ဘုရားဗောဓိပင်နဲ့ ရွှေပလ္လင်ပေါ်မှာ ငါနိဗ္ဗာန်ရောက်တယ် နိဗ္ဗာန်ရတယ်ပြောတာ ခန္ဓာရှိသားပဲ... (မှန်ပါဘုရား)။

သို့သော် ဒီခန္ဓာ သူမစွဲလန်းဘူး စွဲလန်းသေးရဲ့လား .... (မစွဲလန်းပါဘူးဘုရား)။

မစွဲလန်းတဲ့အတွက် နိဗ္ဗာန်ရောက်နေတာပဲ၊ အာရုံဟူသော အားဖြင့် မြင်နေတာပဲဆိုတာ အားလုံး ဒကာ ဒကာမတွေက ဆုံးဖြတ်ချက်ချလိုက် .... (မှန်လှပါဘုရား)။ ရှင်းပြီလား .... (ရှင်းပါပြီဘုရား)။

ကိုင်း ဒါဖြင့် ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာ စွဲလန်းရင်ဖြင့်ဥပါဒါန် နက္ခန္ဓာဖြစ်မှာပဲ။ မစွဲလန်းရင်.... (ဥပါဒါ နက္ခန္ဓာ မဖြစ်ပါဘူး ဘုရား)။

http://www.dhammadownload.com



အေး ဒါကြောင့် ဥပါဒါနိန့် ခန္ဓာနဲ့ဟာ တခြားစီလား အတူတူပဲလားဆိုတော့ တခြားစီလဲ မဟုတ်ဘူး၊ အတူတူလဲ မဟုတ်ဘူး။

စွဲလန်းလို့ ရှိရင်ဖြင့် ခန္ဓာနဲ့ ဥပါဒါနိန့် သည်ကားလို့ ဆိုလို့ ရှိရင် ခန္ဓာကအာရုံ၊ စွဲလန်းတဲ့ဥပါဒါနိက အာရမ္မဏိက ဖြစ်နေတာပဲတဲ့.... (မှန်လှပါဘုရား)။

နောက် ဝိပဿနာဉာဏ်တွေ မဂ်ဉာဏ်တွေနဲ့ ဖြတ်တောက်ချလိုက်တဲ့အခါကျတော့ စွဲလန်းတဲ့ တဏှာသေတဲ့အခါကျတော့ ဥပါဒါနိန့်ကွခန္ဓာ မဖြစ်တော့ဘူး....(မှန်လှပါဘုရား)အနုပါဒါနက္ခန္ဓာ ဖြစ်တော့တယ်။ သဘောကျပြီလား — (ကျပါပြီဘုရား)။

ဒါဖြင့် ဒဏာ ဒကာမတွေ အားထုတ်တဲ့ အခါကျတော့ တို့ ဘယ်အခြေအနေရောက်မှ ကိစ္စပြီးမှာဘာလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ အားထုတ်စဉ်အတိုင်း အားထုတ်လို့၊ ခန္ဓာအပေါ်မှာဘာမှ မငဲ့မတွယ်ဘဲနဲ့ အင်း....သက်သက် ဒုက္ခသစ္စာနှိပ်စက်တဲ့ ခန္ဓာကြီးပဲ၊ မင်းဖြင့် ခင်တွယ်နေလို့ အပိုပဲဆိုတဲ့ မဂ်ဉာဏ်တွေဝင်လာလို့ ရှိရင် ဒါ ခန္ဓာပင်ရှိသော်လဲ၊ ဥပါဒါနက္ခန္ဓာမဟုတ်တော့ဘူး.... (မဟုတ်တော့ပါဘူးဘုရား)။

စွဲလန်းတဲ့ခန္ဓာမဟုတ်ဘူး၊ မစွဲလန်းတဲ့ခန္ဓာ... (မှန်လှပါဘုရား)။

ထုံးစံရထားတဲ့ ခန္ဓာသာဖြစ်တော့တယ် သူ့အတွက်ကြောင့်ကြစိုက်ဖို့ခန္ဓာမဟုတ်တော့ဘူး....(မဟုတ်ပါဘူးဘုရား)။

သူ့အတွက်စိုးရိမ်ဗျာပါဒ ကပ်တဲ့ခန္ဓာရော.... (မဟုတ်တော့ပါဘူးဘုရား)။

http://www.dhammadownload.com



အဲဒီလိုဖြစ်အောင်လို့ ဒကာသိုက်တို့နဲ့တကွ ကိုထွန်းအောင်တို့က ဒီခန္ဓာ ရှိပင်ရှိငြားသော်လည်း မစွဲလန်းပဲ ထကာ ဉပါဒါန် ချုပ်သွားမယ်ဆိုရင် ဒါ ခန္ဓာ ရှိငြားသော်လည်း ဒီပုဂ္ဂိုလ် နိဗ္ဗာန်မျက်မှောက်ပြုနေတာ .... (မှန်လှပါဘုရား)။

နိဗ္ဗာန်ရတာပဲ။ ခန္ဓာရှိရက်နဲ့ရနေတဲ့ နိဗ္ဗာန် အဲဒီလိုဆုံးဖြတ်ချက်ချလိုက်စမ်းပါ.... (မှန်လှပါဘုရား)။

ကောင်းပြီ .... ဒါဖြင့် – ဉပါဒါနက္ခန္ဓာ ရှင်းပြီနော် .... (ရှင်းပါပြီဘုရား)။

ဒါပေမဲ့ အင်း ဆုံးဖြတ်ချက်တော့ သူကောင်းကောင်းတော့ မချသေးဘူး။

ဝိသာခက သူ့ခင်ပွန်းမဟာလူထွက်ချင်လို့ ပြန်လာသလား သူမေးတာတွေကဖြင့် မေးတဲ့အတိုင်း ဖြေလိုက်တာ တွေကဖြင့် တကယ်ပဲ။

ပညာရှိ သဘော အရိယာ သဘော သက်ရောက်နေပြီ။ သို့သော်လည်း မေးတဲ့လက်စနဲ့ပဲ ဆက်လက်မေးအုံးမယ်။

အကုန်အစင် သိရအောင်ဆိုပြီး ရှင်မမွဒိန္နာ သက္ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဆိုတာကို ရှင်းပြစမ်းပါ.... (မှန်လှပါဘုရား)။

သက္ကာယဒိဋ္ဌိ သက္ကာယ ဒိဋ္ဌိဆိုတာ တခြား မဟုတ်ပါဘူး ဒကာကြီးရာ။

<u>သက္ကာယဒိဋ္ဌိဆိုတဲ့ဉစ္စာက ရုပ်ကိုငါထင်၊ ဝေဒနာကိုငါထင်၊ သညာကိုငါထင်၊သင်္ခါရဆိုတဲ့စေတနာတွေငါထင်၊စိတ်ကိုငါထင်</u>

အဲဒီလို ကြားဘူးနားဝမရှိ အရိယာတို့ကို မှီဝဲဆည်းကပ်တဲ့ ပုဂ္ဂိုလ်လဲမဟုတ် ဆရာသမား ကောင်းဆီမှာလဲ သုတမယနဲ့

http://www.dhammadownload.com



ကြားဘူးနားဝလဲ မရှိတဲ့ ပုဂ္ဂိုလ်ဟာ တော့ ရုပ်ဟာငါပဲ။ ဝေဒနာဟာငါပဲ သညာကော .... (ငါပါဘုရား)။

ငါမှတ်ထားတာ။ ငါစားသောက်တယ်။ ငါ့ခန္ဓာ အဲဒီကဲ့သို့တဲ့ ငါ့စိတ် ဆိုပြီးသကာလ ရုပ်ကိုငါ၊ ဝေဒနာငါ၊ သညာငါ၊ သင်္ခါရကိုငါ၊ ဝိညာဉ်ကိုငါ၊ စွဲလို့ရှိရင်ဖြင့် အဲဒါ သက္ကာယဒိဋ္ဌိပါပဲ.... (မှန်လှပါဘုရား)။

<u>သက္ကာယဒိဋ္ဌိဆိုတာ ခန္ဓာငါးပါး ငါထင်လို့ရှိရင်</u>(သက္ကာယဒိဋ္ဌိပါဘုရား)

ခန္ဓာငါးပါး ငါထင်တဲ့ ဒကာဒကာမတွေ မှန်လို့ရှိရင်ဖြင့် ဒါ သက္ကာယဒိဋ္ဌိ ဆုံးဖြတ်ချက်ချ .... (မှန်လှပါဘုရား)။

အဲတော့ ဒီ သက္ကာယဒိဋ္ဌိဟာ ဘာတုံးလို့မေးတဲ့အခါကျလို့ရှိရင် ရုပ်ကိုငါထင်တယ် ဆိုလို့ရှိရင်ဖြင့် ဒကာ ဒကာမတွေ နဂိုကလဲဟောပြီးသား ဖြစ်ပြီးသကာလနေတော့ ရုပ်နဲ့ ငါနဲ့ဟာ တသားတည်းမနေဘူးလား .... (နေပါတယ်ဘုရား)။

ရုပ်ဟာငါပဲ၊ ရုပ်သည်ပင်လျှင် ငါပဲ။ ဝေဒနာသည်ပင်လျှင်.... (ငါပါဘုရား)။

သညာသည်ပင်လျှင် ........... (ငါပါဘုရား)။
သင်္ခါရသည်ပင်လျှင် ........... (ငါပါဘုရား)။
စိတ်သည်ပင်လျှင် ........... (ငါပါဘုရား)။

အကုန် ငါလုပ်ထားတယ်။

အဲဒီလို ငါလုပ်ထားလို့ရှိရင်ဖြင့် ဒကာဒကာမတွေ ဓမ္မဒိန္နာ ဝိသာခ အမေးထဲမှာ ဘုန်းကြီးကဖြည့်စွက်ပြီး ထည့်ရလို့ရှိရင်

http://www.dhammadownload.com



အဲဒါ သည်ကားလို့ဆိုရင်ဖြင့် ဥစ္ဆေဒဒိဋ္ဌိ၊ ရုပ်ကိုငါထင်။ ဝေဒနာငါထင်၊ သညာငါထင်၊ သင်္ခါရငါထင်၊ ဝိညာဉ် ငါထင် ဘာတဲ့ (သက္ကာယဒိဋ္ဌိပါဘုရား)။

အေး သက္ကာယဒိဋ္ဌိတော့ သက္ကာယ ဒိဋ္ဌိပဲ သက္ကာယ ဒိဋ္ဌိထဲမှာမှ သက္ကာယဒိဋ္ဌိက ကျေးဇူး ပြုလိုက်တဲ့အတွက် ဥစ္ဆေဒဒိဋ္ဌိ ကျအောင်ဖြစ်သွားတယ်။

ဘယ့်နှယ်ကြောင့် ဥစ္ဆေဒဒိဋ္ဌိဖက် ကူးဆက်သွားရသတုံးလို့ ဒကာသိုက်က မေးခွန်းထုတ်လို့ရှိရင်ဖြင့် ရုပ်သေရင်ငါပျောက်သွားတယ် .... (မှန်လှပါဘုရား)။

သဘာဝဟာအကုန်ပျောက်သွားတဲ့ အဓိပ္ပါယ်မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

နောက် ဘာဖြစ်သေးတယ်ဆိုတဲ့ အဓိပ္ပာယ်လာသေးလား.... (မလာပါဘူး ဘုရား)။

အဲဒါကြောင့် ပြတ်သွားတဲ့သဘော ယူလိုက်သောကြောင့် သူ ဥစ္ဆေဒဒိဋ္ဌိ .... (မှန်လှပါဘုရား)။

ဒါ့ကြောင့် ဥပမာအရင်တုံးက ဟောခဲ့ပါတယ် ဒကာ ဒကာမတွေ မီးနဲ့အရောင် မကွဲတဲ့ ပုဂ္ဂိုလ်ဖြစ်နေတယ်။

မီးသေရင် အရောင်ချုပ်တာပဲဆိုတော့ မီးကပူတာ အရောင်ကလင်းတာမဟုတ်လား၊ ဒကာဒကာမတို့....(မှန်လှပါဘုရား)။

အဲဒါတို့က တသားထဲယူထားတယ်။ မီးနဲ့အရောင် အတူတူပဲလို့ ယူထားတယ်။ ဘာကြောင့် ယူသတုံးဆိုတော့ မီးသေရင် အရောင်သေတာပဲ။

ဒါကြောင့် မီးသေရင် အရောင်သေတာပဲ ဆိုလို့ရှိရင်ဖြင့်

http://www.dhammadownload.com



ရုပ်သေရင် ငါသေတာပဲ ယူလိုက်တယ် .... (မှန်လှပါဘုရား)။ သဘောကျပြီလား .... (ကျပါပြီးဘုရား)။

အဲဒီကဲ့သို့ ယူလိုက်တော့ ဘာဒိဋ္ဌိထဲ သက်ဝင်သွားတုံး — (ဥစ္ဆေဒဒိဋ္ဌိထဲ ဝင်သွားပါတယ်ဘုရား)။

ဥစ္ဆေဒဒိဋ္ဌိထဲသက် ဝင်သွားပြီဘဲ၊ ဒါက ဒကာဒကာမတွေ နားလည်မှုအတွက် တရားထည့်ပေးခြင်းဖြစ်တယ်.... (မှန်လှပါဘုရား)။

ကောင်းပြီ။ ဒါဖြင့် ရုပ်ကို ငါထင်ရင် သက္ကာယဒိဋ္ဌိပဲ၊ ဒီသက္ကာယဒိဋ္ဌိဟာ ဥစ္ဆေဒဒိဋ္ဌိနဲ့ အတူတူပဲ။ ဒကာသိုက်-ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

ဒီ သက္ကာယဒိဋ္ဌိဟာ ဘာပါလိမ့်မျာ — (ဥစ္ဆေဒဒိဋ္ဌိနဲ့အတူတူပါပဲ ဘုရား)။

(ဥစ္ဆေဒဒိဋ္ဌိနဲ့ အတူတူပါပဲဘုရား)။

ရုပ် အတ္တတော သမနုပဿတိ ရုပဝန္တံ ဝါ အတ္တာနံ ဆိုတဲ့ ဥစ္စာကလဲရှိ သေးတယ် ဘယ်လိုရှိသတုံးဆိုတော့ဝေဒနာနဲ့ပဲသွားကြစို့။

ဝေဒနာ ငါထင်တယ်။ သက္ကာယဒိဋ္ဌိနော် ဝေဒနာနဲ့ ငါနဲ့ သည်ကားလို့ ဆိုရင် ရောနေလို့ ရှိရင်ဖြင့် ဝေဒနာသဲ ချုပ်ရော ငါလဲ သေတာပဲ ဆိုလို့ ရှိရင်ဖြင့် ဥစ္ဆေဒဒိဋ္ဌိပဲ သေရှာပြေးတော့တာပဲ၊ ပြေးဘူးလား .... (ပြေးပါတယ်ဘုရား)။

အေး ဒါကြောင့် ဒကာဒကာမတွေ ဘုန်းကြီးတို့က သင်ထားတော့ဝေဒနာဟာရှုတဲ့ဒကာဒကာမတွေတော့ဝေဒနာဟာ သုခ ဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာ ဝေဒနာလို့ ဝေဒနာ

http://www.dhammadownload.com



သုံးမျိုးရှိတဲ့ အနက်က ဒကာဒကာမတွေ ဉာဏ်နဲ့တည့်ပြီးသကာလ ပေးလိုက်ပြီဆိုမှဖြင့် ဉာဏ်နဲ့တည့်အောင် ဒါ ဝေဒနာနဲ့ တည့်လိုက်ပြီးဆိုမှဖြင့် ဖျတ်ခနဲ ပျက်ပျက်သွားတာ မြင်လိုက်တယ် .... (မြင်ပါတယ်ဘုရား)။

မြင်လိုက်ဘူးလားဗျာ .... (မြင်ပါတယ်ဘုရား)

အဲဒါ ငါမပိုင် ငါမဆိုင်လို့ ပျက်တာ၊ မသေချာဘူးလား (သေချာပါတယ်ဘုရား)။

အဲတော့ ဝေဒနာကို ငါလို့ယူသေးရဲ့လား ....(မယူပါဘူးဘုရား)။ မယူတော့ဘူး၊ အနတ္တလို့ယူလိုက်တယ်။

အနိစ္စ ဒုက္ခ အနတ္တလို့ယူလိုက်တယ် ဒကာသိုက်ရေ။

အဲဒီလို ဘုန်းကြီးတို့ ဒကာဒကာမတွေကြတော့ ဒီကဲ့သို့ ဉာဏ်တွေ ဆရာဘုန်းကြီးက ပေးထားတဲ့ အခါကြတော့ သက္ကာယဒိဋ္ဌိ ဖြစ်သေးရဲ့လား .... (မဖြစ်ပါဘူးဘုရား)။

ဥစ္ဆေဒဒိဋ္ဌိရော ဖြစ်သေးရဲ့လား.... (မဖြစ်ပါဘူးဘုရား)။ ဒိဋ္ဌိစင်သွားတယ်။

ဒါကြောင့် ဖြစ်ပျက်ရှုတဲ့ ဒကာ ဒကာမတွေ ကျတော့ ဝေဒနာဖြစ်ပျက်ရှုတဲ့ ဒကာဒကာမတွေကျတော့ တခါတည်း ဖြစ်ပျက် ရှေ့နားတင်ဖြစ် ရှေ့နားတင် ပျက်သွားတာမြင်လိုက်တော့ ဝေဒနာသည်ငါမပိုင် ငါမဆိုင်တဲ့၊အစိုးမရတဲ့ ရှင်းမသွားဘူးလား.... (ရှင်းပါတယ် ဘုရား)။

ဝေဒနာ ငါလို့ဆိုလို့ ရသေးလား.... (မရပါဘုရား)။

အေး အရင်တုံးကတော့ ငါနာတယ် ငါကောင်းတယ် ငါအလတ်စားရှိတယ်လို့ ဝေဒနာ ငါ ငါထင်နေလိုက်သေး။

အခုတော့ ရှုလိုက်တဲ့အချိန်ကျတော့ ဒကာသိုက်ရေ ပျက်

http://www.dhammadownload.com



ပျက်သွားတာတွေ ပျောက်ပျောက် သွားတာတွေ မမြင်ရလား
ဗျာ.... (မြင်ရပါတယ်ဘုရား)။

အဲဒါကြောင့် ကျုပ်တို့မှာ ဒီလိုပျက်ပျောက်သွားတာမြင်တဲ့
ဒကာဒကာမ မှန်လို့ရှိရင်ဖြင့် သက္ကာယဒိဋ္ဌိကပြုတ်နေပြီ ....
(မှန်လှပါဘုရား)။

ဩော်.... ဒါ ငါမဟုတ်ဘူး အတ္တ မဟုတ်ဘူး အနတ္တပါလား
ဆိုတဲ့ ဉာဏ်ကမ မပြောဘဲနဲ့ပြီးပြီ.... မှန်ပါဘုရား)။

အနတ္တလို့ မပြောရပါဘူး။ ရှေ့တင်ပျောက်တာ မြင်လိုက်
တာ မပိုင်မဆိုင်လို့ ပျောက်တာပဲဆိုတာ ခင်ဗျားတို့သိပြီးသား
ဖြစ်ပါလိမ့်မယ်။

အဲတော့ မပိုင်မဆိုင်တာ ဘာခေါ်ကြပါလိမ့်....(အနတ္တပါ
ဘုရား)။

ဩော် .... ဒါဖြင့် ဝေဒနာဟာ အတ္တလား အနတ္တလား
မေးရင် ဘယ့်ဖြေကြမယ်.... (အနတ္တပါဘုရား)။

အေး ကျုပ်တို့ ဒကာဒကာမတွေကတော့ ဝိပဿနာရှုနေတဲ့၊
ဒကာဒကာမတွေကတော့ သက္ကာယဒိဋ္ဌိပြုတ်ပြီးသကာလ ဉာဏ်
ထဲမှာ ရှုခိုက်မှာတခါတည်း ပြုတ်နေတာပဲ။

ကိုင်း သက္ကာယဒိဋ္ဌိ ပြုတ်တော့ ခုနက ဥစ္ဆေဒဒိဋ္ဌိတွေ
သဿတတွေ လာသေးလား .... (မလာပါဘူးဘုရား)။

အင်း ဒါဖြင့် ဒိဋ္ဌိရှိမှ အပါယ်သွားရတာ ဒကာသိုက်ရေ။
ဒိဋ္ဌိမရှိတော့.... (အပါယ်မသွားရပါဘူး ဘုရား)။

ဒါကြောင့် ခင်ဗျားတို့ရှုနေရင်း မတ်တတ်နဲ့သာသေစမ်းပါ။
သေတာပန်မတည်ဘဲနဲ့ဘဲ ရှိပါစေတော့။ အပါယ်တော့ စိတ်
ချရပါတယ်။ အပါယ်တော့ လုံးဝမရောက်ဘူး။

http://www.dhammadownload.com



ရှုနေရင်း မတ်တတ်နဲ့သာ ဩော် ဒီဥစ္စာသည်ကား လို့ဆိုရင်ဖြင့် ဥပမာ မမာနေတယ်။ မမာနေတယ်ဆိုတော့ ဒုက္ခဝေဒနာပဲ။

အဲဒီ ဒုက္ခဝေဒနာလေးဉာဏ်နဲ့ကြည့် ကြည့်ကြည့်ပြီး အနတ္တဆိုတာ ဩော် ခဏခဏအနာတွေက လျော့လိုက် တိုးလာလိုက်အင်း လျော့လိုက် တိုးလာလိုက်ဆိုတာ အနာလေးပျက်ပြီး သကာလ အနာကြီးပေါ်ပေါက်တာ — (မှန်လှပါဘုရား)။

အနာကြီး ပျက်သွားပြန်တော့ အနာလေး လှည့်လာပြန်ဟုတ်ဖူးလား။

အဲဒီလိုဝေဒနာလေးတွေဒုက္ခဝေဒနာလေးတွေဟာပျက်လိုက် အစားထိုးလိုက် ပျက်လိုက် အစားထိုးလိုက်။ ပျက်လိုက် အစားထိုးလိုက်လို့ ကျုပ်တို့က ပြတ်အောင်ရှုနိုင်တဲ့ ဒကာဒကာမ ဖြစ်ခဲ့လို့ရှိရင်ဖြင့်တဲ့ ရှုရင်းမတ်တတ်နဲ့သက္ကာယဒိဋ္ဌိက ပြုတ်နေတယ်။

ပြုတ်နေတဲ့အတွက် ဒီဝေဒနာနဲ့ပဲ စုတေစိတ် ကျသွားအုံးတော့ သုဂတိသေချာတယ်။ အပါယ်ဒုဂ္ဂတိတော့ မရောက်ဘူး။

ဒါ စူဠသောတာပန် ဟောလိုက်တာ။ ရိပ်မိကြပြီလား.... (ရိပ်မိပါပြီဘုရား)။

ဩော် .... ဒါဖြင့် တို့ရှုနေတဲ့ အလုပ်ဟာသည်ကားလို့ဆိုလို့ရှိရင်ဖြင့် တယ်လို့ပင် အဖိုးတန်ပါလားဆိုတဲ့ဥစ္စာ ပေါ်မလာဘူးလား... (ပေါ်လာပါတယ်ဘုရား)။ ရှင်းကြပြီလား.... (ရှင်းပါပြီဘုရား)။

အကယ်၍ ဒီဝေဒနာသည် ချုပ်အောင်ငြိမ်းအောင် ရှုနိုင်မယ်ဆိုလို့ရှိရင် သောတာပန်အစစ် ဖြစ်သွားသောကြောင့်လည်း

http://www.dhammadownload.com



သုဂတိ ရောက်သွားကြသော်လည်း သောတာပန်အဖြစ်နဲ့ရောက်တယ်နော်.... (မှန်လှပါဘုရား)။

ခုနတုံးက အဖြစ်ကတော့ ပုထုဇဉ်အဖြစ်နဲ့ ရောက်တယ်။ ပုထုဇဉ်အဖြစ်နဲ့ရောက်လဲ ဒုတိယဘဝ သောတာပန်တည်တာပဲ။

ချုပ်အောင် ငြိမ်းအောင်ရှုကြမယ် ဆိုလို့ရှိရင်လဲ ဒကာ ဒကာမတို့ ဒီဘဝပဲ သောတာပန်တည်ပြီးသကာလ သုဂတိမှာ သွားကြပေတော့.... (မှန်လှပါဘုရား)။

ဟာ ဒီပဲဆက်ပြီး ကိုယ့်အဖြစ်အပျက်နဲ့ကိုယ် ဆက်လုပ်နေအုံးမယ်ဆိုလဲ ရဟန္တာ ဖြစ်သွားကြမှာပဲ၊ ဒကာသိုက်ရေ။ အင်မတန်အဖိုးတန်တယ် — (တန်ပါတယ်ဘုရား)။

ဒါကြောင့် အလုပ်တရားကို ကြိုးစားပါ။ အလုပ်တရားကို ကြိုးစားပါဆိုတဲ့ ဥစ္စာကိုဖြင့် အထူးပဲ နေ့တိုင်း နေ့တိုင်းတိုက်တွန်းရတယ် ... (မှန်လှပါဘုရား)။

ဒါ မတိုက်တွန်းလို့ရှိရင်ဖြင့် ဒကာဒကာမတို့ အပါယ်တံခါးကြီးက နောက်ကပဟာ်းလင်းကြီးပွင့်နေ တုန်းကြီးအတွက်လဲပွင့်လျှက်၊ ဒကာသိုက်တို့အတွက်ရော....(ပွင့်လျှက်ပါဘုရား)။

ပွင့်လျှက်ဖြစ်နေတော့ ဒီဟာကို ပိတ်ချင်တော့ ဖွင့်ဘာကဘယ်ကနေ ဖွင့်သတုံးဆိုတော့ လူ့ပြည်မှာ သက္ကာယဒိဋ္ဌိနေလို့ သက္ကာယဒိဋ္ဌိကဖွင့်ထားတာ။ သဘောကျပြီသား.... (ကျပါပြီဘုရား)။

အပါယ်တံခါးဘယ်သူဖွင့်ထားပါလိမ့် .... (သက္ကာယဒိဋ္ဌိပါဘုရား)။

F. 3

ဒီနှာခေါင်းပေါက်တွေက သူကဖွင့်ထားတာလား။ဟာ မဟုတ်ပါဘူး။

အနံ့တွေပေါ်ပဲလို့ ကျုပ်တို့က ရှူလိုက်တဲ့အခါ ဖျတ်ခနဲ ဖျတ်ခနဲ ပျောက်ပျက် ပျက်သွားလေ မြင်လိုက်ရတော့ ငါမဟုတ်ဘူးဆိုတာ သိသွားတယ်... (မှန်လှပါဘုရား)။

အနံ့ရုပ်တရားဆိုတာ သိသွားတယ်။ ဘယ်နှယ်လုပ်သိတာလဲ ဒီကနေပိတ်တာပဲ။

ဒီကလဲ အနုတ္တမြင် ဟိုအပေါ်တံခါးလဲ ဂျောင်းခနဲပိတ် ကျုပ်တို့အတွေ့ကိုပိတ်။ ရှင်းပြီလား.. (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဖွင့်တာလဲသက္ကာယဒိဋ္ဌိက ဖွင့်တာ။ သက္ကာယဒိဋ္ဌိချုပ်အောင် လုပ်တဲ့ ဒကာဒကာမတွေကျတော့ ဒီကနေပြီး သက္ကာယဒိဋ္ဌိချုပ်တဲ့ ဝိပဿနာဉာဏ် မဂ်ဉာဏ်ကပဲ မပိတ်လိုက်ဘူး.... (ပိတ်လိုက်ပါတယ်ဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ အပါယ်ဖို့ ရိက္ခာစုတယ်၊ ဆိုတာလဲ ဒီကပဲ အပါယ်မသွားချင်လို့ နိဗ္ဗာန်သွားချင်လဲ ဒီကနေစုဟုတ်လား... (မှန်ပါဘုရား)။

သက္ကာယဒိဋ္ဌိတွေ များများစုတဲ့ ဒကာ ဒကာမ ဖြင့် အပါယ်တံခါးပွင့်နေတာပဲ။

သက္ကာယဒိဋ္ဌိ ချုပ်အောင်လုပ်နေတဲ့ ဒကာ ဒကာမတွေဖြင့် အပါယ်တံခါးပိတ်နေတာပဲ။ သဘောကျပြီလား.... (သဘောကျပါပြီဘုရား)။

ဒါကြောင့် တံခါးပိတ်တဲ့ စက်ရုံက ကိုထွန်းအောင်တို့ မှတ်စရာ ဦးလှဦးတို့မှတ်စရာ လူ့ပြည်မှာကိုး.... (မှန်ပါဘုရား)။

http://www.dhammadownload.com



အပါယ် တံခါးဖွင့်တာကလဲ လူ့ပြည်ကဖွင့်တာ။ အပါယ် တံခါးပိတ်တာရော… (လူ့ပြည်ကပါဘုရား)။

လူ့ပြည်ကနေပြီး သကာလ အနဂ္ဂတ္တရူပြီ ပိတ်လိုက်ပဲ လုံသွားတာပဲ။

ဒါဖြင့် ဒကာသိုက် ဘာအားငယ်စရာရှိလဲ… (အားငယ်စရာ မရှိပါဘူးဘုရား)။

ဒါကြောင့် လူ့ပြည်ဆိုတာ ဗဟိဌာနဆိုပြီးသကာလ ဘုရား က နှတ်ပြည်မပွင့်ဘူးဗျ။

အပါယ်တံခါးပိတ်ချင်ရင်လဲ သူ ဒီကနေ ပိတ်ပေးမှာပဲ၊ နိဗ္ဗာန်တံခါး ဖွင့်ပေးချင်ရင်ကော…. (ဒီကနေဖွင့်ပေးမှာပါ ဘုရား)။

ဒီကနေဖွင့်ပေးမှာပဲဆိုတော့ အော်…. လူ့ပြည်မှာဘုရားပွင့် တဲ့အဓိပ္ပာယ်ပဲ ဒီကမှဖွင့်နိုင်တယ်။ ပိတ်နိုင်တယ်ဆိုတဲ့အဓိပ္ပာယ် ရင်းကို သိပြီးသားဖြစ်လေသောကြောင့် ဘုရားက လူ့ပြည်မှာ သာ ပွင့်ရသည်။

နိယာမတရား အမြဲတမ်းပေါ့ဗျာ။ ဘုရားပွင့်ပုံကို မသေချာ ဘူးလား…. (သေချာပါတယ်ဘုရား)။

ဒီကမှ အပါယ်တံခါးပိတ်နိုင်တယ် ဒီကမှ အပါယ်တံခါးကို ဖွင့်နိုင်တယ်။ ပိတ်ချင်လဲ ဒီကပဲ ဖွင့်ချင်ရော (ဒီကပါပဲဘုရား)။

အဲဒါကြောင့် အခု ဆရာကောင်း သမားကောင်းကြုံတဲ့ ဒကာ ဒကာမတွေ ရလာပြီဆိုမှဖြင့် သြော်…တို့သည်ကား လို့ ဆိုလို့ရှိရင်ဖြင့် နဂိုက ဟင်းလင်းကြီးပွင့်နေတာ။

http://www.dhammadownload.com



အခု ဝိပဿနာရှုလိုက်လို့ အနတ္တတစ်လုံး ဝေဒနာအနတ္တတွေမြင်လိုက်လို့ရှိရင်ပဲ ငါပြုတ်ပြီးငါမဟုတ်ဆိုတာရောက်သွားတယ်။

နဂိုက ငါထင်တာကိုး။ အဲဒီငါပြုတ်ပြီး ငါမဟုတ် ပါလား၊ အနတ္တပါလား။

ဤကဲ့သို့ ဉာဏ်ထဲလဲရောက်ပါရော အပါယ်တံခါးကလုံးလုံးပိတ်သွားတာ။ ရိပ်မိပြီလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါကြောင့် ဒကာဒကာမတွေ ကြိုးစားပါ ကြိုးစားပါဆိုတာသည်ကားလို့ဆိုလို့ရှိရင်ဖြင့် တံခါးပွင့်နေတဲ့ ပုဂ္ဂိုလ်ဟာကိုယ့်အတွက်စောင့်နေတယ် ဆိုတာမှတ်.... (မှန်လှပါဘုရား)။

တံခါးပိတ်ပြီဆိုလို့ရှိရင် ဩော် ... သွားစရာအပါယ်မရှိတော့ဘူးဆိုတာမှတ်။

ဒါကြောင့် ဒါတွေကိုတော့ဖြင့် ခုလိုလဲတရားနာ အခုလိုလဲပွားများမှ သိရတယ်။

နို့မို့လို့ရှိရင် ကိုယ်ပြုထားတဲ့ ဒါနတွေ ကိုယ်ဆောက်တည်ထားတဲ့ သီလလေးအားကိုးပြီး တို့ အပါယ်တံခါး ပိတ်နေတယ်ဆိုသက္ကာယက ရှိနေတော့ ဘယ်ကလာပိတ်မှာတုံး ပွင့်လျက်ဟင်းလင်းပေါ့။ ရိပ်မိပြီလား... (ရိပ်မိပါပြီဘုရား)။

မလ္လိကာမိဖုရားကြီး ကြည့်ပါလား လူတမ်းပေးကမ်းတာအသဒိသဒါန ဘယ်သူနဲ့မှမတူတဲ့ အလှူဒါနကြီးပေးပြီး အပါယ်တံခါးတော့ ပွင့်နေပြီး ရောက်သွားရှာတယ်။ မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲတော့ ဒီရောက်ပြီ သဘောလကြည့်လိုက်တော့ ဩော် ....သက္ကာယ ပြုတ်မှသာလျှင် အပါယ်တံခါး ပိတ်ပါလားဆိုတာ

http://www.dhammadownload.com



ယနေ့ ထူးထူးခြားခြား မှတ်ရမှာ။ သဘောကျပြီလား — (ကျပါပြီဘုရား)။

မလ္လိကာနဲ့ ထောက်လိုက်တော့ ဒကာ့သိုက် မသေချာဘူးလား.... (သေချာပါတယ်ဘုရား)။

သူသည် ဒီဒါနနဲ့သာ အပါယ်တံခါးကိုပိတ်နိုင်ပါတယ်ဆိုရင် သူရောက်စရာရှိသေးသလား.... (မရှိပါဘူးဘုရား)။

အေးဒါကြောင့် သူတို့က အကူအညီ အထောက်အပံ့ပေးတဲ့ တရားတွေပဲဆိုတာလဲ ဆုံးဖြတ်ချက်ချရမယ် ဟုတ်လား။

ကိုင်းဒါဖြင့် ဒကာဒကာမတို့ သက္ကာယဒိဋ္ဌိရှိသရွေ့ ကာလ ပတ်လုံးပဲ ရင်အေးပြီး သကာလ မနေလိုက်ပါနဲ့အုံး ဆိုတဲ့ ဥစ္စာဖြင့် ဘုန်းကြီးက ပြောရတာ.... (မှန်လှပါဘုရား)။

ဒါ အနုတ္တကို ကျကျနနပေါက်ပြီး အနုတ္တ ဆုံးသည့်တိုင်အောင် လိုက်ဖြစ်အောင် လိုက်ကြပါဆိုတာ ကိုယ့်တံခါးကိုယ် ပိတ်ပြီးသကာလ ကိုယ်မသွားရအောင်လို့ ကိုယ့်အလုပ်ကိုယ် လပ်တာပါဆိုတာ သေချာသွားပြီ၊ မသေချာဘူးလား .... (သေချာပါတယ်ဘုရား)။

ကိုသွန်းအောင် - ရေ၊ အဖိုးတန်တယ်နော် အဲဒီသက္ကာယ ဒိဋ္ဌိတွေမေးပြီးသကာလ သက္ကာယဒိဋ္ဌိ ဘယ်နှစ်ပါး ရှိပါသတုံး လို့မေးတဲ့အခါ ရုပ်မှာလဲလေးပါး၊ ဝေဒနာမှာလေးပါး၊ သညာမှာလေးပါး၊ သင်္ခါရမှာလေးပါး၊ ဝိညာဉ်မှာလေးပါးဆိုပြီး သက္ကာယဒိဋ္ဌိ နှစ်ဆယ်ပေါ့ဗျာ။

အဲဒါတွေ မေးမြန်းပြီးသကာလ ဝိသာခသူဌေးက မေး ဓမ္မဒိန္နာကဖြေလို့ အတော်လေးကျော့ကျော့နပ်နပ် ရှိပါတယ် ... (မှန်ပါဘုရား)။

http://www.dhammadownload.com



နောက်ကျတော့ သူမေးပြန်တယ်။ ဘာ မေးပြန်သတုံး ဆိုတော့ သက္ကာယချုပ်အောင်ဟာ ဘာနဲ့လုပ်မှ ချုပ်မှာတုံး။

ဒိဋ္ဌိတွေ ချုပ်အောင် ဘာနဲ့လုပ်မှ ချုပ်မှာတုံးဆိုတာ အကာကြီးနဂိုက ပြောခဲ့သားပဲ မဂ္ဂင်ရှစ်ပါးပွားများ (မှန်လှပါဘုရား)။ သဘောကျပြီလား... (သဘောကျပါပြီဘုရား)။

သက္ကာယတွေချုပ်ချင်တယ် သိမ်းချတယ် အပါယ်တံခါး ပိတ်ချင်ပါတယ်ဆိုရင် ဘာလုပ်ရမတုံး... (မဂ္ဂင်ရှစ်ပါးပွားများ ရမှာပါဘုရား)။

မဂ္ဂင်ရှစ်ပါးကို ရုပ်နာမ်ပေါ်ကြည့်ပြီးပွားများ၊ ပါးစပ်က အော်နေလို့ မဖြစ်ဘူး။

ရုပ်နာမ်ပေါ်ကြည့်ပြီးသကာလ ဩော် .... မြင်နေလို့ရှိရင် ရုမ်နာမ်လေးတွေချည့်ခိုင်တာ မမြဲတာ အစိုးမရဟာ မပိုင်တာ မဆိုင်တာတွေ ငါငါ့ဉစ္စာ မဟုတ်တာတွေ ခင်ဗျားတို့ဉာဏ်နဲ့ ကြည့်ပြီးသကာလ နေတာသည် ပွားများမှုပါပဲ .... (မှန်ပါ ဘုရား)။ ရိပ်မိပြီလား... (ရိပ်မိပါပြီဘုရား)။

ပါးစပ်က မဆိုရဘူးနော်.... (မှန်လှပါဘုရား)။ ပါးစပ်က ဆိုတာ ရထားတဲ့စာကို မမေ့မှုသာဖြစ်တယ်။

ဉာဏ်နဲ့မြင်ပြီးသကာလ ထပ်ပြန်တလဲလဲမြင်တဲ့ အမြင်ကို ပွားများမှုလို့ ဆိုသည်.... (မှန်လှပါဘုရား)။ ကိုထွန်းအောင် ကျေနပ်ပြီလား ... (ကျေနပ်ပါပြီဘုရား)။

ကိုင်း ဒါနဲ့သက္ကာယတွေ ချုပ်အောင် မဂ္ဂင်ရှစ်ပါး၊ ဒါဖြင့် မဂ္ဂင်ရှစ်ပါးကို ဘယ်လိုများ ဝေဖန်ရပါသလဲလို့ ဆိုပြီးသကာလ

http://www.dhammadownload.com



ဝိသာခသူဌေးက မေးပြန်တော့ ဓမ္မဒိန္နာက ဖြေရှာတာပေါ့ ဗျာ... (မှန်လှပါဘုရား)။

မဂ္ဂင်ရှစ်ပါးမှာ ဒကာကြီးတဲ့ သီလမဂ္ဂင်သုံးပါး၊ သမာဓိ မဂ္ဂင်သုံးပါး၊ ပညာမဂ္ဂင်နှစ်ပါးရှိတယ်။

အဲဒီလိုမဂ္ဂင်ကို ဝေဖန်ရတယ်။အမယ်အင်မတန်ကောင်းပါလား ဗျာ။ သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ သီလ မဂ္ဂင် ဒကာကြီး။

သမ္မာဝါယမဆိုတဲ့ သမ္မာသတိ သမ္မာသမာဓိဆိုတဲ့ သုံးခုက သမာဓိ မဂ္ဂင်ဟုတ်လား။

သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပက ပညာမဂ္ဂင်။

အဲဒီလိုဝေဖန်လိုက်တော့ အင်းဒါဖြင့် မဂ္ဂင်ရှစ်ပါးပွားများ နေတဲ့ ပုဂ္ဂိုလ်မှာ သီလသမာဓိ ပညာစုံလို့ပါလား ...(မှန်လှပါ ဘုရား)။

ဒါကြောင့် ဒကာဒကာမတွေ အချိန်ရတိုင်း ပွားများလို့ ရှိရင် သီလဆောက်တည်ပြီးသား သမာဓိ တည်ထောင်ပြီးသား ပညာနဲ့ရှုပြီး ဆိုတဲ့အစီပွါယ်ဟာ ဒကာသိုက်ရေ တစ်ချက်ခုတ် သုံးချက်ပြတ်ဖြစ်သွားတယ်။

ခင်ဗျားတို့ ပွားများနေတဲ့အချိန်မှာ သီလလဲလုံနေတယ်၊ သမာဓိကလဲ တည်လို့မြင်တာပေါ့ဗျာ မတည်ရင် ဖြစ်ပျက် မြင်ပါ့မလား... (မမြင်ပါဘူး ဘုရား)။

အဲတော့ သီလသမာဓိ ဆုံတော့ မြင်တာကပညာထည့်လိုက် တော့ သီလကလုံခြုံပြီးသား သမာဓိက တည်ကြည်ပြီးသား။

ဖြစ်ပျက်မြင်တာက ပညာဆိုတော့ သီလ သမာဓိ ပညာဆိုတဲ့

http://www.dhammadownload.com



မဂ္ဂင်ရှစ်ပါးက စုံသွားတယ်— (စုံသွားပါတယ်ဘုရား)။ သဘော ကျပြီလား.... (ကျပါပြီဘုရား)။

အဲဒီကဲ့သို့ မဂ္ဂင်ရှစ်ပါးစုံပြီးသကာလ သွားတဲ့အခါကျတော့ ကိုတဲ့ ခင်ဗျာတို့သည် မဂ္ဂင်ရှစ်ပါးသည်ကားလို့ ဆိုလို့ရှိရင် ကိလေသေမာရေနွေဘ နိဗ္ဗာန် ဂစ္ဆတီတိ မဂ္ဂေါဆိုတဲ့ ကိလေသာသတ်ပြီး နိဗ္ဗာန်အရပ်သို့သာသွားတတ်တဲ့ တရားပါကလား ဆိုတဲ့ဥစ္စာ ဆုံးဖြတ်ချက်ချလိုက်... (မှန်လှပါဘုရား)။

အဲဒီတော့ မဂ္ဂင်ရှစ်ပါး အမေးအဖြေတွေ လုပ်ပြီးသကာလ ရှေ့ဆက်ပြီးသကာလ မေးပြန်တယ်တဲ့။

ဘယ်လိုများမေးလိုက်သလဲ။ ရှင်မ ဓမ္မဒိန္နာ ဝေဒနာဘယ် နှစ်မျိုးရှိတုံး ဆိုပြီး ကျုပ်တို့ဟောနေကျဆီရောက်လာတာပဲ။

ဝေဒနာဟာ ဒကာကြီးရော သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေဒနာ ဒါပဲရှိပါတယ်။

ကောင်းပြီ ဒါဖြင့် သုခဝေဒနာ ဒုက္ခဝေဒနာ ဥပေက္ခာဝေ ဒနာလို့ သုံးပါးရှိတာ ကျေနပ်ပါပြီ။

သုခဝေဒနာဟာ ဘယ်လိုရှုရမှာတုံး။

ဒုက္ခဝေဒနာ ဘယ်လိုရှုမှာတုံး။

ဥပေက္ခာဝေဒနာ ဘယ်လိုရှုရမှာတုံးဆို အို.... သုခဝေဒနာ ဆိုတာ ဖြစ်တုံးတော့ ချမ်းသာသလိုပဲ ပျက်တော့ဒုက္ခပါပဲ။ ဒုက္ခဝေဒနာတော့ဖြစ်တုံး ဆင်းရဲပြီးပျက်သွားတဲ့အခါကျတော့ ရှုတဲ့ ပုဂ္ဂိုလ် ချမ်းသာပါတယ်။

ဥပေက္ခာဝေဒနာဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တော့သုခသဘောတောင် ရောက်ပါတယ်၊ သဘောကျပြီလား.... (ကျပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီလို ရှုလိုက်ပါဆိုတော့ သုခဝေဒနာလဲ ခင်ဗျားတို့ ဖြစ်ပျက်ရှုရုံပဲ။

ဒုက္ခဝေဒနာရော ....(ဖြစ်ပျက်ရှုရုံပါဘုရား)။

ဥပေက္ခာဝေဒနာရော ....(ဖြစ်ပျက်ရှုရုံပါဘုရား)။

ဒါပဲရှုပါတဲ့ ရှုလိုက်ပါတဲ့ ဖြစ်ပြီးပျက်တဲ့တရားပါပဲ၊ လမ်းဆုံးပါပဲ။

ဒီလို ဓမ္မဒိန္နာကဖြေပြီးသည် အခြားမဲ့၌ ကဲရှင်မသင်ဖြေတာတွေ အင်မတန် ကောင်းပါတယ်။

တကယ် နိဗ္ဗာန်ရောက်ကြောင်း အစစ်တွေချည့် ဖြေပြီးသကာလ နေတော့ ရှေ့ဆက်ပြီးသကာလ မေးလက်စနဲ့ မေးပါရစေအုံးဆိုပြီး ဝိသာခသူဌေးက မေးရှာတယ်။

အဲဒီ သုခဝေဒနာရှုတော့ ဘယ်အနုသယ သေသတုံး၊ ဒုက္ခဝေဒနာရှုတော့ ဘယ်အနုသယ သေသတုံး၊ ဥပေက္ခာဝေဒနာရှုတဲ့အခါ ဘယ်အနုသယ သေသတုံးဆိုတော့ ဟာ ... ဒကာကြီး သုခဝေဒနာ ရှုရင် လောဘ သေတာပေါ့။

ကာမရာဂအနုသယ သေတာပေါ့ ဒုက္ခဝေဒနာရှုတော့ ဒေါသပဋိဃ သေတာပေါ့ ဒကာကြီးရဲ့။

ဥပေက္ခာဝေဒနာရှုတော့ မောဟ သေတာပေါ့။ ဒါတွေဘုန်းကြီးတို့က ဒကာဒကာမတွေ အခုဖေါက်သည်ချပြီးပေးနေတာ ရိပ်မိပြီလား.... (ရိပ်မိပါပြီဘုရား)။

ဒါ ပဋိသမ္ဘိဒါပတ္တ ရဟန္တာမက ဖြေတာတော့ဒီတရားဟာ တယ်ခိုင်လုံတဲ့ တရားပါလား။

http://www.dhammadownload.com



အဟုတ်ကြိုးစားရင်ဗျာ အဟုတ်ကို ခရီးပေါက်မဲ့ တရားပါပဲဆိုပြီး ခင်ဗျားတို့ကိုယ်တိုင် ကြိုးစားလို့လဲ ထိုက်တန်သလောက် မပေါက်လားဗျာ.... (ပေါက်ပါတယ်ဘုရား)။

အဲဒီ ဒီဂတ္ထုတွေကလာတာပဲ ရိပ်မိပြီလား .... (ရိပ်မိပါပြီဘုရား)။

သုခဝေဒနာ မရှုလို့ရှိရင် သုခဝေဒနာ ပစ္စယာတဏှာလို့ ဘုန်းကြီးကဟောထားတယ်။

ဒုက္ခဝေဒနာမရှုလို့ရှိရင် ဒုက္ခဝေဒနာပစ္စယာ ဒေါသော။

ဥပေက္ခာ ဝေဒနာမရှုရင် ဥပေက္ခာဝေဒနာ ပစ္စယာ မောဟော မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲတော့ ရှုလိုက်တဲ့အခါ သုခတွေ သုခရှု ဒုက္ခတွေတော့ (ဒုက္ခရှုပါဘုရား)။ ဥပေက္ခာတွေတော့ကော (ဥပေက္ခာရှုပါဘုရား)။

ရှုလိုက်တဲ့ အခါကျတော့ ဖြစ်ပျက်ချည့် တွေ့ပြီးသကာလ နေတယ်လို့တော့ ကဲ လောဘရော ဒေါသရော မောဟရော ကျုပ်တို့က တွေ့တိုင်းရှုနေပေါ့။

ဒီသုံးခုလာနိုင်သေးရဲ့လား.... (မလာနိုင်ပါဘူးဘုရား)။ လောဘ ဒေါသ မောဟတွေ ချုပ်ရာငြိမ်းရာ သိမ်းရာ နိဗ္ဗာန်ဆိုတာရောက်မှရောက်ပါ့မလားဆိုသူတို့သိမ်းရင်ရောက်တာပေါ့။

သူတို့သိမ်းရင် ရောက်တာပဲဆိုတာ ကျေနပ်ပြီလား .... (ကျေနပ်ပါပြီဘုရား)။

အင်း .... ဒါဖြင့် ကျုပ်တို့လုပ်နေတဲ့ အလုပ်သည်ကား ဆိုရင်ဖြင့် အတွင်းရန်သူသတ်တဲ့ အလုပ်ပါလား.... (မှန်လှပါဘုရား)။

http://www.dhammadownload.com



ကျုပ်တို့အတွင်းမှာ ရန်သူရှိနေတယ်။ လောဘ ဒေါသ မောဟအတွင်းရန်သူပဲ။ အဲဒါဝေဒနာပေါ်တိုင်း ရှိနေတဲ့ပုဂ္ဂိုလ်ကတော့ အတွင်းရန်သူသတ်ပြီး သက်ကာလ နေတဲ့ပုဂ္ဂိုလ်တွေလို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ အပြင်ရန်နဲ့အတွင်းရန် ဘယ်ဟာက ကြောက်စရာကောင်းတုံး.. (အတွင်းရန်ကကြောက်စရာကောင်း ပါတယ်ဘုရား)။

အဲဒါ အတွင်းရန်သတ်နည်း နည်းကို ဆရာဘုန်းကြီးက ပေးပြီးသကာလ နေပြန်တော့လဲ ခြောက် .... တို့မှာတော့ဖြင့် အန္တရာယ်ကင်းလို့ဘေးရှင်းဆိုတာ ဒီလိုမှပဲ အတွင်းရန်ရှုပ်မှာ ပါလား သဘောကျပြီလား.... (ကျပါပြီဘုရား)။

အန္တရာယ်ကင်းလို့ ဘေးရှင်းတာ ဒကာသိုက် ပေါ်ပြီ လား.... (ပေါ်ပါပြီဘုရား)။

အတွင်းရန် ကြောက်စရာ အကောင်းဆုံးဟာ အတွင်းရန်ပဲ ဝေဒနာမရှုလို့ လာတာကိုးဗျ၊ ဝေဒနာရှုရင်.... (မလာပါဘူး ဘုရား)။

မလာပါဘူးတဲ့။ သုခဝေဒနာရှုလိုက်ရင် လောဘဆိုတဲ့ အတွင်းရန်သေပြီ။

ဒုက္ခဝေဒနာရှုရင် ဒေါသဆိုတဲ့အတွင်းရန် .... (သေပါပြီ ဘုရား)။

ဥပေက္ခာဝေဒနာပေါ်တိုင်း ရှုလိုက်ရင် .... (မောဟဆိုတဲ့ အတွင်းရန် သေပါတယ်ဘုရား)။

မောဟဆိုတဲ့ အတွင်းရန်သူသေတော့ ခေါင်းဆောင်ကြီး သုံးယောက် သေပေါ့ ဒကာသိုက်ရာ။

http://www.dhammadownload.com



<u>တစ်ထောင့်ငါးရာ ကိလေသာဆိုတာ သူတို့ကပွားတာပါ။</u>

ခေါင်းဆောင်တွေ ပြုတ်တော့ နောက်လိုက်တွေဗိုင်းဗိုင်းလဲ ထားပေါ့။ ထိုကဲ့သို့ဗိုင်းဗိုင်းလဲတဲ့ အလုပ်သည်ကား ဆိုလို့ရှိရင် မြင့် လုပ်ထိုက်ပါတယ်။

လုပ်ကောင်းတယ် ဆိုပြီးသကာလ ဒကာ ဒကာမတွေက အထူးတလည် ကြိုးစားလိုက်လို့ရှိရင်ဖြင့် ရာဂဒေါသမောဟ၏ ကုန်ရာ နိဗ္ဗာန်ဆိုတာဟာ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဟာ အမြန်ဆုံး ရောက်မှာပဲ။

မရောက်ပေဘူးလား.... (ရောက်ပါတယ်ဘုရား)။

အဲဒီလို ဝေဒနာရှုတဲ့ ပုဂ္ဂိုလ် အမြန်ဆုံး ရောက်ရမှာဖြစ်ပြီး သကာလ နေတော့ ကျုပ်တို့လုပ်နေတဲ့ နည်းသည် ဝိသာခက မေးလို့ ဓမ္မဒိန္နာကဖြေပြန်တော့လဲ ဝေဒနာနဲ့ပဲ သူလက်စသပ် တဲ့ အင်္ဂပွာယ်။

ရှင်းမနေဘူးလားဗျာ.... (ရှင်းပါတယ်ဘုရား)။ အင်မတန် ရှင်းပါတယ်။

အဲဒီကဲ့သို့ ဝေဒနာနဲ့ခင်ဗျားတို့လဲ အခုကမ္မဋ္ဌာန်းများများ ရှုပြီးသကာလမနေဘဲ ကိုယ့်ခန္ဓာထဲ ဝေဒနာသုံးပါးသာလှည့် ရှုပြီးသကာလ နေကြလို့ရှိရင်ဖြင့် လိုရာကိစ္စခင်ဗျားတို့တောင်း နေတဲ့ဆုဟာ ပြည့်ပြီးသားဖြစ်မှာပဲ။

နို့မို့ ရင်ပြည့်ပါ့မလား.... (မပြည့်ပါဘူးဘုရား)။ ဒါဖြင့် အင်မတန် အဖိုးတန်ကြောင်း ကောင်းကောင်း သိပြီလား .... (သိပါပြီဘုရား)။

အဲဒီကဲ့သို့ဝေဒနာတွေ ကိလေသာလာပုံနှင့်ထကကိလေသာ ပြတ်ပုံတွေတစ်ခါထဲဝိသာခကမေးလို့ ဓမ္မဒိန္နာကဖြေလိုက်တယ်။

http://www.dhammadownload.com



မဂ္ဂင်တွေကိုလည်း သီလ သမာဓိ ပညာနဲ့ ဝေဖန်ပြီး ဖြေလိုက်တာတွေ အများကြီးပါတယ်မဟုတ်လား.... (ပါပါတယ်ဘုရား)။

အဲဒါတွေရှင်းလင်းပြီးသကာလနေတော့ ဩော်....ဝိသာခက တွေးတယ်။ အင်း.... သေသေချာချာပဲ သာသနာ့ဘောင်မပျော်လို့ပြန်လာတာတော့ မဟုတ်ဘူး၊ သူ့ထက် ထက်နေပြီပေါ့ဗျာ။

ရဟန္တာသက်သက်ပဲ။ ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်တာပဲ။

ဒီဥစ္စာ အင်မတန်အဖိုးတန်တဲ့တရား နိဗ္ဗာန်မပေါက်ရောက်တဲ့ တရားကို ဖြေရှာတာဖြစ်ပါတယ် ဆိုပြီးသကာလသူ့စိတ်ထဲမှာ အင်မတန် ကျေနပ်နေတယ်။

သစ္စာလေးပါးက စမေးလိုက်ပြီကောဗျာ သစ္စာလေးပါးဆိုတာက ဒကာသိုက်တို့မှတ်ရမှာက လူတိုင်းဖြေနိုင်တဲ့ အလုပ်မဟုတ်ဘူး-(မှန်ပါ့ဘုရား)။ သဘောကျပြီလား(ကျပါပြီဘုရား)

လူပြိန်းနဲ့ သစ္စာလေးပါးနဲ့ ဆိုလို ရှိရင်ဖြင့် ဘယ်လိုရထားထား အမှန်တော့မဖြေနိုင်ဘူး။ ဒီမှာတော့ ပဋိသမ္ဘိတာပတ္တ ရဟန္တာလဲဖြစ်ပြီးသကာလ နေတော့ သူစမ်းလိုက် ကတည်းက သစ္စာကနေစမ်းတာ။

သက္ကာယဆိုတာ ဒုက္ခသစ္စာ သက္ကာယ ဖြစ်ကြောင်းက သမုဒယသစ္စာ သက္ကာယချုပ်ရာက နိဗ္ဗာန် နိရောဓသစ္စာ သက္ကာယချုပ်ရာချုပ်ကြောင်းအကျင့်က မဂ္ဂသစ္စာ။

အဲဒီသစ္စာလေးပါးကစပြီး မေးလာတော့ အခုဝေဒနာမှာလဲ ဝေဒနာသုံးပါး မရှုရင်ဘယ်လို ရှုရင်ဘယ်လို ကျအောင်ပဲ ဝိသာခသူဌေးက မေးလို့ ဓမ္မဒိန္နာက တစ်လုံးမကျန် အမှန်ချည့်

http://www.dhammadownload.com



ဖြေပြီး သကာလ သွားတော့တယ် ဆိုတာလဲ ခင်ဗျား တို့ အသိသား။ မသိဘူးလား.... (သိပါတယ်ဘုရား)။

အဲဒီလို အဖိုးတန်ပြီး သကာလနေတော့ သူစိတ်ထဲ ဝိသာခ သူဌေးက အတော်လေးကျေနပ်သွားတယ်....(မှန်လှပါဘုရား)။

အတော်လေး ကျေနပ်ပြီးသကာလ သူ့ရှင်မကို လူထွက်ချင် လို့လားဆိုတဲ့ မေးခွန်းကို မေးစရာမရှိတော့ဘူး ပညာရှိကို ပညာနဲ့ပဲ စမ်းလိုက်တာပဲ။

စမ်းလိုက်ကတည်းက ဟိုက အာသဝေါကုန်တဲ့ အဓိပ္ပာယ် ကြီး ဖြေနေပြီ ဟုတ်ဖူးလား .... (ဟုတ်ပါတယ်ဘုရား)။

အာသဝေါကုန်တဲ့ အဓိပ္ပာယ်ကြီး ဖြေနေတော့ ဒကာ သိက်ရေ ရှင်းလင်းနေပြီ။ လူထွက်ချင်လို့မဟုတ်ဘူး။ မပေါ် သေးဘူးလား.... (ပေါ်ပါပြီဘုရား)။

အဲဒီကဲ့သို့ ရှင်းလင်းလာတော့ ဒါဖြင့်တဲ့ ရှင်မဓမ္မဒိန္နာ အင်မတန်ကျေးဇူးများပါတယ်ဆိုပြီးယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်က လကျ်ာရစ် သုံးပတ်လှည့်ပြီး ဝတ်ချရသေးတယ်။

ဝတ်ချပြီးသကာလမှ သူနဲ့ခုနက လိုက်လာတဲ့ ဥပသကာ ငါးရာတွေဟာ ဓမ္မဒိန္နာဆီကနေ ဘုရားဆီသွားကြတယ်။

ဘုရားဆီသွားတဲ့အခါ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဓမ္မဒိန္နာနဲ့ အမေးအဖြေလုပ်တာ ဝိသာခသူဌေးက လျှောက် တာပေါ့ဗျာ။

လျှောက်တဲ့အခါကျတော့ ငါ၏ချစ်သမီး ဖြေတာတွေဟာ ကွာတဲ့ အင်မတန်မှန်ပါတယ် အင်မတန်ဟုတ်ပါတယ်။

http://www.dhammadownload.com



အင်မတန်မှ သစ္စာစိုက်တဲ့ တရားတွေဖြစ်ပါတယ်။ အကယ်၍မင်း သူ့ဆီမမေးပဲနဲ့ ငါ့ဆီမေးလို့ရှိရင်လဲ ဒီအတိုင်း ငါဖြေရမှာပဲ။ ဘုရားကထောက်ခံချက် ပေးလိုက်တယ်... (မှန်ပါ့ဘုရား)။

သူ့ဆီ မမေးပဲနဲ့ ငါ့ဆီမေးလဲ ဘာတဲ့.... (ဒီအတိုင်းဖြေမှာပါဘုရား)။

ဒီအတိုင်း ဖြေလိုက်မှာပဲ ဝိသာခက မထူးပါဘူးတဲ့ဆိုတော့ ဒီတရားသည်ကားလို့ လို့ဆိုရင် ဒကာဒကာမတို့ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ထောက်ခံချက်ရတဲ့တရား။

ရဟန္တာမက ဖြေလို့ အနာဂါမ်က မေးတဲ့တရား ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ နောက်ဆုံးပိတ်မှန်ကြောင်းကို သက်သေခံတဲ့တရား။

ဒါကြောင့် ဝေဒနာကနေ ရှုပြီးသကာလ သွားကြလို့ရှိရင်ဖြင့် ဝေဒနာဖြစ်ပျက်ရှုတာသည် တစ်နံပါတ်ဟုတ်လား။

ဝေဒနာတွေ့တာ တစ်နံပါတ်ထားပါတော့။ ဝေဒနာဖြစ်ပျက်ရှုတာက နှစ်နံပါတ်ထားပါတော့။ ဝေဒနာမုန်းတာက .... (သုံးနံပါတ်ပါဘုရား)။

သုံးနံပါတ်ကထားတော့ ဒီဝေဒနာတွေကို တစ်ခါထဲဆုံးအောင်ပဲ ငါတို့သည်လိုက်ပါတော့မယ် ဆိုပြီးသကာလ<u>ဖြစ်ပျက်ဆုံးအောင် လိုက်လို့ရှိရင်ဖြင့် မဖြစ်မပျက်တာတော့ တွေ့ရမှာပဲ</u>။ မတွေ့ရပေဘူးလားဗျာ.... (တွေ့ရမှာပါဘုရား)။ တွေ့ရမှာသေချာအောင်မဟုတ်လား.... (သေချာပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဒကာဒကာမတွေ ဉာဏ်သည်ကားလို့ ဆိုလို့ ရှိရင် ဖြစ်ပျက်ဆုံးတာတွေ ဒုက္ခဆုံးတာသာမှတ်ပါတော့.... (မှန်ပါ ဘုရား)။

ဖြစ်ပျက်ဆုံးတာဘာဆုံးပါလိမ့်... (ဒုက္ခဆုံးတာပါဘုရား)။ ဟောဒါဖြင့် ဒုက္ခဆုံးတဲ့ဆီ ခင်ဗျားတို့ဉာဏ်မရောက်ပေဘူးလား၊ (ရောက်ပါတယ်ဘုရား)။

အဲဒါ ဘယ်ကနေလိုက်လို့ ဆုံးတာပါလိမ့် ဆိုတော့(ဝေဒနာ ကနေ လိုက်တာပါဘုရား)။

ဝေဒနာဆိုတဲ့ ဖြစ်ပျက်ကနေ လိုက်တာပေါ့ဗျာ၊ ဝေဒနာ ဖြစ်ပျက်ကနေ ကိုင်လိုက်တဲ့အခါကျ ဝေဒနာအဆုံး(ဝါ)ဒုက္ခ အဆုံးကို ခင်ဗျာတို့ကိုယ်ပိုင် ကိုယ်တိုင်ဉာဏ်နဲ့ပဲ တွေ့ကြတယ် ဒကာသိုက် မတွေ့ရဘူးလား .... (တွေ့ရပါတယ်ဘုရား)။

တွေ့ရတဲ့အခါကျတော့ ဖြစ်ပျက်ဆုံးသွားတာက ဒုက္ခသစ္စာ ဆုံးတဲ့နေရာလေး တွေ့ရတာက နိရောဓသစ္စာ သူဆုံးချင်လို့ ဆုံးတာမဟုတ်ပါဘူး ဆိုတာလဲ သက္ကာယဖြစ်ကြောင်း သမုဒယ သစ္စာချုပ်လို့ ဖြစ်ပျက်ချုပ်ရရှာတာ။

သမုဒယကသာ မချုပ်လို့ရှိရင် ဖြစ်ပျက်ချုပ်ပါ့မလား .... (မချုပ်ပါဘူးဘုရား)။

အဲတော့ သမုဒယနဲ့ ဒုက္ခသည် အတွဲလိုက် ချုပ်ရတယ် ဆိုတာတော့ကော သဘောကျပြီလား .... (သဘောကျပါပြီ ဘုရား)။

အဲတော့ ကျုပ်တို့မှာ ဘာကျန်ရစ်ပါလိမ့်မတုံး မေးတဲ့ အခါကျတော့ သက္ကာယချုပ်တဲ့ နေရာရယ် သက္ကာယချုပ်တဲ့

http://www.dhammadownload.com



နေရာမြင်တဲ့ မဂ္ဂင်ရယ်၊ ဒကာသိုက် ဒါပဲ မကျန်ရစ်ဘူးလား .... (ကျန်ရစ်ပါတယ်ဘုရား)။

အဲဒီကဲ့သို့ ကျန်တဲ့အခါ ဒါသည် နိဗ္ဗာန်မဂ္ဂဿ ဆိုတဲ့ အတိုင်း နိဗ္ဗာန်က မဂ်ကျေးဇူးပြုတာ မထင်ရှားဘူးလား .... (ထင်ရှားပါတယ်ဘုရား) မဂ်ပြီးတော့လဲ ဖိုလ်လာတာပဲ သဘောကျပြီလား.... (ကျပါပြီဘုရား)။

အဲတော့ ဖိုလ်လာရင် သောတာပန်တည်တာပဲ၊ မရပ်မနား ဆက်ပြီးသကာလ တည်ချက်တည် ဆက်ပြီး ဖြစ်ပျက်က စဦးမယ် ဆို သကဒါဂါမ်တည်တာပဲ။

ဒီမဂ်တွေ အစဉ်အတိုင်းလာမှာပဲ ဒီအတိုင်းပဲ အစဉ်အတိုင်း လာမှာ နောက်ဆက်လက်ပြီး သကာလ ဖြစ်ပျက်က နေစပါ အုံးမယ်ဆိုရင်ဖြင့် သကဒါဂါမ်တည်ပြီးသား ပုဂ္ဂိုလ်က အနာဂါမိ မဂ်ရမှာပဲ။

ဟာ အနာဂါမ်နဲ့ မဘင်းတိမ်သေးပါဘူး ဖြစ်ပျက်ကပြန်စ ပါဦးမယ် ဆိုသို ရှိရင်ဖြင့် အရဟတ္တမဂ် အရဟတ္တဖိုလ် ဆိုတဲ့ ရဟန္တာဖြစ်မှာ။

ဒီဖြစ်ပျက်က ပြန်စရမှာ ရိပ်မိကြပြီလား .... (ရိပ်မိပါပြီ ဘုရား)။

ဒါဖြင့် ဒကာဒကာမတွေသည် ဒီတစ်လမ်းထဲ ဒီတစ်ချိုး ထဲကနေပြီး သကာလ ကသာ ဒီနိဗ္ဗာန်ရှိတဲ့ဆီ အထပါက်ရောက် သွားမယ်ဆိုရင်ဖြင့် ဘယ်ဆုတောင်းမှ စောင့်ပြီး သကာလ မနေဘဲနဲ့ ညာဏ်နဲ့သာသွား.... (မှန်လှပါဘုရား)။

F.4

http://www.dhammadownload.com



ကိုင်း ဒါဖြင့် ဒကာဒကာမတို့ မဂ္ဂင်ဉာဏ်နဲ့ သွားလို့ရှိရင် မရောက်မရှိဘူးဆိုတာ ရိပ်မိပြီလား.... (ရိပ်မိပါပြီဘုရား)။

မဂ္ဂင်ဉာဏ်နဲ့သွားရင် ကောန်ရောက်ရမယ်။ ဒါကြောင့်နိဗ္ဗာန် ဂစ္ဆတီတိ မဂ္ဂေါ၊ မဂ္ဂေါ-မဂ္ဂင်ရှစ်ပါးသည် နိဗ္ဗာနံ - နိဗ္ဗာန်သို့ ဂစ္ဆတိ သွား၏၊ ဆိုတော့ မဂ္ဂင်ရှစ်ပါးသာ ခန္ဓာထဲရှိရင်ဖြင့် နိဗ္ဗာန် ရောက်သွားမယ့် တရားဝမ်းထဲထွင် ရှိသောကြောင့် မရောက်မရှိဘူး။ ဆုတောင်းမနေနဲ့ .... (မှန်လှပါဘုရား)၊ သဘောကျပြီလား (ကျပါပြီဘုရား)။

ကဲ ဒီနေ့ ဒီတွင် တော်ကြစို့။

သာဓု .... သာဓု .... သာဓု ။

http://www.dhammadownload.com

# အမရပူရမြို့ မင်္ဂလာ တိုက်ဟောင်း
# ကျေးဇူးတော်ရှင် — အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
# ဝိသာခ နှင့် ဓမ္မဒိန္နာ အမေးအဖြေ
# (ညအလုပ်ပေးတရားတော်)
# (၁၁-၁၂-၆၁)

ဒီနေ့ ဓမ္မဒိန္နာနှင့် ဝိသာခတို့သက္ကာယဒိဋ္ဌိကနေပြီးသကာလ နိဗ္ဗာန်သွားပုံ နာရလိမ့်မယ်လို့ မှတ်ရမယ်။ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်လာတယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီး ပွင့်ထွန်းပေါ်လာတုန်း- အခါက အနာထပိဏ် သူဌေးရှိရာသို့ ဘုရားကြွလာတယ်။

ဘုရားကြွလာတဲ့ အချိန်မှာ အားလုံးပဲ ကုဋေရှစ်ဆယ်လောက် တရားနာရပြီး တရားအားထုတ်ကြလို့ သောတာပန် တည်တယ်။

အဲဒီထဲမှာ ဝိသာခဆိုတာ ပါသွားတယ်၊ နောက်တစ်နေ့ကျပြန်တော့လဲ တရားသွားနာပြန်တော့ သကဒါဂါမ်တည်ခဲ့တယ်။

နောက်တစ်နေ့ တရားသွားနာပြန်တော့လဲ ထို့အတူပဲ မဂ်ဉာဏ်တွေ အရှိန်တွေ ရတာနဲ့ အနာဂါမ်တည်ခဲ့တယ်။

နှ အာဂစ္ဆတိတိ အနာဂါမိ ဆိုတဲ့အတိုင်း လူ့ပြည်မှာရှိတဲ့ အာရုံတွေကို သူပျော်မွေ့တဲ့ သဘောမရှိတော့ဘူး။

အနာဂါမ်တည်တဲ့အခါကျလို့ ရှိရင် အဲဒီလို မှတ်ရမယ်။

http://www.dhammadownload.com



လူ့ပြည်မှာ သားနဲ့မယားနဲ့ ဆွေနဲ့မျိုးနဲ့ နေမှုထိုင်မှုတွေကို ဘယ်နည်းနဲ့မှ သူသည်ကားလို့ ဆိုလို့ရှိရင် ပျောက်မေ့ခြင်းမရှိတော့ဘူး၊ ဆိုတာ သေချာမှတ်ထားကြပါ။

တစ်နေ့သ၌ သူသည်ကားလို့ ဆိုလို့ရှိရင် အနာဂါမ်တည်ပြီး ကျောင်းကပြန်လာတဲ့အခါမှာ ဝိသာခသူဌေး၏ ခင်ပွန်းမဓမ္မဒိန္နာဆိုတာရှိတယ်။

ဓမ္မဒိန္နာက အိမ်ဦးကနေပြီး သကာလ အိမ်ပေါ်ကဆင်းလာပြီးသကာလ လက်ဆွဲဖို့ နှုတ်ဆက်ခိုင်းတဲ့အခါ လက်ဆွဲပြီးသကာလ အခါတိုင်းတော့ အိမ်ပေါ်တက်နေကျ ဆီးကြိုပြီးတော့။

ယခုအခါမှာ အနာဂါမ်တည်လာတဲ့အတွက် လက်ဆွဲတာကို ယောကျ်ားလုပ်တဲ့ပုဂ္ဂိုလ်က မခံတော့ဘူး။ မခံနိုင်တော့ ဒကာဒကာမတွေက အော်.... ဒီနေ့ သူဘာမျှားဖြစ်လာပါလိမ့်မလဲလို့ သူ့စိတ်ထဲမှာ အကြောင်းတစ်ခု ပေါ်ပေါက်လာတယ်။

အလိုမကျတဲ့ အကြောင်းတစ်ခု ပေါ်ပေါက်လာတယ်လို့ မှတ်ထားရမယ်။

ဒါနဲ့ နောက်ကျတော့ ထမင်းစားလို့ရှိရင် စကားပြောကောင်းပါရဲ့ဆိုပြီး သကာလ နေပြန်တော့ ထမင်းအတူတူမစားဘူး။

သူ့ဒကာမနဲ့ ဘာဖြစ်လို့တုံးဆိုတော့ အနာဂါမ်သတ္တိကိလေသာကုန်လို့ပေါ့.... (မှန်ပါ့ဘုရား)။

လူ့ပြည်မှာရှိတဲ့ ကိလေသာကုန်လို့မှတ်ကြပါ။ သဘောပါလား.... (ပါပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါနဲ့သူမနက်ဖြန် မနက်ကျရင် ထမင်းစားရင် စကားပြော တန်ကောင်းပါရဲ့လို့ ဒကာမကစောင့်ပြန်တော့လဲ မပြောဘူး။

ညကျတော့လဲ သူ့နေရာလေးသူခင်းပြီး သာကာလ သီးသန့် နေရာလေးနဲ့ပဲ အိပ်တယ်၊ ထို့အတူပဲ မပြောဘူး၊

ဒါနဲ့ ဒကာမလုပ်တဲ့ ပုဂ္ဂိုလ်က ခေါင်ပြီးတွေးထားပေါ့လေ အလိုမကျလို့လား တစ်ပါးသော ပုဂ္ဂိုလ်နဲ့ပဲ ပေါင်းသင်းဆက် ဆံချင်တဲ့ စိတ်များပြားနေလို့လား အစရှိသည်ဖြင့် အမျိုးမျိုး အဖုံဖုံ တွေးပြီးတော့ မေးမြန်းတဲ့အခါမှာ.... မဟုတ်ပါဘူး။

မြတ်စွာဘုရား တရားတော်နာပြီးတော့ ဒီတရားတွေကျင့်ကြံ လိုက်တဲ့ အခါကျလို့ရှိချင် ဒီအာရုံစိတ်တွေ အလုံးစုံ အကုန် မဆက်ဆံလိုတာတွေ ပေါ်လာတယ်၊ ရှင်းပြီလား.... (ရှင်းပါ တယ်ဘုရား)။

မဆက်ဆံလိုတဲ့ စိတ်တွေ ပေါ်လာတယ်ဆိုပြီး သာကာလ သူ့စိတ်ထဲမှာ ပေါ်လာတဲ့အတွက် သူ့ခံစားမှုကို ပြောတယ်။

ဒါဖြင့် သင်သည်ကားလို့ ဆိုလို့ရှိရင် ငါ့မှာရှိတာ ကုဋေ လေးဆယ်၊ မင်းပါလာတာ ကုဋေလေးဆယ် ပေါင်းရှစ်ဆယ်။

ဒီအိမ်မှာ နှမအဖြစ် အမေအဖြစ်နဲ့ ငါပြုစုနေလို့ရှိရင်လဲ နေတာပေါ့၊ သို့တည်းမဟုတ် အခြားသော အိမ်ထောင်ပြုချင် လို့ရှိရင်လဲ ခွင့်လွှတ်ပါတယ် ဒါကိုပြောလိုက်သေးတယ်။

အနာဂါမ်တည်တဲ့ဝိသာခက ပြောလိုက်တော့ သူ့စိတ်ထဲမှာ အောက်မေ့တယ်။ ဩော်.... ဒါ သက်သက် ဇွဲဖောက်ထား မဟုတ်ဘူး၊ တရားမွေသက်သက်ကိုး။

တရား၏ တန်ခိုးစွမ်းရည် သတ္တိပဲဆိုတာ ကိလေသာပါး ကြောင်းပြတာ။

http://www.dhammadownload.com



ဒါကြောင့် မဂ်ဆိုတာ ကိလေသာ သတ်ဘယ်ဆိုတာ ခုပေါ် ကြသေးဘူးလား.... (ပေါ်ပါတယ်ဘုရား)။

ကိလေသာကို သေသေချာချာကို သတ်နိုင်တဲ့ စွမ်းရည်သတ္တိ ရှိတယ်။ ဒါနဲ့ပဲ တရား သေသေချာချာ ပြောတဲ့အခါ မိန်းမ လုပ်တဲ့ ပုဂ္ဂိုလ်က ဒီတရား ယောကျ်ားသာ ရထိုက်သလား၊ မိန်းမများသာ ရထိုက်သလားလို့ မေးတဲ့အခါ ယောကျ်ား မိန်းမ မရွေးပါဘူး အားထုတ်တဲ့ပုဂ္ဂိုလ် ရတာပဲလို့ ယောကျ်ား က ဖြေလိုက်တယ်။

တရားက ဒကာ့ဒကာမတွေ မှတ်ထားပါ ယောကျ်ားမိန်းမ မရွေးပါဘူးတဲ့နော်။ အားထုတ်ရင် ရမယ်ဆိုတာ မေ့ာင်သစ်တို့ သေသေချာချာမှတ်ပါ... (မှန်ပါ့ဘုရား)။

အားမထုတ်တဲ့ပုဂ္ဂိုလ်မှာ.... (မရပါဘူးဘုရား)။

အားထုတ်တဲ့ပုဂ္ဂိုလ်မှာ ... (ရပါတယ်ဘုရား)။

အဲဒီလို ဖြစ်နေတော့ မိန်းမလုပ်တဲ့ ပုဂ္ဂိုလ် ဓမ္မဒိန္နာက သာသနာတော်မှာ ရဟန်းလုပ်ပြီး ဒီတရားရအောင် အားထုတ် ချင်တယ်။

ဟာ ဒီလိုပြောဘယ်ဆို သိပ်ဝမ်းသာတာပဲ သူ့ ခင်ပွန်းသည် ဝိသာခက ဒါနဲ့ပဲ သူ့အဟုတ်ပဲလား။ အဟုတ်ကိုဝတ်မှာ ဘိက္ခုနီမလုပ်မယ်။

ဒါနဲ့ပဲ ဗိမ္ဗိသာရမင်းကြီးဆီ သွားတယ်၊ ဗိမ္ဗိသာရမင်းကြီးက ဝိသာခ သူဌေးလာတယ်ဆို ဘယ့်နှယ်တုံး အချိန်မဟုတ်တဲ့ လာတာဘာကိစ္စတုံး။

ဒီလို ဒီလိုပဲ။ ဓမ္မဒိန္နာက သာသနာတော်မှာ ဘိက္ခုနီမ ရဟန်းလုပ်ချင်လို့ ဆိုပြီးသကာလ သူ့ကိုလိုက်ပို့ဖို့ ရွှေထမ်းစင်

http://www.dhammadownload.com



လိုချင်တယ်၊လမ်းပန်းရှင်းလင်းဖို့ ရှင်ဘုရင်ဆီလာပြီးအကြောင်းကြားတာပဲ။

အားကောင်းပြီ။ ရွှေထမ်းစင်လဲယူသွား၊ လမ်းရှင်းဖို့လဲ ငါ့ အမိန့်နဲ့ ရှင်းလိုက်မယ်၊ ဆိုပြီးသကာလ ရွှေထမ်းစင်ကြီး ယူလာပြီး လမ်းပန်းရှင်းပြီးတဲ့ အခါကျတော့ ဓမ္မဒိန္နာကို ရေချိုး အမျိုးမျိုးအဖုံဖုံ လုပ်ပြီးသကာလ ဘိက္ခုနီမကျောင်း ပို့။

ဘိက္ခုနီမတွေကမေးတယ်။ တစ်ယောက်တစ်ယောက် အလိုမကျလို့ဖြစ်တာလား။ သို့တည်းမဟုတ် သက်သက်သဒ္ဓါတရားနဲ့ ဖြစ်တာလားဆိုတော့ ဝိသာခက သက်သက် သဒ္ဓါနဲ့ဖြစ်တယ်လို့ သူပြောလိုက်တယ်.... နော်။

ဒါနဲ့ အားထုတ်တယ်။ အားထုတ်တော့ ဒီဒကာမကလဲ ကြည်ညိုစရာကလဲ ကောင်းတယ် နဂိုကသဲ သူဌေးကတော်ဖြစ်ပြီး သကာလ နေတော့ ဘုန်းကံပါရမီကလဲ ပါပြီးသားဖြစ်နေတော့ လူကြတန်းကြ ပေးကြကမ်းကြတဲ့ ပုဂ္ဂိုလ်တွေက များလွန်းလို့ တရားအား ထုတ်လို့ မရဘူး။

ဒါနဲ့ တောထဲသွားပြီးသကာလ ခုနစ်ရက်လောက် လွတ်ရာကျွတ်ရာသွားပြီး ကြိုးစားလိုက်တဲ့အခါမှာ ဘိက္ခုနီမတော့ သင်တဲ့အတိုင်း ကြိုးစားလိုက်တယ်။

ကြိုးစားလိုက်တဲ့အခါကျတော့ သောတာပန်၊သကဒါဂါမိ၊ အနာဂါမိ၊ ရဟန္တာကျအောင်ဖြစ်တယ်။ ယောကျာ်းထက် တစ်ဆင့်သာသွားတယ် မှတ်လိုက်ပါ.... (မှန်ပါ့ဘုရား)။

ယောကျာ်းထက် တစ်ဆင့်သာသွားတော့ ပြန်လာခဲ့တယ်၊ ရဟန်းကိစ္စပြီးတာနဲ့ ပြန်လာခဲ့တယ်။

http://www.dhammadownload.com



ပြန်လာတော့ ဝိသာခသူဌေးက ကြားတယ်။ ဩော် .... ဗေဒ္ဓဖောက်ပြီးများ ပြန်လာသလား။ မကျင့်နိုင် မကြံနိုင်တာနဲ့ လူများပြန်ထွက်နေ ခက်ချည်ရဲ့ သူ့စိတ်ထဲမှာ နှလုံးနှစ်ခုဖြစ်နေတယ်။

သူက အဘိညာဉ်မရတာနဲ့ မသိဘူးလို့ မှတ်ထားလိုက်ပါ၊ အဘိညာဉ်ရရင်တော့ သိပါတယ်။

ဒါနဲ့ပဲ ပညာရှိတို့ သဘောမှာဖြင့် လူထွက်ချင်လို့ ပြန်လာသလား မပျော်လို့ပြန်လာသလား မေးရမှာလဲ ပညာရှိသဘောမရောက်ဘူး။

ပုစ္ဆာမေးမှပဲ တရားထူးရရင်လဲ တရားဖြေမှာပဲ။ တရားထူးမရလို့ ရှိရင်လဲ တရားမဖြေနိုင်ဘူး။ ပုထုဇဉ်စကားတွေပဲ ပြောလိမ့်မယ်။

ပညာရှိပီပီ ပုစ္ဆာမေးမှပဲ ဆိုပြီးသကာလ ပုစ္ဆာမေးတယ်၊ မူလ ပဏ္ဏာသ ပါဠိတော်လို့ မှတ်ရမယ်။

ပုစ္ဆာမေးလိုက်တယ် သက္ကာယဆိုတာဘာတုံးအရှင်မဓမ္မဒိန္နာ၊ သက္ကာယဆိုတာဘာတုံး။

သက္ကာယဆိုတာ ခင်ဗျားတို့အခုတရားနာနေတဲ့ ဒကာဒကာမတွေက ခန္ဓာငါးပါးလို့ မှတ်လိုက်ပါ.... (မှန်ပါ့ဘုရား)။

သက္ကာယဆိုတာဘာတုံး....(ခန္ဓာငါးပါးပါဘုရား)။ ခန္ဓာငါးပါး အဲဒါ အခုရထားတဲ့ဥစ္စာ။ သန္တောကာယော သက္ကာယော ဆိုတဲ့အတိုင်း ပရမတ္ထအားဖြင့် ထင်ရှားရှိနေတဲ့ ရုပ်နာမ်တွေကို အားလုံး ဒကာဒကာမတွေက မှတ်ပါ၊ သက္ကာယဆိုတာ ဒါပဲလို့ မှတ်လိုက်.... (မှန်ပါ့ဘုရား)။

ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ကောင်းပြီ။ ဒါဖြင့် ဒီနေရာမှာ စကားစပ်မိလို့ ပြောပါတယ်၊ အခုနားလည်ထားကြတာက သက္ကာယဒိဋ္ဌိ ပူးတွဲပြီး နားလည်ထားကြတယ် .... နော် .... (မှန်လှပါဘုရား)။

ဘယ်လိုနားလည်ထားကြတာလဲ.... (ပူးတွဲပြီးနားလည်ထားပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိလို့ ပူးတွဲနားလည်ထားတယ်။ အဲဒါ ရှင်းချင်လို့ ဗိတ္ထုအကြောင်းကို ပြောလာတယ်လို့မှတ်ရမယ်။ (မှတ်ရပါမယ်ဘုရား)။

အခုတရားနာနေတဲ့ သီလရှင်တွေရော လူတွေရော အားလုံးသောပုဂ္ဂိုလ်တို့ ခန္ဓာငါးပါးဟာ သက္ကာယလို့ပဲမှတ်ထားပါ။

ဘာကြောင့် သက္ကာယခေါ်သတုံး မေးလို့ရှိရင်လဲ အဖြေတစ်ခုထဲ မှတ်ထားပါ။ သန္တောကာယော သက္ကာယောဆိုတဲ့အတိုင်း ပရမတ္ထအားဖြင့် အထင်အရှား ရှိနေတဲ့အတွက် သူ့ကို သက္ကာယပဲ ခေါ်သာခေါ်ကြ။ အထင်အရှားရှိနေတဲ့ သူ့ဘာခေါ်ကြမတုံး .... (သက္ကာယလို့ ခေါ်ပါတယ်ဘုရား)။

သက္ကာယဆိုတာ အထင်အရှားရှိနေတယ်ဆိုတာကို ရုပ်နာမ်ဓမ္မကိုဆိုတာလို့ ဒါကိုမှတ်ထားပါ။

တချို့ ဒကာဒကာမတွေက မသိတော့ တယ်သက္ကာယများသကိုး၊ ဒိဋ္ဌိလဲ မသိဘူးလို့မှတ်လိုက်ပါ။ အဲဒီလိုမှာ စကားကလွဲနေလို့ ပြင်ပေးလိုက်တယ်လို့ မှတ်ရမယ်— (မှန်ပါ့ဘုရား)။

သက္ကာယ တယ်များတယ်တဲ့ ညည်းကြည့်ရတာ သက္ကာယတယ်များတယ် အောင် ... သူတို့က မတတ်ဘဲနဲ့ ပြောနေတာ၊ အဓိပ္ပာယ်အာမှမသိဘဲနဲ့ သူများပြောတာကြားတာနဲ့ ပြောနေတယ်ဆိုတာ မသေချာဘူးလား .... (သေချာပါတယ်ဘုရား)။

http://www.dhammadownload.com



စင်စစ် သက္ကာယဆိုတာ ဘာမှ အပြစ်ရှိတာ မဟုတ်ပါဘူး ... (မှန်လှပါဘုရား)။

သက္ကာယဆိုတာ အားလုံး ဒကာဒကာမတွေ ရုပ်နာမ်ပဲ .... (မှန်လှပါဘုရား)။

သက္ကာယဆိုတာဘာတုံး.... (ရုပ်နာမ်ပါဘုရား)၊ ရုပ်နာမ်ကို ဆိုနေတာ ရုပ်နာမ် လူတိုင်းရှိတာ ဘုရားလဲရှိတာပဲ။

ဒါကြောင့် ဘုရားခန္ဓာလဲ သက္ကာယလို့မှတ် ... (မှန်လှပါဘုရား) ဒကာ ဒကာမတွေခန္ဓာရော ... (သက္ကာယပါဘုရား)။ သက္ကာယပဲ မှတ်လိုက်ပါ၊ သက္ကာယကြောင့် ဘာအပြစ်မှ မရှိဘူးလို့မှတ် ဒိဋ္ဌိကြောင့် အပြစ်ရှိတယ် ... (မှန်ပါဘုရား)။ ရှင်းတယ်မဟုတ်လား.... (ရှင်းပါပြီဘုရား)။

သက္ကာယကြောင့်.... (ဘာအပြစ်မှ မရှိပါဘူးဘုရား)။ ဘာအပြစ်မှ မရှိဘူးဆိုတာ သေချာမှတ်ပါ။

ဘာကြောင့် အပြစ်ရှိရသတုံးဆို သက္ကာယ အပေါ်၌ ဒိဋ္ဌိ ဝင်လာလို့သာ အပြစ်ရှိတယ်.... (မှန်ပါဘုရား)။

သဘောကျပြီလား.... (ကျပါပြီဘုရား)။

သက္ကာယ ဆိုတာကြောင့်တော့ ဘာမှ အပြစ်မရှိဘူး ... (မှန်လှပါဘုရား)။

သက္ကာယကို ခုနက ဒိဋ္ဌိဝိပ္ပလ္လာသ ဝင်လာမှ အပြစ်ရှိတယ်.... (မှန်လှပါဘုရား)။ သဘောပါပြီလား.... (ပါပါတယ်ဘုရား)။

ဘာ ဝင်လာတာတုံး ... (ဒိဋ္ဌိ ဝိပ္ပလ္လာသ ဝင်လာတာပါဘုရား)။ ဒိဋ္ဌိဝိပ္ပလ္လာသ ဝင်လာမှ အပြစ်ရှိတယ်။

ဒါကြောင့် ရုပ်ကို သက္ကာယ ငါထင်မှ ဒိဋ္ဌိဖြစ်တယ် ....

http://www.dhammadownload.com



(မှန်ပါဘုရား)။ ရုပ်ကိုငါထင်တော့ .... (ဒိဋ္ဌိ ဖြစ်ပါတယ် ဘုရား)။

အဲတော့ ရုပ်ကနဂိုက သက္ကာယ အဲဒါ ငါထင်နေလိုက်တယ်၊ ရုပ်ရုပ်မှန်းမသိဘဲနဲ့ ဒုက္ခသစ္စာမှန်းမသိဘဲနဲ့ ရုပ်ဟာငါပဲလို့ သူမှ ဒိဋ္ဌိဖြစ်တယ်။

ဒီကျမှ အပါယ်ကျမဲ့တရားက ပေါ်လာတယ်... (မှန်လှပါ ဘုရား)။

နဂိုက သူချည်း သက်သက်ကတော့ဖြင့် ရှိသင့် ရှိကောင်းတဲ့ ဓမ္မလို့မှတ်.... (မှန်လှပါဘုရား)။

ဒါဖြင့် ခန္ဓာငါးပါးရှိတဲ့ အနက် သက္ကာယက အပြစ်မရှိဘူး လို့မှတ်လိုက်.... (မှန်ပါဘုရား)။

သက္ကာယထဲက အင်း ဝနေတာငါပဲ ပူတာလဲ ငါ အေး တာလဲငါဘဲ ငါအေးပြန်ပြီ ငါပူပြန်ပြီဆိုတော့ သက္ကာယကို ငါဝင်ရှုပ်နေတာ .... (မှန်လှပါဘုရား)။

သက္ကာယထဲမှာ ... (ငါဝင်ရှုပ်နေတာပါဘုရား)။

သက္ကာယထဲမှာ ငါဝင်ရှုပ်နေလို့သာ ဒိဋ္ဌိဖြစ်တာ....(မှန်လှ ပါဘုရား)။

သက္ကာယထဲ ငါဝင်မရှုပ်ရင် .... (ဒိဋ္ဌိ မဖြစ်ပါဘူးဘုရား)။ ဒိဋ္ဌိမဖြစ်ဘူးပါဆိုတာ သေသေချာချာ မှတ်ကြစမ်းပါ။ ကဲ ... ကျေနပ်ပြီလား ....

ဒါဖြင့် သက္ကာယထဲမှာ ဒီ ဒကာဒကာမတွေမှာတော့ ရှုပ် တာကများတယ်။

ကျုပ်ကို စမ်း စမ်းပါ ပူကုန်ပြီ။ ကျုပ်တော့ အအေးပတ် ကုန်ပါပြီ ရုပ်ကိုကျုပ်လုပ်ပစ်လိုက်တယ်။ ကျုပ်ဆိုတာ ငါ့ကျုပ်

http://www.dhammadownload.com



အတူတူဘဲ.... (မှန်ပါ့ဘုရား)။

အထူတူဘဲလို့ သေသေချာချာ မှတ်မိကြပြီလား ... (မှတ်မိပါပြီဘုရား)။

ဒါဖြင့် ရုပ်ကို ကျုပ်လုပ်၊ ကျွန်မလုပ် ငါလုပ် ကျွန်တော်လုပ်လို့ ရှိရင်ဖြင့် ဒိဋ္ဌိဖြစ်ပါတယ်.... (ဖြစ်ပါတယ်ဘုရား)။

ရုပ်ဟာ ရုပ်အတိုင်းပဲလို့ သိနေတာမှ မတ္တာနဲ့ပဲ ဉာဏ်တော်ဖြစ်ပါသေးတယ်.... (မှန်ပါဘုရား)။

ဒိဋ္ဌိမဖြစ်တဲ့အပြင် ဉာဏ်တောင် ဖြစ်သေးတယ်ဆိုတာ အားလုံး ဒကာဒကာမတွေ မှတ်ထားရမယ်.... (မှန်လှပါဘုရား)။ ရှင်းပြီနော်.... (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိဆိုတာက သက္ကာယကို ငါဝင်ရှုပ်မှ ဒိဋ္ဌိ ဖြစ်ပါတယ် .... (မှန်ပါတယ်ဘုရား)။

သက္ကာယထဲမှာ .... (ငါဝင်ရှုပ်မှ ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။ ငါဝင်ရှုပ်မှ ဒိဋ္ဌိဖြစ်တယ်ဆိုတဲ့ အဓိပ္ပာယ် ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

ကဲ တစ်ခါ ဝေဒနာထဲ ဝင်ရှုပ်ထားပြန်ပြီ။ သူက ခုနက ရုပ်ကိုပူတာ အေးတာဝါလို့ ထင်နေတဲ့ရုပ်ထဲ ဝင်ရှုပ်တယ်... (မှန်ပါဘုရား)။

ငါ ထမင်း စားကောင်းလိုက်တာ ဆိုတော့ ဝေဒနာထဲ ဝင်ရှုပ်တယ်၊ ဝေဒနာငါထင်နေတယ်.... (မှန်လှပါဘုရား)။

ဒါကျတော့ သက္ကာယကို ခုနက ဒိဋ္ဌိဝိပ္ပလ္လာသနဲ့ မှားလိုက်တဲ့အတွက် သက္ကာယဒိဋ္ဌိ... (မှန်လှပါဘုရား)။

ဒါဖြင့် သက္ကာယကို အမြင်မှားမှ ဒိဋ္ဌိဖြစ်ပါတယ် ... (မှန်ပါဘုရား)။ သက္ကာယကို .... (အမြင်မှားမှ ဒိဋ္ဌိဖြစ်ပါတယ်

http://www.dhammadownload.com



ဘုရား)၊ အမြင်မှားမှ ဒိဋ္ဌိဖြစ်ပါတယ်။

သက္ကာယချည်းသက်သက်၊ အာအပြစ်မှ မရှိဘူးလို့ မှတ်ပါ (မှန်ပါဘုရား)။

ယုတ်စွအဆုံး ပြောပါပေါ့လားတဲ့။ ဘုရား ခန္ဓာတော်စ် သက္ကာယပါ.... (မှန်လှပါဘုရား)။

ဘုရားမှာ ဒိဋ္ဌိပြုတ်နေတယ်။ ဒီ ဒကာ ဒကာမတွေထဲမှာ သက္ကာယထဲမှာ ဒိဋ္ဌိဝင်ရှုပ်နေတယ်.... (မှန်လှပါဘုရား)။ဟိုမှာ ပြုတ်တယ်၊ ဒီတော့ ဝင်ရှုပ်နေတယ်။ သဘောပါပြီလား .... (ပါ ပါပြီဘုရား)။

ကောင်းပြီ။ ဒါဖြင့် တစ်ခါတစ်လေကျတော့ ငါမှတ်ထား အာ ဆိုပြီးတော့ သညာထဲ ဒိဋ္ဌိဝင်ရှုပ်တယ် .... (မှန်လှပါ ဘုရား)။ မရှုပ်ဘူးလား.... (ရှုပ်ပါတယ်ဘုရား)။

ငါမှတ်ထားတာ.... (သညာထဲ ဒိဋ္ဌိဝင်ရှုပ်ပါတယ်ဘုရား)။ သညာထဲ ဒိဋ္ဌိဝင်ရှုပ်တယ်။ ကျေနပ်ပြီလား .... (ကျေနပ်ပါပြီ ဘုရား)။

အော် — ဒီလိုရှုပ်လို့ရှိရင်တော့ အပြစ်ရှိတယ် (မှန်လှပါ ဘုရား)၊ ဒီလိုရှုပ်လို့ ရှိရင်တော့အပါယ် ငရဲမျိုးစေ့ပါလာတာ ဘဲလို့ ဆုံးဖြတ်ချက်ချပါ.... (မှန်လှပါဘုရား)။ သဘောပါပြီ လား.... (ပါ ပါတယ်ဘုရား)။

တစ်ခါ တလေကျတော့ ငါ့ စေတနာ မဖျက်စမ်းပါနဲ့ သင်္ခါရက္ခန္ဓာ စေတနာက သင်္ခါရက္ခန္ဓာ ငါ့ စေတနာ မဖျက် စမ်းပါနဲ့ဆိုတော့ သင်္ခါရက္ခန္ဓာကို ငါထင်နေတယ်....(မှန်လှပါ ဘုရား)။

သက္ကာယကို ငါထင်နေတယ်။ သက္ကာယနဲ့ ငါနဲ့ လွဲလိုက်

http://www.dhammadownload.com



တော့ သက္ကာယေဒိဋ္ဌိ ဆိုတဲ့ သက္ကာယဒိဋ္ဌိ ...(မှန်လှပါဘုရား)။

သက္ကာယေ- သက္ကာယတရား၌၊ ဒိဋ္ဌိ - အမြင်မှားမှုတည်း၊ သက္ကာယဒိဋ္ဌိဆိုတာ ခုနက စေတနာကို ငါထင်တဲ့ ဒိဋ္ဌိဘဲ၊ သက္ကာယကို ငါဝင်ရှုပ်နေလို့ ဒိဋ္ဌိဖြစ်ရပါတယ်။ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

ကောင်းပြီ။ ဒီနေရာဝေဖန်လိုက်ပါ။ အပြောမှာ အရေးမကြီးဘူးလို့ မှတ်.... (မှန်လှပါဘုရား)။

အထင် ငါ့အတွက်သာ ဟောရတယ်.... (မှန်လှပါဘုရား)။ အပြောမှာကတော့....(အရေးမကြီးပါဘူးဘုရား) အရေးမကြီးပါဘူးတဲ့၊ သိပြီးမှပြောနေတဲ့ ပုဂ္ဂိုလ်။

အခုလိုရှင်းပြီးလင်းပြီး ပြောနေတဲ့ ပုဂ္ဂိုလ်မှာတော့ ဒီပြောခြင်းကြောင့် အပါယ်ကျရမယ်လို့ ဒီလို ဘုရားက ဟောတာ မဟုတ်ဘူး.... (မှန်လှပါဘုရား)။

ဒါ.... သမုတိသစ္စာ မပြောမဖြစ်လို့ပြောတာ.... (မှန်လှပါဘုရား)။

ဘုရားတောင်မှ အာနန္ဒာ ငါ့သပိတ် ယူခဲ့လို့ တောင် ခိုင်းဆေးတာ .... (မှန်လှပါဘုရား)၊ ငါ့သင်္ကန်းကြီး လေးချိုးချိုး ခင်းလိုက်ကွာ။ ဘုရားလဲသုံးတာပဲ.... (မှန်လှပါဘုရား)။

သုံးပေမဲ့လဲအထင်မရှိဘူး။ အပြောသာရှိတယ်လို့မှတ်ပါ.... (မှန်လှပါဘုရား)။

ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်က ဒါမျိုးမဟုတ်ဘူး။ ထင်တဲ့အတိုင်းပြောနေတာ အထင်နဲ့ အပြောနဲ့က တစ်ခါတည်း ထပ်နေတာ .... (မှန်လှပါဘုရား)၊ သဘောပါလား.... (ပါပါပြီဘုရား)။

အထင်နဲ့ အပြော ထပ်လို့ရှိရင် သက္ကာယဒိဋ္ဌိ၊ အထင်နဲ့

http://www.dhammadownload.com



အပြော ထပ်ရင်.... (သက္ကာယဒိဋ္ဌိပါဘုရား)။

သက္ကာယဒိဋ္ဌိပဲဆိုတာ ကြောင့်... ခွဲပေးမဲ့လူ မရှိလို့ ရှိရင်လဲ မောင်သစ်တို့က ထပ်နေမှာဘဲ.... (မှန်ပါဘုရား)။ ခွဲပေးမဲ့လူ မရှိရင်.... (ထပ်နေပါမှာဘုရား)။

ခွဲပေးမဲ့လူ ရှိတယ်ဆိုလို့ သိပြီးသား ပုဂ္ဂိုလ်ကတော့ ကြောင့်.... အပြောတစ်မျိုးပဲ။ အရှိက တစ်မျိုးပဲလို့ ကိုယ့်ဉာဏ်က ဝေဖန်ပြီးသားပဲ၊ ဒါနောက်ထပ်ဖြုတ်နေစရာမလိုပါဘူး.... (မှန်လှပါဘုရား)။

ခုလို ခွဲပြီး ဆရာဘုန်းကြီး ခွဲပေးတဲ့အတိုင်း ကြောင့် .... ပြောရိုး ပြောစဉ်မို့ ပြောလိုက်တာပဲ။ စင်စစ်တော့ မဟုတ်ပါဘူး ဆိုတာတွေဟာ သက္ကာယက တစ်ခြားပဲ ဟုတ်ဘူးလား.... (ဟုတ်ပါတယ်ဘုရား)။

ဒီထဲ ငါဆိုတာက မပြောမဖြစ်တာနဲ့ ငါတော့လူကြီးဖြစ်နေတာ ငါဆို ငါသုံးမှဖြစ်မယ်။ အငယ် ဖြစ်ရင်တော့ ကျွန်တော် ကျွန်တော်မ သုံးမှဖြစ်မယ်၊ ငါ သုံးတော့ သုံးတာပဲ။ အသုံးမို့ သုံးတာဘဲဆိုရင် ဒါ သက္ကာယဒိဋ္ဌိလို့ သွားမဆိုနဲ့။ သဘောပါလား.... (ပါပါတယ်ဘုရား)။

ကဲ ဒါဖြင့် စိတ်ကို ငါ့စိတ်မစမ်းနဲ့ကွ။ လာပြီး စိတ်ကို ငါ့စိတ်တဲ့ ငါ့စိတ်မစမ်းနဲ့ဆိုတော့ စိတ်ထဲ ငါဝင်ရှုပ်နေတယ် .... (ရှုပ်ပါတယ်ဘုရား)။

ငါ့စိတ် မစမ်းနဲ့ဆိုပြီး ဟိုက စမ်းတယ်လို့ တစ်ယောက်သော ပုဂ္ဂိုလ်က ဘောက်ဆံဆံ ပြောလိုက်လို့ ရှိရင် ရန်ဖြစ်တာ ချည့်ပဲ မဖြစ်ဘူးလား.... (ဖြစ်ပါတယ်ဘုရား)။

အဲဒါကျတော့ ဒိဋ္ဌိ သေချာလို့လား ဒိဋ္ဌိမသေချာဘူးလား

http://www.dhammadownload.com



.... (သေချာပါတယ်ဘုရား)။

ငါ့စိတ်မစမ်းနဲ့ ငါ့စိတ် စမ်းရမလားဆိုပြီး သကာလ ဒုတ်ခား ကိုင်ထွက်လာတယ်။ ဒါကျတော့ နဂိုကိုက သူ့ဒီစိတ်ကို ငါလုပ်ထားတာ မလုပ်ဘူးလား.... (လုပ်ပါတယ်ဘုရား)။

ဒါကို သေသေ ချာချာ ရေရေရာရာ ပတ်ပတ်နပ်နပ် သိတဲ့ အခါကျတော့ ဩော် .... တို့ပုထုဇဉ်တွေမှာ ဆရာကောင်း သမားကောင်း မတွေ့လို့ ရှိရင်ဖြင့် ဒီဟာတွေနဲ့ ပတ်သက်ပြီး ရန်ဖြစ်နေတယ်.... (မှန်လှပါဘုရား)။ မဖြစ်ဘူးလား....(ဖြစ်ပါတယ်ဘုရား) ရှင်းကြပြီးလား ... (ရှင်းပါပြီဘုရား)။

ကောင်းပြီ။ ဒါဖြင့် သက္ကာယနဲ့ ဒိဋ္ဌိဟာ ဒကာ ဒကာမတွေ တခြားစီမှတ်ပါ။ တစ်ခြားစီမှတ်ပါ။

သက္ကာယက ခန္ဓာငါးပါး လောကီခန္ဓာငါးပါး ဟုတ်လား၊ ဒိဋ္ဌိက ဒီထဲမှာ တစ်ခု တစ်ခုထဲမှာ အကုန် ငါချည့်ယူတာကိုဆိုလိုက်တာ။

ရုပ်ကိုလည်း ငါယူ၊ ဝေဒနာလဲငါယူ၊ သညာငါယူ၊ စေတနာကို.... (ငါယူပါတယ်ဘုရား)၊ စိတ်ကို (ငါယူပါတယ်ဘုရား)။

အဲဒီ ငါ ယူလိုက်လို့ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တယ်လို့မှတ်လိုက် .... (မှန်လှပါဘုရား)။ ဘာဒိဋ္ဌိဖြစ်တုံး (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

ဥစ္ဆေဒ ဒိဋ္ဌိဆိုတာ ဘာပါလိမ့်မတုံး ဆိုလို့ရှိရင် ဒီစိတ် ချုပ်သွားလို့ရှိရင်လဲ ငါလဲ သေသွားတာပဲ၊ စိတ်ဖြစ်ရင် ငါ ဖြစ်တာပဲဆိုတော့ စိတ် ချုပ်သွားလို့ရှိရင် ငါလဲ သေတာပဲ ဟုတ်လား ... (ဟုတ်ပါတယ်ဘုရား)။

ငါ့စိတ်ချုပ် ငါသေတာပဲဆိုတော့ ဒကာ ဒကာမ တွေက ဒီနေရာ ဉာဏ်ဝင်ကြည့်ပါလားတဲ့ တစ်ခါကြည်း ဒကာဒကာမ တွေ မိမိ သေလို့ရှိရင် အရောင်ပါ သေသလို ယူလိုက်ဘယ် မယူဘူးလား.... (ယူပါတယ်ဘုရား)။

အဲဒီတော့ကို စိတ်ပေါ်၌ ဘာဖြစ်နေသတုံး ဆိုလို့ရှိရင်ဖြင့် သူတို့စိတ်ချုပ်ရင် ငါချုပ်တယ်။ ပြတ်ထွက်သွားတာပဲ ဒီပြင် အဆက်မရှိဘူး။ သဘောကျပြီလား .... (ကျပါတယ်ဘုရား)။

ဒါကြောင့်တဲ့ ရူပံအတ္တတောသမနုပဿတိ ဘုရားက၊ ရူပံ-ရုပ်ကို၊ အတ္တတော - ငါဟူ၍၊ သမနုပဿတိ - ရှု၏၊ ဒါ သက္ကာယဒိဋ္ဌိ ကွာတယ်။

ဝေဒနာ အတ္တတောသမနုပဿတိ ဝေဒနာကို ငါလို့ယူ လိုက်ပြန်လို့ရှိရင် တကယ်ရှုလိုက်လို့ တကယ် ထင်လိုက်လို့ရှိ ရှိရင်ဖြင့် သက္ကာယဒိဋ္ဌိပဲ သက္ကာယနဲ့ ဒီက အမှားနဲ့ သွားတွဲ တယ်၊ မတွဲသေးဘူးလား .... (တွဲပါတယ်ဘုရား)။

သက္ကာယနဲ့ - (အမှားနဲ့ပါဘုရား) အဲ.... အယူမှားနဲ့သွား တွဲတယ်...(မှန်လှပါဘုရား)။ ဒါကြောင့် သက္ကာယနဲ့အယူမှား နဲ့ သွားတွဲတဲ့အတွက် သက္ကာယဒိဋ္ဌိ အယူမှားက ဒိဋ္ဌိ ရှင်းပြီ လား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သက္ကာယနဲ့ ဒိဋ္ဌိနဲ့မတွဲဘူး၊ သက္ကာယ တခြားနေရင် ဘာမှမဖြစ်ဘူး.... (မှန်လှပါဘုရား)။ ဒါ... ဥစ္ဆေဒဒိဋ္ဌိ အယူ သဘောပါကြပြီလား.... (ပါပါတယ်ဘုရား)။

စိတ်ပျက်ရင် စိတ်ဝေဒနာ သေတာပဲ ဟုတ်ဘူးလား။ ဒီ ဝေဒနာနဲ့ ဒီဟောင်ကတော့ မတက်ပါဘူး။ ငါတော့သေမှာပဲ။

ငါနဲ့ ဝေဒနာနဲ့ ရောနေတယ် မရောဘူးလား ... (ရောပါတယ် ဘုရား)။

ငါနဲ့ဝေဒနာ မ မတက်တော့ပါဘူး။ ဒီဝေဒနာနဲ့ ငါနဲ့ တော့ ရောနေတာ ပါဘဲ။ ဒီဝေဒနာနဲ့တော့ ပါနေသမျှတဲ့။ မလာ ဘူးလား .... (လာပါတယ်ဘုရား)။

ပြောကော မပြောဘူးလား (ပြောပါတယ်ဘုရား)။ ထင်လား ... (ထင်ပါတယ်ဘုရား)။ ဒါဖြင့် ဒါတွေဆိုကြမလဲ။ (ဥစ္ဆေဒဒိဋ္ဌိပါ ဘုရား)။

သက္ကာယဒိဋ္ဌိလည်း ဆို၊ ဥစ္ဆေဒဒိဋ္ဌိ လည်းဆို ... (မှန်လှပါ ဘုရား)။ ရှင်းပြီလား ... (ရှင်းပြီဘုရား)။ သက္ကာယဒိဋ္ဌိသည်း .... ဆိုနိုင်ပါတယ်ဘုရား။ ဥစ္ဆေဒဒိဋ္ဌိလည်း.... (ဆိုနိုင်ပါတယ် ဘုရား)။ ဆိုနိုင်တယ် ဆိုတာ အတော ပါကြပြီလား .... (မပါပြီဘုရား)။

ဒါကြောင့် ဥစ္ဆေဒဒိဋ္ဌိ မြန်မာပြည် မရှိဘူးလို့ သွားယူလို့ မတော်ဘူး.... (မှန်ပါ့ဘုရား)။ တော်ပါ့မလား (မတော်ပါဘူး ဘုရား)။

မြန်မာပြည်မှာ ဥစ္ဆေဒဒိဋ္ဌိ သိပ်များနေတယ်။ သဿတဒိဋ္ဌိ ကလည်း ပေါတယ်။ ဥစ္ဆေဒဒိဋ္ဌိကလည်း — (ပေါပါတယ် ဘုရား)။ များတယ်ဆိုတာကို သေသေ ချာချာ သိတော့မှ ကြောက် — ကလျာဏမိတ္တဆိုတဲ့ ဆရာကောင်း သမားကောင်းနဲ့ မတွေ့လို့ ရှိရင်ဖြင့် ဒီအစွဲနဲ့ သေသွားလို့ရှိရင် အားလုံးအပါယ် သွားမယ်။

သက္ကာယကချတာလား ဒိဋ္ဌိက ချတာလား (ဒိဋ္ဌိကချတာ ပါဘုရား) . ဒိဋ္ဌိက ချတယ်ဆိုတဲ့ ဥစ္စာက ခုနင်က ဒိဋ္ဌိဖြစ်လာလို့

http://www.dhammadownload.com



ရှိရင် ပဋိစ္စသမုပ္ပါဒ် ထွက်တော့မယ်။ မထွက်ပေဘူးလား .... (ထွက်ပါတယ်ဘုရား)။

ဒိဋ္ဌိဆိုလို့ရှိရင် ဒိဋ္ဌုပါဒါန်က လာတော့မယ် မလာသေးဘူးလား၊ လာပါတယ်ဘုရား။

ငါထင်တယ်။ ငါနဲ့ဒီဝေဒနာနဲ့တော့ကြင့် ဒီတောင်မတက်တော့ ဘူး။ ငါ့ဝေဒနာနဲ့ ငါနဲ့တော့ဖြင့် မထင်တော့ပါဘူး၊ ငါ့ဝေဒနာကုန်း ငါ့ဝေဒနာတော့ ငါမထင်တော့ဘူး၊ မသုံးကြဘူးလား... (သုံးပါတယ်ဘုရား)။

သုံးကြတယ်။ ဒါဘာဒိဋ္ဌိလဲ... (သက္ကာယဒိဋ္ဌိပါဘုရား) သက္ကာယဒိဋ္ဌိလို့ဆို ဥစ္ဆေဒဒိဋ္ဌိလို့လဲဆို နှင်ခုစလုံးဆိုနိုင်ပါတယ်။ သက္ကာယဒိဋ္ဌိက မြှားလာတဲ့ ဥစ္ဆေဒဒိဋ္ဌိကိုး။

ကောင်းပြီ။ ဒီ - ဒကာဒကာမတွေမှာ ဒီအတိုင်း။ ငါဒီတောင်ကတော့ဖြင့် ဒီဝေဒနာနဲ့ မတက်တော့ဘူး ဆိုလို့ရှိရင် ဝေဒနာသေရင် ငါသေတာပေါ့လေ။

ဝေဒနာသေရင် ငါသေတယ်ဆိုတာ ငါအစစ်ရှိသေးရဲ့လား — (မရှိပါဘုရား)။

မရှိတာက ဥစ္ဆေဒဒိဋ္ဌိ ဖြစ်သွားတယ်။ ရှင်းကြပြီလား .... (ရှင်းပါပြီဘုရား)။

ကောင်းပြီ။ ဒါဖြင့် မြန်မာပြည်မှာ ဘာဒိဋ္ဌိများသတုံး.... (ဥစ္ဆေဒဒိဋ္ဌိ များပါတယ်ဘုရား)။

ရှင်တုန်းတော့ သဿတဒိဋ္ဌိများတယ်။ နာတုန်းမှာ ဥစ္ဆေဒဒိဋ္ဌိ များတယ်။ ရှင်တဲ့အခါကျတော့— (သဿတဒိဋ္ဌိများပါတယ်ဘုရား)။

http://www.dhammadownload.com



စီးပွားရေးဖြောင့်ရင် သဿတဒိဋ္ဌိများတယ်၊ ဝေဒနာနှိပ်စက်လာရင် ... (ဥစ္ဆေဒဒိဋ္ဌိများပါတယ်ဘုရား)။ ဘယ်ဟာများလွှတ်သေးတုံး ဘယ်ဟာမှ မလွှတ်တော့ဘူးတဲ့။

အဲဒီတော့ကို မသေဘဲနဲ့ ရှင်နေလို့ရှိရင်လဲ သက်ဆိုးရှည်တယ်လို့မှတ်ပါ၊ မသေဘဲနဲ့ နာနေလို့ရှိရင်လဲ သက်ဆိုးနာလို့မှတ်ပါ။ အပါယ်ချည်းသွားအုံးမယ်.... (မှန်ပါ) သိပ်ကြောက်စရာ ကောင်းပါတယ်။

ကောင်းပါတယ်။ ဒါဒီနေ့ည ဟောတဲ့တရားမှာဖြင့် ဒိဋ္ဌိဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ်ချုပ်တဲ့ ကံဆိုတော့ သူက ဒိဋ္ဌိဟာဘုန်းကြီးက တစ်ခါတည်း ဒကာဒကာမတွေမှတ်ဖို့ ပြောလိုက်တယ်။ငရဲမျိုးစေ့ဒိဋ္ဌိဟာ ဘာလဲ.... (ငရဲမျိုးစေ့ပါဘုရား)။

ငရဲမျိုးစေ့လို့ သေချာမှတ်ထားပါ၊ ဘယ့်နှယ်ကြောင့် ငရဲမျိုးစေ့ ဖြစ်ရပါသလဲဆိုတော့ ဒိဋ္ဌိရှိရင် ဒိဋ္ဌုပါဒါန်ကလာပြီ။ မလာဘူးလား.... (လာပါတယ်ဘုရား)။

ငါ ယူထားတာတော့ မစွန့်နိုင်ဘူးဟေ့။ မစွန့်နိုင်ရင် ဥပါဒါန်ဖြစ်မယ်။ ဟုတ်ဘူးလား ။...... ။

မစွန့်နိုင်လို့ရှိရင် ငါလုပ်ချင်သလို ငါထင်သလို ငါလုပ်မှာပဲ ငါထင်သလို ငါလုပ်မှာပဲ။ ငါထင်သလို ငါလုပ်တော့ ကံမမြောက်သေးဘူးလား.... (မြောက်ပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိ အုပ်တဲ့ကံ တစ်ခါတည်း ထွက်လာတယ်။ မထွက်ဘူးလား... (ထွက်ပါတယ်ဘုရား)။

ဒါကြောင့် ကမ္မဘဝ ပစ္စယာ ဇာတိ ဒါက လွတ်နိုင်သေးရဲ့လား.... (မလွတ်နိုင်ပါဘူးဘုရား)။

ဒါဖြင့် ဘယ်သူက ချလိုက်တာတုန်းလို့ မေးလို့ရှိရင်ဖြင့်

http://www.dhammadownload.com



လက်သည်အရင်းကျကျ ကံက ချလိုက်တာလား။ ဒိဋ္ဌိက ချလိုက်တာလား.... (ဒိဋ္ဌိကချလိုက်တာပါဘုရား)။

ဒိဋ္ဌိကအရင်းကျနေတာ .... (မှန်လှပါဘုရား)။ ခင်ဗျားတို့ သိထားတာက ဩော် .... ကံမကောင်းလို့ အပါယ်ကျတာ။ မဟုတ်ဘူး။ ကံက ဒိဋ္ဌိစီမံရာလိုက်နေတဲ့ကံ....(မှန်လှပါဘုရား)။

ကံက(ဒိဋ္ဌိစီမံရာလိုက်နေတဲ့ ကံပါဘုရား)။ အင်း.... အရင်းကျကျ ဘယ်သူပါလိမ့်မတုံးလို့ မေးရင် ....(ဒိဋ္ဌိပါဘုရား)။

ဒိဋ္ဌိပဲဆိုတာ ခင်ဗျားတို့ ကံပေါ်မှာချည်း ယူနေလို့ရှိရင် မကောင်းဘူး၊ အခုလိုခြေခြေမြစ်မြစ် သိထားမှသာလျှင် အဖိုးတန်တယ်လို့ မှတ်ထားပါ။ သဘောပါကြပြီးလား .... (ပါပါပြီဘုရား)။

အဲဒီတော့ ဝေဒနာ ဖြစ်လာလို့ရှိရင် ခင်ဗျားတို့ ဒိဋ္ဌိက သတ်လိုက်တာ .... (မှန်ပါဘုရား)။ ငါတော့ ဒီဝေဒနာနဲ့ ဒီ တောင်ကတော့ မတက်နိုင်တော့ပါဘူး ဆိုလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့် ဒီဝေဒနာနဲ့ ငါနဲ့က လုံးမနေဘူးလား ... (လုံးနေပါတယ်ဘုရား)။

အဲဒီတော့ ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များကျတော့ ဘုန်းကြီးက ဒီနေရာမှာ စကားထည့်ပေးလိုက်တယ်။ ဝေဒနာကတခြားမရောစေနဲ့ ....(မှန်လှပါဘုရား)။

ရှုတဲ့ဉာဏ်နဲ့ မရောစေနဲ့။ ဝေဒနာ ... သူ့သဘောနဲ့သူ ဖြစ်ပျက်နေတာဆိုပြီး တစိမ်းထားပြီး ကြည့်နေတာ... (မှန်လှပါဘုရား)။

တစိမ်းထားကြည့်နေတဲ့ အခါကျတော့ ဝေဒနာလေးတွေက နာတဲ့ဝေဒနာလဲ နာလိုက် ပျောက်လိုက်ပဲ။

http://www.dhammadownload.com



ကောင်းတဲ့ ဝေဒနာလဲ ကောင်းလိုက် ပျောက်လိုက်ပဲ၊ အလတ်စားဝေဒနာရော .... (အလတ်စားဖြစ်လိုက် ပျောက်လိုက်ပါဘုရား)။

ဒီလိုလေး ဉာဏ်ကတခြား ဒီဖြစ်ပျက်က တခြား သွားလို့ရှိရင် ခင်ဗျားတို့ ဒီဥစ္စာကို ဒိဋ္ဌိသတ်နေတယ်။ မှတ်ပါ။ဘာသတ်နေတာတုံး.... (ဒိဋ္ဌိ သတ်နေတာပါဘုရား)။

ဒိဋ္ဌိသတ်နေတယ်ဆိုတာ ရှင်းပြီလား.... (ရှင်းပါတယ်ဘုရား)

အဲဒီလို ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များကျတော့ တခြားစီတော့ ရှုကြပါ.... (မှန်ပါဘုရား)။

ဒါကြောင့် ညကိုအလုပ်ပေးတဲ့အခါမှာ ဂရုစိုက်မှတ်ရမယ်၊ ဝေဒနာရှုတဲ့ပုဂ္ဂိုလ်လဲ ဝေဒနာနဲ့ ဒီကဉာဏ်နဲ့ ဟို ဝေဒနာဟာ သူ့ဟာသူ အပြင်ဘက်ကနေတယ်။ ဉာဏ်ကအတွင်း ဘက်ကနေတယ် မရောစေနဲ့ ... (မရောပါဘူးဘုရား)။ စိတ်နဲ့တော့ ... (မရောပါဘူးဘုရား)။

မရောစေနဲ့ မရောရင် ပြီးတာပဲ။ မရောလို့ရှိရင် ဒါဖြင့်ကော ဒိဋ္ဌိဝင်လို့ရသေးလား ... (မရပါဘူးဘုရား)။ မရဘူး ဒိဋ္ဌိမရောဘူးဆိုရင် ဉာဏ်ဝင်ပြီသာအောက်မေ့တော့ မရောဘူးဆိုရင် .... (ဉာဏ်ဝင်ပြီသာ အောက်မေ့ပါဘုရား)။

ဉာဏ်ဝင်တဲ့ အခါကျတော့ကို ဝေဒနာကို တစ်မ်းသားပါ။ .... (မှန်လှပါဘုရား)။

ဩော် .... ကိုယ့်ခန္ဓာကြီးထဲမှာ ဒီဝေဒနာက ပေါ်နေတယ်၊ နာတယ် ကျင်တယ် ကိုက်တယ် ခဲတယ် အောင့်တယ် အစရှိသည်နှင့်ပေါ်နေလို့ရှိရင် သူသည်ကားလို့ ဆိုလို့ရှိရင်ဖြင့်ခန္ဓာထဲမှာ

http://www.dhammadownload.com



အခုမိမိကြည့်လိုက်တဲ့ အခါကျတော့ တစိမ်းသဘော ပေါ်နေတာပဲ။

ကိုယ်ပေါ်လို့လဲ ပေါ်တာမဟုတ်ဘူး။ သူ့သဘောနဲ့သူ ပေါ်ပြီးတော့လာ သူ့သဘောနဲ့သူ ချုပ်သွားတာလို့ ဒေါ်သြ သည်သဘောသာ ထားလိုက်။

သြော်သည်သဘောထားလိုက်တဲ့ အခါကျလို့ရှိရင်ဖြင့်တဲ့ သြော် သည်သဘောထားနိုင်ရင် အနတ္တပေါ်တယ် ...(မှန်ပါဘုရား)။

သြော်သည် သဘော ထားနိုင်ရင် .... (အနတ္တပေါ်ပါတယ် ဘုရား)။ အနတ္တပေါ်သွားတာပဲ အနတ္တဉာဏ် ဝင်လာတာပဲ .... (မှန်လှပါဘုရား)

သြော်သည်သဘောထားရင် .... (အနတ္တဉာဏ်ပေါ်ပါတယ် ဘုရား)။ ဒါကြောင့် ဝေဒနာနဲ့ငါနဲ့ မရောစေနဲ့ ... (မှန်လှပါ ဘုရား)။

ဝေဒနာနဲ့ငါနဲ့ မရောစေနဲ့ဆိုတဲ့ဥစ္စာ ဘာကို သင်လိုက်တုံး လို့ မေးလို့ရှိရင် ဉာဏ်သွင်းလိုက် ပြောတာပဲ၊ ဉာဏ်က သူ ဖြစ်နေတဲ့ နေရာလေးကို ဉာဏ်ကကြည့်ပေး။ ဉာဏ်ကကြည့်ပေး လိုက်တဲ့ အခါကျလို့ရှိရင် သြော်... သူသည် ခန္ဓာထဲမှာတော့ ပေါ်တော့ပေါ်တာပဲ။

နဂိုကလဲ ငါ့ခန္ဓာမဟုတ်ခဲ့ဘူး၊ ခန္ဓာထဲမှာ သြော်သည်တွေ လာပြီးသကာလ ကိန်းပြီး သြော်သည်နေ နေပြီး၊ သြော်သည်သေ သေတာပဲသာ ကြည့်ရမယ် ... (ကြည့်ရပါမယ်ဘုရား)။ နေတော့ ကော.... (သြော်သည်နေ နေရပါတယ်ဘုရား)။ သေတော့ကော (သြော်သည်သေပါဘုရား)။

အဲဒီလို ဆိုလို့ရှိရင်ဖြင့် ပရတောဆိုတာနဲ့ သွားကိုက်တယ်....

http://www.dhammadownload.com



(မှန်လှပါဘုရား)။ ပရတော-တစိမ်းပြင်ပအားဖြင့် ရှုရမယ်.... (မှန်ပါဘုရား)။

ဒီလို ဆိုလို့ရှိရင် အားလုံး ဒကာ ဒကာမတွေ မှတ်လိုက်၊ ဩော်.... ဒါ အနတ္တရှုနည်း၊ သင်တာပါလားဆိုတာ ပေါ်လာတယ်၊ (မှန်ပါဘုရား)။

ဘာသင်တာတုံး .... (အနတ္တရှုနည်း သင်တာပါဘုရား)။ အနတ္တရှုနည်းကို သင်လိုက်ပါတယ်လို့ မှတ်ပါ။ အဲတော့ ရောသေးလား။ ဝေဒနာနဲ့ ငါနဲ့ .... (မရောပါဘူးဘုရား)။

သူ့ တစိမ်းထားပြီးတော .... (မှန်ပါဘုရား)။ တစိမ်းထားပြီး ကြည့်တဲ့လူကလဲ တစိမ်း တစိမ်းပီပီ မြင်အောင်ကြည့်ပေး .... (မှန်လှပါဘုရား)။

သူဟာ ညော့်သည်သဘောနဲ့ဖြစ်ပြီး ညော့်သည်သဘောနဲ့ ချုပ်သွားတာဘဲ ညော့်သည် သဘော ဖြစ်ပြီးတော့ .... (ညော့်သည်သဘောနဲ့ ချုပ်သွားပါတယ် ဘုရား)။ ညော့်သည်သဘော ချုပ်သွားတာဘဲလို့ ဒီလိုသာကြည့်နေ၊ ဘုရားလဲရှိတာပဲ။ ဘုရားလဲ ဒုက္ခဝေဒနာ ရှိတာပဲ၊ ညီတော် အာနန္ဒာ သင်္ကန်းလေးခေါက် ချိုးပြီး ခင်းကွာ။ ပင်ပန်းလှပြီ။ သူပြောနေတာပဲ။

ဒုက္ခဝေဒနာတော့ ရှိရက်ပဲ။ ကာယိက ဒုက္ခတော့ ရှိတာပဲ၊ စေတသိက ဒုက္ခသာမရှိတာ။ သဘောပါပြီလား .... (ပါပါတယ်ဘုရား)။

ဘုရားမှာ ဘာဒုက္ခရှိတုံး....(ကာယိကဒုက္ခရှိပါတယ်ဘုရား)။ ကာယိက ဒုက္ခရှိတယ်။ ဝမ်းထဲက ဒေါမနဿဆိုတဲ့ စေတသိက ဒုက္ခမရှိဘူး .... (မှန်လှပါဘုရား)။

http://www.dhammadownload.com



ဒါတော့ ခြားနားတယ် ပုထုဇဉ်နဲ့။ သဘောပါသလား....(ပါပါတယ်ဘုရား)။

ဒါဖြင့် သူသည် ဝမ်းထဲကနာခြင်း၊ ဝမ်းထဲက ဒေါမနဿဖြစ်ခြင်း မရှိဘူး၊ ကိုယ်ပေါ်မှာတော့ နာတယ် ကိုယ်ပေါ်မှာ ဝမ်းလျှောတယ်ဆိုရင် နာတာဘဲ.... (မှန်လှပါဘုရား)။

ဝမ်းထဲက အူတွေ အသဲတွေ အောင့်အက်ပြီး သူများလိုပဲ လေရှိတာပေါ့ နာတာပါဘဲ။ နာပင်နာငြားသော်လည်း သူ့မှာ ဝမ်းထဲက ကိုယ်သာနာ၍ စိတ်မနာဘူး။ သဘောပါလား.... (ပါပါတယ်ဘုရား)။

ကိုယ်သာနာ၍ .... (စိတ်မနာပါဘူးဘုရား)။ စိတ်မနာဘူးတဲ့၊ ဘာပြုလို့ မနာသလဲမေးတော့ ဩော် .... သူ့ဉေ့သည်အဖြစ်နဲ့ကြည့် ကြည့်တတ်လို့ ... (မှန်ပါ့ဘုရား)။ ဘယ်လိုမှတ်ကြမတုံး... (ဉေ့သည်အဖြစ်နဲ့ ကြည့်တတ်လို့ပါဘုရား)။

အဲဒါ.... ခင်ဗျာတို့အားလုံး အတွက်ကို ယနေ့ ဒါဝတ္ထုက တော့ ပြောမှာပဲတဲ့။ သို့သော် ဝိပဿနာ သွင်းလိုက်တယ်လို့ မှတ်ပါ.... (မှန်လှပါဘုရား)။

ဘယ်လိုထားကြရမလဲ.... (ဝိပဿနာ သွင်းတယ်လို့ ထားရပါမယ်ဘုရား)။

ကိုယ့်အထဲ ပေါ်လာရင် ရုပ်ပေါ်လာလဲ ဉေ့ သည် ပဲ ဝေဒနာပေါ်လဲ ဉေ့သည်ပဲ။ သညာပေါ်လာ၊ စေတနာ ပေါ်လာ.... (ဉေ့သည်ပါဘုရား)။

အကုန်ဉေ့သည်ချည့်ပဲ ဆိုတဲ့ဥစ္စာ ဥပမာ သားလေးတစ်ယောက်၊ သမီးလေးတစ်ယောက် အကြောင်းမညီညွတ်လို့ ပျက်စီးသွားလို့ ရှိရင် ငါကိုယ်ကျိုးနည်းပြီ ဉေ့သည်ကို အိမ်သည်

http://www.dhammadownload.com



ထင်တာနဲ့ ငါကိုယ်ကျိုးနည်းပြီ၊ နဂိုက ညှော်သည်ပဲ လာပါ ခါလို့ လာ သလဲ မဟုတ်ဘူး။ နှင်လို့ သွားသလဲ မဟုတ်ဘူး .... (မှန်ပါတယ်ဘုရား)။

ညှော်သည်နဲ့ငါနဲ့ ရောနေတယ်.... (မှန်လှပါဘုရား)။ ရှင်းပြီ လား.... (ရှင်းပါပြီဘုရား)။ ဘာနဲ့ရောနေတုံး.... (ညှော်သည်နဲ့ ငါ ရောနေပါတယ်ဘုရား)။

အဲဒါ.... မျက်ရည်ပွဲနွဲတဲ့လူ ပေါင်းရောလို့ သာမှတ်၊ ရောလို့ ဆိုတာ သေချာကြပြီလား.... (သေချာပါပြီဘုရား)။

ဪ ...ဒါကြောင့် မိန်းမတွေ မျက်ရည် လွယ်လှချည်လား လို့ ဘာလို့များ မျက်ရည် လွယ်ပါလိမ့်မလဲ ဆိုလို့ ရှိရင်ဖြင့် ညှော်သည်ကို အိမ်သည်လုပ်နေလို့။ ညှော်သည်ကို.... (အိမ်သည် လုပ်နေလို့ပါဘုရား)။

ငါ့သမီး ငါ့သားသမီးနဲ့ သွားရှုပ်တယ်။ ငါ့သားဆိုတော့ .... (သားနဲ့သွားရှုပ်တယ်)။ သဘောကျပြီလား .... (ကျပါပြီ ဘုရား)။

သားမှာရှိတဲ့ ရုပ်နာမ်တွေကို ကိုယ်နဲ့လဲတခြားစီ အဲဒီထဲ အမေနဲ့ ငါဝင်ရှုပ်တာ။

အဲဒီလို အခါကျတော့မှ ငါ့လက်မောင်းပြုတ်ပြီ သွားကြည့် တော့လဲ လက်မောင်းအရှိသား။ သက်သက်ကို ဝင်ရှုပ်ထားလို့ ....(မှန်လှပါဘုရား) ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

ဒါကြောင့် ငါ့လက်မောင်း ပြုတ်ပြီ။ ငါ့တောင်ကြီးပြိုပြီ ဆိုတဲ့ နောက်က ဒကာဒကာမတွေ ရိပ်မိပြီလား....(ရိပ်မိပါပြီ ဘုရား)။

http://www.dhammadownload.com



သာဝဝင်ရှုပ်သကိုး… (ဝါဝင်ရှုပ်ပါတယ်ဘုရား) သမီးထဲမှာ ဝါဝင်ရှုပ်တယ်၊ သားထဲမှာ… (ဝါဝင်ရှုပ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားအရှုပ်နဲ့ ခင်ဗျားတို့ မျက်ရည်ကျရတာ (မှန်လှပါဘုရား)။ သဘောပါပြီလား… (ပါပါပြီဘုရား)။

ဩော်…မျက်ရည်ဟာ ခင်ဗျားတို့ ကံမကောင်း အကြောင်း မသင့်လို့ ကျရတာလား၊ ရှုပ်မှုကြောင့် ကျရတာလား (ရှုပ်မှုကြောင့်ကျရတာပါဘုရား)။ ပေါ်လောက်ပါပြီ မပေါ် သေးဘူးလား …(ပေါ်ပါပြီဘုရား)။

မျက်ရည်ကျကဲ့သူတွေကို ခင်ဗျားတို့ ဒကာမချင်းလဲ ခက်ပါ၊ တချို့က ကံကောင်း အကြောင်းမသင့်လို့ သားဆိုး သမီးဆိုးနဲ့ တွေ့ရလို့။

ကံမကောင်း အကြောင်း မသင့်လို့ ပျက်စီးမှုနှင့်ကြုံသွားလို့ မျက်ရည် ကျရတယ်တဲ့၊ ဝါဝင် ရှုပ်ထားပြန်ပြီ၊ ဝါသားကဲ သားနဲ့ ငါနဲ့ရောပစ်လိုက်တယ် (မှန်လှပါဘုရား)။

ဒီထဲ အမေမှာရှိတဲ့ ဒိဋ္ဌိနဲ့ သားရှိတဲ့ သက္ကာယနဲ့ သွားရော လိုက်တယ်…. (မှန်လှပါဘုရား)။ မရောလိုက်ဘူးလား… (ရော လိုက်ပါတယ်ဘုရား)။

ရောလိုက်သည်နဲ့ တပြိုင်နက်တည်း ဟိုက အနတ္တပြလို့ အစိုး မပိုင်တဲ့ အနတ္တလဲ ဘုံးခနဲ ဒိုင်းခနဲ လဲပြီး စုတေစိတ်ကျတာလဲ ပြလိုက်ပါရော ငါကိုယ်ကျိုးနဲ့ပြီ… (မှန်လှပါဘုရား)။

ဒါကြောင့်…ဒိဋ္ဌိ၊ ဒိဋ္ဌိတည်းဟူသောကြိုးနဲ့ ဟို ကိုယ့်သက္ကာန် အမေ့သက္ကာန်ရှိတဲ့ ဒိဋ္ဌိတည်းဟူသော ကြိုးနဲ့ သားနဲ့ဟာ သွား တွဲနေတယ်။ ဟိုက လှဲတော့ ဒီက ဂျမ်းထိုးနေတယ်၊ ရိပ်မိပြီ လား (ရိပ်မိပါပြီဘုရား)။

ဒိဋ္ဌုပါဒါန် ပေါ်လာပြီ ဟုတ်ဘူးလား .... (ဟုတ်ပါတယ်ဘုရား)။ ဒိဋ္ဌုပါဒါန် ပေါ်ကြပြီလား....(ပေါ်ပါပြီဘုရား)။

ဘာအကျိုးဆက်နေတုံး.... (ဒိဋ္ဌိအကျိုး ဆက်နေပါတယ်ဘုရား)။ ဒိဋ္ဌိအကျိုးနဲ့ ဟို သက္ကာယဆိုတဲ့ သားခန္ဓာနဲ့သွားပြီး ဆက်နေတယ်၊ ရိပ်မိပြီလား.... (ရိပ်မိပါပြီဘုရား)။

အဲဒါ .... ဟိုက ဖောက်သွှဲ ဖောက်ပြန် ဖြစ်ပါရော ဒီက အမေက ဂျွမ်းထိုးရော ဘာဖြစ်လို့တုံး ကြိုးချင်းဆက်နေတယ် .... (မှန်လှပါဘုရား)။ ရိပ်မိပြီလား.... (ရိပ်မိပါပြီဘုရား)။

ဒါကြောင့် .... ယနေ့ သေသေချာချာ ပြောပါတယ် သက္ကာယနဲ့ ဒိဋ္ဌိနဲ့ မရောနဲ့ — (မှန်လှပါဘုရား)။ နို့မို့ ဂျွမ်းထိုးရမှာစိုးလို့ ရှင်းပြီလား— (ရှင်းပါပြီဘုရား)။

ခင်ဗျား တို့က ဂျွမ်းမထိုးရရင်ကို မနေတတ်တဲ့ အဓိပ္ပာယ် ရောက်နေတယ်၊ မရောက်ဘူးလား.... (ရောက်ပါတယ်ဘုရား)။

ဂျွမ်းမထိုးတတ်လို့ရှိရင် ဘေးကလူက ကဲ့ရဲ့တယ် (မှန်လှပါဘုရား) သူ့ကြည့်ရတာ တိရစ္ဆာန်ပုံ ပေါက်နေတယ်။

တဗုန်းဗုန်း လဲနေတဲ့ ဥစ္စာ ကိုယ့်ရင်သွေး မျက်ရည်တစ်စက် မထွက်ဘူး နေနိုင်လိုက်တာ တိရစ္ဆာန်ပုံပေါက်နေတာ။ ကျုပ်တို့တော့ မနေနိုင်ဘူး၊ မသုံးဘူးလား— (သုံးပါတယ်ဘုရား)။

ကျုပ်တို့တော့ မနေနိုင်ဘူးဆိုတော့ သူက ငါဝင်ရှုပ်နေတာ သူက တိရစ္ဆာန် ... (မှန်ပါဘုရား)။ လူကို တိရစ္ဆာန်ကနေပြီး သကာလ ကဲ့ရဲ့ နေတယ် ...(မှန်လှပါဘုရား) ရိပ်မိပြီလား .... (ရိပ်မိပါပြီဘုရား)။

ဘယ်သူက ကဲ့ရဲ့တုံး.... (တိရစ္ဆာန်က ကဲ့ရဲ့ပါတယ်ဘုရား)။

သို့သော်လည်း ကိုင်း ဒီလိုဆိုရင် မကောင်းပါဘူး။ ငါ့လဲ

http://www.dhammadownload.com



တိရစ္ဆာန် လုပ်ဦးမှပဲဆိုပြီး မျက်ရည် ထွက်လိုက်ရင်လဲ သွားပြန်ရော မသွားသေးဘူးလား... (သွားပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ ကြပ်ကြပ်စဉ်းစားပါ၊ ခင်ဗျားတို့ အဲဒါ အဖော်ကောင်း ကြိုက်နေတာ။ ငိုတဲ့လူနဲ့ တွေ့လို့ရှိရင် ခေါင်းချင်းဆိုင်ပြီး နှစ်ယောက်ပြိုင်ငိုချင် ငိုနေတာ။ အင်မတန်ကြောက်စရာ ကောင်းနေတာ မကောင်းဘူးလား—(ကောင်းပါတယ်ဘုရား)။

ဒီထဲ အဖော် မရှိလို့ရှိရင်လဲ ခင်ဗျားတို့က ငိုတာတောင် တိတ်မယ့်လူတွေ မဟုတ်ဘူး အတော်ဆိုးတာ။

အဲဒါကို ယနေ့ညပြောပါတယ်။ သက္ကာယထဲမှာ ဒိဋ္ဌိသွား မရောစေနဲ့ .... (မှန်လှပါဘုရား)။

ဒိဋ္ဌိသွားမရောလို့ရှိရင် မျက်ရည်တစ်စက် ကျစရာမရှိဘူး— (မှန်လှပါဘုရား)။

တုန်လှုပ် ချောက်ချားစရာကော မရှိဘူး ထိတ်ခနဲ လန့်ခနဲ ကော.... (မရှိပါဘူးဘုရား)။

ဒါကြောင့်— ဖုဋ္ဌဿ လောကဓမ္မေဟိ စိတ္တံ ယဿ န ကမ္ပတိ။ လောကကြီးထဲမှာ ဘယ်လိုဖောက်ပြန် နေငြားသော်လည်း ငါ့ စိတ်ထဲမှာ မလှုပ်ဘူးတဲ့ ဘာဖြစ်လို့ မလှုပ်သတုံးဆိုတော့ ဒိဋ္ဌိ ပြုတ်နေလို့၊ ရှင်းပြီလား .... (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဖုဋ္ဌဿ လောကဓမ္မေဟိ လောကထဲမှာ ဖောက်ပြန်ပျက်စီးခြင်း၊ လာဘော အလာဘော ယသော အယသော ဆိုတဲ့ နိံ သံ ပသာနံ သုခံ ဒုက္ခံ ဆိုတဲ့ လောကဓံရှစ်ပါးနဲ့ တွေ့လို့ရှိရင်လို့ အရိယာတွေက မလှုပ်ဘူးကွ။

http://www.dhammadownload.com



ဘာဖြစ်လို့ မလှုပ်သတုံး ကြိုးချင်းက မဆက် တော့ဘူး ဆက်သေးသလား... (မဆက်ပါဘူးဘုရား)။

ဟိုက လဲလို့ ဒီက ဂျွမ်းထိုး သေးရဲ့လား ... (မထိုးပါဘူး ဘုရား) ရိပ်မိပြီလား... (ရိပ်မိပါပြီဘုရား)။

အဲဒါ ဘာဖြစ်လို့ပါလိမ့်... (သက္ကာယနဲ့ ဒိဋ္ဌိနှင့် မရောလို့ ပါဘုရား)။

သက္ကာယနဲ့ ဒိဋ္ဌုပါဒါန်နဲ့ မရောလို့ .... (မှန်လှပါဘုရား ။ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

သက္ကာယနဲ့ (ဒိဋ္ဌုပါဒါန်နဲ့ မရောလို့ပါဘုရား)။ နို့မို့လို့ရှိ ရင်ဖြင့် အင်္ဂလန်မှာ သားလေးသွားထား၊ အင်္ဂလန်ကျွန်း စစ် ဖြစ်သတဲ့ဆိုရင် ဒီက အမေက ဂျွမ်းထိုးတယ်၊ ဒိဋ္ဌုပါဒါန်နဲ့ ချည်ထားတာကိုး....(မှန်လှပါဘုရား)။

ကြိုးဘယ်လောက် ရှည်တယ်ဆိုတာ ပေါ်ပြီလား .... (ပေါ် ပါပြီဘုရား)။

ဒီကျအောင် ငါကဟိုထဲသွားရှုပ်တာ။ ငါကြိုးဘယ်လောက် ရှည်တယ်ဆိုတာ ပေါ်ကြပြီလား.... (ပေါ်ပါပြီဘုရား)။

အင်္ဂလန်နဲ့ ရန်ကုန် မိုင်ခြောက်ထောင် ဝေးတယ်။ အဲဒီ ခြောက်ထောင်ကို ကြိုးတန်းတာပဲ။ မတန်းဘူးလား.... (တန်း ပါတယ်ဘုရား)။

ဒါက ဒိဋ္ဌုပါဒါန်။ ဒိဋ္ဌိတည်းဟူသော ဥပါဒါန် ကြိုးက တန်းနေတယ်၊ ပေါ်ပြီလား .... (ပေါ်ပါပြီဘုရား)။

ဒါကိုက ရှုပ်တာလား ဒီက သွားရှုပ်တာလား .... (ဒီက သွားရှုပ်တာပါဘုရား)။

ဒီက သွားရှုပ်တာ ဟိုမှာ ဘာမှမဖြစ်သေးဘူး ဆိုတော့

http://www.dhammadownload.com



မှ ဒီက ဂျွမ်းထိုးတာ စောချင်စောနေမှာ.... (မှန်ပါဘုရား)။

ပြောသာကြားနဲ့ မစောဘူးလား .... (စောပါတယ်ဘုရား)။

စောတယ်ဆိုတာ ပေါ်ကြပြီလား .... (ပေါ်ပါပြီဘုရား)။

အဲဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဒိဋ္ဌိ မပြုတ်လို့ ရှိရင် မင်းတို့ကြီးချင်း တန်းနေလို့ ငိုရ၊ ဘာ ကိစ္စနဲ့ ငိုရ၊ သမီးကိစ္စနဲ့ ငိုရ၊ ပစ္စည်းကိစ္စနဲ့ ငိုရလို့ ရှိရင် မ သမုဒ္ဒရာ လေးစင်းရေက နည်းသေးတယ်ကွ စုထားလို့ ရှိရင် မင်းတို့ ဘဝတွေမှာ ငိုခဲ့ရတဲ့ဥစ္စာတွေကို မပျောက်မပျက်တဲ့ စုထားမယ်ဆိုရင် သမုဒ္ဒရာ လေးစင်းရေက နည်းသေးတယ်ကွ .... (မှန်လှပါဘုရား)။

ဟောသင့် မဟောသင့်.... (ဟောသင့်ပါတယ်ဘုရား)။ သူဟောတာလား အမြင်ပြောတာလားလို့ အကဲခတ်ပါ ... (အမြင် ပြောတာပါဘုရား)။

ခင်ဗျားတို့ ဘုရားက ဒီလိုဟောတယ်လို့ မယူပါနဲ့ ကိုယ်ဖြစ်စဉ်က ဒီလိုဖြစ်တယ်လို့ ယူလိုက်စမ်းပါ....(မှန်လှပါဘုရား)။

ဘုရားကအမြင်ကျယ်လို့ ဟောတယ် ခင်ဗျားတို့က သံဝေဂ ဖြစ်အောင်လို့ ဟောတယ်လို့ မယူနဲ့ .... (မှန်လှပါဘုရား)။

ကိုယ့်မျက်ရည်က ဒီလိုများလို့ ဘုရားက လက်ညှိုး ထိုးပြတာ ဒီလိုယူပါ.... (မှန်ပါဘုရား)။

နို့မို့ လို့ရှိရင်ဖြင့် ခင်ဗျားတို့က ဘုရားသခင် ကိုယ်တော်ကြီး ကတော့ ချောက်တစ်လှည့် ပေါက်တစ်လှည့် သံဝေဂရအောင်လို့ ပြောရှာဘယ်။

သံဝေဂရအောင် ပြောရှာတယ် ဆိုတော့ ကိုယ်အတွက် မဟုတ်ဘူးလိုလို သူများဖြစ်စဉ် ပြောသလိုလို ဒီလို ထင်နေကြ

http://www.dhammadownload.com



တယ်။ မဟုတ်ဘူး။ တစ်ယောက် ယောက်ကို လက်ညှိုးထိုး ပြောတယ်လို့မှတ်။ ရှင်းပြီးလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့်ဒိဋ္ဌိက ဖြုတ်သင့် မဖြုတ်သင့်.... (ဖြုတ်သင့်ပါတယ် ဘုရား)။

ဖြုတ်သင့်လို့ရှိရင်ဖြင့် သက္ကာယနဲ့ ဒိဋ္ဌိမရောစေနဲ့....(မရော ပါဘူးဘုရား)။

ရောလိုက်ရင်တော့ အကျိုး ဆက်သွားမယ်၊ ဒိဋ္ဌုပါဒါန် ရောက်သွားမယ် ရောက်သွားသည်နှင့်တစ်ပြိုင်နက်တည်း တစ်ခါ တည်း အသံကြားရင် ထိတ်ခနဲ ဖြစ်သွားမယ်။

အသံကြားလို့ ကောင်းတာ ကြားလိုက်ရင် ပြုံးခနဲ ဖြစ် သွားမယ်၊ မလာပေဘူးလား.... (လာပါတယ်ဘုရား) ကောင်း တာကြားတော့လဲ.... (ဒိဋ္ဌိဆက်ပါတယ်ဘုရား)။

ဩော်.... ငါ့သမီး ချွန်လိုက်တာ၊ ငါ့သား ချွန်လိုက်တာ။ ဆက်နေလို့ပြုံးတာကိုး .... (မှန်လှပါဘုရား)။ မဆက်ရင် .... (မပြုံးပါဘူးဘုရား)။

ချွန်တဲ့ ပုဂ္ဂိုလ်ကတော့ သက်တမ်းတိုသွားပြီတဲ့ ဆိုလို့ရှိရင် မဲ့ပြီးမလာဘူးလား .... (လာပါတယ်ဘုရား)။ ဘာဖြစ်တာတုံး .... (အကျိုးဆက်တာပါဘုရား)။

ဒါကြောင့် ဒိဋ္ဌုပါဒါန် ဆိုတာ သဘောပါပြီလား .... (ပါပါတယ်ဘုရား)။

ကိုင်း .... ဒါဖြင့် ယနေ့ည ပြောတာ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ မရောပါစေနဲ့.... (မှန်လှပါဘုရား)။

သက္ကာယဟာ ခန္ဓာငါးပါး — (မှန်လှပါဘုရား)။ ဒိဋ္ဌိက စင်ရှုပ်တာ.... (မှန်လှပါဘုရား)။

http://www.dhammadownload.com



ခန္ဓာငါးပါးကို ခန္ဓာငါးပါးပျောက်ပြီးသကာလ ငါလုပ်ပစ်လိုက်တာ .... (မှန်လှပါဘုရား)။

အဲ.... ဘယ်သူက သွားရောတာတုံး .... (ဒိဋ္ဌိက ဝင်ရောတာပါဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့ သည်ကားလို့ ဆိုလို့ရှိရင် သူများက နှိပ်စက်လို့ ကိုယ်မျက်ရည် ကြီးငယ်ကျရတာလား။ ဟုတ်လား၊ ဟိုသွားရောမိလို့ ကျရတာ.... (ဟိုသွားရောမိလို့ ကျရတာပါဘုရား)။

ဟာဒါဖြင့် လောကွတ်ကြောင့် ငိုတာ သနားစရာမရှိပါဘူး၊ (မှန်လှပါဘုရား)။ ဘာကြောင့် (လောကွတ်ကြောင့် ငိုတာပါဘုရား)။

လောကွတ်ကြောင့် ငိုတာ၊ လောကွတ်ကြောင့် ပြုံးတာတွေကို၊ သနားစရာရှိကြရဲ့လား.... (မရှိပါဘူးဘုရား)။ ခင်ဗျားတို့ နဂိုက ပဲ တစိမ်းမှမဟုတ်တာ.... (မှန်လှပါဘုရား)။ သနားစရာရှိကြရဲ့လား.... (မရှိပါဘူးဘုရား)။

ခင်ဗျားတို့ နဂိုကလဲ တစိမ်းဘဲမဟုတ်လား၊ သူ့အနာကလဲ ဖြစ်ပျက်၊ ကိုယ့်အနာကလဲ .... (ဖြစ်ပျက်ပါဘုရား)။ ရောလို့ ရလား .... (မရပါဘူးဘုရား)။

မရတာကိုပဲ ကျုပ်တို့ မနေတတ်ပါဘူး၊ မနေတတ်ပါဘူး ဆိုတာက သားနဲ့သမီးနဲ့ ဆွေနဲ့မျိုးနဲ့ဟာ ပူးပူးကပ်ကပ် တိုင်တိုင်ပင်ပင် ဆွေးဆွေး နွေးနွေး ချစ်ချစ် ခင်ခင် ကြင်ကြင်နာနာ။ ဒါကို ဆုတောင်းထားရတယ် သားဆိုး သမီးဆိုးနဲ့များမတွေ့ပါစေနဲ့လို့ ဒိဋ္ဌိနဲ့ ကြိုးချည်ပြီး တောင်းတာ .... (မှန်လှပါ

F . 6

http://www.dhammadownload.com



ဘုရား)။ ရိပ်မိပြီလား.... (ရိပ်မိပါပြီဘုရား)။

ဘယ်လိုဆုတောင်းကြတုံး.... (ဒိဋ္ဌိနဲ့ ကြိုးချည်ပြီးတောင်းပါတယ်ဘုရား)။ ဘာပြုလို့တုံးဆိုတော့ ဒါမှ ငိုပွဲဆင်ရမှာ၊ ဘာပွဲဆင်ရမှာတုံး.... (ငိုပွဲဆင်ရမှာပါဘုရား)။

ရိပ်မိပြီ ခင်ဗျားတို့။ အဲတော့.... ဘာနဲ့ဘာ ရောတာထုံး.... (သက္ကာယနဲ့ ဒိဋ္ဌိရောတာပါဘုရား)။

တော်လာပြီ။ ဗီနွေညှာ အမျှားကြီးတော်တယ်။ ခင်ဗျားတို့ သက္ကာယထဲမှာ ဒိဋ္ဌိဝင်ရှုပ်နေတယ်။ (မှန်ပါဘုရား)။

သားသမီး သက္ကာယထဲမှာ အမေ့ဒိဋ္ဌိ ဝင်ရှုပ်တယ်။ အမေ့သက္ကာယထဲမှာ သားသမီး ဒိဋ္ဌိ ဝင်ရှုပ်တယ်ဆိုတော့ ကြိုးကြိုးချင်း ရှုပ်နေတယ်.... (ရှုပ်ပါတယ်ဘုရား)။

နွားနှစ်ကောင် ချည်လွတ်လိုက်သလိုဘဲ.... (မှန်ပါဘုရား)။ ဒီဘက်က နွားတစ်ကောင်က အသွားမတတ်လို့ ချောက်ထဲကျတာ ဟိုကြိုးကဆွဲပြီး ချောက်ထဲကျတာဘဲ။ နှစ်ကောင်စလုံးကျတာဘဲ။ ရိပ်မိပြီလား.... (ရိပ်မိပါပြီဘုရား)။

ဒါဟာ ဘာဖြစ်လို့တုံး .... (သက္ကာယနဲ့ ဒိဋ္ဌိ ရောလို့ပါဘုရား)။ အမေ့ဒိဋ္ဌိကလဲ သမီးပေါ်မှာမရောဘူး။ သမီးဒိဋ္ဌိကလဲ.... (အမေ့ပေါ်မှာ မရောပါဘူးဘုရား)။

ဒါကြောင့် ခင်ဗျားတို့ နွားနှစ်ကောင် ချောက်ထဲကျသလို တစ်ကောင် ချောက်ကျရင် ကျမှာဘဲ.... (မှန်လှပါဘုရား)။

ခင်ဗျားတို့ကတော့ ချီးမွမ်းမှာဘဲ။ ဩော်.... သူတို့ သားအမိသာ ဆိုတယ် ညီအစ်မလိုဘဲ တိုင်တိုင်ပင်ပင် ရှိလိုက်တာ။ ခင်ဗျားတို့အစား သိပ်ဂုဏ်ယူတာနေဘ် ....(မှန်လှပါဘုရား)။

ဘာလို့လဲ နှစ်ကောင်ကျ ကျချင်လို့ ရိပ်မိပြီလား ....

http://www.dhammadownload.com



(ရိပ်မိပါပြီဘုရား)။ ဘာကျချင်လို့တုံး .... (နှစ်ကောင်ကျ ကျချင်ပါတယ်ဘုရား) အင်း....နှစ်ကောင်ကျ ကျချင်နေတယ်။

နှစ်ကောင်ကျ ကျချင်လို့ရှိရင် ဆုလဲ တောင်းပါတယ်တဲ့၊ သေအတူ ရှင်အတူတဲ့ ပါသေးတယ် မပါဘူးလား .... (ပါပါတယ်ဘုရား)။

နှစ်ကောင်ကျတောင်းထားတာ သေအတူ ရှင်အတူပါဘဲတဲ့။ ငါဖြစ်လဲ ကိုယ့်မျက်စိ အောက်၊ သူဖြစ်လဲ ကိုယ့်မျက်စိ အောက်မှာပဲ ဖြစ်ပါစေ။ ကိုယ်ဖြစ်လို့ရှိရင်လဲ .... (မျက်စိအောက်မှာ ဖြစ်ပါစေ ပါဘုရား)။

ဒါမှ နှစ်ကောင်ကျကိုး။ ရိပ်မိပြီလား .... (ရိပ်မိပါပြီ ဘုရား)။ ရှုးလိုက်တဲ့ဖြစ်ခြင်းမှ ဒါ.... ဒိဋ္ဌိရှုးဆိုတာ သေချာပြီ .... (မှန်ပါဘုရား)။

ဒိဋ္ဌိမွတ္တကလို့ ဘုရားဟောတာများ ခင်ဗျားတို့နည်းနည်း နေ့နေ့ မှန်တယ်လို့ မအောက်မေ့ပါနဲ့။ သို့သော် ခင်ဗျား တို့ကိုယ်က ဒိဋ္ဌိမပြုတ်သေးတဲ့ ပုဂ္ဂိုလ်ကျတော့ အင်း.... သူတို့ ကြည့်ရတာ သူတို့အကျိုးပေး ထယ်ကောင်းပါလားလို့ တောင် ခင်ဗျားတို့က ဒိဋ္ဌိနဲ့လှမ်းချီးမွမ်းလိုက်တယ်....(မှန်လှပါဘုရား)။

ဘာနဲ့ချီးမွမ်းလိုက်တုံး ....(ဒိဋ္ဌိနဲ့ ချီးမွမ်းတာပါဘုရား)။

ချီးမွမ်းတဲ့သူကလဲ ဒီ ဒိဋ္ဌိမျိုး ရချင်သေးတယ်။ နှစ်ကောင် ကျ ကျချင်သေးတယ်၊ ရိပ်မိပြီလား.... (ရိပ်မိပါပြီဘုရား)။

ခင်ဗျားတို့ နာနာဟောတာလား ဖြစ်စဉ်ကိုက်လား အကဲ ခတ်ပါ။ ဖြစ်စဉ်ကိုက်ဆိုတာ သေချာပြီလား.... (သေချာပါပြီ ဘုရား)။

ကဲ.... ဒါကြောင့် ဒီနေ့ည ဟောတာဟာ ဘာနဲ့ဘာမရော

http://www.dhammadownload.com



စေနဲ့တုံး.... (သက္ကာယဒိဋ္ဌိနဲ့ ဒိဋ္ဌိမရောစေတာပါဘုရား)။ မရော စေနဲ့။ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

သမီး သက္ကာယနဲ့ အမေ့ ဒိဋ္ဌိနဲ့ ...(မရောရပါဘူးဘုရား)။

အမေ့သက္ကာယနဲ့ သမီး ဒိဋ္ဌိနဲ့ ...(မရောရပါဘူးဘုရား)။

မရောစေနဲ့ မရောလို့ရှိရင်တော့ဖြင့်ခင်ဗျားတို့အမေ ဘာဖြစ် နေနေ သမီးကနေတတ်တယ်.... (မှန်လှပါဘုရား)။

သမီး ဘာဖြစ်နေနေ .... (အမေကနေတတ်ပါတယ်ဘုရား) အမေက နေတတ်တယ်။

အဲဒါ .... နေတတ်မှသာလျှင်လဲ ဒိဋ္ဌိ ဒိဋ္ဌုပါဒါန် ဒိဋ္ဌိအုပ် ချုပ်တဲ့ ကံ ဆိုတဲ့ ဣမ္မဘဝ ပစ္စယာ အပါယ်ဇာတိ ဆိုတာ မလာမှာ.... (မှန်လှပါဘုရား)။

အဲဒါကို .... ခင်ဗျားတို့ ရိပ်မိအောင် မသိတဲ့လူချင်း ခုနက ပြောပြီးပါပြီ။ မြှောက်လဲမပေးကြနဲ့.... (မှန်လှပါဘုရား)။

လူ့တိရစ္ဆာန်တဲ့ တူလိုက်တာဆိုပြီး သွားလဲ လုပ်မပေးပါနဲ့ .... (မှန်လှပါဘုရား)။

သမီးတစ်ယောက်လုံး ဖြစ်နေတဲ့ဥစ္စာ နေနိုင်လိုက်တာ မပူ ရဘူးလို့ဆိုတာ မဟုတ်ပါဘူး။

ဆေးသမား ဆိုတာလဲ ပူတာပဲ။ ပူရမယ်လို့လဲ (မဟုတ်ပါ ဘူးဘုရား) ပူရမယ်ဆိုတာ မပါစေနဲ့ သူ့လောကွတ်က များ လွန်းတယ်.... (မှန်လှပါဘုရား)၊ ရိပ်မိပြီလား .... (ရိပ်မိပါပြီ ဘုရား)။

အင်မတန်ဆိုးတယ်။ ကဲ....ဒါဖြင့် ဘာနဲ့ဘာ မရောရမှာလဲ .... (သက္ကာယနဲ့ ဒိဋ္ဌိ မရောရမှာပါဘုရား)။

ကဲ.... ဒါဖြင့် — ဒါ မရောလို့ရှိရင်ဖြင့် ခင်ဗျားတို့ အပါယ်

http://www.dhammadownload.com



လဲ မသွားရဘူး၊ မစွပ်ပွန်လဲ ဒုက္ခမရောက်ဘူး —(မှန်လှပါဘုရား)။ အပါယ်လဲ မသွားရပါဘူးဘုရား။

ရောတဲ့တစ်နေ့ကျ လာလို့ရှိရင်ဖြင့် ပစွပ်ပွန်ဒုက္ခ သေတော့ အပါယ်ဒုက္ခ နှစ်ဒုက္ခရတယ် .... (မှန်ပါဘုရား)။ ရောနေတဲ့ သတ္တိ ပေါ်လာကြပြီလား .... (ပေါ်ပါပြီဘုရား)။

ဘယ်လိုများကျင့်ကြမတုံး.... (သက္ကာယနဲ့ ဒိဋ္ဌိမရောရပါဘူးဘုရား)။ မရောမှဘဲ အပြောနဲ့မရဘူးနော်။

အိမ်ကျလို့ရှိရင် ဘယ်သူက သက္ကာယတုံး၊ ငါတော့ ဒိဋ္ဌိများ ဖြစ်နေပါ့ကိုး ဝေဖန်ကြည့်ပါဦး။

ဝေဖန်ကြည့်တဲ့အခါကျတော့ အော်... ငါက ဒိဋ္ဌိ သမီးက သက္ကာယ ဒီနေ့ကစ မရောစေဘူး။ ဒါကြပ်ကြပ် သတိထားပါ ....(မှန်လှပါဘုရား)။

ရောလိုက်လို့ရှိရင်လဲ ဒါ.... နှစ်ကောင်ကျ မှတ်မိပြီလား.... (မှတ်မိပါပြီဘုရား)။ ရောလိုက်ရင် ဘာတုံး .... (နှစ်ကောင်ကျပါဘုရား)။ နှစ်ကောင်ကျဆိုတာ အပါယ်ဘဲ .... (မှန်လှပါဘုရား)။

တစ်ခါတလေများ အခုမှ တွေ့ရတယ်ဆိုပြီး အမေနဲ့ သမီး ခေါင်းချင်းဆိုင် မျက်ရည်စုံ ကျသေးတယ်၊ ပါသေးတယ် .... (မှန်လှပါဘုရား), မပါဘူးလား .... (ပါပါတယ်ဘုရား)။

ဘာဖြစ်တာတုံး နဂိုက ဟိုဘက်က သက္ကာယနဲ့ ဒီဘက်က ဒိဋ္ဌိနဲ့ရှုပ်နေတာ။ ဒီဘက်က သက္ကာယနဲ့ ဟိုက ဒိဋ္ဌိနဲ့ကော .... (ရှုပ်နေတာပါဘုရား)။

အဲဒီ.... ရှုပ်မှုကြီး ခက်နေတာ။ ပေါ်ကြပြီလား .... (ပေါ်ပါပြီဘုရား)။ ဒါဖြင့် .... ဘာနဲ့ ဘာ မရောဖို့ .... (သက္ကာယနဲ့

http://www.dhammadownload.com



ဒိဋ္ဌိ မရောဘို့ပါဘုရား)။

အဲဒီတော့.... သမိုးနဲ့ အမေနဲ့မရောတာ ဟောသည်ကခန္ဓာနဲ့ ဒိဋ္ဌိနဲ့လဲ ကိုယ့်ဒိဋ္ဌိနဲ့လဲ ကိုယ့်ခန္ဓာနဲ့ မရောစေနဲ့ (မှန်လှပါဘုရား)။ ရှင်းပြီလား .... (ရှင်းပါပြီဘုရား)။

နို့မို့ ရင်တဲ့ ကိုယ့်အနာ ပေါက်လာရင်ဖြင့် ပေါက်ပေါ် သွားရော မလာဘူးလား .... (လာပါတယ်ဘုရား)။ ဒါဖြင့်.... မိမိခန္ဓာငါးပါးနဲ့လဲ မိမိသဏ္ဌာန်မှာရှိတဲ့ ဒိဋ္ဌိနဲ့ .... (မရောရပါ ဘူးဘုရား)။မရောစေနဲ့။ ပေါ်ကြပြီလား.... (ပေါ်ပါပြီဘုရား)။

မရောရင် မနေနိုင်ပါဘူးဘုရား။ ဒီလိုမျိုး ပါသူများပါ သေးလား.... (မပါပါဘူးဘုရား)။

မပါဘူး ဆိုလို့ ရှိရင်ဖြင့် အိမ်ကျမှ ရောချင်ရော ဒီထဲတော့ ဘောက်ပြော မနေနဲ့၊ ကြပ်ကြပ်သတိထားပါ .... (မှန်လှပါ ဘုရား)။

ဒီ အပြစ်လောက် ကြီးတာ ဘုရားက ရှာမတွေ့ဘူးတဲ့ .... (မှန်လှပါဘုရား)။

ဒီအပြစ်က ဘာတုံး ဆိုလို့ ရှိရင်ဖြင့်တဲ့ ပဥ္စာနန္တရိယကံ ကျူး အောင်သွားတယ် .... (မှန်လှပါဘုရား)။

ငါကောင်းစားချိန် မရှိဘူးဆိုပြီး ငါ့အဖေ သတ်မှပဲ ဆိုပြီး ဒိဋ္ဌိကသတ်တယ်.... (မှန်လှပါဘုရား)။ သဘောပါပြီလား .... (ပါပါပြီဘုရား)။

ဘယ်သူက သတ်တာတုံး .... (ဒိဋ္ဌိက သတ်တာပါဘုရား) တဏှာက သတ်တာလား၊ ဒိဋ္ဌိကသတ်တာလား.... (ဒိဋ္ဌိကသတ် တာပါဘုရား)။

ကဲ.... သူမလုပ်ရဲတာလို့ ရှိသေးလား .... (မရှိပါဘူးဘုရား)

http://www.dhammadownload.com



ငါ့ဆင်းရဲတယ်ကွ။ ဘုရားဥ္စာပနာ ဖောက်အုံးမယ်။ ဘယ်သူက ဖောက်တာတုံး… (ဒိဋ္ဌိကဖောက်တာပါ ဘုရား)။

ဒိဋ္ဌိအယူက ပဋ္ဌာနန္တရိယကံ ဖြစ်တဲ့ဥစ္စာ မလုပ်ရဲတာ သူ တစ်ခုမှ မရှိဘူး ရှင်းပြီလား…. (ရှင်းပါပြီဘုရား)။

ဒါဖြင့် …. ဘုရားသခင် ကိုယ်တော်မြတ်ကြီးက အကုသိုလ် ဖြစ်တဲ့အထဲမှာ သူ ဒိဋ္ဌိအကြောက်ဆုံးဘဲ…(မှန်လှပါဘုရား)။

ဒါကြောင့် …. တစ်နေ့က ပြောလိုက်တယ် မဟုတ်သား၊ ဒိပြင် ပဋ္ဌာနန္တရိယကံ ကကွာ ကမ္ဘာပျက်ခါနီးမှ ပဋ္ဌာနန္တရိယ ကံတို့ အမိ သတ်မိတယ်၊ အဖ သတ်မိတယ်နဲ့ လွတ်သွားတယ် ကွ၊ ဒိဋ္ဌိက မလွတ်ဘူးကွ…. (မှန်ပါတယ်ဘုရား)။ မဟောဘူး လား…. (ဟောပါတယ်ဘုရား)။

ဒိဋ္ဌိကွ ဒီ စကြာဝဠာက ကမ္ဘာမီးလောင်တော့ ဟို စကြာ ဝဠာပြောင်းခံကွ။ ဒိဋ္ဌိ သမားက…. (မှန်လှပါဘုရား)။

ဒါ ဒိဋ္ဌိနဲ့ တကွာ ဘယ်သူက အပြစ်လေးတုံး….. (ဒိဋ္ဌိက အပြစ် လေးပါတယ်ဘုရား)။ ဒိဋ္ဌိက အပြစ် လေးတယ်ဆိုတာ သေချာပေါ်ပါပြီ …. (မှန်လှပါဘုရား)။ မပေါ်သေးဘူးလား …. (ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဝိသာခက မေးတယ်။ သက္ကာယ ဆိုတာ ဘာတုံး ဝိသာခသူဌေးကမေးလိုက်တယ် သူ့ဒကာမက ခုနက ပြောသလိုပေါ့လေ။

မပျော်လို့ များ ပြန်လာသလား၊ ဒီ ဒိဋ္ဌိကွာတာ မြင်လို့ ရှိ ရင်လဲ သူ သြော်…. တရားရလို့ ပြန်တာပဲ …. (မှန်ပါဘုရား)။

ဒိဋ္ဌိ ကွာတာမမြင်လို့ ရှိရင်လဲ သူပျင်းလို့ ပြန်လာတာဘဲ။ အသကား မိန်းမစိတ်နဲ့ ကချီဆိုး ဒီလိုနဲ့ ပြန်လာတယ်လို့ သူ

http://www.dhammadownload.com



ဒါကို လူထွက်ချင်လို့ ပြန်လာတာသား မေးရမှာလဲ ပညာရှိ သဘောမရောက်ဘူး .... (မှန်လှပါဘုရား)။

ဒါကြောင့် သူကဓမ္မဒိန္နာ သက္ကာယဆိုတာ ဘာတုံး မေးလိုက်တယ် သဘောကျပြီလား.... (ကျပါတယ်ဘုရား)။ သက္ကာယ ဆိုတာက ခန္ဓာငါးပါးလို့ ဖြေလိုက်တယ် .... (မှန်လှပါဘုရား)။

သူရိပ်မိတယ်။ ဒိဋ္ဌိ ပြောစမ်းပါအုံး။ အို .... ဒိဋ္ဌိက ခန္ဓာငါးပါးထဲ ငါဝင်ရှုပ်တာ။ ဩော် .... ဒါဖြင့် သူဟာ တရားထူး ရပြီဆိုတော့ ပေါ်လာပြီလား.... (ပေါ်လာပါပြီဘုရား)။

ပညာရှိမေးပုံက မပျော်လို့ လာသလားလို့ မေးတာမဟုတ်ဘူး တရားနဲ့မေးကြည့်လိုက်တာ။ တရားရ မရ .... (မှန်လှပါဘုရား)။

အခုကြည့်စမ်း မေးလိုက်တော့ ဒါ....အိမ်မှာတတ်တဲ့ ပညာမှ မဟုတ်ဘဲ။ အလုပ်နဲ့ပြောတဲ့ ပညာ။ ရှင်းကြပြီလား .... (ရှင်းပါပြီဘုရား)။ ဘာနဲ့ပြောတာတုံး .... (အလုပ်နဲ့ပြောတဲ့ ပညာပါဘုရား)။

သက္ကာယဆိုတာ ဘာတုံးလို့ ဝိသာခ သူဌေးက မေးလိုက်တော့ ခန္ဓာငါးပါးတဲ့ .... (မှန်လှပါဘုရား)။

ဒိဋ္ဌိဆိုတာဘာတုံး။ အို .... ဒီထဲက တစ်ပါးပါးကို ရုပ်ကို ငါထင်တာ ဝေဒနာ ငါထင်တာ သညာ ငါထင်တာ သင်္ခါရ ငါထင်တာ ဝိညာဏ် ငါထင်တာ စိတ်ကို ငါထင်တာ အဲဒါက ဒိဋ္ဌိ.... (မှန်လှပါဘုရား)။

ဒါ ရှင်းလား .... (ရှင်းပါပြီဘုရား)။ ကဲဒါဖြင့် သက္ကာယနဲ့ ဒိဋ္ဌိကွဲပြီလား .... (ကွဲပါပြီဘုရား)။ သက္ကာယက ဘာတုံး ....

http://www.dhammadownload.com



(ခန္ဓာငါးပါးပါဘုရား)။

ဒိဋ္ဌိဆိုတာက ခင်ဗျားတို့က ရုပ်ကိုဘာထင်တုံး (ငါထင်တာပါဘုရား)။ အဲဒီ ငါဝင်ရှုပ်တာကို ဒိဋ္ဌိဘဲ.... (မှန်ပါဘုရား)။

သက္ကာယသည် ဘာအဖြစ်မှမရှိ၊ ဒိဋ္ဌိဝင်ရှုပ်မှ အဖြစ်ရှိပါအယ် .... (မှန်လှပါဘုရား)။

အဲဒီလို ဝိသာခက မေးလိုက်တော့ ဟိုက ဒီအတိုင်းဘဲ ဖြေလိုက်ပါတယ်။ သဘောကျကြပြီလား....(ကျပါပြီဘုရား)။

သက္ကာယနဲ့ ဒိဋ္ဌိ ကွဲပြီလား .... (ကွဲပါပြီဘုရား)။ ကွဲပြီ။ သက္ကာယ ဆိုတာက မိမိ ခန္ဓာငါးပါး။ (မှန်လှပါဘုရား)။ ရုပ်သဘောခန္ဓာငါးပါး၊ ရှင်းပြီနော်.... (ရှင်းပါပြီဘုရား)။

ဒိဋ္ဌိက မိမိခန္ဓာငါးပါး ရှိတာကို တစ်ခန္ဓာ တစ်ခန္ဓာ ငါချည်း လုပ်တာကိုး... (မှန်လှပါဘုရား)။ ဓါဘာခေါ်ကြမတုံး .... (ဒိဋ္ဌိခေါ်ပါတယ်ဘုရား)။

ခန္ဓာကို ငါလုပ်တယ်၊ ငါ့မစမ်းနဲ့နော်၊ ငါ့စိတ်မစမ်းနဲ့ ဆိုရင် စိတ်ငါလုပ်တယ် .... (မှန်လှပါဘုရား)။ ငါ့ဝေဒနာနဲ့ ငါနဲ့တော့ ခက်ပါသေးတယ် ဝေဒနာ ငါလုပ်တာပဲ.... (မှန်လှပါဘုရား)။

ငါက မေ့တတ်လာပြီ။ အရင်တုံးကဆိုရင်ဖြင့် ငါ့သညာက ညံ့တာ မဟုတ်ဘူး။ သညာ ငါလုပ်တာ။ မလာဘူးလား — (လာပါတယ်ဘုရား)။

ငါ နဂိုက လေးလုံးခြောက်ဖက်ကြီး အင်း....လာပြီ ရုပ်ကို ငါလုပ်ပြန်ပြီ.... (မှန်လှပါဘုရား) မလာဘူးလား (လာပါတယ်ဘုရား) သဘောပါပြီလား.... (ပါပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီတော့ ဟိုက ရှုပ်တာလား မိမိဒိဋ္ဌိက သွားရှုပ်တာလား.... (မိမိဒိဋ္ဌိက သွားရှုပ်တာပါဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိပဲ။ သက္ကာယေ - သက္ကာယ တရားပေါ်၌၊ ဒိဋ္ဌိ ဝေဝင်ရှုပ်တဲ့ နည်းတည်း။ သက္ကာယဒိဋ္ဌိခန္ဓာငါး ပါး တစ်ပါးပါးပေါ်၌ ငါက ဝင်ရှုပ်တာ။ ဝေဝင်ပြီးနေတာ ဒိဋ္ဌိ၊ ရှင်းပြီလား.... (ရှင်းပါတယ်ဘုရား)။

အဲဒီတော့ ဒီ ဒိဋ္ဌိရှိတဲ့ ပုဂ္ဂိုလ်များက ဘယ်လိုယူသတ်သတုံး လို့ မေးတဲ့ အခါကျလို့ရှိရင်ဖြင့် မှတ်လိုက်ပါ။ မီးသေရင် အရောင်သေတာပဲလို့ .... (မှန်လှပါဘုရား)။ မီးသေရင် .... (အရောင်သေတာပါဘုရား)။

ဩော် .... မီးသေလို့ရှိရင်ဖြင့် မီးရောင် သေသွားတာပဲ။ ဒီမှာပဲ ငါသေလို့ရှိရင် ဝေဒနာလဲသေတယ်၊ ဝေဒနာလဲ .... (ငါသေတာပဲ ဘုရား)။

ငါသေတာပဲဆိုတော့ မီးနဲ့အရောင်ကို သူက တစ်တွဲထဲယူထားတယ်.... (မှန်လှပါဘုရား)။ သဘောကျပြီလား....(ကျပါတယ်ဘုရား)။ မီးနဲ့ အရောင်ကို.... (တစ်တွဲတွဲယူထားပါတယ်ဘုရား)။

အဲ .... တစ်တွဲထဲ ယူထားတယ်ဆိုတော့ မီးနဲ့အရောင်ဟာ တစ်ခြားစီပဲ။ မီးနဲ့အရောင်ဟာ အရောင်က ဘေးလင်းတာ။ မီးကပူတာ .... (မှန်လှပါဘုရား)။ အရောင်က.... (ဘေးလင်းတာပါဘုရား)။

အရောင်က အလင်းပေးတာ။ မီးက .... (ပူတာပါဘုရား) အဲတော့.... အရောင်ဆိုတာက ဥပမာမယ်-ဒကာဒကာမတွေ 'လ' ကျတော့လဲ 'လ' ကတစ်မျိုး၊ သူ့အရောင်ကတစ်မျိုး၊ 'နေ'

http://www.dhammadownload.com



ကျပြန်တော့ 'နေ'က အပူ၊ သူက အရောင်တစ်မျိုး။ သဘော ကျပြီလား.... (ကျပါပြီဘုရား)။

ဩော်.... 'နှင်း'ကျပြန်တော့လဲ ဒကာဒကာမတို့'နှင်း'သွား စမ်းကြည့်တော့ အေးတယ်။ အရောင်ကြည့်တော့ ဖွေးဖွေးဖွေး လေး ရောလို့ ရရဲ့လား.... (မရပါဘူးဘုရား)။

အဲဒါ ရောပစ်လိုက်တယ်။ အဲဒါ ရောပစ်လိုက်လို့ ရှိရင်ဖြင့် ဒါ ဃနဒိဋ္ဌိ ဖြစ်တော့တာပဲ .... (မှန်လှပါဘုရား)။

ငါက ဒီဝေဒနာနဲ့ ဒီတောင်က မတက်တော့ဘူးဆိုလို့ ရှိရင် ငါသေရင် ဝေဒနာလဲ မရှိတော့ဘူး ဟုတ်ဘူးလား....(ဟုတ်ပါ တယ်ဘုရား)။

သေမှ ပျောက်မယ်ထင်ပါရဲ့ အစရှိသဖြင့် ငါသေမှ ပျောက်မယ် ထင်ပါရဲ့ မလာဘူးလား....(လာပါတယ်ဘုရား)။ ဒီလိုဆိုတော့ ဘာနဲ့ဘာ ရောနေတုံး .... (ဝေဒနာနဲ့ ငါနဲ့ ရောနေပါတယ် ဘုရား)။

ဝေဒနာနဲ့ ငါရောတာ ဝေဒနာပျောက်တော့ ငါပျောက် ဘယ်လို့ယူတယ်။ ဝေဒနာပျောက်တော့ ငါပျောက်ဘယ်လို့ ယူပြီး ကတည်းက ဟိုက အဆက်ရှိသေးရဲ့လား .... (မရှိပါဘူး ဘုရား)။ မရှိတော့ ဘာဒိဋ္ဌိတုံး.... (ဥစ္ဆေဒဒိဋ္ဌိပါဘုရား)။

အဲဒါ ဥစ္ဆေဒ ဒိဋ္ဌိဆိုတာ ဒကာဒကာမတို့က မရှိဘူးလာ့ တယ်တဲ့။ စင်စစ် ဥစ္ဆေဒဒိဋ္ဌိက သိပ်များတယ်၊ ပေါ်ကြပြီလား .... (ပေါ်ပါပြီဘုရား)။

ဒါကြောင့်.... ခုနက စကားနှစ်လုံး သုံးလိုက်တယ်။ ကျန်း မာရင် သဿတဒိဋ္ဌိ ဟုတ်ဘူးလား။ ဆင်းရဲရင်.... (ဥစ္ဆေဒဒိဋ္ဌိ ပါဘုရား)။

http://www.dhammadownload.com



ကျန်းမာတဲ့ ပုဂ္ဂိုလ်ကျတော့လဲ ဘယ်နေ့ကျပြ ဘယ်ပုံမျိုး ဘယ်လို လုပ်လိုက်ရလို့ ရှိရင်တော့ အင်း .... ကြွလာဦးမှာ၊ ပွလာဦးမှာပဲ။ မသေတော့ဘူးတဲ့ ဒီကြား သေလိမ့်မယ်လို့ သာတို့ ဘာမှမပါဘူး.... (မပါပါဘူးဘုရား)။

ရုပ်နာမ်တွေဖြစ်နေတာ ပါသေးရဲ့လား ဒီတော့ ဘာဒိဋ္ဌိတုံး .... (သဿတဒိဋ္ဌိပါဘုရား)။

ဒီဝေဒနာနဲ့ ငါနဲ့တော့ဖြင့် ငါသေမှပဲ အေးမှာပဲ။ ငါ သေမှ ဒီဝေဒနာပျောက်မှာ၊ ဝေဒနာပျောက်ရင် ငါပျောက် တာကိုး(မှန်လှပါဘုရား) ပြောလို့ရလား....(မရပါဘူးဘုရား)။

မရတာ သူက ဘယ်လို့ လုပ်ထားတုံး .... (ရောဘာပါပဲ ဘုရား)။ ဒါကြောင့် သူ့ ဘာဒိဋ္ဌိခေါ်သတုံး .... (ဥစ္ဆေဒဒိဋ္ဌိ ပါဘုရား)။

အဲ.... ဝေဒနာပျက်လို့ရှိရင်၊ ငါ့ဝေဒနာနဲ့ ငါနဲ့ တစ်တွဲ ထဲယူထားတော့ ဝေဒနာပျောက်၊ ဝေဒနာနဲ့ ငါနဲ့တော့ဖြင့် ငါသေမှပဲ ဝေဒနာပျောက်မှာပဲ၊ သဘောကျပြီလား.... (ကျ ပါပြီဘုရား)။

ဝေဒနာနဲ့ ငါနဲ့က တစ်တွဲထဲ ယူထားတော့ကို ဒကာ ဒကာမတွေ နောက်ဆက်မရှိတော့ ဥစ္ဆေဒဒိဋ္ဌိနဲ့ သွားတယ် .... (မှန်လှပါဘုရား) သဘောပါပြီလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ဒကာဒကာမတို့ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ကွဲပြီလား (ကွဲပါပြီ ဘုရား)။ ကွဲပြီနော် .... (ကွဲပါပြီဘုရား)။ ခန္ဓာငါးပါးကဘာ တုံး .... (သက္ကာယပါဘုရား)။

ဒိဋ္ဌိက နဂိုက ရှိတာလား၊ ကိုယ်က သွားရောဘာလား... (ကိုယ်ကသွားရောတာပါဘုရား)။

http://www.dhammadownload.com



အဲဒီလို သွားရာလို့ ရှိရင်ဖြင့် ဝေဒနာ ငါထင်တဲ့ အတွက် ရုပ်ကို ငါထင်တဲ့အတွက် ဒိဋ္ဌိ ဝိပ္ပလ္လာသ .... (မှန်ပါဘုရား)။

ဝေဒနာ ငါထင်တဲ့အတွက်... (ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား)။ အဲတော့ ... နဂိုက ဝိပ္ပလ္လာသပါလို့ ဆိုနေကတည်း ကိုက ဒါဟာ တစ်သက်လုံးမှာ ဒီလူမှာ ဒီဟာတွေ ငါထင်နေရင်ဖြင့် သူ့ အရှုံးပဲ ... (မှန်လှပါဘုရား)။ ဆိုနိုင်ပြီလား.... (ဆိုနိုင်ပါတယ်ဘုရား)။

တစ်သက်လုံး ဆရာကောင်းမှ မတွေ့တော့ဘူး ဆိုရင်ဖြင့် ဒါ...တစ်သက်လုံးမှာ ဒီလူဟာ ဒီဟာတွေ၊ ငါထင် နေရင်ဖြင့် သူ့အရှုံးပဲ .... (မှန်လှပါဘုရား)။ ဆိုနိုင်ပြီလား .... (ဆိုနိုင်ပါပြီဘုရား)။

တစ်သက်လုံး ဆရာကောင်းမှ မတွေ့ခဲ့ဘူး ဆိုလို့ ရှိရင်ဖြင့် ဒါ တရှုံးထဲရှုံးနေမှာပဲ။ ရုပ်ကိုလဲငါပဲ ဝေဒနာလဲ ... (ငါပါဘဲ ဘုရား)။

ဘာဝိပ္ပလ္လာသလဲ.... (ဒိဋ္ဌိဝိပ္ပလ္လာသပါဘုရား) ဒိဋ္ဌိဝိပ္ပလ္လာသတဲ့။ ဒိဋ္ဌိက မှားတာ၊ ဝိပ္ပလ္လာသက ဖောက်ပြန်တာ။ ဖောက်ပြန်မှားကြီး.... (မှန်လှပါဘုရား)။ ဘာမှားတာတုံး....(ဖောက်ပြန်မှားတာပါဘုရား)။

ဖောက်ပြန်မှား အမှတ်မှား မဟုတ်ဘူး၊ သူက တိုတိုပြော တော့ အယူမှားနဲ့ သေသွားတယ် ... (မှန်လှပါဘုရား) ရှင်းပြီ လား.... (ရှင်းပါတယ်ဘုရား)။

တိုတိုပြောတော့ ... (အယူမှားနဲ့ သေသွားတာပါဘုရား)။ အယူမှားနဲ့ သေသွားတယ်ဆိုတာ သေချာပြီလား .... (သေချာ ပါပြီဘုရား)။

http://www.dhammadownload.com



ကောင်းပြီ။ ဒါဖြင့် ယနေ့ညတရားမှာ အလုပ်ပေးနည်းလေး ထည့်လိုက်ပါ။ အလုပ်ကလေး ထည့်လိုက်ပါ။ ဝေဒနာက သုခ ဒုက္ခ ဥပေက္ခာ သုံးခုရှိတယ်။ ခန္ဓာထဲမှာ လှည့်ပေါ်မှာပဲ။ သုခရှိရင် ဒုက္ခမရှိပါဘူး၊ ဒုက္ခရှိရင် ဥပေက္ခာရော (မရှိပါဘူးဘုရား)။ ဒါနဲ့ ခန္ဓာထဲမှာ ဝေဒနာတစ်ခုတော့ဖြင့် အလှည့်ကျ ရှိရမယ်။ မရှိပေဘူးလား.... (ရှိပါတယ်ဘုရား)။

အဲဒီ ... ရှိတဲ့ ဝေဒနာ အလှည့်ကျ လာနေပါတယ် ဆိုကာတည်းက မခိုင်လို့ မမြဲလို့ပေါ် ဟုတ်ဘူးလား — (ဟုတ်ပါတယ် ဘုရား)။

အဲဒီလို— ပေါ်လာတဲ့ ဝေဒနာလေးကို ခင်ဗျားတို့က ဖြစ်ပြီး ပျက်တာကို မိအောင်ကြည့်ပါ.... (မှန်လှပါဘုရား)။ ကြည့်လို့ရှိရင် ငါမရောဘူး၊ ကြည့်လို့ရှိရင် ... (ငါမရောပါဘူးဘုရား)။

ငါမရောဘူးဆိုတော့ ဘယ်နှယ်ကြောင့် ငါမရောသတုံးလို့ မေးတဲ့ အခါကျတော့ ငါမဟုတ်လို့ ပျက်တာ .... (မှန်လှပါဘုရား)။

တစ်ခါထဲ ပေါ်လာတယ် ငါမဟုတ်လို့ ... (ပျက်တာပါဘုရား)။ ဒုက္ခဝေဒနာလေးကြည့်လိုက်ပြန်တော့ .... (ငါမဟုတ်လို့ ပျက်တာပါဘုရား) ငါမဟုတ်လို့ ပျက်တာ ဟိုတုံးကလဲ ငါမဟုတ်ပါဘူး .... (မဟုတ်ပါဘူးဘုရား)။

ဒုက္ခရောက်အောင် ဆုတောင်းတဲ့သူ တစ်ယောက်မှ မပါဘူး (မပါပါဘူးဘုရား)၊ သူ့ဟာသူ နာကျင်လာတာပဲ အောင့်အက်လာတာပဲ။ အဲတော့.... ပေါ်တုံးကရော ငါ့သဘောဟုတ်

http://www.dhammadownload.com



ရှိလား… (မဟုတ်ပါဘူးဘုရား)၊ ပျက်သွားတော့ရော… (ငါ့
သဘော မဟုတ်ပါဘူးဘုရား)။

ဒါဖြင့်… တစိမ်းသဘောထား၊ ပရတော ရိတ္တတော ကုစ္ဆ
တော သုညတော ထားပေးပါတဲ့။

ဒါလေးဟာ ခြောက် — ဒါကြောင့် ဘုရားသခင်ကိုယ်တော်
မြတ်ကြီး မဆိုင်ဘူး မပိုင်ဘူး တစိမ်းပြင်ပပဲ ဆိုပြီး အနတ္တအရှု
ခိုင်းတာကိုးလို့။

ခင်ဗျားတို့ ဝေဒနာသုံးပါးလှည့်ရှုနေ… (မှန်ပါဘုရား)
ရှုလိုက်တဲ့အခါကျတော့ ဝေဒနာနိရောဓ… (တဏှာနိရောဓ
ပါဘုရား)။

ရှုတဲ့မဂ် ပေါ်လာတော့ မင်းဖော်ဝေဒနာကို ရှုနေတော့၊
ဝေဒနာက ဖြစ်ပျက်၊ ရှုတာက မဂ်ဆိုတော့ ဝေဒနာပစ္စယာ
တဏှာကို ဒီ မဂ်က ဖြတ်ချလိုက်တယ်… (မှန်လှပါဘုရား)။

ဘယ်သူက ဖြတ်ချထုံး —(မဂ်ကဖြတ်ချတာပါဘုရား)။ ရှုတဲ့
ပုဂ္ဂိုလ်မှ မဂ်ကဖြတ်ချတာ…. (မှန်လှပါဘုရား)။ မရှုတဲ့ပုဂ္ဂိုလ်
ကတော့ ဝေဒနာပစ္စယာ ဒိဋ္ဌိ…. (မှန်လှပါဘုရား)။

ဒိဋ္ဌိတဏှာလာတော့လာတာဘဲ။ မရှုတဲ့ ပုဂ္ဂိုလ်မှာ — (ဒိဋ္ဌိ
တဏှာလာပါတယ်ဘုရား)။ ဒိဋ္ဌိတဏှာလာတယ်ဆိုတာ သေချာ
ပြီလား — (သေချာပါပြီဘုရား)။

ဒါဖြင့် …. ဝေဒနာက အပါယ်ချတာ မဟုတ်ဘူး၊ ခင်ဗျား
တို့ကို ဒိဋ္ဌိကချတာ …(မှန်လှပါဘုရား)။ သဘောကျပြီလား—
(ကျပါပြီဘုရား)။

ဒါဖြင့်…. ဒကာဒကာမတွေ ကိုယ့်ဟာကိုယ် ဗျာဒိတ်ပေးတဲ့
နေရာတချို့က မှန်တယ်။ နင့်အတွက်နဲ့ ငါအပါယ်ကျလို့မယ်။

http://www.dhammadownload.com



ဒီလိုလဲ သုံးသေးတယ်။ သူက နှင့်အတွက်နဲ့ (ငါ့အပါယ် ကျလိမ့်မယ်ပါဘုရား)။

နှင့်အတွက်နဲ့ ငါအပါယ် လိမ့်ကျမယ်တဲ့။ အံမာ မှန်လိုက်တာ၊ ဒကာဒကာမတို့ မှန်တယ်နော်...(မှန်ပါတယ်ဘုရား)။

ဘာတုံးဆိုတော့ ဟိုဟာ နှင်လို့ သူယူထားတော့ ဟိုထဲမှာ သူ နှင် ဆိုတာသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် နှင့်အတွက်နဲ့ ငါ အပါယ်ကျလိမ့်မယ်ဆိုတဲ့ ဥစ္စာ ငါ့ကို 'နှင်'ထဲမှာ သွားရှုပ်တယ် ... (မှန်ပါတယ်ဘုရား)။ မရှုပ်သေးဘူးလား ... (ရှုပ်ပါတယ်ဘုရား)။ သဘောကျပြီလား .... (ကျပါပြီဘုရား)။

နှင့် အတွက်နဲ့ ငါ အပါယ်ကျရမယ်ဆိုရင် ငါ ပင်ထမ်းရတာ မမြင်သေးဘူးလား ... (မြင်ပါတယ်ဘုရား)။ ငါ့သမီး ငါ့သား ထဲ ဝင်ပြီလား ... (ဝင်ပါပြီဘုရား)။

ကဲ.... ကိုယ့်ဟာကိုယ် ပြန်ယူပေးလိုက်၊ အဲ ဒါ... အတည့်ဆုံးပဲ။ အပါယ်ကိုကျမှာ စိတ်ချပြီလား။

ကဲ .... ယနေ့ ဒီတင် တော်ပါဦး။

**သာဓု ... သာဓု .... သာဓုပါဘုရား။**

http://www.dhammadownload.com

# အမရပူရမြို့ မဂ်လာ တိုက်ဟောင်း
# ကျေးဇူးတော်ရှင် — အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
# ဝိသာခ နှင့်ဓမ္မဒိန္နာ အမေးအဖြေ
# (ညအလုပ်ပေးတရားတော်)
# (၁၂-၁၂-၆၁)

စူဠဝေဒလ္လသုတ်၊ ဟု မှတ်ရမယ်၊ စူဠဝေဒလ္လသုတ် ဆိုတာ စူဠက အငယ် ဝေဒလ္လက - ပုစ္ဆာပြဿနာလေး မေးတဲ့သုတ်။

ဒါ ဘယ်သူ့ အကြောင်းအရင်းခံပြီး သကာလ ဘုရား ဟောပြောပါလိမ့်မလဲ ဘုရားကဟောတာ မဟုတ်ဘူး။ သူတို့ အကြင်လင်မယား အချေအတင်လုပ်တာယ်။ နောက်မှဘုရားက ထောက်ခံချက် ပေးလို့ ဘုရားဟော သွားဖြစ်တယ်လို့ မှတ်ရမယ်။

ဝိသာခ ဓမ္မဒိန္နာ၊ ဓမ္မဒိန္နာက ခင်ပွန်းမ သူဌေးကတော် ဝိသာခက သူဌေး အိမ်ထောင်ကျကြတယ်။ ဘုရားသခင်ကိုယ်တော်မြတ်ကြီး သည် ဗိမ္ဗိသာရ မင်းကြီးတို့နေတဲ့ နေရာကြွလာတဲ့အခါမှာ ဗိမ္ဗိသာရမင်းကြီးနဲ့တကွ ဝိသာခတို့ တရားနာရလို့ တရားအားထုတ်လို့ သောတာပန်တည်ကြတယ်။

ဝိသာခက တည်တယ်။ သူ့မိန်းမ မပါဘူး။ ဒီအချိန်မှာ။ နောက်တစ်ကြိမ် သွားနာတယ် သကဒါဂါမ် တည်ခဲ့တယ်။

http://www.dhammadownload.com



နောက်တစ်ကြိမ် သွားနာပြီး အားတုတ်ခဲ့တယ် အနာဂါမ် တည်ခဲ့တယ်။

အနာဂါမ် တည်တော့ န ဂစ္ဆတိ အနာဂါမိ ဆိုတော့ ကာမဘုံ ကာမအာရုံ မရှိတော့ဘူးလို့ မောင်သစ်တို့ မှတ်ရမယ်။

ကာမအာရုံ မရှိတော့ဘူး။ ကာမဆိုတာ လူ့ပြည်မှာရှိတဲ့ အာရုံမျိုးကို ဘယ်ဟာမှမခင်တွယ်တော့ဘူး။

ကာမရာဂ အနုသယ သုပယ်လိုက်ပါတဲ့ သူ့ကျန်တော့တာက ဘဝရာဂ အနုသယ လောက်ပဲ ကျန်ရစ်တော့တယ်။ ရူပ အရူပ ခင်တွယ်တဲ့တဏှာပဲ ကျန်တော့တယ်။

ကာမဘုံမှာဖြင့် ဘယ်လို အာရုံမျိုးနဲ့တွေ့တွေ့ သူမသာယာတော့ဘူး။ အနာဂါမ် တည်သွားလို့ရှိရင် မှတ်ထားကြပါ၊ အဖိုးတန်တဲ့ ပစ္စည်း ဘယ်လိုချော ဘယ်လိုလှ ဘယ်လိုလို ဖြစ်ဖြစ် ကာမအာရုံတွေကို တော့ဖြင့် သူ ဥပေက္ခာထားနိုင်ပြီဆိုတာ မှတ်ထားရမယ်။

ဒါနဲ့ တစ်နေ့သ၌ အနာဂါမ် မတည်ခင် သကဒါဂါမ်နဲ့ ဘုရားထံသွား။ အနာဂါမ်တည်လာတဲ့အခါမှာ ခါတိုင်းတော့ သူ့ဒကာမက သူလာတဲ့ အခါကိုကြည့်၊ အဝေးကြီးက မျှော်ကြည့်နေတယ်။ ဟိုကြည့် ဒီကြည့် ဣန္ဒြေက မရဘူး။

အနာဂါမ်တည်လာတဲ့အခါကျတော့ ဟိုကြည့် ဒီကြည့်ဆိုတဲ့ ဣန္ဒြေတွေက အကုန်သိမ်းပြီး သကာလ ခပ်ငိုက်ငိုက်နဲ့ ဝိပဿနာ နှလုံးသွင်းပြီး သကာလ လာတော့ မိန်းမက အိမ်ပေါ်ကနေပြီး အဝေးကြီးမှာနေတဲ့ ပုဂ္ဂိုလ်ကို အကဲခတ်လိုက်တယ်။

ဒီနေ့ ဘာများ ဖြစ်လာပါလိမ့်မတုံး။ ဣန္ဒြေသိပ်ရတယ်၊ သို့မဟုတ် အလိုမကျတဲ့ သဘောမျိုးလားဆိုတာ အကဲမခတ်တတ်ထာနဲ့ အိမ်ပေါ်က ဆင်းပြေးပြီး သကာလ သူ့ခင်ပွန်းသည် အိမ်နား ရောက်တဲ့အခါ သူ့လက်ကို ခါတိုင်းလိုဆွဲပြီးတော့ အိမ်ပေါ်တက်ကြတယ်။

ဒီတစ်ခါ လက်ပေးတဲ့အခါမှာ ဟိုက လက်ကိုမဆွဲဘူး၊ ဘာဖြစ်လို့ မဆွဲသတုံးဆိုတော့ ခုနက ပြောခဲ့တဲ့ ကာမအာရုံမရှိလို့၊ ဒါ မှတ်ထားကြပါ၊ လူ့ပြည်မှာရှိတဲ့ အာရုံတွေကို သိမ်းပြီးလို့ လို့ ဦးသံဒိုင် မှတ်ရလိမ့်မယ်။

ဘယ်လိုကြောင့်ပါလိမ့် .... (လူ့ပြည်မှာရှိတဲ့ အာရုံတွေကို သိမ်းပြီးလို့ပါဘုရား)။

သူတို့က နေ့သာနေရတယ်။ ဒီဘုံနဲ့ ထိုက်တန်တော့တာ မဟုတ်ဘူး။ သူရထားတဲ့မဂ်က သုံးမဂ်နော်။ သုံးမဂ်ဖြစ်နေတော့ ကာမဂုဏ်နဲ့ ထိုက်တန်တဲ့ မဂ်ကိုရတာတော့ မဟုတ်ဘူး။ ရူပ အရူပနဲ့သွားဖို့မဂ်ကို ရထားတာ။

သို့သော် သူက အားယုတ်လိုက်တဲ့ အတွက် သုံးမဂ်ရသွားတယ်လို့ မှတ်ထားရမယ်။ ဒါကြောင့် လက်ထုံးပေးတဲ့အခါ လက်ကိုဆွဲပြီး ခါတိုင်းလို အိမ်ပေါ်မတက်ဘူး။

မက်ကတော့ နဂိုက အကဲခတ်ထားတာလဲ ဣန္ဒြေရှိ အခု အခါ ဒီလိုလုပ်ပေးလိုက်ပြန်တဲ့အခိုက် အိမ်ပေါ်လက်ဆွဲမတက်တဲ့အတွက် ဒကာမတို့၏ ထုံးစံအတိုင်း ဘာများဖြစ်လာပါလိမ့်မလဲတုံးဆိုတာ အတွေးအခေါ်တွေ များကုန်တယ်။

နောက် အိမ်ပေါ်ရောက်လဲ စကားပြောလိမ့်မယ်လို့ အထင်ရောက်ပြီး သကာလလဲ စကားမပြော။ ထမင်း အတူစားလိမ့်

http://www.dhammadownload.com



မယ်လို့ အထင်ရောက်ထဲ့အခါလဲ ထမင်းအတူတူမစား၊ ညအိပ်ယာခန်းကျတော့လဲ အတူတူပဲ ငြင်းလို့မှ မရဘူးလို့ အောက်မေ့ပေးမှလဲ သူ့ဟာသူ လွတ်လပ်တဲ့နေရာမှာ ခင်းပြီးသကာလ အိပ်တယ်။

ဒကာမကာ အကဲခတ်ရ သိပ်ခက် နေတယ်ဆိုတာ ဦးသံဒိုင်မှတ်ရမယ် ပြင်စစ်ကောင့်တရားနော်။ ကာမအာရုံကို လုံးဝမရှိလို့။ သဘောကျပြီလား — (ကျပါတယ်ဘုရား)။

**န အာဂန္တုတိတိ အနာဂါမိ အနာဂါမိပင် အနာဂါမ်** တည်ပြီးသော ပုဂ္ဂိုလ်၊ **န အာဂန္တုတိ- ကာမဘုံ၌ မလာဘူး။** သူက ရထားတာကတော့ ကာမဘုံနဲ့ ထိုက်တန်တဲ့ တရားကို **မဟုတ်ဘူး။ သူရထားတာက ကာမဘုံစွန့်ပယ်ပြီးသား တရားကို ရထားတာ။**

ရွှေ ငွေ ကျောက်သံပတ္တမြား **သားမယားအာရုံ အလုံးစုံ** အကုန်ချုပ်ငြိမ်းတဲ့ မဂ်ရထားတယ်လို့ ဆုံးဖြတ်ချက်ချပါ။

ဒါနဲ့ ဒကာမကာ မနက်မိုးလင်းလဲ ပြောလိမ့်မယ် ထင်ပါရဲ့ ဆိုပြီး စောင့်နေတဲ့အခါ မိုးလင်လဲမပြော။ ဒါနဲ့ သူ ငိုကာရိကာနဲ့ သွားပြီး သူ့မှာ ဘာအပြစ်ရှိသတုံး ဆိုတဲ့အမေးမျိုး သွားမေးလိုက်တယ်။ ဘာမှအပြစ်မရှိပါဘူး ဆိုပြီးသကာလ စကားပြောလိုက်တယ်။

ငါ့မှာလဲ ကုဋေလေးဆယ်ရှိတယ်၊ သင်ကပါလာတာလဲကုဋေလေးဆယ်ရှိတယ်၊ ဒီကုဋေရှစ်ဆယ်ကို အစ်မကြီးအဖြစ်နဲ့သော်လည်းကောင်း နှမအဖြစ်နဲ့သော်လည်းကောင်း အမေ အဖြစ်နဲ့သော်လည်းကောင်း ငါ့ကို ကျွေးချင်တာနဲ့ကျွေး စားနေတော့မယ်။

http://www.dhammadownload.com



ဒီပစ္စည်း သင်အလိုရှိသလို သုံးဘောဂဆိုတော့ ကာမအာရုံ ကုန်သွားတယ်။ ကုန်သွားလိုက်တဲ့ အဓိပ္ပာယ်။

နောက်တစ်ခါ ပြောပြန်သာက တကယ်လို့ ဒီလိုမှ မပြုစုချင်ဘူး ဆိုလို့ရှိရင်လဲ နောက်အိမ်ထောင် အစရှိသည် တည်ထောင်ချင်လို့ရှိရင်လဲ ခွင့်ပြုပါတယ်။

ဒီပစ္စည်း ယူသွားချင်လဲ ယူသွားခွင့် ပြုတယ်ဆိုတော့ ကာမအာရုံကုန်တယ်ဆိုတာ ဦးသံဒိုင် မပေါ်သေးဘူးလား....(ပေါ်ပါတယ်ဘုရား)။

မဂ်သတ္တိ ဘယ်လောက်ထူးတယ် မဂ်သတ္တိသည် ဘယ်လောက်ထူးတယ်ဆိုတဲ့ဥစ္စာ ကိလေသာ ကုန်လို့လားလို့ မေးတော့ ကာမကိလေသာ ကုန်ပါတယ်။ အခြား ကိလေသာ ကျန်သေးတယ် မှတ်ရမယ်နော် ... (မှတ်ပါ့မယ်ဘုရား)။

ဒါကြောင့် ကြိုးစားကြပါ။ ကြိုးစားကြပါလို့ တိုက်တွန်းတာပဲ။

ဖြစ်ပျက်လုပ်နေလဲ ဖြစ်ပျက်လုပ်သလောက် ကိလေသာပါး သွားပဲ... (မှန်လှပါဘုရား)။ ဖြစ်ပျက်မှန်းလဲ မှန်းသာပိုပါး တယ်။ ဖြစ်ပျက်ဆုံးလို့ရှိရင် ဆုံးသလောက် ပိုပါးတယ်။ အစည်းနှီးတော့ ဘယ်တော့မှမပြီးဘူး ဆိုတာ သေသေချာချာ မှတ်ပါ (မှန်ပါဘုရား)။

အရင်လူခတွေ ... ဖြင့် ဝိပဿ... မဂ်... နိုင် ... ပဲ ... ကျွတ်ရာ မဂ်... ပို... ...

ဒါကြောင့် ဝိသာခပ်သည် ... ကို ... ... ... သွားတာတဲ့ အလုပ်ထဲမှ ... ... တော်ပါး ... လင်းသင်း ပျောက်တဲ့အေး မရှိဘူးဆိုတာကို ... ပွဲ တစ်ပွဲ

http://www.dhammadownload.com



လုံးက ဆုံးဖြတ်ချက်ချရမယ်.... (မှန်ပါဘုရား)။

ဒီအလုပ်မှာစပ်ပါး ကိုးစားရာ အားထားရာ မရှိဘူးဆိုတာလဲ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ)။

သကာဒါဂါမိ် တည်တယ်ဆိုတာလဲ အပါယ် ပင့်စွသမှုပါဒ် ဖြတ်တယ်။ သကာဒါဂါမ်တည်တယ် ဆိုရင် ရုပ်ရင်းနဲ့ ကာမဘာ မှာဖြစ်တဲ့ လောဘ ဒေါသတွေ ပါးသွားတာ။ အနာဂါမ် တည်တယ်ဆိုတာ ကာမဘုံမှာရှိတဲ့ လောဘ ဒေါသ မောဟ ကုန်သွားတာ ဆိုတော့ မောင်သစ် မလုပ်ထိုက်ဘူးလား ... (လုပ်ထိုက်ပါတယ်ဘုရား)။

ဒါတွေကြောင့် ဆင်းရဲ နေကြတာကိုး။ ဒါတွေ ဆင်းရဲကြောင်းကို အေဘောချာချာ သမုဒယ သစ္စာရှိနေရင် ဒုက္ခသစ္စာက လာအုံးမှာပဲ။

အဲဒါတွေသိပြီးသားဖြစ်နေတော့ ဩော် .... ဒီအလုပ်မှာစပ် ပါး တိုကယ်မဲ့ ယူမဲ့သူတော့ မရှိပါကလားဆိုတာကို ဆုံးဖြတ်ချက်ချပြီးမှတ်ရမယ်နော်.... (မှန်ပါဘုရား)။

ယုတ်စွအဆုံး ဝိပဿနာမဂ်တောင် အတော်ခရီးပေါက်တယ်ဆိုတာ မှတ်လိုက်စမ်းပါ။

ကိုင်း.... ဒါနဲ့ပဲ အိမ်ထောင်ပြုချင်လဲ ပြုတော့။ ခွင့်ကောင်းကောင်းပြုပါတယ်၊ ဆိုပြီး ပြောလိုက်တော့ ဩော် .... ဒါဖြင့် ရိပ်မိသွားတယ်။

ဘယ်နှယ်ကြောင့် ဒီအကြောင်း ပြောတယ်ဆိုတာ သူ ရိပ်မိသွားတော့ လောကုတ္တရာ တရားရလို့ လို့ တွေးလိုက်တယ်။ ဒါဖြင့် လောကုတ္တရာ တရားကို ယောကျ်ားသာ ရနိုင်သလား၊

http://www.dhammadownload.com



မိန်းမများကော မရနိုင်ဘူးလားလို့ ဒကာမက လှမ်းမေးလိုက်တယ်။

ဟာ... ဒါတော့ အားထုတ်တဲ့လူ မှန်လို့ရှိရင် ယောကျ်ား မိန်းမ မရွေးပါဘူး။ ဒီ မဂ်နဲ့ ဖိုလ်နဲ့ဆို ရနိုင်တာချည့်ပဲ။ ဆိုပြီးတော့ ပြောလိုက်တဲ့ အခါကျတော့ သူလဲ ဒီအလုပ်လုပ်ချင်တယ် ဖြစ်လာတယ်။

သူလဲ ဒီအလုပ်လုပ်ချင်တယ် ဖြစ်ပြီးသကာလ ဟာ... ဒီလို လုပ်ချင်တယ် ဆိုလို့ရှိရင်ဖြင့် ဒီအကြောင်းကို ကိုယ်က မျှော်ဆင့်နေတာ။

ဒီ အသံ ထွက်လာတယ်ဆိုတော့ သိပ် ဝမ်းသာတယ်ဆိုပြီး သကာလ ဗိမ္ဗိသာရမင်း ဆီသွားပြီးမနေ့က ပြောသလို ရွှေထမ်း စင် သွားငှားတယ်။

ဘုရားကျောင်းတော်သွားဖို့ ဘယ်လိုလမ်းရှင်းဖို့ရာ ရှင်ဘုရင့် ဆီမှာပဲ ခွင့်ယူပြီးသကာလ ရှင်ဘုရင်က လမ်းရှင်းဖို့ ဆိုတာ ဝါတာဝန်ကွာ။ ရွှေထမ်းစင်ယူသွားကွာဆိုပြီး၊ ပေးလိုက်တော့ ရွှေထမ်းစင်ထမ်းပြီး ဘိက္ခုနီမကျောင်း သွားကြတယ်။

သွားပြီးသကာလ ဟိုက ဘိက္ခုနီမတွေက စစ်ဆေးသေးတာပေါ့လေ၊ အကြောင်း လင်မယားမမျှလို့ ဒီလို ဖြစ်လာတာလား၊ သို့မဟုတ် မျှတပါရဲ့လားလို့ မေးတဲ့အခါ ယောကျ်ား က ဒဒ္ဒါသက်သက်ပါ။

ဒီဥစ္စာ ဘာမှ မပါပါဘူး။ ပြောလိုက်တဲ့ အခါကျတော့ ဘိက္ခုနီမတွေက သုံးဆယ့်နှစ်ကောဋ္ဌာသ နှလုံးသွင်းပြီး သုံးဆယ့်နှစ်ကောဋ္ဌာသ နှလုံးသွင်းခိုင်တယ်။

http://www.dhammadownload.com



ဆံပယ်ခေါင်းရိတ်၊ ခေါင်းရိတ်ပြီး သကာလ ဘိက္ခုနီမ အဝတ်လဲ ပေးလိုက်တယ်။

အဝတ်လဲပေးလိုက်တော့ သူက အင်မတန်ချော အင်မတန်လှတဲ့ ပုဂ္ဂိုလ်လဲဖြစ်ပြန်၊ ပစ္စည်းကလဲရှိပြန် မိတ်ဆွေသင်္ဂဟကလဲ ပေါပြန်ဆိုတော့ ဆွမ်းခံသွားပြန်လဲ မအားရ။

ကျောင်းနေလဲ ညှော်သည်ကမပြတ်။ အလှူအတန်း အပေး အကမ်းတွေက များလွန်းတော့၊ ငါ ဒီအလုပ်လုပ်တာ မဟုတ်ဘူး။

ဒီဟာတွေဟာ အန္တရာယ်တွေပဲ ဆိုပြီးသကာလ သူ့ ဘိက္ခုနီမ ဆရာကြီးထံ တောင်းပန်ပြီးသကာလ တောထဲ သွားတယ်။ ဆွေမျိုးဉာတိနဲ့ဝေးတဲ့ တောထဲသွားလိုက်တယ်။

တောထဲသွားပြီး ခုနှစ်ရက် ရှိတဲ့အခါကျတော့ ဒီ အဖြစ်အပျက် တွေမြင် ဖြစ်ပျက်မုန်း ဂုစ်ပျက်ဆုံး ဆိုတာတွေ လေးခါလောက်ဖြစ်တော့ ရဟန္တာမ ဖြစ်တယ်။ ခုနှစ်ရက်နဲ့ပဲ ပြန်လာခဲ့တယ်။

ပြန်လာတော့ ဝိသာခသူဌေးက ကြော် .... ဒကာမများဆို တာ ဖြစ်လွယ် ပျက်လွယ်ကိုး။ အိမ်များလွမ်းပြီး ပြန်လာတယ် ထင်ပါရဲ့။ ခုနှစ်ရက်နဲ့ပြန်လာတယ်။ အဝေးလဲ သွားသေးတယ် ဆိုရဲ့ ပြန်လာတယ်။

ဟိုက တရားရလာတာ သူလဲမသိဘူး။ မသိတော့ ပြန်လာတဲ့အခါကျတော့ သူ့ စိတ်ထဲမှာ ဒီအိမ်ပြန်လာလို့ ဆိုရှင် ခက်ချည်သေးရဲ့။ ပေါ်ကြာ ဘိက္ခုနီမ လူထွက်နေလို့ ရှိရင်မလွယ်ဘူး ရှက်စရာကြီး။ ရှင်ဘုရင်လဲ သိပြီးသား ကျောင်းတော့ သွားအုံးမှဖြစ်မယ်ဆိုပြီး ဘိက္ခုနီမကျောင်း သွားလိုက်တယ်။

http://www.dhammadownload.com



သွားလိုက်တဲ့အခါ ပညာရှိတို့ သဘောက မပျော်မွေ့လို့ ပြန်လာသလားလို့ မေးရမှာလဲ ပညာရှိသဘော မရောက်ဘူး။

ဒါဖြင့် ပညာရှိသဘောနဲ့ မေးမှုပဲဆိုပြီးတော့ ပုစ္ဆာ စီစဉ်လိုက်ပါတယ် သူကလဲ အနာဂါမ်ဆိုတော့ စီစဉ်တတ်ပြီးသား ဖြစ်နေတယ်။

ဒါနဲ့မေးလိုက်တယ်၊ သက္ကာယ သက္ကာယဆိုတာ ရှင်ဓမ္မဒိန္နာ ဘာခေါ်တာသတုံး။ မေးလိုက်တယ်။ သက္ကာယတင် မေးတယ် ဒိဋ္ဌိမပါသေးဘူး။

အဲဒီတင် ဟိုက ဖြေလိုက်ပါတယ်။ သက္ကာယဆိုတာ ဥပါဒါနက္ခန္ဓာဆိုတဲ့ ခန္ဓာငါးပါးကို ဆိုပါတယ်။ လောကီခန္ဓာငါး ပါးကို ဆိုပါတယ်။

အဲဒီ ခန္ဓာငါးပါး ပြောစမ်းပါအုံးဆိုတော့ ရူပုပါဒါနက္ခန္ဓာ ဝေဒနုပါဒါနက္ခန္ဓာ သညုပါဒါနက္ခန္ဓာ သင်္ခါရုပါဒါနက္ခန္ဓာ ဝိညာဏုပါဒါနက္ခန္ဓာ ဆိုတဲ့ ယခုလက်ရှိ ခန္ဓာငါးပါးကို ဆိုပါ တယ်လို့ သူက ဖြေလိုက်တယ်။

မယုံသေးဘူး။ သူဌေးက။ ဖြေတော့ ဖြေတာပဲ။ ဖြေပင် ဖြေငြားသော်လည်း စာသိနဲ့ ဖြေနေလဲ ခက်သားပဲ စာသိလဲ သူကမကြိုက်ဘူး၊ ဉာဏ်သိကိုကြိုက်တယ်။ စာက ကျက်ထားရ တာကိုး။ ကိုရင်လေးကအစ ကျက်ထားရင်ရပါတယ်။

ဒါနဲ့ သူ့စိတ်ထဲမကျေနပ်တာနဲ့ ငြြာ် သာခု သာခု သက္ကာယတော့ဖြင့် ဖြေတတ်ပြီဆိုတော့ သူဖြေတာတ်တာအရေး မကြီးပါဘူး။ ဘုန်းကြီးတို့က ဒဘာဒကာမတွေက အရေးကြီး ပါတယ်။

http://www.dhammadownload.com



ဘုန်းကြီးတို့ ဒကာဒကာမတွေက သက္ကာယဆိုတဲ့ ဥစ္စာက အခု ခန္ဓာငါးပါးသာ မှတ်လိုက်ပါ .... (မှန်ပါ)၊ ခုရှိနေတဲ့ ခန္ဓာငါးပါးကို ဘာခေါ်ကြသလဲ.... (သက္ကာယပါဘုရား)။ သက္ကာယလို့သာ ခေါ်လိုက်ပါတော့နော်။

ကောင်းပြီ။ ခုဒါဖြင့် ခန္ဓာငါးပါး သက္ကာယဆိုတော့ ဒကာဒကာမတွေလဲ သိပါပြီ။

သန္တောကာယော သက္ကာယော၊ သမန္တော - ပရမတ္ထ ဖြစ်နေရင် ရရှိသော၊ ကာယော - ရုပ်နာမ် အစုအပေါင်းတည်း၊ သက္ကာယော - အထင်အရှား ရှိနေတဲ့ ရုပ်နာမ် အစု အပေါင်းကို သက္ကာယလို့ခေါ်ပါတယ်။

သာဓု သာဓု။ သက္ကာယသိလို့ ဝမ်းမြောက်တယ်၊ သူ့ခင်ပွန်း သည်က။ သက္ကာယတော့သိပြီ။ သက္ကာယ ဖြစ်ကြောင်းလေး ပြောစမ်းပါအုံး မေးပြန်တယ်။

ဩော်.... သက္ကာယ ဖြစ်ကြောင်းဆိုတဲ့ဥစ္စာ တခြားမဟုတ် ပါဘူးတဲ့ သက္ကာယဆိုတဲ့ဥစ္စာ သုတောင်းတဏှာကလာတာပါ။

ယာယံတဏှာ ပေါနောဗ္ဘဝိကာ နန္ဒီရာဂ သဟဂတာ တတြ တတြာ နန္ဒိနီ သေယျထိဒံ ကာမတဏှာ ဘဝတဏှာ ဝိဘဝ တဏှာ။ ဒါကို ချေပြောလိုက်တယ်။

သက္ကာယဖြစ်ကြောင်းဆိုတဲ့ ရုပ်နာမ်ဖြစ်ကြောင်းဟာတဏှာ ကလာတာပါ။ တခြား အကြောင်းမရှိပါဘူး။ တဏှာကလာ တာပါ၊ ဒကာဒကာမတို့ ခန္ဓာကိုယ်ကြီးဟာ သက္ကာယနော်။ ဘယ်ကလာတာလဲ.... (တဏှာကလာတာပါဘုရား)။

ဒီတဏှာ ဘယ်ကလာတာတုံးလို့ မေးလိုက်သည် ရှိသော် ဒီတဏှာသည်ကားဆိုလို့ ရှိရင် သက္ကာယခန္ဓာဖြစ်ကြောင်း ဆိုတဲ့

http://www.dhammadownload.com



ဥစ္စာ သူဖြေလိုက်တယ် ဓမ္မဒိန္နာ ရဟန္တာမက ဖြေလိုက်တယ်။

အဖြေပေမဲ့ ကိုယ့်ဉာဏ်ထဲ သဘောကျဖို့ ဒီ ဒကာဒကာမ တွေကလိုတယ် ဒီ လိုတဲ့ အခါကျတော့ စဉ်းစားကြည့်ကြပေါ့၊

ဩော် .... တဏှာဥပါဒါန် ကံမရှိပဲနဲ့ ခန္ဓာမပေါ်ပါဘူး၊ (မပေါ်ပါဘူးဘုရား)။ တဏှာဥပါဒါန် ကံ မရှိပဲနဲ့ ....(ခန္ဓာမပေါ်ပါဘူးဘုရား)။

ဒါဖြင့်.... ဒီအထဲမယ် ကံ ဆိုတာလဲ ဥပါဒါန် လက်အောက်က။ ဥပါဒါန်ဆိုတာက တဏှာလက်အောက်က။ ဩော် ....သူ လက်သည်ပဲ တဏှာဥပါဒါန် ကံ တို့ကြောင့် ခန္ဓာပေါ်လာတာ ဆိုတော့ အရင်း ကျကျ ရှာလိုက်တော့ တဏှာပဲ တွေ့တယ်။ အရင်းကျကျရှာတော့.... (တဏှာပဲ တွေ့ပါတယ်ဘုရား)။

ဒါဖြင့် ဒီတဏှာ မသေသရွေ့ ခင်ဗျားတို့မှာ သက္ကာယခန္ဓာကြီးက ရှိနေမှာပဲ။ ဒီ ခန္ဓာကြီးရှိနေလို့ ဆိုရင်ဖြင့် အိုဘေး နာဘေး သေဘေးကတော့ သူ့ထဲက ပါပြီးသား ဖြစ်နေတယ် မပါဘူးလား.... (ပါပါတယ်ဘုရား)။

အိုတတ်တဲ့ တရားတွေလဲ သူ့ထဲ၊ ဇရာကပါဘယ် နာတတ်တဲ့ တရားတွေကလဲ သူ့ထဲအပြည့်ပါတယ်။ သေတတ်တဲ့ တရားတွေကလဲ ဓါတ်လေးပါးတွေက သူ့ပါတယ်။ မပါဘူးလား။ (ပါပါတယ်ဘုရား)။

ဒါ.... ဘယ်သူ တည်ထောင် လိုက်တာတုံး။ ဘယ်သူက ဖြစ်စေတာတုံး မေးတော့ ဘယ့်နှယ်ဖြေကြမယ်.... (တဏှာက ဖြစ်စေပါတယ်ဘုရား)။

ဒကာဒကာမတို့ ခန္ဓာကြီးဟာ ဘယ်သူက ဖြစ်စေတယ် ဆိုတာ ဘုံဘဝ တပ်နှစ်သက်တဲ့ တဏှာကဖြစ်စေတယ်၊ ဘဝ

http://www.dhammadownload.com



တပ်မက်တာလဲ တဏှာကဖြစ်စေတာပဲ။ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။ ဘယ်သူကဖြစ်စေတာတုံး .... (တဏှာကဖြစ်စေတာပါဘုရား)။

အေး.... ဘဝဖြစ်စေတတ်တဲ့ တဏှာကဖြစ်စေတယ်။ တဏှာကဖြစ်စေတော့ ခင်ဗျားတို့ အခု တရားနာနေတဲ့ ပုဂ္ဂိုလ်တွေ ရောဘယ်လိုများ နေကြရသတုံး ဆိုတော့ မပြောပါနဲ့တော့ ဘုရား။

အိုဘေး နာဘေး သေဘေးတွေနဲ့ မငီးဘေး ဆိုးဘေး သူခိုးဘေးတွေ အကုန်ဝိုင်းခံနေရတယ်၊ သက္ကာယဝိုင်းကြဘာပေါ့၊ (မှန်ပါ)။

ဒီသက္ကာယထဲမှာ ဒါတွေ အပြည့် အစုံရှိတယ်လို့ ဆုံးဖြတ်ချက်ချ.... (မှန်ပါဘုရား)။ သက္ကာယထဲမှာ အိုဘေး နာဘေး သေဘေး မင်းဘေး ဆိုးဘေး သူခိုးဘေး အဲဒီခတော့ မှတ်ထားလိုက်စမ်းပါ။ အညီရှိလို့ ယင်အုံတယ် ..(မှန်လှပါဘုရား)။ ဘယ်လိုမှတ်ကြမလဲ ....(အညီရှိလို့ ယင်အုံတာပါဘုရား)။

သက္ကာယရှိလို့ ဒုက္ခ ဘေးဒုက္ခတွေလာတာ.... (မှန်ပါဘုရား)။ သက္ကာယသာ မရှိဘူးဆိုရင် ဘေး ဒုက္ခလာဘူးဆိုတာ သေချာကြပြီလား .... (သေချာပါတယ်ဘုရား)။

သက္ကာယ ဒိဋ္ဌိသဘော ရှိနေတော့ ခင်ဗျားတို့ လေတိုက်ပြန်လဲ လေဘေးသင့်၊ ... ပါ ရေပူပြန်တော့ ပူဘေးသင့်တာပဲ အေးပြန်တော့မကာ .... (ရေဘေးတော့ သင့်ပါပါပဲ, အေး ဘေးသင့်တာပဲ ဆိုတဲ့ဥစ္စာက သက္ကာယရှိနေလို့ ဖြစ်ရတာ၊ ရှင်းပြီလား ... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ကောင်းပြီ ဒီသက္ကာယကို ဖြစ်စေတဲ့ တရားက ထယုတ်တမာ တရားဖြစ်နေတော့ အယုတ်တမာ အထည်ပဲ ပေါ်လာတာပဲ ဘယ်လိုမှတ်ကြမလဲ ... (အယုတ်တမာ တရားဖြစ်နေတော့ အယုတ်တမာ အထည်ပေါ်လာတာပါဘုရား)။

ဒါပဲ ပေါ်ရမယ်။ သူ့ဖြစ်စေတတ်တဲ့ **အကြောင်းတဏှာ** ကိုး .... (မှန်ပါဘုရား)။ တဏှာက ဖြစ်စေဘယ်ဆိုတော့ သူက **အယုတ်တမာ တရား။ အယုတ်တမာ တရား ဖြစ်နေတော့ကို ခင်ဗျားတို့ မှတ်လိုက်တဲ့။**

အယုတ်တမာ အကျိုးပေးပဲ သူက ဖန်ဆင်းတတ်တယ်၊ လုပ် တတ်တယ်၊ ကျေးဇူး ပြုတတ်တယ်။ သဘောပါကြလား ... (ပါပါတယ်ဘုရား)။

ဩြဘ်.... ဒါဖြင့် တဏှာ မချုပ်သ၍ သက္ကာယ မချုပ်ဘူး ဒါကြောင့် ခင်ဗျားတို့ အလုပ်လုပ်ကြပါ အလုပ်လုပ်ကြပါဆို တာက သက္ကာယအပျက်မြင်လို့ရှိရင်ဖြင့် သက္ကာယဖြစ်ကြောင်း ဟာ ခင်ဗျားတို့ သန္တာန်မှာ ဝမ်းထဲမှာ နောက်ကဖြစ်ကြောင်း တော့ မချုပ်ဘူးလား။ အခုဝမ်းထဲရှိတဲ့ သမုဒယကတော့ ဖြစ်ပျက်မြင်တဲ့ဉာဏ်က ချုပ်စေတာပဲ ... (မှန်ပါဘုရား)။

**တဒင်္ဂအားဖြင့် ချုပ်စေတာပဲ ချုပ်စေတော့ကို ဩြဘ်...** ဒါဖြင့် ဒါဟာ အားကိုးရပါလား အားထားရပါလားလို့ သက္ကာယဖြစ်တဲ့ ခန္ဓာကြီး၏ ဖြစ်ပျက်ဒုက္ခ သစ္စာကို မြင်လို့ ရှိရင်ဖြင့် တိုသည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သက္ကာယနယ်က လွန် မြောက်မှာပဲ။ ရှင်းပြီလား .... (ရှင်းပါပြီဘုရား)။

**သက္ကာယနယ် လွန်မြောက် ချင်လို့ရှိရင် သက္ကာယကို သက္ကာယဆိုတာ နာမည် သက္ကာယ။ သစ္စာဖွဲ့ရင် ဒုက္ခသစ္စာ**

http://www.dhammadownload.com



ရှင်းရဲ့လား.... (ရှင်းပါဘုရား)။

ဒီဓက္ခုစွာကို မြင်လို့ ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့ သမုဒယ သစ္စာဟာ ပါးရမှာပဲ။ မပါးပေဘူးလား .... (ပါးပါတယ်ဘုရား)။

အဲ... သမုဒယ သစ္စာပါးတယ်လို့ ရှိဆိုရင် ခင်ဗျားတို့ ဘာမှမပူနဲ့ ဒုက္ခ နည်းသွားတော့မှာပဲ.... (မှန်ပါဘုရား)။

ခင်ဗျားတို့ ဒီပြင်ဟာ မကြည့်ပါနဲ့။ တစ်ယောက် တစ်ယောက် အလွန်ခင်လို့ ရှိရင် ဟိုတစ်ယောက်မှာ အခကြောင်းရင်း တစ်ခု မလျော်တာ တွေ့လို့ရှိရင် သိပ် ထိခိုက်တာပဲ။ မထိခိုက်ဘူးလား .... (ထိခိုက်ပါတယ်ဘုရား)။

ဒါ.... အလွန်ခင်လို့ အလွန်ထိခိုက်တာပဲ။ နည်းနည်းခင်ရင် ... (နည်းနည်းထိခိုက်တာပါဘုရား)။ အလတ်စားခင်ရင် ... (အလတ်စားထိခိုက်တာပါဘုရား)။

အဲဒီကထဲက သြော်.... သက္ကာယဖြစ်ကြောင်း သမုဒယသစ္စာကြောင့် ဟိုမှာ သက္ကာယ ဖောက်ပြန်လို့ရှိရင် သမုဒယကလဲ အမျိုးမျိုး တဏှာဥပါဒါန် ကံ သောက ပရိဒေဝ ဒုက္ခဒေါမနဿ မလာဘူးလား.... (လာပါတယ်ဘုရား)။

အဲဒါ.... ဘယ်ကလာတာတုံးလို့ မေးလို့ ရှိရင်ဖြင့် သက္ကာယရှိလို့ သက္ကာယ ဖြစ်ကြောင်းကို ခင်ဗျားတို့ကလဲ မပယ်နိုင်တဲ့အတွက် သက္ကာယမှာ ဖောက်ပြန် သွားတဲ့အခါမှာ ခင်ဗျားတို့မှာ တဏှာတင် မကဘူး သောက ပရိဒေဝ တွေပါလာရော မလာဘူးလား.... (လာပါတယ်ဘုရား)။

ကောင်းပြီ။ ဒါဖြင့် သက္ကာယ ဖြစ်ကြောင်းတော့ သိပြီဆိုတော့ ဝိသာခက ကျေနပ်ပါတယ် ပြောတယ်၊ သူကလဲ သိပြီးသားကိုး။

http://www.dhammadownload.com



နောက်ဆက်မေးတယ် ဓမ္မဒိန္နာ သက္ကာယချုပ်ရာပြောစမ်းပါ အို.... သက္ကာယချုပ်ဆိုတာ တစ်ခြားမဟုတ်ပါဘူး အထည်ကြီးလိုရင်း မဟုတ်ပါဘူးဆိုပြီး ဒကာမကာ ရှင်း တဏှာချုပ်ရင် ချုပ်တာပါ။ တဏှာချုပ်ရင် သက္ကာယ — (ချုပ်ပါတယ်ဘုရား)။

ဒါဖြင့်.... ဒကာဒကာမတွေ သူ မချုပ်သရွေ့ ခန္ဓာမချုပ်ဘူး၊ သူချုပ်ရင်.... (ခန္ဓာချုပ်ပါတယ်ဘုရား)၊ ခန္ဓာချုပ်တယ်ဆိုတော့ ဩော်... သူလက်သည်ပါကလား။

အိုဘေး နာဘေး သေဘေး တည်ထောင်တဲ့ သမုဒယချုပ်လိုက်လို့ ရှိရင် သက္ကာယပါ ပြုတ်သွားတဲ့အတွက် အိုဘေး နာဘေး သေဘေးပါ ပျောက်တယ်.... (မှန်ပါဘုရား)။

ဒါဖြင့် ... တိုတိုမှတ်လိုက်တော့ သမုဒယချုပ်လို့ ဒုက္ခချုပ်တာ ဘယ့်နှယ်ဆိုကြမလဲ .... (သမုဒယချုပ်လို့ ဒုက္ခချုပ်တာပါဘုရား)။

ကောင်းပြီ။ ဒါဖြင့် အဲဒီဟာလေး မှတ်လိုက်စမ်းပါ။ <u>တဏှာနိရောဓေါ နိဗ္ဗာနံဆိုတာ</u> ပေါ်လာတယ်။ <u>တဏှာချုပ်</u>ရင် .... (<u>ခန္ဓာချုပ်</u>ပါတယ်ဘုရား)။

တစ်နည်း ခန္ဓာရှိပေသည့် ဘုရားမှာ ခန္ဓာကြီးနဲ့ တရားလည်ဟောနေတယ် ဟောဘူးလား .... (ဟောပါတယ်ဘုရား)။ သို့သော် တဏှာချုပ်တဲ့ အတွက် သူသည် ကိလေသာတော့ဖြင့် ကိလေသာချုပ်ငြိမ်းတဲ့ နိဗ္ဗာန် သူရောက်နေပြီ ....(မှန်ပါဘုရား)။ ခန္ဓာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တော့ သူမရောက်သေးဘူး ရှင်းပြီလား .... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ကိလေသာ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တော့ ....(ရောက်နေပါပြီ ဘုရား)။ ခန္ဓာချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တော့ (မရောက်သေးပါ ဘုရား)၊ ဒါကိုမှတ်ကြပါတဲ့၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီးသည် ကိလေသာ မာန်ကိုသာအောင်၍ ခန္ဓာမာန်ကို မအောင်သေးဘူး .... (မှန်ပါဘုရား)။ ပရိနိဗ္ဗာန် မစံ ရသေးတော့ ကိလေသာ မာန်တော့ အောင်တယ်၊ ဗောဓိပင်နဲ့ ရွှေပလ္လင်ကတည်းကအောင်ခဲ့တယ်။

အဲဒီမှာ မင်္ဂလေးတန်နဲ့ ဖြတ်ချလိုက်တယ် —(မှန်ပါ) ခန္ဓာမာန်တော့ သူ့ဆွမ်းကျွေးရတာနဲ့ ခေတ်ကြာ ကျောက်မောင်းဆင်ချမဲ့ သူနဲ့ အဆဲခံရတာနဲ့ မရှိဘူးလား... (ရှိပါတယ်ဘုရား)။

တစ်ခါတစ်ခါကျရင် ဘုရားမှာလေနာထလို့ ထန်းလျက်ရေအိုးတွေနဲ့ ပုဏ္ဏားတွေကလှူရတဲ့ကိစ္စ မရှိဘူးလား— (ရှိပါတယ်ဘုရား)။

အဲဒါ.... ဘယ့်နှယ် ကြောင့်တုံးလို့ မေးရင် မောင်သစ် ဘယ့်နှယ်ဖြေပါ့မလဲ — (ခန္ဓာမာန် မအောင်သေးလို့ပါ ဘုရား)။ ဦးသံဒိုင် ဘယ့်နှယ်ဖြေမတုံး .... (ခန္ဓာမာန် မအောင်သေးလို့ပါဘုရား)။

အဲတော့ ခင်ဗျားတို့လို မသိဘဲ ပုဂ္ဂိုလ်တွေက ဘုရားမာန်ငါးပါး အောင်တာပဲဆိုတော့ မသေခင်အောင်တဲ့မာန်နဲ့ သေမှအောင်တဲ့မာန် မကွဲပဲဖြစ်နေတယ် —(မကွဲပဲဖြစ်နေပါတယ် ဘုရား)။

ခန္ဓာမာန်နဲ့ မစ္စုမာန်ကို ပရိနိဗ္ဗာန်စံပြီးမှ အောင်တယ်၊ ကျန်တဲ့ ကိလေသာမာန်တို့ ဒေဝပုတ္တမာန်တို့ကို မာရ်နတ်ကြီးနိုင်တဲ့ မာန်တွေတော့ အောပါတယ်။

http://www.dhammadownload.com



**ကိလေသာမာန် ဒေဝပုတ္တမာန်တွေတော့** အောင်ပါတယ်တဲ့၊ အဘိသင်္ခါရမာန်ဆိုတာ ဖြစ်လိုက်ပျက်လိုက် ဖြစ်လိုက်ပျက်လိုက် သူတားမရဘူး။ သူ့ခန္ဓာကိုယ်ကို။ အဲဒါ...အဲဒီမာန်ကိုသူ မနိုင်သေးဘူး၊ ရှင်းပြီလား .... (ရှင်းပါပြီဘုရား)။

ကောင်း.... ဒါဖြင့် **ခန္ဓာမာန်ရယ်** မစ္စုမာန်ရယ် အဘိသင်္ခါရ ဖြူပြင်နေရတဲ့မာန်ကို **သူအောင်ပြီလား** .... (မအောင်သေးပါဘုရား)။ ဒါဖြင့် **နှစ်ပါး**တင်အောင်တယ် သုံးပါး ကျန်တယ်။

ဒါဖြင့် .... မာန်ငါးပါး အောင်တော်မူသော ဘုရားလို့ဆိုတာ သက်တော်ထင်ရှား ရှိတုန်းလား မရှိတော့လို့ မေးရင် ဘယ်နှယ်ဖြေမတုံး။

သက်တော်ထင်ရှားမရှိမှ ငါးပါးစလုံး အောင်တာ၊ ရှိတော့ နှစ်ပါးထဲ ကိလေသာမာန်နဲ့ ဒေဝပုတ္တမာန်သို့ကို အောင်တယ်၊ သဘောကျသလား (ကျပါတယ်ဘုရား)။

အဲဒါ ဘုန်းကြီးကမဟာတကာမန္တလေးမှာလေး ခန္ဓာလေးမှာဟော တော့ ကိုချစ်ခက စက်ပိုင် ကိုညွှန့် ဦးသိန်းဒိုင် သိလား .... (သိပါတယ်ဘုရား) ပိုက်ကျုံးနေတာဟာ မာန်ငါးပါး **အောင်တယ်**လို့ စာအုပ်တွေက အကုန်ရေးနေတာ ဘုန်းကြီးက ဒါ... မအောင်ပြန်ဘူးတဲ့။ ကျုပ်တန့်လန့် ဖြစ်နေပြီကော... (တင်ပါ့ဘုရား)။

အဲဒါ ခုတော့ စာအုပ်သာစူးနေတာ ဘုန်းကြီးပြောတာကို သူမစူးဘူး၊ အဲဒါနဲ့ သူခက်နေတာ၊ မယူသတ်ဘာဘူး။

ခန္ဓာမာန် အောင်လို့ရှိရင်ဖြင့် သူ့ခန္ဓာကြီး သူဖြစ်ချင် သလို ဖြစ်ရမှာပေါ့လေ။ လေနာ ရင်နာ ထရပါ့မလား.... (မထ

ရပါဘူးဘုရား)။ သေနာရော.... (မထရပါဘူးဘုရား)။ မထ ရဘူး သူမအောင်သေးဘူးလို့ ဖြစ်နေတာ မဉ္ဇူမာန်ဆိုတာ သေ မင်း သူနိုင်မလား ... (မနိုင်သေးပါဘူးဘုရား)။

ထောက်တဲ့ တရားတွေ သူမနိုင်သေးလို့ မဉ္ဇူမာန်လဲ မအောင်သေးဘူး။ အဘိသင်္ခါရ ဆိုတာလဲ ပြုပြင်နေရ သေးတာ။ သူ့ခန္ဓာကြီးသွားပေးရတယ်၊ ဆွမ်း အချိန်မှန်မှန် ကျွေးရတယ်။

ရေချိုးပေးရတယ် ရေငွေးလိုတဲ့အခါ ရေငွေ့ ရေအေး လိုတဲ့အခါ ရေအေး ပြုပြင်နေရသေးတာ (မှန်ပါဘုရား)။

အဲဒီ မာန်တွေကို မအောင်သေးဘူး ဆိုတာကို ကိုချစ်ခ မကျေနပ်ဘူး၊ ခက်လိုက်တာမှ။

ပရိနိဗ္ဗာန် စံရင်တော့ကွာ ငါးခုလုံးပေါ့၊ မစံသေးရင်တော့ ဒီနှစ်ခုပဲနိုင်သေးတယ်။ ကျန်တဲ့ဥစ္စာ သူ့မှာ ဒီဝင့်မကျွတ်သေး ဘူးဆိုတာ ကျက်ထားတဲ့ ဘုရားရှိခိုးနဲ့ကို မကျေနပ်ဘဲဖြစ်နေ တော့ မတတ်နိုင်ဘူး။

ကိုင်း ... ဒါဖြင့် သက္ကာယ ရှိနေသေးလို့ ရှိရင်ဖြင့်တဲ့ ဒီမာန် သုံးခုကျန်မှာဘဲ .... (မှန်ပါဘုရား)။ မဂ်လေးတန်တော့ ဘုရား ရပြီးသား။ ကိလေသာမာန်ကို သူအောင်တယ်။ ဒေဝ ပုတ္တမာန်ကို သူအောင်တယ်၊ ဒါဘာမှ ငြင်းစရာမလိုပါဘူးတဲ့။ ကိုင်း.... ဒါဖြင့် သဘောကျပလား.... (ကျပါပြီဘုရား)။

သက္ကာယ ချုပ်ကြောင်းအကျင့် ပြောစမ်းပါအုံး။ ခုနက သက္ကာယ ချုပ်ရာဆိုတော့ တဏှာချုပ်ရင် ပြီးတာပဲ၊ တဏှာ ချုပ်လို့ရှိရင် ဒီသက္ကာယဟာ နောက်သက္ကာယ လာစရာလို သေးသလား.... (မလိုတော့ပါဘူး ဘုရား)။ မလိုတော့ပါဘူး။

http://www.dhammadownload.com



တဏှာချုပ်ရင် နောက်သင်္ခါရ လာစရာ မရှိတော့ဘူး။ ခန္ဓာရှိရက်နဲ့ ကိုယ်တော်ကြီး နိဗ္ဗာန်ရောက်ပြီလို့ ပြောလိုက်တယ်။ ခန္ဓာရှိသော်ငြားလည်း နိဗ္ဗာန်ရောက်ပြီ။ အာရုံပြုသောအားဖြင့် ရောက်တယ်တဲ့။ ရောက်ပုံကို ဒကာ ဒကာမတွေကို ရှင်းပြပါအုံးမယ်။

အာရုံပြုသောအားဖြင့် ရောက်တယ်ဆိုတာ ခုလို တရားနာတွေက ဘုရားရှေ့မှာ အမျှားကြီး သူက သစ္စာလေးပါးတရားဟောနေလို့ရှိရင် ဒကာဒကာမတွေ ရှုူရှိုက် ရှုူရှိုက်ဆိုတာ လူတိုင်းရှိတယ် ... (မှန်လှပါဘုရား)။

အဲဒီ ... ရှုူနေတုန်းလဲ အားစိုက်နေတယ်။ ရှိုက်နေတုန်းလဲ အားစိုက်နေတယ်။ ဒီအချိန်မှာ တရားမနာနိုင်ဘူး။ ဒီရှုူရှိုက်တဲ့ကြားထဲမှာ သူနိဗ္ဗာန်ကို အာရုံပြုနေတယ်။ ဒီစလာက် မြန်တယ်။ ရှုူရှိုက်တဲ့ကြားထဲမှာ ... (နိဗ္ဗာန်ကို အာရုံပြုနေပါတယ်ဘုရား)။

နိဗ္ဗာန်ကို အာရုံပြုနိုင်တယ် ဆိုတော့ကော ဒါဖြင့် သူခန္ဓာပင် ရှင်ငြားသော်လည်း နိဗ္ဗာန်ကိုတော့ သူရောက်နေပြီ။ ခန္ဓာ့မာန်သာ မအောင်သေးတာ။ နိဗ္ဗာန်တော့ ... (ရောက်နေပါပြီဘုရား) ရောက်နေပြီ။ အာရုံပြုသောအားဖြင့် ရောက်နေပြီ။

သူက နည်းနည်းမှ အပင်ပန်း ခံတာမဟုတ်ဘူး၊ ဘုန်းကြီးတို့က ခင်ဗျားတို့ရှုူရှိုက်နေတယ် တောက်လျှောက်ပြောတယ်။ သူကတော့ မရဘူး။ သူ့ဟာကအလကား အဖြစ်မခံနိုင်ဘူး ... (မှန်ပါဘုရား)။

http://www.dhammadownload.com



ရှုတဲ့ ရှိတဲ့ကြားက ငါတရားနှလုံး မသွင်းနိုင်ဘူးကွာ။ ရှုတိုင်းငါ ... နိုင်ဘူး ... ကောင်းနိုင်ဘူး။ ကြားထဲမှာ ငါ ... ပြီး သူက ... ဂုဏ်ယူ ... (မှန်ပါဘုရား)။

ကြားထဲမှာ အလျှင်းမှတ်လို့ ... တော်ကြီးက မေးတော့ ဖြစ်ပျက်အမှုရှုပြီး ဖျက်ဆီးနိဗ္ဗာန်ဘက် ကူးသွားတယ်။ သူ ... ပျက် ... တော့ (မှန်ပါဘုရား)။

နိဗ္ဗာန်တွေ့ချင်ရင် ဘယ်ကလေးမှာ ဖြစ်ပျက်ကစရမှာပါဘုရား)။ ဖြစ်ပျက်က ရှေးမှာထဲ ဖြစ်ပျက်မြင်ပြီးတော့မှ ပရိက် ... ဖြစ်ပျက် ... မှ ... နိဗ္ဗာန်ကိုး။ ရှင်းပြီလား ... (ရှင်းပါပြီဘုရား)။

ကောင်းပြီ ... ပါ ... ကြင့်လည်း တော်တော် နားလည်ကြပါပြီတဲ့။ ... ချုပ်ရာအကျင့် ပြောစမ်းပါဦး။ ... မေးတယ်။

အို... မဂ္ဂင်ရှစ်ပါးပေါ့လို့ ဖြေကြတယ်။ အဲဒီတော့ကို မဂ္ဂင်ရှစ်ပါးဟာ ... ချုပ်ကြောင်း အကျင့်ဆိုတာ ဒကာဒကာမတွေ ... မှတ်ထား ... (မှန်ပါဘုရား)။

ခန္ဓာချုပ်ကြောင်း အကျင့်ပြောတာ ... (မှန်ပါဘုရား)။ သဘောကျပြီလား ... (ကျပါတယ်ဘုရား)။

မဂ္ဂင်ရှစ်ပါးနဲ့ ဖြစ်ပျက်ရှုနေတဲ့ ဥစ္စာ <u>ဖြစ်ပျက်ရှုရင် မဂ္ဂင်ငါးပါးနဲ့ ရှစ်ပါးလာရမယ်။ လောကုတ္တရာကျရင် ရှစ်ပါးလာရမယ်။</u>

<u>ဒီ တစ်မဂ် ရပြီးသားဖြစ်ရင် ရှစ်ပါးနဲ့ရှု တစ်မဂ်မှ မရသေးတဲ့ ပုဂ္ဂိုလ်ရှုရင် ငါးပါးနဲ့ရှု။</u> သဘောကျပြီလား... (သဘော

ကျပါဘုရား)။

**တစ်မဂ်ရပြီးသား** ပုဂ္ဂိုလ်ရှုရင် ရှစ်ပါးနဲ့ ဖြစ်ပျက်ကိုရှု။ **တစ်မဂ်မှမရသေးတဲ့** ပုဂ္ဂိုလ် ရှုရင်... (ငါးပါးနဲ့ ရှုပါဘုရား) ငါးပါးနဲ့ ရှုတယ်ဆိုတာ [illegible] သွားလိုက်တော့။

ငါးပါး လဲမှားပါ၊ ရှစ်ပါး လဲမှန်ပါ။ အဖြေကျပြီလား... (ကျပါတယ်ဘုရား)။

အဲဒါ ... ခင်ဗျားတို့သုံးခုလဲ ဥစ္စာလဲ မဂ္ဂင်ပါ၊ မရသေးတဲ့ ပုဂ္ဂိုလ်အတွက်မှရော ရပြီးသား ပုဂ္ဂိုလ် အတွက်မှာရော မဂ္ဂင်ဘဲ... (မှန်ပါဘုရား)။ ငါးပါး နဲ့ရှစ်ပါးပဲကွာတယ်။

ရှစ်ပါး သမားက [illegible] ဆိုတော့ ခင်ဗျားတို့ သိပြီးသားပဲ သိလမဂ္ဂင် [illegible] ပါးတို့ [illegible]... (မှန်ပါ)။

ငါးပါးသမားက သီလ[illegible] သမ္မာဝါစာ ဝင်လာလို့ရှိရင် သမ္မာ [illegible]။ သမ္မာကမ္မန္တ ဝင်လာလို့ရှိရင် သမ္မာအာဇီဝ [illegible] ငါးကြောင့် ... ခင်ဗျားတို့မှာတော့ ငါးပါးနဲ့ [illegible]လို့ [illegible] သဘော ကျ[illegible] ... (ကျပါတယ်ဘု[illegible])။

ငါးပါးနဲ့ ... (ရနေရ[illegible]ဘုရာ [illegible] [illegible]ဂ္ဂင်ဘဲ... ([illegible]ပါဘုရား) [illegible]။ [illegible]ဗျားတို့ ရှုနေတာ။

ဒို့ ... ကိလေသာ [illegible] <u>[illegible]သတ်</u> ... ([illegible]သတ်နိုင်ပါတယ်ဘုရာ[illegible]) <u>[illegible]</u> [illegible]ဗျား <u>သတ်နိုင်တဲ့ အတွက် မဂ္ဂင်ဘဲ</u>။ <u>မဂ္ဂင်ဆိုတာ ကိလေသာသတ်တာ</u>။ ရှင်း ပြီလား။

ဒါဖြင့် ... ကိလေသာ သတ်တဲ့အလုပ် ဆိုရင်ဖြင့် နိဗ္ဗာန်

http://www.dhammadownload.com



ရောက်ကြောင်းဆိုတာ ဟုတ်သွားပြီဆိုတာ သေချာပြီလား ... (သေချာပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် .... ငါတို့လုပ်နေတဲ့ အလုပ်ဟာ ဘုရားမရှိခိုးဘဲနဲ့ ဆွမ်းလဲမကျွေးဘဲနဲ့ ဘာဆုမှလဲမတောင်းဘဲနဲ့ ငါတို့ဖြစ်ပျက် ရှုနေတာဟာနိဗ္ဗာန်ရောက်ကြောင်းလို့ မှတ်လိုက်ပါ.... (မှန်ပါ့ဘုရား)။

ဘာမှမလုပ်ဘဲနဲ့ ဖြစ်ပျက်မြင်နေတာနဲ့ ဘာအကြောင်းဖြစ်သွားလဲ.... (နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သွားပါတယ်ဘုရား)။

ဝိသာခကမေးလို့ ဓမ္မဒိန္နာကဖြေတယ်။ သဘောကျလား.... (ကျပါတယ်ဘုရား)။

နိဗ္ဗာန် ရောက်ကြောင်း အကျင့် ပြောစမ်းပါဦး ဆိုတော့ အို.... မဂ္ဂင်ရှစ်ပါးပေါ့ ဝိသာခရဲ့လို့ သေချာဖြေတာ .... (မှန်ပါဘုရား)။ နောက်.... ဘုရားက ထောက်ခံချက်ပေးတယ်။

အဲဒါကြောင့် .... ဒီအလုပ်ကိုဖြင့် နိဗ္ဗာန် ရောက်ချင်တဲ့ ပုဂ္ဂိုလ်မှာဖြင့် ဒီအလုပ်မပါဘဲနဲ့ ရောက်လိမ့်မယ်လို့ မည်သူတစ်ဦးတစ်ယောက်မှ မယူကြနဲ့လို့ ဆရာသမားက အတိအလင်း ဆုံးမတယ်။ ဒါတော့ ပါရအုံးမယ်။

ဒါတော့ .... မပါမဖြစ်ဘူး။ ဘယ်လိုပဲ ဒါန သီလတွေက အကျိုးပေးပြီးသကာလ နေစေကာမူ ဝင်ကာနီး ကျတော့ သူ ပါရမယ်....(မှန်ပါ) မပါရင်တော့.... (မဖြစ်ပါဘူးဘုရား)။

မဖြစ်ဘူးဆိုတာကို သေချာမှတ်ပါ၊ အခုကြည့်စမ်း ဝိသာခ ဆလဲ အနာဂါမ် အမေးခံရတဲ့ ဓမ္မဒိန္နာ သူ့ ခင်ပွန်းမကာဘိက္ခုနီမက ရဟန္တာ။

ဘယ်သူက ဖြေတာတုန်း .... (ရဟန္တာမက ဖြေတာပါ

http://www.dhammadownload.com



ဘုရား)။ ရဟန္တာမဂ်ဖြစ်တာ အနာဂါမ် လုပ်တဲ့ ပုဂ္ဂိုလ်ဗျ တော့ သာဓု သာဓု ခေါ်တာပါပဲ။

သူကလည်း သိပြီးသား။ ဪ .... မဂ္ဂင်ရှစ်ပါးမှတစ်ပါး နိဗ္ဗာန် ရောက်ကြောင်း တရားမရှိဘူးဆိုပြီး သာဓု ခေါ်လိုက် တယ်။ ရိပ်မိပြီလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့ဟာ ဆရာကောင်းမတွေ့ ခင်ကတော့ အခုလို ကိုယ်ကြည်ညိုလေးစားတဲ့ ဆရာသမားမတွေ့လို့ နားမ ထောင်ခင်တုန်းကတော့ကို ခင်ဗျားတို့ အမျိုးမျိုးနဲ့နိဗ္ဗာန်သွား ထိမ်မယ်လို့ အောက်မေ့ကြတယ် .... (မှန်လှပါဘုရား)။

သူဟာ အစစ်ပဲဆိုတာ ဆုံးဖြတ်ချက်ချ။ မဂ္ဂင် ရှစ်ပါးဟာ နိဗ္ဗာန် ရောက်ကြောင်း အစစ်လို့မှတ်ပါ။ သည့်ပြင် ဟာတွေ ဈေးဘုရား။

ဒါနသီလတွေ တပည့်ကော်တို့လုပ်နေတဲ့ ဝေယျာဝစ္စတွေ သည့်ပြင် ဟာတွေကောဘုရား အို .... ဒါတွေဟာ မဂ္ဂင်၏ အထောက်အပံ့ပေါ့ ရှင်းပြီလား .... (ရှင်းပါပြီဘုရား)။ ဘယ် လိုဆိုကြမလဲ... (မဂ္ဂင်၏ အထောက်အပံ့ပါဘုရား)။

မဂ္ဂင်၏ အထောက်အပံ့ သူတို့ကပေးတော့ မဂ္ဂင်က ကျုပ် တို့မှာတဲ့ မဂ္ဂင်ဟောတတ်တဲ့ ဆရာနဲ့တွေ့ပြီး မဂ္ဂင် အလုပ်လုပ် တတ်တဲ့ ဉာဏ်တွေရတာပေါ့.... (မှန်ပါဘုရား)။ ပေါ်ကြပြီ လား.... (ပေါ်ပါပြီဘုရား)။

ဒီအေး... ဒါကြောင့် တစ်နေ့ကလဲ နှစ်ပစ္စည်းပြောထယ်။ သူက ဥပါနိဿယကွ။ မဂ္ဂင်က မဂ္ဂပစ္စယောကွ။ သူက ဥပါနိဿယ ပစ္စယောကွ။ ရှင်းပြီလား.... (ရှင်းပါတယ်ဘုရား)။

ဒါန သီလ သမထ တွေကဘာတုံး.... (ဥပါနိဿယပစ္စယော

http://www.dhammadownload.com



ပါဘုရား) မဂ္ဂင်ရှစ်ပါးက.... (မဂ္ဂပစ္စယောပါဘုရား)။

အဲ.... ဘုရားကိုက နှစ်ပစ္စည်းဟောထားတာ .... (မှန်ပါ)။ ဘုရားကအဘယ်ပစ္စည်းဟောတုံး....(နှစ်ပစ္စည်းဟောတာပါဘုရား) နိဗ္ဗာန် ရောက်ကြောင်း နှစ်ပစ္စည်းဟောတာ။ ဥပနိဿယ ပစ္စယောလဲ ပါရမယ်ကွ။ မဂ္ဂပစ္စယော မပါရင်လဲ.... (မဖြစ်ပါဘူးဘုရား)။

မဖြစ်ဘူးကွ။ မပြီးဘူးကွ။ ဒီလို ဟောထားတယ် ဆိုတာ ခင်ဗျားတို့ကလဲ တစ်ခါထဲ ဩော် .... ဒီလိုပါလား ဆိုတာကို ကိုယ့်ဉာဏ်နဲ့ကိုယ် ဆုံးဖြတ်ချက်ချ။ သူများပါးစပ် လမ်းဆုံး မနေနဲ့.... (မှန်လှပါဘုရား)။

အခု နိဗ္ဗာန် ရောက်ကြောင်း အကျင့် ပြောမယ်ပါ ဆို တော့ ဝိသာခမေးလို့ ဓမ္မဒိန္နာက ဖြေလိုက်တာ။

သမ္မာဒိဋ္ဌိ အစရှိသော မဂ္ဂင်ရှစ်ပါးဘဲ။ ရှင်းကြပြီလား၊ (ရှင်းပါပြီဘုရား)။ ဒါဖြင့် ... နိဗ္ဗာန်ရောက်ကြောင်း တရား ဘယ်နှစ်ပါးရှိတုံး .. (ရှစ်ပါးရှိပါတယ်ဘုရား)။

ရှစ်ပါးရှိတယ်လို့ဆိုတာ သေချာမှတ်ပါ၊ ရှစ်ပါးဟာ ဘာ တုံးဆိုတော့ သီလ သမာဓိ ပညာ ၃ ပုံလိုက်ပြန်တော့ရှစ်ပါးဟာဘာ တုံး သီလ သမာဓိ ပညာကို ဆိုပါတယ်။

ရှစ်ပါးကို ပုံလိုက်လို့ရှိရင် နောက်တော့ပုံပြ ပါမယ် ဟခု တော့ သူ့အမေးနဲ့သူ့အဖြေက အဲဒါ နောက်ဆုံးပိတ်လောက် မှ သူကမေးတာကိုး။ အခုအချိန်မှာ သူ့ကိုရှင်းရှင်းလင်းလင်း မပြောသေးပါဘူး။

သို့သော် ဒီရှစ်ပါးကို သုံးပုံ ပုံလိုက်လို့ရှိရင် သီလ သမာဓိ ပညာပဲ ဖြစ်တယ်။ ရှင်းပြီလား .... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ရှစ်ပါးသုံးပုံ ပုံလိုက်ရင်…… (သီလ သမာဓိ ပညာပဲ ဖြစ်ပါတယ်ဘုရား)။ သီလ သမာဓိ ပညာဆိုတာ ဖြစ်သွားတယ်။

ဒါကြောင့်…. သီလလဲ နိဗ္ဗာန်ရောက်ကြောင်း ဆိုတာ ပေါ်တယ်။ သမာဓိလဲ… (နိဗ္ဗာန်ရောက်ကြောင်းပါဘုရား)။ ပညာရော …. (နိဗ္ဗာန်ရောက်ကြောင်းပါဘုရား)။

သို့သော် ခေါင်းဆောင် အကြီးဆုံးကတော့ ပညာပဲ … (မှန်လှပါဘုရား)။ ခေါင်းဆောင်ကတော့ …. (ပညာပါဘုရား)။ ပညာပဲလို့ သေသေချာချာမှတ်ထားပါ။

ဒါနဲ့…. ယနေ့ည ဒကာဒကာမတွေ မှတ်ရတာကသက္ကာယလဲ သိပြီ။ သက္ကာယဖြစ်ကြောင်းလဲ… (သိပါပြီဘုရား) သက္ကာယချုပ်ကြောင်းလဲ …. (သိပါပြီဘုရား)။ ချုပ်ရာ အကျင့်ရော … (သိပါပြီဘုရား)။ လေးခုသိသွားပြီ။ ဓမ္မဒိန္နာက ဖြေလို့၊ ဝိသာခကမေးလို့ ဒီဥပါဒါနဲ့ တရားမှန်လို့ ဆုံးဖြတ်ချက်ချ … (မှန်ပါဘုရား)။

ဒီမေးသမား ဘနေလေါင် အဖြေသမားက ယောက်ျား ဆိုတော့ တိမ်းစောင်းစရာ ရှိသေးသလား…. (မရှိပါဘူးဘုရား)။

သူ့ကိုယ်တွေ။ အခုခေါ်နိုင်တဲ့ ပုဂ္ဂိုလ်ကလဲ သူ့ကိုယ်တွေကိုခေါ်တာ … (မှန်ပါဘုရား)။ ပြောတဲ့ ပုဂ္ဂိုလ်ကလဲ ကိုယ်တွေကို ပြောတာ … (မှန်ပါဘုရား)။

ဒါကြောင့် … ဒါ တိမ်းစောင်းစရာ မရှိတဲ့ တရားလို့ သေချာမှတ်ပါ… (မှန်ပါဘုရား) သဘောပေါက်ပြီလား…. (ပေါက်ပါပြီဘုရား)။

ဒါနဲ့ဝိသာခက မကျေနပ်သေးဘူး။ သူ့စိတ်ထဲမှာမကျေနပ်သေးဘူးတဲ့။ ဒါလောက်နဲ့ဆိုလို့ရှိရင် ဒီပြင် ပုစ္ဆာမေးအုံးမှာတဲ့။

http://www.dhammadownload.com



ဥပါဒါနက္ခန္ဓာ ဆိုတာ မြောစမ်းပါအုံး။ သူထပ်မေးတယ်။ ဥပါဒါနက္ခန္ဓာ ဆိုတာ ယခုလက်ရှိ ရှိတဲ့ ဥပါဒါန် တရားတွေ အာရုံဖြစ်တဲ့ခန္ဓာပေါ့၊ ဖြေလိုက်တယ်။

ဒါဖြင့် အရှင်မမ္မဒိန္နာ မေးပါရစေ။ ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာ တခြားစီလား သို့မဟုတ် အတူတူပဲလား။ ဒါလေးရှင်းပေးပါ။

ဥပါဒါန်နဲ့ ခန္ဓာနဲ့က အတူတူလဲ မဟုတ်ဘူး၊ တခြားစီလဲ မဟုတ်ဘူး။ အတူတူဆိုရင်လဲ ရောနေမှာပဲ၊ တခြားစီလားဆို လို့ ရှိရင်လဲ မဟုတ်ဘူး ဆိုတော့ ဒီအဖြေဟာ ထော်တော် ခက်ဘူးလား ....(ခက်ပါတယ်ဘုရား)။

အင်း.... အတူတူလား မေးပြန်တော့ အတူတူလဲ မဟုတ်ဘူး၊ တခြားစီလား မေးပြန်တော့ တခြားစီလဲ မဟုတ်ဘူး ဆိုတော့ ဒဏာဒကာမတွေ ရှင်းဖို့ရာ ဘုန်းကြီးများက ကြားဝင်ရတယ်။ မဝင်ရင်မဖြစ်ပါဘူး။

ဥပါဒါနက္ခန္ဓာလို့ ဆိုထားတယ်။ သက္ကာယဟာ ဥပါဒါ နက္ခန္ဓာပဲ၊ အဲဒီ ဥပါဒါနက္ခန္ဓာမှာ ခင်ဗျားတို့ခန္ဓာက သူ့ဟာ သူ နေတာ။ သဘောကျလား .... (ကျပါတယ်ဘုရား)။

ဥပမာ- သားမယား ခန္ဓာက သူ့ဟာသူနေတာ။ ဒီတော့ ဥပါဒါန်မရှိတဲ့ ပုဂ္ဂိုလ်ဆိုသူက သက္ကာယဖြစ်တယ်၊ ဥပါဒါန်၏ အာရုံသာဖြစ်တယ်။ ဥပါဒါနက္ခန္ဓာ မဖြစ်ဘူး။

ဒီကနေပြီး.... ဥပါဒါန်က သွားပြီးငြိမှ ဥပါဒါနက္ခန္ဓာ၊ ဒါ ဖြင့် ဥပါဒါန်နဲ့ ခန္ဓာဆိုတာ အတူတူလားလို့ မေးတဲ့အခါကျ လို့ ရှိုင်ရင် နဂိုက ဒီတရားကတကော၊ ဟိုတရားက ကျန်တဲ့နာမ် မင်ခန္ဓာလေးပါး ခန္ဓာငါးပါး၊ ရိပ်မိပြီလား .... (ရိပ်မိပါပြီ ဘုရား)။

http://www.dhammadownload.com



ရူပက္ခန္ဓာခန္ဓာစနဲ့တကွ ခန္ဓာငါးပါးကို ဟိုဖက်က ခန္ဓာငါးပါး ဒီဖက်က တဏှာ နှစ်ခုကြားထဲမှာ ဆက်မိမှ ဥပါဒါနက္ခန္ဓာ.... (မှန်လှပါဘုရား)။ မဆက်မိလို့ရှိရင် ဒါ ဥပါဒါနက္ခန္ဓာလို့ သွားမဆိုနဲ့တဲ့၊ သဘောကျရဲ့လား ... (ကျပါတယ်ဘုရား)။ မဆက်မိရင် ... (ဥပါဒါနက္ခန္ဓာ မဟုတ်ပါဘူးဘုရား)။

ဒါဖြင့်... တခြားစီလားလို့ မေးလိုက်တဲ့အခါကျတော့လဲ၊ ဥပါဒါန်နဲ့ ခန္ဓာနဲ့က တခြားစီလားလို့ မေးတဲ့အခါကျတော့ ရှိရင်လဲ တခြားစီလဲ မဟုတ်ဘူးတဲ့ တွဲနေတယ်။ အာရုံနဲ့ အာရမ္မဏိကအားဖြင့် စပ်နေတယ်။

ဒီက အာရမ္မဏိက ဒီဝမ်းထဲက ဥပါဒါန်က အာရုံ၊ အာရုံ အာရမ္မဏိက အားဖြင့်ဆက်တယ်တဲ့။ တခြားစီလားလို့ မေးတဲ့ အခါကျတော့လဲ ဆက်နေတယ်တဲ့။ တူသလားလို့ မေးတော့လဲ မတူဘူးတဲ့၊ ဒီက တဏှာကိုး။

ဒီက တဏှာမှာကြွင်းတဲ့ ရုပ်နာမ်ဆိုတော့ တခြားစီမနေဘူး လား.... (တခြားစီပါဘုရား)။

ကိုင်း .... ဒါဖြင့် ဘယ်အချိန်မှ ဥပါဒါနက္ခန္ဓာ ဖြစ်သတုံး လို့ မေးဘို့ မလိုဘူးလား.... (လိုပါတယ်ဘုရား)။

ဥပါဒါန်မပြတ်တဲ့ ပုဂ္ဂိုလ်မှာ (ဝါ) တဏှာ မပြတ်တဲ့ပုဂ္ဂိုလ် မှာ မိမိခန္ဓာကို ခြင်ကောင်၊ ယင်ကောင် ကိုက်စားတာတောင် မကျေနပ်ဘူး (မှန်လှပါဘုရား)။ ဆက်နေတယ် — (မှန်လှပါ ဘုရား)။ မဆက်ဘူးလား.... (ဆက်ပါတယ်ဘုရား)။

သာဖြစ်လို့ ခြင်ကောင် ယင်ကောင်တွေက သွေးတွေစုပ် တာကို ခင်ဗျားတို့က နေပြီးသဘောမ မောင်းရတာလဲ ရှမ်းရ

http://www.dhammadownload.com



သလဲလို့ မေးလို့ ရှိရင်ဖြင့်တဲ့ ဒီတရားက ဒီခန္ဓာနဲ့ ဆက်သွယ်နေလို့ ... (မှန်ပါဘုရား)။

ဆက်သွယ်နေတော့ ခင်တဲ့ခန္ဓာနဲ့ ဆက်သွယ်ပြီး သကာလ နေတော့ ခင်တဲ့ ခန္ဓာထဲလို့ ရှိရင် မခံနိုင်ဘူး ဆိုကတည်းက ခင်တာက ဒီထဲသွားနေတာ ခန္ဓာထဲကို မသွားဘူးလား .... (သွားနေပါတယ်ဘုရား)။

ဒါဖြင့်... ဒီခန္ဓာကို ဥပါဒါနက္ခန္ဓာ ဥပါဒါန်တို့၏ တည်ရာခန္ဓာ .... (မှန်လှပါဘုရား)။ ဘာတဲ့တုံး .... (ဥပါဒါန်တို့၏ တည်ရာ ခန္ဓာပါဘုရား)။ ဥပါဒါန်တို့၏ တည်ရာခန္ဓာဆိုတာ သေချာကြပြီလား...., (သေချာပါတယ်ဘုရား)။

ဒါဖြင့်.... ဥပါဒါန်နဲ့ ခန္ဓာနဲ့ဟာသည်တဲ့ ရောတဲ့ ပုဂ္ဂိုလ်လဲ ရှိတယ်၊ မရောတဲ့ပုဂ္ဂိုလ်လဲ... (ရှိပါတယ်ဘုရား)။ အရိယာတွေကျတော့.... (မရောပါဘူးဘုရား)။

ဘုရား ရဟန္တာတို့ကျတော့ မရောတော့ဘူး။ ခန္ဓာသာဆိုတယ်၊ ဥပါဒါနက္ခန္ဓာလို့ သွားမဆိုနဲ့။ ခန္ဓာပဲ။ ရှင်းရဲ့လား.. (ရှင်းပါတယ်ဘုရား)။

ခင်ဗျားတို့ ကျုပ်တို့ကြ ကျတော့ အထိမခံရသေးပဲ ဖြစ်နေတော့ သူ ဥပါဒါန်နဲ့သွားပြီး ငြိနေတယ်။ ဒီအထဲမှာရှိတဲ့ တရား ဥပါဒါန်နဲ့သွား ငြိလား မငြိဘူးလား.. (ငြိပါတယ်ဘုရား)။

ငြိတဲ့အခါကျတော့ ငြိတယ် မငြိတယ် ဘာမှမလုပ်နဲ့။ သူမှာလို့ရှိရင် စိတ်ပျက်သွားတယ်။ သူမှာလို့ရှိရင် ဝမ်းသာတယ်၊ ဆက်နေတယ်၊ ဝမ်းသာတဲ့စိတ်နဲ့လဲ သူဆက်တယ် ဝမ်းနည်းတဲ့ စိတ်နဲ့ရော သူဆက်နေတယ်။

ဒါ .... ဘာဖြစ်လို့လဲဆိုတော့ ဥပါဒါန်နဲ့ သွားငြိနေလို့။ သာသာပေါ့ပါသား.... (ပါ မပါဘယ်ဘုရား)။ ဒါဖြင့် ဥပါဒါန်နဲ့ ခန္ဓာ၊ ဥပါဒါန်နဲ့ခန္ဓာနဲ့ဟာ တခြားစီလားလို့ မေးရင်ကော။ အခုပြောတဲ့ ပုဂ္ဂိုလ်ကတော့ ဆက်နေတယ်။ မပယ်ရသေးတဲ့ ပုဂ္ဂိုလ်က .... (ဆက်နေပါတယ်ဘုရား)။

ဆက်နေတယ်ဆိုတော့ ဒါဖြင့် ဥပါဒါန်နဲ့ ခန္ဓာနဲ့ ခပ်နှ ထင်းနဲ့ အခိုးပွှါးတောမရှုနိုင်ဘူး .... (ရပါမယ်ဘုရား)။ အခုရှိ အခုရမ္မတ်ကာ သားဖြင့်တော့ စပ်ရန်.

အတူတူတော့ နေသလားလို့ မေးပြန်ရင်တော့ အတူမနေဘူး။ အတူနေတာက တခြားမှမဟုတ်ဘဲ ဝဲ နဲ့ ဝဲ ကျောက တစ်မျိုး ခန္ဓာကတင်မျိုး.... (တင်ပါဘုရား)။ သဘောဟ ပျော့ကြွ ရှိသလား . (မတူပါဘူးဘုရား)။ သဘောကတော့ မတူတူဘူး။ ကြောင်ကျိုးကတော့ ဆက်နေတယ်.... (မှန်ပါဘုရား)။

ဒါကြောင့် သဘောမတူကာတော့ ကိုယ့်ကိုယ်ရှိနှင့်ခါ ပျော်သွား တို့ပြီ၊ အတူတူလားလို့ မေးတော့ အတူမဟုတ်လို့ မတူဘူး၊ တခြားစီလားလို့ မေးတော့လဲ တခြားစီလဲ မဟုတ်ဘူး တဲ့ ငြိနေတဲ့ပုဂ္ဂိုလ်မှာ တခြားစီလဲ မဟုတ်ဘူး။ ရှင်းရဲ့လား ... (ရှင်းပါပြီဘုရား)။ အတူတူလားလို့ မေးပြန်တော့လဲ တူလဲ မတူဘူး။

ဒီတော့.... ကျွန်တော်ရုပ်နာမ် စိတ်ကျောက ဟာတာဥပါဒါန် ဆိုတော့ ဒီလို ဓမ္မဒိန္နာက ဖြေလိုက်တဲ့အခါကျတော့ ခြောင်.... ဥပါဒါန်နဲ့ ခန္ဓာဟာ တခြားစီလား အတူတူလားလို့ မေးတဲ့ အခါကျ တခြားစီလို့လဲ မဆိုနဲ့၊ အတူတူလို့လဲ... (မဆိုပါဘူးဘုရား)။

http://www.dhammadownload.com



မဆိုဘူးတဲ့။ ငြိနေတဲ့ ပုဂ္ဂိုလ်ကျတော့ကိုတဲ့ တခြားစီမဟုတ် မြန်ဘူး သဘောကျရဲ့လား.... (ကျပါတယ်ဘုရား)။ ငြိနေတဲ့ ပုဂ္ဂိုလ်ဟာ.... (တခြားစီမဟုတ်ပါဘူးဘုရား)။

အတူတူလားဆိုတော့ ဒီဖက်က ရုပ်နာမ်ကတမျိုး၊ ဒီကရုပ် နာမ်က တစ်မျိုးဖြစ်နေတယ်။ ဒီက တဏှာ ဟိုက ဇာဏှာကင်း တဲ့ရုပ်။ တဏှာမပါတဲ့ရုပ် ... (မှန်ပါ့ဘုရား)။ တဏှာမပါတဲ့ ရုပ်နာမ်။

ကောင်းပြီ။ ဒါဖြင့် ဥပါဒါန်နဲ့ ခန္ဓာနဲ့က တခြားစီလဲ မ ဟုတ်ဘူးနော်။ အတူတူလဲမဟုတ်ဘူး.... (မဟုတ်ပါဘူးဘုရား)။ ဒါဖြင့်... ကျေပြီလား.... (ကျေပါပြီဘုရား)။

သဘောကျသွားပြီ။ ကိုင်း... သဘော ကျသွားတော့ကို ရှေ့ဆက်မေးတယ်။

ရှင်ဓမ္မဒိန္နာတဲ့ သက္ကာယဒိဋ္ဌိဆိုတာ ပြောစမ်းပါဦး မေး တယ် သက္ကာယဒိဋ္ဌိဆိုတာ ဒီလိုပါ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ် အရိယာတို့ရဲ့ စကားကို မနာဘူးတဲ့ ပုဂ္ဂိုလ်များ မနေ့ကပြော သလို ရုပ်ကို ငါထင်ပါတယ်။ ဝေဒနာကို ငါထင်ပါတယ်၊ သညာကို.... (ငါထင်ပါတယ်ဘုရား)။ သင်္ခါရကို .... (ငါထင် ပါတယ်ဘုရား)။ ဝိညာဉ်ကို (ငါထင်ပါတယ်ဘုရား)။

အဲဒါ... သက္ကာယ ဒိဋ္ဌိပါပဲတဲ့။ အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ် မှာ ဖြစ်ပါတယ် .... (မှန်ပါ့ဘုရား)။ အကြား အမြင်ရှိတဲ့ ပုဂ္ဂိုလ်တွေကျတော့ သက္ကာယဆိုတာ ဖြစ်ပါတယ်။ ဒိဋ္ဌိ မဖြစ် ဘူး ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

အကြား အမြင်မရှိတဲ့ ပုဂ္ဂိုလ်ဖြင့် ... (သက္ကာယဒိဋ္ဌိဖြစ်ပါ တယ်ဘုရား)။ သက္ကာယနဲ့ ဒိဋ္ဌိနဲ့ ရောနှောနေတယ်။ ဒါက

http://www.dhammadownload.com



သက္ကာယ ဒီထဲ ဒိဋ္ဌိကရှုပ်နေတယ် — (မှန်ပါဘုရား)။ မရှုပ်ဘူးလား…. (ရှုပ်ပါတယ်ဘုရား)။

ကောင်းပြီ။ ဒါဖြင့် အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုတဲ့ ရုပ်ကို ငါ၊ ဝေဒနာငါ၊ သညာငါ၊ သင်္ခါရငါ၊ ဝိညာဉ်ငါလို့ ယူလိုက်တဲ့အတွက် သက္ကာယဒိဋ္ဌိဖြစ်ပါတယ်။ သဘောပါသလား…. (ပါပါတယ်ဘုရား)။

ဒါဖြင့်…. သက္ကာယဒိဋ္ဌိဆိုတဲ့ဥစ္စာသည် သက္ကာယထဲမှာ ဒိဋ္ဌိဝင်ရှုပ်တဲ့ ပုဂ္ဂိုလ်ကို ဆိုတာပါ — (မှန်ပါဘုရား)။ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်များမှာ သက္ကာယဆိုတဲ့ ခန္ဓာထဲမှာ ဒိဋ္ဌိကဝင်ပြီးသလားလ အုပ်ချုပ်နေတယ် — (မှန်ပါဘုရား)။ ရှင်းပြီလား…. ရှင်းပါပြီဘုရား)။

သက္ကာယဆိုတဲ့ လောကီခန္ဓာထဲမှာ…. (ဒိဋ္ဌိကဝင်ရှုပ်နေပါတယ်ဘုရား)။ ဒိဋ္ဌိကဝင်ရှုပ်နေတယ်…. (မှန်ပါ)။ ဒါက …. ဘယ်လိုပုဂ္ဂိုလ်တုံး မေးတော့ ဘယ်နှယ်ဖြေကြမလဲ….(အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်တွေပါဘုရား)။

ဒါဖြင့်…. အကြားအမြင်မရှိဘဲ ပုဂ္ဂိုလ်မို့ ဒါ ဝင်ရှုပ်နိုင်တာပဲ….(ဟုတ်ပါတယ်ဘုရား)။ တရားမနာရတဲ့ ပုဂ္ဂိုလ်အတွက်မှာ သက္ကာယ ဒိဋ္ဌိပြုတ်ဖို့ အတော် ခဲယဉ်းမှာပေါ့…. (မှန်ပါဘုရား)။ အကြားအမြင်မှမရှိတော့ပဲ….(မှန်ပါဘုရား)။ ရှင်းပြီလား…. (ရှင်းပါဘုရား)။

ဒါကြောင့် …. <u>သောတာပန်တည်ခြင်း အကြောင်းမှာ သူတော်ကောင်းနဲ့ ပေါင်းရမယ်ကွ</u>။ <u>တရားနာရမယ်ကွ</u>။ တစ်ခါတည်းမှတ်ပါ…. (မှတ်ပါတယ်ဘုရား)။

သပ္ပုရိသသံသေဝ သံသေဝ သောတာပတ္တိ အင်္ဂ၊ သဒ္ဓမ္မဿဝနံ

http://www.dhammadownload.com



သောတာပတ္တိအင်္ဂါ၊ ယောနိသော မနသိကာရ သောတာ ပတ္တိအင်္ဂါ ဓမ္မာနုဓမ္မပဋိပတ္တိ သောတာပတ္တိအင်္ဂါ သောတာပန် ဖြစ်ခြင်း ဒီအင်္ဂါလေးခုဟာ မိမိတို့ရှိနေသလားပါ။

ရှေးဦးစွာ သူတော်ကောင်းနဲ့ ပေါင်းရမယ်။ ပြီးတော့ဘာ အလုပ်ရမလဲ။ တရားနာရမယ်။ ပြီးတော့ နှလုံးသွင်းမှန် အောင် လုပ်ရမယ်။ တရားနာတော့ နှလုံးသွင်းမှန်ပြီ။ နှလုံးသွင်းမှန်ပြီးတော့ မှန်တဲ့အတိုင်း ကျင့်ရမယ် ....(ကျင့်ရပါ မယ်ဘုရား)။

ဒီ လေးချက်မညီလို့ရှိရင် ငါ့ဘုရားသခင် ကိုယ်တော်မြတ် ကြီးက သောတာပန်တည်လိမ့်မယ်လို့ ဟောမြွက်မယ်ဟုတ်ဘူး။ ဟောနိုင်ပါ့မလား .... မဟောနိုင်ပါဘူးဘုရား။ မဟောနိုင် ဘူးဆိုတာကော သေချာပြီလား ... (သေချာပြီဘုရား)။

ဒါဖြင့် ဘုရားကဟောပါတယ်။ သက္ကာယ ဒိဋ္ဌိဆိုတာ ဘာတုန်းလို့ ခုနက ဝိသာခ မေးတော့ ဓမ္မဒိန္နာက အကြားအမြင်မရှိတဲ့ပုဂ္ဂိုလ်မှာ ရုပ်ကို ရူပံ အတ္တတော သမနုပဿတိ ဝေဒနံ အတ္တတော သမနုပဿတိ။

ရုပ်ကို ငါထင်ပါတယ်၊ ဝေဒနာကို ငါထင်ပါတယ်၊ သညာ ငါထင်ပါတယ်။ သင်္ခါရ ငါထင်ပါတယ်။ ဝိညာဉ် ငါထင်ပါ တယ်။ အကြား အမြင်မရှိတဲ့ ပုဂ္ဂိုလ်မို့ သက္ကာယ ဒိဋ္ဌိပဲ။ သက္ကာယထဲမှာ ဒိဋ္ဌိဝင်နေတယ်.... (မှန်ပါဘုရား)။

သက္ကာယထဲမှာ .... (ဒိဋ္ဌိဝင်နေပါတယ်ဘုရား)။ ဘယ် ပုဂ္ဂိုလ်တုံး.... (အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်ပါဘုရား)။ ဒါဖြင့် အကြားအမြင်က ဘယ်ကလာထာတုန်းလို့ မေးတော့ တရားနာ လို့ လာတယ်(မှန်ပါဘုရား)။ ရှင်းပြီလား....(ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



အကြားအမြင်က ဘယ်ကလာသလဲ.... (တရားနာမှုကလာပါတယ်ဘုရား)။ ဒီ တရားနာမှုကလဲ ဘယ်သူ့ဆည်းကပ်ရမှာတုံးဆိုတော့ သူတော်ကောင်း ဆည်းကပ်ရမှာ။

ဒါဖြင့် .... အကြားအမြင် မရှိတာသည် ဘယ့်နှယ်ကြောင့်တုံးလို့ မေးလို့ရှိရင်ဖြင့် တရားမနာလို့၊ ပေါ်ကြပြီလား.... (ပေါ်ပါတယ်ဘုရား)။ အကြားအမြင်မရှိတာ ....(တရားမနာကြသေးလို့ပါဘုရား)။ အင်း— တရားဘယ့်နှယ်ကြောင့် မနာသတုံး မေးပြန်တော့.... (သူတော်ကောင်း မဆည်းကပ်လို့ပါဘုရား)။

ဒါ.... ဘယ်နည်းနဲ့မှ သောတာပန်မတည်နိုင်ဘူး၊ သဘောပါလား.... (ပါပါတယ်ဘုရား)။

ဘယ်နည်းနဲ့မှ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက သောတာပန်တည်လိမ့်မယ်လို့ ဆိုတာ ငါ မဟောပါဘူးကွာတဲ့။ ဒီ .... လေးခုမစုံဲနဲ့တော့ မရပါဘူး.... (မှန်ပါဘုရား)။

တစ်ခါ.... သူတော်ကောင်းနဲ့လဲ ပေါင်းရဲ့၊ အကြား အမြင်လဲရှိတယ်။ နှလုံးသွင်းလဲမှန်ရဲ့။ အကျင့်ကမပါပြန်ရင်လဲ ဓမ္မာနုဓမ္မပဋိပတ္တိ မပါပြန်ဘူး။ မရဘူးကွ — (မှန်လှပါဘုရား) ရှင်းပြီလား.... (ရှင်းပါတယ်ဘုရား)။

သူတော်ကောင်းလဲ ပေါင်းပါရဲ့ တရားလဲ ....(နာပါတယ်) နှလုံးသွင်းလဲ.... (မှန်ပါတယ်ဘုရား) မှန်ပါတယ်တဲ့။ ဒုန်ပင်မှန်ငြားသော်လည်း ဓမ္မာနု ဓမ္မာဋိပတ္တိ အလုပ်ကို မလုပ်ပြန်ဘူးလို့ ဖြစ်ပျက်နဲ့ မဂ်နဲ့ကိုက်အောင် မလုပ်ဘူး.... (မှန်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒီပုဂ္ဂိုလ်လဲ သောတာပန် မတည်ဘူးကွ ရိပ်မိကြရဲ့လား — (ရိပ်မိပါတယ်ဘုရား)။

ဒါဖြင့်.... ဒီလေးချက်တော့ဖြင့် ဦးဆံဒိုင် ညီရမယ်....(ညီရပါမယ်ဘုရား)။ မညီရင် ဇောာ်ပါ့မလား၊ —(မထော်ပါဘူးဘုရား)။

ဘယ်နည်းနဲ့မှ မရဘူးမှတ် (ဟုတ်ပါတယ်ဘုရား)။ သဘောပါကြလား (ပါပါတယ်ဘုရား)။ ကောင်းပြီး ဒါဖြင့် ဓမ္မဒိန္နာက ဖြေလိုက်တယ်။ အကြားအမြင်မရှိတဲ့ ပုဂ္ဂိုလ်မှာ သက္ကာယဒိဋ္ဌိဖြစ်ပါတယ်၊ အကြားအမြင်ရှိတဲ့ ပုဂ္ဂိုလ်မှာ သက္ကာယ ဒိဋ္ဌိမဖြစ်ပါဘူးလို့ ဆိုတော့ ၂ ခုပြီး မသွားဘူးလား — (ပြီးသွားပါတယ်ဘုရား)။

အကြားအမြင် မရှိတဲ့ပုဂ္ဂိုလ်မှာ (သက္ကာယဒိဋ္ဌိ-ဖြစ်ပါတယ်ဘုရား) အကြား အမြင်မရှိတဲ့ ပုဂ္ဂိုလ်မှာ .... (သက္ကာယဒိဋ္ဌိမဖြစ်ပါဘူးဘုရား)။

သက္ကာယဒိဋ္ဌိမဖြစ်ပါဘူးတဲ့။ ဩော်... သူဟာ သူနေတာပဲ —ဒါက သက္ကာယပဲ — ဒီဟာ ငါမဟုတ်ဘူးလို့ သိထားလို့ရှိရင် ဒိဋ္ဌိမဖြစ်တော့ဘူး၊ ဖြစ်သေးရဲ့လား (မဖြစ်ပါဘူးဘုရား။) ကောင်းပြီ။ အမြစ်သာမပြုတ်တာတဲ့ မဖြစ်တော့ မဖြစ်တော့ဘူး .... (မှန်ပါ့ဘုရား)။

ဒါကြောင့် သက္ကာယဒိဋ္ဌိပြုတ်ဖို့ရာအရေးဟာက သူကတော့ ငရဲမျိုးစေ့ဆိုတာကိုလဲနေ့တိုင်းပြောတယ်(မှန်ပါ့ဘုရား)၊ ပြောဘူးလား ... (ပြောပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိသည် ဘာပါလိမ့်မလဲ.... (ငရဲမျိုးစေ့ပါဘုရား) ငရဲမျိုးစေ့ဖြစ်တယ်— (မှန်ပါ့ဘုရား)။ ငရဲမျိုးစေ့အစစ်ပါပဲတဲ့

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိဟာ အင်း — ဆောအထက် ကြောက်စရာ ကောင်းသေးတယ်။ ဒေါသထက် ....(ကြောက်စရာကောင်းပါတယ်ဘုရား)။ မောဟထက်.... (ကြောက်စရာ ကောင်းပါတယ်ဘုရား)။ ဣဿာမစ္ဆရိယထက် (ကြောက်စရာ ကောင်းပါတယ်ဘုရား)။ သူ ပြုတ်ပြန်လို့ ရှိရင် သူပြုတ်သွားပြန်လို့ ရှိရင်လဲတဲ့ လောဘဟာ လေးပိုင်းတစ်ပိုင်းကုန်ပြီ။

ဒေါသက (၃/၄ ကုန်ပါတယ်ဘုရား)။ မောဟကရော (၃/၄ ကုန်ပါတယ်ဘုရား)။ (၃/၄) ကုန်ပြီတဲ့ အင်း.... ဣဿာမစ္ဆရိယလဲ ကုန်ပြန်တယ်။

ဒိဋ္ဌိက ခေါင်းဆောင်ထားတော့ ဒါတွေ ကျန်နေတယ် .... (မှန်ပါ့ဘုရား)။ ဒိဋ္ဌိကခေါင်းမဆောင်ရင် .... (မကျန်ပါဘူးဘုရား)။မကျန်တော့ဘူးဆိုကတည်းက ဖြော် — ဒါဖြင့် သူ့ရဲ့ မျိုးစေ့ပဲဆိုတာ ပေါ်သွားတယ်.... (ပေါ်ပါတယ်ဘုရား)။

သူ တစ်ခု ကျန်နေရင် လောဘကလဲ အကုန်ကျန်တာပဲ၊ ဒေါသရော .... (အကုန်ကျန်ပါတယ်ဘုရား)။ မောဟကော (အကုန်ကျန်ပါတယ်ဘုရား)။ ဣဿာမစ္ဆရိယရော ကျန်ပါတယ်ဘုရား။ အကုန်ကျန်တာပဲ။

ဒီ ဒိဋ္ဌိ မပြုတ်လို့ ရှိရင် သူ့အဖော်တွေ အကုန်ကျန်တာပဲ။ သူ့အဖော်တွေ အကုန်ကျန်နေတယ် ဆိုကတည်းက ရန်သူ ဟူသ၍ ကျုပ်တို့မှာ ဘယ်သူ့မှ မနိုင်သေးဘူး ... (မှန်ပါ့ဘုရား)။ ရန်သူဟူသ၍.... (ဘယ်သူ့မှ မနိုင်ပါဘူးဘုရား)။

ဒီ သက္ကာယဒိဋ္ဌိကို ပြုတ်သွားတဲ့ ပုဂ္ဂိုလ်ကျတော့လဲ သူနဲ့တွဲ ဘက်တွေဟူသ၍ အကုန်ပြုတ်တာပဲ.... (မှန်ပါ့ဘုရား)။ ဒါဖြင့် သူတစ်လုံးဖြုတ်လိုက်ရင် တွဲဘက်ဖြုတ်နိုင်တယ် ဆိုကတည်းက

http://www.dhammadownload.com



သူဟာ ခေါင်းဆောင်ပဲ၊ ရိပ်မိရဲ့လား… (ရိပ်မိပါတယ်ဘုရား) အပါယ်သွားဖို့ ဘာရားမှာဖြင့် …. (ခေါင်းဆောင်ပါဘုရား)။

ခေါင်းဆောင်တဲ့သိုတာ ကျေကျေ နပ်နပ် သဘောကျပါ။ ခင်ဗျားတို့အပါယ်ကျလို့ ရှိရင် ဒီဖြင်လောဘလဲ မလျှော့ချင်နေ၊ ဒေါသလဲမလျှော့ချင်နေပါ၊ မောဟလဲမလျှော့ချင်နေ၊ ဣဿာ မစ္ဆရိယလဲ မလျှော့ချင်နေ၊ သူ့ကိုသာအရင်ဖြုတ် ….(မှန်ပါ့ ဘုရား)။ ရှင်းပြီလား…. (ရှင်းပါတယ်ဘုရား)။

သူ့အရင်ဖြုတ် နေလို့ရှိရင်ဖြင့် ခင်ဗျားတို့ ဟိုဟာ ဒီဟာ သူပြုတဲ့ နောက်ကျတော့ ဟိုက အတွဲလိုက်ပါတယ်။ သဘော ပါလား…. (ပါပါတယ်ဘုရား)။

ဒါဖြင့်….ဟိုဟာတွေ ကြောက်ရမှာသာ၊ သူ့ကြောက်ရမှာ လား(သူ့ကြောက်ရမှာပါဘုရား)။အဲဒါကြောင့်တဲ့ ခင်ဗျားတို့ လူတဲ့ တန်းတဲ့နေရာမှာလဲသူဗွေဖောက်တာပဲ….(မှန်ပါ့ဘုရား)။

တော်ကြာ အလူ့ရှင်တွေ နတ်ပြည်ပို့လိုက် သက္ကာယဒိဋ္ဌိက အပါယ်ဆွဲချလိုက်… (မှန်ပါ့ဘုရား)။ အင်း …. သီလ သမာဓိ ရှိတဲ့ ပုဂ္ဂိုလ်တွေကို ဗြဟ္မာပြည် ပို့လိုက်၊ အပါယ် ဆွဲချလိုက်၊ ဘယ်သူ့ သတ္တိ တုန်း…. (သက္ကာယဒိဋ္ဌိ သတ္တိပါဘုရား)။

သက္ကာယဒိဋ္ဌိက တော်တော် အရေးကျယ်တယ်…. (မှန်ပါ့ ဘုရား)။ ဒါပေမယ့် သူမပြုတ်ဘဲနဲ့ လုပ်လို့ ရှိရင်တော့ ကဲ သွားပေအုံးတော့ကွာ ဆိုပြီး သူခွင့်တော့ ပြုလိုက်တယ် …. (မှန်လှပါဘုရား)။

သူက သွားပေအုံးတော့၊ သို့သော်လည်း မင်းဆွဲ ချမယ်ဆိုတဲ့ သူ့စိတ်ထားပါတယ်။ မပါဘူးလား… (ပါပါတယ်ဘုရား)။ ဘယ်သူပါလိမ့်…. (သက္ကာယဒိဋ္ဌိပါဘုရား)။

http://www.dhammadownload.com



သက္ကာယဒိဋ္ဌိက ဒါနဲ့ … အင်မတန်ကြောက်စရာကောင်း တယ်။ သတော … (ကျပါတယ်ဘုရား)။ သီလ သမာဓိ … တွေ ဖျက်ဆီး ဖြတ်တောက် ပိုလိုက်တယ်၊ ဓာတ်ဖြုတ်၊ … ကြာသူတွေ ဆွဲချတယ်၊ ဘယ်သူပါလိမ့် … (သက္ကာယဒိဋ္ဌိပါဘုရား)။

ဒါဖြင့် သူ့ဖြုတ်လိုက်တဲ့အခါ … ကို … တွေမကြွန် တမ်း အထက် … သွားတယ်၊ သူ့ … ဒိဋ္ဌိ … ယာ ယီသာဘက်ရတယ် … (ပါပါတယ် ဘုရား) … မဖြုတ် … (… ယီ … ဘုရား)။

ယာယီသာ … ဖြစ်နေ တ် (… ရပါတယ် ရာ)။ … သူ့ … ပါလိမ့် (သက္ကာယဒိဋ္ဌိသာပါဘုရား)။

သက္ကာယဒိဋ္ဌိဆိုတာ … ကြီး ပါတယ်ဘုရား)။ ဒါဖြင့် … သက္ကာယဒိဋ္ဌိ လောက် … ကြောက်စရာ … နိုင်ပါ့ ဘုရား)။

… ခဲ့တယ်။ … ဒိဋ္ဌိ … ရှိရင် … ဆယ်ဖိုလဲ အလွယ်လေး … ပါ ဘား)။ ဘုရားဝေ … ပါ တယ်ဘုရား)။

ကြည့်… ဒါဖြင့် … နန္ဒိယက်လဲဖြုတ်တယ်။ သူ့ပြုတ် … ပုဂ္ဂိုလ်ကျတော့ ပဥ္စာ နန္ဒိယက် လုပ်ပါဆိုတော့ မလုပ်တော့ဘူး…. (မလုပ်တော့ပါ ဘူးဘုရား)။ ကဲ ဘယ်လောက် ကြော်ရောကောင်း သလဲ။

http://www.dhammadownload.com



ကိုင်းပေါ်ပြီလား.... (ပေါ်ပါတယ်ဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိနဲ့ ပဋ္ဌာနန္တိယကံ ဘယ်ဟာသာကြောက်စရာကောင်းတုံး.... (သက္ကာယဒိဋ္ဌိကသာ ကြောက်စရာကောင်းပါတယ်ဘုရား)။

သက္ကာယဒိဋ္ဌိ သူရှိမှ ဟိုဟာလုပ်ဖြစ်တယ်။ သူမရှိလို့ ရှိရင်.... (မလုပ်ဖြစ်ပါဘူးဘုရား)။ မလုပ်ဖြစ်ဘူးဆိုသဖြင့် ခင်ဗျားတို့က ကျုပ်ဖြင့် ပဋ္ဌာနန္တိယကံ အကြောက်ဆုံးပဲလို့ ငြီး ချစ်လဲ ငြီးကြလိမ့်မယ် မငြီးပါနဲ့ ....(မှန်လှပါဘုရား)။ မငြီးနဲ့ ဒိဋ္ဌိကိုကြောက် (မှန်လှပါဘုရား)။ သူပြုတ်ရင် ဟိုဟာပြုတ်တယ်။ (မှန်ပါ)။ သူ့မပြုတ်ရင်(ဟိုဟာမပြုတ်ပါဘူးဘုရား)။ သဘောပါကြလား.... (ပါပါတယ်ဘုရား)။ ဒါဖြင့် ခင်ဗျားတို့ ကြောက်နေတာကတခြား၊ကြောက်စရာက တခြား ဖြစ်နေတယ် ... (မှန်ပါဘုရား) ကျုပ်က အကုသိုလ် ဖြစ်မှာ သိပ်ကြောက်တယ်။

အို.... အကုသိုလ်ဖြစ်ချင်ဖြစ် မဖြစ်ချင်နေ ဒီအထင်မှားလေး ထစ်ခုသာဖြုတ်လိုက်.... (မှန်ပါဘုရား)။ ဒီအထင်မှား ဖြုတ်လိုက်ရင် ဟိုက အကုသိုလ်အကုန်ပြုတ်တယ်။ ရိပ်မိပလား .... (ရိပ်မိပါတယ်ဘုရား)။

ဒီရုပ်ကို ငါထင်မှု၊ ဝေဒနာ ငါထင်မှု၊ သညာ ငါထင်မှု၊ ဒီငါထင်မှုတစ်လုံးဖြုတ်လိုက်လို့ရှိရင် ဒိပြင် အကုသိုလ် ဘာမှကြောက်မနေနဲ့ .... (မှန်ပါဘုရား)။ သဘောကျလား၊ .... (ကျပါတယ်ဘုရား)။

ဒါဖြင့် အရေးအကြီးဆုံးဟာ ယနေ့ညမှာ ပြောထာ ဘာပါလိမ့်မလဲလို့ မေးတော့ အခုနိဂုံး ချုပ်တော့မယ်နော် ....

http://www.dhammadownload.com



(မှန်ပါ့ဘုရား)။ ဒီမြင် အကုသိုလ် ဘာမှမကြွင်းစေနဲ့။ ရှုခေါင်းဆောင်မှုဖြစ်တာ.... (မှန်ပါ့ဘုရား)။

တခြားသောအကုသိုလ်တွေ.... (သူခေါင်းဆောင်မှ ဖြစ်တာပါဘုရား)။ သူခေါင်းဆောင်လို့ ရှိရင်ဖြစ်တဲ့ ငရဲကြီး ရှစ်ထပ် ငရဲငယ်တစ်ရာ့နှစ်ဆယ်က သူ ခေါင်းဆောင်ပြီးတော့ပို့တာ .... သဘောပါသလား.... (ပါပါတယ်ဘုရား)။

ငရဲကြီးရှစ်ထပ် ငရဲငယ် တစ်ရာ့နှစ်ဆယ်ကို .... (သူခေါင်းဆောင်ပြီးပို့တာပါဘုရား) ကဲခေါင်း ဆောင်ဖြုတ်လိုက်ပါ။ ခင်ဗျားတို့ ရုပ်လဲ ငါမထင်နဲ့၊ ဒါအနိစ္စတရားပဲ မြင်အောင်လဲ ရှု။ ဝေဒနာလဲ ငါမထင်နဲ့ ဘယ်တစ်ခုခုမထင်ပါနဲ့။

အလုံးစုံအကုန် အနိစ္စချည့်ပဲ။ အနတ္တချည့်ပဲ။ ကိုယ့်ရှေ့တွင် မပျက်ပါနဲ့ဆိုလဲမရ၊ မဖြစ်ပါနဲ့ဆိုလဲမရ။ အနိစ္စ ဒုက္ခ အနတ္တတွေ (ဝါ) ဒုက္ခသစ္စာတွေပဲ။ ဒီလိုသာခင်ဗျားတို့ ဉာဏ်နဲ့ ရှုနေလို့ ရှိရင်သက္ကာယကို ရှုနေတဲ့အတွက် ဒိဋ္ဌိက အလိုလိုပယ်တယ်။

ဘာ့ကြောင့်တုံးဆိုတော့ သက္ကာယကို အမှန်မြင်တဲ့ သမ္မာဒိဋ္ဌိက ဝင်တယ်.... (မှန်ပါ့ဘုရား)။ ဒါကြောင့် မိစ္ဆာဒိဋ္ဌိက ပြေးတယ်.... (ရိပ်မိပြီလား) .... (ရိပ်မိပါပြီ ဘုရား)။

သက္ကာယကို အမှန်မြင်တဲ့ သမ္မာဒိဋ္ဌိက အမြင်ဝင်လာရင်၊ သက္ကာယဒိဋ္ဌိက .... (ပြေးတာပါဘုရား)။ ဪ .... ဒါဖြင့် သူ့ဆေးနဲ့သူကုမှ ရတာ .... (မှန်ပါ့ဘုရား)။ မိစ္ဆာဒိဋ္ဌိကို .... (သမ္မာဒိဋ္ဌိနဲ့ သတ်မှ ရပါတယ်ဘုရား)။

ဒါနလေးနဲ့ သွားသတ်မနေနဲ့၊ မရဘူး။ သီလလေးနဲ့သွားသတ်လို့.... (မရပါဘူးဘုရား)။ သူ့ဆေးနဲ့သူမှရတာ သဘောကျပြီလား.... (ကျပါပြီဘုရား)။

http://www.dhammadownload.com



ကဲ ဒါဖြင့် ဝမ်းလျှော့နေတဲ့လူ လျက်ဆား သွားလျက်လို့ ရှိရင် တည့်ပါ့မလား ... (မတည့်ပါဘူးဘုရား)။ သာလျှော လိမ့်အုံးမယ်။ သူ့ဆေးမဟုတ်ဘဲကိုး။

သေးဆေးတွေဘာတွေ မင်တဲ့သေးဆေး၊ အဖန်များတဲ့ ဆေးတို့ လေလိုက်စေတဲ့ဆေး ဒါထည့်လိုက်ပြန်တော့ သူ့ဆေး နဲ့သူတော့ ပျောက်မှာ။ ရှင်းပြီလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ဆေးမလွဲစေနဲ့၊ ဒါနနဲ့ သက္ကာယဒိဋ္ဌိ ပျောက်ချင်လို့ မရဘူး၊ သီလနဲ့ သမထနဲ့ ... (မရပါဘူး ဘုရား)။ မရနိုင်ဘူးတော့ ဒါနဆိုတာဟာလဲ ဒါန အရှိန်အဟုန် ကုန်ရင် အပါယ်သွားမှာပဲ။ သီလဆိုတာဟာလဲ သီလ အရှိန် အဟုန်ကုန်ပြီဆိုရင် (အပါယ်သွားရမှာပါဘုရား)၊ သမထသမား ကလဲ သမထအရှိန်အဟုန်ကုန်ရင် (အပါယ်သွားမှာပါဘုရား)။

အကြောင်းတုံးဆိုတော့ သူ့ခေါင်းဆောင်ကိုမှ မသတ်ခဲ့ ဘဲကိုး။ ဒါဖြင့် သူ့ဆေးနဲ့မှ မသုံးတယ်ဆိုတော့ သူ့ကာလ ပါင်လုံး ခင်ဗျားတို့မှာဖြင့် ဒုက္ခကြီးမှာ (မှန်ပါ့ဘုရား)

ကိုင်း ... ဒါဖြင့် သက္ကာယဒိဋ္ဌိကို ဘာနဲ့သတ်ရမလဲ ... (သမ္မာဒိဋ္ဌိနဲ့ပါဘုရား)။ သမ္မာဒိဋ္ဌိနဲ့ သမ္မာက မှန်ကန်တဲ့ဒိဋ္ဌိ ကမြင်တာ၊ အရှိကို မြင်တာ ... (မှန်ပါဘုရား)။

ဖြစ်ပျက်ရှိလို့ ဖြစ်ပျက်ကို သိလိုက်တာ။ ဖြစ်ပျက်ရှိလို့ ဖြစ် ပျက်ကို သိလိုက်တာဆိုတော့ အရှိနဲ့အသိဟာ ကိုက်သွားပြီ။ အဲဒီအသိဟာ သမ္မာဒိဋ္ဌိပဲ။ ဒီကအရှိနဲ့ ဝမ်းထဲက အသိနဲ့ ... (ကိုက်သွားပြီဘုရား)။

ကိုက်သွားလို့ရှိရင်ဖြင့် ဒီအသိလေး ဘာဆိုကြမလဲ(သမ္မာ ဒိဋ္ဌိပါဘုရား)။ သမ္မာဒိဋ္ဌိဆိုရင် မိစ္ဆာဒိဋ္ဌိပြေးပြီ။ မပြေးသေး

http://www.dhammadownload.com



ဘူးလား.... (ပြေးပါပြီဘုရား)။

မိစ္ဆာဒိဋ္ဌိ ပြေးကတည်းကိုက လုပ် ဒါန၊ သီလကလည်း ဆောက်တည် .. (မှန်ပါဘုရား)။ သမထဝိပဿနာတွေ ကြိုးစား။

ဘာကြောင့် ဆိုတော့ ကက်သွား ပြန်မလာတော့ဘူး ... (မှန်ပါဘုရား)။ သူပါသွားလို့ ရှိရင်တော့ စိတ်မချနဲ့။ သူတော ကျပြီသား ....(ကျပါပြီဘုရား)။ သူပါသွားရင်.... (စိတ်မချပါဘုရား)။

အဲဒါ... ခင်ဗျားတို့ အရေးအကြီးဆုံးအချက် ဘယ်ဟာတုံး ဆိုတော့ တရားတွေမှာ နားလည်နေကြပြီ ထင်နိုးပါတ် သူ ပြုတ်ဖို့အရေးကြီးတယ်၊ တင်နိုးပါတ်မှာဖြင့် ... (သူပြုတ်ဖို့အရေးကြီးပါတယ်ဘုရား)။

ဒါကြောင့်... ခင်ဗျားတို့ ဒါန သီလ နောက်ထားအုံးသေး၊ သူ့အရင်လုပ်အုံးလို့ ဆရာတုန်းကြီးက ပြောတာ၊ ဒါန သီလ နောက်မှလုပ်ပါကွ။

သူ့အရင်လုပ် မင်း ဟိုဝါလုပ်ရဘူး မပြောဘူး။ ကက်သွား ပြန်ကျလာတာ မကြိုက်လို့၊ မပြောလိုက်ဘူးလား ... (ပြောလိုက်ပါတယ်ဘုရား)။

ဒါဖြင့်... ဒကာဒကာမတို့ ဝိပဿနာ ခြံရံတဲ့ ဒါနသီလမှ ဘုရားကြိုက်တယ် ဆိုတာကို ပေါ်လာပြီ.... (ပေါ်ပါပြီဘုရား)။

ဝိပဿနာခြံရံတဲ့ .... (ဒါန သီလမှ ဘုရား ကြိုက်ပါတယ်ဘုရား)။ သည့်ပြင် ဒါန ရှစ်မျိုးရှိတယ်။ သည့်ပြင်ဘာဒ မမြတ်ဘူးကွ။ ဒါ.... တစ်ခုပဲ မြတ်တယ်။

ဒါနရှစ်မျိုး ငါခဟာလိုက်မယ်တဲ့။ အင္ဂုတ်နိပါတ် အဂုံတ္တိုရ်

http://www.dhammadownload.com



မှာ သေသေချာချာစောတယ်။ အဲဒါ... သက္ကာယ အဖြုတ်နိုင်းတာ၊ ပေါ်ပြီလား ... (ပေါ်ပါပြီဘုရား)။

ဒါဖြင့် ဒါန သီလ သမထနဲ့ သက္ကာယဒိဋ္ဌိဖြုတ်ဖို့နဲ့ဘယ်သူ့ရှေ့ထားမှ ကျုပ်တို့သည် အလုပ်စဉ်တည့်မလဲလို့ မေးရင် ဘယ့်နှယ်ဖြေမလဲ .... (သက္ကာယဒိဋ္ဌိဖြုတ်မှုပါဘုရား)။

သူ့ဖြုတ်တာကို ရှေ့ထား။ ပြီးတော့မှ ခင်ဗျားတို့ လုပ်ချင်တဲ့ အလုပ်တွေအကုန်လုပ်။ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

ဒါဖြင့် သက္ကာယဒိဋ္ဌိ ဆိုတာက မသိလို့ဖြစ်တာ၊ မသိလို့ဖြစ်ပြီးသဏ္ဌာလ နေတော့ ခုနက လူကြတန်းကြ ပေးကြ ကမ်းကြတာ မသိလို့ သွားဖြစ်နေတာ။ ဘယ့်နှယ်ဖြစ်သတုံး ... (မသိလို့သွားဖြစ်တာပါဘုရား)။

မသိလို့သွားဖြစ်တော့ မသိသလို လုပ်သလို ဖြစ်နေတယ်။ ထဘောကျရဲ့လား ... (ကျပါပြီဘုရား)။ ဒါဖြင့် ရှေ့နောက်စာလေးခွဲပေး။ ဘယ်လိုခွဲကြမလဲ .... (ရှေ့နောက် ခွဲရပါမယ်ဘုရား)။

ဘာအရင်ထားမလဲ... (သက္ကာယဒိဋ္ဌိပါဘုရား)။ သူ့ကိုရှေ့ထားလုပ်ရမယ်။ သူ့ကို ရှေ့ထားလုပ်လို့ ကိုယ့်စိတ်ထဲမှာ ရှင်းပြီဆိုတော့မှ ဒါန သီလ သမထကို ကြိုက်တာလုပ် .... (မှန်လှပါဘုရား)။

မလုပ်ကောင်းဘူး မဟုတ်ဘူး။ ဒီလောကီ ဥပမာပြမယ်ဆိုလို့ရှိရင်ဖြင့် ငှက်တစ်ကောင်ကို အဆိပ်လူးတဲ့မြှားနဲ့ ပစ်လိုက်တယ်နေဉ်။

အဆိပ်လူးတဲ့မြှားနဲ့ပစ်လိုက်တဲ့အခါငှက်လည်း သေလောက်

http://www.dhammadownload.com



အောင် မမှန်ဘူး။ ပွတ်ရုံလေးပွတ်သွားတယ်။ သွေးထွက်ရုံလေး ပွတ်သွားတယ်။

ဒါဖြစ်ဖို့....ဒီငှက်ဟာ ပျံတော့မျှ အုံးမှာပဲ။ သို့သော်လည်း တဲ့ အဆိပ်မပြယ်ခင်ဘဲ သူပျံနိုင်တယ်။ ရှင်းပြီလား....(ရှင်းပါ တယ်ဘုရား)။

အဆိပ်ပျံ့သွားတဲ့တစ်နေ့ကျတော့ ဘာလို့တုံးတဲ့ အဆိပ် ဓာ သူ့ထဲမှာ သွေးထွက်အောင်ပါသွားပြီ သူမပျံ့သေးလို့သာ ဒီငှက်ဟာ လန့်ပျံတာ ဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

အဆိပ်ပျံ့တဲ့ တစ်နေ့ကျတော့ လန့်ပျံ ဇာတ်သိမ်းရမယ်။ အကုန် အောက် ဝုန်းခန် ကျရမယ်။ ထို့အတူပဲ့တဲ့ သက္ကာယ ဒိဋ္ဌိပါသွားတဲ့ ဒါနရှင် သီလရှင်တွေလည်း အဆိပ်မပျံ့သေးခင် တက်သွားတယ်။ ရှင်းပြီလား.... (ရှင်းပါတယ်ဘုရား)။

သူသာ အဆိပ်ပျံ့ပြီးတဲ့ တစ်နေ့ကျတော့ ပြန်ကျလာတာပဲ ဆိုတာ သဘောကျပြီလား.... (ကျပါပြီဘုရား)။ ဒါကြောင့် ဥက္ခိတ္တာ ပုညတေဇေန၊ ကာမရူပ ဂတိံ ဂတာ။ ဘဝဂ္ဂတမ္ပိ ဆမ္ပတ္တာ၊ ပုနာဂစ္ဆန္တိ ဒုဂ္ဂတိံ။ ဆိုပြီတော့ ရေးကြတယ်။ မရေးသင့်ဘူးလား....(ရေးသင့်ပါတယ်ဘုရား)။

ကောင်းမှုကုသိုလ်ဓာ တင်လိုက်ငြားသော်လည်း ကွာ ဗြဟ္မာ ပြည် ရောက်ပါစေ။ အတော်ကြာ အပါယ်ပြန်ကျတာပဲဟော့၊ ဒုဂ္ဂတိပြန်ကျတာပဲ.... (မှန်ပါဘုရား)။

ဘာဖြစ်လို့တုံးဆိုတော့ သူ့အဆိပ်မပျံ့ခင်ပေါ့လေ အဆိပ် မပျံ့ခင်တော့ဖြင့် ဒါန သီလ တန်ခိုးတွေကြောင့် ကောင်းဆင် မှာ နေမှာပဲ။

သက္ကာယဒိဋ္ဌိဓာ သူကြီးကျယ်လာတဲ့တစ်နေ့ကျတော့ ဟိုမှာ

ငါ့သားနဲ့ မယား ငါ့ဥယျာဉ်နဲ့ ငါနဲ့ ငါတွေ ရှုပ်လာရင် ပြန်ကျတော့မှာ။ မကျပေဘူးလား.... (ကျပါတယ်ဘုရား)။

ဒါဖြင့်.... ခင်ဗျားတို့ ရှေ့နောက် ခွဲပြီးတော့ လုပ်ဆိုတဲ့ အဓိပ္ပာယ်ကော ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

သဘောပါပြီလား.... (ပါပါတယ်ဘုရား)။

တဲ့... ယနေ့ ဒီတင်နားပါအုံး။

သာဓု သာဓု သာဓု။

--- ၀ ---

http://www.dhammadownload.com

အမရပူရမြို့ မဂ်လာ တိုက်ဟောင်း
ကျေးဇူးတော်ရှင် — အဂ္ဂမဟာပဏ္ဍိတ
မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော

# ဝိသာခ နှင့်ဓမ္မဒိန္နာ အမေးအဖြေ
## (ညအလုပ်ပေးတရားတော်)
## (၁၃-၁၂-၆၁)

ဝိသာခက အမေးသမား၊ ဓမ္မဒိန္နာက အဖြေသမား၊ အမေးသမားက အနာဂါမ်လို့ မှတ်ရမယ်၊ အဖြေသမားက ရဟန္တာလို့ မှတ်ရမယ်။

သူ ဒီနေ့ ဘာမေးသတုံး ဆိုလို့ရှိရင် သက္ကာယဒိဋ္ဌိဟာ ဘာ့ကြောင့်ဖြစ်သတုံး၊ ဒါကို မေးပါမယ်။

ဝိသာခက မေးလိုက်တယ်၊ သက္ကာယဒိဋ္ဌိ သက္ကာယဒိဋ္ဌိ ဆိုတာ ဘယ်အကြောင်းကြောင့် ဖြစ်ပါလိမ့်မလဲ၊ မေးလိုက်တဲ့အခါကျတော့ တဘာ တဘာမဟုတ်က မှတ်ဖို့ရာက ရှေးကတော့ အရိယာတွေရှိလို့ အရိယာတွေ မဆည်းကပ် မကိုးကွယ်လို့ အရိယာတရား မနာရလို့ သက္ကာယဒိဋ္ဌိဖြစ်တယ်၊ ယခုအခါမှာတော့ ဒီလိုယူကြ သူတော်ကောင်းတရားကို မနာရ မသိရလို့ သက္ကာယဒိဋ္ဌိဖြစ်တယ်လို့ မှတ်ရမယ်.... (မှန်ပါ ဘုရား)။

ရှေးအခါတုံးကတော့ ရဟန္တာတွေရှိတော့ ရဟန္တာတွေ တရားကို မနာရ မပူရ အရိယာ သာဝကတွေ.... (မှန်ပါ) အခုတော့ဖြင့် သူတော်ကောင်းတရား မနာရလို့ ဖြစ်တယ်လို့ မှတ်ရမယ်နော်....(မှန်ပါ)။

http://www.dhammadownload.com



သူတော်ကောင်းတရား မနာရပြီ ဆိုမှဖြင့် သက္ကာယဒိဋ္ဌိ ဆိုတဲ့ တရားဟာ ဘယ်တော့မှ ဝမ်းထဲမှာ အမြစ်မပြတ်ပါ ဘူး၊ ဒါကြောင့်သက္ကာယဒိဋ္ဌိသည် အလွန်အရေးကြီးတဲ့တရား လို့ မှတ်ကြစမ်း.... (မှန်ပါ့ဘုရား) သက္ကာယဒိဋ္ဌိလောက် အရေးကြီးတာ မရှိဘူးလို့ မှတ်ရမယ်နော်....(မှန်ပါ့)။

သူတော်ကောင်းတရား မနာ ရလို့ရှိယင်၊ အပ္ပုရိသာနံ အဒဿာဝီ -- သူတော်ကောင်းတရားကို မမြင်ရ မကြားရလို့ ရှိရင် တစ်ခါတည်း သက္ကာယဒိဋ္ဌိက ဘယ်အခါမှ မပြုတ်ဘူး ဆိုတဲ့ဥစ္စာ မှတ်ထားရမယ်....(မှန်ပါ့)။

ဒါဖြင့် သက္ကာယဒိဋ္ဌိသူတော်ကောင်းတရားကို အခု ဟော တော့မယ်တဲ့၊ ခန္ဓာငါးပါး မသိလို့ ပေါ်တဲ့အချိန်မှာ မသိ လို့ သက္ကာယဒိဋ္ဌိဖြစ်ရတယ်လို့မှတ်ထား.... (မှန်ပါ့) ပေါ်တဲ့ အချိန်မှာ မသိလို့သက္က ယဒိဋ္ဌိဖြစ်ရတယ်။

ပေါ်တဲ့အချိန်မှာ မသိလို့နော်....(မှန်ပါ့) ပေါ်တဲ့အချိန် က -ဥပမာမယ် တောင့်တယ် တင်းတယ် ခန္ဓာကိုယ်ထဲမှာ တောင့်တင်းတယ်ဟာ.... ငါတောင့်တယ်၊ ငါတင်းတယ်လို့ ဆို တော့ သူတော်ကောင်တရား မနာရတော့ ဝါယောဓါတ်ကို ပင်လျှင် ငါ တောင့်တယ်၊ ငါတင်းတယ် ဖြစ်လာတယ် .... (မှန်ပါ့)။

သူတော်ကောင်းတရား နာရတဲ့ ပုဂ္ဂိုလ်ကတော့ ဟာ .... ဝါယောဓါတ် ပေါ်ပြန်တာဘဲ၊ ဒီလို သိသွားရတယ် .... (မှန်လှပါဘုရား)။

ဝါယောဓါတ်ဆိုတာ ပေါ်ပြန်တာဘဲလို့ သိသွားပြန် တော့လွဲ ဟင်....ဝါယောဓါတ် ဝါယောဓါတ်လို့ သိသော

http://www.dhammadownload.com



ကြောင့် သက္ကာယဒိဋ္ဌိ မဖြစ်နိုင်ဘူး၊ ဒါဝါနဲ့ မရောတော့ဘူး ဝါယောဓာတ်ဟာ ဝါယောဓာတ်ပဲ— (မှန်ပါ)။

ပူလာတယ် - အေးလာတယ်၊ ငါပူလာတယ် - ငါအေးလာ ပြန်ပြီး ငါခက်တာဘဲ - အစရှိသည်နဲ့ သူတော်ကောင်းတရား မနာရတော့ တေဇောကို ငါ ထင်ဆိုက်တယ်— (မှန်လှပါ ဘုရား)။

ငါ့အသားတွေ လှုပ်လာပြီ၊ ငါ့အသားတွေ ဘာများဖြစ် ချင်လို့ မပြောတတ်ပါဘူး၊ သွက်ချာပါဒများ လေဖြတ်ချင် လို့များ အစရှိသည်နဲ့ ဒီလိုတွေးကြတယ်၊ စင်စစ်တော့ ဘာ မှ မဟုတ်ပါဘူး၊ ဝါယောဓာတ်က လှုပ်ပြီးသကာလ နေတာ၊ ငြိမ်နေပြန်လဲ ဝါယောဓာတ်က ငြိမ်နေတဲ့ဥစ္စာကို ဝါယော ဓာတ်ဆီသို့ မရောက်ဘဲနဲ့ ငါလှုပ်တာ ဘာဖြစ်လို့ပါလိမ့်၊အဲ ဒီတော့ ဝါယောဓာတ်ကို ငါစွဲတယ်နော်....(မှန်ပါ)။

ဥပမာမယ် - ဆီးလွန်တယ် ဆီးချုပ်တယ်၊ ငါဘာဖြစ်ပါ လိမ့်မလဲ၊ ဆီးကိုလဲ ငါလုပ်တာဘဲ....(မှန်ပါ)စင်စစ်အာပေါ ဓါတ်ကို ငါလုပ်နေတာ.... (မှန်ပါ) သူတော်ကောင်းတရား မနာရတဲ့ ပုဂ္ဂိုလ်ကတော့ ဒါငါချည့် ဖြစ်နေမှာပဲ— (မှန်လှ ပါဘုရား)။

အဲဒီတော့ ရုပ်ကို ငါထင်လို့ ရှိယင်လဲ- သူတော်ကောင်း တရား မနာရလို့ရှိရင် သက္ကာယဒိဋ္ဌိဖြစ်ပါတယ်....(မှန်ပါ)။

"ရူပံ အတ္တတော သမနုပဿတိ၊ ရူပဝန္တံ ဝါ အတ္တာနံ" ရူပံ ရုပ်ကို၊ အတ္တတော - ငါဟူ၍၊ သမနုပဿတိ - ရှုနေ၏။ ဒါငါပဲ၊ ငါတော့ ခက်တာပဲ၊ ငါတော့ ဓါနဲ့ သေရမှာ

http://www.dhammadownload.com



ပဲ အစရှိသည်နဲ့ သက္ကာယကိုဒိဋ္ဌိက သူ့ဘော်ကောင်းတရားကို မနာရတော့ ခေါက်လေးပါးကို ငါလုပ်တယ်… (မှန်ပါ)။

ဝေဒနာက နာဘက်က လာပြန်သဲ့ နာပြန်လဲ ငါ၊ ယားပြန်လဲ ငါ၊ ငါယားကုန်ပြီ ငါနာကုန်ပြီ ဆိုလို့ ရှိရင်လဲ သူ့ဘော်ကောင်းတရား မနာရလို့ ရှိရင် ဝေဒနာက္ခန္ဓာပေါ်တာ မသိဘူး၊ ဝေဒနာက္ခန္ဓာ ပျက်တာလဲ မသိတော့ ဒါသက္ကာယဒိဋ္ဌိ ဖြစ်ရမှာဘဲ…. (မှန်ပါ့ဘုရား)။

သညာကလဲ ငါမေ့တတ်လိုက်တာ ငါဘာဖြစ်တယ် မသိဘူး။ သညာပျောက်သွားတယ် အပြီးသတ်တော့… (မှန်ပါ့) သညာကလေးရှိနေတာ သညာကလေးပျောက်သွားတော့ ငါမေ့တယ်ဖြစ်တယ်။ စင်စစ်တော့ဖြင့် သညာရှိနေလို့ ရှိရင် မှတ်တာက သညာက မှတ်တာကိုး၊ ငါမမှတ်ပါဘူး၊ ငါ့မှာ အမှတ်သည်းခြေ မရှိပါဘူး၊ ဒါသညာ ငါလုပ်ပစ်လိုက်တယ် … (မှန်ပါ့)။

မေ့သွားတဲ့ အခါကျတော့ သညာ ချုပ်သွားတာကိုလဲ သူမသိလိုက်တော့ ငါမေ့ပြန်ပြီ၊ ငါဒီလိုသာ မေ့နေမယ်ဆိုယင်တော့ ငါစီးပွားရေးနဲ့ ငါနဲ့ ခက်ပါလေရော့ဆိုတော့ သညာ … သွားတာကို သူမသိလိုက်တဲ့အတွက် သညာပေါ်တာ ကိုလဲ သူမသိတဲ့အတွက် သညာ … မှု ပျောက်မှုကိုလဲ သူမသိတဲ့အတွက်တဲ့…. ဦးသံဗိုင်ရေ ဒ … ပ်ပြန်တာဘဲ… (မှန်ပါ့) ငါမေ့သွားတယ်၊ ငါမေ့သွားတာ မဟုတ်ပါဘူးတဲ့၊ သညာပျောက်သွားတာ…. (မှန်ပါ့)။ သညာ ပျောက်သွားတာပါ ဘုရား)။

http://www.dhammadownload.com



ပေါ်လာပြန်တော့ သူတို့က ငါမှတ်ထားတာ ဘယ်သူယူသွားပါလိမ့်၊ ငါမှတ်ထားတာ ဘယ်သူယူသွားပါလိမ့်၊ သညာ ပေါ်လာပြန်တော့လည်း ငါသုံးပစ်လိုက်တယ် ... မှန်ပါ့။

သညာ ပျောက်သွားတော့လဲ ငါ မေ့မေ့လျော့လျော့ ... ဆိုပြီး ကိုယ့်ကိုယ်ကိုများ စိတ်ဆိုး ... ပါ့။

ဟိုက သညာက အနတ္တသဘောကို ပြောလိုက်တာ (မှန်ပါ့) အနတ္တသဘော ပြောလိုက်လို့ရှိရင် သူက စိတ်ဆိုးတယ်... (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ)။

သင်္ခါရဆိုတဲ့ဥစ္စာသည်ကလို့ ဆိုရင်ဖြင့် ဝေဒနာသညာမှ တစ်ပါး စေတနာတို့ ထိနမိဒ္ဓတို့ ဒါတွေဟာသင်္ခါရတွေပဲ .... (မှန်ပါ့) အို.... ငါအိပ်ချင်လိုက်တာ ငိုက်ငိုက်နေတယ် ဆိုတော့ ထိနမိဒ္ဓကို ငါထင်လိုက်တယ်၊ သင်္ခါရက္ခန္ဓာကို ငါထင်လိုက်တယ် (မှန်ပါ့)။

ဒါဖြင့် "သင်္ခါရံ အတ္တာတော သမနုပဿတိ" ဆိုတော့ ဥစ္ဆေဒဒိဋ္ဌိ ဖြစ်နေတယ် ...(မှန်ပါ့) သက္ကာယဒိဋ္ဌိလဲ ဖြစ်တယ်၊ ဥစ္ဆေဒဒိဋ္ဌိလဲ ဖြစ်တယ်လို့ တကာ တကာမတို့က မှတ်ထားပါ (မှန်ပါ့)။

ငါ့စိတ်ပေါ်နဲ့ ဆိုလို့ရှိရင်လဲ စိတ်ကို ဝိညာဏက္ခန္ဓာ ငါ ထင်တာပဲ ....(မှန်ပါ့) ငါ့စိတ်ပေါက်ပြန်နေတာ ထင်တာဆိုတော့ ပေါက်ပြန်တဲ့စိတ်ကိုပဲ ငါလို့ပြောတာပဲ ... (မှန်ပါ့)။

အဲဒါကြောင့် သူတော်ကောင်းတရား မနာဖူးတဲ့ ပုထုဇဉ်တွေ ပေါ်တိုင်း ပေါ်တိုင်း ဒိဋ္ဌိဖြစ်တယ် ...(မှန်ပါ့)

http://www.dhammadownload.com



သူတော်ကောင်းတရား မနာရရင် ... (ပရမတ်တွေ ပေါ်တိုင်း ပေါ်တိုင်း ဒိဋ္ဌိဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သက္ကာနိပရမတ်နဲ့လဲ အတူတူ နေရပြန်၊ ပေါ်တိုင်းလဲ ဒိဋ္ဌိဖြစ်နေမယ် ဆိုလို့ရှိရင်ဖြင့် ငရဲအိုးမျက်စပစ် နေတာ တစ်ခုနေ့ ဘယ်နှစ်ကြိမ်တုံးမေးရင် အယ့်နှယ် ဖြေကြမယ် (အကြိမ်ပေါင်း မရေတွက်နိုင်ပါဘုရား) မရေတွက်နိုင်ဘူးတဲ့။

အဲဒီတော့ ဓမ္မဒိန္နာက ပြောလို့ ဒီလိုစွဲတာတွေဟာ သက္ကာယဒိဋ္ဌိ ဖြစ်ပါတယ်။

ဒါဖြင့် သညာ ငါစွဲတာတွေ ဝေဒနာငါစွဲတာတွေ ခန္ဓာငါးပါးတစ်ခုခု ပေါ်လာတိုင်း ငါစွဲတာ သက္ကာယဒိဋ္ဌိ ဆိုတာ သဘောကျတယ်၊ (မှန်ပါ) သက္ကာယဒိဋ္ဌိမရှိတာ ပြောစမ်းပါဦးတဲ့၊ သက္ကာယဒိဋ္ဌိဟာ ဘယ်လို မရှိတာတုံးတဲ့။

ဓမ္မဒိန္နာက အို ဥပမာ ရုပ်ပေါ်လာတယ်၊ ခုနင်က လိုပဲ တောင့်တယ် တင်းတယ်ပေါ်လာတယ်၊ ဝါဲယောဓါတ် အဲဒါကို "နေကာမမ၊ နေသောဟ မသ္မိ၊ န မေသော အတ္တာ၊" ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးလို့ ယူနိုင်လို့ ရှိရင် ဒါ သက္ကာယဒိဋ္ဌိပြုတ်တာဘဲ ...(မှန်ပါ)။

ဝေဒနာကလေးပေါ်လာလဲ ငါ့ကိုယ်လဲ မဟုတ်ဘူး ငါ့ဟာလဲ မဟုတ်ဘူး၊ ငါ့ဥစ္စာလဲ မဟုတ်ဘူး၊ ဒီလို ယူနိုင်လို့ရှိရင် ဒါဟာ သက္ကာယဒိဋ္ဌိပြုတ်သွားတာဘဲတဲ့၊ (မှန်ပါ) ဒါဓမ္မဒိန္နာ ရဟန္တာမက ဟောနေတာ ...(မှန်ပါ)။

စေတနာပေါ်လာတာလဲ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ပါဘူး၊ ထိန်မိဒ္ဓ ပေါ်လာတာလဲ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ပါဘူး၊ ဒီဥစ္စာ အနိစ္စ ဒုက္ခ အနတ္တပါဘဲလို့ ရှုနိုင်လို့

http://www.dhammadownload.com



ရှိရင်လဲ သက္ကာယဒိဋ္ဌိပြုတ်သွားတာပဲလို့ သူ့ခင်ပွန်းသယ်ကို ဖောဘနေထယ်...(မှန်လှပါဘုရား)။

စိတ်တွေပေါ်လာထဲ ဘယ်စိတ်ပေါ်ပေါ် ဆော်...စိတ်ဟာ စိတ်ပဲ ငါကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူး အနိစ္စ ဒုက္ခ အနတ္တတွေသာ အစစ်ပဲလို့ ဒီလို ဝေဖန်နိုင်လို့ ရှိရင်လဲ သက္ကာယဒိဋ္ဌိ မဖြစ်ပါဘူး...(မှန်ပါ)။

ဒါဖြင့် သက္ကာယဒိဋ္ဌိဖြစ်ခြင်း၏ အကြောင်းက ငါကိုယ် ငါ့ဟာ ငါ့ဥစ္စာ ထင်ရင် ... (သက္ကာယဒိဋ္ဌိဖြစ်ပါတယ်) ငါ ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးထင်ရင် .... (သက္ကာယဒိဋ္ဌိ ချုပ်ပါတယ်ဘုရား)။

ဆဲဒါကြောင့် တကာ တကာမတွေမှာ ဘယ်အခါ မဆို ဝိပဿနာ နှလုံးသွင်းတဲ့အခါ ကျလို့ရှိရင် ဒီဥစ္စာ ငါ့ဥစ္စာလဲ မဟုတ်ဘူး၊ ငါ့ဟာလဲ မဟုတ်ဘူး၊ ငါကိုယ်လဲ မဟုတ်ဘူး၊ ဓမ္မသဘောအတိုင်း ဝေဒနာဓမ္မဖြင့် ဓမ္မပေါ်ပြီး ဓမ္မပျက်နေ တာဘဲ ဆိုတာကို ဉာဏ်က ဦးတည်ကြပါ... (မှန်ပါ့ဘုရား) ဉာဏ်က ဦးတည်လိုက်လို့ငြိမ်းတော့ သက္ကာယဒိဋ္ဌိပြုတ်သွား တယ်...(မှန်ပါ)။

သက္ကာယဒိဋ္ဌိပြုတ်သွားတဲ့ ပုဂ္ဂိုလ် မှန်လို့ရှိယင်ဖြင့်တဲ့ အပါယ် လေးပါးတော့ ကျွတ်တာ အမှန်ပဲဆိုတာ သေသေချာချာ မှတ်ပါ... (မှန်ပါ)။

တောင်းပြီ ဒါဖြင့် သက္ကာယဒိဋ္ဌိကို မြေဓိန္နာ ဘယ်လိုတရား နဲ့ ရှုမှ သက္ကာယဒိဋ္ဌိပြုတ်ပါလိမ့်မလဲ ဒါဆက်မေးပြန်တယ်.... (မှန်ပါ)။

http://www.dhammadownload.com



အို သက္ကာယဒိဋ္ဌိပြုတ်တယ်ဆိုတာ မဂ္ဂင်ရှစ်ပါးနဲ့ရှုမှ ပြုတ်တယ် အဲဒါမှတ်ထားကြပါ...(မှန်ပါ)။

သက္ကာယဒိဋ္ဌိပြုတ်တယ်ဆိုတာ ဘာတုံး....(မဂ္ဂင်ရှစ်ပါးနဲ့ရှုမှ ပြုတ်ပါတယ်ဘုရား)။

ကောင်းပြီ မဂ္ဂင်ရှစ်ပါးနဲ့ ရှုမှ သက္ကာယဒိဋ္ဌိပြုတ်တယ် ဆိုကတော့ သဘောကျပြီ၊ ဒီမဂ္ဂင်တွေဟာ အကွဲအပြား မရှိဘူးလားလို့ တစ်ခါဆက်မေးမြန်းတယ်...(မှန်ပါ) ဟာ ရှိတယ်တဲ့၊ သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင်ရယ်လို့ ရှိသေးတယ် ဒါမှတ်ထားရမယ်နော်...(မှန်ပါ)။

သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင်လို့ မဂ္ဂင်သည်သုံးပါး ရှိတယ်လို့ ဘုန်းကြီးတို့ တကာ တကာမတွေက မှတ်ထားရမယ် (မှန်ပါ)။

သီလမဂ္ဂင် သမာဓိမဂ္ဂင် ပညာမဂ္ဂင်လို့ မဂ္ဂင်ဘယ်နှစ်ပါး ရှိသတုံး.... (သုံးပါးရှိပါတယ်ဘုရား) သုံးပါးရှိတယ်လို့ မှတ်ထားကြပါ။

နို့ သီလမဂ္ဂင်က ဘာတုံးလို့ မေးတဲ့အခါ "သမ္မာဝါစာ သမ္မာကမ္မန္တ သမ္မာအာဇီဝ၊ သမ္မာဝါစာ-ဆိုတဲ့ ဥစ္စာ၊ မုသား မပြောတာ သမ္မာဝါစာ.... (မှန်ပါ)စကားကိုဆိုတာ မဟုတ်ပါဘူး။ မုသားကြဉ်ရှောင်ယင် သမ္မာဝါစာ၊ ပါဏာတိပါတ အဒိန္နာဒါန ကာမေသု မိစ္ဆာစာရကို မလွန်ကျူးရင် သမ္မာကမ္မန္တ၊ လိမ်လည်ကောက်ကျစ်ပြီး အသက် မမွေးလို့ရှိရင် သမ္မာအာဇီဝ ဒါသီလမဂ္ဂင်ပါလို့ ဖြေလိုက်တယ်။

ကောင်းပြီ ဒါဖြင့် သီလမဂ္ဂင်တော့ ကျေနပ်ပါပြီ သမာဓိ မဂ္ဂင်တော့ ဘယ်နှစ်ပါးရှိသတုံးတဲ့ ဓမ္မဒိန္နာထေရီ သမ္မာဝါယာမ

သမ္မာသတိ သမ္မာသမာဓိပေါ့တဲ့။

ဟုတ်ပြီ ဓမ္မဒိန္နာ ပြောတာ ကျေနပ်ပါပြီ ဘယ်နှယ့်ကြောင့် ဒီသုံးခု ခွဲနေရသတုံးလို့ ဟာ... သုံးခုဖြစ်နေတာ ခြောက်မဟုတ်ဘူး။ အဲဒီသုံးခုကိုတစ်ခုတည်းနဲ့ ကိစ္စသုံးခုကိုပြီးအောင် မလုပ်နိုင်လို့။ ဒါပြတ်သားကြပါ.... (မှန်ပါ)။

သုံးခုရှိနေတာ (တစ်ခုတည်း နဲ့ကိစ္စပြီး အောင် မလုပ်နိုင်လို့ ပါဘုရား)

အဲ တစ်ခုတည်းနဲ့ ကိစ္စပြီးအောင် မလုပ်နိုင်ဘူး။ သမာဓိ တည်ပါတယ် ဆိုလို့ရှိရင်ဖြင့်တဲ့ ဝီရိယလဲ ပါဦးမှ သတိလဲ ပါဦးမှ တည်နိုင်ပါတယ်။ (မှန်ပါ) ရှင်းပလား။ (ရှင်းပါပြီ)။

ဝီရိယကော (ပါဦးမှပါ) သတိကော (ပါဦးမှပါ) အဲဒါမှ သမာဓိ တည်နိုင်တယ်တဲ့၊ သမာဓိတည်ဖို့ အရေးကြီးတယ်။ သမာဓိတည်ဖို့ အရေးကြီးတယ်ဆိုပေမဲ့လဲ ဝီရိယနဲ့ သတိမပါ ယင် မတည်နိုင်ပါဘူး ဆိုပြီးနေ ကဲ သူတို့အပေါ်က အဋ္ဌကထာဆရာက ဥပမာ ပေးလိုက်တယ်။ မြို့ကို ကောင်းကင်မှာ အသွားမှာ မမို့တမို့ ပန်းပွင့်တစ်ပွင့်ရှိတယ်တဲ့။ အဲဒီ မမို့တမို့ ပန်းပွင့် တစ်ပွင့် ရှိနေတဲ့အခါကျလို့ရှိရင် ဘယ် လိုလုပ် ဆွတ်ရလဲ အဲ့ ဒီပန်းကို ခူးမလဲ၊ တစ်ယောက်က ကုန်းပေးရမယ်။ တစ်ယောက်က ကုန်းတဲ့အပေါ်မှာ တက်ရမယ်၊ တစ်ယောက်က ပြီး ပခုံးပေးရမယ်၊ တက် တဲ့လူ ဖို့ (မှန်ပါ)။

လို့အတူပဲတဲ့ တစ်ယောက်က ကုန်းပေးရမယ်။ တစ်ယောက် က အနားနားက ရပ်။ တစ်ယောက်က အပေါ်တက်ပြီးရပ်တဲ့ လူ ပခုံးကိုင်ပြီးမှလက်တစ်ဘက်က နေပြီး လိုတဲ့ပန်းကို ဆွတ်ရ

http://www.dhammadownload.com



မယ်...(မှန်ပါ) မမို့ တမို့ပန်းမှာ ဒီသုံးယောက် ပေါင်းမိမှ ပန်းဘစ်ပွင့်ကို အခြေရရ ဆွတ်ခူးနိုင်တယ် ဆိုတဲ့ ဥပမာမှတ် ကြရမယ်....(မှန်လှပါဘုရား)။

ကဲ ဒါဖြင့် မမို့ တမို့ပန်းဆွတ်ပုံသည် ဘာ့ကြောင့်ထုံး ဆို တော့ ရပ်နေတဲ့ ပုဂ္ဂိုလ်ကလဲ ပန်းမဆွတ်နိုင်ဘူး— (မှန်ပါ) ကုန်းနေတဲ့ပုဂ္ဂိုလ်ကလဲ — (မဆွတ်နိုင်ပါဘုရား) အပေါ်တက် တဲ့ ပုဂ္ဂိုလ်ကသာ.... (ဆွတ်နိုင်ပါတယ်ဘုရား)။

အပေါ်တက်တဲ့ပုဂ္ဂိုလ်ကလဲယိမ်းယိုင်နေမယ်ဆိုလို့ ရှိရင်လဲ မဆွတ်ခူးနိုင်ဘူး။ အဘောကျပလာ.... (ကျပါပြီ)။


ထို့ အတူပဲတဲ့ ဝိပဿနာအလုပ်လုပ်တဲ့ ပုဂ္ဂိုလ်များမှာ သမ္မာ ဝါယမ ဆိုတဲ့ ဝီရိယ မဂ္ဂင်က ကုန်းပေးတဲ့ လူနဲ့ တူတယ်.... (မှန်ပါ) သတိဆိုတဲ့ ပုဂ္ဂိုလ်က ပခုံးလေးနဲ့ အနား နားက ကပ်ပြီး ရပ်နေတဲ့ပုဂ္ဂိုလ်နဲ့ တူတယ်....(မှန်ပါ) သမာဓိ ဆိုတဲ့ ပုဂ္ဂိုလ်က ကုန်းတဲ့ အပေါ်တကပြီး ခုနင်က ပခုံး ကိုင်ပြီး သကာလမှ အခြေရရ အပေါ်က ပန်းကို ဆွတ်နိုင်တဲ့ ပုဂ္ဂိုလ်နဲ့ တူပါတယ်.... (မှန်ပါဘုရား)။

ဒါဖြင့် ပန်းအစ်ပွင့်ရဖို့ ဘယ်နှစ်ယောက်ကူရသလဲ....(သုံး ယောက်ကူရပါတယ်)။

သုံးယောက်ကူမှ ပန်းတစ်ပွင့်ရသလို ဒီမှာလဲ ဝိပဿနာ အလုပ် အားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ ဒီသုံးခုမပါလို့ ရှိရင် ဖြစ်ကို မဖြစ်နိုင်တဲ့ အတွက် သူတို့သည် သမာဓိ၏ အခြံအရံ ဝီရိယနဲ့ သတိဟာ သမာဓိအားပေးမှုတစ်ခုလို့ မှတ်ကြစမ်းပါ (မှန်ပါ)။

ဝီရိယနဲ့သတိဟာ.... (သမာဓိ အားပေးမှုတစ်ခုပါဘုရား)။

http://www.dhammadownload.com



http://www.dhammadownload.com

http://www.dhammadownload.com



သမာဓိအားပေးမှု တစ်ခုဆိုတော့ ဒါက ထကာ တကာမ တွေမှာ အောင်...ဝီရိယလဲ ပါဦးမှကိုး။ သတိကလည်း ဘေးက ငြိမ်ငြိမ်ပန်းဆွတ်နိုင်အောင် ကိုင်ရသလို ဒါမှ သမာဓိ ဆိုတဲ့ပုဂ္ဂိုလ်က အပေါ်ကနေ ပန်းဆွတ်နိုင်သလို ကိုယ့်မှာလဲ ဝိပဿနာဉာဏ်တော့မယ်ဆို ဝီရိယလွတ်လို့လဲ မရဘူး။ သတိ မထားရင်လဲ .... (မရပါဘုရား)။ သမာဓိ မပါလို့ ရှိရင်လဲတဲ့ အာရုံကို စိုက်ခနဲစိုက်ခနဲ မဘွားဘူး ...(မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

ဒါကြောင့် သမာဓိ မဂ္ဂင်သုံးခု နေတဲ့ အကြောင်းဟာဖြင့် ဒီ ဥပမာနဲ့ပဲ ဦးသံဒိုင် ရှင်းလောက်ပါပြီ....(မှန်ပါဘုရား)။

သမာဓိ မဂ္ဂင်မှာ သုံးယောက်ပေါင်းမှ ကိစ္စတစ်ခုပြီးတယ်... (မှန်ပါဘုရား) သုံးယောက်ပေါင်းမှ (ကိစ္စတစ်ခု ပြီးပါတယ် ဘုရား)။

ထို့အတူပဲတဲ့ ခင်ဗျားတို့ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ် များ သမာဓိ တည်ချင်လို့ရှိရင် သတိကို လက်မလွှတ်နဲ့ ဝီရိယမလျော့နဲ့....(မှန်ပါ) ဒါမှသာလျှင် သမာဓိသည် ဝိရာ ပန်းကို ဆွတ်နိုင်သလို ခုနင် အနိစ္စ ဒုက္ခ အနတ္တဆိုတဲ့ ဝေဒနာ ကြွပ်ပျက် စိတ် **ဖြစ်ပျက်**တွေကို ထူ ကောင်းကောင်းမှန်မှန်မိ အောင် ဖမ်းနိုင်တယ်... (မှန်ပါဘုရား)။

ကောင်းကောင်းမှန်မှန် မိအောင် ဖမ်းနိုင်တာသည် သူတို့ သုံးယောက်ပေါင်းမှ ကိစ္စပြီးတယ် ဆိုတဲ့ ဥစ္စာသုံးခုသော မမှ ပေါင်းမှ ကိစ္စပြီးနိုင်တယ်ဆိုတဲ့ဥစ္စာ မမြင်သေးဘူး ဆိုလို့ရှိရင် ဒီသုံးခုထဲက တစ်ခုခုလိုလို့ မှတ်ပေတော့ .... (မှန်ပါဘုရား)။

http://www.dhammadownload.com



မမြင်သေးဘူးဆိုရင် ... (ဒီသုံးခုထဲက တစ်ခုခုလိုနေလို့ပါ ဘုရား)။

အဲ ဖြစ်ပျက်ကို မမြင်သေးပါဘူး။ ကျုပ်တို့ဖြင့် ရှုနေတာကြာပြီဆိုလို့ ရှိယင် နောက်က ကုန်းပေးတဲ့ ဝီရိယနဲ့ တွဲယင်ရ ညှိရမယ်...(မှန်ပါ့) ဘေးက ရပ်ပြီး ပခုံးကလေး ပေးတဲ့ ပုဂ္ဂိုလ်လို ထင်ယောက်သော ပုဂ္ဂိုလ်လက်ကိုင်ဖို့ရာ.. (မှန်ပါ့) အဲဒီပေးတဲ့ ပုဂ္ဂိုလ်ရင်လဲ အညီ့ဖြစ်ရမယ် .. (မှန်ပါ့) သတိရင်လဲ ချို့ယွင်းနေရမယ်။ ဒါကြောင့် သမာဓိ သည်...တဲ့ ဖြစ်ပျက်ရှိရာသို့ စိုက်ခနဲ စိုက်ခနဲ မသွားဘူး .. (မှန်ပါဘုရား) ရှင်းပလား ... (ရှင်းပါပြီ)။

ဒါဖြင့် ဖြစ်ပျက်ရှိရာ စိုက်ခနဲသွားချင်ယင် ဒီသုံးခုလဲ အရေးကြီးတယ်.... (မှန်ပါ့ဘုရား)။

ဒါကြောင့် သမာဓိ မဂ္ဂင်ဆိုပြီး ဘယ်နှယ်ကြောင့် သတိ ဝီရိယ ထည့်ရပါလိမ့်မတုံးဆိုတော့ ဝန်းခူးတဲ့ ဥပမာနဲ့ပြလိုက်တယ် ... (မှန်ပါ့ဘုရား) ရှင်းပလား .. (ရှင်းပါပြီ)။

သမာဓိမဂ္ဂင်ဆိုပြီး သမာဓိကလေး တစ်လုံးတည်း နေပါတော့ ဆိုတော့ အို...သမာဓိက သူချည်းအက်သက် အာမှ မလုပ်နိုင်ဘူး.... (မှန်ပါ့ဘုရား) ဝီရိယကလဲ နောက်ကတွန်းပေးမှ ... (မှန်ပါ့) သတိကလဲ ဒီနေရာဆွတ်ပါ- ဒီနေရာ ဆွတ်ပါ- ဒီနေရာကပါ- ဒီနေရာ ရှုပါဆိုတာ သူကလဲ အကူ အညီပေးဦးမှ .. (မှန်လှပါ) ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် တကာ တကာမတွေမှာ ဖြစ်ပျက်ဆိုကို စိုက်ခနဲ စိုက်ခနဲ မသွားခြင်းဟာ သြော်....ဒီသုံးခု တစ်ခုခု၊ သုံးခုပေါင်းမှ ဖြစ်တဲ့ဥစ္စာကို ဒို့တစ်ခုခု ချို့ယွင်းနေတယ် ဆိုပြီးသကာလ

၁၅၄ မိုးကုတ်ဆရာတော်ဘုရားကြီး၏

http://www.dhammadownload.com



ချို့ယွင်းတာကို ကိုယ်တိုင်သိအောင် လုပ်ရမယ်... (မှန်ပါ ဘုရား)။

ချို့ယွင်းတာ ကိုယ်တိုင်သိအောင် လုပ်လို့ ရှိရင်ဖြင့်တဲ့ ... ခဏ်မျှားတို့ အာရုံ့တဲ့ ဖြစ်ပျက်ဆိုသိုတဲ့ သမာဓိသည် ဦးတည် ပါလိမ့်မယ် . (မှန်ပါဘုရား) ရှင်းပြီနော် .... ရှင်းပါပြီ ဘုရား)။

ဒါဖြင့် သမာဓိဟာ ဦးတည်ပြီးသကာလ နေလို့ရှိရင် သူက မြင်တာလေလားလို့ မေးတော့ သမာဓိဟာ ဒီနေရာနဲ့တည် တာပဲ ရှိတာပဲ (မှန်ပါ) ဖြစ်မှု ပျက်မှုကိုတော့ သူက မမြင် မြန်ဘူး...(မှန်ပါ)။

သမာဓိဟာ လိုရင်းတဲ့ဘက် စိုက်ကာကာလေးဟာ သမာဓိ (မှန်ပါ) ဖြစ်ပျက်သူ ၊ မြင်သလား ...ဆိုတော့ အို ...ဖြစ်ပျက် ကိုးတော့ ညာဏ်က မှ မြင်ရမှာ သူနဲ့ ဘာမှမဆိုင်ဘူး .. (မှန်ပါ ဘုရား) သဘောကျပါပြီ.... (ကျပါပြီ)။

သမာဓိက မြင်သလားလို့မေးတော့ သတိကလဲ မြင်တာ မဟုတ်ဘူး အကူအညီပဲ၊ အမာခံကို တည့်ပေးတာပဲရှိတယ်။

ဝီရိယကတော့ မင်းမြင်သလားလို့ မေးလို့ရှိရင်ဖြင့် ဝီရိယ ကလဲ သူတည်း တစ်ခုက် မမြင်ပါဘူး၊ ရှင်းပလား.... (မှန် ပါ ပြီဘုရား ။

ဒါဖြင့် ဆူတို့သုံးခုသည် သမာဓိကို သူတို့ သုံးခုပေါင်းပြီး အလုပ်လုပ်မှုတာလျှင် အာရုံတစ်ခုစီသို့ တည့်တာပဲရှိတယ်၊ ၎င်း အာရုံ ဘာ ဖြစ်နေတယ်လို့ သူတို့က မသိကြဘူး .... (မှန်ပါ) ဒါဆာတေသချာချာမှတ်ပါ...(မှန်ပါ) အလုပ်သမားမှာ အရေး ကြီးပါတယ်၊ ဓမ္မဒိန္နာက ဖြေတာပါပဲတဲ့။

http://www.dhammadownload.com



ဒါဖြင့် သမာဓိမဂ္ဂင်သုံးပါး ရှိထိုက်-မရှိထိုက် … (ရှိထိုက်ပါဘုရား) သုံးခုပေါင်းမှပဲ ကိစ္စတစ်ခု ပြီးမှာပေါ့။ သုံးခု မပေါင်းလို့ ရှိရင် … (မပြီးပါဘုရား)။

ဝီရိယကလဲ ပန်းဆွတ်ပုဂ္ဂိုလ်မှာ သူ့မှီတော့ ကုန်းပေးရတယ်၊ သတိကလဲ ကုန်းနေတဲ့ ပုဂ္ဂိုလ်နှာသာ နေရင် ပြီးသကာလ အပေါ်တက်တဲ့ ပုဂ္ဂိုလ် ငြိမ်ဆိမ်မှု၊ သမာဓိကျပလား (ကျပါပြီ) အပေါ်တက်တဲ့ ပုဂ္ဂိုလ် ငြိမ်ဆိမ်မှသာလျှင် လိုရာ ပန်းကို သူသည်မှီနိုင်တယ်…. (မှန်ပါ)။

ပန်းတို့၏ အကောင်းအဆိုးကို ရွေးတတ် အလားလို့ မေးတဲ့အခါကျတော့ သမာဓိက ပန်းမှီအောင်ပဲရှိတယ် အကောင်းအဆိုးမရွေးတတ်ဘူး၊ …. (မှန်ပါ) ဘာဖြစ်လို့တုံး သူ့အထည် ကြည်မှုတစ်ခုကိုသာလျှင်ဓိအ ရှုရှိရာ ထည့်ပေးအောင်ပဲရှိတယ်၊ သူက ထိုးထွင်းပြီးသကာလ ဟောဒါ အဖြစ်တဲ့ ဟောဒါကြာ အပျက်ပဲ၊ ဟောဒါကြာ အခါရုပဲ၊ ဟောဒါကြာ အနိစ္စပဲ ဒါတော့ သူနဲ့မဆိုင်ဘူး … (မှန်ပါ) ရှင်းပလား … (ရှင်းပါပြီ)။

ဒါဖြင့် သူနဲ့မဆိုင်တာကို ဘယ်နှယ် … ခြင်တုံးလို့ မေးတဲ့ အခါကျယို့ ဆိုရင်ဖြင့်တဲ့ သူဟာ ပညာမဂ္ဂင်၏ အကူအညီပဲလို့ မှတ်ရမယ် ….(မှန်လှပါဘုရား) ပညာမဂ္ဂင်ကိုအကူအညီ ပေးတဲ့ တရားသုံးခု (မှန်ပါ) ရှင်းပြီလား …. (ရှင်းပါပြီဘုရား)။

ဘာအားပေးပါလိမ့် (ပညာမဂ္ဂင်ကိုအကူအညီအားပေးပါတယ်ဘုရား) ပညာမဂ္ဂင်ကို အကူအညီပေးတဲ့ တရားသုံးခုလို့ မှတ်ရမယ် …. (မှန်ပါ)။

ဒါဖြင့် ဓမ္မဒိန္နာ သိပါပြီတဲ့၊ သမာဓိဆိုတဲ့ဥစ္စာ ကြောင့် …. သုံးယောက်ပေါင်းမှပဲ ကိစ္စကြီးတစ်ခုကို ထည့်ပေးနိုင်တဲ့ စွမ်း

http://www.dhammadownload.com



ရည်သတ္တိရှိတယ်ဆိုတာ ကျေနပ်ပါပြီ၊ ပညာမဂ္ဂင်ပြောစမ်းပါဦးဆိုတော့ အို... သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပပေါ့၊ ဒါပဲဖြေလိုက်တယ်... (မှန်ပါ့)။

သမ္မာဒိဋ္ဌိနဲ့ သမ္မာသင်္ကပ္ပပေါ့လို့ ဖြေလိုက်တယ်၊ နို့ သမ္မာ လို့ ပညာတစ်ခုတည်းမှာ သမ္မာသင်္ကပ္ပက တွဲနေရသေးသလဲလို့ မေးဖို့ အချိန်ရောက်လာတယ်... (မှန်ပါ့) မရောက်ဘူးလား ... (ရောက်ပါတယ်ဘုရား)။

ရောက်တော့ကို ဒီလိုပါတဲ့ ဟိုဘက် ဒီဘက် အကောင်းအဆိုး ခွဲခြားချင်တဲ့ ပုဂ္ဂိုလ်ကို ဥပမာ မျက်လုံးကတော့ ပါပါရဲ့တဲ့၊ ဟိုဘက် ဒီဘက် အကောင်းအဆိုး ဆိုတဲ့ ဥစ္စာကတော့ ဟိုဘက် ဒီဘက် လှည့်လှန်ပေးနိုင်တဲ့ ထရားတစ်ခု အကူအညီ လိုသေးတယ်... (မှန်ပါ့ဘုရား) သဘောကျပလား (ကျပါပြီ ဘုရား)။

ဥပမာမယ် ဒီကနေ့ မျက်လုံးနဲ့ ကြည့်လိုက်တယ်၊ မျက်လုံးနဲ့ကြည့်လိုက်တော့တစ်ဘက်တည်း သိရတယ်၊ ဟိုတစ်ဘက်ဘာဖြစ်နေတယ်လို့ သိပါ့မလား... (မသိပါဘုရား) ဆိုတော့ ဟိုဘက် ဒီဘက်လှန်ပေးတဲ့ဥစ္စာ လိုအုံးလား ... (လိုပါတယ်) လိုတယ်၊ ဒါကြောင့်... ဒီဘက်ကကောင်းမျိုးပါလား၊ ဒီဘက်က တစ်မျိုးပါလားဆိုတာ လိုသလိုတဲ့ သမ္မာသင်္ကပ္ပဟာ သူက ဟိုဘက် ဒီဘက် မြင်ကွင်းကို အကွက်ဖော်ပေးတယ်... (မှန်လှပါ) ရိပ်မိသလား ... (ရိပ်မိပါပြီ)။

သမ္မာသင်္ကပ္ပက ... (မြင်ကွင်းကို အကွက်ဖော်ပေးပါတယ်)။

အဲ... မြင်တိုင်းမှာ အကွက်ဖော်ပေးတယ်၊ ဖြစ်တဲ့အကွက်ကိုလဲ သူဖော်ပေးတယ်... (မှန်ပါ့) ပျက်တဲ့အကွက်ကိုလဲ ... (ဖော်

ပေးပါတယ်ဘုရား)။

သူဖော်ပေးတယ် ဆိုတော့ သူဖော်ပေးတာကို ပညာက စိုက်ပြီးကြည့်ရာပဲ ... (မှန်ပါ)။

သူက တဘက်တည်း ဖြစ်လို့ရှိရင် သူကမှ လှန်လှောပြီး သကာလ ရုပ်နာမ်ဓမ္မတို့ကို အင်း.... ဖြစ်ပုံကတစ်မျိုး ပျက်ပုံက တစ်မျိုးလို့ သူကမှလှန်လှောမပြလို့ရှိရင်ပညာချည့်သက်သက် ကလဲ လှန်လှောနိုင်တဲ့ စွမ်းရည်သတ္တိမရှိဘူး... (မှန်ပါ)

ပညာကလဲ သူသည်ကားလို့ ဆိုလို့ရှိရင် ဓါ ဖြစ်မှုနဲ့ပျက်မှု သူဖြစ်မှု ပြသွားရင် ဖြစ်မှုပဲ မြင်မှာပဲ (မှန်ပါ) ပျက်မှု ပြသွားရင် ... (ပျက်မှုဘဲ မြင်မှာပဲဘုရား)။

ဟိုက လှန်လှော ပေးကတ်တဲ့ ပုဂ္ဂိုလ် သမ္မာသင်္ကပ္ပ ရှိမြဲ ဆိုမှုဖြင့် ဩော် ... ဖြစ်မှုက ဒီလိုပါလား၊ ပျက်မှုကဒီလိုပါ လားလို့ ဟိုက ဖလှယ်ပေးတဲ့အတိုင်း ဒီက ကြည့်ရတယ်.. (မှန်ပါဘုရား)၊ ရှင်းပလား.... (ရှင်းပါပြီ)။

ဒါဖြင့် အဖြစ်သာမြင်ရှိ အပျက်မမြင်သေး၊ အပျက်သာ မြင်ရှိ အဖြစ် မမြင်သေး ဖြစ်ခဲ့သော် သမ္မာသင်္ကပ္ပသုံ့တယ် .... (မှန်ပါ) သဘောပေါက်ပြီလား... (ပေါက်ပါပြီ)။

အဖြစ်သာမြင်ရှိ အပျက်မမြင်သေးရင်... (သမ္မာသင်္ကပ္ပသုံ့ပါတယ်)၊ အပျက်သာမြင်ရှိ အဖြစ်မမြင်သေးရင် .... (သမ္မာသင်္ကပ္ပသုံ့ပါတယ်) သမ္မာသင်္ကပ္ပ သုံ့ပါတယ် သမ္မာက မှန်ကန်တာ သင်္ကပ္ပ ... လှည့်ပြီးကြံစည်ပေးတာ ... (မှန်ပါ) ဒီ ကြည့်ကွက်ဖော်ပေးတာ .... (မှန်ပါ)။

အဲဒါက စာမှာလာတဲ့ ဥပမာ၊ ဘုန်းကြီးတို့ ပေးတဲ့ ဥပမာက ဒီလိုမပေးဘူး၊ မျက်လုံးမှိန်နေတဲ့ ပုဂ္ဂိုလ်ကို သူနဲ့

http://www.dhammadownload.com



ယ်မျက်လုံးနဲ့တူတဲ့ မျက်မှန်မှာ ပါဝါထည့်ပေးပါ... (မှန်ပါ့) ပါဝါထည့်ပေးလိုက်တဲ့ အခါကျတော့ လူငယ်လိုပဲ သူမြင်ရမ် မယ်... (မှန်ပါ့) သဘောကျပလား .... (ကျပါပြီ)။

ဒါဖြင့် လူငယ်လိုပဲ သူမြင်တယ်ဆိုတော့ သူ့မျက်လုံးချည် အကောင်းမြင်သလား၊ မျက်မှန်အကူအညီရမှ သူသည်ရှင်းရှင်း လင်းလင်း မြင်သလားဆိုတာ အကဲခတ်ပါ .... (မျက်မှန် အကူ အညီရမှ ရှင်းရှင်းလင်းလင်း မြင်ပါတယ်ဘုရား)။

အဲ... မျက်မှန်ဆိုတဲ့ အကူအညီကင်းမဲ့နေလို့ရှိရင် သူသည် မြင်တော့မြင်ပါရဲ့တဲ့၊ ရှင်းရှင်းလင်းလင်းမမြင်ဘူး ... (မှန်ပါ့ ဘုရား)။ သဘောပါကြပလား . (ပါပါပြီ)။

မြင်တော့ ... (မြင်ပါတယ်၊ ရှင်းရှင်းလင်းလင်း မမြင်ပါ ဘုရား) ရှင်းရှင်းလင်းလင်း မမြင်းတော့ ရှင်းရှင်းမြင်ရအောင် ကိုယ်နဲ့ထိုက်တန်တဲ့ပါဝါ သူပေးတဲ့ မျက်မှန်နဲ့ကြည့် (မှန်ပါ့) ကြည့်လိုက်တဲ့အခါကျတော့ ခုနကပင်ကိုယ်ကြည့်တဲ့မျက်လုံး အတိုင်း ရှေးမြင်တုန်းက ရှိသတဲ့ မျက်လုံးအတိုင်း မမှုံခင်က ရှိတဲ့ မျက်လုံးအတိုင်း၊ သူသည်ကား ဆိုလို့ရှိရင် မမြင်ပေဘူး လား ... (မြင်ပါတယ်ဘုရား)။

ဒါဖြင့် မျက်မှန်နဲ့ သမ္မာသင်္ကပ္ပနဲ့တူတယ်...(မှန်ပါ့) မျက် လုံးနဲ့ သမ္မာဒိဋ္ဌိနဲ့တူတယ် ... (မှန်ပါ့)။

မျက်မှန်နဲ့ ... (သမ္မာသင်္ကပ္ပနဲ့တူပါတယ်ဘုရား) မျက်လုံးနဲ့ (သမ္မာဒိဋ္ဌိနဲ့တူပါတယ်ဘုရား)။

သမ္မာဒိဋ္ဌိနဲ့ တူတယ်လို့ မှတ်ထားတော့ ဖြော် .... သူတို့ နှစ်ခုကင်းလို့ မဖြစ်ပါလား.... (မှန်ပါ့) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား) သူတို့နှစ်ခုလဲ... (ကင်းလို့မဖြစ်ပါဘုရား)။

http://www.dhammadownload.com



တစ်ခုကင်းရင် ဟိုဆ‌ော ‌တော်ရှုံပဲ မြင်လိမ့်မယ် — (မှန်ပါ) မျက်မှန်နဲ့ တူတဲ့ သမ္မာဒိဋ္ဌိဆ‌ော မြင်ကွက်ကို အမျှားကြီး ဖော် ပေးလိုက်မယ် ဆိုလို့ရှိရင် မြင်စရာတာရှိ အကုန်မြင်မှာပဲ — (မှန်ပါ) သဘောပေါက်ကြပလား .... (ပါပါပြီ)။

ဒါဖြင့် မြင်စရာရှိတာ အကုန်မမြင်တဲ့ အခါကျလို့ရှိရင် ဟာကာ ဟာကာမတွေ့ဆ‌ော သမ္မာသင်္ကပ္ပ အကူပေးလိုက်၊ ဝိတက်ကို (မှန်ပါ) ဝိတက်ဆိုဆ‌ော ရှုဆဲဘက်မှာလဲ သူသည် အားကူပေး တဲ့သဘောပါပဲ .... (မှန်ပါ)။

ဒါဖြင့် ဧကာ ဧကာမတွေ့ ဓညာင့် ... ပညာမှာလဲ အကူ အညီပါမှ.... (မှန်ပါ) သမာဓိမှာလဲ — (အကူအညီပါဦးမှပါ ဘုရား) အကူအညီပါဦးမှ.... တဲ့။

နို့.... ပြန်လှည့်လိုက်၊ သီလမဂ္ဂင်ကျတော့ ဘယ့်နှယ်ကြောင့် သုံးပါး ပြားနေရသတုံးလို့ မေးဘို့ မလိုဘူးလား .... (လိုပါတယ်) အို.... <u>သူတို့က တစ်ခု လုပ်နေရင် နှစ်ခုမပါဘူး</u> — (မှန်ပါ)။

တစ်ခု လုပ်နေရင် — (နှစ်ခုမပါပါ) ဘာကြောင့်တုံး ဆိုတော့ <u>သမ္မာဝါစာကလဲ</u> <u>မုသာဝါဒါ ပိသုဏဝါစာ ဖရုသ ဝါစာ</u> <u>သမ္ဖပ္ပလာပ</u> လိမ်လည် ကောက်ကျစ်မှု ကြဉ်ရှောင်တယ်၊ ကြမ်းတမ်းမှုကို ကြဉ်ရှောင်တယ်၊ ရယ်မောစရာပြောမှုကို ကြဉ် ရှောင်တယ်၊ မဟုတ်ဘူးလား .... (မှန်ပါ) အင်း .... သူကြဉ် ရှောင်ပုံက တစ်ခြား — (မှန်ပါ)။ သမ္မာဝါစာကလဲ ဝစီကံ လေးပါးသာ သူကြဉ်ရှောင်တယ်၊ သဘောကျပလား — (ကျပါပြီဘုရား)။

သမ္မာ ကမ္မန္တကလဲ ကာယကံသုံးပါး ကြဉ်ရှောင်တယ်

http://www.dhammadownload.com



ဆိုတော့ သူတို့ ပြုလုပ်တာကိုက တစ်မျိုးစီပြုလုပ်ကြတယ် — (မှန်ပါ)။

အဲဒီတော့ တစ်ခုလုပ်နေတဲ့ အလုပ်ကို တစ်ခုက ဝင်ခွင့်ကို မရဘူး (မရပါဘုရား) ရှင်းပြီလား — (ရှင်းပါပြီဘုရား)။

တစ်ခု လုပ်နေတဲ့ အလုပ်ကို .... (တစ်ခုက ဝင်ခွင့်မရပါ ဘုရား)။

အဲ... ဆမ္မာ ဆမ္မတလုပ်နေတဲ့ ပါကာတိပါတ - အဒိန္နာဒါန ကာမေသု မိစ္ဆာစာရ ဆိုတဲ့ သူကြည့်ရှောင်နေတုန်းကို သမ္မာဝါစာက ကြည့်ရှောင်ရော တရား မပါပြန်ဘူး .... (မှန်ပါ) ပါသေးရဲ့လား... (မပါ ပါဘုရား)။ သမ္မာဝါစာ ကြည့်ရှောင်နေတုန်းကို သမ္မာကမ္မန္တ ကြည့်ရှောင်စရာက ပါရဲ့လား— (မပါ ပါဘုရား)။

အဲဒါကြောင့် သူတို့က နဂိုကိုက ကာယကံ ဝစီကံ မနော ကံ ဖြစ်နေတယ်... (မှန်ပါ) ရှင်းမလား.... (ရှင်းပါပြီ)။

သူတို့က နဂိုကိုက အာဖြစ်နေသတုံး... (ကာယကံ ဝစီကံ မနောကံ ဖြစ်နေပါတယ်) ကာယကံ ဝစီကံ မနောကံ ဖြစ်နေ ကံချင်းကိုက ခြားနားနေလို့ သူတို့တော့ ရှောင်ကြည့်ပုံတွင်လို့ ဆာသီးလို့ နာမည် ပေးလိုက်ပါတယ်၊ အလုပ်မတူဘူး .... (မှန်ပါဘုရား)။

ဒါ့ကြောင့် သူတို့တော့ဖြင့် မဂ္ဂင်ရှစ်ပါးထဲမှာ သူတို့အည် ကစးလို့ဆိုရင် <u>လောကီမဂ္ဂင် လုပ်နေတဲ့ ပုဂ္ဂိုလ်မှာ တစ်ခါ တစ်လေ ငါးပါး တစ်ခါတစ်လေ ခြောက်ပါး</u> — (မှန်ပါ) <u>ခြောက်ပါးဆိုလို့ရှိရင် သမ္မာကမ္မန္တ ဝင်လာလို့ရှိရင် ဟိုနှစ်ခုက ထွက်သွားတယ်</u> — (မှန်ပါ)။

http://www.dhammadownload.com



ဒါဖြင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များမှာ သမ္မာကမ္မန္တဝင်လာလို့ ရှိရင် ဟိုနှစ်ခုက ထွက်သွားတယ် ... (မှန်ပါ) ဒါဖြင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်များမှာ သမ္မာဓိနဲ့ ပညာကတော့ တွဲဝင် မယ်ဆို ဝင်နိုင်တယ် .... (မှန်ပါဘုရား) သီလမဂ္ဂင်သုံးပါးတော့ တစ်ခုစီသာဝင်နေတော့ မြဲရဲ့လား... (မမြဲပါဘုရား)။

မမြဲတော့ကိုတဲ့ သူတို့က ကာယကံ ကြည်ရှောင်နေရင် ဝစီကံ မနောကံက မပါပြန်ဘူး၊ မနောကံ ကြည်ရှောင်နေပြန်တော့လဲ ကာယကံက မပါပြန်ဘူး၊ ပါကြရဲ့လား... (မပါပါဘူးဘုရား)။

မပါတော့ သူတို့သည် မမြဲတဲ့ တရားတွေ ဖြစ်နေတယ်၊ ဒါကြောင့် သူတို့တတွေဖြင့် တစ်ယောက်နဲ့ တစ်ယောက် အကူအညီပေးတယ်လို့ မရှိဘူး ... (မှန်ပါ) ရှင်းလား .... (ရှင်းပါပြီ)။

တစ်ယောက်နဲ့တစ်ယောက် (အကူအညီပေးတယ်လို့ မရှိပါဘုရား) အေး .... တစ်ပါးနဲ့တစ်ပါး အကူအညီ ပေးတယ်လို့ မရှိဘူး.... တဲ့ (မှန်ပါ)။

အဲဒီတော့ကိုတဲ့ ဘာလို့ အကူအညီမပေးနိုင်သတုံး ဆိုတော့ တစ်ယောက်က ပန်းတိမ်တတ်တယ်၊ တစ်ယောက်က ယက်ကန်း တတ်တယ် မဟုတ်ဘူးလား.... (မှန်ပါ) တစ်ယောက်က စက် မောင်းတတ်တယ်၊ ဘယ့်နှယ်လုပ် အကူအညီပေးကြမသဲ .... (မပေးနိုင်ပါဘုရား)။

မပေးနိုင်ဘူး၊ ပန်းတိမ်သမားကို စက်မောင်း သမားက အကူအညီ ပေးရမှာလဲ တစ်ခြားစီ .... (မှန်ပါ) စက်မောင်း သမားက ယက်ကန်းခတ်နေတဲ့လူကို ပိုးမျှင်တွေ အမျိုးမျိုးအဖုံဖုံ

http://www.dhammadownload.com



ဖောက်ပြန်နေတာတွေ ဘယ်နှယ်လုပ် အကူအညီပေးမတုံး....... (မပေးနိုင်ပါဘုရား)။

**အဲ...**သူတို့ကလဲ တစ်ယောက်နဲ့တစ်ယောက် **အကူအညီ** မရှိဘူး**တဲ့**၊ တစ်ယောက်လုပ်နေတဲ့ အလုပ်ရှိရင် နှစ်ယောက်က ထိုင်ကြည့်နေတာပဲ .... (မှန်ပါ့) မဆိုင်ဘူးတဲ့။

ဒါကြောင့် သူတို့သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သီလ မဂ္ဂင်တော့ ခေါ်ရပါတယ်တဲ့၊ ခေါ်တာကတော့ ဘယ်လို ကြောင့်ခေါ်ရသတုံး.......၊ ကြည့်ရှောင်တာကလေး တစ်ခုပဲ တူတယ်၊ အလုပ်က မတူဘူး (မှန်ပါ့ဘုရား။)။

ကြည့်ရှောင်တာကလေးတော့...... (တူပါတယ်ဘုရား)။

အဆုံးမှာတော့ သွားကူတယ်..နော်.... (မှန်ပါ့) အင်း.... မနေ့က ကြည့်ရှောင်တယ်၊ ကာယက ကြည့်ရှောင်တယ်၊ စိတ်ကို ကြည့်ရှောင်တယ်ဆိုတော့ ကြည့်ရှောင်မှု ကလေးတစ်ခုလဲ တူ တယ်....(မှန်ပါ့) အလုပ်လုပ်နေတာက....(မတူပါဘုရား) မတူ ဘူးဆိုတာသေချာကြပလား..... (သေချာပါပြီ)။

အဲဒါကြောင့် ခင်ဗျားတို့ ဝိပဿနာရှုနေတဲ့ အခါမှာ သတိဟာက မပါနိုင်ဘူး.......(မှန်ပါ့) သဘောကျပါလား.... (ကျပါပြီ) သူတို့ကဘာဖြစ်လို့ မပါနိုင်သတုံးလို့ဆိုရင် တစ်ခု ပါလို့ရှိရင် နှစ်ခုထက်သွားတာ (မှန်ပါ့) နှစ်ခုပါလို့ရှိရင် နှစ်ခုစလုံး ပြိုင်ဝင်တယ်လို့ သူတို့ကမရှိဘူး၊ ဝိပဿနာရှုနေတဲ့ အချိန်မှာ....(မှန်ပါ့) သဘောပါကြပလား... ....(ပါပါပြီ)။

http://www.dhammadownload.com



ဒါကြောင့် ဘယ်ကျမှ ပြိုင်ပါမှာတုံးလို့ မေးတဲ့အခါကျတော့မှ တစ်ခါဘည်း၊ နိဗ္ဗာန်ကို အာရုံပြုပြီး သောတာပတ္တိမဂ်ရလို့ နိဗ္ဗာန်အာရုံပြုတော့မှပဲ ပြိုင်ဝင်လာတယ်.... (မှန်ပါ့ဘုရား) နို့ မဟုတ်လို့ရှိရင် ပြိုင်ဘယ်တော့မှမဝင်ဘူးဆိုတာ မှတ်ထား.... (မှန်ပါ့)။

ဒါကြောင့် ဘုန်းကြီးပြောနေတယ်၊ တကာ တကာမတွေ ခင်ဗျား ကျဆောက်တည်တဲ့ သီလာနေတော့ ပါဏာတိပါတာ ဝေရမဏီ ခင်ဗျားတို့ဆိုတာတော့ပဲ၊ အဒိန္နာဒါနာ ဝေရမဏီ ဆိုတာကဲ့ မုသာဝါဒါ ဝေရမဏီဆိုတာတဲ့ ကာယကံလဲခင်ဗျား တို့ဆောက်တည်တယ်၊ ဝစီကံလဲဆောက်တည်တယ်၊ မနောကံ ကတော့ ခင်ဗျားတို့ဆောက်တည်လို့ မရလို့ ထားပါတော့။

အဲဒါကြောင့် သီလဟာ မမြဲဘူးဆိုတဲ့ ဥစ္စာသည် အလုပ် မတူလို့ ဆိုတဲ့ အဓိပ္ပာယ် ရှင်း ထား ကြ .... (မှန်ပါ့)။

အလုပ်က...... (မတူလို့ပါဘုရား) မတူဘူး၊ ကာယကံ ကြည်ရှောင်တာနဲ့ ဝစီကံ ကြည်ရှောင်တာနဲ့ဟာ ဦးသံဒိုင် တစ်ခြားစီ (မှန်ပါ့) အဲဒါကြောင့် သူတို့သည် အနိယတ စေတသိက်လို့ သင်္ဂြိုဟ်မှာလဲ ရေးတယ်နော် (မှန်ပါ့) ဝိရတီစေ တသိက်လို့လဲရေးတယ်။

<u>အနိယတစေတသိက်ဆိုတာ တစ်ခုခုင်ရင် တစ်ခုမရှိဘူး</u> ပေါ့ မမြဲဘူးကွ (မှန်ပါ့) <u>ဝိရတီစေတသိက်</u> ဆိုတာကတော့ <u>ပေါင်းပြီးခေါ်လိုက်တာ အကုန်ကြည်ရှောင်တဲ့တရားတွေကွ</u> တဲ့ (မှန်ပါ့) သဒ္ဒါကျပလား (ကျပါပြီ)။

http://www.dhammadownload.com



ဒါဖြင့် ဩော် .. သူတို့ကတော့ဖြင့်ထွက်ဖင်ပဲ မဂ်ဖလ်ရမှပဲ ပြိုင်ဝင်မှာပဲ ဆိုတာ စေ့စေ့စီးစီး မှတ်ထားပါ...(မှန်ပါ့)။

မဂ်ရလို့ရှိရင်တော့ ပါဏာတိပါတလဲ မလွန်ကြူး၊ မုသာဝါဒလဲ မလွန်ကြူး၊ မိစ္ဆာဒိဋ္ဌိဆိုတာလဲ မလာတော့ဘူး၊ သူက ပါဏာတိပါတ အဒိန္နာဒါန ကာမေသုမိစ္ဆာစာရ ကာယကံ သုံးပါး၊ မုသာဝါဒ ပိသုဏာဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပ ဝစီကံလေးပါး (မှန်ပါ့)။ မနောကံကတော့ဖြင့် အဘိဇ္ဈာ ဗျာပါဒ မိစ္ဆာဒိဋ္ဌိ ဒါ မနောကံသုံးပါး......(မှန်ပါ့)။

အဲဒီတော့ ဒီနေ့ည ရှင်းရှင်းကလေး ပြောလိုက်တော့ သဘောပါတဲ့ လူတွေအားလုံးပဲ နားထောင်ကြပါ၊ မိစ္ဆာဒိဋ္ဌိ တစ်လုံး ပယ်လိုက်လို့ရှိရင် အကုန် သိသလဲလုံသွားတယ် .... (မှန်ပါ့) သမာဓိကော........(လုံသွားပါတယ်)။

ဩော်.... ဒါဖြင့် ကာယကံလဲသုံတယ်၊ ဝစီကံလဲသုံတယ်၊ မိစ္ဆာဒိဋ္ဌိတစ်လုံး ပယ်လိုက်တာနဲ့ အဘိဇ္ဈာ ဗျာပါဒတွေလဲ လုံဆိုတော့ သမ္မာဒိဋ္ဌိမဖြစ်လာသေးသချ်ကာလပါတ်သုံးဟာဖြင့် သီလလဲမြဲဘူး....(မှန်ပါ့) ရှင်းပသား... (ရှင်းပါပြီ)။

သမ္မာဒိဋ္ဌိ မဖြစ်လာသေးသချ် ကာလပါတ်လုံး.... (သီလလဲ မမြဲပါဘုရား)။

ကဲ....သမ္မာဒိဋ္ဌိဖြစ်သွားပြီ၊ အစဉ်ဖြစ်သွားပြီ ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ သီလဟာ မြဲပြီ (မှန်ပါ့)။

ဒါဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး ဟောတဲ့အတိုင်း ခင်ဗျားတို့ဖြစ်စဉ်အတိုင်း ဒိဋ္ဌိပယ်နိုင်ရင် သီလမြဲတယ် ...... (မှန်ပါ့) ဒိဋ္ဌိမပယ်နိုင်သေးရင်....(သီလမမြဲပါဘုရား)။

http://www.dhammadownload.com



ဒိဋ္ဌိဟာ သီလပျက်စေတာပဲ....(မှန်ပါ) ရှင်းပလား (ရှင်းပါပြီ) သမာဓိပျက်စေတာလဲ....(ဒိဋ္ဌိပါဘုရား) ဝိပဿနာပျက်တာလဲ....(ဒိဋ္ဌိပါဘုရား) ဒိဋ္ဌိပဲ။

သောတာပန်တည်သွားတော့ ဒိဋ္ဌိတစ်လုံး ပါယ်လိုက်တော့ ဒိဋ္ဌိပါယ်ရင် ဝိစိကိစ္ဆာ အလိုလိုသွားတာပဲ ........ (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)။

အဲဒီတော့ သူတစ်လုံးပယ်လိုက်ရင် သီလကလဲမြဲတယ်........ (မှန်ပါ) သမာဓိကလဲ........(မြဲပါတယ်ဘုရား) ပညာကလဲ.... **(မြဲပါတယ်ဘုရား)**။

ပညာဆိုတော့ သူက သမ္မာဒိဋ္ဌိ ဝင်လာကတည်းက မိစ္ဆာဒိဋ္ဌိ ပေးရတာကိုး.... (မှန်ပါ) သဘောပါကြလား....... (ပါပြီ)။ ဩော်....ဒါဖြင့် မဂ္ဂင်ရှစ်ပါးမှာ ငါတို့သည်ကားလို ဆိုရင်ဖြင့် အပါယ်ရောက်ကြောင်းမှာဖြင့် ဒိဋ္ဌိမပြုတ်သေးသ၍ ကာလပါတ်လုံးဘယ်သီလမှလဲ အားကိုးလို့မရသေးပါလား....(မှန်ပါ) ပေါ်လာတယ်........(ပေါ်ပါတယ်ဘုရား)။

ဘယ်သီလမှ....(အားကိုးလို့မရသေးပါဘုရား) အားကိုးလို့ မရဘူး၊ ပျက်စီးနိုင်တာချည့်ပဲ........ (မှန်ပါ)။

မိစ္ဆာဒိဋ္ဌိရှိနေရင် .... (ပျက်စီးနိုင်တာချည့်ပဲဘုရား) ပျက်စီးနိုင်တာချည့်ပဲ ဆိုသောကြောင့် ခင်ဗျားတို့ အသေအချာမှတ်ပါတဲ့၊ သီလဝိသုဒ္ဓိဖြစ်ရုံနဲ့ ဘာမှမလုံလောက်သေးဘူး ဆိုတာမှတ်ထားရမယ်။....(မှန်ပါ) လုံလောက်လို့ရှိရင် ဒိဋ္ဌိဝိသုဒ္ဓိလို့ နောက်ထပ်ဘုရားဟောဖို့ မလိုဘူး .... (မှန်ပါ) လိုသေးသလား (မလိုပါဘုရား) ပေါ်ကြလား........(ပေါ်ပါပြီဘုရား)။

http://www.dhammadownload.com



သီလဝိသုဒ္ဓိပြီးတော့ ဒိဋ္ဌိဝိသုဒ္ဓိဘုရားဟောတယ်၊ အဲဒါဘာဖြစ်လို့ ဟောပါလိမ့် အိုင်ဒါ ဟောရမယ်ကွတဲ့၊ ဒီဟာကျင်စဉ်ပဲ ....(မှန်ပါ) ရှင်းပကား .....(ရှင်းပါပြီ)။

သီလဝိသုဒ္ဓိပြီးရင် ဘာဟောရမတုံး.... (ဒိဋ္ဌိဝိသုဒ္ဓိဟောရပါမယ်ဘုရား)။

ဒိဋ္ဌိဝိသုဒ္ဓိဟောရမယ်တဲ့၊ ဘာကြောင့်တုံးဆိုတော့ သီလဝိသုဒ္ဓိနဲ့က ဘာမှအ ယ်လေး း တံခါးပိတ်ဘဲ့တရားက မ သေးဘူးကွတဲ့ ... မှန်ပါ၊ ဒိဋ္ဌိကျန်နေသေးဘယ်........ မှန်ပါ) ဒိဋ္ဌိကြောင့်အပါယ်ကျရတာကိုး... (မှန်ပါ)။

ဒါကြောင့် ဒိဋ္ဌိဝိသုဒ္ဓိကို ဦးသံဒိုင် တက်ရလိမ့်မယ်...(မှန်ပါ) မတက်ရင် ..(မဖြစ်ပါဘုရား)၊ မဖြစ်ဘူးဘဲ့။

ဟို ဓ ဗုဒ္ဓကို) ပါလာ နှစ်သေင်းသုံး ောင်း ချဟန် တာ ဝး သီလပြည့်စုံပ တယ်နေဘ် (မှန်ပါ) သို့ သော်လည်းဒိဋ္ဌိ မပြုတ် တာကို ခုနင့်က (သိသာယာ ကြူ ) ပြီး သကာလ ဘိခုတ္တ န်းတိုတွန်းလျှိုက တယ်....(မှန်ပါ) ဘုန်းပျက် တယ် ါ ဒိဋ္ဌိမပြုတ်သို့.... မှန်ပါ) ဒိဋ္ဌိမပြုတ်ဘဲ့အတွက် နာ ်းဖြစ်ရရှာတယ်၊ (တိသာရဟ ကြီး) သန်းဖြစ်ရတယ်၊ ဒါ ဒိဋ္ဌိဒိမပြုတ်ဒ်သို့... မှန်ပါ) ဒိဋ္ဌိသာပြုတ်ရင် ဘန်းဖြစ်ရော အကြောင်းမရှိဘူး...(မရှိပါဘုရား) နဂါးဖြစ်စရာကော....(မရှိပါဘုရား)။

မရှိပါဘူးတဲ့၊ နို့ သီ မရှိဘူးလားဆိုတော့ သီလကတော့ သူ အနှစ်သုံးသောင်းကြီးစေ့းထ ာတာ ...(မှန်ပါ)သို့သော်ဒိဋ္ဌိက မပြုတ်သေးတော့ ဝိစိကိစ္ဆာ ကုက္ကုစ္စတွေက လာတော့တာပဲ... (မှန်ပါ) သူ့အဖော်တွေကိုး....(မှန်ပါ) အဲဒါဒိဋ္ဌိရှိလို့ ပါတွေလာတာ....(မှန်ပါ) ဒိဋ္ဌိမရှိရင်.... (မလာပါဘုရား)။

http://www.dhammadownload.com



အဲဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတော့ ယနေ့ အရေးတကြီး ပြောလာတာက -တကာ တကာမတို့ ဒိဋ္ဌိဖြုတ်ကြ နော်....(မှန်ပါ) သီလနဲ့ စိတ်မချရသေးဘူး (မှန်ပါ) သဘော ပါပလား (ပါပါပြီဘုရား)။

သီလနဲ့ (စိတ်မချရသေးပါဘုရား) အနှစ် နှစ်သောင်း အားထုတ်ထားတဲ့ သီလဟာ ဒိဋ္ဌိရှိနေတာနဲ့ ခုနင့်က နဂါးကြီး သွားဖြစ်တယ် (မှန်ပါ)။

ဘုရားကျောင်းတော်မှာနေတဲ့ တိဿရဟန်းကြီးဟာ တစ်ခါ တည်း ဒိဋ္ဌိမပြုတ်သေးတာနဲ့ စုတေသည်နှင့် တစ်ပြိုင်နက်ထဲ သန်းသွားဖြစ်တယ်.......(မှန်ပါဘုရား) မဖြစ်ဘူးလား (ဖြစ်ပါ တယ်ဘုရား)။

ဒါတွေထောက်ကြည့်တဲ့ အခါကျတော့ ဩဘ် "စတုဟာ ပါယေဟိစဝိပ္ပမုတ္တော" အပါယ်လေးပါးမှ လွတ်တယ်ဆိုတာ ဒိဋ္ဌိပြုတ်မှပါလား (မှန်ပါ) ပေါ်ကြပလား.......(ပေါ်ပါပြီ ဘုရား)။

အပါယ်လေးပါးလွတ်ဆိုတာ ... (ဒိပြုတ်မှပါဘုရား) ဒိဋ္ဌိ ငရဲမျိုးစေ့လို့ ဘုန်းကြီးက နေ့တိုင်းလိုလိုပြောတဲ့ ဥစ္စာခင်ဗျား တို့ရှင်းသွားပြီ (ရှင်းသွားပါပြီ၊ ရှင်းသွားပြီတဲ့ဒါဖြင့် ဒိပြင် အလုပ်တဲ့ဘယ်အလုပ်ကို ဒို့ပိုမိုပြီး အရေးတကြီး ခွါရမယ်ရှင်း မရဘဲလို့ရှိရင် ဒိဋ္ဌိပဲ (မှန်ပါ) သက္ကာယဒိဋ္ဌိ၊ ရှင်းပလား........ (ရှင်းပါပြီ )

<u>သက္ကာယဒိဋ္ဌိခွါပြီးရင် သဿတ ဥစ္ဆေဒလဲ မလာဘူး</u>။ (မှန်ပါ) သဘောပါပလား.......(ပါပါပြီ)။

သက္ကာယဒိဋ္ဌိ မပြုတ်သေးလို့ရှိရင် ပွားလာတာပဲ .......

(မှန်ပါ)- သညာတရင်လဲ လာလစ်လိုက်သာဘဲ၊ ...ရွေဒရင် ကော........(လာပါတယ်ဘုရား) ဒါကြောင့်သုက မှတ်ထားလိုက်တာတုံး....(သက္ကာယက မှတ်ပါတယ်ဘုရား)။

“ဒွါသဋ္ဌိဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိ ပမုခေနေဝ ဥပ္ပဇ္ဇန္တိ” တဲ့ အဋ္ဌကထာက....(မှန်ပါ) ဒွါသဋ္ဌိဒိဋ္ဌိယော=ခြောက်ဆယ့် နှစ်ပါးသော ဒိဋ္ဌိတို့သည်၊ ဥပ္ပဇ္ဇမာနာ=ဖြစ်ကုန်သည်ရှိသော်၊ သက္ကာယဒိဋ္ဌိပမုခေနေဝ=သက္ကာယဒိဋ္ဌိ အဦးရှိသဖြင့်သာလျှင်၊ ဥပ္ပဇ္ဇန္တိ=ဖြစ်ကုန်၏တဲ့...(မှန်ပါ) ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိဟာ သူ့ရှိလို့ ဖြစ်လာတာ....(မှန်ပါ) ရှင်းပလား. (ရှင်းပါပြီဘုရား)။

ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့သည် .... (သက္ကာယဒိဋ္ဌိကြောင့်ဖြစ်ပါတယ်) အေး .. ဒါကြောင့် “ဒွါသဋ္ဌိဒိဋ္ဌိယော ဥပ္ပဇ္ဇမာနာ သက္ကာယဒိဋ္ဌိပမုခေနေဝ” သက္ကာယဒိဋ္ဌိခေါင်းဆောင်ရှိမှ ဖြစ်ပါတယ်ကွတဲ့....(မှန်ပါ) သဘောကျလား.... (ကျပါပြီဘုရား)။

ဒါဖြင့် သီလကလေးဆောက်တည်ရုံနဲ့ပဲ ဒိဋ္ဌိကမပြုတ်သေးတော့ ခြေ...ငရဲမျိုးစေ့ ငါ့ဝမ်းထဲရှိသေးတယ်မှတ်....(မှန်ပါ ဘုရား) သဘောပေါက်ပလား (ပေါက်ပါပြီ) ဒါနလေးပြုချင်ဦး ဝမ်းဗဲ့လဲသက္ကာယဒိဋ္ဌိ မပြုတ်သေးရင် ငါ့ဝမ်းထဲ ငရဲမျိုး ရှိသေးတယ်မှတ်....(မှန်ပါ) ပြုတ်မလား ငရဲမျိုးစေ့....(မပြုတ်သေးပါဘုရား)။

မပြုတ်သေးတော့ကို ပထမမဂ်မှာ အဋ္ဌကထာ ဆရာများ ဖွင့်တာ သိပ်ကောင်းတယ်၊ ပဌမ မဂ်ဟာကွာ ဘာကိုဖြင့် နှိမ့်ဖွာနိုင်တယ်ဆိုတာ ငါရှည်ရှည်မပြောချင်ဘူး ပြုတ်သိ

http://www.dhammadownload.com



ရသွားတာပေါ့....(မှန်ပါ့) ကဲ ......မရှင်းကြသေးဘူးလား........ (ရှင်းပါပြီဘုရား)။

ပဌမ မဂ်ဟာဘယ့်နှယ်ကြောင့်ရသတုံး....(ဒိဋ္ဌိပြုတ်လို့ရပါတယ်ဘုရား)။

ပဌမ မဂ်ရခြင်း၏အကြောင်းဟာ ဒိဋ္ဌိဟာဝေဒနာ ရှိရာ မင်းတို့ယူနဲ့ ဒိဋ္ဌိနိရောဓဟာ နိဗ္ဗာန်ဝေဒနာနဲ့ပဲကွတဲ့ (မှန်ပါ့) ဒိဋ္ဌိချုပ်လို့ရသွားတာ... (မှန်ပါ့) ဒိဋ္ဌိမချုပ်ရင် ..... (မရပါဘုရား)။

အဲဒါကြောင့် ဒီတရား တကာတော်များ မှာ ... လဲသွဲ ... ဘယ်... ခင်ဗျားတို့ ... ယူတဲ့ ... ကြောင့်...အရေးကြီး ... သုပါလားဆိုတာကို သုံးဖြတ် ... (မှန်ပါ့)

ဝယ်လို့တော်ကြရမယ်....(အရေးကြီးတာ သူပါဘုရား)။

အရေးကြီးတာ သူ ... ဒိုပ် ... ချုပ်ပေးသရွေ့ ... ဖုံးဖြင့် ... ဝေါ့သိလာဆိုတဲ့ ... ဒီးရှိပြီဆိုဘာမျိုး မယူလိုက်ပနဲ့....(မှန်ပါ့) ဝါးပါး အမှတ်မရှိ ... ပါပြီလို့ သူ့ဖြတ်တဲ့ ယူလိုက်ပနဲ့ ..(မှန်ပါ့)

... ပျော်တဲ့ ... ... ကြောင်းကြေပျော့ ... ပါသွား ပြန်နေကျလို့ ..(မှန်ပါ့) လန့်ပြန်တာပျံနယ် အကျမလွတ်ဘူး... (မှန်လှပါဘုရား) ရှင်းပလား....(ရှင်းပါပြီ)။

လန့်ပျံတော့ .. (အကျမလွတ်ပါ) မြှားကလေးနဲ့ ပစ်လိုက်တဲ့ အခါ အဆိပ်ကလေးက ထိသွားတော့ လန့်တော့ပျံနိုင်တာပေါ့ အဆိပ်ကလေး ပြန့်မှမပြန့်သေးတဲ....(မှန်ပါ့) မပြန့်တဲ့အချိန်ပျံနိုင်တယ်၊ ပြန့်တဲ့အချိန်ပြန်ကျမယ်....(ပြန်ကျပါမယ်) သဘော ကျပလား (ကျပါပြီဘုရား)။

http://www.dhammadownload.com



အဲဒီ ကြောင့် ဘာကိုအရေးတကြီး ဖြုတ်ရမယ်ဆိုတာ (သက္ကာယဒိဋ္ဌိ အရေးတကြီး ဖြုတ်ရမယ်ဘုရား) သက္ကာယဒိဋ္ဌိအရေးတကြီးဖြုတ်ပါ။ (မှန်ပါ)။

သက္ကာယဒိဋ္ဌိဖြုတ်နည်းက တစ်ခုသော စမ္မကာရော ပေါ်လာလို့ ရှိရင် အနိစ္စ ဒုက္ခ အနတ္တ တွေ့ပြီး ငါကိုယ် ငါဟာ ငါဥစ္စာ မဟုတ်ပါလား၊ ဒီလို ခန္ဓာတွေကို သူ့အနိစ္စ မြင်လို့ ပြောင်း ဒါ ကြောင့် မာနစင်ရတယ်၊ အနုမြင်ရင် ဒေါသ ဘာ [illegible] မြင်ရင် ဒိဋ္ဌိစင်တယ်၊ ဘာဘောကျပါလား (မှန်ပါ)။

အဲဒီတော့ကို သူဖြုတ်သွားလို့ရှိရင် ပေါ်ကြပြီတယ် (မှန်ပါ) ရှင်းပလား (ရှင်းပါပြီဘုရား)။

သက္ကာယဒိဋ္ဌိ ပြုတ်သွားရင် [illegible] အဲငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးဆိုတာကို သိရမယ် (မှန်ပါ) ဖြစ်ပျက်တရားတွေကို ငါ့ကိုယ်လဲမဟုတ်ဘူး ငါ့ဟာ မဟုတ်ဘူး ငါ့ဥစ္စာလဲမဟုတ်ဘူး မြင်ရမယ် ဒီလိုမြင်တဲ့ ဖြုတ်ပြီး သဗ္ဗညုရှိသာနံ အဒဿဝ ဆိုပေမဲ့ တိုင်းသူ ကော မရှိဘူး ကိုမမြင်သေးဘူးဆိုပြီးလဲ ဒီလို ရှုတတ်ကဲ့ပုဂ္ဂိုလ်ကတော့ သူ တော်ကောင်းတရားမြင်သွားပြီ (မှန်ပါ) ပေါ်ကြပလား (ပေါ်ပါပြီ)။

သူတော်ကောင်းတရား မြင်သွားပါပြီတဲ့ ဒါဖြင့် ဒီသက္ကာယဒိဋ္ဌိလောက် အရေးကြီးတဲ့တရားကဖြင့် မရှိဘူးဆိုတဲ့ဥစ္စာ သူ့ဖြုတ်ပြီးလို့ရှိရင်လဲ ဥပမာ ဦးသံဒိုင်တို့ မှတ်စရာက ပေါ်ဗျာဘူ့ အိပ်နေ၊ သူ့ကိုတကယ်သာ မင်္ဂဖြုတ်ပြီး သကာလအိပ်သာနေ တော့ သူမရှိလို့ရှိရင် အထက်နိဗ္ဗာန်ကိုတားမည့် တရားကို မရှိဘူး(မရှိပါဘုရား)။

http://www.dhammadownload.com



အထက်နိဗ္ဗာန်တွေကို .. (တားမည့်တရားမရှိပါဘုရား၊ သကဒါဂါမိမြင်တဲ့ နိဗ္ဗာန် အနာဂါမိမြင်တဲ့နိဗ္ဗာန် ရဟန္တာမြင်တဲ့ နိဗ္ဗာန် နိဗ္ဗာန်ကလဲ ရှိသေးတာကိုး၊... (မှန်ပါ) အဲဒီနိဗ္ဗာန်တွေကို ဘယ်နည်းနဲ့မှ မတားဘူး၊ သူ့ဟာသူ တက်သွားတာတဲ့ ...... (မှန်ပါဘုရား)။

ကိုယ်ကလဲ အားထုတ်ချင်တဲ့ စိတ်ကလဲ ပေါ်လာတာလဲ၊ မပေါ်ပါနဲ့ဆိုလို့မရဘူး၊ ဒိဋ္ဌိပြုတ်ပြီးသား လူက ...(မှန်ပါ)။

သူ့ဘာသူ ပေါ်သွားတာ၊ အထက်မဂ်တွေကို အရှင်ဘုရား တပည့်တော်တို့ကို အထက်မဂ်ရကြောင်း တရားဟောပဦးလို့ မလိုဘူးတဲ့ ဒိဋ္ဌိပြုတ်ပြီးသားပုဂ္ဂိုလ်... (မှန်ပါ) ဘာဖြစ်လို့တုံး သောတာပတ္တိမဂ်သာရခြင်း၏အကြောင်းလေးပါး ဟောတာကိုး ... (မှန်ပါ)သကဒါဂါမိမဂ်ရခြင်း၏ အကြောင်းလေးပါးလို့ ဘုရားကမဟောတော့ပါဘူး (မှန်ပါ) အနာဂါမိမဂ်ရခြင်း၏ အကြောင်း ... (လေးပါးလို့မဟောပါဘုရား) ရဟန္တာဖြစ်ခြင်း၏အကြောင်း ( မဟောပါဘုရား ) အဲသောတာပန်ဖြစ်ခြင်း အကြောင်းသာလေးပါးဟောပါတယ် (မှန်ပါ)။

သူတော်ကောင်းနဲ့ပေါင်းရမယ်၊ သဘောကျပလား ကျပါပြီဘုရား) တရားနာရမယ် မှန်ပါ နှလုံးသွင်းကောင်းရမယ်၊ (မှန်ပါ) အပျက်နဲ့မဂ်ကိုက်ရမယ် (မှန်ပါ) ဒါဘယ်မှာဟောတာ တုံး .. သောတာပန်တည်ခြင်း၏ အကြောင်းဟောတာ... မှန်ပါ ဘုရား)။ သကဒါဂါမိ တည်ခြင်း၏အကြောင်း ငါမဟောပါ ဘူးတဲ့(မှန်ပါ) အနာဂါမ်တည်ခြင်း၏အကြောင်း (မဟောပါ

http://www.dhammadownload.com



ဘုရား) ရဟန္တာဖြစ်ခြင်း၏အကြောင်း (မဟောပါဘုရား)၊ လေးပါးရှိသေးတယ်ကွ၊ လေးပါးရှိသေးတယ်ကွ.......နဲ့ ထပ်ထပ်မလှာဘူး....(မှန်ပါဘုရား) လာရဲ့လား (မလာပါဘုရား)၊

ဒါဖြင့် သောတာပန်တည်တာကလဲ ဒိဋ္ဌိပြုတ်လို့ တည်လာ ....(မှန်ပါ) ဒိဋ္ဌိပြုတ်ရင် ယနေ့ထူးထူးခြားခြားမှတ်ပါ ဝိစိကိစ္ဆာ မကျန်ဘူး....(မှန်ပါ)၊

ဒိဋ္ဌိပြုတ်ရင်....(ဝိစိကိစ္ဆာ မကျန်ပါဘုရား) အဂုတ္တိုရ်မှာ သေသေချာချာလာတယ်၊ ဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ် ဝိစိကိစ္ဆာမကျန်ပါဘူးတဲ့ စာမှာသာ ရေးထားတာပါတဲ့၊ ဒိဋ္ဌိပြုတ်လို့ရှိရင် ဝိစိကိစ္ဆာ အလိုလိုပြုတ်တယ်....(မှန်ပါ) သဘောပါပါသလား.... (ပါပါပြီဘုရား)၊

ဒိဋ္ဌိပြုတ်ရင် ....... (ဝိစိကိစ္ဆာ အလိုလိုပြုတ်ပါတယ်ဘုရား) အဲ....ဝိစိကိစ္ဆာ အလိုလိုပြုတ်တယ်လို့ မှတ်ထားလိုက်ပါဆိုတော့ ကြောင့်....ဒါဖြင့် ဒိဋ္ဌိပြုတ်တဲ့ပုဂ္ဂိုလ်များမှာ အထက်ကျင့်စရာ ဘယ်နှစ်ပါးရှိသေးသတုံးလို့ မမေးနဲ့တော့.......(မှန်ပါ) ဒိဋ္ဌိပြုတ်ပြီးတယ်ဆိုလို့ရှိရင် သူ့ဟာသူ နိုးဆော်သွားတယ် ... (မှန်ပါ) သဘောပါပါသလား... (ပါပါပြီ)။

ကဲ....တစ်ခါ ဝေဘာရနှုပဥ္စော....ဆိုတဲ့ဥစ္စာက ရဲရင့်သွားတယ်လို့ပြောတာ....(မှန်ပါ) ဒိဋ္ဌိပြုတ်ပြီးသားပုဂ္ဂိုလ်ကျတော့ လဲသူသည် အထက်မဂ် အထက်ဖိုလ်သာ လဲလျောင်းရာရှိတော့တယ်ဆိုတဲ့ဥစ္စာက ဘုရားက သေသေချာချာဟောတယ်....... (မှန်ပါ)

ဒိဋ္ဌိပြုတ်ပြီးရင် အထက်မဂ် အထက်ဖိုလ်သာ သူ့ရှေ့ရှိတော့

http://www.dhammadownload.com



တယ်၊ မရပါနဲ့လို့တားရင်ကော (မရပါဘုရား) မရဘူးတဲ့၊ ဒါဖြင့်နဂိုတားထားတာ ဒိဋ္ဌိပဲ (မှန်ပါ) မပေါ်သေးဘူးလား (ပေါ်ပါပြီဘုရား)။

နဂိုကတားထားတာ .... (ဒိဋ္ဌိပါဘုရား) ကဲ....အားလုံးသော ပုဂ္ဂိုလ်တို့မှာ ဒိဋ္ဌိအရေးကြီးပုံကို မင်္ဂလေးပါးနဲ့ ဆင်ပြသိုက် ပေးသွမှ သောတာပန် ပုဂ္ဂိုလ်ဟာ ဒိဋ္ဌိပယ်ပြီးသားဖြစ်ပဲတော့ အသက်မင်္ဂသာ လဲလျောင်းစရာရှိတော့တယ်လို့ ဘုရားက ဟော လိုက်တယ် (မှန်ပါ)။

သောတာပန်တည်ပြီးသား ပုဂ္ဂိုလ်များ .... (အသက်မင်္ဂသာ လဲလျောင်းရာ ရှိပါတော့တယ်ဘုရား )အထက်မင်္ဂသာရဖို့ရှိတော့ တယ်ပြောတာ၊ ဇာလိုသုံးကို လဲလျောင်းရာ ရှိတော့တယ်ပြော သလ....(မှန်ပါ) သေသေချာချာသိတော့ သူဟာအထက်မင်္ဂ သာလျှင် သွားဖို့ရှိတော့တယ်လို့ ပြော လိုက်ခြင်းသည် ဒိဋ္ဌိပြုတ် ပြီးသားပုဂ္ဂိုလ်မို့ ရဲရဲတင်းတင်း ဟောတာ (မှန်ပါဘုရား) ရှင်းကြပ လား....(ရှင်းပါပြီဘုရား)။

ဒါဖြင့် တားအရေးကြီးကြပလိမ့်..... (သက္ကာယ ဒိဋ္ဌိပြုတ်ဖို့ အရေးကြီး ပါတယ်ဘုရား ) အေး ..သက္ကာဒိဋ္ဌိပြုတ်ဖို့ပဲ အရေး ကြီးတယ်....(မှန်ပါ) သက္ကာယဒိဋ္ဌိပြုတ်လို့ရှိရင် သကဒါဂါမ် ဖြစ်ရပါလို၏ ဆုမတောင်းနဲ့... (မှန်ပါ) အနာဂါမ်ဖြစ်ရပါလို ၏ (ဆုမတောင်းရပါဘုရား) ဆုမတောင်းနဲ့ ဒီမင်္ဂက ဆောင် သွားမယ် .... (မှန်ပါ) သောတာပတ္တိမင်္ဂကလဲ ဆောင်သွား မယ်၊ ရဟန္တာ ဖြစ်အောင်လဲ သူပဲဆောင်တော့မယ်....(မှန်ပါ)။

ဒါဖြင့် မင်္ဂလေးခုစလုံးမှာ တကာ တကာမတို့ တားနိုင်တာ ကဖြင့် ဒိဋ္ဌိပဲ....(မှန်ပါ)။

http://www.dhammadownload.com



မဂ်လေးခုစလုံးတားနိုင်တာ....(ဒိဋ္ဌိပါဘုရား) သူ့ရဲ့ ပယ်ပြီး **ပါရော အထက်**မဂ်တွေအတွက် တရားအားကုတ်စရာ ပယ်စရာ **ဒိဋ္ဌိပြင်ဟာတွေကို** ရပ်နားပြီးသားလို ကိုယ်နေချင်လို့နေတန် **နေရမယ်၊** နောက်ဆုံးဝိတ်ကောင်နေ့နေလို့ မတွေ့ဆီ ပြန်ရောက် **တယ်....(မှန်ပါဘုရား)** သဘောပေါ်ပလား....(ပေါ်ပါပြီဘုရား)။

ဝိသာခါ **က်**လေးသားတူပြောတဲ့ပုဂ္ဂိုလ်မို့ ခုနှစ်ဘဝနေမယ်၊ ခုနှစ်ဘဝထက်ပိုနေလို့ ရသေးသလားဆိုတော့ ဒိဋ္ဌိပြုတ်ပြီးသော ပုဂ္ဂိုလ်မို့နေလို့ကိုမရဘူး....(မှန်ပါဘုရား) ရှင်းပလား....(ရှင်းပါပြီဘုရား)။

**ကောင်းပြီ**.......ဒါဖြင့်ဘာအရေး**ကြီး**သတုံး.......(ဒိဋ္ဌိပြုတ်ဖို့ **အရေးကြီးပါတယ်ဘုရား)**။ ဒိဋ္ဌိပြုတ်ဖို့ အရေးကြီးတယ်ဆိုတာ **ပေါ်**လာကြပြီ....(ပေါ်လာပါပြီဘုရား)။

ကောင်းပြီ ဒိဋ္ဌိပြုတ်ချင်လို့ရှိရင်ဖြင့် ခင်ဗျားတို့လွယ်ပါ **တယ်၊** ပရမတ်တွေ**တိုင်း**တွေ့တိုင်း သြော်....ငါ့ကိုယ် ငါ့ဟာ **ငါ့ဥစ္စာ**မလုပ်ဘူးလို့ ရှုရှုပေး....(မှန်ပါ)၊

ပရမတ်ကလေးတစ်ခု တွေ့တိုင်းတွေ့တိုင်း....(ငါ့ကိုယ် ငါ့ဟာ **ငါ့ဥစ္စာ**မဟုတ်ဘူးလို့ ရှုပေးရပါမယ်ဘုရား)။

အဲ....ငါ့ကိုယ်ဆိုတာ တဏှာ၊ **ငါ့ဟာဆိုတာ** မာန၊ ငါ့ဟာ **မထိနဲ့လာတာကို**....(မှန်ပါ) ဒါ**ကြောင့်** မာနပြောလိုက်တယ် (မှန်ပါ) **ငါ့ဥစ္စာဆိုတာက** တကယ် **သိမ်းပိုက်တာမို့** ဒိဋ္ဌိ.... (မှန်ပါ)။

ဒါဖြင့် တစ်ခုသော တရားထဲကို ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ **မဟုတ်ဘူး၊ ဒါကလေးဟာ ဖြစ်ပြီးပျက်တတ်တဲ့ သဘောကလေး သက်သက်ပဲလို့သာ** ခင်ဗျားတို့**ဉာဏ်**ထဲမှာ ရှုနေကြမယ်ဆိုလို့

http://www.dhammadownload.com



ရှိယင်ဖြင့် ဒါ....ဒိဋ္ဌိမဖြစ်တာပါဘဲလို့ ဓမ္မဒိန္နာက သေသေ ချာချာဟောတယ်....(မှန်ပါ့ဘုရား) သဘောပါကြပလား (ပါ ပါပြီဘုရား)။

ဒိဋ္ဌိဖြစ်တဲ့ပုဂ္ဂိုလ်ကတော့ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာထင်နေလို့ ဒိဋ္ဌိဖြစ်တာ....(မှန်ပါ့) ရှင်းပလား....(ရှင်းပါပြီဘုရား)။

ဒိဋ္ဌိမဖြစ်တဲ့ပုဂ္ဂိုလ်ကတော့ ဒီတရားလေးဟာ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာမဟုတ်ဘူး၊ "နေ့တာမမ၊ နေသောဟာ မသိမ့်မေသော အတ္တာ...." လို့ ပါဋ္ဌိလိုဆိုတာကိုး....(မှန်ပါ့၊ မြန်မာလိုပြန်ထော့ ငါ့ကိုယ် ငါ့ဟာ ငါ့ဥစ္စာ မဟုတ်ဘူးလို့ ယူနိုင်လို့ ရှိယင်ဖြင့် ဒါ.... ဒိဋ္ဌိပြုတ်ပြီး....(မှန်ပါ့) ဒိဋ္ဌိတွင် မကဘူး၊ တဏှာရော မာနရော ရောပြုတ်တယ်....(မှန်ပါ့ဘုရား) သဘောပါကြပလား....(ပါပါ ပြီဘုရာ)။

ဒါဖြင့်ဘာအရေးကြီးပါလိမ့်လို့ မေးတဲ့အခါကျလို့ ရှိရင်ဖြင့် ဒီနေ့ညတရားမှာ ဒိဋ္ဌိပြုတ်ဖို့အရေးကြီးပြောတာဘဲ....(မှန်ပါ့)။

ဒိဋ္ဌိဘယ်မှာကပ်နေပါလိမ့်မတုံးလို့ တစ်ခါဆက် မေးတော့ ဒိဋ္ဌိက ခန္ဓာမှာကပ်တာပဲ....(မှန်ပါ့)။

ဒိဋ္ဌိက...(ခန္ဓာမှာ ကပ်နေပါတယ်ဘုရား) ခန္ဓာမှာ ဘယ်လို ကပ်နေသလဲဆိုတဲ့ မေးခွန်းကိုလဲ တစ်ပါထုတ်ရဦးမယ်နော်.... (မှန်ပါ့) ခန္ဓာကြောင့် ဒိဋ္ဌိဖြစ်တာကိုး....(မှန်ပါ့) ခန္ဓာ အဝိဇ္ဇာ ဖဿောဘဝ .. ဆိုတဲ့ အကြောင်းပဲ ခန္ဓာကြောင့် ဒိဋ္ဌိဖြစ်တာ.... (မှန်ပါ့)။

ကောင်းပြီ ဒီခန္ဓာမှာ ဘယ်လိုကပ်နေသတုံးလို့ မေးတဲ့အခါ ကျလို့ရှိရင်ဖြင့် သူက ဒိဋ္ဌိက ရှိ ရှိုးမှမဟုတ်ဘဲ၊ ဒိဋ္ဌိပါပါနဲ့လို့ ဆိုထားတာကိုး.... (မှန်ပါ့) သဘောကျပလား....(ကျပါပြီ)။

ဒိဋ္ဌိကရှိုးရှိုးလား-ဒိဋ္ဌုပါဒါန်လား.... (ဒိဋ္ဌုပါဒါန်ပါဘုရား) ဒိဋ္ဌုပါဒါန်ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ဒီခန္ဓာထဲမှာ ဝေဒနာဖြင့် ဝေဒနာထဲမှာ သညာဖြင့်-သညာထဲမှာ စိတ်ဖြင့်-စိတ်ထဲမှာ သူသည်ကား လို့ဆိုရင်ဖြင့် အမြဲတမ်း အဲဒီမှာ အနုသယ သဘောနဲ့ ဒီခန္ဓာထဲမှာ စူးဝင်နေတယ်... (မှန်ပါ) သဘောကျပလား....(ကျပါပြီဘုရား)။

ဒီခန္ဓာထဲမှာ... (စူးဝင်နေပါတယ်ဘုရား) စူးဝင်နေတယ်ဆိုတော့ သူစူးဝင်နေတာသိတဲ့အခါကျတော့ ခြော် .. ဒါငါပဲ ဒါငါပဲဆိုပြီး ဝေဒနာလာလဲ သူက ငါသွားပြီး စူးတာဘဲ.... (မှန်ပါ)။ သညာလဲ ငါကသွားပြီး စူးတာဘဲ (မှန်ပါ) ဒါဒိဋ္ဌိက သွားသွားစူးတယ် (မှန်ပါ)။

အဲဒီတော့ သူစူးစရာမရှိအောင် ခင်ဗျားတို့က လုပ်ဖို့အရေးကြီးတယ် (မှန်ပါ) သူစူးစရာမရှိအောင် လုပ်ဖို့က ဘာပါလိမ့် မတုံးလို့ မေးတဲ့အခါကျတော့မှ ခင်ဗျားတို့ ပရမတ်ကလေးတွေကို ပရမတ်ဖြစ်တဲ့ ဝေဒနာကလေးတွေကို ဝိညာဏက္ခန္ဓာဆိုတဲ့စိတ်ကလေးတွေကို သူစူးစရာနေရာမရှိအောင် မြင်လို့ရှိရင်ဖြင့် လိုရင်းတော့ ဒါတွေမခိုင်တာမြင်ရင် အခုချက်ခြင်း ပျက်သွားတာမြင်လို့ရှိရင် သူမစူးဘူး (မှန်ပါ) အခုချက်ခြင်း ပျက်သွားတာ မမြင်ရင်တော့ (စူးပါတယ်ဘုရား) စူးနေတာပဲ၊ သူဝင်နေတာပဲ (မှန်ပါ)။

ဒါဖြင့် ဒိဋ္ဌိကိုဖြုတ်ချင်လို့ရှိရင် ဒီဟာ မြန်မြန်ဖြစ်ပျက် မြင်လေလေ ဖြစ်ပျက်မြန်လေလေ ရှုလိုက်တဲ့အခါ ဝေဒနာကလေးရှုလိုက်လဲ ဖြစ်ပျက်၊ နောက်ဝေဒနာလဲ ဖြစ်ပြီးပျက်နေတာပဲဆိုလို့ရှိရင် ဒိဋ္ဌိဝင်ခွင့်မရဘူး ... (မှန်ပါ) သူကြာနေလို့

ရှိရင်ဖြင့် တစ်ခါတည်း နာတာရှည်ဖြစ်နေလို့ရှိရင် ငါခက်ပြီ ခက်တာ တစ်ခါတည်း မဖြတ်နိုင်လို့ ဝင်လာတာ.... (ဝင်လာပါ တယ်ဘုရား)။

နာတာရှည်ဖြစ်နေတော့ (မဖြတ်နိုင်လို့ ဝင်လာပါတယ်) မဖြတ်နိုင်ဘူးတဲ့....၊ ဝေဒနာပေါ့ တစ်ခုပြီးမှ တစ်ခုဖြစ်တာကိုး.... (မှန်ပါ) တစ်ခုချုပ်ပြီးမှ တစ်ခုဖြစ်၊ တစ်ခုချုပ်ပြီးမှ တစ်ခု ဖြစ်တာကို ဉာဏ်ကမထိုးနိုင်လို့ရှိရင်ဖြင့် တစ်ခါတည်း ငါနာနေ တာကြာလှပြီ ဒီ ဒိဋ္ဌိက အကုန် ဝင်ထိုးတာဘဲ ......(မှန်ပါ) ငါခံကောင်းစားနေတာ ကြာလှပါပြီ၊ ဒါမဖြတ်နိုင်လို့ ဖြစ်တာ (မှန်ပါ) သန္တတိ မဖြတ်နိုင်လို့ဆိုတာ သေချာပလား (သေချာ ပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိတစ်ခုပေါ်တိုင်း တစ်ခုပေါ်တိုင်း ခင်ဗျားတို့ ဖြစ်ပျက်ကို ခဏကလေးဖြစ်ပြီး ခဏလေးပျက်တယ်ဆိုတဲ့ ဥစ္စာကို မြဲ မြန်ကြည့်နိုင်လို့ရှိရင် ဒိဋ္ဌိပြုတ်တာဘဲ .... (မှန်ပါဘုရား)။ မြန်မြန် မကြည့်နိုင်တဲ့ပုဂ္ဂိုလ်ဖြင့် (ဒိဋ္ဌိမပြုတ်သေးပါဘုရား) ဒိဋ္ဌိ မပြုတ်ပါဘူးဆိုတော့ ခြေဘ် . ဒိဋ္ဌိဟာ ခန္ဓာမှိတာကို ခန္ဓာခိုင်မြဲ တယ် ထင်နေလို့ သူမှိတာ (မှန်ပါ) မခိုင်မြဲတာကို သေသေ ချာချာမြင်လို့ရှိရင် သူပြုတ်တာပဲ ... (မှန်ပါ) သဘောပါ ပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဒီတကာ့ တကာမတွေမှာ ခဏကလေး ခဏကလေး ခဏမှုတည်တဲ့ မေ့ကလေး-ခဏမှုတည်တဲ့ မေ့ကလေးလို့ မြန်မြန် ခင်ဗျားတို့ စိပ်အောင်ကြည့်ပါ....(မှန်ပါ) စိပ်အောင်ကြည့်ရင် ပြုတ်တော့မယ်သာ မှတ်ပေတော့....(မှန်ပါ)။

http://www.dhammadownload.com



စိပ်အောင်ကြည့်ရင် (ပြုတ်တော့မှာပါဘုရား) ပြုတ်တော့မှာပဲဆိုတာ မသေချာဘူးလား -(သေချာပါတယ်ဘုရား)။

ဒါဖြင့် ဒိဋ္ဌိသည် ဘယ်မှာကပ်နေသတုံး -(ခန္ဓာမှာ ကပ်နေပါတယ်) ခန္ဓာမှာ ဘယ်လိုလုပ် ကပ်နေပါလိမ့်မတုံးဆိုတော့ ခန္ဓာကို တာရှည်တယ်ထင်တဲ့ပုဂ္ဂိုလ်မှာကပ်တယ် (မှန်ပါဘုရား) ခန္ဓာကို -(တာရှည်တယ်ထင်တဲ့ပုဂ္ဂိုလ်မှာကပ်ပါတယ်) တာရှည်ထင်တဲ့ပုဂ္ဂိုလ် ကျုပ်ဝေဒနာကလေး ကြာလှပြီဆိုရင် ဒိဋ္ဌိဝင်ပြီ ... (မှန်ပါ) ကျုပ်ခေါင်းခဲနေတာကြာလှပြီဆိုရင်... (ဒိဋ္ဌိဝင်ပါပြီဘုရား)။

ဒါ ကြာရှည်တယ်ထင်တဲ့ပုဂ္ဂိုလ်မှာ ဒိဋ္ဌိဝင်တယ် (မှန်ပါ) အခုဖြစ်ပြီး အခုပျက်နေတဲ့ ပုဂ္ဂိုလ်မှာ ဝင်ခွင့်ကို မရဘူး....(မရပါဘုရား)။ သဘောပါပလား....(ပါပါပြီဘုရား)။

ဒါဖြင့် ဒိဋ္ဌိသည် တကာ တကာမတို့ဖြစ်ပျက်စိပ်ဖို့ အရေးကြီးတယ်... (မှန်ပါ)။

ဘယ်လိုမှတ်ကြရမယ်... (ဖြစ်ပျက်စိပ်ဖို့ အရေးကြီးပါတယ်ဘုရား)။

ဖြစ်ပျက်စိပ်ဖို့ အလွန်အရေးကြီးပါတယ်တဲ့၊ ဖြစ်ပျက်မစိပ်သေးလို့ ရှိရင်ဖြင့် ဒိဋ္ဌိကြာ ခိုမှာပဲ ... (ခိုမှာပါဘုရား) မခိုပေဘူးလား .. (ခိုပါတယ်ဘုရား) ဒိဋ္ဌိကြာခိုလို့ ရှိရင်ဖြင့် ခင်ဗျားတို့မှာ စိတ်မချရသေးဘူး.... (မှန်ပါ)။

http://www.dhammadownload.com



အပ္ပါယ်သေးပါးကို (စိတ်မ ရပါဘုရား) ကြားတော့မှိုဘူး ဖြစ်ပျက်က စိပ်လာပြီလို့ဆိုလို့ရှိရင် ဒါကြောင့် ဘုန်းကြီး တကာ တကာမတွေ့ကျတော့ ဖြစ်ပျက်စိပ်ပလား (ဖြစ်ပျက်စိပ် မလားဆိုတာ ဦးသံဒိုင်မေးသံကြားတယ်မဟုတ်လား .... (ကြား ပါတယ်ဘုရား)။ အဲဒါဘာမေးတယ်ထင် ထင်သဘုံး ကြားခိုမှာ စိုးလို့မေးတာ (မှန်ပါ) ခိုမှာစိုးလို့မေးတာ....(မှန်ပါ)။

ဒိဋ္ဌိခိုမှာစိုးလို့၊ ဒိဋ္ဌိကနည်းနည်းတာရှည်တယ်ထင်ရင် ခိုတာ ပဲ.... (မှန်ပါ) ဒိဋ္ဌိက ဒီထဲဝင်ခိုတာဘဲ၊ ဝေဒနာထဲ ဝင်ခိုလိုက်၊ ရုပ်ထဲဝင်ခိုလိုက်၊ခန္ဓာငါးပါး တစ်ပါးပါးထဲ ဝင်ခိုလိုက်၊ မခိုပေ ဘူးလား....(ခိုပါတယ်ဘုရား)။

အဲဒီလို ခိုလိုက်တာသည် ဖြစ်ပျက် မစိပ်သေးတဲ့ပုဂ္ဂိုလ်မှာဖြင့် ခိုဆဲပဲရှိသေးတယ် .... (မှန်ပါ) ဟာ... တစ်ကိုယ်လုံးဘုရား...... အပ်သွားချစရာမရှိပါဘူး ... တပည့်တော်တို့ဖြင့် ခန္ဓာ၏ပင်ကိုယ် သဘော၊ ခန္ဓာက ပင်ကိုယ်ဖြစ်ပျက်ရှိတာကိုး (မှန်ပါ) အဲ့ဒီခန္ဓာ ၏ ပင်ကိုယ် ဖြစ်ပျက်သဘောကို သေသေချာချာ ခင်ဗျားတို့ မနေ့ဘဲ ရှုပြီးသကာလ ဘဏ်ထဲမှာ တစ်ခါတည်း ဘယ်နေရာ မှအပ်သွားချစရာမရှိအောင် အကုန်အဖြစ်ပျက်ချည့်ပဲ၊ ဖြစ်လိုက် ပျက်လိုက်မှတစ်ပါး ဘာမှမရှိဘူးဆို ဘယ်နေရာမှ သူမခိုတော့ ဘူး (မှန်ပါ)။

အဲဒီကဲ့သို့ ဖြစ်ပျက်စိပ်လာလို့ရှိရင်ဖြင့် ခင်ဗျားတို့ မိစ္ဆာဒိဋ္ဌိ အားနည်းသွားတဲ့အတွက် သမ္မာဒိဋ္ဌိဖြစ်လာလို့ ဖြစ်ပျက်စိပ်ပျက် စိပ်တာမှတ်.... (မှန်ပါ)။

မိစ္ဆာဒိဋ္ဌိက.... (အားနည်းသွားပါတတ်) သမ္မာဒိဋ္ဌိက....... (ထက်သာပါတယ်) သမ္မာဒိဋ္ဌိက ထက်လာလို့ ဖြစ်ပျက်စိပ်တယ်

http://www.dhammadownload.com



....(မှန်ပါ့) ...ကအစိုင်....(မှန်ပါ့) ဘယ်တော့မှ ခန္ဓာထဲမှာ အကျဲမရှိဘူး....(မှန်ပါ့) မှတ်မိကြပလား....(မှတ်မိပါပြီဘုရား)။

ခန္ဓာထဲမှာ.... (နဂိုက အစိုင်ပါဘုရား) နဂိုက ချက်စ်တခိုတ်နာမ်က ကုဋေတစ်သိန်းဆိုတော စိုင်နေပေါ့....(မှန်ပါ့) ဖြစ်လိုက်ပျက်လိုက် ကုဋေတစ်သိန်း.... (မှန်ပါ့) ရုပ်က ကုဋေငါးထောင်ကျော်ဆိုတော့ မစိုင်ဘူးလား....စိုင်သလား....(စိုင်ပါဘယ်ဘုရား)

နဂိုကအစိုင်....(မှန်ပါ့) နဂိုက အစိုင် အခုနင်ကဒိဋ္ဌိဖုံးနေလို့ ခင်ဗျားတို့သမ္မာဒိဋ္ဌိဝင်ခွင့်မရလို့ ဖြစ်ပျက်ကဲနေတာ....(မှန်ပါ့) သဘောပါပလား....(ပါပါပြီဘုရား)။

မိစ္ဆာဒိဋ္ဌိအားကောင်းနေချင် ဖြစ်ပျက်ကကဲနေတယ်၊ သမ္မာဒိဋ္ဌိအာကောင်းလာချင်.... (ဖြစ်ပျက်စိုင်ပါတယ်) ဒါဖြင့် သူတို့နှစ်ခုဟာ စစ်ဆိုးဘက်ပဲ .... (မှန်ပါ့) သဘောကျပလား........ (ကျပါပြီဘုရား)။

သူတို့နှစ်ခုဘယ်နှယ်ဆိုသလဲ....(စစ်သိုးဘက်ပါဘုရား) စစ်ဆိုးဘက်တဲ့ တစ်ယောက်ကနိုင်ရင်ကျသွားဘယ် တစ်ယောက်ကနိုင်လို့ရှိရင်.... (စိုင်သွားပါတယ်ဘုရား) ဒီနေ့တာဖြစ်ပါသိမ့်မဘုံးလို့.......မတွေးပါနဲ့ ........ (မှန်ပါ့) သဘောပါပလား ....... (ပါပါပြီဘုရား)

ယနေ့ဘာဖြစ်ပါသိမ့်မဘုံး.... ခါကိုင်းဖြစ်ပျက်တွေတွေ့ဘယ်၊ ယနေ့ဘာဖြစ်ပါသိန့်....သြော်....မိစ္ဆာဒိဋ္ဌိကိုင်နေတယ် (မှန်ပါ့ဘုရား) ရှင်းပလား ....(ရှင်းပါပြီ) ...ဖြစ်ပျက်ကျနေကာ့ စိုင်လာဘယ်၊ ....ဪ .... မိစ္ဆာဒိဋ္ဌိအာနည်းပြီး သမ္မာဒိဋ္ဌိအာကောင်းလာတယ်...(မှန်ပါ့) သဘောပါပလား ....(ပါပါဘယ်ဘုရား)

အဲဒါ ဘယ်သူ့ကိုမျှမေးစရာ ဦးသံဒိုင်လိုသေးသတုံး (မလိုပါဘုရား) မလိုတော့ဘူးတဲ့၊ မိစ္ဆာဒိဋ္ဌိအားကောင်းရင် ဖြစ်ပျက်ကျဲတယ်....(မှန်ပါ့) တစ်နည်းတွေ့ကိုမတွေ့ဘူး....(မှန်ပါ့) ကျဲရှုတွင်ဆိုရင် နည်းနည်းခံသာပါသေးတယ် တစ်နည်းတွေ့ကို မတွေ့နိုင်အောင်ဖြစ်ပါတယ်.... (မှန်ပါ့)။ သမ္မာဒိဋ္ဌိအားကောင်းလာလို့ ရှိရင်လဲ ထိုင်ကတည်းက ဖြစ်ပျက်တွေက စိပ်လာတယ်........ (မှန်ပါ့)။

ထိုင်ကတည် က....(ဖြစ်ပျက်တွေစိပ်လာပါတယ်) နဂိုရှိကိုသိတယ်....(မှန်ပါ့)။

နဂိုက ခင်ဗျားတို့စိတ်က ကုဋေတစ်သိန်းတဲ့ ........ ပျက်စီးနေလိုက်တာ၊ စိတ်ဆိုမှင် စေတသိက်ပါသွားပြီ....(မှန်ပါ့)ရုပ်ကလဲ ကုဋေငါးထောင်ကျော်တဲ့၊ ဒါလောက်တောင် ပင်ကိုယ်သဘောကလဲရှိပါတယ် ........ (ရှိပါတယ်ဘုရား) ဒါတွေမြင်မှ နိဗ္ဗာန်ရောက်မှာလားလို့လဲ တစ်ခါခင်ဗျားတို့က မေးချင်လဲ မေးမှာပေါ့လေ (မှန်ပါ့) မေးရင် ဘုန်းကြီးက ခင်ဗျားတို့အားပြောသွားလိမ့်မယ်....တဲ့၊ ဒီဟာမမြင်ပေမယ့် ရပါတယ်၊ ကိုယ့်ဉာဏ်မှီသလောက် ကိုယ်မြင့်ရခဲ ပြီးတာပဲ....(မှန်ပါ့)

မိစ္ဆာဒိဋ္ဌိမဝင်ဘဲနဲ့ ကိုယ့်သမ္မာဒိဋ္ဌိမြင်သလောက် ဆိုလို့ရှိရင် ဒါမဂ်ဆိုက် ဖိုလ်ဆိုက် ဖြစ်ပါတယ်....(မှန်ပါ့)။

ဘာဖြစ်လို့တုံးလို့ မေးဖို့အရေးကြီးလာတယ်နော် .... (မှန်ပါ့) ဟိုဟာက သိပြီးသား ပုဂ္ဂိုလ် အမြင် ဟောထားတာလို့ မှတ်ပါနော်....(မှန်ပါ) မျက်စိတမှိတ် ကုဋေတစ်သိန်း စိတ်တွေပျက်နေတယ်ကွ၊ နာမ်ဓမ္မတွေပျက်နေတယ်၊ ရုပ်ဓမ္မက ကုဋေငါး ထောင်ကျော် ပျက်နေတယ်ကွ၊ အို....ဟောမှာပဲတဲ့၊ သူ ပင်ကိုယ်

http://www.dhammadownload.com



သဘောကိုမြင်လို့ဟောတာ (မှန်ပါဘုရား) ပင်ကိုယ်သဘော မြင်လို့ဟောတာပါပဲ။

သို့သော် ကျုပ်တို့က မြင်ရမှာလားဆိုတော့ ဒါ....ကျုပ်တို့ မြင်ဖို့မဟုတ်ပါဘူး၊ ပြီးပြီးသား ပုဂ္ဂိုလ်မြင်တဲ့အမြင်.... (မှန်ပါ ဘုရား) မဟုတ်ဘူးလား....(မှန်ပါ) အသစ်ပုဂ္ဂိုလ်မြင်တဲ့အမြင် က ဒါမဟုတ်ပါဘူး၊ ကိုယ့်သမ္မာဒိဋ္ဌိနဲ့ကိုယ် စိပ်နေရင်ပြီးတာပဲ.... (မှန်ပါဘုရား)။ သဘောပါကြပလား....(ပါပါပြီဘုရား)၊

ကိုယ့်သမ္မာဒိဋ္ဌိနဲ့ (ကိုယ်စိပ်နေရင် ပြီးတာပါပဲဘုရား) ပြီး တာပဲတဲ့၊ ဟိုဟာက သမ္မာဒိဋ္ဌိ အစွမ်းကုန်နဲ့ တစ်ခါတည်း အရဟတ္တမဂ် သမ္မဒိဋ္ဌိနဲ့ကိုကြည့်ပြီး ပြောတာ(မှန်ပါ) ဟိုဟာက ပြီးပြီးသား ပုဂ္ဂိုလ်အမြင်....(မှန်ပါဘုရား)အခုကျုပ်တို့မြင်ရမှာ က မပြီးသေးသော ပုဂ္ဂိုလ်၏အမြင်၊ ကိုယ့်တန်းနဲ့ကိုယ် ကိုက် သွားရင် ဒါမဂ်ဆိုက်တာပဲ....(မှန်ပါ)။

ဒါဖြင့် ဝေဘန်တတ်ပလား.... (ဝေဘန်တတ်ပါပြီဘုရား)။

အဲဒီတော့ကို သူများက စာတတ်ပြီး စာကိုဗဟုသုတရှိတဲ့ ပုဂ္ဂိုလ်ကမေးလိမ့်မယ်၊ မင်းတို့ မျက်စိတမှိတ်ကလေး ကုဋေငါး ထောင်ကျော်မြင်ရဲ့လား၊မင်းတို့ဖြစ်ပျက်မြင်တယ်ဆိုဒြားသော် လဲဟုတ်လား....၊ မျက်စိတမှိတ် ကုဋေတစ်သိန်းမြင်ပါရဲ့လား လို့မေးလို့ရှိရင် အင်း....ပုထုဇဉ်က နေတက်တဲ့အမြင်ကို သူမမေး ဘဲနဲ့ အရိယာဖြစ်ပြီးမှ မြင်တဲ့အမြင်ပေးတာလို့မှတ်.... (မှန်ပါ) ကိုယ်ကဝေဘန်တတ်ရမယ်....(မှန်ပါ)။

ပုထုဇဉ်တို့၏ အမြင်က နေပြီး အရိယာကို တက်ခမှာကိုး.... (မှန်ပါ) အရိယာဖြစ်ပြီ မှ မြင်တဲ့အမြင်ကို ပုထုဇဉ်ကလိုက်နေရ မယ်ဆိုရင် နဂိုက ကတည်းက အရိယာကလေး မွေးရမယ်

(မှန်ပါ့) မမေးရဘူးလား....(မေးရပါတယ်) အဲဒီအမြင်ကိုဘယ်တော့မှ မယူနဲ့ .... (မှန်ပါ့) သဘောကျပလား ... (ကျပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် ဘာကြောင့် ဒီအမြင် မမြင်နိုင်သတုံးလို့ မေးတဲ့အခါကျတော့မှ ကျုပ်တို့မှာသမ္မာဒိဋ္ဌိက တစ်ချက် ဒီပြင် စိတ်တွေကဘာမှအသုံးမကျတဲ့ ဘဝင်စိတ်တွေက သိန်းသန်းလာသေးတယ် .... (မှန်ပါ့ဘုရား) သိန်းသန်းချုပ်တော့မယ်ဆိုရင် သမ္မာဒိဋ္ဌိက တစ်ချက်လာတယ် ... (မှန်ပါ့) ကျုပ်တို့ကဘာပင် အများကြီးခြား နိုင်တဲ့ ပုဂ္ဂိုလ်တွေ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

စိတ်တွေအများကြီးခြားနိုင်တဲ့ပုဂ္ဂိုလ်ဆိုတော့ ကျုပ်တို့အမြင်နဲ့ ဒါတွေ စိုင်နေရင်ပြီးတာပဲ ... (မှန်ပါ့ဘုရား)။

ကျုပ်တို့ဘာမှီသလောက် ကျုပ်တို့စိပ်ရမယ်၊ သဘောပါပလား....(ပါပါပြီ)။

တို့မှာ ဘဝင်က နှစ်ချက်လောက်ခြားပြီး ဘုရားမြင်တဲ့အမြင်ကို လာပြောနေလို့တော့ မရဘူး (မှန်ပါ့) ရှေ့သော ပုဂ္ဂိုလ်ရာက ဘဝင်ဆယ့်ခြောက်ချက်လောက်ခြားပြီး သူမြင်တာပဲ အဲဒင်မြင်တယ်၊ နောက်ဆယ့်ခြောက်ချက်လောက်ခြားပြီး တစ်ခါမြင်ပြန်တယ်ဆိုတော့ ဒါက သူတို့အမြင် (မှန်ပါ့) သဘောကျပလား .... (ကျပါပြီ)။

ကျုပ်တို့ ပုထုဇဉ်ကတော့ကိုတဲ့မြင်တယ် သမ္မာဒိဋ္ဌိနဲ့ ဖြစ်ပျက်ကို၊ ကြားမှာလဲ ဘဝင်လေတွေ သိန်းသန်းခြား ပစ်လိုက်တယ် (မှန်ပါ့) ပြီးတော့မှ တစ်ခါမြင်တယ်၊ ဒါဘဝင်ခြားတာ အပြစ်မရှိဘူး....(မှန်ပါ့) ဘာ့ကြောင့် ဘဝင်ခြားတာ အပြစ်မရှိသတုံး

http://www.dhammadownload.com



ဆိုတော့ ကိလေသာမဟုတ်လို့....(မှန်ပါ) သဘောပါပလား....(ပါပါပြီ)။

ဘဝင်ခြားတာ .... (ကိလေသာမဟုတ်လို့ပါ) အပြစ်မရှိဘူး (မှန်ပါ) အပြစ်မရှိဘူးတဲ့၊ ကိလေသာခြားရင် အပြစ်ရှိတယ်.... (မှန်ပါဘုရား)။

ဘဝင်ခြားရင်....(အပြစ်မရှိပါဘုရား) အပြစ်မရှိဘူးဆိုတော့ ဒါကြောင့်ဘုရားသခင်ကိုယ်တော်မြတ်ကြီးက အင်္ဂုတ္တိုရ်ကျတော့ ဟောလိုက်တယ်၊ ကိလေသာ မခြားလို့ရှိရင်ကွာ မနက်အား ထုတ်ရင်ညနေရပါတယ်.... (မှန်ပါ) တစ်ခါတည်းဟောတယ်.... (မှန်ပါ) ဘဝင်ခြားတာ သူမပါဘူး၊ ပါသေးသလား (မပါပါ ဘုရား)။

အဲဒါတွေကို ဗဟုသုတအဖြစ်နဲ့ အကြီးအကျယ် မှတ်မှသာ လျှင် နို့မဟုတ်ရင် အလကားနေရင်း ကိုယ်နဲ့မဆိုင်တာမေးတာ တွေ ခင်ဗျားတို့ ဖြေတတ်မှာ မဟုတ်ဘူး.... (မှန်ပါဘုရား) အခု တော့ဖြေတတ်ပလား .... (ဖြေတတ်ပါပြီဘုရား)။

ဖြေတတ်ပြီတဲ့....၊ အဲဒါခင်ဗျားတို့ ရှင်သာရိပုတ္တရာအမြင် ဘုရားအမြင်တွေဘုရား၊ တပည့်တော်တို့က ဘဝင်တွေက အများ ကြီးခြားနေတယ် ဆိုကတည်းက ခင်ဗျားတို့ ရိပ်မိရောပေါ့.... (မှန်ပါဘုရား)။

ဘဝင်အများကြီးခြားနေတယ် ဆိုကတည်းက ဒီကြားမှာ တစ်ခါမြင်တယ်၊ ဘဝင်တွေ တခြားသော စိတ်တွေက အများ ကြီးခြားလိုက်တယ် ကိလေသာတော့ မဟုတ်ဘူး .... (မှန်ပါ) ထုံးစံအတိုင်း စိတ်ကလာသေးတယ် .... (မှန်ပါဘုရား)။

http://www.dhammadownload.com



ထိုးစံအတိုင်း စိတ်ကလာပြီး နောက်တစ်ခါမှ တစ်ခါမြင်တယ်၊ ဒါကိလေသာခြားသလား၊ မခြားဘူးလား.... (မခြားပါဘူးဘုရား) ကိလေသာ မခြားဘူး၊ ကိလေသာမဆိုင်ဘူး ဒီဥစ္စာဘဝင်ခြားတာ ... (မှန်ပါ့ ဘဝင်ခြားတာပါ) ဟုတ်ပလား.... ....(မှန်ပါ့)။

ဘဝင်ခြားတာကို ဘုရားက ဘာ့အပြစ်မှမရှိဘူး .....(မှန်ပါ့) ဘာ့ကြောင့် ဘာအပြစ်မှ မရှိသတုံး....ဒါက သူ့ထိုးစံခြားတာတဲ့၊ ဒါနိယာမတဲ့ .. (မှန်ပါ့) သဘောကျပလား.... (ကျပါပြီ) ကိလေသာခြားရင်တော့ဖြင့် မင်းတို့ အရန္နေးမယ် (မှန်ပါ့)။

ဘဝင်ခြားတာကတော့ ကိုယ့်မျိုးရိုး ဒွိဟိတ်မို့ ဒွိဟိတ်ဘဝင် တိဟိတ်မို့ တိဟိတ်ဘဝင်ခြားနေတော့ ဒါကသူ့နိယာမသဘောကိုတော့ဘယ်သူမှ ပယ်လို့မရဘူး....(မှန်ပါ့) ကိလေသာခြားလို့ရှိရင်တော့ မရဘူးလို့ဟောပါတယ်....(မှန်ပါ့) ပေါ်ကြပလား .... (ပေါ်ပါပြီဘုရား) လုပ်ကော လုပ်တတ်ပါရဲ့လား ........ (လုပ်တတ်ပါတယ်ဘုရား)။

ကဲ ........ ယနေ့ ဒီတွင် တော်ပါဦးစို့၊

သာဓု၊ သာဓု၊ သာဓု ........။

http://www.dhammadownload.com

# အမရပူရမြို့ မင်္ဂလာ တိုက်ဟောင်း
# ကျောင်းဆူးတော်ရှင် – အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
# ဝိသာခ နှင့်ဓမ္မဒိန္နာ အမေးအဖြေ
# (ညအလုပ်ပေးတရားတော်)
# (၁၄-၁၂-၆၁)

မဂ္ဂင်ဆိုတဲ့ဥစ္စာ စကာ တကာမတွေ မှတ်ထားရမယ်၊ မဂ္ဂင်ဆိုတာ အလည်လမ်းဆိုရင်လဲ မဂ္ဂင်ပဲ ဟောတယ်လို့ မှတ်ထားကြပါ၊ အလည်လမ်းဆိုရင်လဲ မဂ္ဂင်ပဲ၊ တသံသရာလုံးဟာ အလည်လမ်းပေါ် မရောက်ဖူး ဘူးလို့ မှတ်ထားကြပါ ...... (မှန်ပါ) အလည်လမ်းပေါ်ရောက်တဲ့ပုဂ္ဂိုလ်ကလဲ ဘယ်တော့မှ မပြန်တော့ ဘူးလို့ မှတ်။

ကောင်းပြီ ဒါဖြင့်မဂ္ဂင်သည် ဘယ်နှစ်ပါး ရှိသတုံးလို့ မေးတဲ့အခါ ကျတော့ ရှစ်ပါးရှိတယ်၊ အဲဒီ မဂ္ဂင်မှာ အရေးကြီးတဲ့အချက်က သမာဓိ အရေးကြီးတယ်၊ သမာဓိဆိုတာ ဘာတုံးဆိုတော့ ကေဂ္ဂတာလို့ခေါ်တယ်။

သမာဓိဆိုတာ ဘာခေါ်ကြသတုံး.... (ကေဂ္ဂတာပါဘုရား) ကေဂ္ဂတာလို့ခေါ်တယ်၊ ကေ=တစ်ခုတည်းသော အာရုံကို ယူနိုင်ရမယ်၊ ဝိပဿနာအားထုတ်တဲ့ ပုဂ္ဂိုလ်များမှာ တစ်ခုတည်းသော အာရုံကို ယူနိုင်ရမယ်လို့ သေသေချာချာမှတ်ပါ...... (မှန်ပါ)။

http://www.dhammadownload.com



တစ်ခုတည်းသောအာရုံဆိုတာ ဘာပါလိမ့်မလဲလို့ မေးတဲ့အခါကျတော့ ဝေဒနာဖြင့် ဝေဒနာ တစ်ခု၊ စိတ်ဖြင့် စိတ်တစ်ခု၊ ရုပ်ဖြင့် ရုပ်တစ်ခု၊ တွဲပြီး မလာစေနဲ့၊ ခေါင်းဆောင်တစ်ခုကို ရှုပေးပါ၊ ခေါင်းဆောင်တစ်ခုဆီသို့ တည့်ထားပါ၊ အာရုံတစ်ခုတည်း တည့်ထားလို့ ရှိရင်ဖြင့် ဒါ ကေဂ္ဂတာကျတယ် ခေါ်တာပဲ.... (မှန်ပါ)။

ကေဂ္ဂတာဆိုတာ အာရုံတစ်ခုတည်းမှာ စူးစိုက်နေလို့ ရှိရင် သမာဓိကို ကေဂ္ဂတာစေတသိက်လို့ ခေါ်သည်....(မှန်ပါဘုရား)။

အဲဒီ ကေဂ္ဂတာဟာ....တဲ့ သူသည် တစ်ခုတည်းသော အာရုံကိုစူးစူးစိုက်စိုက်ရှုနိုင်လို့ ရှိရင်ဖြင့်ကိလေသာရန်သူကို သူနိုင်တယ်လို့ ဆုံးဖြတ်ချက်ချပါ... (မှန်ပါ)။

ကိလေသာ ရန်သူကို တစ်ခုတည်းသော အာရုံယူတဲ့ ပုဂ္ဂိုလ်ဟာ နိုင်တာပဲ။

နို့.... သမာဓိဟာ........သမာဓိပရိက္ခရာ သမာဓိ၏အခြံအရံ သမာဓိ၏ နိမိတ် သမာဓိတော့ဖြင့် ကေဂ္ဂတာဆိုတာ မေ့ဒိ နှာက ဖြေလို့ ဝိသာခကသိပါပြီ၊ သမာဓိနိမိတ်ဆိုတာ ဘာတုံးလို့ သူကဆက်မေးတယ်၊ သမာဓိနိမိတ်ဆိုတာ သတိပဋ္ဌာန်လေးပါး ...(မှန်ပါ)။

သမာဓိနိမိတ်ဆိုတာ ဘာပါလိမ့်.... (သတိပဋ္ဌာန်လေးပါးပါဘုရား) သတိပဋ္ဌာန်လေးပါးလို့ မှတ်ထားကြပါတဲ့၊ သတိပဋ္ဌာန်လေးပါး ဆိုတာက ကာယနုပဿနာ သတိပဋ္ဌာန် ဝေဒနာနုပဿနာသတိပဋ္ဌာန်၊ သတိရှေ့ရှုရာသို့ သမာဓိကလိုက်ရတယ်လို့ မှတ်ပါ.... (မှန်ပါ)။

ဒါကြောင့် သတိပဋ္ဌာန်ဆိုတဲ့ ဥစ္စာသည် သတိပဋ္ဌာန်လေးပါး

http://www.dhammadownload.com



ရှိသည့်အနက်က ဝေဒနာကို သတိထားလို့ရှိရင် ကေဂ္ဂတာက ဝေဒနာပေါ်တဲ့ကျရတယ်၊ ဝေဒနာပေါ်ကျလို့ရှိရင် ဝေဒနာ၏အကြောင်း ကောင်းကောင်းသိတယ်၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်ဟာ စိတ်ပေါ် ကောင်းကောင်းကျလို့ရှိရင် ဧကဂ္ဂတာ ကောင်းကောင်းကျလို့ရှိရင် သတိကလဲ သတိပဋ္ဌာန်ကလဲ အဲဒီအပေါ် မှာပဲဆောက်တယ်၊ ဒါကြောင့် ဧကဂ္ဂတာကို သတိပဋ္ဌာန်ခြံရံရမယ် လို့ဆိုတာ မှတ်ထားပါ၊ သတိပဋ္ဌာန်တည်းဟူသော အကြောင်းမ ပါရင် ရကိုမရဘူး။

သတိပဋ္ဌာန်၏ နိမိတ်ဟာ ဘာတုံးလို့ရှိရင် တကာ တကာမ တို့မှတ်ထားပါ ခန္ဓာပျောက်ပြီး သကာလ ဝေဒနာကလေးတွေ တွေ၊ စိတ်ကလေးတွေတွေ ရုပ်ကလေးတွေတွေ၊ အထည်ပျောက် ပြီး သကာလ တစ်ခုတည်းသော အာရုံဟာ ဒါ့သတိပဋ္ဌာန်၏ နိမိတ်လို့ပဲ မှတ်ထားပါ.... (မှန်ပါ့ဘုရား)။

ခန္ဓာပေါ်မှာ ယောကျ်ားသဏ္ဍာန် မိန်းမသဏ္ဍာန်ပျောက်ပြီး သကာလ ဝေဒနာရှုတဲ့ ပုဂ္ဂိုလ်ဟာ ဝေဒနာပေါ်ရောက်၊ စိတ် ရှုတဲ့ ပုဂ္ဂိုလ်ဟာ စိတ်ပေါ်ရောက် ဒီလိုဆိုလို့ရှိရင်ဖြင့် ဒါသတိ ပဋ္ဌာန်၏ နိမိတ်ဖြစ်တာပဲ.... (မှန်ပါ့)။

သတိပဋ္ဌာန်သည် ယောကျ်ားသဏ္ဍာန်၊ မိန်းမသဏ္ဍာန်ပေါ်၌ မရောက်မူ၍ နိမိတ်ပျောက်ပြီး သကာလ အနိစ္စ နိမိတ်ကိုတွေ့လို့ ရှိရင် ဒါသတိပဋ္ဌာန်ပဲဆိုတာ မှတ်သားကြပါ....(မှန်ပါ့ဘုရား)။

နိမိတ်ဆိုတာ ဘာတုံးလို့မေးလို့ရှိရင် သတိပဋ္ဌာန်၏တွေ့သော အာရုံကို နိမိတ်လို့ခေါ်သည်.... (မှန်ပါ့)။

သတိပဋ္ဌာန်၏ အခြံအရံဟာ.... (ဝီရိယပါဘုရား) ဝီရိယစိုက်ပေးလိုက်လို့ ရှိရင်ဖြင့်တဲ့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ နိစ္စနိမိတ်ပျောက်ပြီး အနိစ္စနိမိတ်ကို ဝီရိယက တွန်းပေးလိုက်တဲ့ အခါကျတော့ သတိပညာက တစ်ခါတည်း နိစ္စနိမိတ်ပျောက်ပြီး အနိစ္စတွေချည့်ပဲမြင်တော့ဒါပဲ (မှန်ပါဘုရား)။

ဒါသူကိုယ်တိုင်လုပ်လာတဲ့ အလုပ်စဉ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ) သူကိုယ်တိုင်လုပ်လာတဲ့ အလုပ်စဉ်၊ ရဟန္တာဖြစ်ပြီးမှ သူ့အလုပ်စဉ်ကို သူပြောတာလို့ ဦးသံဒိုင်တို့မှတ်ရမယ် ........ (မှန်ပါဘုရား)။

ဒါဖြင့် သတိပဋ္ဌာန်နိမိတ်ကို သူဘယ်လိုကြောင့် အနိစ္စနိမိတ် သတိပညာကထင်နိုင်ပါသနည်းလို့ ဆိုရင်ဖြင့် ဝီရိယက ကူညီပေးလို့ ထင်တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ) ဝီရိယကကူညီပေးလို့နော်.... (မှန်ပါ)။

ဒါဖြင့် ဝီရိယတဲ့ ကေဂ္ဂတာက သမာဓိမဂ္ဂင်ဖြစ်သွားပြီး သကာလ သတိပညာမဂ္ဂင် ဖြစ်သွားဘယ်လို့ မှတ်ရမယ်........ (မှန်ပါ)။

ဒါတွေဟာ အခုပြောတော့သာ သတ္တိအမျိုးမျိုးပြောနေတယ်၊ ဖြစ်ပျက်မြင်လို့ ရှိရင် တစ်ပြိုင်နက် ဝင်တယ်လို့ လဲမှတ်လိုက်စမ်းပါဦး.... (မှန်ပါဘုရား)။

ဖြစ်ပြီးပျက်တာတွေမြင်လို့ ရှိရင်....(တစ်ပြိုင်နက်ဝင်ပါတယ်ဘုရား) သမာဓိလဲပါပြီ၊ သတိပဋ္ဌာန်လဲပါပြီ၊ သမ္မပ္ပဓာန်လဲပါပြီ၊ သမ္မပ္ပဓာန်ဆိုတာ ဝီရိယ.... (မှန်ပါ)။

ကောင်းပြီ ဒါဖြင့် ဒီလိုနဲ့ပဲ နိဗ္ဗာန်ရောက်နိုင်သလားဆိုတဲ့ အခါကျတော့ တစ်ခါဘာဝေတဗ္ဗတဲ့....တကာကြီး ပွားရသေး

http://www.dhammadownload.com



ကြည့်လိုက်လို့ ရှိရင်ဖြင့် နိစ္စနိမိတ်မရှိပါဘူး၊ ဖျတ်ဖျတ် ဖျတ်ဖျတ်နဲ့ ဝေဒနာကလေးတွေပြောင်းလဲနေပုံ၊ စိတ်ကလေးတွေပြောင်းလဲနေပုံ၊ အဲဒါ **အနိစ္စနိမိတ် တစ်ခါထည်းမြင်အောင်** ကြည့်နိုင်ကြလို့ ရှိရင်ဖြင့်တဲ့ ခင်ဗျားတို့ **သတိပဋ္ဌာန်၏ နိမိတ်**ဆိုတာပေါ်လာတာပဲ....(မှန်ပါ့)။

ဒါဖြင့် နိစ္စနိမိတ်ပျောက်ပြီး အနိစ္စနိမိတ်ထင်အောင် ကြည့်ကြပါ.... (မှန်ပါ့) ရှင်းပြီးနော်.... (ရှင်းပါပြီဘုရား)။

သတိပဋ္ဌာန်ကို တကာ တကာမတွေ့ရှုတဲ့ အခါကျတော့ **နိစ္စနိမိတ်ပျောက်ပြီး** အနိစ္စနိမိတ်ပေါ်အောင်ဖြင့် **ကြိုးစားပါ**ဆိုတာတိုက်တွန်းလိုက်တယ်....(မှန်ပါ့)။

**ဒါမှမမြင်သေးဘူး** ဆိုလို့ ရှိရင် **သတိပဋ္ဌာန်ကို မရောက်သေးဘူးလို့** မှတ်....(မှန်ပါ့ဘုရား)။

နိစ္စနိမိတ်ပျောက်ပြီးတော့.... (အနိစ္စနိမိတ် ထင်အောင်ကြည့်ရပါမယ်) အဲ....မြန်မာလိုပြန်တော့ ခိုင်မြဲတာပျောက်ပြီး မခိုင်မြဲတာရောက်မယ်....(မှန်ပါ့)။

ခိုင်မြဲတာပျောက်ပြီး .... (မခိုင်မြဲတာရောက်ရပါမယ်) အဲဒီတော့ ဓမ္မဒိန္နာကို ဝိသာခကမေးပြန်တယ်၊ ကဲ....ဒါဖြင့် ခိုင်မြဲတာပျောက်ပြီး မခိုင်မြဲတာ နိမိတ်တော့ရောက်ပါပြီ၊ သူတစ်ခုတည်းရောက်နိုင်သလားဆိုတော့ အို....သတိပဋ္ဌာန်၏အခြံအရံပါရသေးတယ် တကာကြီးလို့ ဖြေလိုက်တယ်....(မှန်ပါ့ဘုရား)။

သတိပဋ္ဌာန်၏အခြံအရံဟာ ဘာပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ ဝီရိယစိုက်ပေးပါ၊ သတိပဋ္ဌာန်၏အခြံအရံဟာ ဝီရိယပဲ.... (မှန်ပါ့) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



သတိပဋ္ဌာန်၏ အခြံအရံဟာ.... (ဝီရိယပါဘုရား) ဝီရိယစိုက်ပေးလိုက်လို့ ရှိရင်ဖြင့်တဲ့ ဘုန်းကြီးတို့ တကာ တကာမတွေမှာ နိစ္စနိမိတ်ပျောက်ပြီး အနိစ္စနိမိတ်ကို ဝီရိယက တွန်းပေးလိုက်တဲ့ အခါကျတော့ သတိပညာက တစ်ခါတည်း နိစ္စနိမိတ်ပျောက်ပြီး အနိစ္စတွေချည့်ပဲမြင်တော့ဒါပဲ (မှန်ပါဘုရား)။

ဒါသူကိုယ်တိုင်လုပ်လာတဲ့ အလုပ်စဉ်လို့ မှတ်လိုက်စမ်းပါ (မှန်ပါ) သူကိုယ်တိုင်လုပ်လာတဲ့ အလုပ်စဉ်၊ ရဟန္တာဖြစ်ပြီးမှ သူ့အလုပ်စဉ်ကို သူပြောတာလို့ ဦးသံဒိုင်တို့မှတ်ရမယ် ........ (မှန်ပါဘုရား)။

ဒါဖြင့် သတိပဋ္ဌာန်နိမိတ်ကို သူဘယ်လိုကြောင့် အနိစ္စနိမိတ် သတိပညာကထင်နိုင်ပါသလဲလို့ ဆိုရင်ဖြင့် ဝီရိယက ကူညီပေးလို့ ထင်တယ်လို့ မှတ်လိုက်စမ်းပါ....(မှန်ပါ) ဝီရိယကကူညီပေးလို့နော်.... (မှန်ပါ)။

ဒါဖြင့် ဝီရိယတဲ့ ကေဂ္ဂတာက သမာဓိမဂ္ဂင်ဖြစ်သွားပြီး သကာလ သတိပညာမဂ္ဂင် ဖြစ်သွားဘယ်လို့ မှတ်ရမယ်........ (မှန်ပါ)။

ဒါတွေဟာ အခုပြောတော့သာ သတ္တိအမျိုးမျိုးပြောနေတယ်၊ ဖြစ်ပျက်မြင်လို့ ရှိရင် တစ်ပြိုင်နက် ဝင်တယ်လို့ လဲမှတ်လိုက်စမ်းပါဦး.... (မှန်ပါဘုရား)။

ဖြစ်ပြီးပျက်တာတွေမြင်လို့ ရှိရင်....(တစ်ပြိုင်နက်ဝင်ပါတယ်ဘုရား) သမာဓိလဲပါပြီ၊ သတိပဋ္ဌာန်လဲပါပြီ၊ သမ္မပ္ပဓာန်လဲပါပြီ၊ သမ္မပ္ပဓာန်ဆိုဘာ ဝီရိယ.... (မှန်ပါ)။

ကောင်းပြီ ဒါဖြင့် ဒီလိုနဲ့ပဲ နိဗ္ဗာန်ရောက်နိုင်သလားဆိုတဲ့ အခါကျတော့ တစ်ခါဘာဝေတဗ္ဗတဲ့....တကာကြီး ပွားရသေး

http://www.dhammadownload.com



တယ်.... (မှန်ပါ) အကြိမ်ကြိမ် ပွား ရသေးတယ်.... (မှန်ပါ) သဘောပါကြပလား.... (ပါပါပြီဘုရား)။

ဒါဖြင့် ဘာဝေတဗ္ဗကိစ္စကိုပွားရမယ်ဆိုတဲ့ ဥစ္စာသည်ဘာဝေတဗ္ဗကိစ္စက ဘယ်နှယ့်ကြောင့်ပွားရတာတုံးလို့ မေးတဲ့အခါကျတော့ တကာ တကာမတွေမှတ်စရာက ပွားချင်လို့ ပွားရတာ မဟုတ်ဘူးတဲ့ ကိလေသာ အညစ်အကြေးတွေဟာ ကြေးဖလား လိုပဲတဲ့ ပွတ်နိုင်မှပြောင်တယ် .... (မှန်ပါဘုရား)။

ကြေးဖလားလိုပဲ.... (ပွတ်နိုင်မှ ပြောင်ပါတယ်ဘုရား) အဲဒီတော့ သတိပဋ္ဌာန်အလုပ် ဒီလိုနဲ့ နိဗ္ဗာန်မရောက်နိုင်သေးဘူး တကာကြီး ဘာဝေတဗ္ဗနဲ့ အဖန်ဖန်လဲပွားရသေးတယ်တဲ့၊ ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

ဘာလုပ်ရမလဲ .... (ဘာဝေတဗ္ဗနဲ့ အဖန်ဖန်ပွားရပါမယ်) အဖန်ဖန်လဲပွားရဦးမယ်ဆိုတာ တကာ တကာမတွေ မှတ်ထားပါ (မှန်ပါ)။

အဖန်ဖန်ပွားရခြင်း၏ အဓိပ္ပာယ်က ခင်ဗျားတို့မှာ ဘယ်လို ဖြစ်နေသတုံးဆိုတော့ ရှင်သာရိပုတ္တရာက ဟောလိုက်တယ် ဈေးထဲကနေပြီး သကာလ ပန်းတိမ်ဆိုကဖြစ်စေ၊ ဈေးထဲကဖြစ်စေ ကြေးဖလားတစ်ခု ဝယ်လာတယ်တဲ့၊ အိမ်ရောက်တော့လဲ ဘာမှ အသုံးမချပဲနဲ့ တစ်နေရာရာမှာ ထိုးထားလို့ရှိရင် တကာ တကာမတို့ နဂိုကဝယ်လာတုန်းကလွှဲ ကြေးဖလားက အရိုင်း။ နောက်အိမ်ကျပြန်တော့ ကြေးညှိတွေကပိုတက်တယ်၊ ပိုတက်ပြီး သကာလနေတော့ တကယ်သုံးတော့ နဂိုကဝယ်တုန်းကလဲတိုက် မထား.... (မှန်ပါ) နောက်ဒီနေရာ ထိုးထားပြန်တော့လဲ တစ်ခါ ကြေးညှိတက်ပြန်တက်ပြန်၊ ပြန်တက်တဲ့အခါ ဒီကြေးခွက်ကို

http://www.dhammadownload.com



တကာ တကာမတွေ သုံးစွဲတဲ့အခါ ဖြစ်နိုင်ပါမလား.... (မဖြစ်နိုင်ပါဘုရား)။ အညစ်အကြေးများတယ်....(မှန်ပါ့)။

ထို့အတူပဲတဲ့–ကြေးဖလားလိုပဲ၊ တကာ တကာမတွေက နဂိုကကိလေသာကလဲ ပင်ကိုယ်က ဈေးဝယ်တဲ့အတိုင်း လူ့ဘဝ ရကတည်းကကိလေသာကို ဘယ်လိုရှင်းမယ်ဆိုတာလဲမပါခဲ့ဘူး.... (မှန်ပါ့) ဒီအတိုင်း ပစ်ထားသလိုပဲ၊ ဒီအတိုင်း ပစ်ထားတယ်။

ပစ်ထားတဲ့အတိုင်းမှာ သတိပဋ္ဌာန်အလုပ်တွေကို သတိပဋ္ဌာန်နှိမိတ်လဲ မြင်အောင်မလုပ်၊ ကေဂ္ဂတာလဲကျအောင်မလုပ်၊ ဝိရိယလဲမစိုက်ဘူး၊ ဆိုလို့ရှိရင်ဖြင့်တဲ့ ခုနင့်က ကြေးဖလားဟာဝယ်တာထက် ပိုပြီးသကလာ ခြေးပိုတက်လာတယ်....(မှန်ပါ့)။

အဲဒီတော့ တကာတကာမတွေမှာလဲ-တဲ့၊ ခန္ဓာကိုယ်ရလာတဲ့အချိန်ကစပြီး ဒီအလုပ်မျိုးဆိုတာက ဆရာသမားလဲ တွေ့ဦးမှထောင်တတ်တဲ့ နားကလဲပါဦးမှ....(မှန်ပါ့) ဒီလိုမှုပွားဖြစ်တော့ နဂိုကဝယ်လာကတည်းက လူ့ဘဝ ရကတည်းက တဏှာအမိ အဝိဇ္ဇာအဖနဲ့ ခင်ဗျားတို့ကကြီးလာတာ (မှန်ပါ့ဘုရား) ရှင်းကြပလား.... (ရှင်းပါပြီဘုရား)။

တဏှာက.... (အမိပါဘုရား) အဝိဇ္ဇာက.... (အဖပါဘုရား) အဲ သူတို့နှစ်ယောက် လက်ထဲမှာကြီးလာတယ်....(မှန်ပါ့)။

သူတို့နှစ်ယောက်ကလဲ မှတ်လိုက်စမ်းပါ မဂ်ဖိုလ်ရောက်မှာအလွန်စိုးရိမ်တယ်....(မှန်ပါ့) မဂ်ဉာဏ် ဖိုလ်ဉာဏ်ရဖို့ သူတို့လက်တွင်းကလွတ်သွားမှာ အလွန်စိုးရိမ်တဲ့တရားနှစ်ခု (မှန်ပါ့ဘုရား)။

အလွန်စိုးရိမ်ရတဲ့ တရားနှစ်ခုဖြစ်ပြီး သကာလနေတော့ ခင်ဗျားတို့ကလဲ သူတို့လက်ထဲမှာ ကြီးပွားလာတာ ဖြစ်နေတော့ အဝိဇ္ဇာက သစ္စာလေးပါး မသိအောင် ဖုံးထားလိုက်၊ တဏှာက

http://www.dhammadownload.com



အမေခင်-အဖေခင် စီးပွားရှာခင်ဆိုတော့ ကျုပ်တို့ကလဲ သူတို့ ခိုင်းရာကိုပဲ လုပ်နေတော့ သူတို့သာလျှင် အမေ၊ သူတို့သာ လျှင် အဖေ ဖြစ်နေတယ်.... (မှန်ပါ့ဘုရား)။

သူတို့အမေ သူတို့အဖေ ဖြစ်နေတော့ ချေးဟာ တစ်နေ့လဲ တက်ပြန်တာပဲ၊ နောက်တစ်နေ့လဲ.... (တက်ပါတယ် ဘုရား)။ အဲ့ဒါက ဘယ်လောက်ကြာပလဲလို့ မေးလို့ရှိရင် ဘဝသံသရာ ကတည်းက ဒီပွတ်တိုက်တဲ့ သဘောကတော့ ဦးသံဒိုင် ပါကို မပါဘူး ... (မှန်ပါ့ဘုရား)၊ ပါကို့-မပါဘူး (မှန်ပါ့)။

ဘဝသံသရာထဲက ပွတ်တိုက်ပြီး သကာလ ထားတယ်လို့ မှပါ-ပါဘူးတဲ့၊ ဒီအတိုင်း ပစ်ထားတာတွေက များတော့ အခု ချက်ခြင်း ဆရာကောင်း သမားကောင်းနဲ့ တွေ့ပြီး အခုချက်ခြင်း ဖြစ်ပျက်-မြင်လို့ ဖြစ်ပျက် ဆုံးတဲ့ နိဗ္ဗာန်ကြီးကို သွားချင်ပါ တယ် ဆိုတော့ မပွတ်တိုက်လို့ရှိရင် မရဘူး (မှန်ပါ့)။

တဏှာ-အမိနဲ့ အဝိဇ္ဇာ-အဖက တကာ တကာမတို့မှာ သူတို့ လက်ထဲ ကြီးပွားလာခဲ့ရတယ် ဆိုတော့ မှတ်လိုက်စမ်းပါ.... (မှန်ပါ့ဘုရား)။

တဏှာက ဘာတုံး... (အမိပါဘုရား)၊ တဏှာက အမိတဲ့၊ အဝိဇ္ဇာက.... (အဖပါ ဘုရား)။

အဲ....သူတို့နှစ်ယောက်လက်ထဲမှာ ကြီးပွားလာတော့ ဒီအထဲ က နေပြီး သကာလ ဒိဋ္ဌိတည်းဟူသော ကိုယ်ရံတော်တွေကလဲ ခင်ဗျားတို့က မွေးထားတယ်.... (မှန်ပါ့ဘုရား)။

ဒိဋ္ဌိ ကိုယ်ရံတော်တွေကလဲ.... (မွေးထားပါတယ်ဘုရား)။

မွေးထားတော့ ဒါတွေက ဒိဋ္ဌိကလဲ ဒါ မင်းသား မင်းသမီး

F.13 မင်းမြေး မင်းမြစ် မင်းအစ်ကို မင်းနှမ မင်းယောက်ဖ အစရှိသည်နဲ့

အမျိုးမျိုးအဖုံဖုံ၊ ဒိဋ္ဌိကလဲ ကိုယ်ရံတော်တွေကလဲ ခင်ဗျားတို့မှာက အမြဲတမ်းအုပ်ချုပ်ပြီးသကာလနေတော့ နဂိုကပစ်ထားတဲ့ ကြေးဖလား ဖြစ်နေတယ်.... (မှန်လှပါဘုရား)၊ တစ်ခါမှ မပွတ်ဖူး-ဘူး.... (မှန်ပါ)။

နဂိုက ပစ်ထားတဲ့ ကြေးဖလား တစ်ခါမှ မပွတ်ဖူးတော့ ထုတက်နေတယ်.... (မှန်ပါ)။

အဲဒီတော့ကားလို့ ဆိုရင်ဘာတုံးလို့ မေးတဲ့အခါကျတော့မှ ဩော်... တပည့်တော်တို့ ဆရာကောင်း သမားကောင်းတွေ သာသနာတွင်း ကြုံပါလျက်သားနဲ့ တပည့်တော်တို့ နိဗ္ဗာန်မရတာ ဘာတုံးဆိုလို့ရှိရင်ဖြင့်တဲ့ ဒီထုကြီးလို့သာ မှတ်ပေတော့ (မှန်ပါဘုရား)။

အဝိဇ္ဇာထု တဏှာထု၊ ဒိဋ္ဌိထု မကြီးဘူးလား.... (ကြီးပါတယ်ဘုရား)

အဲဒီ ကြီးနေတဲ့အခါကျတော့ ခုနင်က သတိပဋ္ဌာန် နိမိတ်ကို ထင်အောင် ကြေ့တာကျ ရအောင် ဝီးယက ကူညီနိုင်အောင် ဆိုကော ကို မှဂ္ဂါဘက ဖ ကာကြီး... တဲ့၊ မပွ :ရင် မရ ာ တဲ့.... (မှန်ပါ) ရှင်းပလား (ရှင်းပါပြီ)

မပွားရင်.... (မရ ပါဘုရား) ပွားမှ ရ ပ်တဲ.. (မှန်ပါ)။

ပွားမှ မယ်ဆိုတော့ တော့ ပစ်ထားတဲ့ ကြေးဖ ာကို ထင်ပြန်တင်ရလဲ တော်တော့ အားရောင် ထွက်လာမှာပဲ .... (မှန်ပါ)၊ နိုပေ တ်လို့ရှိရင်တော့ မထွက် ်င်ဘူ ... (မှန်ပါ)၊ ဉာဏ်ရောင်ကဲ ပြောင်နိုင်ဘူးတဲ့.... (မှန်ပါ)၊ သဘောပ ကြပလား.... (ပါပါပြီ ဘုရား)။

http://www.dhammadownload.com



ဒါကြောင့် ဒါနဲ့ နိဗ္ဗာန်မရောက်နိုင်သေးဘူးတဲ့၊ ကောဋ္ဌတာ ကျရုံနဲ့ သတိပဋ္ဌာန်နိမိတ် ထင်ရုံနဲ့ ဝီရိယစိုက်ရုံနဲ့လဲ မရသေးဘူး၊ ပွားဦးမှတဲ့.... (မှန်ပါ့)၊ "ဘာဝိတာ ဗဟုလီကတာ" လုပ်ရဦးမယ် .. (မှန်ပါ့)၊ "ဘာဝိတာ ပွားရမယ်၊ ဗဟုလီကတာ ကြိမ်ဖန်များစွာ ကြိုးစားရမယ်"ဆိုတဲ့ အဓိပ္ပာယ် ရှင်းပလား.... (ရှင်းပါပြီဘုရား)၊

ကောင်းပြီ၊ ဒါဖြင့် ပွားများရတဲ့ တန်ခိုးဟာက ဘယ်လို ကျေးဇူးရှိပါသိမ့်မတုံး ဆိုတော့ ဥက္ကာပေါ်မှာဖုံးနေတဲ့ အမိနဲ့ တူတဲ့ တဏှာ၊ အဖနဲ့တူတဲ့ အဝိဇ္ဇာ၊ ကိုယ်ရံတော်နဲ့ တူတဲ့ ဒိဋ္ဌိ အဲဒါတွေကို ပါးအောင်လုပ်နေရတဲ့ ကိစ္စလို့ မှတ်လိုက်စမ်းပါ (မှန်ပါ့ဘုရား)။

ဒါကြောင့် သိရုံနဲ့ နိဗ္ဗာန်ရောက်တယ်လို့ ပြောတဲ့ ဆရာတွေနဲ့ တွေ့ရင် ဘယ်တော့မှ မယုံနဲ့ ... (မှန်လှပါဘုရား)။

မယုံနိုင်တဲ့၊ ဘာဖြစ်လို့ မယုံနိုင်လို့ ဆရာဘုန်းကြီးက ကန့်ကွက်ရသေးဆိုတော့ အနေ ... သေချာချာ ပါပြီပေါ့.... (မှန်ပါ့)၊ ဓမ္မဒိန္နာတဲ့ နိဗ္ဗာန်ပေါ့ ဒိဋ္ဌိစွန့် ကောဋ္ဌတာ ဟာ ကျပါပြီ သတိပဋ္ဌာန်နိမိတ် ထင်ပါပြီ ဝီရိယလဲ စိုက်ပါပြီ ထင်ရုံနဲ့ ပြီးနိုင်ပါသလား၊ တွေ့နိုင်ပါသလား ဒုက္ခချုပ်သိမ်း ငြိမ်းတဲ့ နိဗ္ဗာန်ကို မတွေ့နိုင်ဘူးတဲ့၊ ဘာဝနာတွေကိစ္စ လိုက်ရဦးမယ်တဲ့ . (မှန်ပါ့ဘုရား) ရှင်းပလား (ရှင်းပါပြီ)၊

ဘာလိုက်ရဦးမှာလဲ.... ဘာဝနာတွေကိစ္စ လိုက်ရပါဦးမယ်) ဘာဝနာကိစ္စ မလိုက်ယင် ဘုန်းကြီးတို့ တကာ တကာမတွေမှာ ရကို မရနိုင်ဘူး.... (မှန်ပါ့ဘုရား)၊ မရနိုင်ဘူးတဲ့။

http://www.dhammadownload.com



အဲဒီတော့ ဒီလို မှတ်လိုက်တာပေါ့၊ ဘာဝေတဗ္ဗကိစ္စက ဘယ်နေရာတုံးလို့ ဆိုတဲ့အခါကျတော့ ဖြစ်ပျက်ကို မမြင်မြင်အောင် အားထုတ်တဲ့နေရာကျတော့ ဘာဝေတဗ္ဗကိစ္စ လိုတယ် (မှန်ပါ့)၊ နိဗ္ဗာန်မြင်တဲ့အခါကျတော့ မဂ်စစ်ပေါ်လာတဲ့အခါ ဘာဝေတဗ္ဗကိစ္စ မလိုဘူး... (မှန်ပါ့ဘုရား)၊ ရှင်းပလား .... (ရှင်းပါပြီ ဘုရား)။

ဝိပဿနာမဂ်မှာ ဘာဝေတဗ္ဗကိစ္စ လိုတယ်.... (မှန်ပါ့)၊ လောကုတ္တရာမဂ်ကျတော့.... (ဘာဝေတဗ္ဗကိစ္စ မလိုပါဘုရား) မလိုဘူး တစ်ကြိမ်တည်းနဲ့ နိဗ္ဗာန်ရောက်တယ်... (မှန်ပါ့)။

အဲဒီတော့ ဒီ အရှိန်ပေးနေရတာ၊ ကိလေသာထုတွေ ခွါနေရတာ ကြာတာပါတဲ့၊ ခွါပြီးတဲ့တစ်နေ့ မဂ်စစ်ပေါ်ဖို့ ကျတော့ တကာ တကာမတွေမှာ ဘာမှ ပူစရာမလိုဘူး၊ တစ်ကြိမ်နဲ့ ကိစ္စပြီးတာပါ.... (မှန်ပါ့ဘုရား)၊ ရှင်းပလား (ရှင်းပါပြီဘုရား)။

ဒါ့ကြောင့် ပွားကြစမ်းပါ ပွားကြစမ်းပါဆိုတဲ့ဥစ္စာသည် ဘယ့်နှယ်ကြောင့် အပွားခိုင်းတာတုံးဆိုတာ မှောင်သစ်တို့ ရိပ်မိရောပေါ့ ... (မှန်ပါဘုရား)၊ ဘယ်အခါကာလမှ မပွတ်ဘဲနဲ့ ဈေးကဝယ်ပစ်ထားတဲ့ကြေးဖလားနဲ့ တူနေလို့ ရှင်သာရိပုတ္တရာက အသုံးချလို့ မဖြစ်လို့ ပွတ်ရတာဟေ့ ....တဲ့၊ ပွတ်တယ်ဆိုတာ ထပ်ပြန်တစ်လဲလဲ ပွတ်ရတယ်... (မှန်ပါ့)။

ဒါမှသာလျှင် ကြေးဖလားအရောင်ကြီး ထွက်ပြီး-သကာလ လိုရင်းကိစ္စ သုံးဆောင်ရင်းကိစ္စကို ပြီးစေနိုင်တယ်ဆိုတာ အမှန်ပါဘဲ .. (မှန်ပါ့ဘုရား)။

ဒါဖြင့် ဘာဝေတဗ္ဗကိစ္စ မလိုဘူးလား .. (လိုပါတယ်ဘုရား) ဘယ်အချိန် လိုသတုံး-ဆိုတော့ ဖြစ်ပျက်ကို ပွားနေတုံးလိုတယ်

http://www.dhammadownload.com



(မှန်ပါ့)၊ ဖြစ်ပျက် ဆုံးသွားတဲ့အခါကျပြန်တော့လဲ မင်္ဂစိတ် တစ်ကြိမ် ပေါ်လာခြင်းကြောင့် မပွားပါနဲ့တဲ့၊ ခင်ဗျားတို့က ပွားချင်လဲ မရဘူး၊ သူက တစ်ကြိမ်ဖြစ်ပြီးချုပ် သွားတာပဲ.... (မှန်ပါ့)။

တစ်ကြိမ်ဖြစ်ပြီး ချုပ်တယ် ဆိုကတည်းကလဲ သူကလဲ သူ့ အတွက်ကတော့ အေးပါတယ်၊ သူ့အတွက်ကတော့ ဘယ်လို စိတ်အေးရသတုံးဆိုတော့ မြစ်တစ်ခုကို ကူးသလိုမှတ်ရမယ်တဲ့ .. (မှန်ပါ့)၊ မဂ် တစ်ကြိမ်တည်း ဖြစ်ပြောသော်လဲ လောကုတ္တရာ မဂ်ကတော့ အလွန် ကျေးဇူးများပါတယ်.... (မှန်ပါ့)။

လှေတစ်ခုမှာ ဝန် တင်ပါတဲ့၊ လှေတစ်ခု ဝန်တင်ပြီးသကာလ လူတစ်ယောက်က ထိုးခတ်လှော်ပြီး-သကာလ ဟိုဘက် သွားတဲ့ အခါမှာ ဒီဘက်ကမ်းက ဟိုဘက်ကမ်းကို ကူးတာလဲ လှေ သမား၏ လုံ့လ ပယောဂပဲ၊ ဒီဝန်တွေဆောင်ပြီး သကာလ သွားတာလဲ ဒီလှေသမား၏ လုံ့လပယောဂပဲနော် (မှန်ပါ့) ရေ ဖြတ်သွားတာလဲ .... (လှေသမား၏ လုံ့လ ပယောဂပါ ဘုရား)၊ ဟိုဘက်ကမ်း ရောက်တာကော.... (လှေ သ မား ၏ လုံ့လ ပယောဂပါ ဘုရား)။

အဲ... မဂ်တစ်ကြိမ် ပေါ်ပြီဆိုမှဖြင့်တဲ့ ဒုက္ခသစ္စာကို ပိုင်ပိုင် နိုင်နိုင် သိဘို့လဲ ဒုက္ခသစ္စာကို ပရိညေယျနဲ့ ထားပစ်ခဲ့တာလဲ သူပဲလို့မှတ်ပါ ...(မှန်ပါ့)၊ ကိလေသာ ရေတွေကို ဖြတ်တောက် ပြီး-သကာလ၊ ဖြတ်တောက်ပြီး-သကာလ သွားတာပဲ လှေပဲလို့ မှတ်ရမယ် (မှန်ပါ့)၊ ဒီမှာဘက်ကမ်းဆိုတဲ့ သက္ကာယဒိဋ္ဌိ ရုပ် နာမ် နယ်မှ ရုပ်နာမ် မရှိတဲ့ နိဗ္ဗာန်ဘက်ကိုရောက်တော့ ဒီဘက်ကမ်းက

http://www.dhammadownload.com



ခွာဘာလဲ လှေပဲ.... (မှန်ပါ့)၊ တိုဘက်ကမ်း ရောက်တာကော (လှေပါပဲ ဘုရား)။

ဒါဖြင့် လှေသည် အလုပ် လေး-လုပ် လုပ်တယ်....(မှန်ပါ့)၊ လေး-လုပ်က ဒီဘက်ကမ်းက ခွာမှု၊ ဟိုဘက်ကမ်း ရောက်မှုနဲ့ နှစ်ခု မနေဘူးလား (မှန်ပါ့)၊ ဝန်တွေ တင်ပြီး-သကာလ ဟိုဘက် ပို့မှုလဲ လှေပဲ၊ အလယ်က ရေတွေ ဖြတ်ဖို့ကော ... (လှေပါပဲဘုရား)၊ လှေပဲဆိုတာ သဘောကြပလား (ကျပါပြီ)။

ထို့ အတူပဲတဲ့၊ မဂ်သည် ရေနဲ့တူတဲ့ ကိလေသာကိုလဲ သူ တစ်ကြိမ်တည်းနဲ့ ဖြတ်တာပဲ.. မှန်ပါ့)၊ ဒီ မှာ ဘက် ကမ်း သက္ကာယဒိဋ္ဌိနယ်မှ ခွာတာလဲ .... (လှေပါပဲဘုရား)၊ အဲ....လှေနဲ့ တူတဲ့မဂ်ပဲ (မှန်ပါ့)၊ ရှင်းပြီနော်.... (ရှင်းပါပြီ)၊ နိဗ္ဗာန်ဆိုတဲ့ ဟိုမှာဘက်ကမ်းအရောက် ပို့လိုက်တာကော ... (လှေပါဘုရား)၊ ဒီမဂ်ပဲ လှေနဲ့တူတဲ့ မဂ်ပဲ(မှန်ပါ့)၊ သဘောကျပြီ ...(ကျပါပြီ) ဒီဝန်တွေကို တစ်ခါတည်း ဆောင်ယူသွားတာကော.... (လှေနဲ့ တူတဲ့ မဂ်ပါဘုရား)။

လှေပဲလို့ ဆိုရင် လှေသည် လေး-လုပ် အလုပ်-လုပ်တယ်.... (မှန်ပါ့)။ ထို့အတူပဲတဲ့ လှေ လေး-လုပ် အလုပ်-လုပ်သလို၊ မဂ်ကတော့ တစ်ကြိမ် ဖြစ်တယ်ဆိုရင် လေးခုသော ကိစ္စကို အပြီးလုပ်ချလိုက်တာပဲ(မှန်ပါ့)၊ ရှင်းကြပလား....(ရှင်းပါပြီ)။

မဂ်က တစ်ကြိမ် ဖြစ်ရင်ကော.... (လေးခုသောကိစ္စကို အပြီး လုပ်ချပါတယ်)၊ သက္ကာယဒိဋ္ဌိနယ်မှ ခွာသွားတယ် ဆိုတာလဲ မဂ်ကိစ္စပဲ....(မှန်ပါ့)၊ ဖြစ် ပျက် မမြင်တော့ဘူး၊ အဲဒီအချိန်မှာ (မှန်ပါ့)၊ ဖြစ် ပျက် က သက္ကာယကိုး....(မှန်ပါ့)၊ အဲဒီ သက္ကာယ

http://www.dhammadownload.com



ခန္ဓာတာလဲ မင်္ဂပဲ.... (မှန်ပါ)၊ သင်္ခါယဓိဋ္ဌိချုပ်တဲ့ နိဗ္ဗာန်ကို မြင်တာလဲ... (မင်္ဂပါပဲ)၊ ဒုက္ခသစ္စာ ပရိညေယျနဲ့ ပိုင်းခြားပစ်ခဲ့တာလဲ သူပဲ.... (မှန်ပါ)၊ ဟိုဘက်နိဗ္ဗာန်ကို အာရုံပြုနိုင်တာလဲ... (သူပါပဲ ဘုရား)။ အလယ် ကိလေသာတွေ ဖြတ်တာကော .. (သူပါပဲ ဘုရား)၊ သူပဲဆိုတာ သဘောကျပလား.... (ကျပါပြီ)။

ဒီ ခန္ဓာရှိတဲ့ ပုဂ္ဂိုလ်ပင်လျှင် ခန္ဓာရှိလျက်နဲ့ပဲ နိဗ္ဗာန်ကို မြင်သွားတာလဲ ခန္ဓာဝန်ကို နိဗ္ဗာန်ဘက် ဆောင်သွားတာလဲ သူပဲ ... (မှန်ပါ့ဘုရား)၊ သဘောပါပလား ...(ပါပါပြီ)။

ဒါဖြင့် လောကုတ္တရာ မင်္ဂစစ်ကတော့ မပွားရလို့ မှတ်ပါ.... (မှန်ပါ)၊ လောကီမင်္ဂကတော့ဖြင့်.... (ပွားရပါတယ်ဘုရား)။

လောကီမင်္ဂ ပွားရခြင်း၏ အကြောင်းကတော့ ခုနင်က ဘုန်းကြီး ရှင်းပေးခဲ့ပါပြီ၊ ဘယ်တော့မှ မဆေးတဲ့ ကြေးဖလားဖြစ်နေလို့ (မှန်ပါ့)၊ တစ်ချည်တည်း တိုက်လို့တော့ ပြောင်လိမ့်မယ် လက်လိမ့်မယ်ဆိုတဲ့ အဓိပ္ပာယ်မျိုးတော့ မယူပါနဲ့— (မှန်ပါ့ဘုရား)၊ မပြောင်နိုင် မလက်နိုင်ဘူး ဆိုတာတော့ဖြင့် အရေးကြီးပါတယ်.... (မှန်ပါ)။

ဒါ့ကြောင့် သိရင် ပြီးရောဆိုတဲ့ စကားမျိုးလို ဘယ်အခါကာလမှ မယူကြပါနဲ့၊ အခု ဓမ္မဒိန္နာ-ရဟန္တာမ ကလဲ ဖြေပြီ (မှန်ပါ)၊ ဘုရားကလဲ မင်္ဂ ဘာကိစ္စရှိသဘုံး ဆို၊ အို.. ဘာဝေ တဗ္ဗကိစ္စ ရှိတယ်ဆိုတော့ လောကီမင်္ဂကို ဆိုတယ်.... (မှန်ပါ)၊ လောကုတ္တရာ မင်္ဂမှာ ဘာဝေတဗ္ဗ မရှိ— (မှန်ပါ)၊ ရှင်းကြပလား.... (ရှင်းပါပြီ)။

http://www.dhammadownload.com



ကောင်းပြီ၊ ဒါဖြင့် တကာ တကာမတွေ အလုပ်-လုပ်တဲ့ အခါကျတော့ ကောဂ္ဂတာလဲ အရေးကြီးတယ် (မှန်ပါ့)၊ သတိ ပဋ္ဌာန် နိမိတ်ကော.... (အရေးကြီးပါတယ်ဘုရား)၊ ဝီရိယ ကူညီ မှုကော.... (အရေးကြီးပါတယ်ဘုရား)။

ဟာ ... ဒါတွေ တစ်ကြိမ်စီ ဖြစ်နေလို့ မဟာ်သေးဘူး၊ ကောဂ္ဂတာလဲ တစ်ကြိမ်ထဲ ဖြစ်လို့ မတော်ဘူး၊ သတိပဋ္ဌာန် နိမိတ်လဲ တစ်ကြိမ်တည်းဖြစ်လို့မတော်ဘူး၊ ဝီရိယလဲ တစ်ကြိမ် တည်း တွန်းပေးလိုက်တာနဲ့ မတော်သေးဘူး၊ ဘာဝေတဗ္ဗဆိုတဲ့ သူတို့ကို အကြိမ်ကြိမ် ပွားများမှုဟာ လိုသေးတယ်....(မှန်ပါ့)။ မသေမချင်း ပွားရမှာလားသို့ ဘုန်းကြီးတို့ တကာ တကာမ တွေက ဆိုတော့ ဒီလိုတော့ မဟုတ်ပါဘူးတဲ့၊ လောကုတ္တရာမဂ် ခုနင်က လေးခု ဆောင်သလို ဆောင်ပြီးလို့ရှိရင်လဲ ပွားဖို့ မလိုတော့ပါဘူးတဲ့ (မှန်ပါ့)၊ သဘောကျပလား....(ကျပါပြီ)။

လောကုတ္တရာမဂ် ပေါ်လာလို့ရှိရင်.... (ပွားဖို့ မလိုပါ ဘုရား)၊ ပွားဖို့ မလိုတော့ဘူး၊ သဘောကျပလား(ကျပါပြီ)။

အဲဒီတော့ ပွားနေရတာက ဘာဖြစ်လို့တုံးလို့ မေးတဲ့အခါ ကျလို့ရှိရင်ဖြင့် ကိလေသာထု ထူလို့ပွားရတယ်ဆိုတဲ့အဓိပ္ပာယ် တော့ဖြင့် သေသေချာချာ မှတ်ပါ... (မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့် ပွားရသတုံး....(ကိလေသာထု ထူလို့ ပွားရ ပါတယ်ဘုရား)၊ ကိလေသာထု ထူတာကလဲ ဦးသံဒိုင် ဝယ်ပြီးတဲ့ ကြေးဖလား ဘယ်တော့မှ မဆေးတာ (မှန်ပါ့)၊ ရှင်းပလား.... (ရှင်းပါပြီ)။

http://www.dhammadownload.com



ခင်ဗျားတို့ .. အခု ဒီလာပြီး တရားနာကြ၊ တရား အား ထုတ်ကြတယ်၊ အင်း.... ခုမှပဲ ဆေးရမှန်း ကြောရမှန်း သိတာ ကိုး .. (မှန်ပါ)၊ နဂိုကတော့ ဆုတောင်းကလေးနဲ့ အလွယ် တကူ ရလိမ့်မယ်လို့ ခင်ဗျားတို့ကလဲ ထင်ကြတယ် တဲ့—၊ ဆုတောင်းနဲ့တော့ ဝေးပါသေးရဲ့လို့ ဆုံးဖြတ်ချက် ချပါ— (မှန်ပါ)။ ဘာ့ကြောင့်တုံးဆိုတော့ ပွားမှ ရမည့် အလုပ်ကို တောင်းယူလို့တော့ .. (မရပါဘုရား)၊ မရပါဘူး၊ လုပ်ယူရမယ့် အလုပ်ကို တောင်းယူရင်.... (မရပါဘုရား)၊ မ ရ ဘူး ဆို တဲ့ အဓိပ္ပာယ် ရှင်းမိအောင် ရှင်းဖါ... (မှန်ပါ)။

အဲဒီတော့ကိုတဲ့ ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဒီနေရာ မှာ ပွားတဲ့ကိစ္စမှာ သူ ဘာပြုလိုက်သတုံးလို့ မေးလိုက်တဲ့အခါ ကျတော့ မောင်သစ်တို့ ဦးသံဒိုင်တို့ နာဖူးပါတယ်၊ ကြက်မကြီး တစ်ကောင်ဟာတဲ့ ဆယ့်နှစ်လုံးလောက် ဥတယ်— (မှန်ပါ)၊ သံယုတ်ပါဠိတော်မှာ လာတယ် (မှန်ပါ)၊ ဆယ့်နှစ်လုံးလောက် ဥပြီး-သကာလ ပြင်ဘက်ကနေပြီး သကာလ ငါ့ ကြက်ကလေး တွေ ပေါက်ပါစေ၊ ငါ့ ကြက်ကလေးတွေ ပေါက်ပါစေလို့ ပြင်ဘက်ကနေ အော်လို့ ရှိယင် ဒီ ကြက်ဥတွေ ပုပ်သွားမယ်... (မှန်ပါ ပုပ်သွားပါမယ်ဘုရား)။

ဒီအပေါ်မှာ အတောင်ကလေးဖြန့်ပြီး အုပ်၊ လေ မတိုက် အောင်လို့ အတောင်ကလေး ဖြန့်ပြီးတော့ ကာထား၊ ကြက် တို့၏ အငွေ့ဖြစ်တဲ့ အပူဓာတ်ကိုလဲ ပေး၊ အနံ့ ကိုလဲ ပေး သုံးခုအလုပ်ကို မလုပ်လို့ ရှိရင် ဒီ ကြက် ဥ က လေး ခ .. ဟာ အကုန် ပုပ်သွားတာပဲ— (မှန်ပါဘုရား)။

http://www.dhammadownload.com



အတောင် ဖြန့်မအုပ်တဲ့အတွက် အပြင်ဘက်လေက တိုက်တဲ့ အတွက် ပုပ်တယ် ... (မှန်ပါ)၊ အပူဓာတ် မပေးတဲ့အတွက်လဲ အထဲမှာ ကြက်ဥက ဥစမှာ အရည်ချည့်ဖြစ်နေတယ် (မှန်ပါ)၊ အဲဒီအရည်က မခန်းခြောက်ဘူး (မခန်းခြောက်ပါဘုရား)၊ ကြက်တို့၏အနံ့ကို မပေးပြန်လို့ ရှိရင်လဲတဲ့ ဟိုမှာ ဒီကြက်ကောင် ကလေးတွေ ဖြစ်ဘို့ရာဟာ မရှိဘူးတဲ့၊ ဖြစ်ချင်တဲ့ အကောင် ဖြစ် မှာပဲ . (မှန်ပါ)၊ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် အတောင်ဖြန့် အုပ်ဖို့လဲ ကြက်မကြီး အလုပ်ပဲ.... (မှန်ပါ)၊ ကြက်တို့၏ ရင်ငွေ့အပူဓါတ်ကို ဥကလေးတွေပေါ် ရောက်အောင် ပေးမှုလဲ ... (ကြက်မကြီး အလုပ်ပါဘုရား)၊ ကြက်တို့၏ အနံ့ကိုပေးမှုကော ကြက်မကြီးအလုပ်ပ ဘုရား)၊ မပေးဘဲနဲ့ ဒီအနံ့ကလဲ ဟိုအထဲ မရောက်ဘူး .. (မှန်ပါ)၊ ရောက် နိုင်ပါ့မလား....(မရောက်နိုင်ပါဘုရား)၊ မရောက်နိုင်ဘူး ဆိုတာ သေချာပလား ... (သေချာပါပြီ)။

အဲ ... ထို့ အတူပဲတဲ့၊ အပြင်ဘက်က လေလဲ ကာပေးရမယ်.... (မှန်ပါ)၊ အပူဓာတ်လဲ .. (ပေးရပါမယ်)၊ အနံ့ကော.... (ပေးရပါမယ်)၊ မပေးလို့ ရှိရင်ဖြင့် ဒီကြက်ဥကလေးတွေ အကုန် ပုပ်သွားတာပဲ.... (မှန်ပါ)။

အပြင်ဘက်ကသာ ငါ့ကြက်ကလေးတွေ ပေါက်ပါစေ၊ ပေါက်ပါစေ ဆိုမယ် ဆိုလို့ရှိရင် ရကို မရဘူး မရပါဘုရား)။

ထို့ အတူပဲတဲ့၊ ဒီ တကာ တကာမတွေလဲ လုပ်တော့ မလုပ် ပဲနဲ့၊ ဉာဏ်ကလေးတော့ ပါရဲ့၊ လုပ်တော့ မလုပ်ဘူး ဆိုလို့ ရှိယင် ဒီဉာဏ်ကလေးဟာက ပုပ်သွားမယ် .. (မှန်ပါ)။

http://www.dhammadownload.com



ဘာဖြစ်လို့တုံးဆိုတော့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုတဲ့ ဥစ္စာကို ခင်ဗျားတို့ အတောင်ဖြန့်အုပ်တာ၊ ကြက် အပူပေးတာ၊ ကြက် အနံ့ပေးတာ သုံး လုပ်ရှိသလို၊ ဒီမှာလဲ အနိစ္စ ဒုက္ခ အနတ္တ သုံးလုပ်နဲ့ ခင်ဗျားတို့ လုပ်ရမှာပဲ.... (မှန်ပါ့)၊ မလုပ်လို့ရှိရင် ဉာဏ်ကလေးဟာ ပုပ်သွားတာပဲ....(မှန်ပါ့)၊ ဉာဏ်ကလေးဟာ တွန့်သွားတာပဲ၊ ဉာဏ်ကလေးဟာ အသုံးချလို့ မရပါဘူးဆိုတဲ့ ဥစ္စာ သေသေချာချာ မှတ်ပါ... (မှန်ပါ့)။

ကြက်မကြီးသည်ကားလို့ ဆိုရင်ဖြင့် မကြာ-မကြာ ထွက်လိုက်၊ မကြာ-မကြာ ပြန်ဝပ်လိုက်၊ မကြာ-မကြာ ထွက်လိုက်၊ မကြာ-မကြာ ပြန်ဝပ်လိုက်၊ မကြာ-မကြာ ဆိုတာက တစ်ခြား မဟုတ်ဘူး၊ သူလဲ အစာရှာထွက်ရတယ် (မှန်ပါ့)၊ တော်တော် ကြာ အစာရှာ ထွက်ရာက မြင်လာလို့ရှိရင် ပြန်ပြီး ဝပ်ပြန် တာပဲ.... (မှန်ပါ့)။

ဒါဖြင့် သူသည် ကြိမ်ဖန်များစွာ တစ် သီတင်း၊ နှစ် သီတင်း ဝပ်လိုက်တဲ့ အခါကျတော့ ဦးသံဒိုင် ကြက်ကောင်ကလေးတွေ ဖြစ်လာတယ်...(မှန်ပါ့)၊ သဘောကျပလား (ကျပါပြီ)။

ကြက်ကောင်ကလေးတွေ... (ဖြစ်လာပါတယ်ဘုရား)။ ဘာ့ ကြောင့်တုံးလို့ မေးတဲ့အခါကျတော့မှ အပူဓာတ် ပေးလို့ ဥခွံ ပါသွားပါတယ်... (မှန်ပါ့)၊ အတောင်ကလေးနဲ့ ကာကွယ် ပေးတဲ့ အတွက်၊ ပြင်ဘက်လေ မရသဲ့အတွက် အပူရှိန် မရပ် တော့ဘူး (မှန်ပါ့) သဘောကျပလား(ကျပါပြီ)။ ကြက်နံ့ အလေးတွေ ပေးတဲ့အတွက် အထဲမှာ ကြက်ကောင်ကလေးတွေ ဖြစ်လာတယ်. (မှန်ပါ့)။

http://www.dhammadownload.com



ထို့အတူပဲတဲ့၊ ကိလေသာတည်းဟူသော အစေးတွေ ခန္ဓာကိုယ်ထဲမှာ ကိလေသာတည်းဟူသော အစေးတွေ ခန်းခြောက်မှ အဝိဇ္ဇာ-ဥခွံကလဲ ပါးပါမှ ထိုကြက်ကလေးတွေ၏ ခြေသည်း လက်သည်းကလေးတွေ ထက်ပါတယ်.... (မှန်ပါ)။

အဝိဇ္ဇာ-ဥခွံကလဲ.... (ပါးပါမှ)၊ တဏှာ အစေးကလဲ.... (ခန်းခြောက်ပါမှ)၊ ခန်းခြောက်ပါမှ ဆိုမှ အထဲမှာ ကြက်ကောင်ကလေးဟာ၏ ခြေသည်း လက်သည်းဖျား ကလေးတွေ နှုတ်သီးဖျား ကလေးတွေ ထက်လာတယ်.... (မှန်ပါ)၊ ထွက်လာတဲ့အခါကျတော့ ကြက်ကောင်ကလေးတွေက အောက်မေ့တယ်၊ ခြော်... ငါတို့ ဒီအထဲ ကွေးကောက်နေရတာ အတော်ကြာပြီး ပြင်ဘက်ကလဲ အလင်းမြင်ရတယ်၊ အရည်ခြောက်လို့ အလင်းမြင်တာ။ အဝိဇ္ဇာ-ဥခွံ ပါးလို့လဲ.... (အလင်း မြင်ရပါတယ်)၊ အဲ....အရည်မရှိလို့လဲ ကြက်ကောင် ကလေးတွေ ဖြစ်လာတယ်....(မှန်ပါ)၊ သဘောကျပလား....(ကျပါပြီ)။

အဲဒီ ကြက်မကြီးက ကြက်နံ့တွေ ပေးလိုက်တဲ့ အတွက်လဲ နှုတ်သီးဖျားကလေးတွေ ခြေဖျားကလေးတွေက သန်စွမ်းလာတယ်....(မှန်ပါ)။

အဲဒီတွင် တခါတည်း ဒို့ ဒီအထဲမှာနေရတာ ကြာပြီ၊ ကွေးကောက်နေရတာ ကြာပြီဆိုပြီး လည်ပင်းကလေး ဆန့်လိုက်၊ ခြေထောက်ကလေး ဆန့်လိုက်တဲ့အခါကျတော့ ဒါကလေးတွေက မာ-လာလို့ ခုနင်က တဏှာ အရည်ကလဲ ခမ်း၊ အဝိဇ္ဇာ-ဥခွံကလဲ ပါး၊ ဉာဏ်တည်းဟူသော ခြေသည်း လက်သည်းကလေးတွေ နှုတ်သီးဖျား ကလေးတွေက ထက်-လာလို့ ဗျမ်း....ဆို

http://www.dhammadownload.com



ကွဲထွက်သွားလို့ အလင်းရောက်တယ်.... (မှန်ပါ)၊ ပြင်ဘက်ရောက်မလာဘူးလား.... (ရောက်လာပါတယ်ဘုရား)။

အဲဒီလိုပဲကွာ တဲ့၊ ငါ-ဘုရား ဟောတယ်ဆိုရင် ဒီ ဥပမာကို ငါဘုရား ပေးပါတယ်၊ မင်းတို့လဲ ပွားများနိုင်လို့ရှိရင် ကိလေသာ ခန်းခြောက်ပါလိမ့်မယ်...(မှန်ပါ)၊ အဝိဇ္ဇာ-ဥဒ္ဓလဲ ပါးပါလိမ့်မယ်....(မှန်ပါ)၊ ဉာဏ် ခြေသည်းဖျား လက်သည်းဖျားလဲ ထက်ပါလိမ့်မယ်.... (မှန်ပါ)၊ ဒီ သုံးလုပ် မပါရင်တော့ မရဘူးကွတဲ့....(မှန်ပါ)၊ ရှင်းပလား.... (ရှင်းပါပြီ)၊

ဒါဖြင့် ဥဒ္ဓထဲက အစေး ခြောက်အောင်လဲ ကိလေသာ အစေး ခြောက်အောင်လဲ ကျုပ်တို့သည် ဖြစ်ပျက်ပေါ်မှာ ဝပ်-ဝပ် ပေးရမယ်.... (မှန်ပါ)၊ ရှင်းပလား.... (ရှင်းပါပြီ)။ ဖြစ်ပျက် ပေါ်မှာ ... (ဝပ်-ဝပ် ပေးရပါမယ် ဘုရား)၊ အဲ.... ဖြစ်ပျက်ပေါ်မှာ ဒီဉာဏ် ဝပ်-ဝပ် ပေးရမယ်ဆိုတာ၊ ရှု ရှု ပေးရမယ် ပြောတာ....(မှန်ပါ)။ ရှု - ရှုခြင်း ထွက်မလားလို့ မေးတဲ့အခါကျတော့ မဟုတ်သေးဘူးတဲ့၊ ကြက်မကြီး ဝပ်သလိုပဲတဲ့၊ အပူဓာတ်ပြင်းမှုလဲ ကိလေသာ အစေးနဲ့တူတဲ့ အရည်တွေက၊ ကြက်ဥထဲမှာပါတဲ့ အရည်တွေက ခန်းခြောက်မယ်.... (မှန်ပါ)၊ သဘောပါပြီ.... (ပါပါပြီ)၊ အရည် ခန်းခြောက်မှုလဲ ဥခွံက ပါးမယ်....(မှန်ပါ)၊ ဒါမှသာလျှင် ဥခွံ ပါးမှလဲ အထဲမှာရှိတဲ့ အကောင်ကလေးတွေ၏ နှုတ်သီးဖျား ခြေသည်းဖျား ထက်မယ်....(မှန်ပါ)၊ ထက်မှလဲ ကန်ထွက်မယ်(မှန်ပါ)၊ နို့ မဟုတ်လို့ရှိရင်.... (မထွက်နိုင်ပါဘုရား)။

အဲဒီအတိုင်းပဲကွာတဲ့၊ ငါဘုရားသခင် ကိုယ်တော်မြတ်ကြီး မင်းတို့သည်ကားလို့ ဆိုရင်ဖြင့် ပွားများလို့ရှိရင်ဖြင့် ဒီအပေါ်

http://www.dhammadownload.com



မှာ ဖြစ်ပျက်အပေါ်မှာ အမြဲတန်း ရှုနေလို့ ရှိရင်ဖြင့် ကိလေသာ အစေးလဲ ခန်းခြောက်မှာပဲ (မှန်ပါ)၊ အဝိဇ္ဇာတည်းဟူသော ဥခွံလဲ ပါးသွားမှာပဲ....(ပါးမှာပါ)၊ ဉာဏ်ခြေသည်းဖျား နှုတ်သီးဖျားလဲ....(ထက်ရမှာပါဘုရား)၊ အဲဒီ ထက်လာတဲ့ အခါကျတော့ ခွဲထွက် သွားတာပဲ.... (မှန်ပါ)၊ သဘောကျပလား.... (ကျပါပြီ)

အဲဒီခွဲထွက်သွားချင်လို့ ရှိရင် တကာ တကာမတို့ ကြက်မကြီးလိုပဲတဲ့၊ မကြာ မကြာ ဝပ် ပေးရမယ်... (မှန်ပါ)၊ မဝပ်လို့ ရှိရင်တော့.... (မရပါ ဘုရား)၊ မရဘူးဆိုတာ သဘောပါပလား.... (ပါ ပါပြီ)။

ဒါက ဘာနဲ့ပတ်သက်လို့ ဟောရတာတုံးလို့ မေးတဲ့အခါကျတော့ကိတဲ့ အခုဟာက ပွားများရမည့် ကိစ္စကို ဘုရားက အဓိပ္ပာယ်ပြတာ (မှန်ပါ)။ ပွားများရမည့်ကိစ္စကို.... (အဓိပ္ပာယ်ပြတာပါဘုရား)။

အေး ဒါကြောင့် ဒီအတိုင်း မနေကြနဲ့၊ ဒီအတိုင်း မနေကြနဲ့ ခုနင်က မူလပဏ္ဏာသမှာ လာတဲ့ ရှင်သာရိပုတ္တရာ ဟောတဲ့ ကြေးလောက်ပဲ ပွတ်နိုင်မှ သင့်ရုံရှိမယ် (မှန်ပါ)၊ ကြက်မကြီးလိုပဲ ဝပ်နိုင်မှပဲ (သင့်ရုံရှိမယ်)၊ ကြက်ကောင်ကလေးတွေ ပြဲထွက်ရောက်မှာပဲ ...(မှန်ပါ)၊ အလင်း ရောက်တယ်ဆိုတာ နိဗ္ဗာန်မြင်တယ် ပြောတာပဲ (မှန်ပါဘုရား)။

ဘယ်နှယ်ကြောင့် အလင်းမြင်ရသားဆိုတော့ အဝိဇ္ဇာ ဥခွံ ပါးရင် မြင်တာပဲ ... (မှန်ပါ)၊ တဏှာ အစေးခြောက်ရင် ... (မြင်ပါတယ်ဘုရား)။

http://www.dhammadownload.com



ကြက်ဥထဲက အရည် ခြောက်သွားလို့ရှိရင်လဲ ပြင်ဘက်မြင်ရတာပဲ ...(မှန်ပါ)၊ ဥခွံက ပါး-ပါး ပါး-ပါး သွားလို့ရှိရင်လဲ .. (မြင်ရပါတယ်ဘုရား)။

မြင်ရတာပဲ၊ အဲဒီ ပါးတဲ့အချိန်မှာ ဝပ်လိုက်တဲ့ အချိန်ကျလို့ရှိရင် ဒီက အပူဓာတ်ကြောင့် ဉာဏ်နဲ့တူတဲ့ ခြေသည်းဖျားနှုတ်သီးဖျားကလေးလဲ ခင်ဗျားတို့ဉာဏ်ထဲ ထက်လာတယ်ပဲ.... (မှန်ပါ)၊ ဒါ့ကြောင့် မပွားရင်ဖြင့်.... (မရပါဘုရား)

ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ဇာနတော အဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ" ဘိက္ခဝေ-ရဟန်းတို့၊ ဇာနတော-ရှုသော၊ ပဿတော-မြင်သော ပုဂ္ဂိုလ်အား၊ အာသဝါနံ-အာသဝေါ တရားတို့၏၊ ခယံ ကုန်ခြင်းကို၊ အဟံ-ငါဘုရားသည်၊ ဝဒါမိ-ဟော၏၊ ရှုတဲ့ ပုဂ္ဂိုလ်မှဟော့ .. တဲ့ (မှန်ပါ)၊ ရှုတဲ့ ပုဂ္ဂိုလ်မှသာလျှင် ငါသည်ကားလို့ဆိုယင် ... သဝေါတရား ကုန်တယ်လို့ တဏှာအစေ ဆိုတဲ့ ကာမာသဝ အဝိဇ္ဇာ ဥခွံဆိုတဲ့ အဝိဇ္ဇာသဝ၊ ဟတ်... (မှန်ပါ)၊ ဒါတွေဟာတဲ့ ကြပ်ကြပ်ရှုတဲ့ ပုဂ္ဂိုလ်မှာ အလျှင် အမြန် တစ်ခါတည်း ပြင်ဘက်အလင်း ရောက်သလို မရှုတဲ့ ... မှ ဖြင့် ရောက်လိမ့်မယ်လို့ ဟောကို မဟောဘူး ... (မှ.. လှပါဘုရာ )၊

ဒါဖြင့် အသိသမားတွေနဲ့ ဦးသံဒိုင် တန်ခြ းစီ ဖြစ်သွားတယ်... (မှန်ပါ)၊ မဖြစ်သေးဘူးလား (ဖြစ်ပါတယ်ဘုရား ။

အသိသမားတွေက သိပြီး ပြီးတာပဲ၊ ဘာလိုသေး သတုံ ... တဲ့၊ လိုတာမှ သူ မသိပဲကိုး (မှန်ပါ)၊ အခုတော့ လိုတာ သိပြီ မဟုတ်လား... (သိပါပြီ)၊ သိရုံနဲ့ မပြီးသေးဘူး၊ ခုနက

http://www.dhammadownload.com



ကိလေသာစေးကလဲ ပွားမှ ခြောက်မှာ....(ပွားမှခြောက်မှာပါ) အဝိဇ္ဇာ ဥဒ္ဒ ကကော.... (ပွားမှ ပါးမှာပါ)၊ ဉာဏ် ထက်လာမှာကော....(ပွားမှ ထက်မှာပါ)၊ ပွားမှ ထက်မယ်၊ မပွားလို့ ရှိရင်.... (မထက်ပါ ဘုရား)။

အလုပ်တစ်ခုကို လုပ်ကြည့်ပါတဲ့၊ မောင်သစ်တို့ ဦးသံဒိုင်တို့ လုပ်ပါများမှ ဉာဏ်ကလေး ဝင်-ဝင်လာမယ် ...(မှန်ပါ)၊ မလုပ်ခင် လုပ်စ ဆိုရင် ဘယ်ဉာဏ် သွင်းရမှန်း သိကို မသိဘူးတဲ့.... (မှန်ပါ)၊ နောက်တော့ အလုပ်က လုပ်ပါများလာတဲ့ အခါကျတော့ ဉာဏ်က ထက် ထက် လာတယ်.... (မှန်ပါ ဘုရား)၊ အလုပ် လုပ်ပါများတဲ့ ပုဂ္ဂိုလ်ဟာ ...(ဉာဏ် မထက်ပါဘုရား)၊ ဉာဏ် မထက်ပါဘူး ဆိုတာကို ထင်ထင်ရှားရှားပဲ သိရပါတယ်.... (မှန်ပါဘုရား)။

အဲဒါကြောင့် ဓမ္မဒိန္နာက ဖြေတော့ သမာဓိ တည်ရင်လဲ ပြီးတာပဲ၊ သတိပဋ္ဌာန်နိမိတ် ထင်လို့ ရှိရင်လဲ ပြီးတာပဲ၊ ဝီရိယ စိုက်ရင် ပြီးရော့လားလို့ ဓမ္မဒိန္နာကို ဝိသာခ က မေးတဲ့အချိန် ကျတော့ မပြီးသေးဘူးတဲ့၊ ပွားများတဲ့ကိစ္စက လိုသေးတယ် ... (မှန်ပါဘုရား)၊ ရှင်းပလား....(ရှင်းပါပြီ) ဘာလိုသေးသတုံး.... (ပွားများတဲ့ကိစ္စ လိုပါသေးတယ်ဘုရား)။

**အေး**.... ဒါကြောင့် ပွားများတဲ့ကိစ္စကို တကာ တကာမတွေက အခု မလျော့ပဲနဲ့ လုပ်ကြမယ်ဆိုလို့ ရှိရင် တစ်သံသရာလုံး ချေးတွေဟာ တစ်ခါတည်းနဲ့ပဲ ပျောက် သွား းမှာ ပဲ — (မှန်ပါ)၊ ဒီ ကိလေသာ ရှိနေလို့ ရှိရင်တော့ဖြင့်တဲ့ ဉာဏ်ဟာ ထိုးထွင်းလို့ကို မရဘူး.... (မှန်ပါဘုရား)။

**ကိလေသာ** ရှိနေရင် (ဉာဏ်ဟာ ထိုးထွင်းလို့ မရပါဘုရား)။

http://www.dhammadownload.com



နို ကိလေသာကော အနိစ္စလား၊ အနိစ္စလား လို့ မေးတော့ အနိစ္စပါပဲ၊ အနိစ္စမေမဲ့ သူက အာသဝေနမျှားတယ် (မှန်ပါ)။ ရှင်းပလား....(ရှင်းပါပြီ)။

အနိစ္စပေမယ့်... (အာသဝေန မျှားပါတယ်)၊ အာသဝေန ဆိုတာ သူချည်း ထပ်ပြန်တစ်လှဲလဲ ဒီပေါ် ထပ်ဖြစ်နေတာ.... (မှန်ပါ့ဘုရား)။

ဒီလိုကျတော့ အာသဝေနမျှားတဲ့ အတွက်တဲ့... ဉာဏ်က ထိုးထွင်းလို့ မရဘူး... ( မှန်ပါ)၊ သဘောပါကြပလား.... (ပါ ပါပြီဘုရား)။

ဒါဖြင့် ဘယ့်နှယ်လုပ်ကြမယ်.... (ဘာဝေတာဗ္ဗပါ့ဘုရား)။ ဘာဝေတဗ္ဗ ပွားရမယ်... (မှန်ပါ)၊ မပွားလို့ရှိရင် ... (မရပါ ဘုရား)၊ မရဘူးဆိုတာ သေချာပလား ...(သေချာပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အိမ်ကျ လာတဲ့အခါကျလို့ရှိရင် ခန္ဓာ ကိုယ်ကြည့်၊ ကြည့်တဲ့အခါ အတုံး အခဲ မတွေ့စေနဲ့၊ ဝေဒနာ ပေါ်ရာလိုက်၊ စိတ်ပေါ်ရာ လိုက်၊ လိုက်တဲ့အခါကျတော့ အတုံး အခဲဟာ လိုက်တတ်ရင် ပျောက်သွားတာပဲ ... (မှန်ပါ့ဘုရား)။

လိုက်တတ်ရင်တော့....(ပျောက်သွားပါတယ်ဘုရား)။

မလိုက်တတ်ရင်တော့ဖြင့် ခြေကြီးပဲ၊ လက်ကြီးပဲ၊ ဆံပင်ပဲ၊ သွားပဲလို့ သုံးဆယ်နှစ်ကောဋ္ဌာသ တင် ပေါ်ချင် ပေါ်မယ်၊ သုံးဆယ့်နှစ်ကောဋ္ဌာသတောင် မပေါ်ပေဘူး၊ လူသဏ္ဌာန် နတ် သဏ္ဌာန် ပုံသဏ္ဌာန်၊ ယောကျ်ားသဏ္ဌာန် မိန်းမသဏ္ဌာန်၊ ဒါ.... မလိုက်တတ်ရင်တော့ ပေါ်နေမှာပဲ ...(ပေါ်မှာပါဘုရား)။

http://www.dhammadownload.com



လိုက်တတ်လို့ တစ်ခုတည်းကိုသာစုပြီး လိုက်-လိုက်လို့ ရှိရင် တစ်ခုရှိရာ ဝေဒနာရှိရာကိုသာ လိုက်၊ စိတ်ရှိရာကိုသာ လိုက်နေမယ် ဆိုလို့ ရှိရင် သဏ္ဌာန်ပျောက်တယ်.... (မှန်ပါဘုရား)၊ သဘော ကျပလား....(ကျပါပြီ)။

အဲဒီသဏ္ဌာန် ပျောက်မှသာလျှင်လဲ ဦးသံဒိုင်ရေ- လိုရင်း တွေ့မယ်.... (မှန်ပါ)၊ သဏ္ဌာန် မပျောက်ရင် .... (မတွေ့ပါ ဘုရား)။

သဏ္ဌာန် မပျောက်ရင် လိုရင်း မတွေ့နိုင်ဘူးဆိုတာ ဒါကြောင့် ဗောဇ္ဈင်ကို ဟောတဲ့ အခါကျတော့ "ဘာဝိတာ ဗဟုလီကတာ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" ဟော....ဓမ္မ ဝိစယ သမ္ဗောဇ္ဈင်ဆိုတာ တစ်ခြား မဟုတ်ဘဲ ပဲ၊ သမ္မာဒိဋ္ဌိကို ဆိုတာ....(မှန်ပါဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဆိုတာက....(သမ္မာဒိဋ္ဌိကို ဆိုတာပါ)၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကို ဆိုတာ....(မှန်ပါ)၊ ဟိုမှာတော့ ဗောဇ္ဈင်လို့ သုံးလိုက်တယ် မှန်ပါ)။

သုံ ချပ် သုံ ပေဇေတဲ့၊ ဒါ ဘုရားဟာ ဒါ-သုံးမှာပဲတဲ့၊ သူလဲ သိတတ်တဲ့တရားမို့ ဗောဇ္ဈင်သုံးတာ (မှန်ပါ)။

"ဗုဇ္ဈတီတိ ဗောဓိ" ဆိုတဲ့အတိုင်း ဗောဓိပက္ခိယ တရားထဲ ကမို့ သူ့ကို ဗောဓိလို့ သုံးတာ.... (မှန်ပါ)၊ နိဗ္ဗာန်ရောက် ကြောင်းတရား ဖြစ်လို့ ဗောဓိလို့ သုံးလိုက်ပါတယ်၊ ဗောဓိ ဆိုတာ သိခြင်းကို ဆိုပါတယ်....(မှန်ပါ)။

http://www.dhammadownload.com



အဲဒီမှာ "ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" 'ဘာဝိတာ ဗဟုလီကတာ' ပါ-ပါနေတယ်.... (မှန်ပါ့)၊ မပါဘူးလား .. (ပါ ပါတယ်ဘုရား)။

အဲဒီတော့ကို သမ္မာဒိဋ္ဌိနဲ့ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဆိုတာနဲ့ ဦးသံဒိုင် အတူတူပဲ ...(မှန်ပါ့)၊ ရှင်းကြပလား .. (ရှင်းပါပြီ)။

သမ္မာဒိဋ္ဌိနဲ့ —(ဓမ္မဝိစယ သမ္ဗောဇ္ဈင်နဲ့ အတူတူပါပဲဘုရား)။

ဘယ့်နှယ်ကြောင့် အဲဒါ ဟောရပါသတုံးဆိုတော့ သမ္မာဒိဋ္ဌိကတော့ကိုတဲ့ သမ္မာဒိဋ္ဌိဖြစ်ရင် ပြီးတာပဲလို့ ဟောလိမ့်မယ်တဲ့၊ ဗောဇ္ဈင် မထည့်လို့ ရှိရင် ပွား ဆိုတာမပါဘူး—(မှန်ပါ့ဘုရား)၊ ရိပ်မိပလား— (ရိပ်မိပါပြီ)။

ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဘာဝိကတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဒါဖြင့် သမ္မာဒိဋ္ဌိကိုလဲ သမ္မာဒိဋ္ဌိ-မြင်ရုံကလေးနဲ့ ပြီးရဲ့လား၊ ပွားများရဦးမှာလား....(ပွားများရဦးမှာပါဘုရား)၊ ဗောဇ္ဈင်က သက်သေခံပစ်လိုက်တယ် ...(မှန်ပါ့)၊ သဘောကျပလား.... (ကျပါပြီဘုရား)။

ဗောဇ္ဈင်က ဘာတုံး "ဘာဝိတာ ဗဟုလီကတာ" ဘာဝိတာဆိုတာ ပွားရမယ်၊ ဗဟုလီကတာ ဆိုတာ ကြိမ်ဖန်များစွာ.... (မှန်ပါ့)၊ ဒါမှသာလျှင် အဘိညာယတဲ့—ထိုးထွင်းသိမယ်.... (မှန်ပါ့)၊ သမ္ဗောဓာယတဲ့ သစ္စာကို သိလာလိမ့်မယ် (မှန်ပါ့)၊ နိဗ္ဗာနာယတဲ့ နိဗ္ဗာန်ကို မြင်လာလိမ့်မယ်....(မှန်ပါ့)။

ကိလေသာငြိမ်းတဲ့ နိဗ္ဗာန်ကို မြင်လာလိမ့်မယ် ဆိုတော့ကို ဗောဇ္ဈင်ကို ဘယ့်နှယ်ကြောင့် မဂ္ဂင်နဲ့ တွဲဟောရပါလိမ့်မတုံး

http://www.dhammadownload.com



ဆိုတော့ မဂ္ဂင်ဟာ ခင်ဗျားတို့ မပွားကောင်းဘူးလို့ ထင်နေမှာစိုးတဲ့အတွက် ဗောဇ္ဈင်နဲ့ တွဲဟောလိုက်တယ် (မှန်ပါ့ဘုရား)၊ တူ တူပဲ၊ ပညာက တစ်ခုတည်းပဲ — (မှန်ပါ့ဘုရား)၊ သမ္မာဒိဋ္ဌိ ဆိုတာလဲ ပညာပဲ၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်ဆိုတာလဲ.... (ပညာပါပဲ)၊ ပညာပဲဆိုတာ ပေါ်ကြပလား.... (ပေါ်ပါပြီ)။

ဒါဖြင့်.... ဘယ်အကျိုးငှါ မဂ္ဂင်ပြီး ဗောဇ္ဈင် ဘာဖြစ်လို့ ဟောပြန်ပါလိမ့်မတုံးဆိုတော့ မဂ္ဂင်ဟာ မပွားမှာစိုးတဲ့အတွက် ဗောဇ္ဈင်အဖြစ်နဲ့ ဟောလိုက်တော့ ပွားမှ ရတယ်ဟေ့....၊ ရှင်းပလား... (ရှင်းပါပြီ)။

ဒါဖြင့် သမ္မာဒိဋ္ဌိ အကူအညီပေးလိုက်တဲ့ ပါဠိတော်ပဲ.... (မှန်ပါ့)၊ အဲဒီတော့ မဂ္ဂင်လုပ်ရင် ဗောဇ္ဈင် ပါပြီမှတ်(မှန်ပါ့)။

မဂ္ဂင် အပြန်ပြန် အလှန်လှန်လုပ်ရင်.... (ဗောဇ္ဈင် ပါပါပြီဘုရား)။

ဗောဇ္ဈင်ပါသွားပြီဆိုတဲ့ဥစ္စာ နို့ ဘယ့်နှယ်ကြောင့် ဘုရား၊ မဂ္ဂင်ရှစ်ပါး ဟောထားပြီးတော့ ဗောဇ္ဈင်ကို ဘယ့်နှယ်ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ အ ရေး ကြီး တယ် လို့ ဟောပြန်ပါလိမ့်မတုံး ဆိုတော့၊ အို....မင်းတို့မဂ္ဂင်က ကိလေသာဖြစ်ကြောင်း သိဘယ်ကွ၊ ဗောဇ္ဈင်က ပွားများကြောင်းသိတယ် (မှန်ပါ့)၊ ရှင်းပလား....(ရှင်းပါပြီ)။

ထိုးထွင်း သိပြီး-သကာလ ဓမ္မဝိစယ၊ ဓမ္မ က = တရား၊ ဝိစယ က = စိစစ်တာ၊ ဗောဇ္ဈင်က ပွားများတာ—( မှန်ပါ့)၊ တရားကိုစိစစ်ပြီး ပွားများတယ်လို့ သိအောင်လို့ ဗောဇ္ဈင် တစ်ခါ ဟောပြန်တယ်.... (မှန်ပါ့)၊ သဘော ပါကြပလား.... (ပါပါပြီ)။

http://www.dhammadownload.com



ကောင်းပြီ၊ ဒါဖြင့် သြော်....သမ္မာဒိဋ္ဌိဟာ ဝိပဿနာမဂ်မှာ တစ်ကြိမ်တည်းတဲ့ မပြီးနိုင်ဘူး၊ ဗောဇ္ဈင်နဲ့ ညှိကြည့်ရင် ပေါ်လာတယ်... (မှန်ပါ)၊ နားလည်ကြပလား ... (နားလည်ပါပြီဘုရား)။

ဒါဖြင့် တကာ တကာမတွေ ဗဟုသုတ ရှိအောင်လို့ သာ ဗောဇ္ဈင်နဲ့တွဲပြီး ပြောလိုက်ပါတယ်၊ ခင်ဗျားတို့ သမ္မာဒိဋ္ဌိမဂ္ဂင်ကိုလဲ ပွားပါ.... (မှန်ပါ)။

ဘာလုပ်ကြရမယ်....(သမ္မာဒိဋ္ဌိမဂ္ဂင်ကို ပွားရပါမယ်ဘုရား)၊ သမ္မာဒိဋ္ဌိမဂ္ဂင်ကိုလဲ မပွားလို့ ရှိရင် မရဘူး... (မှန်ပါ)၊ ဘယ်အပေါ်မှာ ပွားရမှာတုံးဆိုတော့ ဝေဒနာရှုတဲ့ပုဂ္ဂိုလ် ဝေဒနာပေါ်မှာ ပွား ... (မှန်ပါ)၊ စိတ်ရှုတဲ့ပုဂ္ဂိုလ်.... (စိတ်ပေါ်မှာ ပွားရပါမယ်ဘုရား)၊ စိတ်ပေါ်မှာ ပွားလိုက်လို့ ရှိရင် ရပါတယ်နော်... (မှန်ပါ)။

သို့သော် ပွားနေတုံးကို ငါဘုရား မင်းတို့ကို ပြောမယ်ဟော့တဲ့ ..(မှန်ပါ)၊ ငါဘုရား ပြောဦးမယ်တဲ့ မင်းတို့ကို၊ ပွားနေတာဟာ မင်းတို့ ခရီး မပေါက်သေးဘူး ...တဲ့၊ ကျုပ်တို့ နိဗ္ဗာန် မမြင်သေးဘူး၊ ဒီ ဖြစ် ပျက် နဲ့ပဲ အချိန် ကုန်နေသေးတယ်လို့ ဒီလို မယူလိုက်ပါနဲ့ ...(မှန်ပါ)၊ ဒီလို မယူလိုက်ပါနဲ့တဲ့၊ ဗောဇ္ဈင်အဖြစ်နဲ့ ပွားတဲ့ သတ္တိကို ငါ-ရှင်းပြမယ် ဆိုပြီး-သကာလ ဘုရားပေးတဲ့ ဥပမာက လက်သမားကိုင်တဲ့ မန်ကျည်းနှစ် လက်ရိုက်ရိုးပေါ့လေ.... (မှန်ပါ)၊ အဲဒီ လက်ရိုက်ရိုးဟာ ဆောက်ကလေးအောက်ကထားပြီး လက်ရိုက်ရိုးကလေး ကိုင်-ကိုင်ပြီး နေ့တိုင်း သူတို့ ကြေးခွေတို့ ဘာတို့ ထွင်းရတာပေါ့ဗျာ.... (မှန်ပါ)၊ တစ်ချက် ရိုက်တစ်ခါ စား တာပဲ.... (မှန်ပါ)။

http://www.dhammadownload.com



ခုနင်က အရိုးကလေးကို လက်က တစ်ချက်ရိုက်ရင် — (တစ်ခါ စားပါတယ်ဘုရား)၊ နှစ်ချက်ရိုက်တော့ — (နှစ်ခါ စားပါတယ် ဘုရား)။

ဒါဖြင့် အရိုးကလေးဟာ စားပါစေ ဆုတောင်းရတာလား၊ ကိုယ်ရိုက်တဲ့အလုပ် လုပ်တာနဲ့ပဲ ဒီအရိုးကလေးကို လက်က စားတာလား.... (ရိုက်လို့ စားတာပါဘုရား)၊ ဆုတောင်းနေလို့တော့ မစားဘူး....(မှန်ပါ)၊ ဟေ့ ...အရိုးကလေး ပါးပါစေ ပါးပါစေဆိုတာတော့ မရဘူး.... (မရပါဘုရား)၊ ရိုက်ပါများ ရင်တော့....(ပါး ပါတယ်ဘုရား)။

တစ်ခါတည်း လက်ရိုက်ရိုးကလေးဟာ ပြောင်ချောလာပြီး လက်ချောင်းရာ၊ ဟောဒီ လက် လေးချောင်းရာ တစ်ခါတည်း ထင်လာတယ်.... (မှန်ပါဘုရား)။

ဘယ်နှယ်ကြောင့် ထင်ပါလိမ့်မတုံး မေးတဲ့အခါကျတော့ မှတ့် ဘုန်းကြီးတို့ တကာ တကာမတွေ မှတ်ရမှာက ဩော် — ရိုက်ပါများလို့ လက်က စားသွားတာ ... (မှန်ပါ)၊ ရှင်းပလာ (ရှင်းပါပြီ)။

ထို့အတူပဲတဲ့၊ ခင်ဗျားတို့ ဝိပဿနာမဂ် လုပ်နေတာ လက် ရိုက်ကလေး ရိုက်သလိုပဲ၊ ခင်ဗျားတို့ ဘဝများစွာ သံသရာက ပါလာတဲ့ လက်ရိုက်ရိုးလိုပဲတဲ့၊ ဘယ်အခါမဆို ကိလေသာချေး တွေကရှိပြီး-သကာလ နေတော့ ပြောင်မှု လက်ချောင်းလက်ရာ ထင်မှု၊ လက်မရာ လက်ချောင်းရာ ထင်မှု မဖြစ်နိုင်ဘူးတဲ့ ... (မှန်ပါဘုရား)၊ ကိလေသာထုက ကြီးသကိုးဗျ.... (မှန်ပါ)၊ သဘောကျပလား.... (ကျပါပြီ)။

http://www.dhammadownload.com



ကိလေသာ ထုက ကြီးတော့.... လက်ချောင်းရာ လက်မရာ လက်ရိုက်ရိုး၌ မထင်နိုင်ဘူးတဲ့.... (မှန်ပါ)၊ ကိလေသာ ထုက မပွားလို့ရှိရင်ဖြင့်တဲ့ ပါး သွားတယ်လို့ ဆိုနိုင်ပါ့မလား .... (မဆိုနိုင်ပါဘုရား)။

ဒါဖြင့် ဝိပဿနာသည် ပွားတဲ့ကိစ္စ၏အကျိုး၊ ဘာတုံးဆိုတော့ ကိလေသာ ပါးခြင်းကိစ္စ ပြီးတယ်.... (မှန်ပါ့ဘုရား)၊ ဝိပဿနာ သည် ကိလေသာ ပါးခြင်းကိစ္စ ပြီးတယ် ...(မှန်ပါ့ဘုရား)။

အဲ့ ဒါ စိတ်မပျက်ကြနဲ့လို့ သတိပေးလိုက်ပါတယ်နော်.... (မှန်ပါ့ဘုရား)၊ စိတ် မပျက်ကြပါနဲ့တဲ့၊ ခရီးတော့ ပေါက်နေ တာပဲ....(မှန်ပါ့ဘုရား)၊ ဘာတုံး ကိလေသာ ပါးတဲ့ဥစ္စာ ခရီး ပေါက်နေတယ်.... (မှန်ပါ့)။ ကိလေသာ ပါးတဲ့ဥစ္စာ.... (ခရီး ပေါက်နေပါတယ်ဘုရား)။

ဘာဖြစ်လို့ ခရီး ပေါက်ရသတုံးဆိုတော့ ပွားလွန်းလို့ .... (မှန်ပါ့)၊ ကိုယ်က အနိစ္စတစ်ချက် မြင်လိုက်၊ ကိလေသာက ပါးလိုက်....(မှန်ပါ့)၊ ကိုယ်က ဖြစ် ပျက် မြင်လိုက်.... (ကိလေ သာက ပါးလိုက်ပါဘုရား)၊ ကိလေသာ ပါးလိုက်ဆိုတော့ကို ကြော်.... မြင်ဖန် များလို့ရှိရင်ဖြင့် အများကြီး ပါးလိမ့်မယ် .... ဆိုတဲ့ အဓိပ္ပာယ် ရှင်းမသွားဘူးလား ... (ရှင်း သွား ပါတယ် ဘုရား)။

ပါးလို့ရှိရင် သူတို့သည်ကားလို့ဆိုရင် မှတ်လိုက်.... ပဋိစ္စ သမုပ္ပါဒ် မတန်းနိုင်တော့ဘူး... (မှန်ပါ့)။

ပါး သွားရင်.... (ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်ပါဘုရား)။

http://www.dhammadownload.com



ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်တော့ဘူးတဲ့၊ ဥပမာ တဏှာကလဲ တဏှာ-ပါးသွားပြီ ဆိုလို့ ရှိရင် တဏှာ ဥပါဒါန်ကံဘက် သူ မသွားတော့ဘူး ...(မှန်ပါ့)၊ သဘောကျပလား....(ကျပါပြီ)၊ အဝိဇ္ဇာကလဲ အဝိဇ္ဇာ-ပါးသွားရင် "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ" ဘက် သူ မသွားနိုင်ဘူး....(မှန်ပါ့)၊ ဒေါသကလဲ ပါးသွားလို့ ရှိရင် ဒေါသက "သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ ဥပါယာသ အဝိဇ္ဇာ သင်္ခါရ" ဘက် သူ မသွားဘူး(မသွားပါဘုရား)။

ဒါဖြင့် သူ မသွားနိုင်အောင်လို့ ပွားရပါတယ်.... (မှန်ပါ့ဘုရား)။

ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်အောင်လို့ (ပွားရပါတယ်ဘုရား)၊ ပွားရပါတယ်ဆိုတာ တကာ တကာမတွေ ရှင်းရှော့ပေါ့ .... (မှန်ပါ့ဘုရား)။

ဘယ်လိုကြောင့် ပွားရသတုံး.... (ပဋိစ္စသမုပ္ပါဒ် မတန်းနိုင်အောင် ပွားရပါတယ်ဘုရား)၊ ပွားရတယ်.... (မှန်ပါ့)။

ပွားတော့ကို ဘယ့်နှယ်ကြောင့် သူတို့သည် မတန်းနိုင်သတုံး ဆိုတော့ အို ...ပါး-ပါး ပါး-ပါးသွားပြီး ပျောက်ရတယ် .... (မှန်လှပါဘုရား)။

ပါး-ပါး ပါး-ပါးပြီး.... (ပျောက်ရပါတယ်ဘုရား)၊ အဲဒီတော့ ဘယ့်နှယ်ကြောင့် ဒါလောက် ပါး-ပါး ပါး-ပါး သွားပါလိမ့်မတုံး မေးရင် ဘယ့်နှယ်ဖြေကြမလဲ.... (ပွားလွန်းလို့ပါဘုရား)။

ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ဝီရိယ သမ္ဘောဇ္ဈင်္ဂေါ ခေါ ကဿပ ဘာဝိတာ ဗဟုလီကတာ" လို့ လာပြန်တယ်....(မှန်ပါ့)၊ ဝီရိယကလဲ မင်းတို့ တစ်ကြိမ်တည်း

http://www.dhammadownload.com



ထဲတော့ သွား မလုပ်နဲ့တဲ့၊ ဝီရိယကလဲ ပွားပါဦးကွ... တဲ့ ဆိုတော့ မဂ္ဂင်ထဲလဲ သူဟာ သမ္မာဝါယာမ မဂ္ဂင်ဖြီးသား -- (မှန်ပါ)၊ မပါဘူးလား.... (ပါပါတယ်ဘုရား)။

သို့သော် မပွားဖြစ်မှာ စိုးတဲ့အတွက် ဗောဇ္ဈင်က နေပြီး သကာလ "ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မာ ဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ" ဝီရိယကလဲ ပွားမှရမယ်တဲ့ (မှန်ပါ ဘုရား)၊ သဘောကျပလား....(ကျပါပြီ)။

ပီတိ-ဆိုတော့ မဂ္ဂင်ထဲမှာတော့ သူ သီးသန့်တာ မပါတာ၊ သဟဇာတအဖြစ်နဲ့ ပါပြီးသားလို့ မှတ်လိုက် .. (မှန်ပါဘုရား)၊ သဘောကျပလား (ကျပါပြီ)။

မဂ္ဂင် ရှစ်ပါးထဲမှာတော့ ပီတိ မပါ-ပါလားလို့ ဆိုတော့ အို ဒါ မဂ္ဂင်ရှစ်ပါး ခေါင်းဆောင်သာ ရှေ့ ထားတာ(မှန်ပါ) ယှဉ်ဖေါ် ယှဉ်ဖက် အဖြစ်နဲ့တော့ ... (ပါပါတယ်ဘုရား)၊ ပါနေ ပြီလို့ ဦးသံဒိုင် မှတ်လိုက်....(မှန်ပါဘုရား)၊ သဘောကျပလား (ကျပါပြီ)

ယှဉ်ဖေါ် ယှဉ်ဖက် အဖြစ်နဲ့တော့... (ပါနေပါပြီ)

ပါနေတော့ ပီတိ သမ္ဗောဇ္ဈင်လဲ ဘာလုပ်ရမတုံး ဆိုလို့ ရှိရင် ဝမ်းမြောက် ဝမ်းသာနဲ့ ခင်ဗျားတို့ရှိနေရမယ်....(မှန်ပါ)၊ ဘယ် လောက် ဝမ်းမြောက်ရမှာတုံး မေးတော့ အို ဝမ်းမြောက် တိုင်း ဝမ်းမြောက်တိုင်း ရှုလို့ ကောင်းတိုင်း ရှုလို့ ကောင်း တိုင်း ပီတိ ပါနေတယ်... (မှန်ပါဘုရား)။

ရှုလို့ ကောင်းတိုင်း ကောင်းတိုင်း.... (ပီတိ ပါနေတယ် ဘုရား)။

http://www.dhammadownload.com



ပီတိ ပါနေလို့ရှိရင် သူဟာ နိဗ္ဗာန်ရောက်စေတဲ့ ဗောဇ္ဈင် ဖြစ်သွားတာပဲ....(မှန်ပါ)၊ သဘောကျပလား... (ကျပါပြီ)။

အဲဒါက မဂ္ဂင်ထဲမှာ မပါဘြားသော်လဲ ရှစ်ပါးခေါင်းဆောင် ထဲမှာ မပါဘြားသော်လဲ နောက်လိုက် အဖြစ်နဲ့ ပါတယ်လို့ ဆုံးဖြတ်ချက် ချပါ....(မှန်ပါဘုရား)။

အကယ်၍ ပီတိဆိုတဲ့ နှစ်သက်မှုမပါဘဲနဲ့ ရှုနေပြန်လို့ရှိရင်လဲ ကောသဇ္ဇဆိုတဲ့ ပျင်းရိမှုက ဦးသံဒိုင်လာလိမ့်မယ် (မှန်ပါဘုရား)။

ကောသဇ္ဇ ဆိုတဲ့....(ပျင်းရိမှု လာမှာပါဘုရား)၊ ပျင်းရိမှုက လာလိမ့်မယ်ဆိုတာ သေသေချာချာ မှတ်ထားပါ....(မှန်ပါ)။

ဒါ့ကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလဲ စိတ် ရွှင်ရွှင်ပျပျနဲ့ ရှုစမ်းပါကွာ....၊ ရှုစမ်းပါ ပီတိဖြစ်အောင်ရှုစမ်းပါ ဆိုတဲ့ဥစ္စာ ဒီအပေါ်မှာ မြင်နေရတဲ့ဥစ္စာ ဘယ်တော့မှ မမြင် ဖူးတာကို မြင်နေရတယ်ကွ၊ ဝမ်းမြောက် ဝမ်းသာနဲ့ ရှုစမ်းပါ (မှန်ပါ)၊ ရှင်းပလား... (ရှင်းပါပြီ)။

ခင်ဗျားတို့ ဘယ်တော့မှ မမြင်ဖူးတာ မြင်ရတယ်ဆိုတဲ့ ဥစ္စာကို ဘုန်းကြီး ရှင်းပြမယ်၊ ကောင်းကင်မှာရှိတဲ့ ဗြဟ္မာကြီး တွေ ရှိပါတယ်တဲ့၊ ဗြဟ္မာ့ဘုံမှာ ဗြဟ္မာဟာ လူ့ပြည်က အပ် ကျတယ်ဆိုရင် ဗြဟ္မာမျက်လုံးနဲ့ ကြည့်လိုက်ရင် မြင်တယ် (မှန်ပါ)၊ ဘယ်နေရာမှာ ကျနေတယ်ဆိုတာ မြင်တယ် (မှန်ပါ)၊ တော်တော် မြင်တယ် ဆိုတော့ မိုင်ပေါင်းကို ကုဋေ ယောဇနာ လောက် ဝေးတဲ့နေရာက သူ လှမ်းကြည့်တာ၊ သူ မျက်လုံး အတော်ကောင်းတယ်လို့ မဆိုနိုင်ဘူးလား.... (ဆိုနိုင်ပါတယ် ဘုရား)၊ သို့သော်လဲတဲ့ ဖြစ်ပျက်ကျတော့ သူမမြင်ဘူး....(မှန်ပါ ဘုရား) ဖြစ် ပျက် ကျတော့ (မမြင်ပါဘုရား)။

http://www.dhammadownload.com



ဟိုဟာက လောကီနဲ့ ကြည့်တာကိုးဗျ.... (မှန်ပါ့)၊ ဒါက လောကုတ္တရာနဲ့ ကြည့်တာ ... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီ)။

ဒါကြောင့် ခင်ဗျားတို့ မြင်တဲ့ အမြင်ဟာ ဗြဟ္မာ့အမြင်ထက် သာတယ်လို့ မှတ်လိုက်ပါ.... (မှန်ပါ့)။

ဗြဟ္မာ့အမြင်ထက်.... (သာပါတယ်ဘုရား)၊ ဗြဟ္မာ့အမြင် သည်ကားလို့ဆိုရင် ပုထုဇဉ် ဗြဟ္မာသာဆိုရင်ဖြင့် မောင်သစ်တို့ ဦးသံဒိုင်တို့ လူ့ပြည်မှာ ဘာမဆို အကုန်မြင်နိုင်တယ်....(မှန်ပါ့)။

မိုင် ဆိုတာကတော့ တကာ တကာမတို့ အင်မကန် လေး စားတယ်၊ တစ်ယူဇနာလောက်ရှိတဲ့ ကျောက်ဖျာကြီးတောင်မှ တစ်လလောက် ကျရတာ ဗြဟ္မာ့ပြည်က ... (မှန်ပါ့)၊ ဒါမှ ဒီအောက်ရောက်တယ်....(မှန်ပါ့)၊ မြေကြီးပေါ်ကို ဒါလောက် အရှိန်ပြင်းတာကြီးတောင်မှ တစ်လခွဲ နှစ်လ ကျရတယ်ဆိုသဖြင့် သြော်.... ဗြဟ္မာ့ပြည်ဟာ အဝေးဝေးပါလားဆိုတာ ပေါ် လာတယ်...(မှန်ပါ့)၊ အဲဒီကနေ ကြည့်တော့ ဒီမှာ အပ်ကျတာ မြင်တယ်....(မှန်ပါ့)၊ မမြင်ဘူးလား... (မြင်ပါတယ်ဘုရား)။

ဒါက ဘာတုံး၊ အဘိညာဏ် လောကီမျက်လုံးပါ (မှန်ပါ့)၊ သာသနာ ပ မျက်လုံး (မှန်ပါ့)၊ ရှင်းပလား....(ရှင်းပါပြီ)။

အဲဒါက သမာဓိတန်ခိုးကြောင့် ဗြဟ္မာကြီးဖြစ်ပြီး သမာဓိ ဦးစီးတဲ့ မျက်လုံး.... (မှန်ပါ့)၊ ဉာဏ် ဦးစီးမှ မြင်တဲ့ မျက်လုံးနဲ့ မကွာဘူးလား.... (ကွာပါတယ်ဘုရား)။

အဲဒါကြောင့် ခင်ဗျားတို့သည် တို့မြင်နေတဲ့ အမြင်ဟာ သြော်....နတ်အမြင် ဗြဟ္မာ့အမြင်တွေနဲ့ဖြင့် တယ် ကွာပါလား....

http://www.dhammadownload.com



(မှန်ပါ)၊ တယ်ကွာပါလားဆိုတဲ့ဥစ္စာ ခုနင်က ဗြဟ္မာ့အမြင် နတ်အမြင် တွေ လူ့ပြည် ဘာ ပ်နေတယ်ဆိုတာ အကုန် သိပြီး-သကာလ နေခြားသေ ခုနင်က ဖြစ်ပျက် ကျ မမြင်ဘူးတဲ့ဗျာ၊ သဘော ပါကြပလား ....(ပါပါတယ်ဘုရား)။

အင်း — ဖြစ် ပျက် မြင်ဖို့ အရေးဟာ လွယ်ကြပါ့မလား.... (မလွယ်ပါဘူးဘုရား)၊ မ လွယ် တော့ ဘုန်းကြီး တို့ ထကာ တကာမတွေက ကိုယ် ကိုယ်တိုင်လေး ဒီနေရာမှာ ထားပြီး၊ ဒီနေရာ ပျောက်သွားတာ၊ ဒီနား ဝေဒနာလေးဖြစ် ဝေဒနာ ပျက်တာပဲ သဘောကျပလား....(ကျပါတယ်ဘုရား)။

မျက်စိလေးက ဥပမာ အရှေ့ဖက်ကြည့်လို့ အရှေ့ဖက် မြင် တယ်၊ အရှေ့ဖက် ဖယောင်းတိုင်လေး ထွန်းထားတာမြင်လိုက် တယ်၊ ဒီနေရာမှာ ဖြစ်ပြီး ဒီနေရာမှာ မြင်၊ ဒီနေရာ ပျက်တာပဲ။ အနောက်ဖက်ကြည့်တော့ အနောက်ဖက်မျက်လုံးက တစ်မျိုးပဲ၊ သဘောကျပလား — (ကျပါတယ်ဘုရား)။

ဒါဖြင့် အဲဒီ အဖြစ်အပျက်ကလေးတွေ ကျတော့ ဗြဟ္မာ့ မျက်လုံး၊ နတ် မျက်လုံးက မောင်သစ် မတတ်နိုင်ဘူး၊ ဒါကြောင့် သူ့ကို ဝိဇ္ဇာမျက်လုံးလို့ ဆိုလိုက်တယ်၊ ဓမ္မဝိစယ မျက်လုံး လို့ထဲ ဆိုနိုင်တယ်....(မှန်ပါဘုရား)၊ သမ္မာဒိဋ္ဌိ မျက်လုံးလို့လဲ (ဆိုနိုင်ပါတယ်)၊ ဝိဇ္ဇာမျက်လုံးလို့လဲ (ဆိုနိုင်ပါတယ်ဘုရား)။

ကိုင်း....ဗြဟ္မာတွေ နတ်တွေ မျက်လုံးနဲ့ ခင်ဗျားတို့ မျက် လုံးနဲ့ အများကြီးကွာတယ်....(မှန်ပါတယ်ဘုရား)၊ ဒါကြောင့် ဗြဟ္မာတွေ နတ်တွေသည် ပုထုဇဉ် ဗြဟ္မာတွေ နတ်တွေဟာ တကာ တကာမတို့ မှတ်လိုက်ပါတဲ့၊ နိဗ္ဗာန် မရနိုင်ဘူး။

http://www.dhammadownload.com



အဲဒီမှာ ဒီမျက်လုံး မရှိဘူး၊ သမ္မာဒိဋ္ဌိ မျက်လုံး၊ ဗောဇ္ဈင် မျက်လုံး၊ ဝိဇ္ဇာမျက်လုံး.... (မရှိပါဘုရား)၊ မရှိတဲ့အတွက် သူတို့မှာ ပုထုဇဉ်ဗြဟ္မာတွေ ဆိုလို့ရှိရင် သမာဓိ အရှိန်အဟုန် ကုန် လို့ ရှိရင် ဖြင့် ကမ္ဘာ ၄၀၊ ကမ္ဘာ ၂၀ လောက်နေပြီး၊ တော်ကြာ လူ့ပြည် ရောက်၊ လို့ပြည်ကနေ တိရစ္ဆာန်ဘုံရောက် သေချာပြီလား ... (သေချာပါပြီဘုရား)။

ဒါကြောင့် ရှင်းရှင်းကို ပြောရတော့မယ်လို့ ဆိုလို့ရှိရင် ကမ္ဘာပျက်ခါနီး လောကဗျူဟာနတ်က အော်တဲ့ အခါမှာ မေတ္တာ ကရုဏာ မုဒိတာ ဥပေက္ခာ ကြိုးစားကြ။ နောင်လဲ... ကမ္ဘာ နှစ် တင်ရာ၊ နှစ် တစ်သိန်း ဆိုတဲ့အတိုင်း နောက် အနှစ် တစ်သိန်း ရှိလို့ရှိရင် အကုန်ကြောက်တယ်။

အကုန်ကြောက်တဲ့အခါ ကျလို့ရှိရင် မေတ္တာ ပွားတဲ့လူက ပွား၊ ကရုဏာ ပွားတဲ့ လူက ပွား၊ ဗြဟ္မာ့ဝိဟာရတရား လေးပါး ကြိုက်သလို ပွားကြတယ်.... (မှန်ပါဘုရား)။

ပွားတော့.... ဒီမှာ သမာဓိက ရပြီ၊ သေသည် အခြားမဲ့၌ မျှသောအားဖြင့် ဗြဟ္မာဖြစ်တယ်၊ ဘာနဲ့ ဖြစ်တာတုံး ဆိုတော့ သမထ နဲ့ ဗြဟ္မာဖြစ်တာ ရိပ်မိကြပြီလား(ရိပ်မိပါတယ်ဘုရား)။

သမထ နဲ့ ဗြဟ္မာဖြစ်တာဆိုတာ သေချာတော့မှ ဩော်... သမထ တန်ခိုး ကုန်တဲ့ အခါကျလို့ရှိရင် ပြန် ကျတော့မယ်... (မှန်ပါဘုရာ )။

ဒါ ဖြင့် သမထ မျက်လုံးနဲ့ ဝိပဿနာ မျက်လုံးဟာ အတော် ခြားနားတယ် သမထ မျက်လုံးသည် အပ်ကျတာ မြင်ငြား ကောင်း မြင်ပါသယ်၊ လက္ခဏာရေး သုံးပါးကျတော့...(မမြင်

http://www.dhammadownload.com



ပါဘူးဘုရား)၊ မမြင်ဘူးဆိုတာ သေချာပြီလား.... (သေချာပါပြီဘုရား)။

အဲဒါ ဘယ်နှယ်ကြောင့်တုံးလို့ မေးတဲ့အခါကျတော့ သူတို့က အန္တရာယ်ကင်း ဒီနေရာ နေလို့ ရှိရင်ဖြင့် ကမ္ဘာမီးလောင်သောလိမ့်မယ်၊ ဗြဟ္မာ့ပြည် သွားနေလို့ ရှိရင်ဖြင့် မီး မဟပ်ပေဘူး၊ မလောင်ပေဘူး ဆိုတော့ သူတို့က ဘဝတဏှာနဲ့ လုပ်တာ၊ ရှင်းပလား (ရှင်းပါပြီဘုရား)၊ ဘာနဲ့လုပ်တုံး... (ဘဝတဏှာ လုပ်တာပါဘုရား)။

ဒီနေရင် သေလိမ့်မယ်၊ ဟိုသွား နေရရင် ကောင်းလိမ့်မယ်လို့ ထင်တဲ့ တဏှာနဲ့လုပ်တဲ့အတွက် ဘဝတဏှာနဲ့ လုပ်တဲ့အတွက် တဏှာက မကန့်ကွက်ပါဘူး၊ ဗြဟ္မာ့ပြည်တော့ ပို့လိုက်တာပဲ.... (မှန်ပါဘုရား)။

သို့သော် ခုနင်က ပြောခဲ့တဲ့ ဝိပဿနာဉာဏ်က မပါတဲ့အတွက်၊ ဒီ ဘဝတဏှာ ရှိလို့ ရောက်သွားငြား သော်လည်း ဝိဋ္ဋိက ပါသွားတာ တစ်မျိုး၊ ဘဝတဏှာက လုပ်လိုက်တာ တစ်မျိုး ဆိုတော့ တော်တော်ကြာလို့ ရှိရင် ဗြဟ္မာကနေ ဝက်ဖြစ်တဲ့ ဝတ္ထုတွေ အများကြီးပဲ.... (များရပါတယ် ဘုရား)၊ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

ခင်ဗျားတို့ ကျုပ်တို့ကိုပဲ ဗြဟ္မာ့ပြည်က ဆင်းလာတဲ့သူတွေ ကမ္ဘာပျက်ပေါင်း ဘယ်လောက် တွေ့မှန်းမှ မသိပဲ.... (မှန်ပါဘုရား)။

အကုန် ဒီ ဆင်းပြီး-သကာလ ဒီမှာပဲအခု တော်အောင် ရော်အောင်လူတွေ ဖြစ်နေကြတာ၊ သဘောပါလား.... (ပါပါတယ်ဘုရား)။

http://www.dhammadownload.com



အဲဒါ ဝိပဿနာမျက်လုံး မပါလို့ပဲ၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အားလုံး တကာ တကာမတွေ မှတ်စရာက ဩော်....ဒီတစ်ခါ ထူးဘယ်၊ ဗြဟ္မာတော့ ဖြစ်ပေါင်းများလှပြီ၊ နတ်ဆိုတာ မရေမတွက်နိုင်ဘူး။

နောက်ဆုံး ဘိတ်ကျတော့ အိုနာသေလဲ မလွတ်ဘူး၊ ဒီတစ်ခါ အဲဒါ ဘယ်မျက်လုံးတွေပါလိမ့် ဆိုတော့ တဏှာ-ခြံရံတဲ့ သမာဓိ မျက်လုံးတွေ၊ ရှင်းပလား.... (ရှင်းပါပြီ)။

တဏှာ ဦးစီးတဲ့....(သာမဓိ မျက်လုံးတွေပါဘုရား)၊ သမာဓိမျက်လုံးတွေပဲဆိုတာ သဘောပါလား — (ပါပါတယ်ဘုရား)၊ ဒါဖြင့် ဝိပဿနာမျက်လုံး မရဖူးဘူးပေါ့... (မှန်လှပါဘုရား)။

ဒါဖြင့် သမာဓိမျက်လုံးနဲ့ ဝိပဿနာမျက်လုံး ဘယ်ဟာက အရေးကြီးတုံး.... (ဝိပဿနာမျက်လုံးက အရေးကြီးပါတယ်ဘုရား)၊ ဝိပဿနာမျက်လုံးက အရေးကြီးတယ်ဆိုတော့ ခုနက ဗြဟ္မာနဲ့ပြိုင်ပြလိုက်ဖို့ ကောင်းတယ်...(မှန်ပါ့ဘုရား)။

ရက်ပေါင်းများစွာ ကျောက်ဖျာကြီး ကျပြီးလာတာတောင်မှ ဒီမှာ တစ်လခွဲ နှစ်လကြာမှ လူ ပြည်ရောက်တယ်လို့ ဗြဟ္မာ့ပြည်နဲ့ ဝေးကြောင်း အတိုင်း အထွာ ကြည့် လိုက် တဲ့ အခါ အတော် ဝေးတယ်ဆိုတာ မပြောနိုင်ဘူးလား... (ပြောနိုင်ပါတယ်ဘုရား)။

ဒါတောင်မှတဲ့.... အပ်ကျတာတော့ မြင်တယ်၊ သူ့ ခန္ဓာ အနိစ္စ သူ ရှုလို့ မရဘူး၊ ဒါဖြင့် ဒီမျက်လုံးလောက် အဖိုးတန်တာ ဝိပဿနာ မျက်လုံးလောက် အဖိုးတန်တာ၊ ဝိပဿနာ

http://www.dhammadownload.com



မျက်လုံးလောက် အဖိုးတန်တာဖြင့် မရှိဘူးလို့ အားလုံး တကာ တကာမတွေ မှတ်ရမယ်၊ မရှိဘူးလို့ ... (မရှိပါဘုရား)၊ မရှိဘူး ဆိုတဲ့ဥစ္စာ ခံသချာပြီလား.... (ခံသချာပါတယ်ဘုရား)။

တကာတို့သာ နတ်ပြည်မှာ နတ်တွေကောင်းပါရဲ့၊ သူ့ဟို အလိုက်အထိုက် သူတို့စည်းစိမ်နဲ့ သူတို့နေကြတာပဲ၊ ဒါနဲ့ ဝိပဿနာမျက်လုံးကျတော့ သိကြားမင်းကိုယ်တိုင် လူ့ပြည်လာ အားထုတ်ရတယ်.... (မှန်ပါ့ဘုရား) ၊သိကြားမင်း ကိုယ်တိုင် (လူ့ပြည်လာ အားထုတ်ရပါတယ် ဘုရား)။

ဟိုမှာက မျက်လုံးသာ ရှိတယ်၊ ဉာဏ်မျက်လုံး မရှိဘူး၊ သဘောကျပလား.... (ကျပါတယ်ဘုရား)၊ အဲဒါကြောင့် ခင်ဗျားတို့ ခန္ဓာကိုယ် ခင်ဗျားတို့ ကြည့်တိုင်း ကြည့်တိုင်း သြော်....ဖြစ်မှု ပျက်မှုလေးတွေ ကေန်ရှိ၊ တကယ်ရှိ။

ဉာဏ်အောက် ရောက်လာပြီ ဆိုလို့ရှိရင်ဖြင့် ငါတို့ ဘယ် အချိုးအစားထဲကဘုံးဆို သိကြား ဗြဟ္မာတွေထက် မြတ်တယ် လို့ အောက်မေ့လိုက်ပါ....(မှန်ပါ့ဘုရား)။

သိကြား ဗြဟ္မာက နိဗ္ဗာန်ကို မရောက်နိုင်သေးဘူး၊ ခင်ဗျား တို့က ဒီဟာလေး မြင်လို့၊ ဒီဟာလေး မုန်းလို့၊ ဒီဟာလေး ဆုံးသွားတယ်ဆိုရင် မရောက် မရှိဘူး၊ သဘောကျပလား .... (ကျပါပြီ ဘုရား)။

ဒါဖြင့် ဒီအလုပ်သည် ခင်ဗျားတို့ မရစဖူး အရထူးတဲ့ အလုပ် ဖြစ်ပြီး - သလာက နေလေသောကြောင့် ဒို့မှာဖြင့် ဒီဥစ္စာ သိကြား ဗြဟ္မာတို့ မျက်လုံးထက် သာတာထောက်သောကြောင့် ဖိုဟာတွေဟာ အိုဘေး နာဘေး သေဘေးရှိတဲ့ ပုဂ္ဂိုလ်ဘေး၊

http://www.dhammadownload.com



ဒီဟာက အိုဟေး နာဟေး သေဟေးမရှိတဲ့သမ်းကိုပဲ့တဲ့ မျက်လုံး ဆိုတော့ မျက်လုံးချင်း အတော် မခြားနားဘူးလား .. (ခြား နားပါတယ်ဘုရား)။

ဒါဖြင့် ဒီမျက်လုံးကို မရအရ လုပ်ရမယ်၊ တကာ တကာမ တွေ ဘယ်လို....(မရအရ လုပ်ရပါမယ်ဘုရား)၊ နောင်ကို ဒီလို ဆရာကောင်းလဲ မတွေ့နိုင်ဘူး....(မှန်လှပါဘုရား)။

ဒီလို သာသနာနဲ့လဲ မတွေ့နိုင်ဘူး၊ နောက် ဆိုလို့ရှိရင် ဒီမျက်လုံးဟာ ကွယ်သွားမှာပဲ....(မှန်လှပါဘုရား)၊ ကွယ်တာလဲ အခု ကမ္ဘာမှာ သန်းပေါင်း ငါး ထောင် ကျော် လောက် ရှိ တဲ့ အနက်ကလဲ ကွက်ကွက်ကလေးပဲ ... (မှန်လှပါဘုရား)။

အခု မြန်မာပြည်က ဥပမာ (၁၇)သန်း ရှိတာ၊ သန်း(၂၀) ဆယ် ရှိတယ် ထားပါတော့၊ ဒီအထဲ တစ်သန်းပါဖို့ရာ မပြော ပါနဲ့ တစ်ထောင် ပါဖို့ရာတောင် ဦးသံဒိုင် အတော် ခဲယဉ်းဘာ၊ ခဲယဉ်းဘူးလား ... (ခဲယဉ်းပါတယ်ဘုရား)။

အဲဒါ ခင်ဗျားတို့ ရထားတဲ့ မျက်လုံးဟာ ဒုက္ခခပ်သိမ်း ငြိမ်းတဲ့ဆီ သွားမယ့်မျက်လုံးဆိုတာကော သေချာပြီလား .... (သေချာပါပြီဘုရား)။

ဒါဖြင့် ဒီ မျက်လုံးကလေးကို ခင်ဗျားတို့ မြင်သထက် မြင် အောင်၊ ကြည်သထက် ကြည်အောင် ပွားရလိမ့်မယ်၊ မြင်သထက် မြင်အောင်.... (ကြည်သထက် ကြည်အောင် ပွားရပါလိမ့်မယ် ဘုရား)။

ဒါကြောင့် ဗေ ချွှင်ကို ကနေ့ ထည့်ပြောတာ၊ မပွားရင် မရဘူးလို့၊ မဗ္ဗဝိဇယ သမ္မောဇ္ဈင်လဲ မပွားရင် မရဘူး။

http://www.dhammadownload.com



ပဿတိ သမ္မောဇ္ဈင် ဆိုတာ ကောဂ္ဂတာ၊ စေတသိက်ကလဲ ကောဂ္ဂတာ များများကျအောင် လုပ်ရမှာပဲ၊ ဒါလဲ ဘာလုပ်ရမှာတုံး ... (ပွားရမှာပါဘုရား)၊ ပွားရမှာပဲဆိုတာ ဗောဇ္ဈင်က ထောက်ခံချက် ပေးလိုက်တယ်၊ မပေးသင့်ဘူးလား....(ပေးသင့်ပါတယ်ဘုရား)။

ဘာဖြစ်တုံးဆိုတော့ မဂ်ဟာ တစ်ကြိမ်တည်းဖြစ်လို့ ပြီးတယ်လို့ မယူပဲနဲ့ နေအောင်လို့ ပွားရမယ်ဆိုတဲ့အဓိပ္ပာယ် ရှင်းအောင်လို့ ဗောဇ္ဈင် ကူပေးလိုက်တယ်၊ ကဲ.... သဘောပါကြပလား (ပါပါတယ်ဘုရား)။

ဒါဖြင့် တကာ တကာမတွေ၊ ကိုယ် အဖိုးတန်ကြောင်းကို ယနေ့တရားမှာဖြင့် သိလောက်ပါပြီ . (သိပါပြီဘုရား)၊ သိကြွားဗြဟ္မာတို့နဲ့ ခင်ဗျားတို့နဲ့ မလဲနဲ့.... (မှန်ပါ့ဘုရား)။

ခင်ဗျားတို့က ဆတောင်းယူဖို့ မလိုဘူး၊ သူတို့က ဒီမျက်လုံးလူ့ပြည်မှာ နေပါရစေ၊ ကြုံပါရစေ၊ ဆုံပါရစေ၊ ဒီလို ဆရာကောင်း သမားကောင်းနဲ့ သူတို့က ဆုတောင်း ယူ ရ တယ်၊ ခင်ဗျားတို့က အရမ်း တောင်ပြီး သကာလ ငါနတ်ဖြစ်ရပါလိမ့်၊ ငါဗြဟ္မာဖြစ်ရပါလိမ့် လို့ သွားပြီ မလဲလိုက်နဲ့.... (မလဲပါဘူးဘုရား)၊ သဘောကျပလား....(ကျပါပြီဘုရား)။

ခင်ဗျားတို့က ရွှေ! ဟိုက ဆားနဲ့ လဲတာနဲ့ တူနေဦးမယ်၊ အဲဒါ တကာ တကာမတွေ ဒီလောက် အဖိုးတန်မှန်း မသိလို့ ဦးသံဒိုင်ရ။

ဩော်.. ဒီတရားလေး အားထုတ် နိဗ္ဗာန် မရသေးလို့ရှိရင် နတ်ပြည်ရောက်ဆို တော်ပါပြီ၊ အစရှိသည်သဖြင့် အလဲမှ မတတ်ပဲ၊ ရှင်းပလား... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ကဲ....ဒီနေ့က စပြီး-သကာလ ကိုယ်အဖိုးတန်ကြောင်း ကိုယ်သိမှ၊ ခင်ဗျားတို့က ချင်း-လက် ကျောက်ကောင်းရောက် ဖြစ်နေလို့ရှိရင် ဆားနဲ့ လဲဦးမလို ဖြစ်နေတယ်၊ မဖြစ်ပေဘူးလား (ဖြစ်ပါတယ်ဘုရား)၊ ကဲ - သဘောပါပလား.... (ပါပါတယ်ဘုရား)၊ ဒါဖြင့် ဘာလုပ်ရမှာတုံး....(ပွားများရမှာပါဘုရား)။

သမ္မာဒိဋ္ဌိလဲ ပွားများရမယ်၊ သမ္မာသင်္ကပ္ပကော .. (ပွားများရပါမယ်ဘုရား)၊ မဂ္ဂင်ရှစ်ပါးစလုံး.... (ပွားများရပါမယ်ဘုရား)၊ ဘယ်သူက ပြောတုံးဆိုတော့ ဗောဇ္ဈင်က ပြောတယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

ဗောဇ္ဈင်က မဂ္ဂင်ဟာ တစ်ကြိမ်ထဲနဲ့တော့ ဝိပဿနာမဂ်မှာ မရဘူး၊ ပွားပါဦးဆိုတဲ့ အဓိပ္ပာယ်ကိုး။ သေသေချာချာ ပြောပါတယ်တဲ့၊ ဒီဥစ္စာကိုလဲ နောက် မနက်ဖန် သဘက်ကျတော့ ဝတ္ထုနှင့်တကွ ပွားရမယ်ဆိုတဲ့အကြောင်း အဓိပ္ပာယ် ပါပါလိမ့်မယ်.... (မှန်ပါဘုရား)။

ပါပါလိမ့်မယ်လို့ ရှင်အာနန္ဒာက ဟောလို့ ဘိက္ခုနီမတွေ ဒီမှာ ပွားခိုင်းတာပဲ၊ သဘောပါကြလား.... (ပါပါတယ်ဘုရား)၊ ရှင်းပြီနော် ... (ရှင်းပါပြီဘုရား)။

ကဲ.... ယနေ့ ဒီတွင် တော်ကြဦးစို့။

(သာဓု၊ သာဓု၊ သာဓု)

http://www.dhammadownload.com

အမရပူရမြို့ မဂ်လာ တိုက်ဟောင်း၊
ကျောင်းဒူးတော်ရှင် - အဂ္ဂမဟာပဏ္ဍိတ
**မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော**

# ဝိသာခ နှင့်ဓမ္မဒိန္နာ အမေးအဖြေ
# (ညအလုပ်ပေးတရားတော်)
## (၁၆-၁၂-၆၁)

ဝိသာခ သူဌေးကြီးက သူ့ တကာမ လူထွက်ချင်လို့ ပြန်လာတယ် ထင်လို့ ပညာရှိသဘောနဲ့ အမေးပုစ္ဆာကို ရဟန္တာမှ ဖြေနိုင်တဲ့ အမေးတွေ၊ မေးပြီး-သကာလ ဪ....ဒါ လူထွက်ချင်လို မဟုတ်ဘူး၊ သက်သက် တရားထူးရလို့ ပြန်လာတာပဲ ဆိုဘာ သိအောင်လို့ ပုစ္ဆာနဲ့ မေးနေတယ် မှတ်ရမယ်။

အဲဒီတော့၊ ဒီနေ့တော့ ဘာ မေး တုံး ဆို တော့ နိရောဓ သမာပတ်တွေပဲ မေးတယ်၊ သို့သော် ဒီ တကာ တကာမတွေ အတွက်မှာတော့ နိရောဓ သမာပတ်က ဘာမှ အသုံးမကျလို့ ရှေ့ဆက်မေးတာကို ပြောကြစို့။

ရှေ့ဆက် မေးတာကတော့ တကာ တကာမတွေ အလုပ် လုပ်ဖို့လို့ မှတ်ရမယ်။ ဘာ မေးတုံးလို့ မေးတော့ ဝေဒနာ ဘယ်နှစ်မျိုးရှိပါတုံး ဝိသာခက မေးတော့ ဓမ္မဒိန္နာက ဝေဒနာ သည်ကားလို့ ဆိုလို့ရှိရင်ဖြင့် သုံးမျိုးရှိတယ်လို့ ဖြေလိုက်ပါ

# ဝေဒနာ ရှုပသာနာ ရှုပွားပုံ



မြင်ကာမတ္တဥပေက္ခာဝေဒနာ
ကြားကာမတ္တဥပေက္ခာဝေဒနာ
နံကာမတ္တဥပေက္ခာဝေဒနာ
စားကာမတ္တဥပေက္ခာဝေဒနာ
ကိုယ်အကြည်ပေါ်မှာ
သုခဝေဒနာ
ဒုက္ခဝေဒနာ
ပေါ်သည်။
သောမနဿဝေဒနာ
ဒေါမနဿဝေဒနာ
ဥပေက္ခာဝေဒနာ
မနောအကြည်ပေါ်မှာပေါ်သည်။

http://www.dhammadownload.com

http://www.dhammadownload.com

# ၆ ဝေဒနာ နုပဿနာ ရှုပွားနည်း ပေါ်ရာရှု အရှုခံတရားများ

| | အပွင့်စာတ် | ဝေဒနာအမျိုးအစား | ပေါ်ရာဌာန |
|---|---|---|---|
| ၁ | မြင်ကာ မတ္တ | ဥပေက္ခာ ဝေဒနာ | မျက်လုံးမှာပေါ်သည် |
| ၂ | ကြားကာ မတ္တ | ဥပေက္ခာ ဝေဒနာ | နားမှာပေါ်သည် |
| ၃ | နံကာ မတ္တ | ဥပေက္ခာ ဝေဒနာ | နှာခေါင်းမှာပေါ်သည် |
| ၄ | စားကာ မတ္တ | ဥပေက္ခာ ဝေဒနာ | လျှာမှာပေါ်သည် |

အပြင်ဖြည့်သည် ဦးခေါင်းမှာ၊ ၄၊ နေရာ

| | | | |
|---|---|---|---|
| ၁ | ကိုယ်အကြည်ပေါ်မှာ | သုခ ဝေဒနာ | ခန္ဓာကိုယ်မှာပေါ်သည် |
| ၂ | ကိုယ်အကြည်ပေါ်မှာ | ဒုက္ခ ဝေဒနာ | ခန္ဓာကိုယ်မှာပေါ်သည် |

အပြင်ဖြည့်သည် ကိုယ်အကြည်ပေါ်မှာ၊ ၂၊ မျိုး

| | | | |
|---|---|---|---|
| ၁ | ဝမ်းတွင်း အဇ္ဈတ္တ | သောမနဿ ဝေဒနာ | မနောမှာပေါ်သည် |
| ၂ | ဝမ်းတွင်း အဇ္ဈတ္တ | ဒေါမနဿ ဝေဒနာ | မနောမှာပေါ်သည် |
| ၃ | ဝမ်းတွင်း အဇ္ဈတ္တ | ဥပေက္ခာ ဝေဒနာ | မနောမှာပေါ်သည် |

အတွင်းဖြည့်သည် အဇ္ဈတ္တမှာ၊ ၃၊ မျိုး

မှတ်ချက်။ ။တကိုယ်လုံးတွင် အကြည်ဓာတ်ရှိ၍ ဝေဒနာပေါ်နိုင်ပါသည် သို့ရာတွင် ဆံပင်၊ လက်သည်း၊ ခြေသည်း၊ အရေခြောက် ချန်၍ အားလုံးဝေဒနာပေါ်နိုင်ပါသည်။

http://www.dhammadownload.com

http://www.dhammadownload.com



တယ်၊ ကိုယ့်ခန္ဓာမှာ ဝေဒနာ ဘယ်နှစ်မျိုးရှိတုံး.... (သုံးမျိုး ရှိပါတယ်ဘုရား)၊ အလုပ် လုပ်ရမှာလို့ ဆိုတာကိုလဲ မှတ်ရ ပြန်တယ်။

သုခ ဝေဒနာ၊ ဒုက္ခ ဝေဒနာ၊ ဥပေက္ခာ ဝေဒနာလို့ ခန္ဓာ ကိုယ်ထဲမှာ ရှိတယ်။ ရှိပင် ရှိငြား သော်လည်း သုခ-ဝေဒနာ ဖြစ်နေရင် ဒုက္ခ-ဝေဒနာ မရှိဘူး၊ ဥပေက္ခာ-ဝေဒနာ မရှိဘူးလို့ မှတ်ရမယ်၊ တစ်ခု ရှိနေရင် နှစ်ခု မရှိလို့ မှတ်ကြစမ်းပါ... (မှန်ပါ့ဘုရား)။

သို့သော် အမြဲတမ်းတော့ တစ်ခု ရှိရမယ်ဆိုတာ မှတ်ထား စမ်းပါ၊ အမြဲတမ်းက.... (တစ်ခု ရှိရပါ့မယ်ဘုရား)။

အဲဒီ တစ်ခုကိုတော့ဖြင့် တကာ တကာမတွေက မိရမယ်။ ဝေဒနာ သုံးမျိုးရှိတယ်လို့ ဓမ္မဒိန္နာက ဖြေတယ်။

အဲဒီတော့ ဒီဖက် ဆက်ကြစို့တဲ့၊ အလုပ်ထဲ သွင်းရအောင်၊ ကိုယ်ပေါ်မှာတော့ သုခဝေဒနာလဲ ပေါ်နိုင်ပါတယ်၊ ဒုက္ခ ဝေဒနာလဲ ပေါ်နိုင်ပါတယ်၊ မျက်စိ နား နှာခေါင်း လျှာမှာ တော့ ဥပေက္ခာဝေဒနာ ပေါ်လိမ့်မယ်လို့ မှတ်ထားပါ။

ဘာဖြစ်လို့ ဥပေက္ခာလို့ ဆိုရပါသတုံးလို့ မေးတဲ့အခါ ကျတော့ မြင်တယ် ဆိုလို့ရှိရင် "ဥပေက္ခာ သဟဂတံ စက္ခု ဝိညာဏံ" ဆိုတဲ့အတိုင်း မြင်တဲ့ဝေဒနာလေးက မျက်လုံးထဲ ပေါ်လိုက်တာ။

သူက ဘာလုပ်သတုံးလို့ မေးတဲ့အခါကျတော့၊ သူက ဥပေက္ခာဝေဒနာ ဖြစ်နေတော့ မြင်ကာမျှ-မတ္တလို့ မှတ်လိုက် စမ်းပါ.... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



မြင်ကာမျှ-မတ္တ ဝေဒနာလေး ပေါ်လို့ရှိရင်လဲ တကာ တကာမတွေ့က ဘြော်....ဒါ မြင်ကာမျှမတ္တပဲ၊ မြင်ပြီး-သကာလ နောက် မဆက်လို့ရှိရင် ကောင်းတာပဲ။

နားနဲ့ ကြားတယ်၊ ကြားတာ ဥပေက္ခာလို့ မှတ်ပါ၊ ဘာ လို့တုံး ကြားတဲ့စိတ်က သူက ဥပေက္ခာနဲ့ ကြားရတာဖြစ်နေ တော့ သာယာမှု၊ပြစ်မှားမှု၊ သာယာမှုဆိုတဲ့ လောဘ၊ ပြစ်မှားမှု ဆိုတဲ့ ဒေါသ မပါဘူး၊ ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဒါကြောင့် ခု ကြားတဲ့စိတ်ကလေးပေါ်ရင် ဘယ်လိုမှတ်ကြ မလဲ..... (ဥပေက္ခာလို့ မှတ်ရမါမယ်ဘုရား)။

တစ်ခါ အမွှေး အကြိုင် အပုပ်နံ့လေး နှာခေါင်းလာပြီး လေက ယူပို့လိုက်တဲ့အခါမှာ နံစိတ်လေး ပေါ်လာတယ်။

နံရင် နံတွဲ၊ ဝေဒနာလေးဟာလဲ စိတ်နဲ့ ဝေဒနာနဲ့တွဲလျက် ဖြစ်နေလို့ ဥပေက္ခာပဲလို့ မှတ်ပါ၊ နံတာ စိတ်ပျက်တယ်၊ ဒီနား မနေချင်ပါဘူး ဆိုတာက ဇော ရောက်သွားတယ်လို့ မှတ်ရမယ်။

နံတဲ့စိတ် ကျော်ပြီး-သကာလ ဒေါသဇော စောသွားတယ်၊ ဒါက ကျော်သွားလို့ မှတ်ပါ၊ သူ့ဖြစ်တာ မတ္တပဲ၊ ဖြစ်တုံးက တော့ ဥပေက္ခာပဲလို့မှတ်ပါ၊ ကြား စိတ်ကလေး နံ စိတ်ကလေး ဥပေက္ခာနော်၊ စား စိတ်ကလေးက လျှာပေါ်မှာ ပေါ်လာ တယ်၊ လျှာပေါ်မှာ ပေါ်လာတဲ့အခါကျလို့ရှိရင် ဥပေက္ခာ ပဲတဲ့...။

ဝမ်းထဲက မကြိုက်ပါဘူး၊ ကြိုက်တယ်ဆိုတာကတော့ ဝမ်းထဲ ဇော ရောက်သွားတယ်လို့ မှတ်ကြပါ။ ဒါဖြင့် စားကာမျှ-မတ္တ ဘာဆိုကြမလဲ ... (ဥပေက္ခာ ဝေဒနာပါဘုရား)။

http://www.dhammadownload.com



ယားတယ် ယံတယ် နာတယ် ကိုက်တယ် ခဲတယ်၊ ဒါ သူ့နေရာလေးနဲ့ သူ ပေါ်နေတယ်လို့ မှတ်လိုက်စမ်းပါ၊ အဲဒါ ဒုက္ခဝေဒနာပဲ။

တစ်ခါ ကိုယ်ပေါ်မှာပဲ လေလေးတိုက်၊ မီးလေးလှုံတဲ့အခါကျတော့ ချမ်းသာ သွားတာလေး ရှိသေးတယ်၊ အဲဒါ သုခ-ဝေဒနာလို့ မှတ်လိုက်တာပေါ့၊ ဒါဖြင့်... ကိုယ်ပေါ်မှာ ဥပေက္ခာ လေး၊ သုခ နှစ်၊ ခြောက်ခု ရပြီ၊ ရှင်းပြီလား .... (ရှင်းပါပြီဘုရား)။

ကိုယ်ပေါ်မှာ ဥပေက္ခာ လေး၊ သုခ ဒုက္ခ နှစ်ခု၊ ဒါပဲ မှတ်ထားလိုက်တော့။ ဒါ ဝေဒနာ နုပဿနာ၊ ဒီနေ့ည သူက မေးလို့ တကာ တကာမတွေ ဝေဒနာ နုပဿနာ အလုပ်ထဲ သွင်း-မလို့ လို့ မှတ်လိုက်စမ်းပါ။

ဝမ်းထဲ ကျလာတဲ့အခါကျတော့ သောမနဿ၊ သောမနဿဆိုတာ ဝမ်းသာတာနော်၊ တစ်ခါတလေကျတော့ ဝမ်းထဲမှာ မကျေမချမ်း ဖြစ်တဲ့အခါကျတော့ ဒေါမနဿ။

တစ်ခါတလေကျတော့ တကာ တကာမတွေက သုံးတယ်၊ ဖြစ်သမျှအကြောင်း အကောင်းချည့်ပဲ၊ ဒါကျတော့ ဥပေက္ခာ၊ ဝမ်းထဲမှာတော့ သောမနဿ ဒေါမနဿ ဥပေက္ခာ၊ ရှင်းပြီနော် (ရှင်းပါပြီဘုရား)။

ဒီ ဝေဒနာတွေဟာ တကာ တကာမတို့ သန္တာန်မှာ တစ်ခု ရှိရင် ကျန်တာ ရှိကို မရှိဘူး၊ မြင်တဲ့ဝေဒနာ ပေါ်နေရင် ကျန်တဲ့ဝေဒနာတွေ ခုနက ပြောခဲ့တဲ့ အပြင်က ငါးခု၊ အတွင်းက သုံးခု ရှိကို မရှိဘူး။

http://www.dhammadownload.com



သို့သော်လည်း ဘာပြုလို့ ဝေဒနက္ခန္ဓာလို့ ဘုရားက ဟော ရပါလိမ့်မလဲလို့ မေးလို့ရှိရင် ဝေဒနာ ဘယ်အခါမှ မဆိတ်လို့ လို့ မှတ်လိုက်စမ်းပါ၊ ရှင်းပြီနော် (ရှင်းပါပြီဘုရား)၊ ဘယ်လို မှတ်ကြမလဲ... (ဝေဒနာ ဘယ်ခါမှ မဆိတ်ပါဘူးဘုရား)။

ဝေဒနာ ဘယ်ခါမှ မဆိတ်လို့ဆိုတော့၊ ဩော်.... ဒါဖြင့် ဝေဒနာဟာ ရှာ နေရတာလား၊ ပေါ်တာ မသိဘာလားလို့ မေးဖို့ လိုတယ် .. (မှန်ပါ့ဘုရား)၊ ပေါ်တာ မသိလို့၊ အဲဒီတော့ သတိပဋ္ဌာန် အလုပ်ကို လုပ်ပါ။

သုခံဝါ ဝေဒနာ ဝေဒိယ မာနော သုခဝေဒနာ၊ "ဝေဒိယာ မီတိ ပဇာနာတိ"၊ဝေဒနာသည် မျက်စိ နား နှာခေါင်း လျှာ ပေါ်မှာ ဘာ-ဝေဒနာ ပေါ်သော့ရှိတုံး.... (ဥပေက္ခာ ဝေဒနာ ပေါ်ပါတယ်ဘုရား)။

ကိုယ်ပေါ်မှာတော့ သုခနဲ့ဒုက္ခ အလှည့်ကျနဲ့ ပေါ်ချင်လဲ ပေါ်တတ်တယ်.... (မှန်လှပါဘုရား)၊ ကိုယ်ပေါ်မှာ နှစ်မျိုး၊ ဝမ်းထဲကျတော့ကို သောမနဿ ဒေါမနဿ ဥပေက္ခာ။

အဲဒီတော့ကို ဆံဖျား ခြေသည်းဖျား အရေခြောက်၊ ဒါ ချန်လှပ်ပြီး ကျန်တဲ့နေရာ ဝေဒနာ မပေါ်နိုင်တဲ့နေရာ မရှိဘူး၊ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

အဲဒော့.. ဒီ ဝေဒနာတွေဟာ တကာ တကာမတွေ့က မှတ်ရမယ်၊ သခါရတရားလို့နော် ...(မှန်လှပါဘုရား)၊ သခါရ တရား ဆိုတာ ဥပမာဆိုရင် မျက်စိထဲမှာ ဝေဒနာပေါ်တယ်၊ ဟိုက အာရုံက ပြုပြင်လို့၊ ဒီမျက်လုံးမှာ ပသာဒ ရုပ်ကလေး ကလဲ ရှိနေလို့၊ မျက်လုံး ချို့တဲ့ တဲ့ ပုဂ္ဂိုလ်ကျတော့ ပသာဒ

http://www.dhammadownload.com



ရှုပ် ပျက်သွားတဲ့အခါ ဒီ မြင်တဲ့ဝေဒနာ ပေါ်နိုင်သေးလား ...
(မပေါ်နိုင်ပါဘူးဘုရား)။

သူ့မှာ မျက်လုံး ရုပ်ရယ်၊ ဟိုက အဆင်းရယ် နှစ်ခုပေါင်းပြီး တိုက်မိလို့ ပေါ်တဲ့ ဝေဒနာလို့ မှတ်လိုက်စမ်းပါ။ ဒါဖြင့် ... နှစ်ခုက ပူးပြိုင်သမား၊ ပေါ်သမားက တစ်ခု၊ ပေါ်သမားက ဥပေက္ခာဝေဒနာ၊ သူ့ ပူးပြိုင်တာက နှစ်ခု၊ မျက်လုံး အကြည်ရုပ်ရယ် အဆင်းရယ်၊ ဒီ အဆင်းနှစ်ခုနဲ့ အဆင်းနဲ့ အကြည်ရုပ်နဲ့ တိုက်လိုက်တဲ့ အခါမှာတဲ့ ဥပေက္ခာဝေဒနာ ဖျတ်ကနဲ ပေါ်လာတယ်။

ဒါဖြင့် ... သူ့ ပေါ်လာတဲ့ ဝေဒနာလေး သင်္ခါရတရားလို့ မှတ်ထားပါ၊ ပေါ်လာတဲ့ ဝေဒနာကို.... (သင်္ခါရ တရားပါ ဘုရား)၊ သင်္ခါရတရားဖြစ်မှ ခင်ဗျားတို့ အနိစ္စထဲ သွင်းလို့ ရတယ်၊ သဗ္ဗေသင်္ခါရ အနိစ္စဆိုတာ ပေါ်လာတယ်။

သင်္ခါရဖြစ်အောင် မပြောနိုင်လို့ ရှိရင် ဦးသံဒိုင် အနိစ္စပြော လို့မရဘူး၊ ရှင်းကြပြီလား.... (ရှင်းပါပြီဘုရား)၊ ဒါဖြင့် ဒီ တရားသည် ဘာတရားပါလိမ့်မကုံး....(သင်္ခါရတရားပါဘုရား)။

သူများ ပူးပြိုင်လို့ ပေါ်လာတဲ့ သင်္ခါရတရား၊ သူများ ဆိုတာက အာရုံရယ်၊ ဒီက မျက်လုံးပသာဒ ရုပ် ဆိုတဲ့ ဒွါရရယ် ဒီ နှစ်ခုကပူးပြိုင်လို့ ပေါ် လာ တဲ့ တ ရား လေး ဖြစ်နေသော ကြောင့် ဒီဝေဒနာလေးဟာ သင်္ခါရတရား....(မှန်ပါဘုရား)။

သူများဆိုတာက အာရုံရယ်၊ ဒီက မျက်လုံး ... ဆိုတဲ့ ဒွါရ ရယ်၊ ဒီနှစ်ခုက ပူးပြိုင်လို့ ပေါ်လာတဲ့တရားလေး ဖြစ်နေ သောကြောင့် ဒီဝေဒနာလေးဟာ သင်္ခါရတရား ရှင်းပြီ ... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့်.... ဘူ့ကို ရှုချင်လို့ရှိရင် ခင်ဗျားတို့က သင်္ခါရတရားသည် အနိစ္စပဲ ဆိုတဲ့ဉစ္စာ ခင်ဗျားတို့ မနေ့ထဲကနေပြီး-သကာလ ဉာဏ်နဲ့ ရှုပေးပါ....(မှန်လှပါဘုရား)။

ရှုပြီးတော့ ပေးလိုက်တဲ့ အခါကျတော့ သင်္ခါရတရားဟာ အနိစ္စမှာ လမ်းဆုံးသောကြောင့် အနိစ္စ-ပါသာ-လို့ ဝိပဿနာဉာဏ် ပေါ်လာလိမ့်မယ်... (မှန်လှပါဘုရား)၊ ဝိပဿနာဉာဏ် ပေါ်လာလို့ရှိရင်တော့ကို ဝေဒနာ နုပဿနာ သတိပဋ္ဌာန်။

အကယ်၍ ဒီတကာ တကာမတွေက မရှုတော့ပါဘူး ဆိုလို့ရှိရင် မြင်လို့ လိုချင်ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် အလယ်က ဖောက်လာလိမ့်မယ်၊ မြင်လို့ လိုချင်တယ် ဆိုလို့ရှိရင် တဏှာဥပါဒါန်ကံ ဖက်သွားပြီ။

မြင်လို့ ဒေါသ ဖြစ်လိုက်တာ၊ မျက်စိ မျက်မှေးစူးလိုက်တာ၊ ခု သောကသုံး ကျတော့ ဒေါသ ဖြစ်တယ်။ အဲဒါကျတော့... ဒေါသ သောက ပရိဒေဝ ဝိဇ္ဇာ သင်္ခါရ ဆိုတဲ့ ပဋိစ္စသမုပ္ပါဒ် တစ်ခု မလာပေဘူးလား... (လာပါတယ်ဘုရား)။

မြင်တာကိုမှ ဒါ ဥပေက္ခာဝေဒနာလေးက မြင်တာပါလား၊ လို့ မသိပဲ နေလို့ရှိရင်၊ ဒါလေးက ဖြစ်ပျက် ကို မသိပဲနေလို့ရှိရင် မသိတာက အဝိဇ္ဇာ။ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ နဲ့ ပဋိစ္စသမုပ္ပါဒ် ပေါင်းရမယ် .. (မှန်ပါဘုရား)။

မျက်လုံးပေါက်က ဝိပဿနာမပါတဲ့ ပုဂ္ဂိုလ်များမှာ သံသရာလည်ကြောင်း ဘယ်နှစ်ခု လာသတုံး.... (သုံးခု လာပါတယ်ဘုရား)၊ ဒါ မှတ်ထားရမယ်။

http://www.dhammadownload.com



ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟောလိုက်တယ်၊မင်းတို့ မျက်လုံးဟာ မြင်ပြီးတဲ့တရားလေးကို မြင်တတ်တဲ့ ဝေဒနာလေး တွေကို မင်းတို့က မရှုပဲနဲ့ မြင် လိုချင်၊ မြင် မုန်း၊ မြင်တာ မြင်မှုန်း မသိ။

ဒီ သုံးချက် လာမယ် ဆိုရင်ဖြင့် မျက်လုံးထဲကို ရဲလှစွာသော သံချောင်းကြီးကို မီးဖုတ်ပြီး ထိုးပြီး သေလိုက်ရတာကမှ မြတ် သေးတယ်.... (မှန်ပါ့ဘုရား)။

ဒီသုံးခု လာလို့ရှိရင် မင်းတို့ သွားပြီ၊ ဒါက ဘယ်နှယ် ကြောင့်တုံးလို့ မေးတဲ့အခါ ဒါက အပါယ်လေးပါး သွားစေ တတ်တယ်။

အပါယ်လေးပါး ခံရမှာနဲ့ မျက်လုံးထဲ သံပူထိုး သေလိုက် တာနဲ့ ဘယ်ဟာက ကောင်းလဲ.... (မျက်လုံးထဲ သံပူထိုး သေ လိုက်တာ ကောင်းပါတယ်ဘုရား)။

သံပူထိုး သေတာက တစ်ဘဝတွင် မျက်လုံးသာ ပျက်သွား တယ်၊ ဒီပြင် ခန္ဓာ ဘာမှ ဖြစ်မသွားဘူး၊ ခုနက မျက်လုံး မရှုတတ်လို့။

တကာ တကာမတွေ မျက်လုံးပေါက်က အပါယ်သွားမှာက အဝိဇ္ဇာပစ္စယာ သင်္ခါရ ဆိုလို့ရှိရင်လဲ သွားမှာပဲတဲ့၊ အပါယ် လေးပါးကို တဏှာပစ္စယာ ဥပါဒါန် လာရင်လဲ .. (အပါယ် သွားမှာပါဘုရား)။

ဒေါသ သောက ပရိဒေဝ ဥပယာသ အဝိဇ္ဇာ သင်္ခါရ လာ ရင်လဲ....(အပါယ် သွားမှာပါဘုရား)၊ အပါယ် သွားမှာပဲ ဆို တော့ ဦးသံဒိုင် မျက်လုံးပေါက်က ပဋိစ္စသမုပ္ပာဒ် ဘယ်နှစ်မျိုး လာနိုင်သတုံး....(သုံးမျိုး လာနိုင်ပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက မြင်တာကို ဥပေက္ခာ ဝေဒနာ ပေါ်လာတိုင်း ပေါ်လာတိုင်း အသုခ မသုခံ ဝါ ဝေဒနံ ဝေဒိယမာနော အသုခ မသုခါ ဝေဒနံ ဝေဒိယာမီတိ ပဇာနာယာတိ မင်းတို့ မသိရင် ခက်သနော်။ ဖြစ် ပျက် ကို မသိရင် မင်းတို့ ခက်သနော်၊ မဟောသင့်ဘူးလား....(ဟောသင့်ပါတယ်ဘုရား)။

ဒါဖြင့် တစ်နေ့ မျက်လုံးပေါက်ကနေ တကာ တကာမတွေ့ ဝိပဿနာမလုပ်တဲ့ပုဂ္ဂိုလ်များမှာမျက်လုံးပေါက်ကပဋိစ္စသမုပ္ပာဒ် သုံးမျိုးဟာ လှည့်လည်ပြီး လာနေမှာပဲ...(မှန်ပါ့ဘုရား)။

လှည့်လာနေတော့ ကျုပ်တို့ ဘာမှ အပြစ်မရှိပါဘူးလို့ မသိတဲ့ ပုဂ္ဂိုလ်ကတော့ ဦးသံဒိုင် ပြောမှာပဲနော်(မှန်ပါ့ဘုရား)။

သိတဲ့ပုဂ္ဂိုလ် အတွက်မှာတော့ ဘုရားကလဲ သံချောင်းပူပူနဲ့ ထိုးသေရတာက မြတ်သေးတယ်... (မှန်ပါ့ဘုရား)။

ဒီအတိုင်း မင်းတို့ နေတာထက်တော့ သံချောင်းပူပူနဲ့ ထိုးသေရတာက တော်သေးတယ်၊ ရှင်းကြပြီလား.... (ရှင်းပါပြီဘုရား)၊ ဒါကြောင့် ဒီလောက် ဟောတယ်ဆိုဟာ ရိပ်မိကြပြီလား.... (ရိပ်မိပါပြီဘုရား)။

ဒါဖြင့် ဘယ်နှယ်လုပ်ကြမတုံးဆိုတော့ မြင်တယ်ဆိုလို့ ရှိရင် ချက်ချင်း နောက်ကနေပြီး မြင်တယ်၊ ဒါ မြင်တဲ့ စိတ်ကလေး ပေါ်မှန်း ချက်ချင် သိပြီး-သကာလ သူ သခါရတရားမို့ အနိစ္စပဲလို့ မြန်မြန်ရှုမှ၊ မြန်မြန် ရှုလိုက်ပြန်တော့လဲ မောင်သစ်တို့ ပဋိစ္စသမုပ္ပာဒ် သုံးမျိုး လာခွင့် မပေးဘူး။

http://www.dhammadownload.com



ဒါနဲ့ ဓမ္မဒိန္နာ-ဖြေတဲ့ဥစ္စာ ဘုန်းကြီးများက ဝိပဿနာဉာဏ် သွင်းပြီး ပြောလိုက်တော့ ပိုရှင်းသွားတယ်၊ ဒါ အလုပ်လုပ်ရ မယ်ဆိုတဲ့ တကာ တကာမတွေ သီလရှင်တွေ အကုန်ပဲမှတ်ရ မယ်....(မှန်ပါ့ဘုရား)။

ဒီအတိုင်း နေလို့တော့ဖြင့် မြင်ဘာကိုမှ မြင်မှန်း မသိဘူး၊ ဥပေက္ခာ-ဝေဒနာ ပေါ်မှန်း မသိဘူး။ မသိတာက အဝိဇ္ဇာ၊ အကယ်၍ သိသွားပြန်တော့ရော ဘာဖြစ်သတုံးလို့မေးတဲ့အခါ သိသွားတော့ကိုတဲ့ သောဒေဝနာ ပရိညာယ ဒိဋ္ဌ ဓမ္မေ အနာ သဝါ ဒီဟာလေးကို ဖြစ်ပြီး ပျက်တဲ့ ဒုက္ခသစ္စာပဲလို့ သိပြီးလို့ ရှိရင် အာသဝေါ ကင်းနိုင်တယ်.... (မှန်ပါ့ဘုရား)။

ဒါ့ကြောင့် ဝိပဿနာရှုတဲ့ ပုဂ္ဂိုလ်သည် ဝေဒနာယ-ဝေဒနာ ပေါ်၍၊ ပရိညာယ-ဒုက္ခသစ္စာလို့ သိခဲ့ပြီရှိသော်၊ ဒိဋ္ဌဓမ္မေ-ယခု ဘဝ၌၊ အနာသဝါ-အာသဝေါ ကင်းတယ်၊ ဦးသံဒိုင် ဘာတဲ့တုံး... (အနာသဝါ အာသဝေါကင်းပါတယ်ဘုရား)။

ကဲ .. ဒါဖြင့် အာသဝေါကင်းတယ် လို့ဆိုတော့၊ အို — ဝေဒနာလေးရယ်လို့ ရှုပြန်တော့ အာသဝေါ ကင်းတယ်၊ ကင်းတော့ ခုနင်က မြင် လိုချင် ဆိုတဲ့ သမုဒယ လာသေးလား (မလာပါဘူးဘုရား)၊ မြင်မှန်း ဆိုတဲ့ ဝိဇ္ဇာသဝ တွေရော .... (မလာတော့ပါဘူးဘုရာ)။

မြင်တာကို မြင်တဲ့စိတ်ကလေး ဒုက္ခသစ္စာလေး ပေါ်ပြီး ပျက်သွားတယ်လို့လဲ မသိတော့ အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ ဆိုတဲ့ အဝိဇ္ဇာသဝရော....(မလာပါဘူးဘုရား)။

http://www.dhammadownload.com



ဒါဖြင့်....မြင်တာကို တဏှာ-လာရင် ကမ္မာသဝနော်၊ တဏှာ လာရင် ကမ္မာသဝ၊ မြင်တာ မသိလိုက်ရင် အဝိဇ္ဇာသဝ အာသဝ-သမုဒယာ အဝိဇ္ဇာ-သမုဒယော်တွေ အကုန် လာလိမ့်မယ်၊ မလာပေဘူးလား....(လာပါတယ်ဘုရား)။

အဲဒါကြောင့်....ဒီဥစ္စာ ပြောရတာ လွယ်ငြားသော်လည်း လုပ်ရတာ မလွယ်ဘူးဆိုတဲ့ အဓိပ္ပာယ် ရှင်းကြစမ်းပါ။ ပြောရတာဖြင့် လွယ်တယ်၊ ခင်ဗျားတို့ ရှုကြည့်တဲ့အခါ ကျတော့ လွန်-လွန်သွားတယ်၊ မြင်ကာမျှ - မတ္တာ၊ ရပ်နိုင်ကြရဲ့လား .... (မရပ်နိုင်ပါဘူးဘုရား)။

မရပ်နိုင်တော့ ဒီဥစ္စာ မြန်မြန် ဖြစ် ပျက် ရှုပစ်... (မှန်ပါဘုရား)၊ မြင်တဲ့စိတ်ကလဲ ရှုမယ်ဆိုတဲ့ စိတ်ကို စောစီးက သတိသမ္ဗောဇ္ဈင်လို့ ထားလို့၊ ဝီရိယ သမ္ဗောဇ္ဈင်လို့ ထားလို့၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်လို့ ထားလို့၊ ဒါပွားများပါ၊ ဒီဗောဇ္ဈင် ကင်းနေလို့ ရှိရင်လဲ ဦးသံဒိုင် မရဘူးလို့ မှတ်လိုက်ပါ၊ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

ကိုင်း – ဒါဖြင့် မျက်လုံးမပေါက်ကနေပြီး ခင်ဗျားတို့အဓိပ္ပာယ် ဘယ်နှစ်ခေါက် ဆင်းသက်လို့ ဝိပဿနာမပေါ်တဲ့ ပုဂ္ဂိုလ်များမှာ သွားပြီ၊ တစ်နေ့ ဘယ်နှစ်ခါ ဆင်း သတ်း.... (မရေမတွက် နိုင်ပါဘူးဘုရား)။

ကိုယ့်ပစ္စည်းလေးတွေ ကိုယ်လှည့်ပတ်ပြီး ကြည့်နေလိုက်တဲ့ အခါ မကြိုက်လို့၊ မကြိုက်ပြန်လို့ ရှိရင်လဲ ဒေါသ လာပြီ၊ ကြိုက်ပြန်လို့ ရှိရင်လဲ လောဘ လာပြီ၊ ဒီမြင်တဲ့ စိတ်လေး ဖြစ်ပျက် မရှုမိပြန်ရင်လဲ မောဟ လာပြီ၊ မလာပေဘူးလား .... (လာပါပြီဘုရား)။

http://www.dhammadownload.com



အဲဒါကြောင့် သော ဝေဒနာ ပရိညာယ၊ သော-ထို ပုဂ္ဂိုလ်သည်၊ ဝေဒနာယ - ဝေဒနာ ပေါ်၌၊ ပရိညာယ-ဒုက္ခ သစ္စာလို့ ပိုင်းခြားသိ၍ (ဝါ) သိခဲ့သည်ရှိသော်၊ ဒိဋ္ဌဓမ္မေ-အခု သိဆဲ ခဏ၌ပင်၊ အနာသဝါ-အာသဝေါကင်းသည်၊ ဟောတိ-ဖြစ်၏။ အာသဝေါ ကို ကင်းသွားဘယ်... (မှန်ပါဘုရား)။

ကာယဿ ဘေဒါ၊ ခန္ဓာကိုယ်များ သေသွားမယ်၊ ဒါဖြင့် ပြီး သေသွားမယ်၊ မပူပါနဲ့ကွ၊ ဓမ္မဋ္ဌော-သူ မင်္ဂနဲ့တည်နေ (ဝါ) နိဗ္ဗာန် တည်နေတဲ့ပုဂ္ဂိုလ်၊ "သချာ နေ၁ ပေတိ ဝေဒဂူ၊ ဝေဒဂူ ဝိဒ ဉာနေပဲ" ပဲ သိသော ပုဂ္ဂိုလ်ဟူ၍ (ဝါ) အရိယာပုဂ္ဂိုလ် ဟူ၍၊ သချာ-ရေတွက်ခြင်းသို့၊ ဂစ္ဆတိ-ရောက်၏၊ နောပေတိ-သချာ၊ ဥပေတိ-ရောက်၏။ သိတဲ့ ရဟန္တာအဖြစ်ကို ရောက်နိုင် ပါတယ်ဆိုတော့ ဒီ ကမ္မဋ္ဌာန်းဟာလဲ အတော်ကောင်းတဲ့ ကမ္မ ဋ္ဌာန်းပဲ၊ မဆိုနိုင် ဘူးလား... (ဆိုနိုင်ပါတယ်ဘုရား)။

ဒါက သံယုတ်ပါဠိတော်။

"သော ဝေဒနာ ပရိညာယ ဒိဋ္ဌဓမ္မေ အနာသဝေါ ကာယဿ ဘေဒါ ဓမ္မဋ္ဌော ကာယဿ ဘေဒါ"။

ကာယဿ-ခန္ဓာကိုယ်၌၊ ဘေဒါ-ပျက်စီးသည် အခြားမဲ့၌၊ ဓမ္မဋ္ဌော-နိဗ္ဗာန်၌ တည်သည်။

ဘယ်နှယ်ကြောင့် တည်နိုင်တုံးဆိုတော့ သချာ နောပေတိ ဝေဒဂူ-ရဟန္တာအဖြစ်သို့ ရောက်သွားလို့ကွ၊ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

ဘယ်သူ ရောက်သွားသတုံးလို့ မေးတဲ့အခါကျတော့ ... ရှင်သာရိပုတ္တရာကြီး သောတာပန်တည်တုံးက ကာယာနုပဿနာ

http://www.dhammadownload.com



နဲ့ တည်ခြားသော်လည်း အထက် မဂ်သုံးခု ဝေဒနာတည် သည်၊ ရှင်းပြီလား... (ရှင်းပါပြီဘုရား) အထက်မဂ် သုံးခုကို (ဝေဒနာနဲ့ တည်ပါတယ်ဘုရား)။

သူ့ တူ ဒီဃနက္ခ တို့ကျတော့ ဒီဝေဒနာ တစ်ခုတည်းနဲ့ သောတာပန် တည်တယ်၊ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)၊ သူ့ တူ ကျတော့ ... (ဝေဒနာ တစ်ခုတည်းနဲ့ သော တာ ပန် တည်ပါတယ်ဘုရား)။

ဒီဃနက္ခဟာ ဘုရားကို ဝေဒနာတွေကို မေးပြီးတော့နေတုံး ကို ရှင်သာရိပုတ္တရာက နောက်က ယပ်ခတ်ပြီး-သကာလ နေ တော့ ဝေဒနာတွေ၏ ဖြစ်ပျက်တွေကို ဘုရားသခင် ကိုယ် တော်မြတ်ကြီးက ဟောနေတော့ ဒီဃနက္ခက သောတာပန် တည်ပြီးပြီ။

သူက သောတာပန် တည်ပြီးသား၊ နောက်က ဘုရား ယပ် ခတ်နေရင်း မတ်တတ်နဲ့ ဒီဥစ္စာတွေ သူ့ဉာဏ်ထဲရောက်လာတယ်။

သူ့ ဉာဏ်ထဲရောက်ပုံ ဘုန်းကြီး ရှင်းပြပါအုံးမယ် ....

"ဒေသနာ ဉာဏံ နုသာရေန ဉာဏံ ပေသကံသ ဉာဏုတ္တ ရသ ဟောတိ"

ဒေသနာ ဉာဏံ နုသာရေန-ဘုရားဟောတဲ့ ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့်၊ ဉာဏုတ္တရသ-နာနေတဲ့ပုဂ္ဂိုလ်မှာ ခန္ဓာ ထဲမှာ ဉာဏ်က ထက်သွားတယ်၊ ဖြစ်ပျက် တွေ့ရှုပြီး ထက် သွားတယ်။

ဒေသနာ ဉာဏံ နုသာရေန-ဘုရားဟောတဲ့ ဒေသနာဉာဏ်ကို အစဉ်လျှောက်သဖြင့်၊ ဉာဏုတ္တရသ ဟောတိ။ ဒေသနာဉာဏံ

http://www.dhammadownload.com



ဉာဏ်ပေ သတ်ဆာလို့ ဘုရားက လာသေးတယ်၊ ဉာဏုတ္တရဿ-နာသော ပုဂ္ဂိုလ်၌ ဉာဏ်ထက်သွားသည် ဖြစ်၍ ဉာဏုတ္တရဿ ဟောတိ။ ဒေသနာ ဉာဏ ပေသတ်ဿလို့ ဘုရားက လာသေး တယ်၊ အဲ့ဒါကသာ ဆရာက လာသေးတယ်

ဒေသနာ ဉာဏ်နုသာရေန-ဘုရားဟောတဲ့ ဒေသနာကို သူက အစဉ်လျှောက်ပြီ ... ခန္ဓာကိုယ် ... လှတ်လိုက်တယ်။ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

ဒါကြောင့် ဘုရားဟောတဲ့ ... နည်းထဲကနေပြီး ကြားတယ်၊ သူ့ဉာဏ်က ခန္ဓာထဲ ...

ဉာဏ် ပေသတ်သော ဉာဏ် ... လှတ်သော ပုဂ္ဂိုလ်အား (၀၇) ... ကိုယ်၌ ... ဉာဏ် နုသရေသာ ဟောတိ ... တယ်။

ကြွ်... ဒါပြင့် ... ဘာ ... ဒီလို ယူဘြပါ တယ်၊ နာလိုက်တော့ ... (... )။

ဒါက လွယ်လွယ်ကူကူ ဟောတာလို့ မှတ်လိုက်စမ်းပါ။ သေသေချာချာကျတော့ ဒေသနာ ဉာဏ်နုသာရေန ဘုရား ဟောတဲ့ ဒေသနာ၊ ... ဒေသနာကို အစဉ်လျှောက်သဖြင့် အခုဟောတာက နေပြီးတော့မှ ခန္ဓာကိုယ် အစဉ်လျှောက်ပြီး သကာလ ... ဉာဏ်နဲ့ ပေသတ်ဿ လွှတ် ပေးရမယ်။

ခန္ဓာထဲ လွှတ်ပေးတဲ့အခါကျတော့မှ ဉာဏ်တွေက ယထာ ဘူတဉာဏ်ကနေ နိဗ္ဗိန္ဒဉာဏ်တွေ ပျက်သွားတယ် (မှန်ပါဘုရား)။

http://www.dhammadownload.com



ပြီးတော့မှ မဂ်ဉာဏ်တွေ ရောက်လာတယ်ဆိုတော့ နာလို့လား၊ သူ့ဉာဏ် ခန္ဓာကိုယ်ထဲ လွတ်လို့လား.... (သူ့ဉာဏ် ကိုယ်ခန္ဓာထဲ လွတ်လို့ပါဘုရား) ဒါဖြင့် နာမှုကလဲ မကောင်းဘူး (ကောင်းပါဘူးဘုရား)၊ ဉာဏ် ခန္ဓာထဲ လွတ်မှုကလဲ.... (မကောင်းပါဘူးဘုရား)၊ အဲဒါကြောင့်... ရတယ်လို့ မှတ်ရမယ်.... (မှန်ပါဘုရား)။

အလွယ်ပြောနေတဲ့ ပုဂ္ဂိုလ်တွေကတော့ ဒီတရားဟောနေတဲ့ အချိန်အတွင်းမှာ ဘယ်သူ သောတာပန်တည်သွားတယ်၊ ဘယ်သူ သကဒါဂါမ် တည်သွားတယ်ဆိုတာ သုတ္တန်နည်းနဲ့ ကြည်ညိုဖွယ် ရှိအောင် ဟောတယ်လို့ မှတ်ပါ.... (မှန်ပါဘုရား)။

ရှင်အဂ္ဂ က ဒေသနာဉာဏ်မဟောတဲ့ ဉာဏ်ကို အစဉ်လျှောက်ပြီး ကိုယ့်ဉာဏ်က ခန္ဓာကိုယ်ထဲ လွတ်ရမယ်၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။

အဲဒီ ကိုယ့်ဉာဏ်က ခန္ဓာကိုယ်ထဲ လွတ်လိုက်မှသာလျှင် ဉာဏ် ထက်သွားမယ်၊ အဲဒီ ဉာဏ်ထက်သွားလို့ သောတာပန် မတည်သေးတဲ့ ပုဂ္ဂိုလ် သောတာပန် တည်ရတယ်။

သောတာပန် တည်ပြီးသား ဆိုရင်လည်း သကဒါဂါမ် အနာဂါမ် ရဟန္တာကို တက်သွားနိုင်တယ်တဲ့။ ကိုယ့်ခန္ဓာထဲ ဉာဏ်မလွတ်လို့ ရှိရင်တော့ နာရုံနဲ့တော့ မရဘူး.... မရပါဘူးဘုရား)၊ ပေါ်ကြပြီလား (ပေါ်ပါပြီဘုရား)။

ဒါကြောင့် ဘုန်းကြီးတို့ တကာ တကာမတွေ ဆုံမတာ။ ဘုန်းကြီးဟောတဲ့တရား နားက နာဟော့၊ ဉာဏ်က ခန္ဓာထဲ လှည့်ထား၊ ဒါကို အမြဲသင်ပေးတယ်... (မှန်ပါဘုရား)။

http://www.dhammadownload.com



နားက ဘာတိုးတဲ့.... (တရား နာရပါမယ်ဘုရား)။

ဉာဏ်က ဘယ်လှတ်ရမတုံး (ခန္ဓာကိုယ်ထဲပါ ဘုရား)။

အဲဒါမှ ဉာဏ်တက်သွားတာ ဆိုတော့ကို ဒီလို အခုပြောတဲ့ ပါဠိမျိုးကို မတွေ့မကြုံဖူးသေးတဲ့ ပုဂ္ဂိုလ်တွေကျတော့ မောလိုက်တာပဲ၊ တရားနာတာနဲ့ သောတာပန် တည်သွားတာပဲ၊ နဒ်ရှိုနဲ့ တည်သွားတယ်လို့ ယူဆတယ်။

မရဘူးတဲ့၊ ဒီလိုကျတော့ ဘာဝေတာဗ္ဗကိစ္စ ဗောဇ္ဈင်မှ မဖြစ်တော့ပဲ၊ ဖြစ်သေးလား ...(မဖြစ်ပါဘူးဘုရား)။

ဘာဝိတာ ဗဟုလီကတာ မဖြစ်လို့ရှိရင် အဘိညာယ ဆိုတဲ့ ထိုးထွင်း သိဖို့ရာ ဘယ်နှယ်နေမလဲ။ မရနိုင်ဘူးတဲ့၊ ထိုးထွင်း သိဖို့ရာ သမ္ဗောဓာယ သစ္စာမြင်ဖို့ကော ဖြစ်နိုင်ပါ့မလား .... (မဖြစ်နိုင်ပါဘူးဘုရား)။

နိဗ္ဗာန်ရတဲ့ ကိလေသာငြိမ်းဖို့ရာကော(မဖြစ်နိုင်ပါဘူးဘုရား)၊ မဖြစ်နိုင်ဘူးတဲ့ ကဲ....ပေါ်ကြပြီလား (ပေါ်ပါပြီဘုရား)။

ဒါကြောင့်....ဦးသံဒိုင် ပြောရတယ်၊ ဗောဇ္ဈင် မသွင်းလို့ရှိရင် မရဘူး.... (မှန်လှပါဘုရား)။

ဒါကြောင်.... နောက်က တကာ တကာမတွေ ဒီဥစ္စာကို သာမညဆို ဖြတ်ခက်ချပေးနေတယ်လို့ မယူနဲ့၊ အကြီးအကျယ် ဆုံးဖြတ်ခက် ချပေးပြီးတော့၊ ဒီလို-နာပြီး ဒီလို ဉာဏ် ခန္ဓာကိုယ်ထဲ လှည့်ပြီး ဒီလို ပွားယူလိုက်ပါအုံး ဆိုတဲ့ အဓိပ္ပာယ်ကို ဒီနေ့ည ရှင်းပေတာ.... (မှန်လှပါဘုရား)၊ အလုပ်သင် ဆိုတာ ဒါပဲ (မှန်လှပါဘုရား)၊ နားလည်ကြရဲ့လား.... (နားလည်ပါတယ်ဘုရား)၊ နားက ဘာလုပ်မလဲ (တရား နာပါမယ်ဘုရား) ဉာဏ်က ဘယ်လှည့်ရမလဲ....(ခန္ဓာထဲ လှည့်ပါဘုရား)။

http://www.dhammadownload.com



ခန္ဓာ-လှည့်ဆိုတော့ ခုနင်က မြင်တဲ့ ဝေဒနာလေးကို မြင်တဲ့အချိန်မှာ မြင်တဲ့ ဝေဒနာလေးကို လှည့်ပစ်ရမယ် ဘုရားက ဟောတယ်။

"အဒုက္ခ မသုခံ ဝါ ဝေဒနာ ဝေဒိယမာနော အဒုက္ခမသုခံ ဝေဒနံ ဝေဒိယာမီတိ ပဇာနာတိ" သူက ဥပေက္ခာလာလို့ရှိရင် ဥပေက္ခာ သိအောင် လုပ်ဟော့။

"သမုဒယ ဓမ္မာနုပဿီ ဝါ ဝယ ဓမ္မာနုပဿီ ဝါ ဝေနာသု ဝိဟာရတိ"။ သမုဒယနဲ့ ဝယ မြင်အောင်ကြည့်ကွ၊ အဲဒီလို ဟောလိုက်တဲ့အခါ ကျတော့ သူ့ကိုယ်ကပဲ ကြည့်ခိုင်းတာ၊ ခင်ဗျားတို့က အနာဖြစ်နေလို့၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

သူ့ကိုက (အကြည့်ခိုင်းတာပါဘုရား)၊ ခင်ဗျားတို့က... (အနာ ဖြစ်နေ တာ ပါ ဘု ရား)၊ အဲဒါ လွဲနေတယ်။ သူက ဒါကြောင့် ခုနင်က ပြောတာက အဋ္ဌကထာ ဆရာ။

ဒေသနာ ဉာဏာ နုသာရေန ဉာဏံ ပေသော်သာ ဉာဏုဒ္ဒေသ ဟောတိ ဆိုတဲ့ ဥစ္စာက သူ သမုဒယ ဓမ္မာနုပဿီ ဝါ ဝယ ဓမ္မာ နုပဿီ ဝါ ဝေဒနာ သု ဝိဟာရတိ ပေါ်အောင် ပြောတာ။

အဲတော့— တကာ တကာမတို့ တရားနာရင်းလဲ အလုပ်ဖြစ်အောင် လုပ်ပါ၊ တရား နာရင်း... (အလုပ်ဖြစ်အောင်လုပ်ပါဘုရား)၊ အလုပ်ဖြစ်အောင် လုပ်ပါဆိုတာ ဦးသံဒိုင် မတိုက်တွန်းသင့်ဘူးလား.... (တိုက်တွန်းသင့်ပါတယ်ဘုရား)။

နို့မို့လို့ရှိရင် တရားနာတာ ကုသိုလ်ဖြစ်တယ်လို့ ဖြစ်သွားလိမ့်မယ်၊ မဟုတ်ဘူးလား....(မှန်ပါတယ်ဘုရား)၊ တရားနာတာ

ကုသိုလ်၊ ကုသိုလ်ဖြစ်ချင်လို့ရှိရင် ဘုန်းကြီးက တစ်ခါ တစ်ခါ ကျတော့ ပြောလိုက်တယ်။

ဟော့... ရေအိုးစင် တည်ပစ်၊ ကုသိုလ်ဖြစ်တယ်။ မခေါ်ဘူး လား (ပြောပါတယ်ဘုရား)၊ ထမင်းချိုင့် [illegible] လည်း နေ လဲ .. (ကုသိုလ်ဖြစ်ပါတယ်ဘုရား)၊ [illegible] ကုသိုလ် ဖြစ်ရုံကတော့ [illegible] မော [illegible] တော ခေါ်တယ်...(မှန်ပါဘုရား)။

မောင် [illegible] တော့ ([illegible] ယ်ဘုရား [illegible] ဒါ [illegible] [illegible] ဖြစ်လာတယ် [illegible] ...([illegible])

ဒါ [illegible] တရား [illegible] မ [illegible] [illegible] သလား (မောင် [illegible] ယ်ဘုရား)

[illegible] ပြောတဲ့ စကား [illegible] အရေးကြီးတယ် မှတ်ပါ၊ ဒါ [illegible] ပြောနေတဲ့ စကားတွေ ဖြစ်နေလို့ [illegible] ဒါ အမျိုးမျိုး ကူပေး လိုက်တာ....(မှန်ပါဘုရား)။

ဘုရားကလဲ ပဇာနာတိ ကို သူ အဓိပ္ပာယ်ထားတယ် သမုဒယ မမ္မာ နုပဿီဝါ ဖြစ်တာကြည့်ကွ၊ ဝယဓမ္မာ နုပဿီဝါ ကြည့်ကွ၊ အဲဒါတွေ ကြည့်မှသာလျှင် မင်း သည်ကားလို့ ဆိုရင် ဘုရားက ဟောတယ်၊ သမုဒယဓမ္မာ နုပဿီဝါ ဝယဓမ္မာ နုပဿီဝါ ဝေဒ နာသု ဝိဟရတိ-မဟောဘူးလား.. (ဟောပါတယ်ဘုရား)။

သူ ဟောတဲ့အထဲမှာကိုက မောင်သစ်တို့ ဦးသံဒိုင်တို့က မတွေ့လို့၊ ကြည့်ပါလို့ ပါတယ်၊ နာပါလို့ ပါသလား၊ ကြည့်ပါလို့ ပြောသလား....(ကြည့်ပါလို့ ပါပါတယ်ဘုရား)။

http://www.dhammadownload.com



ခင်ဗျားတို့က နာတာနဲ့ သုံးထားတော့၊ ခုနင်က ပြောသလိုပဲ သောက်ဆေး လိမ်းဆေး လုပ်ပြန်ပြီ။ သောက်ဆေး လိမ်းဆေး လုပ်နေလို့တော့ဖြင့် ဒီဝေဒနာတော့ ထိမှာ မဟုတ်ပါဘူး၊ ပျောက်နိုင်ပါ့မလား … (မပျောက်နိုင်ပါဘူးဘုရား)။

အဲဒါကြောင့် ဘုရားက သတိပဋ္ဌာန် ဒေသနာတော်ချည့် ဟောသွားတယ်လို့ ခင်ဗျားတို့က ဟောတယ်သာ ထင်တာကိုး။ သတိပဋ္ဌာန်ဒေသနာတော်က ဟောတာမှ မဟုတ်ပဲဘဲ။

သမုဒယ ဓမ္မာ နုပဿီ ဝါ။ သမုဒယဓမ္မာ–ဒီဖြစ်မှုလေးကို၊ နုပဿီ လုပ်စမ်းပါကွ၊ ရှုစမ်းပါ။ နုပဿီ-ရှုနေရမယ်။ ဝယဓမ္မာ နုပဿီ-ဝယကိုလဲ ရှုပေး၊ နုပဿီ-ဆိုတာ ရှုရမယ်။

သတိပဋ္ဌာန်တရားဟာ နာရမယ်၊ ရှုရမယ်လို့ မပါဘူး။ ဒီမှာ လွဲနေကြတာ (မှန်ပါဘုရား)၊ ဒါကြောင့် အခု တရား နာနည်း နိသျှည်းကလဲတဲ့ ရွတ်တာကို နာနေလို့ရှိရင်တော့… ကုသိုလ်ရရုံမှတစ်ပါး ဘာမှ ကျေးဇူးမဖြစ်ဘူး။

သူက ရှုဆိုတဲ့နေရာကို သမုဒယ ဓမ္မာ နုပဿီလို့ ဆိုသော ကြောင့် ဝယဓမ္မာ နုပဿီ ဝေဒနာသု ဝိဟာရတိ။ ဝေဒနာပေါ် ရောက်အောင် သမုဒယဝယ သူဖြစ်တာနဲ့ သူပျက်တာလေးကို မင်းတို့က ရှုပေးမယ် ဆိုလို့ရှိရင်ဖြင့် ဉာဏ် ထက်ပြီး-သကာလ ငါ့တရားပွဲလဲဆုံး၊ မင်းတို့ဉာဏ်ကလဲဆုံး ဖြစ်မှာပဲ။ နို့မို့လို့ ရှိရင်တော့ နာရုံနဲ့တော့ မဆုံးပေဘူး၊ ပေါ် ကြ ပ လား … (ပေါ်ပါပြီဘုရား)။

ဒါ– ဦးသံဗိုင်တို့ လူစုတွေက ဘုန်းကြီးက ကြံလွန်းလို့ ထင် သလား၊ ပါဠိတော်က တိုက်ရိုက်ရှိတာ ကြံလို့ ဟုတ်ရဲ့လား—

http://www.dhammadownload.com



(မဟုတ်ပါဘုရား)၊ ပါဠိတော်ကိုက ရှုပါလို့ ပါနေတာ ... (မှန်လှပါဘုရား)။

သမုဒယ-ဆိုတာ ဖြစ်တာ၊ နုပဿီ-ဆိုတာ ရှုပါ၊ ဝိပဿနာ လုပ်ပါ.... (မှန်ပါဘုရား)၊ ရှင်းပလား.... (ရှင်းပါပြီဘုရား)။ ဝယ-က ဘာတုံး ပျက်တာ၊ နုပဿီက ...(ရှုတာပါဘုရား)။

ပျက်တာလေးကို နုပဿီ လုပ်ပါဆိုတော့ သူ့ဟာကသေချာနေတာ၊ အဲဒါ ခင်ဗျားတို့က အပေါ်ယံကနေ ဖျန်းပြီး ဘုရားက သတိပဋ္ဌာန် ဟောနေတယ်။

သတိပဋ္ဌာန် သွားနာအုံးမှပဲ ဆိုတော့ နာပြီး ပြန်ခဲ့ရုံရှိမှာပဲ မဟုတ်လား.... (ဟုတ်ပါတယ်ဘုရား)၊ နာတော့ နာတာပေါ့ကွာ၊ နာပေမယ့်လဲ နုပဿီ ထည့်ပေးပါ၊ နုပဿီ-ဆိုတာရှုပေးပါ၊ သဘောပါကြလား....(ပါပါတယ်ဘုရား)၊ ဒါဖြင့် ဘာလုပ်ကြမလဲ.... (ရှုပေးရပါမယ်ဘုရား)။

နာရင်း ရှုပေးရမယ်၊ မသိသေးတော့ နာ၊ သိပြီးကော.... (ရှုရပါမယ်ဘုရား)၊ ရှုရမယ်ဆိုတဲ့ အဓိပ္ပာယ်က ဘုရားကိုက ဘယ်တရားမဆို ပါတယ်၊ မပါဘူးလား....(ပါပါတယ်ဘုရား)။

ဒီဥစ္စာကို နေ့လယ်ကလဲ ရှင်းရသေးတယ်၊ အဘိဓမ္မာတတ်ပုံ ရှင်းတယ်၊ အခုဟာကတော့ ပါဠိတော်လာတဲ့အတိုင်းကို ပြောပေးနေတာ၊ သဘောကျပလား ...(ကျပါတယ်ဘုရား)။

အကယ်၍ မရှုရင် ဘာဖြစ်မတုံးဆိုတော့၊ ပဋိစ္စသမုပ္ပာဒ် သုံးမျိုး ထွက်လာတယ်၊ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

မရှုရင် ပပဉ္စ-လာမယ်၊ တဏှာ မာန ဒိဋ္ဌိ လာမယ်၊ အဲ့ဒီမှလာအောင် မင်း ဘယ့်နှယ်လုပ်မတုံးဆိုတော့၊ မင်း ရှုလိုက်တဲ့

http://www.dhammadownload.com



အခါကျတော့၊ ဒါ ငါ့ဝေဒနာ ငါမြင်တာ ဆိုတာတွေ ပိတ်သွားမယ်။ ငါမြင်တာဆိုတဲ့ ဒိဋ္ဌိလဲ မလာနိုင်ဘူး၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

မြင်လို့ လိုချင်တဲ့ တဏှာကော... (မလာပါဘူးဘုရား) မြ[illegible]လေးကိုမြ[illegible]တဲ့ [illegible]ဒနာလေးကို ဖြစ်မှုပျက်မှုကို [illegible] [illegible]ကော... (မလာပါဘူးဘုရား)

[illegible] နပဿီ မဂ [illegible] [illegible] (လာပါတယ်ဘုရား)။ [illegible] သိုဘာ [illegible] [illegible] (ဒ[illegible]ပါဘူး[illegible])

[illegible] ဒါ [illegible] [illegible]ကာက်ပြီ [illegible] [illegible] ဆိုက[illegible] [illegible] သဘောကျပြီလာ (ကျ[illegible]ဘုရား) [illegible]ပြီ [illegible] ရှင်းပါပြီဘုရား)၊

အေးပေါ့ပြီ၊ ဒါဖြင့် သင်္ခါရတရား ပျက်တာလေးလဲ သဘောကျပြီလား (ကျပါပြီဘုရား)

ယ်နည်းတူပဲတွဲ၊ နားသဲကြားတယ်ဆိုတာ တိုဖက်ကအသံလဲ ရှိမှ၊ နားကလဲ အကြည်ဓာတ်လေးရှိအုံးမှ ဖြစ်မှာ.... (မှန်ပါ့ဘုရား)၊ သူတို့နှစ်ခု မပြုပြင်ရင် ကြားရတဲ့ဝေဒနာ ပေါ်နိုင်ပါ့မလား....(မပေါ်နိုင်ပါဘူးဘုရား)။

ဒါဖြင့်....သူ့ ဘာတရားခေါ်မလဲ(သင်္ခါရတရားပါဘုရား)၊ သင်္ခါရတရားဆိုရင် သဗ္ဗေ သင်္ခါရာ ...(အနိစ္စပါဘုရား)။

သင်္ခါရတရား သိပြီးမှ အနိစ္စဆိုတာ သဘောကျပါတယ်၊ သင်္ခါရတရားမှ မသိတဲ့ပုဂ္ဂိုလ်က အနိစ္စဖြစ်ဖို့ရာ မြင်နိုင်ပါ့မလား (မမြင်နိုင်ပါဘူးဘုရား)၊ သင်္ခါရမှ မသိပဲကိုး၊ သင်္ခါရဟူသရွေ့ အနိစ္စချည့်ပဲတဲ့။

ကိုယ့်သက္ကာယ်ပေါ်တာမှ သင်္ခါရ မသိလို့ရှိရင်လဲ အနိစ္စရှုဖို့ ဦးသံဒိုင် ပေးပါသေးရဲ့၊ မပေးပေဘူးလား.... (ပေးပါတယ် ဘုရား)

အဲဒါကြောင့် ပေါ်လာတာ ဟူသည်၊ ကိုယ့်[illegible] [illegible] ပေါ်လာ[illegible] [illegible] အခ[illegible] [illegible] [illegible] ဖွတ်ပါ [illegible]

ဘုရာ၊ [illegible] သဘော[illegible] [illegible] [illegible] [illegible] ဆုံး [illegible]

အဲဒါ [illegible] ပြောတဲ့[illegible] [illegible] [illegible] [illegible] သင်္ခါရ [illegible] [illegible] ယောခနတဲ့[illegible] [illegible] [illegible] သင်္ခါ[illegible] ပျက်တာ[illegible] ရှိပါဘုရား)

နောက်ဆုံ ပိတ် ဖြစ်ပျက်မိကော ရှုလို့ [illegible] ဘာသဲ၊ ရှင်းပြီလား... (ရှင်းပါတယ်ဘုရား)၊ [illegible] ရှုရမလဲ.... (ဖြစ်ပျက် မေ့အောင် ရှုရပါတယ်ဘုရား)။

ဖြစ်ပျက် မေ့အောင် ရှုလိုက်လို့ ရှိရင်ဖြင့် ပဇာန[illegible] ဖြစ်ပါသည်၊ ပဇာနာတိ ပြုတ်အောင် လုပ်ပါဆိုတဲ့အတိုင်း၊ ဖြစ်တယ် ပျက်တယ် ကျုပ်သိပြီဆိုတဲ့ အင်ပွာယ်ရောက်ပါတယ်။

ဘာ[illegible]သ်သတုံး မေးတဲ့အခါကျမှ သင်္ခါရတရား ပေါ်တာလဲ သိတယ်၊ သင်္ခါရတရား ပျက်တာလဲ....(သိပါတယ်ဘုရား)

အဲဒါ သမုဒယ ဓမ္မာ နုပဿီ၊ ဝယ ဓမ္မာ နုပဿီပဲ၊ ဒါကို မသိမှာ စိုးလို့၊ မင်းတို့ သိတယ်ဆိုပြောသော်လည်း ဘယ်ဟာ သိရမှာတုံးလို့ မေးမှာစိုးလို့၊ ဖြစ်မှု ပျက်မှု သိအောင် လုပ်

http://www.dhammadownload.com



စမ်းပါ၊ ဒါ့ကြောင့် ထပ်လာတာ၊ နို့မို့ ဘုရား ထပ်ဟောစရာ လိုသေးလား....(မလိုပါဘူးဘုရား)။

ပဇာနာတိ သိအောင် လုပ်ပါဆိုတော့၊ ဘယ်လိုသိရမှာတုံး ဆိုတာ မသိပဲနေမှာ စိုးလို့ ဖြစ်မှုကိုလဲ သိ၊ ပျက်မှုကိုလဲ.... (သိရမှာပါဘုရား)၊ အဲဒါသိအောင်လုပ်ပါဆိုတာ ရှင်းပြီလား (ရှင်းပါတယ်ဘုရား)။

ဒါကြောင့် ဒီဿနက္ခတ္တိုကျတော့၊ ဦးသံဗိုင်.... နာရင်းနဲ့ သောတာပန် ဖြည်သွားတယ်၊ သမုဒယနဲ့ ဝယကို မိအောင် ရှုပစ်လိုက်ပါ၊ ရှင်းပြီလား (ရှင်းပါတယ်ဘုရား)။

ဒါဖြင့် ကောင်းပြီ၊ နံတဲ့စိတ်ကလေးကလဲ ဟိုကအနံ့ကလေး လေက ယူလာပြီး နှာခေါင်း ပသာဒရုပ်ကိုလဲ သွားထိခိုက်မှ ဃာနဝိညာဏ်ဝေဒနာ ပေါ်တယ်၊ နို့မို့ရင်....(မပေါ်ပါဘူးဘုရား)၊ ကိုင်း - ဒါဖြင့် ပေါ်လာတဲ့တရား ဘာတရား ခေါ်သလဲ.... (သင်္ခါရ တရားပါဘုရား)။

သင်္ခါရတရား ဘယ်လမ်းဆုံးတုံး— (အနိစ္စမှာ လမ်းဆုံးပါတယ်ဘုရား)၊ အနိစ္စ လမ်းဆုံးတော့ ဘုရားကလဲ သဗ္ဗေသင်္ခါရာ အနိစ္စာ ယဒါ ပညာယ ပဿတိ၊ အနိစ္စကို ယဒါ-အကြင်အခါ၌၊ ပညာယ-ဝိပဿနာ မဂ်ပညာဖြင့်၊ ပဿတိ-ရှုပေးပါကွာ

အဲဒီ ပါဠိကလည်း ထောက်ခံတယ်၊ နာရမယ်ဆိုလဲ ရှုပေး ရမယ်၊ သဘောပါသလား.... (ပါပါတယ်ဘုရား)၊ ကောင်းပြီ ဒီလို ရှုပေးလိုက်တဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ် ဘယ်နှစ်မျိုး ပြတ်တုံး... (သုံးမျိုး ပြတ်ပါတယ်ဘုရား)။

http://www.dhammadownload.com



လျှာပေါ်မှာဆိုတော့၊ လျှာပေါ်မှာ ချို၊ ချဉ်၊ ဖန်၊ ငန်လေး တင်လိုက်တယ်။ အလိုလို အရည်ပျော်လာတာ မဟုတ်ဘူး၊ အထဲ မှာရှိတဲ့ တံတွေးနဲ့ ပသာဒနဲ့ ပေါင်းရသေးတယ်။

တံတွေး-တည်းဟူသော အာပေါဓာတ်နဲ့ ရောပေးပြီးသကာလ ဟိုက ရသာရုံနဲ့၊ ဒီက ပသာဒနဲ့ သွားထိခိုက်မှ တံတွေးက ဖျော် ပေးမှ ချိုတယ်၊ ချဉ်တယ်၊ စပ်တယ်ဆိုတာ ထွက်လာတယ်၊ နို့မို့ ဩဇာက မထွက်လာဘူး၊ သဘောကျလား... (ကျပါ တယ်ဘုရား)။

ဒါဖြင့် အဲဒီ ခံစားတဲ့ ဥပေက္ခာဝေဒနာလေးက အလတ်စား ခံစားတဲ့ ဝေဒနာလေးကို ဘာတရား ခေါ်ကြမတုံး (သင်္ခါရ တရားလို့ ခေါ်ပါတယ်ဘုရား)။

သင်္ခါရ တရားဆိုရင် ဘာတဲ့တုံး (အနိစ္စလမ်းဆုံးပါဘုရား)၊ အဲဒီ အနိစ္စလမ်းဆုံးဆိုတာကို ဘာနဲ့ ကြည့်ရမတုံး.... (ပညာနဲ့ ကြည့်ရပါမယ်ဘုရား)။

ယဒါ ပညာယ၊ ယဒါ-အကြင်အခါ၌ ဆိုတာ နောက်မှ ရှု မနေနဲ့၊ အခုပေါ်တဲ့ အကြင်အခါမှာ ပေါ်နေတဲ့အချိန်လေးကို မိအောင် လုပ်ပါ၊ သဘောကျပြီလား... (ကျပါပြီဘုရား)။

ယဒါ-အကြင် ဝေဒနာလေး ပေါ်လာတဲ့အချိန်၊ လျှာပေါ် ဝေဒနာဥပေက္ခာလေး ပေါ်တဲ့အချိန်၌၊ ပညာယ-ဝိပဿနာမဂ္ဂင် ပညာနဲ့၊ ပဿတိ-မိအောင်ရှုပါ၊ အခုဟာ အချိန်အခါ ရပါ သလား.... (မရပါဘုရား)။

ခင်ဗျားတို့က တောင်ရွှေ့ မြောက်ရွှေ့ ရွှေ့နေလို့ ပဋိစ္စ သမုပ္ပါဒ် သုံးခုစလုံးကို ဘယ်နှစ်ပတ် လည်ပြီးမှန်း မသိဘူး၊

**ကိုယ်ကရှုနေတာဆိုတော့ ကိလေသာကြွား ခိုကုန်ပြီ၊ သဘော ကျလား....(ကျပါပြီဘုရား)။**

ကိလေသာကြွား ခိုရင်၊ ငါဘုရားက မဂ်ဉာဏ် ဖိုလ်ဉာဏ်ရလိမ့်မယ်လို့ မဟောဘူးကွ နော်တယ်။

နောက်တစ်ခါလာလို့ ရှိရင် ဉာဏ်က ဒီ-ကိလေ [illegible] ပယ်နေရတယ် သဘောကျလား... (ကျပါတယ်ဘုရား)

[illegible] ပြီ ဒါဖြင့် ကိုယ့် ပါတော့ ဥပမာ - အေးတယ် [illegible] သဘော [illegible] ပေါ်တယ်၊ [illegible] နှင်ရာ [illegible] ကိုယ်ပေါ်မှာ အေးကယ် - ပူတယ် ဆိုတာလေး [illegible] မသိ တာသလား၊ မသိ [illegible] (သိပါတယ်ဘုရား) မသိ [illegible] ဒုက္ခဝေဒနာပေါ့

ဒါဖြစ်လို့ အေးတိုးဆိုတော့ ဉာဏ်က တွေ့တော့ [illegible] လည်း နွေးကိုယ်မှာ [illegible] ထိတာ [illegible] လူသေ ထိတာလား လူရှင် ထိတာလား (လူရှင် ထိတာပါဘုရား)၊ ပသာဒရှိတဲ့ လူ၊ လူရှင်ထိတာ။

ပသာဒဆိုတာ ကံကြောင့်ဖြစ်တာ၊ ကံ မကုန်သေးတဲ့ပုဂ္ဂိုလ်ကို လာထိတယ်၊ ကံကြောင့်ဖြစ်တဲ့ ပသာဒရုပ်ဆိုတာရှိတယ်။

**ကံကြောင့်ဖြစ်တဲ့ ပသာဒရုပ်ဆိုတာ ရှိနေတော့ ဒီပုဂ္ဂိုလ်ဟာ လူ ရှင် လား၊ လူ သေ လား ဆို တော့ ကံ မ ကုန် သေး လို့ သေမှုမသေသေးဘဲ လူရှင်ပေါ့၊ ရှင်းပြီးလား(ရှင်းပါပြီဘုရား)။**

အဲဒါကို ဟိုက အအေးဓာတ်ကနေပြီး ဖောဋ္ဌဗ္ဗအာရုံက **လာထိလိုက်သေးတယ်၊ ထိလိုက်တော့ အေးတာ လွန်လွန်းတယ် ဆိုရင် ဒေါသဖြစ်တယ်။**

http://www.dhammadownload.com



အေးတယ်ဆိုပြီး အေးတဲ့နေရာလေးကို ဉာဏ်ဦးတည်ပြီး သကာလ ဖြစ်မှုပျက်မှုကို သင်္ခါရတရား ဖြစ်သောကြောင့် အနိစ္စလမ်းကို "ယဒါ ပညာယ ပဿတိ" နဲ့ ရှုပစ်လိုက်။

ရှုပစ်လိုက်တဲ့အခါကျတော့ ပဋိစ္စသမုပ္ပါဒ်သုံးမျိုးပြတ်တယ်၊ မပြတ်ဘူးလား— (ပြတ်ပါတယ်ဘုရား)၊ သဘောပါသလား— (ပါပါတယ်ဘုရား)။

ကဲ ဒါဖြင့် ဒီနေရာအေးလို့ ဟိုနေရာရွှေ့ပြီး သကာလ တကာ တကာဖော်က သွားပြန်ကာ နေစာလေးရွှေ့ကြတယ်၊ နေစာလေး ရွှေ့တော့ နေတည်းဟူသော ဖောဋ္ဌဗ္ဗာရုံနဲ့ ကမ္မဇရုပ်တည်းဟူသော ကာယပသာဒနဲ့ သွားထိပြန်တော့ နွေးတာလေး ခံစားရတဲ့ သုခဝေဒနာလေး ပေါ်လာတယ်၊ မပေါ်လာဘူးလား.. (ပေါ်လာပါတယ်ဘုရား)။

အဲဒါခတ္တပေါ်လာတော့ သင်္ခါရတရား ဖြစ်သွားပြီ၊ ခုမှ ပေါ်တာ အရင်ကပေါ်တာ ဟုတ်ရဲ့လား— (မဟုတ်ပါဘူးဘုရား)၊ ဒါဖြင့် သူ ဘာတရားခေါ်မလဲ— (သင်္ခါရတရား ခေါ်ပါမယ်ဘုရား)၊ သင်္ခါရတရားပြုပြင်လို့ ပေါ်တယ်မဟုတ်လား (မှန်ပါ့ဘုရား)။

ကိုယ်ကလည်း ကြွမ်းကြွမ်းတမ်းတမ်းထားတဲ့သက္ကာယရှိနေလို့ ပေါ်လာတာနော်၊ ကြွမ်းကြွမ်းတမ်းတမ်းထားတဲ့သက္ကာယ မရှိလို့ရှိရင် မပေါ်နိုင်ဘူး။

မပေါ်နိုင်တော့ သူပြုပြင်ရတာက တေဇောခတ်၊ တေဇောအနုခတ်ဆိုရင် သူ မပေါ်ချင်ဘူး၊ တေဇောကြွမ်းမှ ပေါ်တယ်၊ သီတတေဇောလို့ခေါ်တယ်။

http://www.dhammadownload.com



ဆောင်းတွင်းမှာတော့ ကိုယ်ပေါ်မှာ သုခဝေဒနာ ပေါ်လိုက်တယ်။

ပေါ်တော့လဲ ဒီပြင်ဒုက္ခတွေ၊ ဒီပြင်ဝေဒနာတွေ မရှိဘူးလို့ ခုနင်ကလဲ ပြောပြီးပါပြီတဲ့၊ အဲဒီပေါ်တာလေးတွေက သင်္ခါရ တရားမို့ ။

အဲဒီ သင်္ခါရတရားကို "ယဒါ ပညာယ ပဿတိ"၊ သင်္ခါရ အနိစ္စကို ယဒါ ပညာယ ပဿတိနဲ့ ကြည့်ပေးတဲ့၊ သဘောကျ ပြီလား... (ကျပါပြီဘုရား)။

ဒါဖြင့် သင်္ခါရတရားမှန်းသိလို့ ရှိရင်အနိစ္စဖြစ်တာကို ပညာနဲ့ ကြည့်လိုက်တဲ့အခါကျလို့ ရှိရင် သမုဒယ နဲ့ ဝယ-တော့ တွေ့ရ တော့မယ်။

ဘာတွေ့ရမှာတုံး.... (သမုဒယနဲ့ ဝယ တွေ့ရမှာပါဘုရား)၊ သမုဒယ-က ဖြစ်တာ၊ ဝယ-က....(ပျက်တာပါဘုရား)၊ အဲဒီ ဖြစ်-ပျက် နှစ်ခုတွေ့မယ်။

ဖြစ်-ပျက် နှစ်ခုတွေ့လိုက်တော့ မင်း ဘာတွေ့တုံးလို့ မေးလို့ ရှိရင် ဖြစ်-ပျက် တွေ့တယ်လို့ ထင်ရှားအောင် ဒါပြောမှာပဲတဲ့၊ စင်စစ်တော့ဖြင့် ဒုက္ခသစ္စာ တွေ့တာ၊ ဒုက္ခသစ္စာ တွေ့တာလို့ တကာ တကာမတွေက ဆုံးဖြတ်ချက်ချ... (မှန်ပါ့ဘုရား)။

ဒုက္ခသစ္စာကို ပညာနဲ့ သွားတွေ့တဲ့အခါ ကျတော့ကိုတဲ့ ဒုက္ခ သစ္စာက ဒုက္ခသစ္စာ၊ ပညာက မဂ္ဂသစ္စာဖြစ်နေတော့ ဒီမဂ်ဟာ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတဲ့ မဂ်ဖြစ်သွားတယ်ဆိုတာ ရှင်းပြီလား (ရှင်းပါတယ်ဘုရား)။ ဒုက္ခကို ပိုင်ပိုင်နိုင်နိုင်သိတဲ့မဂ် ဖြစ်သွား တယ်ဆိုတာ သဘောကျပြီလား....(ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒီလိုဆိုရင် ဒီမဂ်ရင့်သွားလို့ရှိရင် ပိုင်ပိုင်နိုင်နိုင်သိတာသည် ကြီးကျယ်ခမ်းနားလာရင် လောကုတ္တရာမဂ်ဖြစ်ရမယ်...(မှန်လှပါဘုရား)။

ပိုင်ပိုင်နိုင်နိုင် မသိသေးဘူးဆိုလို့ရှိရင်ဖြင့် ဖြစ်ပျက်ဟာ ဒုက္ခသစ္စာလောက်ပဲ သိနေလို့၊ သာမည သိနေသေးလို့ရှိရင် ဝိပဿနာမဂ်ဖြစ်ရမယ်...(မှန်လှပါဘုရား)။

"ဝေဒနာနုပဿနာ"ကို ဘုရားဟောဘော်မူခြင်းသည် အခု ဓမ္မဒိန္နာက အဖြေသမား၊ အမေးသမားက ဝိသာခ၊ ဒါဘယ့်နှယ်ကြောင့် သူတို့ အမေးအဖြေလုပ်ရပါလိမ့်။ ရဟန္တာဖြစ်တဲ့ နေရာမှာ အမြန်ဆုံးဖြစ်နိုင်တဲ့တရား၊ ရှင်းကြပြီလား...(ရှင်းပါတယ်ဘုရား)။

ဘာတဲ့တုံး... (အမြန်ဆုံးဖြစ်နိုင်တဲ့တရားမို့ပါဘုရား)၊ အမြန်ဆုံးဖြစ်နိုင်တဲ့တရားလို့ ဆုံးဖြတ်ချက်ချကြပါ။

ဒါကြောင့် ဝေဒနာနုပဿနာဟာ ကောင်းတယ်ဆိုတဲ့ဥစ္စာက ဘုရားသခင်ကိုယ်တော်မြတ်ကြီးက ဝေဒနာကို ပရိညာဉ် ဒုက္ခသစ္စာလို့ ပိုင်ပိုင်နိုင်နိုင်သိမယ်ဆိုရင်ဖြင့် ဒိဋ္ဌေဓမ္မေ ယခုဘဝ၌ အနာသဝါ-အာသဝေါကင်းပါတယ်ဆိုတော့ ရဟန္တာဖြစ်တယ်လို့ဟောတယ်၊ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

ကောင်းပြီ၊ ဒါဖြင့် ဝေဒနာဟာ သီးသန့် တကာ တကာမတွေ သူတစ်ခမ်းတနားထားတဲ့ သတိပဋ္ဌာန် လေးပါးထဲမှာ တစ်ခန်းထားတယ်၊ သူနဲ့ချည့်ပဲ သွားနိုင်ပါလို့ မှတ်လိုက်ပါ၊ ဘယ်လိုမှတ်ကြမတုံး... (သူ့နဲ့ချည်းပဲ သွားနိုင်ပါတယ်ဘုရား)၊ သူနဲ့ချည်ပဲ သွားနိုင်ပါတယ်လို့ ဆိုတာကိုလဲ သေသေချာချာ မှတ်ကြပါ။

ရှင်သာရိပုတ္တရာ သူနဲ့သွားတယ်၊ ဒီဃနက္ခ... (သူနဲ့သွားတယ်)၊ သူနဲ့သွားတယ်။ ဒီပြင်ဟာကိုမပါဘူး ဒါ-ကာယနုပဿနာ မပါဘူး၊ ရှင်းပြီလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ ဒါဖြင့် အလုပ်ထဲမှာ သူ့ကိုဦးတည်ပြီး ရှုလို့ရှိရင်လဲ ဒီပြင်ဟာတော့ ပါတော့ပါတာပါပဲတဲ့၊ ပါပင်ပါငြားသော်လည်း သူ့ဉာဏ်ထဲမှာတော့ ဒါတစ်ခုစူးစိုက်တာ ဝေဒနာပဲ စူးစိုက်တယ်၊ ရှင်းပြီလား .. (ရှင်းပါပြီဘုရား)။

သူ့ဟာသာ ဝေဒနာနဲ့တွဲချုပ်ထားတာတွေ သူပဓာန မထားဘူး၊ ဝေဒနာကိုသာ ပဓာနထားရှုနေလို့ ဝေဒနာဒုက္ခ၊ သစ္စာမြင် ရှင်းလည်း ဒိဋ္ဌဓမ္မ အနာသဝ ဖြစ်ကြောင်း နိုင်ပါသယ်ဆိုတော့ ပါရမီ မလိုပါဘူး၊ ရှင်းပြီလား .. (ရှင်းပါပြီဘုရား)။

ကဲ-ဒါ စမ်းကြဲ့ သောမနဿ ဆိုတာ ကိုယ်နှစ်သက်တဲ့အာရုံလေးတွေလို့ရှိရင် ဝမ်းထဲ ဝမ်းသာလိုက်တာ၊ သတင်းကောင်းလေး ကြားရလို့ ကျုပ်ဖြင့် ဝမ်းသာလိုက်တာ။

အေး... မှန်လေ တွေ့ရတာ ကျုပ်ဖြင့် ဝမ်းသာလိုက်တာ၊ မတွေ့ရတာ ကြာသို့ ဝမ်းသာမနေနဲ့တဲ့ သာတဲ့စိတ်ကလေးက တဏှာဖက် လှည့်သွားလိမ့်မယ်၊ သာတဲ့စိတ်ကလေးက အာသုပ် ရမှာတုံး...(တဏှာဖက် မလှည့်အောင် လုပ်ရပါမယ်ဘုရား)၊

တဏှာဖက်မလှည့်အောင် မြန်မြန်လုပ်လိုက်၊ ဝမ်းသာတဲ့ စိတ်ကလေးကို မြန်မြန်ဝမ်းသာတယ်ဆိုတာ ပြောသံကြားနဲ့ ကိုယ့်တွေ့လုံးနဲ့ကိုယ် ဟဒယဝတ္ထုနဲ့ သွားထိခိုက်တယ်။

ထိခိုက်တဲ့အခါကျတော့ ဝမ်းသာတဲ့စိတ်ကလေး မမှာရှိနဲ့ ပေါ့ဗျာ၊ မမှာရှိနဲ့ မနေရဘူးရ သွားထိခိုက်တဲ့အခါကျတော့

ဝမ်းသာတဲ့စိတ်ကလေး ပေါ်လာတယ်ဆိုတော့ သူ သံခါရ တရား။ ဒါကြောင့် သင်္ခါရတရားကို ဦးသံဒိုင် လက်လွှတ်လို့ ကို မရဘူး .. (မှန်လှပါဘုရား)။

သင်္ခါရတရား မတွေ့လို့ ရှိရင် အနိစ္စ မတွေ့တော့ဘူး၊ သင်္ခါရ မတွေ့ရင်.... (အနိစ္စ မတွေ့ပါဘူးဘုရား)၊ ဝမ်းသာလိုက်တာလို့ ပြောပြီးတဲ့ ပုဂ္ဂိုလ်တစ်ဦးကစ်ယောက်သည် သင်္ခါရတရား မတွေ့ တော့ဘူး၊ မတွေ့တော့တဲ့အတွက် အနိစ္စလဲ မတွေ့ဘူး။

ဝမ်းသာတာနဲ့ပဲ သူ့မှာ ခင်တဲ့ပုဂ္ဂိုလ်ဖြစ်နေတာကိုဆိုတဲ့ တဏှာတွေ လာတော့တာပဲ၊ မလာပေဘူးလား.... (လာပါတယ် ဘုရား)။

အဲတော့.... ပေါ်တဲ့သင်္ခါရ မတွေ့လိုက်လို့ ရှိရင် အနိစ္စလဲ မတွေ့တော့ဘူး။ မတွေ့တဲ့အတွက် ဒီ ပဋိစ္စသမုပ္ပါဒ် အလယ်က စ ဖောက်ဘယ်။ မစသေးဘူးလား....(စ ပါတယ်ဘုရား)။

တဏှာဥပါဒါန် ကံဖက် မသွားသေးဘူးလား ...(သွားပါ တယ်ဘုရား)၊ ဒါ–ဘာမတွေ့လိုက်တာတုံး မေးတော့ သင်္ခါရ တရား မတွေ့လိုက်ဘာ၊ ဖြစ်တာ ဖြစ်မှန်းမသိလိုက်တာ ဘယ်နှယ် ဆိုကြမတုံး....(ဖြစ်တာ ဖြစ်မှန်းမသိလိုက်တာပါဘုရား)။

ဖြစ်တာဖြစ်မှန်းမှ မသိတဲ့ပုဂ္ဂိုလ်က ပျက်တာ ပျက်မှန်းမသိ တော့ဘူး၊ မသိတော့ ဒုက္ခသစ္စာ ကွယ်သွားတယ်။ ဘယ်နှယ် ဆိုကြမတုံး.. (ဒုက္ခသစ္စာ ကွယ်သွားပါတယ်ဘုရား)။ ဒုက္ခသစ္စာ ကွယ်သွားတယ်ဆိုတာ သေချာပြီလား .. (သေချာပါပြီဘုရား)။

ဘုရားကသွဲ့ ခန္ဓာကိုယ်တစ်ခုလုံး "သံခိတ္တေန ပဉ္စုပါဒါ နက္ခန္ဓာပိ ဒုက္ခာ" မင်းအို တစ်ကိုယ်လုံးပေါ်ပေသည်၊ ဒုက္ခ

http://www.dhammadownload.com



သစ္စာချည့်ပါကွာလို့ ဟောတဲ့ဥစ္စာ၊ ဒုက္ခသစ္စာ ပျောက်သွားသယ် ... (မှန်လှပါဘုရား)။

အို....မျက်စိ မျက်နှာလဲမြင်ရတော့ ဝမ်းသာတာပဲ။ သတင်းကောင်း ကြားရတော့လဲ ကျုပ်တို့ဖြင့် ဝမ်းသာလို့ မဆုံးပါဘူး ဆိုပြီးသကာလ သူတို့သည်ကား တဏှာဖက်သာ လှည့်သွားတာဘဲ။

တနည်းအားဖြင့်လည်း ဝမ်းသာစရာမဟုတ်လို့ ရှိရင် ဒေါသဖက်သာ လှည့်သွားတာပဲ၊ မလှာဘူးလား (လာပါတယ်ဘုရား)။

အဲ့ဒါတွေ ဘာတုံးဆိုတော့ သခါရတွေ မတွေ့လိုက်တာနဲ့ အနိစ္စ မဆိုက်တော့ဘူး၊ သခါရ မတွေ့တာနဲ့... (အနိစ္စ မဆိုက်ပါဘူးဘုရား)။

အနိစ္စမဆိုက်တော့ကို ပညာက မလိုက်နိုင်တော့ဘူး၊ သူ့ပညာနဲ့မှ ရှုနိုင်တာကိုး ဒီပြင်တရားနဲ့ ရှုလို့တော့ (မရပါဘူး ဘုရား)၊ မရဘူးတဲ့ သဘောပ ကျပြီလား (ပါပါတယ်ဘုရား)။

အောင်-ဒါဖြင့် ဒီနေ့ ဓမ္မဒိန္နာက ဖြေနေတဲ့အလုပ်သည်ကား ဆိုလို့ရှိရင် ဆရာ ဘုန်းကြီးက သံယုတ်တွေကော အကုန်တွဲပြီး လာသာ ပြောလိုက်တော့ သူတို့ကတော့ ဝေဒနာဘယ်နှစ်မျိုး ရှိတယ်ဆိုပြီး ကျားကာသာပဲ ဒီပြင် ဘာမှ မပါဘူး၊

သူတို့ကတော့ သိတဲ့လူကမေးပြီး၊ သိတဲ့လူက ဖြေနေတော့ ဒါလောက် ကျယ်ကျယ်မပြောတော့ဘူး၊ အခုတော့ အလုပ်သင် တဲ့ည ဖြစ်နေတဲ့အတွက် အောင်.... ဒီတွေဟာ ပေါ်ရာကိုဖြင့် ဖြစ်-ပျက် ရှုရမှာပဲဆိုတော့ တကာ တကာမတွေ မှတ်ရမယ်... (မှန်ပါဘုရား)။

http://www.dhammadownload.com



ပေါ်ရာကို—(ဖြစ်ပျက်ရှုရမှာပါဘုရား)၊ မပေါ်လဲမရှိဘူး၊ တစ်ခုခုတော့ (ပေါ်မှာပါဘုရား)။ ပေါ်တာပဲ၊ ပေါ်တာကို ခင်ဗျားတို့ မသိလိုက်မှာ စိုးရတယ်၊ မသိလိုက်ရင် အဝိဇ္ဇာ၊ ရှင်းပြီလား .. (ရှင်းပါပြီဘုရား)။

ဘာ့ကြောင့် အဝိဇ္ဇာဖြစ်ရသတုံး မေးတဲ့အခါကျတော့မှ ပေါ်တာက ဒုက္ခသစ္စာ၊ ပေါ်တာကို မသိလိုက်တော့ "ဒုက္ခေ အညာဏံ"ကွ၊ မထင်ရှားဘူးလား... (ထင်ရှားပါတယ်ဘုရား)။

ဒုက္ခေ - ဒုက္ခသစ္စာ၌၊ အညာဏံ - မသိခြင်းသည်၊ အဝိဇ္ဇာ—အဝိဇ္ဇာပဲ။ ဘာမသိလိုက်တာလဲ—(ဒုက္ခသစ္စာ မသိလိုက်တာပါဘုရား)။

ဘုရားကတော့ မင်းတို့ခန္ဓာထဲ ဘာပေါ်ပေါ် "သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာပိ ဒုက္ခာ"လို့ ဟောထားတယ်.. (မှန်ပါဘုရား)။ ဘာပဲပေါ်ပေါ် သင်္ခါရက အနိစ္စလမ်းဆုံးတယ်။

ဒုက္ခသစ္စာချည့်ပဲလို့ ဟောထားတာ ခင်ဗျားတို့က မသိလိုက်တော့ ဒုက္ခေ အညာဏံ ဒုက္ခေ - ဖြစ်ပျက် ဒုက္ခသစ္စာ၌၊ အညာဏံ-မသိလိုက်ခြင်းသည်၊ အဝိဇ္ဇာ-အဝိဇ္ဇာပဲ။

အဝိဇ္ဇာက သူ့အတိုင်းနေမှာမှ မဟုတ်ဘဲတဲ့ အဝိဇ္ဇာပစ္စယာ သူလုပ်တော့မယ်၊ ပစ္စယာဆိုတာသည် သူ့သတ္တိရှိသလောက် တော့ဖြင့် ငါ ကျေးဇူးပြုမကွဆိုပြီးတော့ ကာယသင်္ခါရတွေ၊ ဝစီသင်္ခါရတွေ၊ ဒါတွေက နောက်ဟောရမှာတွေပေါ့ဗျာ။

စိတ္တသင်္ခါရတွေ မလာပေဘူးလား၊ အဲဒါတွေက နက်ဖြန် ကောက်မှ ဓမ္မဒိန္နာက ရောက်မှာ။

http://www.dhammadownload.com



ကိုင်း... ဒါတွေ လာမှာ စိုး ရိမ် တဲ့ အ တွက် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဝေဒနာ နုပဿနာ နေရာမှာ သင်္ခါရ တွေမှာ၊ သင်္ခါရတွေမှာဟော့ ၊ ဒါမှ အနိစ္စ မင်းတို့မှာ၊ ဟောတာကျပြီလား...(ကျပါပြီဘုရား)။ သင်္ခါရတွေမှ အနိစ္စ ရမှာ၊ အနိစ္စတွေမှ ရမှာ၊ နှိမို့ရင်တော့... (မတွေ့ရပါဘူး ဘုရား)။

မတွေ့ရလို့ရှိရင်ဖြင့် ဒုက္ခ အညာဏ် လာလိမ့်မယ်...(မှန်ပါ ဘုရား)၊ ဒုက္ခ ဖြစ်ပျက် ဒုက္ခသစ္စာ၌၊ **အညာဏ်-မသိခြင်းသည်၊ အဝိဇ္ဇာ-အဝိဇ္ဇာပဲ။**

**"အဝိဇ္ဇာ သော ဘိက္ခဝေ အဝိဇ္ဇာထေရှတာဗ္ဗ နယောတိ"** အဝိဇ္ဇာသာ လာလို့ရှိရင်တော့ကွာတဲ့...၊ **မင်းတို့ ဟီရိသြတပ္ပ ကင်းတဲ့ တိရစ္ဆာန်ဖြစ်သွားပါလိမ့်မယ်၊ ကဲ– ဘယ်လောက် ဆိုးတုံး**.. (ဆိုးပါတယ်ဘုရား)၊ **သတော့ ပါပြီလား....** (ပါ ပါတယ်ဘုရား)။

**အဲဒါ မဟာဒေယာန-သံယုတ်မှာ ဒီအတိုင်း၊ လာပါတယ်တဲ့၊ အဝိဇ္ဇာဘာမှာ ဒီအတိုင်းလာတော့ အောင် ငါတို့မှာဖြင့် မသိ** လိုက် တာဟူသ၍ အဝိဇ္ဇာချည်းပဲကို ဆိုတာကိုလည်း **ဆုံးဖြတ် ချက်ချပါ။**

မျက်လုံးထဲပေါ်တဲ့ သင်္ခါရတွေ**အနိစ္စမမြင်လိုက်ရင် အဝိဇ္ဇာ၊** နားထဲကြားတဲ့ သင်္ခါရတွေ အနိစ္စမမြင်လိုက်ရင်... (**အဝိဇ္ဇာပါ** ဘုရား)၊

တာဖြစ်လို့တုံးဆိုတော့ ဒုက္ခသစ္စာပေါ်တာ မသိလိုက်တာ ရှင်းပြီလား ...(ရှင်းပါပြီဘုရား)။ **ဘာမသိတာတုံး....(ဒုက္ခသစ္စာ ပေါ်တာမသိလိုက်လို့ပါဘုရား)။**

http://www.dhammadownload.com



ကြောက်စရာကြီးပါလား၊ ဒါကြောင့် မင်းတို့ကွာ မျက်လုံးသံပုန်ရင် ယတာ ကောင်းပါတယ်၊ အဲဒါ တစ်ခါခါ တစ်ခါမှာ မျက်လုံး နှိန်းမယ်ကွ၊ သံသရာကန်းကြီး ဖြစ်ရမှာကတော့ မင်းတို့ မဆီးတော့ဘူးကွ၊ မဟောပေဘူးလား (ဟောပါတယ်ဘုရား)

... သေချာ စစ်ကြည့်တော့မှ ... များတို့ ... ဒါ ... လောက်၊ ... များကို ဆောက်တည်ထားတဲ့ ... ကြာက်နဲ့ ပဋိသမ္ဘိဒါ တစ်ခေါ ... သွား ... ... ကယ်ဖို့ယူ ... ခဲ့ယဉ် ... အကြိမ်ကား များနေတယ်၊ ... အကြိမ်ကိုရေတွက်နိုင်မှ မတွေ့နိုင်လျှင် ကံမြောက်ရည်ဖြစ်နေတယ်၊ မြောက်ပြီး- "တကာ ဥပါဒါန် ကံ အဝိဇ္ဇာ သင်္ခါရ သောက ပရိဒေဝ ဒုက္ခ ဒေါမနဿ အဝိဇ္ဇာ သင်္ခါရ မလာပေဘူးလား။

လာတော့၊ မောင်သစ်တို့ ကံမြောက်တာကတော့ ပိုက်ဆံရှိမှ ဘစ်ခါကံမြောက်တာ။ ကြည့်တိုင်းကြည့်တိုင်း ဝိပဿနာဉာဏ်မပေါ်ရင် ကံမြောက်ချည့်ပဲ။ ဘယ်ကံတွေကများတယ်ဆိုတာကို ရေတွက်ကြမယ်။

အကုသိုလ်ဖက်က ကံတွေက များတယ်ဆိုတာ သဘောပေါ်ပြီလား ...(ပါပါတယ်ဘုရား)။

အကုသိုလ်ဖက်က ကံတွေက များတယ်ဆိုတာ သဘောပေါ်တော့မှ အချောသတ် လိုပါသေးသလား၊ အကြမ်းဖျင်းတော့ ပြီးသွားပြီ။

http://www.dhammadownload.com



အချောသတ်လိုပါသေးလားဆိုတဲ့ဥစ္စာ ခင်ဗျားကို ရေပေါ် တင် ထိုးထားပြီးသကာလ ကော်ပတ်တွေ ဘာတွေနဲ့မစားလို့ အရောင်တင်တွေ မလာသေးလို့ ရှိရင်ဖြင့် ဘယ်ပစ္စည်းမှ ကြည့်မကောင်းသေးပါဘူး၊ အချောသတ်လိုသေးတယ် မှတ်ရမယ်။

အချောသတ်က ဝိပဿနာလို့ မှတ်လိုက်စမ်းပါ၊ အချောသတ်က.... (ဝိပဿနာပါဘုရား)၊ ကောင်းပြီ .. ဝိပဿနာရှု ဝိပဿနာရှုဆိုတာ တိုတိုပြောတော့ ဦးသံဒိုင်း ဒုက္ခသစ္စာကြည့်ခိုင်းတာ၊ ရှင်းပြီလား....(ရှင်းပါပြီဘုရား)။

ဝိပဿနာရှုဆိုတာ ဘာကြည့်ခိုင်းတာလဲ ...(ဒုက္ခသစ္စာကြည့်ခိုင်းတာပါဘုရား)၊ ဒုက္ခသစ္စာကြည့်ခိုင်းတာဆိုတော့ သဘောကျပြီလား... (သဘောကျပါပြီဘုရား)။

ကောင်းပြီ ဒီအတိုင်းမှတ်ထားပါ၊ ကိုးကွာ မင်းထဲမှာ အကြောင်းမညီညွတ်လို့ တွေးလုံးနဲ့များ တစ်ခါတလေ စိတ်မချ[illegible]နေတာ ရှိသေးတယ်။

သား မပြန်လာ၊ သမီး က မပြန်လာတာနဲ့ ဘယ်နှယ်များ နေပါလိမ့်မလဲ၊ မပြောတတ်ပါဘူးလေဆိုတဲ့ ဒေါမနဿတွေ မလာတတ်ဘူးလား ...(လာတတ်ပါတယ်ဘုရား)။

အဲဒါ....ဟိုက မွှာရုံနဲ့ မနောအကြည်နဲ့ သွားတိုက်တယ်၊ အိမ်ထဲမှာ ကိုယ်တစ်ယောက်ထဲ ရန်ဖြစ်နေတာလို့ မှတ်လိုက်စမ်းပါ၊ ဘာဖြစ်နေတာတုံး....(အိမ်ထဲမှာ ကိုယ်တစ်ယောက်ထဲ ရန်ဖြစ်နေတာပါဘုရား)။

ဘယ်သူမှ မပါဘူးနော်၊ ဘယ်သူမှ မပါဘူး၊ ဘယ်သူက ဘယ်လိုလုပ်သွားလို့တုံး....၊ ဘယ်သူမှ ဘာမှ မလုပ်ပါဘူး။

http://www.dhammadownload.com



ကျုပ်ဟာကျုပ် စိတ်မချတာပါ၊ ဒါ တစ်ယောက်ထဲ ရန်ဖြစ်တယ်ဆိုတာ ပေါ်ပြီလား....(ပေါ်ပါပြီဘုရား)။

အဲဒါ... ရန်ဖြစ်တယ်ဆိုလို့ ရှိရင်ဖြင့်၊ သူ-ကိုက ခမ္မာဂါနဲ့ မနောအကြည် တည်းဟူသောနှစ်ခုက လုပ်လိုက်လို့ ဖြစ်လိုက်တဲ့ ဒေါမနဿဝေဒနာ။ ဒီ-ဒေါမနဿဝေဒနာကိုလည်း နှစ်ခုက ပေါင်းပြီး လုပ်လိုက်တဲ့အတွက် သင်္ခါရတရား၊ သဘောပါပြီလား .. (ပါပါပြီဘုရား)။ ဘယ်လမ်း ဆိုးတုံး .. (အနိစ္စလမ်း ဆိုးပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့်-ဖြစ်ပေါ်တာက သင်္ခါရ၊ ပျက်စီးတာက အနိစ္စ၊ အဲဒါသိယားဟော့မှ အနိစ္စက ဘာသစ္စာတုံး.... (ဒုက္ခသစ္စာပါဘုရား)။

အဲဒါလေး မေ့လိုက်လို့ ရှိရင်ဖြင့် "ဒုက္ခေဉာဏံ" သွားဖြစ်တယ်၊ ဒုက္ခေ - ဒုက္ခသစ္စာ၌၊ ဉာဏံ - သိတဲ့ဉာဏ်သည်၊ ဟောတိ ဖြစ်၏ ဆိုတော့ ဝိဇ္ဇာချုပ်လို့ ဝိဇ္ဇာ ဘာတာပဲ၊ ဒါဖြင့် "အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော" သွားဖြစ်တယ်။

ဘာဖြစ်လို့တုံး... ဒုက္ခေဉာဏ်ဖြစ်လို့၊ ပေါ်ကြပြီလား .. (ပေါ်ပါပြီဘုရား)၊ ဘာတဲ့တုံး... (ဒုက္ခဉာဏ်လမ်း ဖြစ်လို့ပါဘုရား)။

အဲဒါ....ဒုက္ခေ ဒုက္ခသစ္စာ၌ (ဝါ) ဖြစ်ပျက်၌၊ ဉာဏံ သိတဲ့ဉာဏ်သည်၊ ဟောတိ-ဖြစ်၏ ဆိုတာ ဒုက္ခေဉာဏ်လမ်း ဆိုတာ တာတုံးဆိုရင်ဖြင့် အဝိဇ္ဇာ ချုပ်တာကွ။

ဒါဖြင့်...အဝိဇ္ဇာ နိရောဓာ သင်္ခါရ နိရောဓော၊ ဘုံဘဝတွေ ပြုပြင်တဲ့ သင်္ခါရတွေ လာသေးလား...(မလာတော့ပါဘုရား)။

သင်္ခါရ နိရောဓော၊ ဝိညာဏ နိရောဓော ဆိုတာ ပဋိသန္ဓေ ဟူသည် ကုန်ပြီ ဟေ့ တဲ့၊ ဝိညာဉ်ဆိုတာ ပဋိသန္ဓေဝိညာဉ် ဆိုပါတယ်။

ဝိညာဉ်ပဋိသန္ဓေ ဟူသည် ... (ကုန်ပါပြီဘုရား)၊ ဒါဖြင့် ဇာတိ ချုပ်သွားသာ... (မှန်ပါဘုရား)၊ ဒါဖြင့် အဇာတိဆိုတာ နိဗ္ဗာန် ဘာ့ ဇာတိ ပဋိသန္ဓေ မနေရဆိုတာ ဘာသွား... (နိဗ္ဗာန်ပါဘုရား)၊

အဲဒါ ခင်ဗျားတို့က မသိလို့။ ခြောက် ရှုလိုက်တဲ့ကျေးဇူးက ခုကျ ပြတ်ပါလားဆိုတာကို သောပါပေါ်လာတယ်။ ဒုက္ခဝဋ် မပြတ် .. (ပြတ်ပါတယ်ဘုရား) ရှင်းပြီလား (ရှင်းပါပြီဘုရား)၊

ဇီလောက် ကျယ်ကျယ်ဝန်းဝန်းနဲ့ ဖြန့်ပြီးပြောလို့ ရှိရင်ဖြင့် ခင်ဗျားတို့က တို့မှာ အပြစ်လေးတော့ မခံတော့ဘူး၊ သံသရာ စခန်း သတ်တော့မယ် ဆိုတော့ "ဒုက္ခေဉာဏ်" ဖြစ်အောင် လုပ်ရင် စခန်းသတ်တာပဲ....(မှန်ပါဘုရား)။

ဒုက္ခေဉာဏ်ဏ်တစ်ခုကို လုပ်လိုက်လို့ ရှိရင်ဖြင့်တဲ့ ဒုက္ခေ သမုတိ ဉာဏ်ဏ်ဆိုတာ အလိုလိုပါသွားတယ်.... (မှန်ပါဘုရား)၊

အဟံ-ငါသည် ဖြစ်-ပျက်ကို မြင်အောင်ရှုလိုက်တော့ ဒုက္ခေ ဉာဏ်ဏ်ဖြစ်သွားတော့၊ အော်....ဒါ သမုဒယ မလာပါလား ဆိုတာလဲ သိသွားပြီ၊ နိရောဓ-မျက်မှောက် ပြုရမှာပါကလား ကော....(သိသွားပါတယ်ဘုရား)၊ သိသွားတယ်တဲ့။

ငါတို့နေတာ ဒုက္ခေဉာဏ်ဆိုတဲ့ ဉာဏ်လေးကလဲ လာတိုင်း လာတိုင်း ဒုက္ခေဉာဏ်လုပ်နေတဲ့အတွက် မဂ်-ပါလားဆိုတာရော (သိပါတယ်ဘုရား)။

သစ္စာလေးပါး တစ်ပြိုင်နက် သိတယ် .. (နေပါဘုရား) ခင်ဗျားတို့ ဖြစ်-ပျက်ရှုလိုက်တယ်၊ သစ္စာလေးပါး (တစ်ပြိုင်နက် သိပါတယ်ဘုရား)၊ တစ်ပြိုင်နက် သိတယ်ဆိုတာ ပေါ်ပြီလား . (ပေါ်ပါပြီဘုရား)။

ဒါ ခွဲပြောလို့လား ဖြစ်စဉ်ကားဆိုတာ အကဲတော်ကြွအံး (ဖြစ်စဉ်ပါ ဘုရား ။ ဖြစ်စဉ်ကဲ၊ တစ်ခုသိရင် အကုန်သိတယ (မှန်ပါဘုရား)၊ တစ်ခုသိ ရှိရင် အကုန်သိတယ်ဆိုတာ ကြိုး ကျေနပ်ပါ..(ကျေနပ်ပါတယ်ဘုရား)

ဒီဟာကလဲ အတော်ကိုပဲ ဗဟုသုတများလဲ ဝိဉ္ဉာဏ်အားရ ရတာနော်၊ နှိုမ့်ကိုချိုင်းကြား ရှုတဲ့ရှုတဲ့ဆိုပြီး ခင်ဗျားတို့ ရှုဆိုလို့ ရှုနေရတယ်၊ ဘယ်ခရီး ပေါ် သွားတယ်လို့ ဒီလို ကျယ်ကျယ်ဝန်းဝန်း မသိလို့ရှိရင်ဖြင့် ဦးသံဒိုင် ခက်တယ် ကဲ...အခုတော့ သဘောကြသလား .. (ပါပါတယ်ဘုရား)

ဒုက္ခညဏ်တစ်ခု လာလိုက်တာ အဝိဇ္ဇာ နိရောဓ သင်္ခါရ နိရောဓ၊ ဇာတိ နိရောဓ ဇရာ မရဏ နိရောဓဆိုတာ တွေ အကုန်လာတယ်၊ မလာပါနဲ့ဆိုလို့ ...(မရပါဘူးဘုရား) သဘောပါသလား....(ပါပါတယ်ဘုရား)။

အဲဒါကြောင့်... အင်မတန် အဖိုးတန်တဲ့နေ့လို့ ဆုံးဖြတ်ချက်ချလိုက်... (မှန်ပါဘုရား)၊ အဖိုးသိပ်တန်ပါတယ်၊ သံသရာ စခန်းပြတ်တဲ့နေ့ပဲ။

ကဲ...ဝမ်းထဲမှာ ဥပေက္ခာဆိုတာက တချို့ကလဲ တောင် သွားကြ၊ တချို့ကလဲ မြောက်သွားကြ၊ သားတွေ သမီးတွေနဲ့ အရွယ်တွေကလဲ ကြီးကုန်ပြီ၊ သူဘို့အတွက်တော့ ကျုပ်တို့

http://www.dhammadownload.com



ယော်တုံးကလိုတော့ မဟုတ်တော့ပါဘူး၊ သတိတော့ရပါတယ်၊ ရပေမယ့်လဲ ပူခြင်း ဆွေးခြင်းတော့လည်း မရှိပါဘူး၊ ဥပေက္ခာ ပေါ်နေတယ်၊ ဘာပေါ်နေတာတုံး.... (ဥပေက္ခာ ပေါ်နေပါတယ်ဘုရား)။

သားအတွက်လည်း တယ်ပြီးတော့၊ သူတို့ ကိုယ်သူတို့ ထိန်းနိုင်ပေါ့။ သမီးအတွက်ကလည်း ထို့အတူပဲ၊ သူ့ဘို့ကိုယ် သူတို့ ထိန်းနိုင်ပေါ့။ သတိတော့ ရပါတယ်၊ စိတ်ချတယ်ဆိုတာ ဥပေက္ခာပေါ်လာတယ်၊ စိတ်ချတယ်ဆိုတာ....(ဥပေက္ခာ ပေါ်လာတယ် ဘုရား)။

ကမ္မဿကာ ထားနိုင်တာပေါ့ကွာ၊ ဒီဥပေက္ခာ ပေါ်လာတာကို ဒီအတိုင်း မနေလိုက်ပါနဲ့၊ အမေမိဘလုပ်တဲ့ပုဂ္ဂိုလ်က ဟုတ်လား....(ဟုတ်ပါတယ်ဘုရား)။

ဥပေက္ခာဆိုတာ သားကို အာရုံပြုလိုက်လို့ မနေအကြည့် ပြုလုက်လို့ ဥပေက္ခာပေါ်တယ်၊ သမီးကြီးဖက်ကို အာရုံပြု လိုက်လို့ မနေအကြည့်နဲ့ ထိခိုက်လို့ ဘာပေါ်လာတုံး... (ဥပေက္ခာပေါ်လာတာပါဘုရား)။

ဒါဖြင့်....သင်္ခါရတရားပေါ့၊ နှစ်ခု ပြု ပြင် ပေး လိုက် တယ်၊ သင်္ခါရတရား ဘယ်လမ်းဆုံးတုံး.... (အနိစ္စလမ်း ဆုံးပါတယ်ဘုရား)၊ အနိစ္စက ဘာသစ္စာတုံး...(ဒုက္ခသစ္စာပါဘုရား)။

အဲဒါလေးကို သိလိုက်တဲ့အခါကျတော့ ဒါဖြင့် ဖြစ်ပြီး ပျက်တယ်လို့ ဉာဏ်လေးကလဲ အုပ်မိသွားတော့ ဒုက္ခသစ္စာကို သိတဲ့ဉာဏ်ပေါ်လာတယ်၊ ဒါဖြင့် ဒုက္ခေဉာဏ် ဖြစ်သွားတယ်.... (ဖြစ်သွားပါတယ်ဘုရား)။

http://www.dhammadownload.com



ဒုက္ခေဉာဏ်ဆိုတဲ့ နာမ်တွေ ဒီလိုရှိနေတာသည် သမုဒယ သစ္စာထဲ မလာနိုင်ဘူးဆိုတာတော့ သူ့ဟာသူ ပါသွားတယ်— သဘောကျပြီလား... (ကျပါတယ်ဘုရား)။

နိရောဓသစ္စာထဲ အဝိဇ္ဇာချုပ်ကတည်းက ဟိုက သင်္ခါရ ချုပ်ခဲ့သောမှာ၊ တဏှာသုပဒါန်... (ချုပ်ပါတယ်ဘုရား)။ နိရောဓလည်း သူသိသွားပြီတဲ့၊

အောင် မိမိ သည် ကား လို့ ဆို ရင် ဖြင့် ဒါလေး လာတိုင်း လာတိုင်း ပွားများနေရတဲ့အတွက် မဂ္ဂသစ္စာလည်း ကိုယ်ဆိုက်ပြီ ဆိုတာ သူ့ဟာသူသိတာ သဘောကျပြီလား ကျပါပြီဘုရား)။

ဒါဖြင့် သစ္စာလေးချက်ဟာ တပြိုင်နက်ပေါ်တာ ဒုက္ခသစ္စာ ကိုလည်း သိပြီ (မှန်ပါဘုရား)။ ဒုက္ခသစ္စာက ဒုက္ခသစ္စာ သိတာက မဂ္ဂသစ္စာ ဟုတ်လား....(တင်ပါဘုရား)။ ပယ်တာက သမုဒယသစ္စာ၊ နောက် ချုပ်မှုတာက (နိရောဓသစ္စာပါ ဘုရား)။

တစ်ခုထဲပြီးသွားတယ် ရှုလိုက်တာ တစ်ချက်ထဲနဲ့ အကုန် ပြီးတယ်၊ ရှုလိုက်တဲ့ တစ်ချက်ထဲနဲ့ အကုန်ပြီးတယ်ဆိုသဖြင့် ခင်ဗျားတို့ရှိနေတဲ့ ကျေးဇူးဟာ အင်မတန်ကိုပဲ သစ္စာလေးချက် တစ်ပြိုင်နက် ဝင်လာတယ်လို့ မှတ်လိုက်စမ်းပါ အတုံး.... (သစ္စာလေးချက် တစ်ပြိုင်နက် ဝင်လာတာပါဘုရား)။

သစ္စာလေးချက် တစ်ပြိုင်နက် ဝင်လာတယ်တဲ့၊ တိုက်ရိုက် ဝင်တာက အာရုံက ဒုက္ခသစ္စာ၊ ရှုတဲ့မဂ်က မဂ္ဂသစ္စာ၊ အကျိုး ပေးတာက သမုဒယ၊ ချုပ်ရင် နိရောဓမျက်မှောက်ပြုတယ်။

http://www.dhammadownload.com



အကျိုးပေးတာက—(သမုဒယချုပ်ရင် နိရောဓ အကျိုးပေး ပါတယ်ဘုရား)။ နိရောဓကို တစ်ခါဘည်း မျက်မှောက်ပြုနိုင်တဲ့ အေးငြိမ်းနေရောက်ပါတယ်၊

တို့ နိရောဓ ဆီ မရောက်ခင်မှ ခဏ·နိရောဓနိဗ္ဗာန်ကို သေချာရောက်တယ်၊ သေချာကျ[illegible]လား (ကျပါပြီဘုရား)။ သေချာရောက်ပါတယ်ဆိုရင်ဖြင့် ခဏ·နိရောဓမှာလည်း နိဗ္ဗာန်ပါပဲဆိုတာ သေချာကြလား (သေချာပါတယ်ဘုရား)၊ [illegible]

[illegible] ဝမ္မဒိန္န [illegible] နှစ်မျိုးသတ်မှတ်ဆိုတော့ သုံးမျိုးရှိပါတယ်၊ ဘုန်းကြီးက ချ[illegible] လိုက်တော့၊ သတိပဋ္ဌာန် ပေါင်းပေးလိုက်တဲ့အခါကျတော့ သူတို့ကော့ သိတဲ့လူက မေးတော့ သိတဲ့လူက ဖြေလို့ ကျဉ်းကျဉ်းနဲ့ ပြီးတာ၊ ခင်ဗျားတို့ကတော့ နားပြီးကျင့်ရမယ့် ပုဂ္ဂိုလ်တွေ ဖြစ်သောကြောင့် ငါးမျိုးကို ရှုရမယ်၊ ခင်ဗျားတို့ ဘယ်နှစ်မျိုး လားရမလဲ....(ငါးမျိုးပါဘုရား)။

ငါးမျိုးရှုလိုက်တော့ ဘုရားသခင် ကိုယ်တော်မြတ် ကြီး က သုခဝေဒနာ ရှုရင်လည်းရှု မရှုရင်တော့ တဏှာလာတယ်ကွ သုခဝေဒနာ ချမ်းသာတယ်၊ ချမ်းသာတာ ကျုပ်ဖြင့်ကြိုက်တယ်။

အင်း ချမ်းသာတာက သုခဝေဒနာ၊ ကျုပ်ကြိုက်တာက တဏှာ၊ အဲဒီတော့ သုခဝေဒနာ ပစ္စယာ တဏှာ၊ [illegible] ဘာကျ ပြီလား... (ကျပါပြီဘုရား)။

မရှုရင် ဘာလာမလဲ....(တဏှာလာပါတယ်ဘုရား)။ ရှုလိုက် လို့ ရှိရင်ဖြင့်တဲ့ တဏှာလဲချုပ်တယ်၊ မဂ်လဲပေါ်တယ်၊ တဏှာ ချုပ်၍... (မဂ်ပေါ်ပါတယ်ဘုရား)၊ ဒုက္ခညာဏ်လမ်းကိုး။

http://www.dhammadownload.com



ဇကွေ-ဒုက္ခသစ္စာ၌၊ ဉာဏံ-သိတဲ့ဉာဏ်ပဲဆိုတော့ ဒုက္ခသစ္စာ သိတဲ့ဉာဏ်က အဝိဇ္ဇာချုပ်သွားပြီ· ဝိဇ္ဇာပေါ်လာတာပဲ၊ ဝိဇ္ဇာ ဆိုတာ ဘာလဲဆိုတော့ မဂ်ပဲ။ ဝိဇ္ဇာမဂ္ဂ ရှင်းပြီလား.... (ရှင်း ပါပြီဘုရား)။

အဲတော့ ခင်ဗျားတို့ရှုပေးပါ၊ ကိုယ်သံသရာ ကိုယ် ဒီ... အတိုင်း မရှုဘဲနေလို့ရှိရင် ကိုယ်ဒုက္ခရောက်မယ့်လမ်းကို ကိုယ် ဖြတ်နေတာ။

တစ်နည်း ကိုယ့်အိမ်နားမှာ ချုံ ရှိနေတာ ချုံရှိတော့ ပိုးမွှား တိရိစ္ဆာန်နဲ့တကွ မြွေတို့ဘာတို့ လာတတ်တယ်။ ကိုယ့် အိမ်နားရှိတဲ့ ချုံ.. ကိုယ်ရှင်းလို့ရှိရင် ကိုယ်အန္တရာယ် ကင်း သွားတယ်။ ကိုယ့်အိမ်နားကချုံ ကိုယ်ရှင်းရင်...(ကိုယ့်အန္တရာယ် ကင်းပါတယ်ဘုရား)။

ကိုယ့်အန္တရာယ်ကင်းဖို့ ကိုယ်ရှင်းတာ၊ ဘာတုံး.... (ကိုယ့် အန္တရာယ်ကင်းဖို့ ကိုယ်ရှင်းတာပါဘုရား)။

ဒါဖြင့်...ဒီအလုပ် မလုပ်ချင်တဲ့လူဖြင့် အန္တရာယ်နဲ့တွေ့ချင် သေးလို့၊ အဖန်ဖန် သေချင်သေးလို့ မဆိုသိုက်ဘူးလား... (ဆိုသိုက်ပါတယ်ဘုရား)။

ကိုယ့်အန္တရာယ် ကိုယ်မရှင်းဘဲနေရင် အဝိဇ္ဇာ၊ တဏှာ ဒေါသ သောက မလာပေဘူးလား... (လာပါတယ်ဘုရား)၊ ဒါတွေ သည် အဉ္ဇတ္တရန်သူကွ။

ဘုရားက ဘယ်သူတုံးမေးတော့ လောဘ၊ ဒေါသ၊ မောဟ လေကွာ၊ ဒီတော့ အတွင်းရန်သူ၊ တကာ တကာမတို့ အပြင် ဖက်ကရန်သူ ခင်ဗျားတို့ကို နှိပ်စက်တယ်ဆိုရင် တံခါးပိတ်ထား

http://www.dhammadownload.com



လို့ ရှိသည်ဖြစ်စေ၊ ရှောင်တိမ်းလို့ဖြစ်စေ လွတ်ရေးရှိသေးတယ်....(မှန်ပါဘုရား)။

အတွင်းရန်သူ သုံးယောက်ကတော့....(လွတ်ရေ မရှိဘူးဘုရား)။ လွတ်ရေးမရှိတော့ အတွင်းရန်သူ သုံး ယောက် ကို သတ်ပြီးသကာလနေတော့ ကိုယ့်နှိပ်စက်မယ့် ခမ္မတွေကို ကိုယ်ရှင်းတာပဲ။

ခုနက ကိုယ့်အိမ်နားမှာ ချုံရှိလို့ ကိုယ်ရှင်းတာ ပိုကျေးဇူးများတယ်....(မှန်ပါဘုရား)၊ သူများ ကျေးဇူးများတာလား၊ ကိုယ့်ကျေးဇူး များတာလား.... (ကိုယ့်ကျေးဇူး များတာပါဘုရား)။

ကိုယ့်ကျေးဇူးများတဲ့အလုပ်ကို နက်ဖြန်မှ လုပ်မယ်၊ ဘာဖြစ်လို့တုံး၊ ဒီနေ့ ကျေးဇူးများမှာ စိုးရိမ်လို့လား၊ မမေးသင့်ဘူးလား....(မေးသင့်ပါတယ်ဘုရား)။

သဘက်ခါမှ လုပ်မယ်ဆိုတော့ သဘက်ခါမှ ကိုယ်အန္တရာယ်ကင်းချင်တာ၊ ဒီနေ့တော့ တွေ့ချင်တာနဲ့ တွေ့ပါစေတော့။ ဒီလို မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

အဲဒါ....ခင်ဗျားလဲတဲ့ ဆင်ခြေဟာ ခင်ဗျားတို့ငှားထားတဲ့ ရှေ့နေက ခင်ဗျားတို့ကို ကြိုးကျအောင် အမိန့်ပေးတာနဲ့တူတယ်၊ ခင်ဗျားတို့ငှားထားတဲ့ ရှေ့နေက....(ကြိုးကျအောင် ပေးတာနဲ့တူပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါ... ခင်ဗျားတို့ ဆင်ခြေလဲတိုင်း လဲတိုင်း ဒီဥပမာကို မှတ်ထားပါ၊ ဂမ်းထဲက-လိုက်တဲ့ရွေ့နေက တဏှာကိုးဗျ၊ အဲဒီ တဏှာက ရွေ့နေလိုက်ထားတော့ ဘဏှာကလူဆိုး... (မှန်ပါ ဘုရား)။

လူဆိုး-ဆိုတာ ကောင်းတာ ဆိုးတာ မသိဘူး၊ ကိုယ့်ကိုယ်လဲ သတ်မှာပဲ။ သူများလည်း သေစေမှာပဲ ဆိုတော့ ဆင်ခြေလဲတိုင်း လဲတိုင်း ဒါ... ကိလေသာရွေ့နေလိုက်ပြီဟာ။

ကိုယ့်သတ်မယ့် ရွေ့နေလိုက်ပြီဟာဆိုပြီး သကာလ၊ ကဲ... အခုရှင်းမယ် အခုရှင်းမယ်ဆိုတဲ့ ဉာဏ်လေးကို သွင်းမိအောင် သွင်းပါ။ ရှင်းကြပြီလား...(ရှင်းပါပြီဘုရား)။

ကဲ... ယနေ့ ဒီတွင် တော်ပါအုံး...။

(သာဓု၊ သာဓု၊ သာဓု)

http://www.dhammadownload.com

# အမရပူရမြို့ မဂ်လာတိုက်ကျောင်း
# ကျေးဇူးတော်ရှင် – အဂ္ဂမဟာပဏ္ဍိတ
# မိုးကုတ် ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော
# ဝိသာခ နှင့်ဓမ္မဒိန္နာ အမေးအဖြေ
# (ညအလုပ်ပေးတရားတော်)
## (၁၇-၁၂-၆၁)

မဒန္နက ဝေဒနာသုံးမျိုးကို ဝိသာခက မေးလို့ ဓမ္မဒိန္နာက ဖြေလိုက်တယ်၊ ဘယ်လိုမေးလိုက်တုံးဆိုတော့ သုခဝေဒနာ မရှုလို့ရှိရင် ဘယ်တရားကိန်းပါသတုံး၊ ဒုက္ခဝေဒနာ မရှုလို့ ရှိရင် ဘယ်တရား ကိန်းပါသတုံး၊ ဥပေက္ခာဝေဒနာ မရှုလို့ရှိရင် ဘယ်တရား ကိန်းပါသတုံး....မေးလိုက်တယ်။

မေးလိုက်တော့ တကာ တကာမတွေမှတ်ဖို့ရာက သုခဝေဒနာ ဟာ မရှုပဲသွားကြလို့ရှိရင် "သုခဝေဒနာ ပစ္စယာ တဏှာ" တကာကြီးတို့ .. သုခဝေဒနာ မ..ပဲသွားလိုက်လို့ ရှိရင် တဏှာ အနုသယ လိုက်ပါတယ်၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။ သုခမရှုကြရင် ..(တဏှာလိုက်ပါတယ်ဘုရား)၊

တဏှာလိုက်တယ်ဆိုတော့၊ သူကတော့ ရာဂါနုသယ တိုတို ပြောတာ။ ဒီက တကာ တကာမတွေ မှတ်ဖို့ကတော့ တဏှာ ဥပါဒါန်ထဲကြောင့် လိုက်တယ်လို့ ယူလိုက်... (မှန်ပါဘုရား)။

တဏှာဥပါဒါန်ကံ ကြောင့်– လိုက်သို့ရှိရင်ဖြင့်လည်း ဘဝ လည်း ဆက်တော့မှာပဲဆိုပြီး ဇာတိကျအောင် လိုက်-လိုက်၊ ဇာတိကျအောင် လိုက်-လိုက်တော့ သုခဝေဒနာ မရှုတဲ့ပုဂ္ဂိုလ်ဟာ တဏှာလိုက်တယ်။

တဏှာလိုက်တော့ ဥပါဒါန် နိယာမသဘောနဲ့ လိုက်တယ်၊ ကံကလည်း နိယာမသဘောနဲ့ လိုက်တယ်၊ ဇာ တိ က လည်း လိုက်တယ်။

အဲဒီဇာတိက ဘယ်ဇာတိတုံး ဆိုတော့ အခါကျတော့ သာယာပြီး သေသောကြောင့် ပြိတ္တာဇာတိ....(မှန်ပါ့ဘုရား)။ သုခဝေဒနာ မရှုရင် ဘာဖြစ်ကြမယ်ထင်တုံး...(ပြိတ္တာဇာတိပါဘုရား)။

ဒါဖြင့်–သုခဝေဒနာကို ပြုံးရွှင်ပြီး သဘောကျနေတဲ့ပုဂ္ဂိုလ်ဟာ တိုတိုပြောတော့ အာသဝနဲ့ပြောတော့ ကာမာသဝလိုက်တယ်၊ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

ကာမာသဝ - လိုက်တယ်ဆိုတော့ ကာမာသဝ ဆိုတဲ့ဥစ္စာဟာ လောဘကို ဆိုပါတယ်၊ ကာမာသဝလိုက်ပြီဆိုရင် ခင်ဗျားတို့ မှတ်ထားကြ၊ ဘဝါသဝလည်း လိုက် တာပဲ ရှင်း ပြီ လား.... (ရှင်းပါပြီဘုရား)။

ဘုံဘဝလည်း ဒီလိုပဲ၊ နေကောင်း-ပျော်ပျော်နေချင်သေးတယ် ဆိုတဲ့ ဘဝါသဝရော လိုက်ပါတယ်၊ ကာမာသဝ ဘဝါသဝ ဟာ လိုက်တော့တာပဲ။

အဲဒါကြောင့်.... အရှုမှတ်တဲ့ပုဂ္ဂိုလ်မှ ပြိတ္တာလမ်းကို သွားပါတယ်လို့ဆိုတော့ကို ရှုမှတ်တဲ့ပုဂ္ဂိုလ်ကတော့ မောင်သစ်တို့
18 ဦးသံဒိုင်တို့ ရှာမှရှား၊ မရှားဘူးလား.... (ရှားပါတယ်ဘုရား)။

http://www.dhammadownload.com



သူ့ဘုရားပေါ်တာ ဆိုပြီး သူပြုံးနေတာပဲ။ ပြုံးပြုံးသဘောလ ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ ပြောနေတာပဲ၊ ပြုံးပြုံးရွှင်ရွှင်နဲ့ပဲ ဒီဟာမျိုး ကောင်း-ဝယ်ရအုံးမယ်ဆိုတာ ပေါ်လာတာပဲ။ နောက်-ဝယ်အုံး မယ်ဆိုတော့ ဥပါဒါန်ပဲ။

ဝယ်မယ်ဆို အခုဝယ်မှပဲဆိုပြီး ကာယကံနဲ့သွား၊ ဝစီကံနဲ့ စစ် မေးသွားကြတာ ဟား…. (လာပါတယ်ဘုရား)။ ဒါတွေက ဘာတွေတုံး ကမ္မဘဝ ကာယကံနဲ့သွားတာလဲ၊ ကမ္မဘဝ ဝစီကံနဲ့စစ်တာလဲ… (ကမ္မဘဝပါပါဘုရား)။

ဒါ…. "စေတနာ အဟံ ဘိက္ခဝေ ကမ္မံ ဝဒါမိ" ဆိုတာ ခင်ဗျားတို့ စေတနာကံပေါ်လာတယ်၊ အဲဒီ…. ကမ္မဘဝကြောင့် နောင်သေသည့်အခြားမဲ့၌ သူက ဇာတိကို ကျေးဇူးပြုလိုက်တယ်။ ဇာတိက ပြိတ္တာဇာတိကို ကျေးဇူးပြုလိုက်တယ်၊ များသော အားဖြင့်ပေါ့လေ။ "အဋ္ဌသာလိနီ" က ဆိုပါတယ်။

ဒါဖြင့်…. ဒုက္ခဝေဒနာမရှုတဲ့ တဏှာ တဏှာမတွေကြတော့ ကိုတဲ့၊ ဒေါသလိုက်တယ်လို့ မှတ်ရမယ်နော်။ ဒုက္ခဝေဒနာမရှုတဲ့ ပုဂ္ဂိုလ်… (ဒေါသလိုက်ပါတယ်ဘုရား)။

ဒေါသလိုက်တဲ့အခါကျလို့ ရှိရင် တဏှာကြီး—တဲ့၊ ဒေါသ သောက ပရိဒေဝ အဝိဇ္ဇာ သင်္ခါရ ဝိညာဉ် ဆိုတာလည်း ပဋိသန္ဓေဝိညာဉ်လို မတ်လားလိုက်တော့ ဇာတိပဲ မှတ်ပါ၊ ရှင်းပြီ လား…. (ရှင်းပါပြီဘုရား)။

အဲဒီ.. ဇာတိက ဘာဇာတိတုံး မေးပြန်တော့လည်း အဝိဇ္ဇာ က လာသောကြောင့် တိရစ္ဆာန်ဇာတိ သူကလည်းမသေးလှဘူး၊ အဘောပါကြလား…. (ပါပါတယ်ဘုရား)။

http://www.dhammadownload.com



ကောင်းပြီ ဒါကြောင့် ဒါက ... သာသိုက်တာဘုံး ဆိုလို ရှိရင်ကြောင့် အဝိဇ္ဇာသာ လိုက်သာဘယ်၊ သဘောပါကြပြီလား ... (ပါ၊ ပါတယ်ဘုရား)။ ဒုက္ခဝေဒနာ ... ရင် ... (အဝိဇ္ဇာသာ လိုက်ပါတယ် ... ရား)။ အဝိဇ္ဇာ ... လိုက်လာတယ်.

ဒါကြောင့်-ခင်ဗျာ တို့ အား ... ဆိုတဲ့စာ ... တုံအာ ဖြင့် ဘင်္ဂတိုင်အောင် လိုက်ပါတယ်၊ မေ့... ဖြင့် ... သာတား ပတ္တမင်္ဂ၏ခရု့ ... ပါကြတူတိုင်အောင် လိုက်တာယ်ဆိုးတာ့ အခတော်ကာန်ကွက်နိုင်တဲ့ အရားပဲဆိုတာ ထူးထူးခြားခြားမှတ်ပါ။

မပယ်ရင်ကော့ဖြင့် လိုက်မှာပဲ ပယ်ရင်တော့ဖြင့် တကာ တက ... မတွေ မလိုက်ကြဘူးလို့ ဆုံးဖြတ်ချက်ချပါနော်၊ ... ဒါကြောင့် ဒုက္ခပေါ်လည်း ခင်ဗျား တို့သည် အဖြစ် အပျက် ကို ရှုမိအောင်ရှုပါ။ သဘောပါကြပြီလား ...(ပါပါတယ်ဘုရား)။

သုခပေါ်လည်း (ရှုမိအောင်ရှုရမှာပါဘုရား)။ ရှုမိအောင် ရှုရမှာပဲ။ မရှုလို့ရှိရင်ဖြင့် ငါသည်းကားလို့ ဆိုရင် ပြိတ္တာလမ်း ပဲ တိရစ္ဆာန်လမ်းပဲဆိုတဲ့ဥစ္စာ ဘာမှ ငြင်းနေစရာ မလိုပါဘူး၊ သဘောပါကြပြီလား .. (ပါပါတယ်ဘုရား)။

ဥပေက္ခာဝေဒနာ မရှုမိပြန်ဘူး၊ လိုက်အုံးမှပဲတဲ့၊ အဝိဇ္ဇာသာဝပဲ ပြန်လိုက်မှာပဲ၊ ဥပေက္ခာက အင်မတန်နူးညံ့ဘယ်၊ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှသိတယ်။ ဉာဏ်မရှိတဲ့ပုဂ္ဂိုလ်....(မသိပါဘူးဘုရား)။

ဥပေက္ခာ ပေါ်တာကိုတဲ့ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်မှ သိတယ်၊ ဉာဏ်မရှိတဲ့ပုဂ္ဂိုလ်က မသိဘူး၊ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်ကျတော့လည်း၊ ခု–ဆရာသမားက ပြောထားတယ်၊

မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ ဝမ်းထဲမှာ ကမ္မသကာထားတာတွေ ဒါ-ဥပေက္ခာချည့်ပဲလို့ မှတ်ကြပါ... (မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ကောင်းပြီ ဒါဖြင့် ဥပေက္ခာ ဝေဒနာ မရှုမိလို့ ရှိရင်လည်း၊ အဝိဇ္ဇာလိုက်တယ်၊ အဝိဇ္ဇာသဝ လိုက်တာပေါ့ အဝိဇ္ဇာသဝ လိုက်တဲ့ ခါကျလို့ ရှိရင်ကြောင့်တဲ့ "အဝိဇ္ဇာ ပစ္စယာ သင်္ခါရာ၊ သင်္ခါရ ပစ္စယာ ဝိညာဏံ" ဆိုတာက တိရစ္ဆာန်များ ဖြစ်ရတော့ပါ အယ်လို့မှတ်ပါ၊ ကြောက်စရာ မကောင်းဘူးလား... (ကောင်းပါတယ်ဘုရား)။

လူတဲ့တန်းတဲ့ နေရာတောင်မှ အောင်... ဒါ ကိုယ်ခန္ဓာ ဖြစ်စေ၊ သူ့ဖွယ်ဝတ္ထု ဖြစ်စေ အနိစ္စ-ဒုက္ခ-အနတ္တ မခြံရလို့ ရှိရင် ဘုန်းကြီးတို့ တကာ တကာမတွေ မှတ်ပါတဲ့၊ အဝိဇ္ဇာသဝ လိုက်သေးတာပဲ။

လူတာ ဘန်းဘာတောင်မှ ဘုံဘဝတွေ လိုချင် တာ များကျတော့ အဝိဇ္ဇာသဝပါတယ်.... (မှန်ပါဘုရား)၊ ဒါကြောင့် တစ်နေ့ကပြောတယ်၊ အဝိဇ္ဇာသဝက ဆုတောင်းခိုင်းနေတာကွ လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည် ရောက်ရပါလို၏။

လူ့ပြည် နတ်ပြည် ဗြဟ္မာ့ပြည်က ဒုက္ခသစ္စာ ဒုက္ခသစ္စာ မသိတာက အဝိဇ္ဇာ၊ အဝိဇ္ဇာက ဆုတောင်းခိုင်းတာကွ ဒါကြောင့် အဝိဇ္ဇာသည် တဏှာကိုသည်း ကျေးဇူးပြုတယ်၊ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

အဝိဇ္ဇာသည် .... (တဏှာကို ကျေးဇူးပြုပါတယ်ဘုရား)၊ မသိတာ ဆောင်းခိုင်း မသိတာက ဘာတုံး (အဝိဇ္ဇာပါဘုရား)၊ ဆုတောင်းတာက...(တဏှာပါဘုရား)။

တဏှာဆိုတော့ ကာမာသဝရော ဘဝါသဝရောလိုက်တယ်၊ အဝိဇ္ဇာသဝလည်း လိုက်လာတယ်၊ ရှင်းကြပြီလား... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ဟဲဒီတော့ကို အလှူတစ်လှူမှာ ဝဋ်ကျွတ်တဲ့အလှူဟာ တကာ တကာမတွေ ရှားရှားဘယ် (မှန်ပါဘုရား)။ ဝဋ်လည်တဲ့အလှူ များတယ် ဝဋ်လည်တာက ဒါနကလည်းတော့ ဒါနနောက်က အသိမရှိလို့ လည်ဂဲ ...လားဆိုတာ ...လည်း ... ခက် ... ဒါနမြောက်ဖို့ (အသိမရှိလို့ လည်ကာပ ဘုရား)

ဒါနကတော့ မလည်ပါဘူး ဒါနကတော့ ဒါန် ဥပနိဿယ ဈာန် ဥပ္ပါဒေ တိ ... ဥပ္ပါဒေတိ အတိညာ ဥပ္ပါဒေတိ မဂ် အတိညာ ဥ်တော့ သူကျေးဇူး ပြုနိုင်သေးတယ် ဘုရားက ဟောတယ်။

... ဟောပြောပေမဲ့လည်း တကာ တကာမတွေ ဖမ်းကျအောင် မလုပ်ကြဘူး ဈာန်ကဲ ဖြစ်စေတယ်ဆိုလို့ ရှိနော် ဈာန် ဈာန်ကို ရှာမနေကြ။

မဂ္ဂ ဥပ္ပါဒေတိဆိုတာ မဂ်လိုက် မနေကြ၊ ပြောတယ်၊ ... ကြက ဈာန်လည်း မလိုက် မဂ်လည်း မလိုက်တော့ကို နောက်ဆုံးပိတ် သူကလည်း ဝိပဿနာ ဥပ္ပါဒေတိကျ ဝိ ဿနာ လေးလည်း လုပ်ပါအုံး မပါဘူးလား...(ပ ပါတယ်ဘုရား)

မဂ္ဂ အတိညာ ဥပ္ပါဒေတိ၊ ဝိပဿနာ ဥပ္ပါဒေတိ ... သည်ဖြင့် ဟောတော့ ဟောတာပဲ ဟောပင် ဟောပြော ... လည်း သူက လည်စေတတ်တာမဟုတ်ပါဘူး။

သူက ဒီလိုအကျိုးပေးပါတယ် ဒီလို ... အကျိုး ဆက်နိုင်ပါတယ်လို့ ဟောတာကို တကာ တကာမတွေက သူ ဆက်... ဆီကို မသွားပဲနဲ့ ကိုယ်ဆက်ချင်တာ ဆက်ပစ်တယ် ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ကိုယ်ဆက်ချင်တာကို ဆက်ပစ်လိုက်တော့ အဝိဇ္ဇာတို့ တဏှာတို့ ရောက်လာတယ်။ ဟုတ်တာပေါ့လား.... (ဟုတ်ပါပြီဘုရား)။ အဲလိုက်ကို....(အဝိဇ္ဇာတို့ တဏှာတို့ လိုက်ပါတယ်ဘုရား)။

အဝိဇ္ဇာတို့ တဏှာတို့ လိုက်လာတော့ အဝိဇ္ဇာက အဝိဇ္ဇာသဝ၊ တဏှာက ကမ္မာသဝ ဘဝါသဝ အဲဒါတွေ လိုက်လာတဲ့အခါ ကျတော့ ကိုယ့် ပဋိစ္စသမုပ္ပါဒ် အဝိုင်းကြီး ဒီကနေမျက်စေ့ ထိုးကြည့်လိုက်တဲ့အခါကျတော့ ကမ္မာသဝဟာ ပုညာဘိသင်္ခါရ သွားဖြစ်တာပဲ။ သဘောကျပြီလား... (မှန်ပါ့ဘုရား)။

ပုညာဘိသင်္ခါရဆိုတော့ သွားလိုက်တော့ သင်္ခါရပစ္စယာ ဝိညာဏံသွားတယ်၊ ဝိညာဏံဆိုတော့ ဖဿသနွေဖက်သွားတယ်၊ ဖဿသနွေက ဇာတိ ဒုက္ခသစ္စာ။

အဲဒီ ဒုက္ခသစ္စာက သွားပစ်လိုက်တော့ကို ဒါနက ဇာတိ လုပ်တာလား တကာ တကာမတွေ သဏ္ဌာန်မှာရှိတဲ့ ပုညာဘိ သင်္ခါရက လုပ်တာလား မေးလိုက်... (ပုညာဘိသင်္ခါရက လုပ် တာပါဘုရား)။

အဲဒီမှာ... မယူတတ်၊ မစတတ်လို့ရှိရင် မြတ်စွာဘုရား အလိုတော်မကျဘဲ နေလို့ရှိရင်ဖြင့် တဇွတ်ထိုးဟောလို့ရှိရင် ဖြင့် ဒါန-သံသရာ ရှည်တယ်ကွ ဒါက ကျမ်းဂန်ကို မညီတတ် လို့ ဦးသံဒိုင် ဖြစ်ရတာလို့ မှတ်လိုက်... (မှန်ပါ့ဘုရား)။

ကျမ်းဂန်ကတော့ကို ဘုရားသခင် ကိုယ်တော်မြတ်ကြီး ဟောသွားမှမဲ့ ပဲနဲ့ နိဒါန-ဒေသနာတော်မှာ "ဒါနံ ဥပနိဿယ ပျာနံ ဥပ္ပါဒေတိ၊ မဂ္ဂံ ဥပ္ပါဒေတိ အဘိညာ ဥပ္ပါဒေတိ၊ သမ္မာပတ္တိ ဥပ္ပါဒေတိ" သူက ဟောတယ်၊ မမြင်ဘဲနဲ့ ဟောပါ မလား....(မဟောပါဘုရား)။

http://www.dhammadownload.com



အဲဒါတွေကို မတွေ့ဘူးတဲ့ ပုဂ္ဂိုလ်ကျတော့ ကိုတဲ့ ဒါနလုပ်တဲ့ အခါကျတော့ ဈာန်လေးလဲ ရှာပေးပါကွာ၊ မဂ်ကလေးလဲ ရှာပေးပါကွာ ဝိပဿနာလေးလဲ လုပ်ပေးပါကွာ။ သူပါသွားမဲ့ မပါဘူးလား...(ပါပါတယ်ဘုရား)။

ပါပင် ပါငြားသော်လည်း တကာ တကာမတွေက ဟော ထားတဲ့ပုဂ္ဂိုလ်များကလည်း နှင့်-ဒါန မမ်းမြောက်နေ၊ နှင့် စာဂါနုဿတိနဲ့ နှင့်-နေဆိုတော့ သမထလေးလောက် သူဟော တာ ဝိပဿနာတော့...(မပါပါဘူးဘုရား)။

မပါတော့ သူကနေပြီး ဗြဟ္မာဖက် ကျေးဇူးပြုလိုက်တယ်၊ စာဂါနုဿတိ လုပ်ဖြစ်တော့ သဘောကျပြီလား....(ကျပါတယ် ဘုရား)။ ဒါနက လုပ်တာလားဆိုတော့ တရားဟောလို့လို့ ဖြစ်ရတာ။

အဲဒါကြောင့် ... တရားနာခမဲ့လဲ ဘုရားသခင်ကိုယ်တော် မြတ်ကြီး အလိုရှိတဲ့ဆီကို အကုန်ရောက်အောင် ဟောနိုင်တဲ့ ဆရာသမားကလည်း ရှားတယ်၊ သဘောကျပြီလား ... (ကျပါပြီ ဘုရား)။

ရှားနေတော့ ခုလပ်လောက်တင် ကျမ်းဂန်မညီတဲ့နဲ့ သူများ မေးထားတဲ့ စာအုပ်လေးကြည့်ပြီး ဟောနေလို့ ရှိချင်တော့ ဘုရားသခင် ကိုယ်တော်မြတ်ကြီး တိုက်ရိုက် ဟောတာ တွေ့ မရောက်တဲ့နဲ့ သူများရေးထားတဲ့ စာအုပ်ကလေးတွေ၊ ကောင်း ကောင်း တဲ့ စာအုပ်ကလေးတွေ ဒါလောက်လေးထဲ သူသန့်ရှေ့ ရေးကားဘဲ့ စာအုပ်ကလေးတွေ၊ ဒါတွေ ကြည့်နေလို့ ရှိချင် လည်းတဲ့ ခင်ဗျားတို့မှာ တိမ်းမယ် စောင်းမယ်ဆိုတာ မှတ်ချ လိမ့်မယ်၊ မမှတ်ထိုက်ဘူးလား....(မှတ်ထိုက်ပါတယ်ဘုရား)။

ကိုင်း… ဒါဖြင့် ဝိသာခကမေးလို့ ဓမ္မဒိန္နာက ဖြေတဲ့အခါ ကျလို့ရှိရင် အနုသာယ သုံးပါး လိုက်တယ်၊ နေရာတိုင်းပဲ သုခ နောက်က တဏှာ၊ ဒုက္ခနောက်က ဒေါသ၊ ဥပေက္ခာနောက်က အဝိဇ္ဇာ၊ နေရာတိုင်းပဲ လိုက်ပါတယ်။

နေရာတိုင်း မလိုက်ဘူးဆိုတဲ့ ဥစ္စာကျတော့ ခုနဝိပဿနာ အုပ်ပြီတဲ့ပုဂ္ဂိုလ်ကျတော့…(မလိုက်ပါဘူးဘုရား)။ ဘယ်နှယ်လုပ်လဲ၊ သုခလာလည်း ဖြစ်ပျက်ရှု၊ ဒုက္ခလာလည်း… ဖြစ်ပျက်ရှု၊ ဥပေက္ခာလာလည်း (ဖြစ်ပျက်ရှုပါဘုရား)။

ဖြစ်-ပျက် ရှုလိုက်တဲ့အခါကျတော့ကော နေရာတိုင်း လိုက်ကောလို့ ဆိုလို့ရသေးသလား… (မရပါဘူးဘုရား)။ အဲဒါကို ခွဲခြားပြီး သိစေချင်လို့ ဓမ္မဒိန္နာ ဝိသာခတို့ အမေးအဖြေကို ဆရာသမားက ဆုံးမတယ်…(မှန်ပါဘုရား)။

ဒါဖြင့်-ဝိပဿနာ မပါလို့ရှိရင်တော့ဖြင့် ခင်ဗျားတို့အတွက် လည်းရတယ်ဆိုရမှာပဲ၊ ဒါနက လည်းရတယ်လို့… (မဟုတ်ပါဘူးဘုရား)။ မဆိုနဲ့လို့ကိုတော့ ဒါက တစ်နည်း ဆုံးမတာ။

ဒုတိယနည်း ဆုံးမအုံးမယ်တဲ့၊ ဒီအထဲသွင်းပြီတော့ ဒုတိယနည်းက "ဒါနံ ဥပနိဿာယ သဒ္ဓံ ဥပနိဿာယ ဒါနံ ဒေတိ၊ သီလံ သမာဒိယတိ၊ ဈာနံ ဥပါဒေတိ မဂ္ဂံ အဘိညာ ဥပ္ပာဒေတိ" လို့ မဂ်အဘိညာဏ်တွေတောင် ပါပြီးသကာလ နေတာကို သူက အဲဒါတွေ မလိုချင်ပဲနဲ့ ခုနက လူချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ လိုချင်ပြန်တော့ သူလိုချင်တာက ဒါနက ကျေးဇူးပြုလိုက်ရတယ်၊ သဘောကျပြီလား…(ကျပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့်...ဘုရားကတော့ နိဗ္ဗာန်ကျအောင် အကျိုးပေးတယ် ကွာ၊ ဈာန် မဂ်ဖိုလ်ကျအောင် အကျိုးပေးနိုင်ပါတယ်လို့ ပြောခဲ့ပြီးသားနဲ့ သူ့ဈာန်မဂ်ဖိုလ် သူမသိချင်ဘဲနဲ့ သူ့အရွေး လွဲတာနဲ့ သံသရာလည်ကြောင်းဖြစ်မှာ...(မှန်ပါ့ဘုရား)။

ဒါတော့...ဒါနက မိုက်တာလား...၊ အလှူရှင်က မိုက်တာ လား...(အလှူရှင်က မိုက်တာပါဘုရား)။ ဒါနက ဆိုးဝါးတာ လား...၊ အလှူရှင်က အရွေးမှတတ်လို့ ဖြစ်ရတာလား... (အလှူရှင်က အရွေးမတတ်လို့ ဖြစ်ရတာပါဘုရား)။

ကိုယ့်အပေါ်တော့ အပြစ်မချဘဲနဲ့ တဏှာတတ်သို့ ပြောပြီး ဒါနက သံသရာရှည်တယ် ဆိုတာကို ခက်ခါတိတော့တယ်လို့ မဆိုထိုက်ဘူးလား ဆိုထိုက်သလား...(ဆိုထိုက်ပါတယ်ဘုရား)။

ဒါဖြင့်...အလှူရှင် အရွေးလွဲလို့လည်း ဒါနသည် လောက ကြီးတဲ့ အကျိုးပေးတယ်...(မှန်ပါဘုရား)။ အလှူရှင် အရွေး မလွဲလို့ရှိရင်လည်း လောကအပြင်ဘက် အကျိုးပေးတယ်၊ သဘောပါပြီလား...(ပါပါပြီဘုရား)။

အဲတော့ကို တကာ တကာမတွေ အရွေးလွဲမှားမှုမှာလည်း တစ်ပြစ်ရှိတယ်၊ ဝိပဿနာ ရှုတဲ့နေရာလည်း မရှုမိတဲ့အပြစ်လည်း ဆင့်တယ်၊ သဘောကျပြီလား...(ကျပါပြီဘုရား)။

ဒီလို ယူထားသလျှင် သူ့ဟာက ဘုရားသခင်ကိုယ်တော်မြတ် ကြီး အပိုကျမယ်၊ ဒါဖြင့် တရားဟော နေကြားခဲ့လည်း မောင်သစ် ဦးသံဒိုင်တို့ ခဲ့ကြောင်း သူက ဒီတွင် လမ်းဆုံးနေတာ ကိုးသို့ သူ့ကို ချိန်ရမယ် ကိုယ်က...(မှန်ပါ့ဘုရား)။

http://www.dhammadownload.com



ဒါကြောင့်.... ခင်ဗျားတို့က တရားနာတဲ့ ပုဂ္ဂိုလ်များက ကိုယ်က ဘာမှမပါဘဲနဲ့ နာလို့ရှိရင် ဘုရားက သူများပါးစပ်လမ်းဆုံးတာ ကွ၊ အဲဒါ.... င အမှန်းဆုံးပဲ၊ ရှင်း ပြီလား.... (ရှင်းပါပြီဘုရား)။

သူများပါးစပ်လမ်းဆုံးတာ(အမှန်းဆုံးပါဘုရား) အမှန်းဆုံးပဲတဲ့၊ ကိုယ်က သူများပါးစပ်လမ်းဆုံးဆိုတာက ပညာရှိဘဲ့လူ အဆုံးစွန်သိတဲ့ပုဂ္ဂိုလ် လမ်းမှာဆုံးရင်တော့ ကိစ္စမရှိဘူးခပါ့ဗျာ သို့သော် ဒါကလည်း ရှာမှရှာဖြစ်နေတာ၊ မရှားဘူးလား .. (ရှားပါတယ်ဘုရား)။

အဲတော့.... သူများပါးစပ်လမ်းဆုံးတော့ကို မင်းတို့သည် ဒါနက သံသရာရှည်တယ်လို့ ဟောလိုက်တဲ့ဆရာနဲ့ ဟောဖြန်တော့လည်း သူ သံသရာရှည်တဲ့ဖက်ကို သူ လမ်းဆုံးသွားတယ် (မှန်ပါ့ဘုရား)။

ဒါနဟာ စျာန်မဂ်ဖိုလ်ကို ကျေးဇူးပြုတယ်၊ စျာန်မဂ်ဖိုလ် အလုပ်ကို လုပ်သို့ရှိရင် ဒါနနဲ့ ပတ်သက်ပြီး စျာန် မဂ် ဖိုလ် အလုပ်လုပ်ပြန်တယ်။

သမထဝိပဿနာ ခြံရံပြန်လို့ရှိရင်လည်း အမြတ်ဆုံး ပဲ၊ နိဗ္ဗာန်ကို အကျိုးပေးတယ်ကွလို့ ပြောတာကိုလည်း ဒီကျမ်းဂန် တွေ မတွေ့ဘူးပြန်တော့လည်း သူများပါးစပ် လမ်းဆုံးတဲ့ ပုဂ္ဂိုလ်က သူ ဒါန ပယ်ပစ်လိုက်တယ်

ပယ်ပစ်လိုက်တဲ့ အခါကျလို့ရှိရင်တဲ့ လမ်းဆုံ တဲ့ပုဂ္ဂိုလ်၏ စကားကို သူပယ်လိုက်တာလား၊ သူများပါးစပ် လမ်းဆုံးလို့ ပယ်လိုက်တာလား၊ အကုန်သိတဲ့ပုဂ္ဂိုလ်၏ ဉာဏ်ကိုလမ်းဆုံးတာ လားလို့ မေးဖို့လိုလာတယ်...(မှန်ပါဘုရား)။

http://www.dhammadownload.com



ဒါနဟာ စာဂ-ပဲ၊ စာဂ-စွန့်လိုက်တယ်၊ စွန့် လိုက် တယ် ဆိုတာ တဏှာသတ်တာပဲ ကိုယ်ကဘဏ်သွင်းငင်... (တဏှာ သတ်တာပါဘုရား)။ ငါ့ဟာဖြစ်မှ စွန့်လိုက်တဲ့စာဂဖြစ်သွား တော့ ငါ့ဟာဲဟူသော အငံမ်.အမှတ် ဖြုတ်လိုက်သော ဒိဋ္ဌိ သတ်တာ ရှင်းပြီလား...(ရှင်းပါပြီဘုရား)။

တဏှာက ဒိဋ္ဌိသတ်ကြည့်ပါတဲ့။ ကိုယ်လုပ်တတ်လို့ ရှိရင်၊ ကိုယ်မလုပ်တတ်ပြန်တော့လည်း ငါရှိလို့ ငါလှူတာပဲဆိုတော့ လည်း ဒိဋ္ဌိကလာမှာပဲ။

ငါလုပ်လို့ ငါခံစားရမှာပဲ ဆိုလို့ရှိရင်လဲ သာယာတဲ့တဏှာ လာမှာပဲ မလာပေဘူးလား...(လာမှာပါဘုရား)။ ဆဲဒီတော့ ဘာပေါ်မှာ မှီနေသတုံးဆိုတော့ ခင်ဗျားတို့ ပညာရှိလမ်းညွှန် ကောင်းပေါ်မှာ မှီနေတယ်လို့ မှတ်လိုက်စမ်းပါ။ ဘယ်လို မှတ်ကြမတုံး.... (ပညာရှိ လမ်းညွှန်ကောင်းပေါ်မှာ မှီနေပါ တယ်ဘုရား)။

ပညာရှိ လမ်းညွှန်ကောင်းပေါ်မှာ မှီနေတယ်ဆိုတော့ တရားနာလဲ ရွေးရမယ်၊ ဒါ..သေချာပါပြီနော် တရားနာလည်း (ရွေးမှာပါဘုရား)။

ဘာဖြစ်လို့ ရွေးရမှာတုံးလို့ မေးတဲ့အခါကျတော့ သူ ဘယ်အခြေအနေတွေ လမ်းဆုံးနေသတုံး သူ သစ္စာဆိုက်သလား မဆိုက်ဘူးလား အစရှိသည်နဲ့ ဒါကိုပဲ အမြဲတမ်း စဉ်းစားရမယ်။

ဒါကို စဉ်းစားလိုက်တဲ့အခါကျသို့ရှိရင်ဖြင့်တဲ့ သစ္စာဆိုက် လို့ရှိရင်ဖြင့် ဒါ...အဖိုးတန်တယ်လို့ ဆုံးဖြတ်ချက်ချ၊ သစ္စာ မသိသေးလို့ရှိရင်ဖြင့်.... (အဖိုးမတန်ပါဘူးဘုရား)။

http://www.dhammadownload.com



ဒါကြောင့်—ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း ဖွဲ့ သစ္စာမသိသေးတော့ ငါလည်း ရှည်ခဲ့တယ်တဲ့။ မင်းတို့လဲ အလုပ်လုပ် ရှည်မှာပဲ.... (မှန်ပါဘုရား)၊ သစ္စာသိပြီးမှလုပ်ရင် မင်းတို့ ဘယ်ဟာမှ မရှည်ဘူး၊ သ... ကျပြီ ...ား.... (ကျပါပြီ ဘုရား)။

သီလဆောက်တည်လိုက်တာ သီလရှိမှ ဝိပဿနာကြိုးစားလို့ ရတာ၊ သီလမရှိရင်....(ကြိုးစားလို့ မရပါဘုရား)၊ မရဘူးပေါ့။

သီလရှိတဲ့ပုဂ္ဂိုလ် ဘာနှလုံးသွင်းရမတုံး။ ယနေ့ပဲ ဟော...ိုက် ပါသေးတယ်။ သီလရှိတဲ့ပုဂ္ဂိုလ် ဘာနှလုံးသွင်းရမတုံး။

"အနိစ္စတော၊ ဒုက္ခတော၊ အနတ္တတော၊ ရော...တော၊ သလ္လတော၊ အဃတော ပရတော ...လောကတော သုည တော၊ အနတ္တ...တော" အဲဒါ နှလုံးသွင်းပေါ့ကွ၊ "ရှင်မဟာ ကောဋ္ဌိက"က မေးလို့ ရှင်သာရိပုတ္တရာက ဖြေလိုက်တယ်။

ကျုပ်တို့ ဒီလိုဟာတွေ တွေ့ထားပြန်တော့လည်း၊ အင်း... ဝိပဿနာလုပ်လိုက်လို့ သီလရှိပြီးလည်း၊ ဝိပဿနာလုပ်လိုက်လို့ သီလရှိပြီးလည်း ဝိပဿနာလုပ်ကွ၊ ဒါ ...သာတားပတ္တိမဂ် ရနိုင်တယ်ကွဆိုတာ မ...ချာပြီလား (သေချာပါပြီဘုရား)။

ကောင်းပြီ။ ဒါကိုလည်း ဖြည့်စွက်ပြီး တကာ တကာမတွေ မှတ်ပေါ့။ ဘကာ တကာမတို့ သုခကိုရှာတဲ့အခါ ကျုပ်လို့ ရှိရင် ရှုံ့လေးကာည်း ဓမ္မဒိန္နာဘာ သင်ပါတယ်။

သုခဝေဒနာဟာ ဖြစ်ပေါ်တုံး သုခဝေဒနာပါ။ ပျက်စီး သွားတော့ ဒုက္ခပါပဲ (မှန်ပါဘုရား)၊ ဖြစ်ပေါ်တုံးက ... (သုခပါဘုရား)။ ပျက်စီးသွားတော့.... (ဒုက္ခပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့်...သူ့ကို ဒုက္ခသစ္စာလို့ ရှုလိုက်ရင် ပြီးသွားတာပဲ၊ သူက ဖြစ်ပေါ်တုံးတော့ဖြင့် သုခပဲ ပျက်စီးသွားတော့...(ဒုက္ခပါဘုရား)။ ဒုက္ခသစ္စာလို့ ရှုလိုက်ရင် (ပြီးသွားတာပါဘုရား)။ ဒါကြောင့် ဘုရားက ဒုက္ခသစ္စာဟောတာ၊ ရှင်းပြီလား (ရှင်းပါပြီဘုရား)။

ဒါဖြင့်...သုခဝေဒနာကို ကျုပ်တို့က ဒုက္ခသစ္စာလို့ ဖြစ်ပျက်ရှုလိုက်တဲ့ အခါကျလို့ ရှိရင်ဖြင့် ကမ္မာသဝ ပဋိစ္စသမုပ္ပါဒ် ဘယ်နှယ်နေတုံး...(ပြတ်သွားပါတယ်ဘုရား)။ ကမ္မာသဝပဋိစ္စသမုပ္ပါဒ် ဦးသံဂိုင် မပြတ်ပါနဲ့လို့...(မရပါဘူးဘုရား)။ အဲဒီလို ရှုရပါတယ်လို့ ဓမ္မဒိန္နာကလည်း သင်ပေးတယ်၊ ရှင်းပြီလား...(ရှင်းပါတယ်ဘုရား)။

ဒုက္ခဝေဒနာကတော့ ဘယ်လိုတုံး၊ ဒုက္ခဝေဒနာ ပေါ်နေတုံးတော့ ဆင်းရဲတယ်တဲ့၊ ပျောက်သွားတဲ့အခါ ချမ်းသာတယ်၊ သဘောကျလား...(ကျပါတယ်ဘုရား)။

အဲတော့...သူလည်း ဒုက္ခဝေဒနာလို့ ရှုပေမယ့်လည်း ဒုက္ခဝေဒနာပေါ်ဆဲသာ ဒုက္ခလို့ ရှုပါ။ ပျက်သွားတဲ့အခါ သုခ ဖြစ်ပျက်ပဲဆိုရင်လည်း ဒါ-အညွှန်သွားတာပဲ သဘောပါကျပြီလား...(ပါပါပြီဘုရား)။

ကောင်းပြီ...။ ဥပေက္ခာဝေဒနာတော့ ဘယ့်လိုရှုရမှာတုံး ဝိသာခက မေးတယ်၊ ဥပေက္ခာဝေဒနာကျတော့ ဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်မှာတော့ အနိစ္စ မြင်တာပဲတဲ့။ ဥပေက္ခာ မတွေ့ပါဘူး၊ သဘောကျပြီလား...(ကျပါပြီဘုရား)၊ ဉာဏ်ရှိတဲ့ပုဂ္ဂိုလ်—(အနိစ္စတွေ့တာပါဘုရား)။

ဉာဏ်ရှိတဲ့ပုဂ္ဂိုလ် အနိစ္စတွေကာပဲဆိုတဲ့ စွာ သေသေချာချာ ဟောတယ်၊ ဒါဖြင့် "သုခါ ဝေဒနာ ဘိက္ခဝေ ဒုက္ခတော ဒဋ္ဌဗ္ဗာ ဒုက္ခာ ဝေဒနာ ဘိက္ခဝေ သလ္လတော ဒဋ္ဌဗ္ဗာ" သံသရာဘာ" ဆိုကတည်း မြား ခြောင့် စူးသလို စူးပြီးတော့၊ အော် ဒါ ဒုက္ခသာပါလားလို့ ရှုလိုက်ရတယ်။

"ဥပေက္ခာ ဝေဒနာ ဘိက္ခဝေ အနိစ္စတော ဒဋ္ဌဗ္ဗာ" ဒါ ရှုနည်းကို ဘုရားက သံယုတ်ပါဠိတော်မှာ သင်ပြန်တယ်၊ သဘောပါပြီလား။ (ပါပါပြီဘုရား)။

ကောင်းပြီ၊ ဒီလို နားလည်ထားတော့ ရှင်းသွားပြီလို့ ဆိုတော့ ဒါ-ရဟန္တာဖြစ်တယ် မဖြစ်တယ်လည်း သိချင်သေးတာကို၊ သိချင်သေးတော့ သုခဝေဒနာနဲ့ ဘယ်သူနဲ့ ဆန့်ကျင်ဖက်တုံးမေးပြန်တယ်၊ ဒုက္ခဝေဒနာနဲ့ ဘယ်သူနဲ့ ဆန့်ကျင်ဖက်တုံး။

ဒီကာကြီးတဲ့ သုခဝေဒနာနဲ့ ဆန့်ကျင်ဖက် ပြောရလို့ရှိရင် သုခနဲ့ဒုက္ခဟာ တကိုယ်ကိုဆန့်ကျင်ဖက်။ တကာ တကာ မှတွေလည်း ဒါလောက်ပဲ သိပါတယ်၊ သုခဝေဒနာနဲ့ ဒုက္ခဝေဒနာ ဆိုတာ ဘယ်တော့မှ မတည့်ဘူး၊ တည့်ကြလား.... (မတည့်ပါဘူး ဘုရား)။

မတည့်ပေမယ့်လည်း ဆန့်ကျင်ဖက်မှန်း သိပြီးထားတော့ ကျုပ်တို့က ဉာဏ်သွင်းရမယ်။

ခန္ဓာကိုယ်ထဲ သုခဖြစ်နေရင် ဘယ်တော့မှ ဒုက္ခမဖြစ်ပါလား၊ ဒုက္ခဖြစ်နေရင်လည်း သုခ မဖြစ်ပါဘူး၊ ဘာကြောင့်လည်း ဆန့်ကျင်ဖက် တဲ့လို့ မဖြစ်ကောင်းဘူး၊ အဲတော့.... ကျုပ်တို့ တစ်ခုပဲ ရှုဆိုတဲ့ အဓိပ္ပာယ်ပါပါတယ်။ ဘာပါသွား တုံး.... (တစ်ခုပဲရှုဆိုတဲ့ အဓိပ္ပာယ် ပါသွားပါတယ်ဘုရား)။

အဲဒါ…တစ်ခုပဲ ရှုဆိုတာကို ဓမ္မဒိန္နာက ဟောပါသယ်တဲ့ ဟိုကသည်းဘယ်သူနဲ့ ဘယ်သူ ဆန့်ကျင်ဖက်တုံးဆို… မေးတယ်။

မေးတဲ့အတွက် သုခ နဲ့ ဒုက္ခ ဆန့်ကျင်ဖက် ဒုက္ခ နဲ့ သုခ ဆန့်ကျင်ဖက်၊ အနုလောမ ပဋိလောမ ဆန့်ကျင်ဖက်ပဲ၊ သူတို့ကတော့

ဘယ်သူ တကာမတွေ ဒုက္ခရှိရင် သုခ မရှိဘူး၊ သုခရှိရင်… (ဒုက္ခမရှိပါဘူး)၊ ခန္ဓာထဲမှာလေ။ အဲဒီလို ဉာဏ်လေးလှတ်ပြီး သကာလ သုခရှိရင် သုခ-မိအောင်ဖမ်း၊ ဒုက္ခရှိရင်…. (ဒုက္ခ မိအောင် ဖမ်းရမှာပါဘုရား)။

ဒုက္ခမိအောင် ဖမ်းပြီးသကာလ ခင်ဗျားတို့က သုခရှိသို့ ရှိရင်လည်း ဒုက္ခသစ္စာပဲရှု၊ ဒုက္ခရှိရင်လဲ… (ဒုက္ခသစ္စာရှုရမှာပါ ဘုရား)။ ဒုက္ခသစ္စာရှု။

ဒါဖြင့်… သုခ ဒုက္ခနဲ့တော့ ဘယ်သူနဲ့ဆန့်ကျင်ဖက် ဖြစ်ပါ သေးသတုံး မေးတဲ့အခါကျတော့၊ ထို့အ ဘူပဲ ဥပေက္ခာနဲ့လည်း ဆန့်ကျင်ဖက် ဖြစ်ပါသေးတယ်၊ သဘောကျပြီလား…. (ကျပါ တယ်ဘုရား)။

ဥပေက္ခာနဲ့လည်း ဆန့်ကျင်ဖက် ဖြစ်ပါသေးတယ်ဆိုတော့ ဥပေက္ခာ ပေါ်နေလည်း တိုဟာတွေ မပေါ်ဘူး ပြောဟာပဲ၊ ရှင်းကြပြီလား….(ရှင်းပါပြီဘုရား)။

ဒါဖြင့်… ဥပေက္ခာပေါ်နေလို့ရှိရင်နား၊ နှာခေါင်း၊ လျှာ ဝမ်းထဲမှာ ဥပေက္ခာတစ်ခုခု ပေါ်နေလည်း ခင်ဗျားတို့ ဘာလုပ် ကြမလဲ…(ရှုရမှာပါဘုရား)။

http://www.dhammadownload.com



ရှုရမှာပဲ၊ မရှုလို့ရှိရင် မဖြစ်ဘူးတဲ့၊ နို့မို့ရင် ရှုစရာမရှိဘူး ဖြစ်လိမ့်မယ်။ ဘာမှ ရှုစရာမရှိဘူး ဖြစ်လိမ့်မယ်တဲ့၊ မဟုတ်ဘူးတဲ့၊ ဆန့်ကျင်ဖက် တစ်ခုခုကတော့ ပေါ်ရက်ချည့်ပဲ၊ ခန္ဓာထဲမှာ ဆန့်ကျင်ဖက် တစ်ခုခုကတော့ ... (ပေါ်ရက်ချည့်ပါဘုရား)။ ပေါ်ရက်ချည့်ပဲဆိုတာ သေချာပြီလား ... (သေချာပါတယ်ဘုရား)။

အေး...ဒါကြောင့် တပည့်တော်တို့ ရှုစရာကို ရှာမတွေ့ဘူးလို့ မျှား ခင်ဗျားတို့ မပြောကြနဲ့။ သဘော ကျပြီ လား... (ကျပါပြီဘုရား)။

ရှုစရာကို မရှိဘူးဘုရား၊ ဝေဒနာကို တပည့်တော်တို့မှာ ဘာမှ မရှိဘူး၊ ဒီလိုတော့ မလုပ်နဲ့တဲ့။ ဒီလိုမလုပ်လို့ရှိရင် အနိစ္စပါမရှိဘူး ပြောတာနဲ့အတူတူ။

ဘယ်နှယ်ဆိုကြမလဲ (အနိစ္စပါမရှိဘူးပြောတာနဲ့ အတူတူပါပဲဘုရား)၊ အနိစ္စပါမရှိဘူးပြောတာနဲ့ အတူတူဖြစ်မယ်။

ဒီလိုဆိုလို့ရှိရင်လည်း ဝေဒနာတွေ အကုန်ချုပ်ဆုံးလို့ "ဝေဒနာနံ ခယော ဘိက္ခဝေ အနိစ္စတော ပဿိတွာ" ဆိုတဲ့အတိုင်း နိဗ္ဗာန်ရောက်သွားပေ့ါမှာပေ့ါ။

မဟုတ်ပါဘူးတဲ့။ ခင်ဗျားတို့ နိဗ္ဗာန်ရောက်တဲ့ အသွား မဟုတ်ဘူး။ နိဗ္ဗာန်မရောက်ခင်ကိုက ခင်ဗျားတို့ ရှုစရာမရှိဘူး ဆိုတဲ့ အဓိပ္ပာယ်မျိုးဟာ ဝေဒနာသုံးပါး တစ်ခုခု ရှိရမယ်။ သဘောကျပြီလား...(ကျပါတယ်ဘုရား)။

ဝေဒနာ မရှိတာက ဒီလိုပါတဲ့၊ ဘုရားက ဝေဒနာမရှိတာ ငါပြောပြမယ်ကွာတဲ့။ အိုးသည် အိုးဖုတ်တယ်၊ အိုးသည် အိုးဖုတ်တဲ့အခါကျတော့ အိုးတွေဟာ ပူနေတာပဲ။ အိုးဖိုထဲက

http://www.dhammadownload.com



နေပြီးသကာလ မပူစေချင်တဲ့အခါသံညှပ်နဲ့ ညှပ်တဲ့ညှပ်ထဲ့ပြီး အိုးလည်ပင်း ညှပ်ပြီး အပြင်ဖက်ထုတ်လိုက်တဲ့အခါမှာ အဲဒီ အချိန်ကျမှပဲ ဘာမှ မရှိဘူး။

အိုးဖုတ်တဲ့အခါမှာ အပူလည်း မရှိတော့ဘူး။ နဂိုကလည်း အအေးလောင်လို့ အအေးဓာတ်တွေမရှိတော့ဘူး၊ နဂိုက အေး ဖုတ်တာကိုး၊ အပြင်ဘက် ထုတ်လိုက်တဲ့အခါကျတော့မှ အကုန် အေးပြီးနေတယ်။

အဲဒီ....အေးလို့ရှိရင်တော့ဖြင့် ဝေဒနာ ဘာမှ မရှိ ဘူး။ အပြင်ဖက်ထုတ်လို့ အကုန်အေးသွားပြန်လို့ရှိရင် အဲဒါ နိဗ္ဗာန် လို့ခေါ်တယ်ကွ၊ သဘောကျပြီလား.... (ကျပါတယ်ဘုရား)။

အတွင်းမှာနေတုံးကတော့ သူ့ပင်ကို အအေးပဲရှိတယ်၊ မီးနဲ့ပတ်သက်လို့ ပင်ကို အပူရယ် ရှိဘယ်တဲ့။

အပြင်ဘက်ကို အိုးသည်တွေ အိုးတွေဖုတ်ပြီး - သကာလ ကောင်းတာ မကောင်းတာတွေ ခြားပြီး၊ ကောင်းတာတွေ အပြင်ဖက် မြေညီညီ ချလိုက်တဲ့အခါကျတော့ အလုံးစုံ အကုန် အေးသွားတယ်။

အဲဒီ....အအေးကတော့ ငါဘုရားဟောမယ်၊ အဲဒါ "သန္တတိ လက္ခဏာ" ရှိတဲ့ နိဗ္ဗာန်ကွ၊ ဒါဖြင့် ဝေဒနာ အကုန်ဆုံးရင် နိဗ္ဗာန်ပဲ။ ရှင်းပြီလား....(ရှင်းပါပြီဘုရား)။

ဒါဖြင့်....ဝေဒနာဆုံးအောင် လိုက်ကြ၊ ဝေဒနာကို....(ဆုံး အောင် လိုက်ရပါမယ်ဘုရား)။ ဆုံးအောင်လိုက်ရင် ဘာတွေ့ မတုံး.... (နိဗ္ဗာန်တွေ့ပါမယ်ဘုရား)။

http://www.dhammadownload.com



အေး....ဒါကြောင့်"ဝေဒနာနံ ခယာ ဘိက္ခုဝေ"ဝေဒနာ ဝေဒနာ-ဝေဒနာတို့၊ ခယာ-အကုန်ရှုနိုင် တဲ့၊ ဘိက္ခုဝေယန္တိ-အနိစ္စတော နိဿန္ဒတဏှာ မရှိသည်ဖြစ်၍၊ ပရိနိဗ္ဗုတော — ကိလေသာ ပရိနိဗ္ဗာန်စံပြီ၊ ဟောတိ-ဖြစ်၏ ဆိုတော့ တဏှာ နိရောဓ နိဗ္ဗာန်ဖက်ကို ဘုရားဟောထားတယ်။ သဘော ပါပြီလား....(ပါပါပြီဘုရား)။

အဲဒီလို... ရှုကြစမ်းပါဆိုတာလည်းသိရပြီ၊ ဆန့်ကျင်ဘက်ကို ပြောသဖြင့်လည်း တစ်ခုတစ်ခုတော့ ရှိရမယ်၊ သုံးခုတော့ ပြိုင် မရှိနိုင်ဘူး၊ သဘောကျပြီလား....(ကျပါပြီဘုရား)။

ကိုယ်က သန္တတိဉာဏ်က မထိုးဖေါက်နိုင်လို့ ခင်ဗျားတို့ သုခနဲ့ ဒုက္ခနဲ့ ရောချင်ရောမယ်၊ ဥပေက္ခာနဲ့ကော... (ရောချင် ရောပါမယ်ဘုရား)။

ဒါက....ကိုယ့်ဉာဏ်က နောက်ကျနေလို့။ ဘယ်လိုမှတ်ကြ မတုံး (ကိုယ့်ဉာဏ်က နောက်ကျနေလို့ပါဘုရား)။ ကိုယ့်ဉာဏ်က နောက်ကျလို့ တကာ တကာမတွေ့မှာတဲ့ သူတို့က အမြန်၊ ကိုယ်က အနှေးဖြစ်နေတယ်။

ခန္ဓာက... (အမြန်ပါဘုရား)၊ဉာဏ်က... (အနှေးပါဘုရား)၊ အဲဒါကျတော့ ဒါဒီလိုမှတ်လိုက်။ ကိလေသာကြားခိုလို့ပေါ့ ဘယ်လို မှတ်ကြမတုံး... (ကိလေသာကြားခိုလို့ပါဘုရား)။ ကိလေသာကြားခိုလို့ လို့ မှတ်ကြစမ်းပါ။

ကိလေသာကြားခိုရင်တော့ဖြင့် မဂ်ဉာဏ်အရနှေးလိမ့်မယ်၊ ကိလေသာကြားခိုလို့ရှိရင်.... (မဂ်ဉာဏ်အရနှေးပါမယ်ဘုရား)။

အဲဒါ.... ကြားမခိုလို့ရှိရင်ဖြင့် မိအောင်သာရှု၊ တစ်ခါ တလေ သုခရှုညီရော... (ထပ်ချင်ထပ်နေပါလိမ့်မယ်ဘုရား)။

http://www.dhammadownload.com



ထပ်နေပေမယ့်လည်း ဒုက္ခတစ်ချက် ဉာဏ်တစ်ချက်၊ သုခတစ်ချက်... (ဉာဏ်တစ်ချက်ပါဘုရား)။ ဒီလို—တစ်ချက်စီသွားနိုင်လို့ ရှိရင်လည်း ကိလေသာကြား မခိုဘူး၊ သဘောကျပြီလား....(ကျပါတယ်ဘုရား)။

ဒါ... တစ်ချက်မသွားနိုင်ဘူး၊ တပည့်တော်တို့က နာတာ အစဉ်သဖြင့် နာနေတယ်ဆိုရင် ဒေါသကိလေသာ ကြားခိုလိမ့်မယ်....(မှန်ပါဘုရား)။

ဉာဏ်က မထိုးထွင်းနိုင်တဲ့အတွက် ဒေါသကိလေသာ ကြားခိုလိမ့်မယ်။

သုခဝေဒနာကို တစ်ချက်စီ ကိုယ်က သူကဖြစ်ပျက် ကိုယ်ကဖက်၊ သူကဖြစ်ပျက် ကိုယ်ကမဂ်လို့ ရှုနေလို့ရှိရင်တော့ဖြင့် တဏှာ တဏှာမတွေ့မှတ်ပါ၊ ကိလေသာ ကြား မခိုဘူး။

အင်း....ချမ်းသာတာကို ချမ်းသာသက် ရှည်နေတယ်လို့ ဆိုရင် တဏှာ ကြားခိုပြီလို့မှတ်ပါ။ သဘောကျပြီလား....(ကျပါပြီဘုရား)။

ချမ်းသာတာရှည်နေရင်....(တဏှာ ကြားခိုပါတယ်ဘုရား)။ ဒါဖြင့်....ဖြစ်ပျက်နဲ့မဂ် မကိုက်တော့ဘူး၊ ကိုက်သေးရဲ့လား.... (မကိုက်ပါဘူးဘုရား)။ အလုပ်သမားမှာ သိပ်အဲ့ရေ ကြီးပါတယ်... (မှန်ပါဘုရား)။

ဒါကြောင့်—အလုပ်သင်တရားလို့ ခင်ဗျားတို့ကို ပြောနေပါတယ်၊ ကဲ....တစ်ခါ သွားပါအုံး။

ဥပေက္ခာတွေကလည်း ချုပ်ပြီးအကာလ "မာဝိဂစ္ဆန္တ၊ ကမ္မသကာ"ဆိုအော့ အလုံးစုံသတ္တဝါတွေ ဥပေက္ခာချည့်ထားနေ

http://www.dhammadownload.com



တဲ့အခါမှာ ဥပေက္ခာချည့် ထင်တိုင် ဖြစ်နေ လို့ ရှိ ရင် လည်း ဥပေက္ခာတွေကြားထဲမှာ ခင်ဗျားတို့ညာဏ်က မဝင်နိုင်တော့ ဖြစ်ပျက်က မတွေ့ဘူး၊ တွေ့သေးရဲ့လား... (မတွေ့ပါဘူးဘုရား)။

မတွေ့လို့ ရှိရင်ဖြင့် ဥပေက္ခာနောက်ကနေပြီး၊ အဝိဇ္ဇာကြား ခိုနေတယ်၊ သဘောကျပြီလား....(ကျပါပြီဘုရား)။

အဲဒီလို...အဝိဇ္ဇာကြားခိုနေလို့ ရှိရင်လည်း မဂ်ညာဏ် ဖိုလ် ညာဏ် အရနှေးမယ်။ သဘောပါသလား....(ပါပါတယ်ဘုရား)။

ဒါဖြင့်... သုခနောက်က တဏှာကြား ခိုနိုင်တယ်၊ ဒုက္ခ နောက်က ဒေါသကြား ခိုနိုင်တယ်၊ ဥပေက္ခာနောက်က အဝိဇ္ဇာ ကြား ခိုနိုင်တယ်ဆိုတာကို သေသေချာချာ မှတ်ပါ။

ဒါလေးတွေဟာက ဦးသီဒိုင် လွယ်လွယ်မှတ်မနေနဲ့၊ အလုပ်နဲ့ တိုက်ကြည့်တော့မှ ကြားခိုတယ်၊ မခိုတယ်က သေ ချာ တယ်၊ အလုပ်နဲ့ တိုက်ကြည့်မှ ...(သေချာပါတယ်ဘုရား)။

ဒီအတိုင်း တရားပြောတာကို ဒီလောက်မမှတ်ပါနဲ့၊ မှတ်ရုံ ကလေးမှတ်ထားပြီး အလုပ်နဲ့ တိုက်ကြည့်တော့ ဖြစ်ပျက်တစ်ချက်နဲ့ မဂ်တစ်ချက် မိရဲ့လားဆိုတာကို ကိုယ့်ကိုယ်ကို အကဲခတ်ပါ။

အကဲခတ်လို့ မမိဘူးဆိုလို့ ရှိရင် ဝီရိယဆောင်ရင်းတိုးပေးပါ၊ ဝီနေရာ ဝီရိယ လိုတာ၊

ဝီရိယလေး တိုးပေးလိုက်စမ်းပါဆိုဘာ နိဗ္ဗာန်မရောက်တဲ့ တရားကတော့ မရှိဘူး၊ ကြားခိုချားနေလို့ မရောက်ကြတာလို့ မှတ်ရမယ်... (မှန်ပါဘုရား)။

http://www.dhammadownload.com



ဝိပဿနာရှုတဲ့ပုဂ္ဂိုလ်မှာ ဝိပဿနာဆိုတာဟာ "ပုဗ္ဗဘာဂ မဂ်ပဲ"၊ ပုဗ္ဗ-ဏာ ရှေး၊ ဘာဂ-က အဖို့၊ ရှေးဦးစွာလုပ်ရမယ့် အလုပ် ခင်ဗျားတို့ လုပ်တာဘဲ။ သဘောကျပြီလား.... (ကျပါ တယ်ဘုရား)။

ဒါကြောင့်.... သမ္မာဒိဋ္ဌိ ပုဗ္ဗေဇဝံ လို့ သမ္မာဒိဋ္ဌိ ဝိပဿနာ သမ္မာဒိဋ္ဌိ ပုဗ္ဗေဇဝံ ရှေးဦးစွာဖြစ်ရမယ်၊ ဝိပဿနာ သမ္မာဒိဋ္ဌိ က ဘာတုံး....(ရှေးဦးစွာဖြစ်ရမှာပါ ဘုရား)။

သူက ရှေးဦးစွာဖြစ်မှတဲ့ နိဗ္ဗာန်တကယ်မြင်တဲ့ မဂ်သမ္မာဒိဋ္ဌိ လိုက်မှာကွ၊ သူ့ကို ရှေ့တန်းမထားနိုင်လို့ ရှိရင် မဂ်သမ္မာဒိဋ္ဌိ မလိုက်နိုင်ဘူး၊ သဘောပါကြပြီလား ...(ပါပါပြီဘုရား)။

ဒါဖြင့်... ဝိပဿနာဉာဏ် ရှေ့သွားရှိမှ မြင်တဲ့မဂ်ဉာဏ်လိုက် နိုင်မယ်၊ ဝိပဿနာ ရှေ့သွားမရှိလို့ ရှိရင် - (မဂ်ဉာဏ် မလိုက် နိုင်ပါဘူးဘုရား)။

အေး... ဒီဥစ္စာကိုလည်းတဲ့ ဘယ်လို ဟောလိုက်တုံးဆိုတော့ "ဓမ္မာဟံ သာရထိ ဗြူမိ သမ္မာဒိဋ္ဌိ ပုဗ္ဗေဇဝံ သမ္မာဒိဋ္ဌိ ပုဗ္ဗေ ဇဝံ" ရှေ့သွားဖြစ်တဲ့ ဝိပဿနာမဂ်ဟုဆိုအပ်သော သူ ရှေ့ သွားရှိရမယ်။

သူ ရှေ့သွားရှိလို့ သူ ရင့်ကျက်လာတဲ့အခါကျတော့ .... ဓမ္မာ ဟံ သာရထိ ဗြူမိ၊ ဓမ္မံ-မဂ်ဉာဏ်ဓမ္မကို၊ သာရထိ-ရထား ထိန်း ဟူ၍၊ ရထားခေါင်းဆောင်ဟူ၍၊ အဟံ-ငါဘုရားသည်၊ ဗြူမိ-ဟော၏။

ဝိပဿနာ သမ္မာဒိဋ္ဌိလာမှ နိဗ္ဗာန်မြင်တဲ့၊ မဂ်သမ္မာဒိဋ္ဌိဟာ သူနိဗ္ဗာန်မြင်ဖို့ ခေါင်းဆောင်လာတာတဲ့၊ နို့မို့ မလာနိုင်ဘူး၊ သဘောပါကြလား ...(ပါပါတယ်ဘုရား)။

http://www.dhammadownload.com



ဒါဖြင့်....သမ္မာဒိဋ္ဌိနှစ်ခုမှာ ဝိပဿနာသမ္မာဒိဋ္ဌိ ထက်လေလေ၊ မဂ်သမ္မာဒိဋ္ဌိ နီးကပ်လေလေ။ ဝိပဿနာ သမ္မာဒိဋ္ဌိ ထက်လေလေ...(မဂ်သမ္မာဒိဋ္ဌိ နီးကပ်လေလေပါဘုရား)။

မဂ်သမ္မာဒိဋ္ဌိက နီးကပ်လေလေပဲဆိုတော့ဖြင့် ခင်ဗျားတို့ ဘယ်အခါမှ မပျင်းပါနဲ့တဲ့၊ မဂ်မရတဲ့ လူပုဂ္ဂိုလ်မရှိဘူး။

ဝိပဿနာ သမ္မာဒိဋ္ဌိ မရှိတဲ့ပုဂ္ဂိုလ်ဖြင့် မဂ်၊ လောကုတ္တရာ သမ္မာဒိဋ္ဌိဆိုတဲ့၊ သမ္မာဒိဋ္ဌိ ပုဗ္ဗရေဇဝံဆိုတဲ့ ဥစ္စာတော့ မရနိုင်ဘူး။

ဓမ္မာဟံ သာရထိ ဗြူမိ ဆိုတဲ့အတိုင်း မဂ္ဂင်ရထား၊တစ်စီးခေါင်းဆောင်ကြီးဟာ ပေါ်မလာနိုင်ဘူး၊ ရှင်းပြီးလား —(ရှင်းပါပြီဘုရား)။

ဝိပဿနာသမ္မာဒိဋ္ဌိ မရှိတဲ့ပုဂ္ဂိုလ်က မဂ်သမ္မာဒိဋ္ဌိ မဂ္ဂင်ရထား၏ခေါင်းဆောင်ကြီး မပေါ်နိုင်ဘူးကွဆိုတော့ ခန္ဓာထဲမှာ "သဂါထာဝဂ္ဂ သံယုတ်" သေသေချာချာ ဟောတာ၊ သဘောပေါက်ကြလား....(ပေါ်ပါပြီဘုရား)။

ဒါဖြင့်....ခင်ဗျားတို့ ဘာအရေးကြီးပါလိမ့် ... (ဝိပဿနာ သမ္မာဒိဋ္ဌိပါဘုရား)။ ဝိပဿနာသမ္မာဒိဋ္ဌိ ကာလ သာ ကြာ၊ မခြားအောင် လုပ်လိုက်လို့ရှိရင် မဂ်သမ္မာဒိဋ္ဌိ ပေါ်လိမ့်မယ်၊ ရှင်းပြီလား....(ရှင်းပါတယ်ဘုရား)။

ဒါကြောင့်.... ဘုရားသခင် ကိုယ်တော်မြတ်ကြီးကလည်း ကိုးပြပါအုံးမယ်၊ ခင်ဗျားတို့ "အနုလောမံ ဂေါတြဘုဿ" သေချာဟောတာ။ အနုလောမံ-ဖြစ်ပျက်ကိုမြင်တဲ့ အနုလောမဉာဏ်သည်၊ ဂေါတြဘုဿ နိဗ္ဗာန်ကိုမြင်သော ဂေါတြဘုအား၊ သဘောကျပြီလား.... (ကျပါတယ်ဘုရား)။

http://www.dhammadownload.com



"အနုသ္တရ ပစ္စယေန" အနုသ္တရ ပစ္စယသတ္တိဖြင့် ပစ္စယော ဥပကာရကော ကျေးဇူးပြုသည်၊ ဟောတိ-ဖြစ်၏။ ဝိပဿနာ သမ္မာဒိဋ္ဌိ ပြီးတော့ နိဗ္ဗာန်မြင်တဲ့ ဂေါတြဘူ လာပါတယ်၊ သဘောပါလား...(ပါပါတယ်ဘုရား)။

ဒါဖြင့်..."အနုလောမံ ဂေါတြဘုဿ၊ အနုလောမံ မဂ္ဂဿ" မလာဘူးလား...(လာပါတယ်ဘုရား)၊ အဲဒါတွေ လာတာဟာ ဒါ-ပဋ္ဌာန်းပါဠိအောင်လို့ သေသေချာချာမှတ်ပါ။

ဒီ...ပဋ္ဌာန်းပါဠိတော်ကို ဆရာဘုန်းကြီး ဘာဖြစ်လို့ ဒီနေ့ညတွင်တွင်ထည့်ရသတုံးလို့ ခင်ဗျားတို့မေးလို့ ရှိရင် ပုဂ္ဂိုလ်မငဲ့ဘဲနဲ့ ဟောတဲ့ဒေသနာမို့ ဓမ္မဋ္ဌိဌာန် ဟောတာမဟုတ်ဘူး။ ဒီအစဉ် အတိုင်းလုပ်ရင်ဒီအစဉ်အတိုင်း ဖြစ်ရမယ်ဆိုတာ ဒီပုဂ္ဂိုလ် ပါရမီ အနုအရင့် ငါရွေးနေတာ မဟုတ်ဘူးကွ...(မှန်ပါဘုရား)။ ဓမ္မ အစဉ်က ဒီအတိုင်းပေါ်မှာ၊ ပေါ်ကြပြီလား...(ပေါ်ပါတယ် ဘုရား)။

ဒါဖြင့်...ပုဂ္ဂလဓိဋ္ဌာန်၊ ဓမ္မဓိဋ္ဌာန် ဆိုတဲ့ နောက်ပြီးတော့ "နေယျတ္ထဒေသနာ"တောင် သိရမှာမဟုတ်ဖူး၊နီတတ္ထတိုက်ရိုက် ဟောပြန်တယ်...(မှန်ပါဘုရား)။

ဒါဖြင့်....ဝိပဿနာ ဓမ္မာဒိဋ္ဌိပြီးမှ ခင်ဗျားတို့ဂေါတြဘူဆိုတဲ့ နိဗ္ဗာန်မြင်တဲ့ ဉာဏ်လာပါတယ်။ ဂေါတြဘူက နိဗ္ဗာန်မြင်ပြီး တော့မှ မဂ်ဉာဏ်က လာပါတယ်။ ဆိုတာကိုကော သေချာ ပြီလား....(သေချာပါတယ်ဘုရား)။

အလုပ်လုပ်တဲ့ပုဂ္ဂိုလ်များမှာ ဝိပဿနာသမ္မာဒိဋ္ဌိ မရှိဘဲနဲ့ ဂေါတြဘူဆိုတဲ့ နိဗ္ဗာန်မြင်တာတောင် မလာနိုင်တော့ မဂ်သမ္မာ

http://www.dhammadownload.com



ဒိဋ္ဌိက သူတောင် တစ်ခုခြားနေသေးတာ လာနိုင်ပါ့မလား...(မလာနိုင်ပါဘူးဘုရား)။

အဲတော့...ဝိပဿနာ သမ္မာဒိဋ္ဌိက တွင်ပါစေ၊ တွင်တွင်ကျယ်ကျယ် လုပ်နိုင်ပါစေ၊ ဒါ...ငါ မဂ်ရထိုက်တယ်၊ မရထိုက်ဘူးလို့ ဘာမှ အကဲခတ်မနေနဲ့ လုပ်ရမယ်သာ ဆုံးဖြတ် ချက်ချ။ ရှင်းပြီလား...(ရှင်းပါပြီဘုရား)။

အဲဒီမှာ...ခင်ဗျားတို့က ခင်ဗျားတို့ကိုယ် ခင်ဗျားတို့ ဆုတ်နစ်တဲ့စိတ် မလာစေနဲ့ဆိုတာကို သတိပေးလိုက်ပါတယ်။

ဆုတ်နစ်တဲ့စိတ်ဆိုတာ ငါက ဒိဋ္ဌိတ်မို့ ဖင့်နွဲ့တာထင်ပါရဲ့၊ ငါက ဒိဋ္ဌိတ်မို့ ဖင့်နွဲ့တယ် ထင်ပါရဲ့၊ ငါဘယ်သူ့များ ပြစ်မှားဖူးလို့ ဒါလောက်လုပ်နေရက်နဲ့ နိဗ္ဗာန်မမြင်သေးတာထင်ပါရဲ့။ ဒီဟာတွေ မလာစေနဲ့တဲ့၊ ဒီဟာတွေက ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ပြောတယ်၊ ခင်ဗျားတို့ အားပေးတယ်လို့ မယူပါနဲ့။

သစ္စာတရားကိုပြောလို့ သစ္စာတရားနာတတ်လို့ ရှိရင်ဖြင့်တဲ့ ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်အပျက်နဲ့ မဂ်နဲ့ကိုက်အောင်လုပ်ရင် ရရမယ်ကွ။ အင်္ဂုတ္တိုပါဠိတော်က ဒီလိုလာတယ်။

သစ္စာတရားလည်း နာရမယ်၊ ထောင်တတ်တဲ့နားကလည်း ပါရမယ်။ နားပါရမယ်ဆိုရင်ဖြင့် နှလုံးသွင်းတာ ဓမ္မာနုဓမ္မ ပဋိပတ္တိနဲ့ နှလုံးသွင်းလိုက်လို့ ရှိရင်ဖြင့် မရ မရှိပါဘူးဆိုတော့ ခင်ဗျားတို့မှာ သစ္စာဟောတဲ့ဆရာနဲ့လည်း တွေ့ပြီ၊ ကိုယ်ကိုယ်တိုင်လည်း ဖြစ်-ပျက် ဒုက္ခသစ္စာလည်း သိနေပြီ၊ မသိသေးဘူးလား...(သိပါပြီဘုရား)။

http://www.dhammadownload.com



အဲဒါ...ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ဆိုတော့ အပျက်နဲ့မဂ်နဲ့ ကိုက်တဲ့ဥစ္စာ ဓမ္မာနုဓမ္မပဋိပတ္တိ အလုပ်ပဲ၊ အဲဒါ ကိုက်သွားလို့ ကိလေသာကြွေး မခြားလို့ ရှိရင် ရမှာပဲ၊ ဘာတွေ ညာတွေ တွေးမနေနဲ့ ရှင်းပြီလား... (ရှင်းပါပြီဘုရား)၊

အဲဒီတော့.... တချို့ ကိုယ့်သံသယ ကိုယ့်ကုက္ကုစ္စ အပယ် ချတာရှိတယ်၊ ကိုယ့်သံသယ ကိုယ့်ကုက္ကုစ္စက ကိုယ့်ကို မဂ် တားမြစ်တာလည်း ရှိတယ်၊ သဘောကျပြီလား... (ကျပါပြီ ဘုရား)။

အဲဒါတွေကတော့ မသတ်နိုင်ဘူးတဲ့၊ ဆရာသမားများက တော့ ဒီလမ်းစဉ် အမှန်ရှိတာကိုတော့ဖြင့် ရှင်းနေအောင်ဝီ ပြောတာပဲ။

အနုလောမ ပြီး ဂေါတြဘူ လာမယ်၊ ဂေါတြဘူ လာပြီး မဂ် လာမယ်ကွ။ အနုလောမဆိုတာ ဝိပဿနာဉာဏ်ကွ။

ဂေါတြဘူ ဆိုတာကွ၊ မဂ်ပေါ်ဖို့ ရှေ့ကလမ်းခင်းတာကွ၊ ပြီးတော့ သူပြီ တယ်ဆိုလို့ ရှိရင် မဂ်ပေါ်တာပဲ၊ အဲဒါလည်း ဝိထိနိယာမ ကွ။

ဝိသိနိယာမ ဆိုတာကလည်း မင်းတို့ သယ်လိုမှ မကြံစည်နဲ့၊ ဝိပဿနာဉာဏ် ပြီးရင် မဂ်စစ်ဉာဏ် လာတာပဲကွ။

ဒါ... ဝိထိနိယာမ ဆိုတော့ သေချာနေတော့ ခင်ဗျားတို့ ဝိပဿနာလုပ်နေတဲ့ဥစ္စာက ဝိထိနိယာမအတိုင်း သွားမှာပဲလို့ ကိုယ်က ဆုံးဖြတ်ချက်ချပါ... (မှန်ပါဘုရား)။

ဝိထိနိယာမဆိုတာ နောက် အစဉ် နိဗ္ဗာန်မြင်တဲ့ ဂေါတြဘူ လိုက်မယ်။ နိဗ္ဗာန်မြင်တဲ့ မဂ်လိုက်မယ်။ နိဗ္ဗာန်မြင်တဲ့ဖိုလ်

http://www.dhammadownload.com



လိုက်မယ်လို့ ခင်ဗျားတို့က ဒီအတိုင်း ဆရာသမားပြောတဲ့ အတိုင်း ဝိထိနိယာမကို ဝီထိ-ဆိုတာ အစဉ်၊ နိယာမ-က အမြဲ၊ အစဉ်အမြဲအတိုင်း သွားပါတယ်တဲ့။

ဒါ- ဘယ်သူမှ တားလို့မရပါဘူး၊ ငါဘုရားတားလည်း မရပါဘူးကွတဲ့၊ ဝိပဿနာဉာဏ်ပြီးရင် ဂေါတြဘူဉာဏ် ပေါ် ထယ်ဆိုတာ ငါဘုရားလည်း တားလို့မရပါဘူး၊ ဂေါတြဘူ ဉာဏ်ပြီးတော့ မဂ်ဉာဏ်ပေါ်တာရော.... (တားလို့ မရပါဘူး ဘုရား)။

ဝီထိနိယာမ၊ ဆောင်း-ပြီး နွေ-လာတာကိုး၊ ဘကာ တဂ-ာမတို့ ဘုရားတားလို့ မရဘူး၊ နွေပြီး မိုးလာတာရော.... (တားလို့ မရပါဘူးဘုရား)။ တားလို့မရဘူး ဒါ....နိယာမ တွေနော်....

သစ်ပင်တွေ သူ့ရာသီနဲ့သူ ပွင့်တာ ဘယ်သူ တားလို့ရအုံး- (မရပါဘူးဘုရား)။ အဲဒီ နိယာမတွေက ရှိပြီးသားဖြစ်သော ကြောင့် မင်းတို့က ဘာမှ ငါ-ပါရမီမရှိလို့ထင်ပါရဲ့၊ ဒိဋ္ဌိဟိတ်မို့ ထင်ပါရဲ့၊ ရဟန္တာများ ပြစ်မှားမိလို့ထင်ပါရဲ့၊ ဒါတွေ မလာ စေနဲ့၊ ဒါတွေဟာ ကုက္ကုစ္စ။

ကုက္ကုစ္စဆိုတာသည် တကာ တကာမတို့ အင်မတန်ဆိုးဝါးတဲ့ တရားဆိုတာ ဆုံးဖြတ်ချက်ချ.... (မှန်ပါဘုရား)။

ဘယ်လို ဆိုးဝါးပါလိမ့်မတုံးလို့ မေးတဲ့အခါကျတော့ကိုတဲ့ မဂ်အန္တရာယ်ဖြစ်အောင် လုပ်တဲ့တရား၊ ဘာတဲ့တုံး.... (မဂ်၏ အန္တရာယ်ဖြစ်အောင် လုပ်တဲ့တရားပါဘုရား)။

http://www.dhammadownload.com



ဒါဖြင့်....ဘယ်သူက ထည့်တာတုံးလို့ မေးပြန်တော့ ဒီ ယောဂီက ထည့်တာ။ ဘယ်သူကထည့်တာတုံး.... (ယောဂီက ထည့်တာပါဘုရား)။

ယောဂီက ထည့်တာဆိုတော့ သူအားထုတ်နေတဲ့အထဲမှာ မရအောင် သူ့ဟာသူ ထည့်လိုက်တဲ့တရား၊ ဒါဖြင့်....သူ အား ထုတ်နေတဲ့ဉစ္စာကို သူ့ဟာသူဖြစ်ဘယ်၊ အင်း.... လက်နဲ့ရေး ခြေနဲ့ဖျက်တယ်။

လက်နဲ့ရေး ခြေ နဲ့ ဖျက် တယ် ဆို တာ အယ် သူ ပါ လိမ့် (ယောဂီပါဘုရား)။ လက်နဲ့ရေးတယ်ဆိုတာက ဝိပဿနာဘာဏ် အားထုတ်နေတာ၊ ငါ ဒီလိုပုဂ္ဂိုလ်ထ ပါရဲ့ဆိုပြီး ခြေနဲ့ဖျက် ချတယ်၊ အဘောကျပြီသား....(ကျပါဘုရား)။

အဲဒီတော့ အဟောသိကံ-မဖြစ်နိုင်ဘူးဆိုတာကို ဘုန်းကြီးက အားပေးတယ်လို့ ခင်ဗျားတို့ မယူနဲ့တဲ့၊ ဘုရားက သေသေ ချာချာ ဟောခဲ့တာ....(မှန်ပါဘုရား)။

ဒီဘဝ ဝိပဿနာဇောနဲ့ကွာ၊ မင်းတို့အားထုတ်ရင် သေ ခါနီးမှာ ဝိပဿနာသမားဟာ ငါတော့ဖြင့် တကယ် သေရ တော့မှာပဲ ဆိုပြီးသကာလ သူအည် စိတ္တာနုပဿနာ သမား ကလည်း စိတ်ဖို့ရှုတာပဲ။

ဝေဒနာနုပဿနာသမားက ဝေဒနာ ဖို့ရှုလိုက်လို့ရှိရင်တဲ့ အဲဒီအချိန်မှာ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ကျအောင် ငါဖြစ်နိုင်တယ်လို့ ဟောသေးတယ်။

ဒီလိုမှ မဖြစ်ပါဘူး၊ သူ မရှုမိဖူးဆိုရင် ဒုတိယဘဝ နတ်ပြည် ရောက်ပါတယ်ကွာ၊ ဒီဇောနဲ့ သေသွားတယ် (မှန်ပါဘုရား)။

http://www.dhammadownload.com



ဒုတိယဘဝ နတ်ပြည်ရောက်တဲ့အခါကျတော့ နတ်သမီးရင်ခွင်ထဲမှာ နတ်သားအဖြစ်နဲ့ ထိုင်လျက်သွားဖြစ်တဲ့အခါမှာ နတ်သမီးရင်ခွင်ထဲ ငါထိုင်နေတယ်ဆိုတာ မသိသေးပါဘူးတဲ့။

တစ်ခါတည်း ငါသည်ကား လူ့ပြည်မှာ ဒီအရှိန်အစော် အာသေဝနသတ္တိက ပါသွားတော့ တိုမှာ သူ့ခန္ဓာသူ ဖြစ်ပျက်ရှုလိုက်တာနဲ့ နတ်ပြည်ရောက်တာ မသိခင် သောတာပန်တည်တာ စောနေတယ်...(မှန်ပါဘုရား)။

ဒါ...ငါဘုရား သေချာဟောပါတယ်၊ ဝိပဿနာဇောနဲ့သာ သေမါစေတဲ့။ ဒီသခါနီး သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ် မဖြစ်ခဲ့သော် ဆိုတော့ အဟောသိကံ ပါသေးလား (မပါပါဘူး ဘုရား)။

အော်....ဒါဖြင့် လုပ်ထိုက်တဲ့တရားပဲ၊ သေခါနီးမှာလည်း သောတာပန်၊ သကဒါဂါမ် အနာဂါမ်ဖြစ်နိုင်တယ်။ ကိုယ့်ဟာကိုယ် ဆင်ခြင်ရှုနေရင်....(မှန်ပါဘုရား)။

ဟာ...ဒီအချိန်မှာ မဖြစ်လိုက်သေးဘူးဆိုရင် ဟိုရင်ခွင်ထဲရောက်ရင်....(ဖြစ်နိုင်ပါတယ် ဘုရား)။

အဲတော့...အဟောသိကံ ပါသေးလား.... (မပါ-ပါဘူး ဘုရား)။ အဟောသိကံပါမှာ ဘုန်းကြီးက စိုးရိမ်တာက ဒီတကာ တကာမတွေ ဘာစိုးရိမ်သတုံးမေးတော့မှ ကိုယ့်လှဲက ကိုယ့်စူးမှာ။

ကိုယ့်သံသယ၊ ကုက္ကုစ္စက ကိုယ့်လမ်းစဉ် ဖျက်ပစ်မှာ စိုးရတယ်...(မှန်ပါတယ်ဘုရား)။

http://www.dhammadownload.com



ငါက ဇီဝိတ ရထိုက်တဲ့ပုဂ္ဂိုလ် ဟုတ်မထင်ဘူး၊ သမာဓိ တောင်မှ ငါက မတည်ဘူး၊ တည်မှ တည်မကြည့်သေးခင်က ကိုယ်က မတည်သေးဘူး၊ ရှုမှ ရှုမခင်ကပည်းက မမြင်သေးဖူး ဆိုတော့ကို ဦးသံဒိုင် မခက်ဘူးလား.... (ခက်ပါတယ်ဘုရား)။

ဒါက ပါရမီက ဖျက်တာလား....ခုမှပေါ်တဲ့ ကိုယ့်ကုက္ကုစ္စ က ဝင်ပြီး ချောက်တွန်းတာလား.... (ချောက်တွန်းတာပါ ဘုရား)။

သူ့ချောက်တွန်းကို ခင်ဗျားတို့ကိုလည်း ဘုန်းကြီးက သတိ ပေးတယ်၊ လွန်ခဲ့တဲ့ တရားဟောစက ကုက္ကုစ္စလာရင် ကုက္ကုစ္စ ဖြစ်ပျက်ရှုကွ၊ ဟုတ်ဘူးလား....(ဟုတ်ပါတယ်ဘုရား)။

ကုက္ကုစ္စလာရင်—(ကုက္ကုစ္စဖြစ်ပျက် ရှုရပါမယ်ဘုရား)။

ကုက္ကုစ္စ ဖြစ်ပျက်ရှုပြီး သုချုပ်သွားတဲ့အချိန်မှာ ကိုယ့် ရှုမြဲဝေဒနာဖြင့် ဝေဒနာစိတ်ဖြင့် စိတ်ရှုပါ၊ ဒေါသ ဣဿာ မစ္ဆရိယ ကုက္ကုစ္စဆိုတာ ဒေါမနဿ ဝေဒနာကွ။

ကုက္ကုစ္စ လာရင်အဲဒီ ဒေါမနဿဝေဒနာ၊ ဝေဒနာသမားက ဝေဒနာထဲသွင်းလိုက်—(မှန်ပါဘုရား)။ စိတ်သမားက စိတ်ထဲ သွင်းလိုက်၊ စိတ်သမားက ဒေါသထဲ သွင်းပစ်လိုက်။

ဒေါသနဲ့ ယှဉ်ဖော်ယှဉ်ဖက်မို့လို့ ဒေါသစိတ်ထဲ သွင်းလိုက်၊ ဝေဒနာသမားကလည်း ဒေါမနဿဝေဒနာထဲ သွင်းချလိုက်၊ ဒေါမနဿဝေဒနာ ဖြစ်ပျက်ရှုချ၊ ကုက္ကုစ္စ နေနိုင်သေးရဲ့လား (မနေနိုင်ပါဘူးဘုရား)။

http://www.dhammadownload.com



ကုက္ကုစ္စ ချုပ်သွားပြီးတော့မှ ခင်ဗျားတို့ သည့်ပြင်ဝေဒနာ ပေါ်ရင် သည့်ပြင်ဝေဒနာ လိုက်တာပေါ့၊ နို့မို့လို့ရှိရင် ရှာမနေနဲ့၊ သူက အရှုခံလာတာကို သူ့အရင်ရှုပစ်ပါ။ ပေါ်ကြပြီလား....(ပေါ်ပါပြီဘုရား)။

ဒါ....အင်မတန်အရေးကြီးတဲ့စကားဆိုတာကော ခင်ဗျားတို့ သုံးတတ်ပြီလား....(သုံးတတ်ပါပြီဘုရား)။ ခင်ဗျားတို့သန္တာန်မှာ သံသယ ဝိစိကိစ္ဆာလာရင် သံသယဝိစိကိစ္ဆာ ရှုပစ်၊ သဘောကျပြီလား....(ကျပါပြီဘုရား)။

ဒါကြောင့်.... အရင်ထုံးက ပြောခဲ့တယ် မဟုတ်လား။ ဦးသံဒိုင်...ရန်သူ မိတ်ဆွေလုပ်ပစ်ကွ၊ ဘယ်လို ပြောခဲ့သုံး.... (ရန်သူ မိတ်ဆွေလုပ်ပစ်ပါဘုရား)။

နဂိုက သူ အနှောက်အယှက်လာတယ်၊ အနှောက်အယှက်တရားကို ဘာလုပ်ပစ်ရမှာလဲ....(ဖြစ်ပျက်ရှုပစ်ရမှာပါဘုရား)။ ဖြစ်ပျက်ရှုပစ်၊ ဖြစ်ပျက်ရှုပစ်တော့ သူ့ကြောင့် မဂ်ရသေးတယ်၊ သဘောကျပြီလား....(ကျပါပြီဘုရား)။

ဘုရားက ဘယ်လိုဟောတုံးမေးတော့မှ "သဒေါသ စိတ္တံ သဒေါသ စိတ္တန္တိ ပဇာနန္တိ"၊ သဒေါသ စိတ္တံ ဆိုတာက မဓာင်သစ် ဒေါသတစ်ခုထဲ ဖြစ်နိုင်တာမှမဟုတ်တာ။

ဣဿာ မစ္ဆရိယ ကုက္ကုစ္စနဲ့ ရောဝင်တာ၊ မဝင်ဘူးလား.... (ဝင်လာပါတယ်ဘုရား)။ ဝင်လာတော့ ဒေါသရှုလိုက်လို့ရှိရင် ပင်ရင်းရှုလိုက်လို့ရှိရင်ဖြင့် တကာ တကာမတို့ ဖြစ်ပျက်ဖြစ်ရမယ်၊ အတူတူပဲ။

http://www.dhammadownload.com



"ကေပ္ပာဒ ကေနိရောဓ"ကိုး၊ ကေပ္ပာဒ နိရောဓ ကေပ္ပာဒတက္ကဖြစ်တယ်၊ ကေနိရောဓ ချုပ်တော့ကော တက္ကချုပ်ထယ်ဆိုတာ မသေချာဘူး။

အဲဒီလို...ခင်ဗျားတို့ အသုံးချပစ်လိုက်လို့ ရှိရင်လည်း ဆရာသမား အကူအညီနဲ့ အော်...ဒီလိုလဲ အသုံးချဖြစ်သွားပဲဆိုပြီးတော့ ကုက္ကုစ္စရှိနေလို့ ကျုပ်ဘို့တော့ မလုပ်တော့ဘူး မလုပ်နဲ့၊ ကုက္ကုစ္စ ရှုပစ်ပါ၊ ပေါ်ကြပြီလား... (ပေါ်ပါပြီဘုရား)။ ဘာလုပ်ကြမတုံး...(ကုက္ကုစ္စ ရှုပစ်ရမှာပါဘုရား)။

ကုက္ကုစ္စရှုတော့ ဝေဒနာသမားက ဒေါမနဿဝေဒနာရှုတာဆိုတော့ ပြီးနေတာပဲ၊ မပြီးသေးဘူးလား...(ပြီး ပါပြီဘုရား)။

အဲဒါ...ခင်ဗျားတို့ အသုံးမချတတ်လို့ ရှိရင်လည်းခင်ဗျားတို့ဘေးသင့်ပဲ၊ အသုံးချတတ်လို့ ရှိရင်လည်း နိဗ္ဗာန်ရောက်တဲ့ဆေးဖြစ်မှာပဲ၊ ကဲ...ဒါနှစ်ခု ရှင်းပြီလား....(ရှင်းပါပြီဘုရား)။

ကောင်းပြီ...ဒါဖြင့် နေရာကျပါပြီ၊ ခုနက ဓမ္မဒိန္နာမေးတာပြန်ဆက်လိုက်တဲ့ အဝိဇ္ဇာနဲ့ ခုနက သုခနဲ့ ဒုက္ခနဲ့တော့ ဆန့်ကျင်ဘက်၊ သုခနဲ့ ဒုက္ခနဲ့ ဥပေက္ခာနဲ့ ဆန့်ကျင်ဘက်၊ သူပြောဘယ်မဟုတ်လား.... (ပြောပါတယ်ဘုရား)။

ဥပေက္ခာနဲ့ ဘယ်သူနဲ့ ဆန့်ကျင်ဘက်တုံးလို့ မေးပြန်တော့ အဝိဇ္ဇာနဲ့ဆန့်ကျင်ဘက်၊ သာဘောကျပြီသလား....(ကျပါပြီဘုရား)၊ ဥပေက္ခာနဲ့....(အဝိဇ္ဇာနဲ့ ဆန့်ကျင်ဘက်ပါဘုရား)။

သုခနဲ့ ဒုက္ခနဲ့ ဆန့်ကျင်ဘက် သိပြီ၊ ဒုက္ခနဲ့ သုခနဲ့ ဆန့်ကျင်ဘက် ပြီးပြီးသား၊ ဥပေက္ခာနဲ့တော့ ဘယ်သူနဲ့ ဆန့်ကျင်

http://www.dhammadownload.com



ဆက်တိုး မေးတဲ့အခါ ဘယ်နှယ်တုံး....(ဥပေက္ခာ ပေါ်ပါတယ် ဘုရား)။

ဥပေက္ခာ ပေါ်တာကိုး၊ ပေါ်တိုင်း-ပေါ်တိုင်းလည်း မသိတာ၊ သူ့ကြောင့် မသိတာ...(မှန်ပါဘုရား)၊ ဥပေက္ခာ ပေါ်တိုင်း-ပေါ်တိုင်း မသိတာ သူ့ကြောင့်မသိတာ၊ ဥပေက္ခာ ပေါ်တိုင်း-ပေါ်တိုင်း မသိတာ.... (အဝိဇ္ဇာကြောင့်ပါဘုရား)။

ဒါကြောင့် သူ့ဆန့်ကျင်ဘက်သို့ ပြောလိုက်တာကိုး၊ ဓမ္မဒိန္နာက အဲတော့.... အော်– သူ့ဆန့်ကျင်ဘက်တရားရှိသကိုး ဆိုတော့ နောက်တစ်ခါ အဲဒီ.... အဝိဇ္ဇာနဲ့တော့ ဘယ်သူနဲ့ ဆန့်ကျင်ဘက် ဖြစ်ပြန်သေးသတုံး ဝိသာခက မေးပြန်တယ်ပေါ့။

အော်....ဒါက ဒီလိုပါ့တဲ့၊ ဝိဇ္ဇာနဲ့ဆန့်ကျင်ဘက်ပါ၊ သဘော ကျပြီလား.... (ကျပါပြီဘုရား)။ အဝိဇ္ဇာနဲ့တော့.... (ဝိဇ္ဇာက ဆန့်ကျင်ဘက်ပါဘုရား)။ ဝိဇ္ဇာနဲ့ ဆန့်ကျင်ဘက် ဆိုတာတော့ သေချာပြီလား.... (သေချာပါပြီဘုရား)။

ဒါဖြင့်... ဆန့်ကျင်ဘက်ဆိုတာသည် တကာ တကာမတို့ မှတ်လိုက်စမ်းပါ၊ မတည့်တာ။ အဝိဇ္ဇာရှိရင် ဝိဇ္ဇာ မရှိနိုင်ဘူး၊ ဝိဇ္ဇာရှိရင်လည်း ... (အဝိဇ္ဇာ မရှိနိုင်ပါဘုရား)။

အဝိဇ္ဇာ မရှိနိုင်ဘူးဆိုတာတော့ ခင်ဗျားတို့ ရှုမှတ်နေတာ ဝိဇ္ဇာလမ်းတွေ။ သဘောကျပြီလား....(သဘောကျပါပြီဘုရား)။

ဝိဇ္ဇာနား သိနိုင်ရဲ့လား။ ဝိဇ္ဇာနား မသိသို့ ရှိချင်ဖြင့် တို့ အလုပ်သည် ဝိဇ္ဇာဥဒပါဒိ အလုပ်ပဲ။ စက္ခုဥဒပါဒိ အလုပ်ပဲ၊ ဉာဏ်ဥဒပါဒိ အလုပ်ပဲ သဘောပါကြလား.... (ပါပါတယ် ဘုရား)။

http://www.dhammadownload.com



ဒါဖြင့်....ခင်ဗျားတို့သည် အဝိဇ္ဇာနဲ့ ဘယ်သူတုံး ဆန့်ကျင်ဘက်က....(ဝိဇ္ဇာပါဘုရား)၊ အဝိဇ္ဇာတော့ ရှင်းပြီတဲ့။

ဝိဇ္ဇာနဲ့တစ်ခါ ဘယ်သူနဲ့ ဆန့်ကျင်ဘက် ဖြစ်ပါသေးသတုံး မေးပြန်တယ်နော်....။ ဝိဇ္ဇာနဲ့တော့ တကာကြီးတဲ့ ဝိမုတ္တိဆိုတဲ့ ဖိုလ်နဲ့ ဆန့်ကျင်ဘက်ဖြစ်တယ်။

ဖြစ်ပေမှာပဲ၊ ဖြစ်ထိုက်တာပဲ၊ ဖိုလ်က ဖိုလ်စိတ်ကိုးဗျ။ ဝိဇ္ဇာက ဉာဏ်ကိုးဗျ၊ သဘောကျပြီလား....(ကျပါပြီဘုရား)။

အဲဒီတော့... ဖိုလ်က ဖိုလ်၊ ဝိဇ္ဇာက ဉာဏ်ဆိုတော့ကို သူ ဆန့်ကျင်ဘက် ဖြစ်ရမယ်တဲ့။ ဝိမုတ္တိ နဲ့ ဘယ့် နှယ် ကြောင့် ဆန့်ကျင်ဘက်ဖြစ်ရမတုံး၊ ဟိုက လွတ်ပြီးသား၊ သူက မလွတ်သေးတာ၊ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

ဝိဇ္ဇာက လွတ်မလို့ လွတ်ဆဲရှိသေးတာ၊ ဟိုကလွတ်ပြီးသားနဲ့ ဆိုတော့ ဘယ့်နှယ်နေကြမတုံး၊ ကောင်းပြီ၊ တကာကြီးတဲ့။

ဒါဖြင့်.... ဝိမုတ္တိနဲ့ ဝိမုတ္တိဆိုတဲ့ ဖိုလ်နဲ့တော့ ဘယ်သူနဲ့ ဆန့်ကျင်ဘက်ဖြစ်သတုံး တကာကြီး၊ နိဗ္ဗာန်နဲ့ ဆန့်ကျင်ဘက် ဖြစ်တယ်၊ ရှင်းပြီလား... (ရှင်းပါပြီဘုရား)။

နိဗ္ဗာန်နဲ့ ဘယ့်နှယ် ဆန့်ကျင်ဘက်ဖြစ်သတုံး၊ ဖိုလ် ဆိုတာက ဖိုလ်ပေါ်အောင် အတော်အားထုတ်ရသေးတာ၊ သူက သခ်တတရား၊ နိဗ္ဗာန်က ဘယ်သူမှ မလုပ်ဘဲနဲ့ ပေါ်တဲ့ အသခ်တတရား၊ ဒါကြောင့် ဆန့်ကျင်ဘက် တကာကြီး၊ အတော် ကျေနပ်သွားပြီလား....(ကျေနပ်ပါပြီဘုရား)။

http://www.dhammadownload.com



တော်တော် ကျေနပ်သွားပြီး၊ တကာ တကာမတွေ ရှင်းရဲ့လား…၊ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက "ဖလ ပေစ္စဝေက္ခတိ" တစ်ခါ လာပြန်တယ်၊ ဒါ သူ့ထဲမှာ မပါဘူး၊ ပဋ္ဌာန်းမှာပါတယ်။

"ဖလံ ပစ္စဝေက္ခတိ"၊ဖလံ-ဖိုလ်ကို၊ ပစ္စဝေက္ခတိ-မင်းတို့ ဝိပဿနာရှုအုံးကွ၊ ပေါ်ပြီလား….(ပေါ်လာပါပြီဘုရား)။

ဖိုလ်ကိုလည်း ဘာလုပ်ရအုံးမှာလဲ…. (ဝိပဿနာ ရှုရမှာပါဘုရား)။ ဖိုလ်ကလည်း သင်္ခါရတရားကို၊ သင်္ခါရတရားဆိုတော့ အနိစ္စလမ်းဆုံးတာပဲ၊အဲဒါကြောင့် ဘုရားက 'ဖလံပစ္စဝေက္ခတိ' လို့ လုပ်အုံးကွ။ မဂ္ဂ ဝဂ်ခတိလို့ လုပ်၊ သင်္ခါရတရားတွေကိုးကွ။ "ဖလံ ပစ္စဝေက္ခတိ"ကော (လုပ်ရမှာပါဘုရား)။

သူ့ကိုလည်း ဝိပဿနာရှုရမယ်တဲ့၊ နိဗ္ဗာန်ကျတော့ကိုတဲ့ နိဗ္ဗာန်တော့ ဝိပဿနာမရှုနဲ့ကွ၊ နိဗ္ဗာန်ကို အာရုံပြုပြီးတော့ နေရုံပဲ၊ နိဗ္ဗာန်ကျတော့….(အာရုံပြု နေရုံပါပဲဘုရား)။

အာရုံပြုပြီး နေရုံပဲဆိုတော့ ဩော်… ပျက်စီးတာတွေတော့ ပျက်စီးတယ်လို့ ရှု၊ မပျက်စီးတာကျတော့ အဲဒီကို အာရုံစိုက်ထား၊ ရှင်းပြီလား…(ရှင်းပါပြီဘုရား)။

ပျက်စီးတာတော့…. (ပျက်စီးတယ်လို့ ရှုရမှာပါဘုရား)၊ ပျက်စီးတာတော့ဖြင့် ဝိပဿနာရှုရအုံးမယ်။ မပျက်စီးတဲ့တရားကျတော့ကို အာရုံစိုက်ပြီး ဒီမှာ ခင်ဗျားတို့ သူ့ကိုကြည့်ပြီး ချမ်းသာတဲ့စိတ်နဲ့ နေလိုက်လို့ပြောတာ—(မှန်ပါဘုရား)။

http://www.dhammadownload.com



ပေစ္စဝေကျွ မရှုနဲ့တော့၊ ပေစ္စဝေကျွ မဆင်ခြင်နဲ့တော့၊ ဒါကြောင့်…ဘုန်းကြီးတို့ တကာ တကာမတွေ ပြောတယ်၊ ဒုက္ခ ချုပ်တဲ့ပုဂ္ဂိုလ်တွေ ဒုက္ခချုပ်လို့ ရှိရင် ဒီပြင်ဟာ လုပ်မနေနဲ့၊ ချုပ်တဲ့နေရာ ချုပ်ပြီလို့ သာ အာရုံပြုနေ၊ သဘောပါပြီလား၊ (ပါပါပြီဘုရား။)

ချုပ်နေတဲ့ခနရာကို…(ချုပ်ပြီ ချုပ်ပြီလို့ သာ အာရုံပြုနေရမှာပါဘုရား)။ ချုပ်ပြီ-ချုပ်ပြီလို့ သာ ဆင်ခြင်နေလို့ ဆိုတဲ့ ဥစ္စာက ဒါကို ခင်ဗျားတို့ နိဗ္ဗာန်မှာ ပေစ္စဝေကျွ မရှုနဲ့ပြောတာ သဘောကျပြီလား….(ကျပါပြီဘုရား)။

နိဗ္ဗာန် ဝိပဿနာ မရှုနဲ့၊ ရှုကောင်းတဲ့တရား မဟုတ်ဘူး၊ ဆင်ခြင်ကောင်းတဲ့တရားသာ ဟုတ်တယ်၊ သုံးသပ်ကောင်းတဲ့ တရား…(ဟုတ်ပါတယ်ဘုရား)၊ သဘောကျပြီလား….(ကျပါပြီ ဘုရား)။

သူ့ ဘယ်လက္ခဏာ ရှိပါလိမ့်၊ ဘယ်သတ္တိ ရှိပါလိမ့်၊ ဒီလိုတော့ သုံးသပ်ပါ၊ ကိစ္စမရှိပါဘူးတဲ့၊ ခုနကလို ဝိပဿနာ မရှုနဲ့။

ဝိပဿနာ ရှုချင်လို့ ရှိရင်တော့ဖြင့် မဂ်ဟာ ဘယ်သဘော သတ္တိရှိသလဲ၊ မဂ်လည်း ဖြစ်ပျက်ပဲ၊ ဖိုလ်ကော… (ဖြစ်ပျက်ပါဘုရား)၊ ဖြစ်ပျက်ပဲ။

နိဗ္ဗာန်ကျတော့ ဖြစ်မှုပျက်မှု မရှိတာ၊ အသင်္ခတ တရားကိုး။ သင်္ခတ တရားကျတော့ ခင်ဗျားတို့ သင်္ခတလို့ ပဲရှုပါ။

အသင်္ခတ တရားကျတော့ကိုတဲ့ ခင်ဗျားတို့ ဘြောင်….ဒါ ဒုက္ခဆုံးတဲ့နိဗ္ဗာန်ဆိုတာ ဒါဘဲ၊ ဒါဘဲလို့ ဆင်ခြင်နေရုံ ဆင်ခြင် နေရမှာ၊ သဘောပါပြီလား…(ပါပါပြီဘုရား)။

http://www.dhammadownload.com



ဒါဖြင့် ဖိုလ်နဲ့နိဗ္ဗာန်နဲ့သည့်သည်း ဆန့်ကျင်ဘက်။ ဘယ်လို ဆန့်ကျင်ဘက်ဖြစ်ပါသလဲ၊ သင်္ခတနဲ့ အသင်္ခတ ကွာတယ်၊ တကာကြီး၊ ရိပ်မိပြီလား....(ရိပ်မိပါပြီဘုရား)၊ ဘာကွာသလဲ.... (သင်္ခတနဲ့ အသင်္ခတ ကွာပါတယ်ဘုရား)။

အဲဒါကို ကဲ....ဒါဖြင့် တရားနိဂုံးချုပ်လိုက်တော့ တကာ တကာမတွေ နိဗ္ဗာန်ရောက်ချင် သင်္ခတကထွက်၊ သဘောပေါ် သလား....(ပေါ်ပါတယ်ဘုရား)၊ နိဗ္ဗာန်ရောက်ချင်....(သင်္ခတက ထွက်ရမှာပါဘုရား)။

သင်္ခတကထွက်တဲ့ဉာဏ် ရအောင်လုပ်ပါ၊ သင်္ခတထဲရှိတဲ့ ဉာဏ်သည် တကာ တကာမတို့ မဂ်ဉာဏ်မဟုတ်သေး၊ ဝိပဿနာ ဉာဏ်သာဆို။ သဘောကျပြီလား....(ကျပါပြီဘုရား)။

သင်္ခတက ထွက်သွားတဲ့ ဉာဏ်ကျတော့ကိုတဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ဆိုပါ.... (မှန်ပါဘုရား)၊ သင်္ခတထဲတင် အာရုံပြုတဲ့ ဉာဏ်ကတော့ ဝိပဿနာဉာဏ်၊ သင်္ခတမှ ထွက်သွားတဲ့ ဉာဏ် ကတော့ ...(မဂ်ဉာဏ် ဖိုလ်ဉာဏ်ပါဘုရား)။

ဒါဖြင့်... ဝိပဿနာဉာဏ်နဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ် ဘာထူး သတုံး ဆိုတာလေးကိုလည်း ယနေ့ရှင်းပြပေးတယ်၊ ဝိပဿနာ ဉာဏ်သည် သင်္ခတကိုသာ အာရုံပြုတယ်၊ သင်္ခတကိုရှုတယ်။

ဖြစ်လိုက် ပျက်လိုက်၊ ဖြစ်လိုက် ပျက်လိုက် သင်္ခတ အနိစ္စ ပါလား၊ သင်္ခါရ အနိစ္စပါလား သင်္ခတနဲ့ သင်္ခါရ အတူတူပဲ၊ သင်္ခါရ အနိစ္စပါလား - သင်္ခါရ အနိစ္စပါလားလို့ ရှုနေတာ ဉာဏ်လို့ မှတ်ပါ။

http://www.dhammadownload.com



ဝိပဿနာဉာဏ်လည်း ဆုံးပါပြီလို့ ဆိုလို့ ရှိရင်ဖြင့် အသင်္ခတကို သူ့-တွေ့ရမယ်၊ အသင်္ခတဆိုတာ နိဗ္ဗာန်၊ သဘောကျပြီလား... (ကျပါပြီဘုရား)။

အသင်္ခတဆိုတာ....(နိဗ္ဗာန်ပါဘုရား)။ နိဗ္ဗာန်တွေ့ရမယ်တဲ့၊ ဘာကြောင့် တွေ့ရမတုံးဆိုတော့.... သင်္ခတနယ်က လွတ်သွားပြီကော။

ဒါဖြင့်....ခင်ဗျားတို့ ဝိပဿနာအဆုံးသည် ဘယ်ကျမှ ဆုံးမှာတုံးဆိုတော့ သင်္ခတကုန်လို့ ရှိရင်၊ သင်္ခတရှုစရာကုန်တဲ့ဉာဏ် ပေါ်လာလို့ရှိရင် ဆုံးပြီလို့ အောက်မေ့လိုက်။

သင်္ခတရှုစရာဉာဏ်.... (ကုန်လို့ရှိရင်ပါဘုရား)။ ကုန်သွားမယ်ဆိုလို့ ရှိရင်ဖြင့်တဲ့ အသင်္ခတကို အာရုံပြုတဲ့ဉာဏ်ပဲ လာတော့မယ်ဆိုတာ သေချာပါတယ်။ သဘောကျပြီလား....(သဘောကျပါပြီဘုရား)။

ဒါဖြင့်... ဘုရားတပည့်တော်တို့ ဝိပဿနာ ရှုနေလိုက်ကြတာ ဘယ်တော့မျှား ဆုံးမှာတုံး၊ ကိလေသာ မခြားလို့ ရှိရင် တကာ တကာမတို့.... သင်္ခတ မြင်ပြီးရင် သင်္ခတနယ်က ထွက်သွားတဲ့ဉာဏ် လာလို့ရှိရင် ဆုံးပေါ့။ သင်္ခတနယ်က ထွက်သွားတဲ့ဉာဏ် လာရင်.... (ဆုံးပါပြီဘုရား)။ ဆုံးပြီတဲ့။

အခု သင်္ခတနယ်ကထွက်တဲ့ဉာဏ် လာမှလဲ ဆုံးမှာ။ နို့ ဒါဖြင့်... ကျုပ်တို့က နိဗ္ဗာန်သည်ကားလို့ ဆိုလို့ ရှိရင် ဘယ်မှာ နေတုံးဆိုတော့ သင်္ခတမှာ ရှိတယ်။

ကျုပ်တို့က ဘယ်ထဲနေတုံး၊ သင်္ခတနယ်ထဲမှာ နေတယ် ဆိုတော့ ဖြော်... နိဗ္ဗာန်ဆိုတာ တကာ တကာမတို့ သင်္ခတ

http://www.dhammadownload.com


ထဲမှာ နိဗ္ဗာန်ရှာလို့မရဘူး၊ သဘောကျပြီလား... (ကျပါပြီ ဘုရား)။

သခ်ာတထဲမှာ.... (နိဗ္ဗာန်ရှာလို့ မရပါဘူးဘုရား)။ အဲဒီထဲမှာတွေ့တဲ့ နိဗ္ဗာန်ဆိုလို့ရှိရင် ဒိဋ္ဌိနိဗ္ဗာန်သာမှတ်။

ဒီထဲမှာ...သခ်ာတထဲမှာ စားလို့ကောင်း၊ နေလို့ကောင်း၊ ထိုင်လို့ကောင်း၊ သွားလို့ကောင်း တဒင်္ဂချမ်းသာတဲ့ဥစ္စာ နိဗ္ဗာန်ယူလို့ရှိရင် ဒါ...ဒိဋ္ဌိမျှားယူတဲ့ နိဗ္ဗာန်၊ သဘောပါပြီလား...(ပါပါပြီဘုရား)။

စင်စစ် နိဗ္ဗာန်အစစ်ကတော့ဖြင့် သခ်ာတနယ်က ထွက်တဲ့ ဉာဏ်လာမှ နိဗ္ဗာန်တွေ့မယ်၊ ဒါဖြင့်... နိဗ္ဗာန်သွားချင်ရင် ဘယ်လမ်းက ထွက်ရမှာတုံးလို့ မေးလို့ရှိရင် သခ်ာတနယ်က ထွက်ရမယ်။

နိဗ္ဗာန်ထွက်လမ်း ဘယ်က ထွက်ရမယ်.... (သခ်ာတနယ်က ထွက်ရမှာပါဘုရား)။

ဒါဖြင့်...သခ်ာတထဲမှာ မသိသေးတဲ့ပုဂ္ဂိုလ်များ ဦးသံဒိုင် ဘယ်နှယ်လုပ်မတုံး၊ ထွက်ပေါက်ကိုရှာရမယ်၊ ဘယ်နှယ်ဆိုကြမတုံး....(ထွက်ပေါက်ရှာရမှာပါဘုရား)။

သခ်ာတအဘောင် သူမသိသေးဘဲကိုး၊ သခ်ာတတောင် မသိသေးတော့ ဖြစ်ပေါ်တာ သခ်ာ၊ ပျက်တာက အနိစ္စ၊ ဒါမှ မသိသေးတဲ့ ပုဂ္ဂိုလ်ကျတော့ ခု- နိဗ္ဗာန်ရောက်လိမ့်မယ်လို့ ဘယ်လိုဟောကြမတုံး၊ ဟောစရာအကြောင်း... (မရှိပါဘူး ဘုရား)။

http://www.dhammadownload.com



မရှိဘူးဆိုတာ သေချာပြီလား.... (သေချာပါပြီဘုရား)။ ဒါဖြင့်....ခင်ဗျားတို့ ရှေးဦးစွာ အကန်း-ပုထုဇဉ်မှ အမြင်ပုထုဇဉ် ဖြစ်အောင် လုပ်ပါအုံးတဲ့၊

အမြင်ပုထုဇဉ် လုပ်ပြီးသည့် အခြားမဲ့မှာတဲ့...၊ တကာ တကာမတို့တဲ့ အလွန်ထင်ရှားတဲ့ အရိယာ အမြင်ဖြစ်အောင် အရိယာသာတို့၏ အမြင်ဖြစ်အောင်လုပ်မှ မဂ်ဉာဏ်ရမှာ၊ နိဗ္ဗာန် မြင်ရမှာ၊ သဘောကျပြီလား....(ကျပါပြီဘုရား)။

ဒါဖြင့်....အန္ဓပုထုဇဉ်၊ ကလျာဏပုထုဇဉ်။ အန္ဓပုထုဇဉ် ကတော့ သခ်တကို မမြင်ဘူး၊ ကလျာဏပုထုဇဉ်ကတော့ သခ်တ ကို (မြင်ပါတယ်ဘုရား)။

အဲတော့....ပုထုဇဉ်အဖြစ်မှ အရိယာအဖြစ်သို့ ပြောင်း ချင်တဲ့ အခါကျတော့ အသခ်တကို မြင်လို့ရှိရင် အရိယာ၊ သခ်တမြင်လို့ရှိရင် ကလျာဏပုထုဇဉ်၊ သခ်တသာ မတွေ့ သေးလို့ရှိရင် အန္ဓပုထုဇဉ်၊ ရှေးတတ်ပြီလား.... (ရှေးတတ် ပါပြီဘုရား)။

သခ်တနယ်က ထွက်တဲ့အမြင်ကို မြင်လို့ရှိရင်ဖြင့် အရိယာ အမြင်၊ သဘောပါပြီလား....(ပါပါပြီဘုရား)

အဲဒီလို ခင်ဗျားတို့ ဒါ-ပုထုဇဉ်ကို ဒီအတိုင်း တက်ရမယ် ဆိုတဲ့ဥစ္စာ အန္ဓလို့ဆိုဘာက ဘယ့်နှယ်ကြောင့် အန္ဓလို့ ကန်းတယ်လို့ ဆိုရပါသိမ့်မတုံးဆိုတော့ သူ ကလျာဏမိတ္တနဲ့ မတွေ့သေးရင် ဘယ်သူဖြစ်ဖြစ် ကန်းတာပဲ၊ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

http://www.dhammadownload.com



ကလျာဏမိတ္တနဲ့ မတွေ့သေးရင်... (ကန်းတာပါဘုရား)။ ကန်းတာချည့်ဘဲ၊ ကန်းနေလို့ရှိရင် ကလျာဏမိတ္တ၊ ခုနက ဖြစ်ပျက်ပြတတ်တဲ့ ဆရာရှာ၊ ရှာလိုက်တော့ အန္ဓက ကလျာဏ သွားဖြစ်တယ်ဆိုတော့ စဉ်းစားကြည့်ပါတဲ့။

ခင်ဗျားတို့ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန်တို့က သူတို့ သိဥ္စည်းဆရာကြီး တပည့်တွေ အန္ဓပဲ၊ အဲဒီတုံးက နောက်ကျ တော့၊ အဿဇိနဲ့တွေ့တော့ကို တကာ တကာမတို့ ကလျာဏဖက် သွားတယ်၊ မသွားဘူးလား...(သွားပါတယ်ဘုရား)။

ဒါဖြင့်–အန္ဓက ပြောင်းလား... (ပြောင်းပါတယ်ဘုရား)၊ အန္ဓက ပြောင်းလာတော့ အဿဇိနဲ့ တွေ့တဲ့အခါကျတော့ ကလျာဏပုထုဇဉ် နောက်ကျတော့တွေ့ပြီး သောတာပန် တည် တော့ အရိယာ အမြင်၊ ပုထုဇဉ်ဖြစ်မှ သိမ်းပြီး အရိယာတို့၏ အဖြစ်သို့ မရောက်ဘူးလား....(ရောက်ပါတယ်ဘုရား)။

ဒါဖြင့်... အန္ဓပုထုဇဉ်ကို ဒွိဟိတ်လို့လည်း မဆိုနဲ့၊ တိဟိတ်လို့လည်း မဆိုနဲ့၊ ကလျာဏမိတ္တ ထင်းတယ်လို့သာ ဆိုပါ။ ရှင်းကြပြီလား... (ရှင်းပါပြီဘုရား)။

ဒါဖြင့် တိဟိတ် မရှားပါဘူး၊ ကလျာဏမိတ္တ မတွေ့လို့ အန္ဓဖြစ်နေရတာ၊ ကလျာဏမိတ္တနဲ့ တွေ့လို့ရှိရင်ဖြင့် ကလျာဏ ပုထုဇဉ် ဖြစ်မှာပဲ၊ မဖြစ်ပေဘူးလား။

အဲဒီတော့... ဘုရားလက်ထက်ကစပြီး ချွတ်ရတဲ့ပုဂ္ဂိုလ် တွေဟာဖြင့် မောင်သစ် တွေး တွေး၊ ဦးသံဒိုင်က တွေး တွေး၊ ဒီထဲက တကာ တကာမ တွေက တွေး တွေး အစက အကန်း ချည့်ပဲ... (မှန်ပါဘုရား)။

http://www.dhammadownload.com



အကန်းထဲမှာ ငါ့အမြင်တစ်ယောက် ငါဆိုငါပဲရှိတယ်လို့ သူပြောတာပဲ....(မှန်ပါဘုရား)။ အကန်းထဲမှာမြင်တဲ့ပုဂ္ဂိုလ်က တစ်ယောက်ထဲရှိတယ်။

ကဲ...သူပြောတာပဲ၊ အကန်းတောထဲမှာသွားပြီး စည်တီးရအုံးမယ်၊ မပြောဖူးလား....(ပြောပါတယ်ဘုရား)။ အကန်း၊ တောထဲမှာ သွားပြီးသကာလ စည်ကြီး ငါ မြည်ဟီးအောင် တီးရလိမ့်မယ်ကွဆိုတာ သူကိုယ်တိုင် သေချာပြောတာ။ မပြောဖူးလား....(ပြောပါတယ်ဘုရား)။

ကောင်းပြီ၊ ဒါဖြင့် အန္ဓပုထုဇဉ်ဆိုတဲ့အတိုင်း ဒါတွေဟာ အပတ်ပုဂ္ဂိုလ်တွေသို့ ဒီလို မယူလိုက်နဲ့၊

ကလျာဏမိတ္တ မတွေ့ခင်ဖြစ်တယ်၊ တွေ့သည်နှင့် တစ်ပြိုင်နက်ထဲ ဘာဖြစ်သွားတုံး၊ အန္ဓသည် ကလျာဏဖြစ်သွားတယ်၊

ကလျာဏက ကလျာဏအတိုင်း ကြိုးစားသွားလို့ရှိရင်တဲ့ တကာ ဘကာမတို့ အရိယာအမြင် ဖြစ်သွားတယ်.... (မှန်ပါဘုရား)။

ဒါဖြင့်.... ကိုယ့်ဘဝကိုလည်း ကိုယ့်ဝိဇိကိစ္စ မလာပါနဲ့ မတွေ့ခင်ဖြစ်တဲ့ အဖြစ်ဆိုတာ မှတ်ပါ၊ ရှင်းပြီလား.... (ရှင်းပါပြီဘုရား)။

ကိုင်း....ဒီနေ့ ဒီတွင် တော်ကြစို့....။

(သာဓု၊ သာဓု၊ သာဓု)

http://www.dhammadownload.com